


မေတ္တာရှင်(ရွှေပြည်သာ)
မိုးကျော်
ပြည်ပန်းမိုး
ကြီးကျော်
သန်လျင်မောင်မောင်ဦး
နန္ဒာမိုးကြယ်
မောင်မြင့်မောင်(ဘိုကလေး)
မောင်မောထွန်း(ကျောင်းကုန်း)
ချစ်မင်းသူ
ညီမေဥ္စာ
မိုးပိုင်(ကညွတ်ကွင်း)
မော်ကျွန်းညီအောင်
ကာတွန်းမြတ်နိုး
တင်လေးဆက်
ကျော်ခိုင်ခ
ချမ်းမင်း
သားစိန်ခိုင်
မေအေး
သန်းထိုက်လှ
ဝင်းမောင်ကျော်
မညည်မှန်(ကျုံပျော်)

မေတ္တာရှင်(ရွှေပြည်သာ)၏

# အင်္ဂလိပ်မြန်မာ
# စတုတ္ထစစ်ပွဲနှင့်

အခြားရသစုံ ဝတ္ထုတိုများ စုစည်းမှု

ဝင်းမောင်ကျော် စီစဉ်သည်

GRAPHIC : KYAYTHAR



မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်၏
အဆိုအမိန့်

မသူတော်သည်
သူတစ်ပါး၏ ဆီးစေ့မျှရှိသော အပြစ်ကို
ရှာဖွေ တွေ့မြင်တတ်သော်လည်း
မိမိ၏ မြင်းမိုရ်တောင်လောက်ရှိသော
အပြစ်ကိုကား မမြင်တတ်။
သူတော်ကောင်းသည်
သူတစ်ပါး၏ မြင်းမိုရ်တောင်လောက်ရှိသော
အပြစ်ကို မမြင်တတ်သော်လည်း
မိမိ၏ ဆီးစေ့လောက်ရှိသော အပြစ်ကိုကား
ရှာရှာဖွေဖွေ မြင်ပြီး ပြုပြင် သုံးမတတ်၏။

# အင်္ဂလိပ်–မြန်မာ

# စတုတ္ထ စစ်ပွဲ

## မေတ္တာရှင် (ရွှေပြည်သာ)

နှင့်

**စာရေးဆရာ ကလောင်စုံ စုစည်းမှု**

ရသ

ဝတ္ထုတိုများ

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း
၂၀၁၃ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်
အုပ်ရေ ➢ .........
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးစိုးတင့်၊ ညီမေတ္တာ ပုံနှိပ်တိုက်
သုဒ္ဓဝိပဿနာရိပ်သာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးစိုးတင့်၊ ရွှေပြည်သာစာပေ၊
မန္တလေးကျောင်းတိုက်- ၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပန်းချီ ➢ဝင်းမောင်မောင်
**Cover Graphic- Kyay Thar**
**Computer Layout Design ➢Than Htike Lu**
အတွင်းဖလင် ➢.........
တန်ဖိုး ➢ ( ၂၀၀၀ ) ကျပ်

## စာအုပ်ကတ်တလောက်အညွှန်း (CIP)

မေတ္တာရှင်(ရွှေပြည်သာ)နှင့် ကလောင်စုံ
အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲနှင့် ရသ ဝတ္ထုတိုများ။
ရွှေပြည်သာစာပေ၊ ၂၀၁၃။
စာ ၂၉၅၊ ၁၃.၅ × ၂၁ စင်တီ
အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲနှင့် ကလောင်စုံ ရသ ဝတ္ထုတိုများ


# မာတိကာ


| | | |
|---|---|---|
| ၁။ အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲ | ➢မေတ္တာရှင်(ရွှေပြည်သာ) | ၁၁ |
| ၂။ မြင်းခွာရိုက်သံတစ်ချောင်း | ➢မေတ္တာရှင်(ရွှေပြည်သာ) | ၅၅ |
| ၃။ တောဘုရင်တို့၏သားကောင် သားကောင်လိုက်ပွဲ | ➢ဖိုးကျော့ | ၆၇ |
| ၄။ မိုးညို | ➢ပြည်ပန်းမိုး | ၇၇ |
| ၅။ နမ့်ပန်လုံချောင်းမှ အန္တရာယ် | ➢တြိစက္က | ၁၀၉ |
| ၆။ အုတ်ဂူပေါ်ကငွေစက္ကူ | ➢သန်လျင်-မောင်မောင်ဦး | ၁၂၁ |
| ၇။ သေရာပါဒဏ်ရာ | ➢နန္ဒာမိုးကြယ် | ၁၂၉ |
| ၈။ တုတ်ပြီး ခားပြီး | ➢မောင်မြင့်မား(ဘိုကလေး) | ၁၃၉ |
| ၉။ သံယောဇဉ်တွယ်ငင်မှားသူမို့ | ➢မောင်စောထွန်း (ကျောင်းကုန်း) | ၁၄၉ |
| ၁၀။ ဆူးမဲ့ပိတောက် | ➢ချစ်မင်းသူ | ၁၆၁ |
| ၁၁။ လမ်းပေါ်က ဘဝအငြိမ့်များ | ➢ညီမေတ္တာ | ၁၆၉ |
| ၁၂။ တန်ဖိုးနှင့် ဆန်ဖိုး | ➢စိုးပိုင်(ကညွတ်ကွင်း) | ၁၇၉ |
| ၁၃။ တိမ်တစ်လုံးဒဿနဲ့ လပြည့်ည | ➢မော်ကျွန်းညိုအောင် | ၁၈၇ |
| ၁၄။ အချစ်လက်ဖက်ရည် | ➢ကာတွန်းမြတ်နိုး | ၁၉၇ |

| | | |
|---|---|---|
| ၁၅။ နီကိုးလပ်စ် | ➤ တင်ထွေးဆက် | ၂၀ |
| ၁၆။ ဘဝကို အရှုံးမပေး. . . | ➤ ကျော်ခိုင်ခန့် | ၂၁ |
| ၁၇။ လှေကားထစ်လေးများ | ➤ ချမ်းမင်း | ၂၂ |
| ၁၈။ ပုဆိုးကြမ်းပေါ်က ချွေးစက်များ | ➤ သားစိန်ဒိုင် | ၂၄ |
| ၁၉။ အဖေဆိုသော အဖေ | ➤ မေဒေး | ၂၄ |
| ၂၀။ မျက်ရည်တစ်ပေါက်၏ရာဇဝင် | ➤ သန်းထိုက်လူ | ၂၃ |
| ၂၁။ မေတ္တာစစ် | ➤ ဝင်းမောင်ကျော် | ၂၆ |
| ၂၂။ ဆန်ရေမဲ့မြစ် | ➤ မရည်မွန်(ကျုံပျော်) | ၂၈ |


# ရသစာပေနှင့် မေတ္တာရှင်

(ရသစာပေနှင့် မေတ္တာရှင်)

တစ်နေ့သောအခါ ကျွန်တော်တို့ ရွှေပြည်သာ စာရေးဆရာအသင်းရုံးတွင် စာပေနှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးပြောဆိုဖြစ်ကြလေ၏။

ထိုသို့ဆွေးနွေးဖြစ်ခြင်းသည် နှစ်ပေါင်း(၂၀)ကျော်မှ ပေါ်ပေါက်ခဲ့သော ရွှေပြည်သာမြို့၏ ပထမဦးဆုံး မနိမိုးထရုံကာ အသင်းရုံးခန်းနေရာလေး ရရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ဆွေးနွေးပွဲတွင် ဆရာတော် မေတ္တာရှင်(ရွှေပြည်သာ)၏ စာပေရေးရာ အစိတ်အပိုင်းအချို့ကိုပါ ပြောဆိုဖြစ်ခဲ့ကြပါသည်။ ဆရာတော်ရေးသားသော ဓမ္မစာပေများသည် လူကြီး၊ လူငယ်၊ လူလတ် အရွယ်သုံးပါးကြိုက်ကြသည်ကို ဆန်းစစ်ကြည့်သောအခါ ရသများပါရှိကြောင်း စာရေးဆရာ အများစုက သိရှိလက်ခံခဲ့ကြပါသည်။

စာရေးဆရာတစ်ယောက်က ယခုလိုပြောပါသည်။

"ဆရာတော်က စာရေးတဲ့အခါမှာ အခြား ဓမ္မစာရေးဆရာတွေမှာ မတွေ့ရတဲ့ ရသတွေ ပါပါနေတယ်"

အဲဒါဘယ်လိုကြောင့်လဲဆိုတာ ဆရာတော်နဲ့ အနီးကပ်နေတဲ့ ဆရာညီမေတ္တာ သိလိမ့်မယ်ထင်တယ်"

"သိပ်သိတာပေါ့ဆရာရယ်. . . ဆရာတော်တို့ ကျွန်တော်တို့က ဆယ်နှစ်သားလောက်ကတည်းက ရသစာပေဖြစ်တဲ့ သောကြာစာစောင်တို့ တက္ကသိုလ်ဘုန်းနိုင် ဝတ္ထုတွေ၊ သိုင်းဝတ္ထုတွေကို ဖတ်ခဲ့ကြတယ်လေ၊ ဘယ်လောက်ထိ ဖတ်ခဲ့လဲဆိုရင် ဆရာတွေက မဖတ်ရဘူးလို့ တားတဲ့ကြားကနေ ရအောင် ခိုးဖတ်ကြတယ်။ မှတ်မှတ်ရရ တစ်နေ့မှာ

ဆရာတော်က သဒ္ဒါစာအုပ်ကြီးထဲကို ဟာသဝတ္ထုစာအုပ်ညှပ်ပြီး ခိုးဖတ်နေတယ်။ စာချဆရာတော် မသိအောင် ဖတ်နေတာပေါ့။ ဒါပေမဲ့ သဒ္ဒါစာအုပ်ဖတ်ပြီး ရယ်နေသလိုဖြစ်နေတာပေါ့။ စာချဆရာတော်က ရိပ်မိပြီး ရိုက်မလို့အလာ ကျွန်တော်က အချက်ပေးလိုက်တော့ စာအုပ်ကို နောက်ပြန် ကျွန်တော့်ထံပစ်လိုက်တယ်။ အနားရောက်လာတဲ့ ဆရာတော်ခမျှာ ဝတ္ထုစာအုပ်မတွေ့တော့ ရိုက်ရမှာ ခက်နေတော့တာပေါ့။

အဲဒီလို ငယ်ငယ်ကတည်းက ရသစာအုပ်တွေ ဖတ်နေတော့ ဓမ္မစာပေ ရေးရာမှာလည်း ရသတွေ ပါနေတော့တာပေါ့ဗျာ”

ယခုလည်း ဆရာတော်ရဲ့ ရသတွေချည်း သီးသန့်ရေးထားတဲ့ ဝတ္ထုတိုနှစ်ပုဒ်ကို စာဖတ်သူများ ဖတ်ရှုရလေအောင် ရသစာရေးဆရာများနဲ့တွဲပြီး စုစည်းတင်ဆက်လိုက်ရခြင်းပဲ ဖြစ်ပါတယ်။

> စာပေသာ မရှိခဲ့လျှင် လူ့ဘဝသည်
> သည်းမခံနိုင်လောက်အောင်
> ငြီးငွေ့စရာ ကောင်းပေလိမ့်မည်။

အရသာရှိသော စာပေများကို
စာချစ်သူတို့ အကျိုးရှိစွာ ခံစားသိမ်းပိုက်နိုင်ပါစေ။

ညီမေတ္တာ

# ဓိစဉ်သူ၏ အမှာ

ကျွန်တော် ဝင်းမောင်ကျော်သည် ငယ်စဉ်အခါကတည်းက စာပေ
ကို မြတ်နိုးသူတစ်ဦး ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်တော်၏ဖခင်မှ
ကျွန်တော့်ကို လွန်စွာအားပေးအားမြှောက် ပြုလုပ်ပေးသလို အလိုလည်း
လိုက်ခဲ့သောကြောင့် စာပေနှင့် မစိမ်းခဲ့ပါ။ ငယ်စဉ်ကတည်းက စာဖတ်
နာခဲ့သော ကျွန်တော်သည် စာပေကပေးသော အကျိုးကျေးဇူးကိုလည်း
ပြန်လည်ရရှိပါသည်။ မိသားစု စားဝတ်နေရေးအတွက် ရှာဖွေချိန်မှာပင်
စာများများ ဖတ်ခဲ့သည့် အကျိုးကျေးဇူးများကြောင့် ဘာသာသာသနာ
အတွက်လည်း များစွာထောက်ပံ့လှူဒါန်းနိုင်ခဲ့သည်။ ဤသည်တို့အတွက်
ပီတိဖြစ်မိပါသည်။

မှတ်မိပါသေးသည်။ လူငယ်ဘဝတုန်းက ကျွန်တော့်ရွာ၏ ဝန်းကျင်
အနီးရွာများတွင် လမ်းစဉ်လူငယ်အနေနှင့် (အ)သုံးလုံးသင်တန်းတို့၏
ပုံရိပ်များကို မြင်ယောင်မိပါသည်။ အကြောင်းအမျိုးမျိုးကြောင့်
စာမတတ်သော လူကြီးသူမများကို စာပြန်သင်ပေးရသောအခါ ရင်ထဲ၌
ဖော်မပြနိုင်သော ပီတိများ ဖြစ်ရပြန်ပါသည်။ ထိုသို့ စာသင်ရာ၌လည်း
ကျွန်တော်၏ဖခင်သည် ကျွန်တော် ရောက်လေရာ အရပ်ဒေသများသို့
လိုက်လံအားပေးသလို သက်ကြီး ရွယ်အိုများကိုလည်း မုန့်ပဲသွားရည်စာ
များ လှူဒါန်းလေ့ရှိပါသည်။ အဖေသည် ကျွန်တော်တင်မက ကျွန်တော်
၏ သူငယ်ချင်းများကိုလည်း လိုအပ်သောစာအုပ်များကို လှူဒါန်းလေ့ရှိ
သလို ဗဟုသုတနှင့် ပတ်သက်၍ သူတို့ မသိတာတွေ မေးသည့်အခါ
လည်း စိတ်ရှည်စွာဖြင့် ဖြေကြားပေးခဲ့ပါသည်။

အချိန်တွေ တရွေ့ရွေ့ကုန်လွန်လာသည်နှင့်အမျှ ကျွန်တော်သည်

လည်း ဘဝ၏အရေးပေါင်းများစွာကို ဆောင်ရွက်နေရသဖြင့် စာရေးစာဖတ်ခြင်း အနည်းငယ်ဝေးကွာခဲ့ရပါသည်။ တစ်နေ့ ကျွန်တော်နေထိုင်ရာသို့ စာရေးဆရာအပေါင်းအသင်းတစ်စု ရောက်ရှိလာခဲ့သည်မှအစပြု၍ စာပေရေးသားခြင်း၊ စာဖတ်ခြင်း၊ စာပေဆွေးနွေးပွဲများ မကြာခဏဆိုသလို ပြုလုပ်ခြင်းနှင့် စာပေဟောပြောပွဲများကို မြို့နယ်စာရေးဆရာအဖွဲ့မှ ကျင်းပဖြစ်တိုင်း ပီတိအဟုန်ဖြင့် တက်ရောက်အားပေးမိခဲ့ပါသည်။

ကျွန်တော်သည် စာပေ၏အရသာ၊ စာပေ၏ အကျိုးကျေးဇူးကို စာဖတ်ပရိသတ် အပါအဝင် အနာဂတ်လူငယ်လေးများ တတ်သိစေချင်သော စိတ်နှင့်အတူ စာပေကဏ္ဍ ဖွံ့ဖြိုးစေချင်သောစိတ်များလည်း ရင်ထဲ၌ ကိန်းအောင်းဖြစ်ပေါ်လာမိပါသည်။

သို့အတွက်ကြောင့် ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းရှိ တာဝန်ရှိသူများနှင့်တိုင်ပင်ကာ ကလောင်စုံတို့၏ အတွေးအမြင်များဖြင့် ရသဝတ္ထုတိုများစာအုပ် ထုတ်ဝေနိုင်ရန် စီစဉ်ခဲ့ရခြင်းဖြစ်ပါသည်။

ကလောင်စုံရသဝတ္ထုတိုများစာအုပ် ဖြစ်မြောက်ရန် စီစဉ်နေချိန်တွင် စာပေလောကကို တတ်စွမ်းသမျှ မြှင့်တင်ပေးနေသော ဆရာတော်အရှင်ဇဝန(ဓမ္မကထိက၊ ဗဟုဇနဟိတဓရ) မေတ္တာရှင်(ရွှေပြည်သာ)နှင့် ညီဖြစ်သူ ဦးစိုးတင့် စာရေးဆရာ ညီမေတ္တာ တို့က အစစအရာရာ ကူညီပံ့ပိုးခဲ့၍ အထူးအားရကျေနပ်မိပါသည်။ ထို့အပြင် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ (စာပေဗိမာန် စာပေဆုရှင်)- စာရေးဆရာ ပြည်ပန်းမိုးမှလည်း ကလောင်စုံတို့၏ ဝတ္ထုတိုစာမူများကို စိစစ်တည်းဖြတ်ရင်း စာအုပ်ဖြစ်မြောက်ရန်လည်း လိုအပ်သည်များ လမ်းညွှန်စီစဉ်ပေးခဲ့ပါသည်။

စာရေးဆရာများ၏ စုပေါင်းအင်အားဖြင့် ရသဝတ္ထုတိုများစာအုပ် ယခုကဲ့သို့ အဆင်ပြေချောမောစွာ ဖြစ်ပေါ်လာရခြင်းကို ကျွန်တော့်အနေနှင့် ဖော်မပြနိုင်အောင် ကြည်နူးဂုဏ်ယူမိပါသည်။

# အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲ

မေတ္တာရှင် (ရွှေပြည်သာ)



ကျွန်တော် စီစဉ်သူ ဝင်းမောင်ကျော် အနေဖြင့် ယခု ထုတ်ဝေလိုက်သော အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲ အမည်ရ မေတ္တာရှင်(ရွှေပြည်သာ) နှင့် အခြားစာရေးဆရာပေါင်းစုံတို့၏ ရသဝတ္ထုတိုများ စာအုပ်မှ ရ လာသော အမြတ်တစ်စုံတရာကို ကျွန်တော့်ကိုယ်ကျိုးအတွက် လုံး ရည်သန်ခြင်းမရှိဘဲ ရွှေပြည်သာမြို့နယ် စာရေးဆရာ အသင်းရုံးအတွ သာ လှူဒါန်းပံ့ပိုးသွားမည်ဖြစ်ပါသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် ကွက်လပ်အားလုံးကို ဖြည့်စွက်ပေ ခဲ့သော ဆရာတော် အရှင်ဇဝန(ဓမ္မကထိက၊ ဗဟုဇနဟိတဓရ) စာရေ ဆရာ မေတ္တာရှင်(ရွှေပြည်သာ)အားလည်းကောင်း၊ စာအုပ်ဖြန့်ချိပေးရ မေတ္တာဖြင့် အကြံပြုသော စာရေးဆရာ ညီမေတ္တာ အား လည်းကော သိကောင်းစရာ ရသဝတ္ထုတိုဇာတ်လမ်းများကို ကိုယ်ပိုင်နှလုံးသားဖြ ဖန်တီးထုဆစ်လိုက်ကြသော အနုပညာရှင် စာရေးဆရာတို့အား လည် ကောင်း၊ သတ်ပုံ သတ်ညွှန်း စိစစ်ပေးပါသော ရွှေပြည်သာမြို့နယ် စာရေးဆရာအချို့အားလည်းကောင်း၊ စာမူများကို အကောင်းဆုံးဖြ အောင် တည်းဖြတ်စီစဉ်ပေးသော ဆရာပြည်ပန်းမိုး အား လည်းကော ရသဝတ္ထုတိုများကို အားပေးဖတ်ရှုကြသော စာချစ်သူတို့အားလည် ကောင်း၊ တစ်နိုင်ငံလုံးရှိ စာပေကို မြတ်နိုးစိတ်၊ ယုံကြည်လေးစားစိတ် ရှိသော ဝါသနာရှင် မိဘပြည်သူများအားလည်းကောင်း ကျွန်တော် စီစဉ်သူ ဝင်းမောင်ကျော်မှ အစဉ်ဦးထိပ်ပန်ရွက် လေးစားလျက်. . .

**ဝင်းမောင်ကျော်**

# အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲ

## မေတ္တာရှင်(ရွှေပြည်သာ)

အင်္ဂလိပ်တို့သည် လက်နက်ကောင်းများ အားကိုးဖြင့် အနိုင်ကျင့်ကာ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကြီး ဆင်နွှဲပြီး တနင်္သာရီကမ်းရိုးတန်းကို သိမ်းပိုက်လုယူခဲ့ကြသည်။ ၁၈၅၂ ခုနှစ် တွင် ရေတပ်သင်္ဘောကြီးများ အားကိုးဖြင့် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကိုဆင်နွှဲကာ မြန်မာနိုင်ငံ အောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်ခဲ့ပြန်သည်။ ၁၈၈၅ ခုနှစ်တွင်ကား နိုင်ငံတော်အာဏာကို ချစ်သော သီပေါနှင့် စုဖုရားလတ်တို့ကို ဖမ်းခေါ်ခြင်းနှင့် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကို ဆင်နွှဲအနိုင်ယူလိုက်ပြန်သည်။

သို့သော် ပေ(၂၀)ကြိုးဝိုင်းအတွင်း ဆင်နွှဲခဲ့သော အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲအကြောင်းကိုကား မြန်မာကရော၊ ကမ္ဘာကပါ သိလိုက်သူ သိပ်မရှိပေ။ ရှေ့က စစ်ပွဲသုံးခုသည် မြန်မာတို့အတွက် ဂုဏ်ပျက်စရာဖြစ်သော်လည်း ယခုဖော်ပြမည့် စတုတ္ထစစ်ပွဲကား မြန်မာတို့အတွက် ဂုဏ်တက်ရမည့် စစ်ပွဲဖြစ်၏။ ထိုစစ်ပွဲကြီးကို ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့က အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ တိုရန်တို အားကစားကွင်းကြီးအတွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ထိုနေ့က အင်္ဂလိပ်လူမျိုးများ ကိုယ်စားပြု ထိုးသတ်မည့် လက်ဝှေ့ကျော်မှာ အင်္ဂလန်ပြည် လိုက်ဝိတ်တန်း ချန်ပီယံ ဒေါက်ဂလပ်စမင်ဖြစ်ပြီး၊ မြန်မာလူမျိုးများ ကိုယ်စားပြု ယှဉ်ပြိုင်မည့် လက်ဝှေ့ကျော်မှာ မောင်သောင်း ဖြစ်သည်၊ မောင်သောင်း၏ စိတ်ဓာတ်ကို အကဲခတ်နိုင်ရန် သူ့မှတ်တမ်းတွင် ရေးထားသော ဖော်ပြပါ စာတမ်းကို ဖတ်ကြည့်နိုင်၏။

နယ်ချဲ့အင်္ဂလိပ်ကို တို့မြန်မာတွေက လက်နက်ချင်း မတူမျှလို့ စစ်တလင်းမှာ ရှုံးခဲ့ပေမယ့်၊ နယ်ချဲ့ အင်္ဂလိပ်လူမျိုးနဲ့ ငါ၊ တစ်ယောက်ချင်း တူညီတဲ့ လက်ဝှေ့အိတ်ကို စွပ်ပြီး၊ ပေ(၂၀)ပတ်လည်ရှိ လက်ဝှေ့ကြိုးဝိုင်းစင် စစ်တလင်းမှာ လက်သီးချင်း စစ်ခင်းကြရာမှာတော့ အင်္ဂလိပ်တို့ မှောက်လျက် တစ်မျိုး၊ ပက်လက်တစ်ဖုံ၊ ဘေးစောင်းတစ်နည်း၊ ဒူးထောက်လို့ တစ်သွယ် သွေးမြေကျပြီး ငါ့ကို မရှု မလှ ရှုံးရချည်းပါ။ ငါ့တိုင်းပြည် ငါ့လူမျိုးကို ကျွန်လုပ်ထားတဲ့ အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်အနွယ် လက်ဝှေ့ကျော်တွေနဲ့ ကြိုးဝိုင်းနယ်ပယ်မှာ တွေ့ရလေတိုင်း၊ ငါ့မြန်မာလူမျိုးတွေကိုယ်စား၊ ငါ့အရိုးတွေ ကွဲကွဲ၊ အသားတွေပွဲပွဲ၊ ငါ့အသက်ပင်သေသေ၊ ငါ နောက်တစ်လက်မ မဆုတ်တမ်း တိုက်ပွဲဝင်မယ်လို့ ဆုံးဖြတ်ချက် ချထားတယ်။ အဲဒီဆုံးဖြတ်ချက်ကို ငါအသက်သေသည်အထိ မပြင်။

မောင်သောင်း

အင်္ဂလိပ်ကို ကြိုးဝိုင်းအတွင်းမှာ အနိုင်ယူရမည်ဟူသော အတွေးအခေါ်ကို ပထမဆုံးရသူမှာ ဆရာကြီး ဦးရာဇတ် ဖြစ်သည်။ ဦးရာဇတ်သည် အိန္ဒိယပြည်၊ ဘုံဘေမြို့တွင် နေထိုင်သော လက်ဝှေ့ကျော် ဘီ(လ်)ဖစ်ရှာကို ခေါ်ယူ၍ သူ့အဖော် ကျောင်းသားများနှင့်တကွ အရပ်သားများကိုပါ လက်ဝှေ့ပညာကို စနစ်တကျ သင်ပေးခဲ့သည်။ ဘီ(လ်)ဖစ်ရှာသည် အဖေ အမေရိကန်နီဂရိုး၊ အမေ ဗြိတိန်သူတို့မှ မွေးဖွားခဲ့သူဖြစ်သည်။ ၁၉၂၆-၂၇ ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ပြင်သစ်နိုင်ငံသား ဂျော့ဂျက်(စ်)ကာပင်တီးယားနှင့် ခေတ်ပြိုင် လက်ဝှေ့ကျော်တစ်ယောက် ဖြစ်သည်။

ဂျော့ဂျက်(စ်)ကာပင်တီးယား ဆယ်ချီအပြည့်ထိုးပြီး အမှတ်ဖြင့် ကပ်နိုင်ခဲ့သော အမေရိကန် လက်ဝှေ့သမားတစ်ယောက်ကို ဘီ(လ်)ဖစ်ရှာက အီဂျစ်



တွင် အလဲထိုး အနိုင်ယူခဲ့ဖူးသူဖြစ်သည်။ သူတို့က စ,ခဲ့သော လက်ဝှေ့ပညာကို ကမ္ဘာသို့ ပြန့်စေချင်သော အင်္ဂလိပ်များက မြန်မာပြည်တွင်လည်း ဖြန့်ဖြူးရင်းဖြင့် ၁၉၂၅ ခုနှစ် ဝန်းကျင်တွင် ရန်ကုန်၌ ကြေးစားပွဲများပင် ဖြစ်လာတော့၏။

မြန်မာ့လက်ဝှေ့သူရဲကောင်း မောင်သောင်းကို ဖခင် ဦးဖိုးခင် (ရဲဝန်ထောက်)၊ မိခင်ဒေါ်စိန်တို့မှ ၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားခဲ့သည်။

နေရာမှာ အမှတ်(၈)၊ ကနေဒီလမ်း၊ ရန်ကုန်ဖြစ်သည်။ ဖခင်ဖြစ်သူမှာလည်း အမျိုးချစ်သူတစ်ယောက် ဖြစ်သောကြောင့် သားဖြစ်သူကို ငယ်စဉ်ကတည်းက လက်ဝှေ့ပွဲများကို လိုက်ပြပြီး မျိုးချစ်စိတ် သွင်းပေးပါသည်။ မောင်သောင်း (၁၀)နှစ်သားအရွယ်ကတည်းက သဲအိတ်ဖြင့် လက်ဝှေ့ထိုး လေ့ကျင့်နေပြီဖြစ်သည်။ ဇွဲနပဲဖြင့် လေ့ကျင့်သောကြောင့် (၁၇)နှစ်သားအရွယ်တွင် မောင်သောင်းသည် ပြိုင်ပွဲဝင်နိုင်သည့်အဆင့်သို့ ရောက်နေပြီဖြစ်သည်။

မောင်သောင်း၏ လက်သီးဆုပ်သည် သာမန်လက်ဝှေ့သမားတို့၏ လက်သီးဆုပ်ထက် ပိုမိုကြီးမားနေခြင်းပင်ဖြစ်၏။ ထို့ပြင် ပြင်းထန်စွာ လေ့ကျင့်ထားသောကြောင့် သူ့လက်ကောက်ဝတ် လုံးပတ်သည် လက်သီးပမာဏမျှ ထွားကျိုင်းသန်မာနေခြင်းဖြစ်၏။ တစ်ခါတွင် သူ့ဖခင်သည် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမဆင်နွှဲမီ၊ အင်္ဂလိပ်ရေတပ်က လက်နက်ချင်း မညီမျှသော ရန်ကုန်ဆိပ်ကမ်းမှ အကောက်တော်ဝန်နှင့် မြန်မာတပ်သားများအား အနိုင်ကျင့် သတ်ဖြတ်ကြပုံကို ယခုလို အသက်ဝင်အောင် ပြောပြလျက်ရှိ၏။

"ကောင်းပြီလေ။ တို့ကလည်း ဒီလိုအရိုင်းကောင် မြန်မာတွေကို ဘယ်လို အမြောက်စာ ပြန်ကျွေးလိုက်မယ်ဆိုတာ ကြည့်ရသေးတာပေါ့"

လင်းဘက်က ဝမ်းထဲမှကြိမ်းရင်း မိမိတို့သင်္ဘောအား အကောက်ဆိပ်နှင့်နီးသောနေရာသို့ အတင့်ရဲစွာ အရွေ့ခိုင်း၏။ ထို့နောက် ကမ်းပေါ်ရှိ မြန်မာအရိုင်းကောင်များ မည်သို့ ပြေးလွှားတိုက်ခိုက်ကြမည်ကို သေချာမြင်ရရန် မှန်ပြောင်းဖြင့် ကြည့်၏။

"ကိုင်း-ပစ်ကြစမ်း"

လင်းဘက်၏ အမိန့်အတိုင်း သင်္ဘောအမြောက်မှုးက အမြောက် လေးလက်

စလုံး အကောက်ဆိပ်ဆီသို့ အပစ်ခိုင်း၏။ မိမိတို့ သင်္ဘောမှသာလျှင် ပစ်သည် မဟုတ် မိမိတို့နောက်မှ ပါလာသော တနင်္သာရီစစ်မီးသင်္ဘောကလည်း ဝိုင်းပစ်သည်။ မြန်မာယမ်းမှုန့်ထိုး အမြောက်တစ်လက်က တစ်ချက်ပစ်လိုက်တိုင်း မိမိတို့၏ ကျည်ထိုး အမြောက်တစ်လက်သည် အချက်ပေါင်း (၂၀)ကျော် ပစ်နိုင်သည်။

ထိုမှန်ရာ၌ တစ်ဆင့်ပေါက်ကွဲသော ယမ်းမှုန့်အသင့်ထည့်ပြီး ကျည်တောင့်များကို အသုံးပြုရသောကြောင့် မြန်မာအမြောက်တို့ထက် အဆပေါင်းများစွာ ပြင်းထန်လှ၏။ ထို့ပြင် မြန်မာတို့ဘက်၌ ယမ်းမှုန့်ထိုး အမြောက်အိုကြီး (၂)လက်သာရှိ၏။ မိမိတို့ကမူ မိမိတို့ သင်္ဘောပေါ်၌ (၄)လက်၊ တနင်္သာရီစစ်သင်္ဘောပေါ်၌ အမြောက်(၆၀)၊ အားလုံးပေါင်း (၆၄)လက်ဖြစ်၏။

"တဲ-ကြည့်ကြသေးတာပေါ့ကွာ'

လင်းဘက်သည် အောင်နိုင်သူတို့၏ ရင့်ကျက်တည်ငြိမ်သော မျက်နှာဖြင့် ကမ်းထက်သို့ စူးစိုက်ကြည့်၏။ ကမ်းထက်၌ရှိသော အုန်းပင်၊ ထန်းပင်နှင့် အခြားသစ်ပင်များ၊ အိမ်ငယ်အဆောက်အအုံလေးများ အစရှိသည်အားလုံးတို့သည် ထောင်းထောင်းညက်ညက် ကြေလျက် လေပွေဆောင်ယူသော အမှိုက်သစ်ရွက်တို့ကဲ့သို့ ကောင်းကင်၌ လွင့်စဉ်နေကြသည်။ အမြောက်ဆန်တို့မှ ပေါက်ကွဲသည့် ယမ်းမီးခိုးများ ထိမှန်ရာမှ ထောင်းထောင်းထသည့် မြူမှုန်များဖြင့် ကမ်းပါးသစ်အုပ်တစ်ခုလုံး ချက်ချင်း အမှောင်ထုဖြင့်ဖုံး၏။

မြန်မာအရိုင်းကောင်များ မည်သို့ အထိတ်တလန့် ဖြစ်ကုန်ကြသည်ကို ကြည့်လိုမြင်လိုသော လင်းဘက်သည် မိမိ၏ အမြောက်တပ်သားများဘက်သို့ လက်ကာလိုက်၏။ အတော်ကြီးကြာမှ ကမ်းပါး၌ မီးခိုးဖုန်မှုန့်များ ရှင်းတော့၏၊ ရှုခင်းသည် မျက်လှည့်ပြ ဘိသကဲ့သို့ ချက်ချင်းပြောင်းလဲသွား၏။ ခပ်စောစောက မြင်ထားရသော စိမ်းစိမ်းစိုစိုသစ်အုပ်နှင့် အိမ်ကလေးတို့သည် ပြောင်တလင်းခါလျက် မြေပြင်၌ ပြားပြားဝပ်ကုန်၏။

လတ်လတ်ဆတ်ဆတ် ကျိုးကျကုန်သော သစ်ကိုင်းတို့မှ ကြွင်းကျန်ရစ်သည့် ပင်စည်ငုတ်တို့သည် ဖရိုဖရဲ ပြန့်ကျဲနေသော အမှိုက်ပုံတို့၏အကြား၌ ထိုးထိုးထောင်ထောင် မင်းမူနေကြ၏။ အချို့ နေရာတို့တွင် အိမ်ပျက်များကို



...လောင်နေသောကြောင့် မီးခိုးငွေ့ တလူလူ ထနေ၏။ မိနစ်ပိုင်းအတွင်း ...မှုချေမှုန်းပြလိုက်နိုင်ခြင်းအတွက် လင်းဘက်က ဂုဏ်ယူကျေနပ်၏။

မြန်မာအရိုင်းကောင်များ မည်မျှ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့...ကြလိမ့်မည်လဲဟု တွေးလျက်ဝမ်းသာနေ၏။ သို့သော် လင်းဘက်သည် ...ချက်ချင်းအံ့အားသင့်လာပြန်၏။ ကျင်းများ ချိုင့်များဖြစ် နေသော မြေပြင်ထဲမှ ...တစ်စုသည် လေးပင်သောအရာဝတ္ထုတစ်ခုကို သယ်မလာကြ၏။ သင်းတို့ ...ကို မြင်ရသည်မှာ စားသောက်ဖွယ်ရာတစ်ခုကို ပုရွက်ဆိတ်များ ဝိုင်းအုံ မ...သကဲ့သို့ မြင်နေရ၏။

မကြာမီ သင်းတို့ သယ်ယူလာကြသောအရာသည် အသုံးမဝင်သော သင်း...၏ အမြောက်အိုကြီးတစ်လက်ဖြစ်ကြောင်း လင်းဘက်သိလာ၏။ ဒီမြန်မာ...တွေ ဘာများ ဆက်လုပ်ကြမတုံးဟု စောင့်ကြည့်၏။ သူတို့သည် လေးလံကြီးမား...သော သူတို့၏အမြောက်အိုကြီးကို အမြင့်ဆုံး ကမ်းနဖူးထိပ်သို့ ယူလာကြ၏။ ...နောက် လူပေါင်းများစွာတို့သည် အမြောက်ကြီးကို ကျောဖြင့်လည်းကောင်း၊ ...ဖြင့်လည်းကောင်း၊ လေးဖက်ဝပ်၍လည်းကောင်း၊ ကုန်း၍လည်းကောင်း ...င့်ရာသင့်ရာ အလိုက်သင့် ထမ်းကြ၏။

"အိုး မိုင် ဂေါ့(ဒ်) -တော်တော် မိုက်မဲပြီး ညဏ်နည်းတဲ့ အကောင်တွေ ...လား"

လင်းဘက်၏နှုတ်မှ အမှတ်တမဲ့ ထွက်လာ၏။ ထို့နောက်ဤသို့ ထုတ်ဖော် ...ညြမိသည့်အတွက် မိမိတို့ အင်္ဂလိပ်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်လေ...သလားဟုတွေးရင်း ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။ မည်သူမျှ သိကြပုံ...ရသဖြင့် တော်သေး၏။ လင်းဘက်သည် ကမ်းဆီသို့ မှန်ပြောင်းဖြင့် ...ပ်ကြည့်၏။ ထိုစဉ် မိမိတို့၏ တနင်္သာရီစစ်သင်္ဘောဆီမှ အမြောက်(၃)လက် ...ပြိုင်နက် ပစ်လိုက်ရာ ထိုလူအုပ်ဆီသို့ တိုက်ရိုက်ထိမှန်၏။ ထိုမြင်ကွင်းကို ...ပ်ကျမပ်ကျ မြင်လိုက်ရသော လင်းဘက်အဖို့ အရသာရှိလှ၏။

လင်းဘက်သည် အသက်မရှူဘဲ စိတ်ဇောကြီးစွာဖြင့် လှိုက်လှိုက်လှဲလှဲ ...ကြည့်၏။ မီးခိုးများ ရှင်းသွားသည်နှင့် တုံးလုံးပက်လက် လဲကျနေသော ...န်မာများကို တွေ့ရ၏။ အချို့သူတို့သည် သင်းတို့၏ အမြောက်ကြီးအောက်

၌ မရှုမလှ ပိနေ၏။ သို့သော် ထနိုင်သူက ချက်ချင်းလူးလဲထကြ၏။ ထီးနီကြီးဖြင့် ဆောင်းပေးခံရသော နှုတ်ခမ်းမွေးကားကားနှင့် မြန်မာကြီးသည် ဣန္ဒြေမပျက် မလှုပ်မရှားသော မျက်နှာဖြင့် တစ်စုံတစ်ခုကို ပြောဆိုစီမံနေဟန်ရှိ၏။

ထိုလူကြီး၏နောက်ပါးမှ ထီးမိုးပေးနေသူကား မိမိလက်ထဲ၌ရှိသော ထီးကြီးတစ်ခြမ်းလုံးလုံး စုတ်ပြတ်သွားသည့်တိုင်အောင် မိမိ၏တာဝန်ကို မလစ်ဟင်းစေဘဲ ထိုထီးစုတ်ကြီးဖြင့် နေရောင်ကို ကာမြဲကာပေးနေ၏။ တနင်္သာရီသင်္ဘောမှ ပစ်လိုက်သော အမြောက်ဒဏ်ကြောင့် လူအတော်များများ သေကျေပျက်စီးသွားသည့်တိုင်အောင် နောက်ထပ် လူစားများ ချက်ချင်းရောက်လာကြ၏။ နောက်ရောက်လာသော လူတို့သည် စောစောက လူများနည်းတူ အမြောက်ကြီးကို ဝိုင်းဝန်းထမ်းထားကြ၏။

လင်းဘက်သည် မြန်မာလူမျိုးများ ပြုလုပ်နေသည်ကို ကြည့်လိုသောကြောင့် တနင်္သာရီသင်္ဘောနှင့်တကွ မိမိသင်္ဘောကိုပါ အမြောက်များ မပစ်သေးဘဲ ရပ်ထားရန် အမိန့်ပေးအချက်ပြခိုင်း၏။ ထို့နောက် မျက်ခြည်ပြတ်မခံဘဲ ဆိပ်ကမ်းရှိရာသို့ ဆက်ကြည့်၏။ ထိုအချိန်တွင် မြန်မာတို့သည် အမြောက်ကြီး၏ ပြောင်းဝအတွင်းသို့ ယမ်းမှုန့်များ လောင်းထည့်သူက လောင်းထည့်ကြသည်။ တုတ်ကြီးဖြင့် ထိုးသူကထိုး၊ ထောင်းသူက ထောင်းကြ၏။ လေးလံစေရန်အတွက် အုန်းခွံနှင့် အခြားအရာဝတ္ထုများကိုထည့်သူ၊ ထောင်းသူတို့က ထည့်ကြ၊ ထောင်းကြ၏။

"ပျင်းလှပြီဗျာ၊ ဒီလူတွေ ကျွန်တော်တို့ တစ်ချက်လောက် တွယ်လိုက်ကြဦးစို့"

"အသာနေစမ်း၊ ဒီအရိုင်းကောင်တွေ ဘယ်လောက်ဉာဏ်တုံးသလဲ။ မြည်းတွေလိုပဲ မိုက်မဲကြတယ်ဆိုတာ အခုတွေ့ရမယ်"

လင်းဘက်က မှန်ပြောင်းနှင့်မျက်လုံးမခွာဘဲ စကားပြန်လိုက်၏။ လမ်းပေါ်၌လည်း လင်းဘက်ပြောသည့်အတိုင်း မြင်နေရ၏။ လူ(၅၀)ကျော်ခန့်တို့သည် အမြောက်ကြီးကို ဝိုင်းဝန်းထမ်းထားကြရင်း ထီးဆောင်းပေးခြင်း ခံနေရသော လူကြီး၏ အမိန့်ပေးချက်အတိုင်း အမြောက်ပြောင်းဝကို နှိမ့်ခြင်း၊ မြှင့်ခြင်း၊ ဘယ်ညာရွှေ့ခြင်း စသည်တို့ ပြုလုပ်နေကြ၏။ ခိုင်းသူသည် မိမိ သဘောကျရရှိ



သည်နှင့် မီးစတစ်စကိုကိုင်ကာ စနက်တံကို ကိုယ်တိုင်မီးရှို့၏။

အမြောက်ကြီး၏ ရှေ့၊ နောက် ဘေးပတ်လည်တို့၌ ချက်ချင်း မီးခိုးဖုံးလွှမ်းသွားပြီး လူတွေအားလုံး လွင့်စင်လဲပြိုကုန်ကြ၏။ လင်းဘက်ထိုမြင်ကွင်းကိုကြည့်လျက် ပြုံး၏။ လင်းဘက်ပြုံးနေသော အချိန်သို့ရောက်မှ အမြောက်ကျည်ဆန် သံလုံးကြီးနှင့် အမြောက်ဆန်က ရှေ့ဆင့် နောက်ဆင့် ရောက်လာ၏။ အရှိန်ကုန်လာသော အမြောက်ကျည်ဆန်သံလုံးကြီးသည် လင်းဘက်၏ နားရွက်ကိုပွတ်လျက် သင်္ဘောကုန်းပတ်ပေါ်သို့ကျလာရ ကြမ်းပြင်သုံးချောင်း ကျိုးစေပြီးနောက် ဘေးသို့ လိမ့်သွား၏။

ကမ်းအထက်၌ကား မြန်မာတို့၏ အမြောက်ကြီးသည် လုံးဝ ကွဲသွားပြီ နောက် အမြောက်ကြီးကို ထမ်းထားသည့်လူများလည်း အနီးအနားတွ လွင့်စဉ်လဲပြိုနေကြရာ ထလာနိုင်သည်ကို မတွေ့ရတော့။ ဤရှုခင်းကို မြင်လိုက ရသော လင်းဘက်သည် အမြောက်ကျည်ဆန် မိမိနားရွက်နားကပ်၍ ဖြတ်လာ သဖြင့် ထိတ်လန့် စိတ်ဆိုးနေရာမှ ချက်ချင်း မအောင့်နိုင် မဆည်နိုင် ပြုံး၏

ထိုစဉ် မျက်နှာတစ်ခြမ်းလုံး မည်းနေပြီဖြစ်သော နှုတ်ခမ်းမွေး ကားကာ ရှိသည့် လူကြီးသည် တစ်စုံတစ်ခုကို အမိန့်ပေးလျက် ကုန်းမြင့်နေရာသို့ ညွှန်ပြ နေ၏။ လေးပင်သော အရာတစ်ခုကို သယ်မလာဟန်ရှိသော ဘယ်ကရောက လာသည် မသိရသည့် လူစုလူဝေးတစ်အုပ်သည် ချိုင့်ထဲမှ တစ်စတစ်စ ပေါ် လာ၏။ ပြိုလဲနေသော ကျန်သေးသည့် အမြောက်တစ်လုံးကို သယ်မလာကြ ခြင်း ဖြစ်၏။

"ဒီအရိုင်းကောင်တွေ သင်းတို့ဟာ သင်းတို့ ငရဲသွားဖို့ လုပ်နေကြပြန်ပြီ ဒီကောင်တွေ လန့်ပြေးအောင် ဘေးပတ်လည်နဲ့ ကမ်းစပ်အောက်ခြေက အမြောက်နဲ့ ပစ်ထည့်လိုက်ကြစမ်း၊ သင်းတို့ကို မထိစေနဲ့"

လင်းဘက်၏ အမိန့်ပေးသည့်အတိုင်း အမြောက်ဗိုလ်က တစ်ဆင့် အမိန့်ပေ ၏။ ဖောက်(စ်)သင်္ဘောပေါ်၌ပါသော အမြောက်(၄) လက်လုံးက ဝိုင်းအုံပစ် လိုက်ကြ၏။ အချက်ပေါင်း (၃၀)ကျော် ပစ်လေသည်။ လင်းဘက်သည် မိမိ၏ အမြောက်တပ်ဖွဲ့ကို အပစ်ရပ်စေလျက် ကမ်းထိပ်သို့ မှန်ပြောင်းဖြင့် ကြည့်ပြန် ၏။ အမြောက်ဆန်များ ပေါက်ကွဲရာမှ ထွက်လာသည့်မီးခိုးလုံးများ ရှင်းသွား

သည်နှင့် မိမိတို့သင်္ဘောကို ပြန်လည်ပစ်ခတ်ရန် အသင့်ဖြစ်နေကြသော မြန်မာ အရိုင်းကောင်များကို တွေ့နေရပြန်၏။

"ကြည့်စမ်း-ဒီကောင်တွေ သင်းတို့ဘောမှာ အမြောက်ဆန်တွေ ဒီလောက် ဝိုင်းဝိုင်းလည် ပေါက်ကွဲနေတာတောင် ထွက်မပြေးကြသေးဘူး။ တဲ. . . သိ၍ အောင် တစ်ချီလောက် တည့်တည့်တီးထည့်လိုက်ကြစမ်း"

အမြောက်ဗိုလ်သည် လင်းဘက်၏အမိန့်ကို သာသာထိုးထိုး နာယူလျက် နှစ်ချက်ပစ်ချလိုက်၏။ နှစ်ချက်လုံး တည့်တည့်ထိမှန်ကြသောကြောင့် အမြောက် ကြီးဘောရှိ မြန်မာအားလုံးလိုလို ဒဏ်ရာရကြကုန်၏။ သို့သော် ဒဏ်ရာအနာ တရ မကြီးကျယ် သူတို့လဲပြိုရာမှ ချက်ချင်းထရပ်ကြ၏။ အမြောက်လုံးကြီးကို ဆက်၍မချီကြ၏။ အတောက်ဆိပ်ကမ်း၏ အကြီးအကဲပြုလုပ်သူ နှုတ်ခမ်းမွေး ကြီးသည် မိမိ၏ ဦးခေါင်းတွင် ရစ်ပတ်ထားသော ပဝါစကိုဖြုတ်၍ မိမိရင်သို့ စည်း၏။ ထို့နောက် မိမိလူများကို လှမ်းကြည့်၏။

"ငါတို့လူတွေ ဒါအကုန်ပဲလားဟေ့။ ဒီလူအင်အားနဲ့တော့ တို့အမြောက် ကြီးကို မလို့ရမယ် မထင်ဘူးကွယ့်"

နှုတ်ခမ်းမွေးကြီး၏စိတ်၌ အကြံရကျပ်နေ၏။ မိမိ ပတ်ဝန်းကျင်၌ ရှိသမျှ လူများလည်း ကုန်နေပြီ။ အမြောက်ကြီးကို ရှိရင်းအတိုင်း အောက်၌ချ၍ ထိထိ မထိထိ အရမ်းပစ်နေလျှင် ကုလားတွေက အထင်သေးမည်။ မထိမည့် အတူ တူ မထူးဘူးဟု မပစ်ဘဲရပ်လိုက်လျှင်လည်း သင်းတို့ကိုကြောက်ပြီး မပစ်ဝံ့၍ ရပ်သွားသည်ဟု ထင်မည်။ ကြောက်သည်ဟု ထင်ရုံမျှတ ကိစ္စမရှိ။ နိုင်နေကျ ကြက်ကဲ့သို့ အနိုင်ကျင့်လိုစိတ်ဖြင့် မြန်မာတို့ကို ဆက်လက်နှိပ်စက်လာချေ သော်. . .။

မခံချင်မှုများ ပေါက်ကွဲထွက်ဘိသကဲ့သို့ ကျယ်လောင်စွာ တက်တစ်ချက် ခေါက်လိုက်၏။ အမြောက်ကြီးဘောရှိ ကြိုးစားမ' ချီနေကြသော လူများသည် တက်ခေါက်သံကြားရာသို့ လှည့်ကြည့်မိကြ၏။ ချစ်ချစ်ပူနေသော နေရောင် ခြည်အောက်၌ ယောကျ်ားပီပီ ကျားကျားလျားလျား ကားရားကြီးရပ်နေသော နှုတ်ခမ်းမွေးကြီး၏ ရင်ဘက်စည်းပဝါတွင် သွေးခြင်းခြင်း စိမ့်စိုနေ၏။ ထိုးတော် မိုး လုလင်သည် သွေးအိုင်ထဲမှ မထတော့။ ရွှေပိန်းအကွပ် တပ်ထားသော



ထီးနီကြီးသည် မြေပြင်တစ်နေရာ၌ အမှိုက်ဖုန်မှုန့်တို့ဖြင့် ရောနှောလျက် စုတ်စုတ်ပြတ်ပြတ် လဲပြိုနေ၏။

"ဟယ်. . . အကောက်ဝန်မင်း ရင်ဘတ်မှာ"

ချစ်ကြည်ညိုသော လူတစ်ဦးက မိမိကိုယ်တိုင် နာကျင်စွာခံရဘိသကဲ့သို့ အထိတ်တလန့် အသံပြု၏။ ဤအသံမျိုးသည် စိတ်ဓါတ်ကို ကျလွယ်စေသော အသံမျိုးဖြစ်သည့်အတွက် အကောက်ဝန်ထောက်ကြီးက လက်မခံ။

"ကဲကွယ်ရို့-အစော်ကားခံပြီး အသက်ရှင်နေရာထက် အသေခံပြီး တုံ့ပြန် နိုင်အောင် ကြိုးစားကြဦးစို့လား။ မြန်မာသွေးဟေ့၊ အားခဲပြီး ထလိုက်ကြဦး မောင်ရို့"

အကောက်ဝန်ထောက်မင်းကြီး၏ အသံကြောင့် အတော်အတန် ဒဏ်ရာ အနာတရ ရရှိသူတို့ပါ သွေးသံစက်စက် စီးယိုနေကြလျက် အားခဲထရပ်ကြ၏။ အမြောက်ကြီးကို ကြွမြောက်လာအောင် ဝင်ရောက်ကူညီထမ်းကြ၏။ သို့သော် အမြောက်သည် တည့်တည့်မတ်မတ် တန့်ရပ်နိုင်ခြင်းမရှိဘဲ ဟိုယိမ်းဒီယိမ်း ယမ်းခါနေ၏။ ရဲမက်တော်သားတို့လည်း လူအားနည်းလှသောကြောင့် မနိုင် မနင်း ဖြစ်နေကြ၏။

"ဒီအတိုင်းဆိုရင် ကုလားတို့ ရှုတ်ချတာကို ငါတို့ ခံကြရတော့ မကော"

အကောက်တော်ဝန်ထောက်ကြီး၏ အသံ၌ မခံချင်လှသည့် ညည်းညူ သံမျိုးပါနေသည်။ ထိုစဉ် မနီးမဝေး ကုန်းမြင့်အကွယ်တို့မှ ပုန်းအောင်းကြည့် နေကြသော အမျိုးသမီးတို့က မိမိတို့သားငယ်များကို ပစ်ချကာ ယောကျ်ား တွေ၏အကြားသို့ပြေးဝင်ကြလျက် အချို့ ဦးခေါင်းဖြင့်ရွက်၏။ အချို့ ခါးစောင်း တင်၏။ အချို့ကျောဖြင့် ဖေးမ၏။ မြန်မာယောကျ်ားကြီးများသည် မိမိတို့အား လာရောက်ကူညီကြသည့် မိခင်များ၊ မယားများဖြစ်ကြသော အမျိုးသမီးများကို ကြည့်မိရာမှ တစ်ဖက်သို့ မျက်နှာများ လှည့်လိုက်ကြ၏။

မေးကြောကြီးများ ထောင်လာအောင် အံကြိတ်နေကြ၏။ သူတို့သည် မိမိတို့ဆီသို့ မလာရန်၊ မကူရန် မိမိတို့၏မိခင်များ၊ မယားများကို မည်သူ တစ်စုံ တစ်ယောက်မျှ တားဆီးခြင်း မပြုကြပေ။ အမြောက်ကြီးသည် ခုံပေါ်၌ တင်ထားဘိသကဲ့သို့ လုံးဝ မလှုပ်ရှားဘဲ လိုရာသို့ တန်းတန်းမတ်မတ် ချိန်ဆပြီး

အသင့်ရှိနေ၏။ အော်ဟစ်ငိုလိုက်သည့်အသံကို ကြားရသည့် မိခင်ငယ်တစ်ဦးသည် အသံကြားရာဆီသို့ ရုတ်ခြည်းလှည့်ကြည့်မိရာ မျက်ရည်ဖုံးသည့် မျက်လုံးကို မှိတ်လျက် ချာခနဲ ခေါင်းကိုယမ်းလိုက်ပြီး မကြားဘိသို့ ငြိမ်သက်၏။

အကောက်တော်ဝန်ထောက်ကြီးသည် ချုပ်ထိန်းထားသည့် မျက်နှာဖြင့် စနက်တံကို မီးညှိရန် လှုပ်ရှားလိုက်သည်။ ထိုစဉ် အကောက်တော် ဆိပ်ကမ်းဆီသို့ မြင်း(၃)စီး အပြင်းမောင်းနှင်လာသည်။ မြင်းစေကျော်တို့သည် မြင်းမရပ်မီ မြင်းပေါ်မှ ခုန်ဆင်းလျက် အကောက်တော်ဝန်ထောက်ကြီးကို ရိုသေစွာ ဦးညွှတ်၍ ပဝါနီရစ်ပတ်ထားသည့် အမိန့်တော်စာ ပုရပိုက်ကို ဆက်၏။

"ကိုယ်တို့က မပစ်မခတ်ကြနှင့်တော့။ ကိုယ်တို့က မပစ်မခတ်တော့ပါဘူးဟုလည်း ကုလားတို့ကို အကြောင်းမကြားလေနှင့်။ သင်းတို့ အနိုင်အထက်ပို၍ ပြုကျင့်လာပါလျှင် လွတ်အောင်ရှောင်၍ဆုတ်။ တရားရေး၌ သင်းတို့လွန်သည်ကို ဖုံးကွယ်မရ သိသာပြီ။

*(ရေဝန်မင်းကြီး)*

အကောက်တော်ဝန်ထောက်ကြီးသည် ပစ်ရန်အသင့်ပြင်ထားသော အမြောက်လုံးကြီးကို ချစေ၏။ ထို့နောက် မိမိရဲမက်လူသူတို့ကို ရန်သူ့လက်နက် မထိမပေါက်နိုင်သည့်နေရာ၌ စုစုစည်းစည်းနေကြလေဟု အမိန့်ပေး၏။

"ရေဝန်မင်းကြီးကြောင့် ငါတို့ရပ်ရသည်။ အစကတည်းက သင်းတို့ အနိုင်အထက်ပြုကျင့် ဝင်လာကြသောကြောင့် ရှုံးမည်သိလျက် ငါတို့အသေခံပြီး တားဆီးတိုက်ခိုက်နေကြခြင်း ဖြစ်သည်။ တံခါးမရှိ မိုးမရှိ မတားရဲ မဆီးရဲသော နိုင်ငံဟု သင်းတို့အထင်ရောက်မည်စိုး၍ ငါတို့တိုက်ကြ၊ ပစ်ကြသည်" ဟု ဆို၏။

အကောက်တော်ဝန်ထောက်မင်းကြီးသည် အောက်နှုတ်ခမ်းစွန်းတစ်ဖက်ကို ကိုက်လျက် မျက်လုံး၌ မျက်ရည်များဝေလာ၏။

'တို့တော့ နိုင်ငံနှင့်လူမျိုးပါ အစော်ကားခံရလေပြီကော'

ဟူသောအသိသည် နှုတ်ခမ်းမွေးကားကားနှင့် ယောကျ်ားကြီး တစ်ယောက်အတွက် မျက်ရည်များ ရစ်ဝိုင်းစရာ အကြောင်းတစ်မျိုးပင်ဖြစ်သည်။ အကောက်တော်ဝန်ထောက်ကြီးသည် မကျေမချမ်းသော မျက်နှာဖြင့် အဝေးသို့ ဝေးမျှော်ကြည့်နေရာမှ ရင်၌စည်းထားသည့်ပဝါစကို ဖြေချလိုက်၏။ ရထားသော



ဒဏ်ရာ အပေါက်ကြီးမှ သွေးတို့သည် သွန်ချလိုက်ဘိသကဲ့သို့ ဝေါခနဲ ထွက်ချလာ၏။ သွေးအကျရပ်သည်နှင့် မရှေးမနှောင်းပင် သစ်ပင်ကြီး လဲပြိုသကဲ့သို့ လဲပြို ကျလေ၏။

အသက် (၁၅) နှစ်အရွယ်ရှိနေပြီဖြစ်သော မောင်သောင်းသည် ဖခင်စကားဆုံးလျှင် တက်တစ်ချက်ကို ပြင်းပြင်းခေါက်၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၏။

"အဖေရာ၊ အနိုင်ကျင့်လိုက်ကြတာဗျာ။ မြန်မာဘုရင်တွေကလည်း ကိုယ့်နိုင်ငံတစ်ဝန်း လုံခြုံအောင် လက်နက်ကောင်းတွေ ထားနိုင်အောင် မလုပ်ကြဘူးလားဗျာ"

"မလုပ်ကြဘူးသားရဲ့။ မြန်မာဘုရင်တွေက မျက်ကန်းမျိုးချစ်တွေ ဖြစ်နေကြတာပေါ့။ ဘာစာအုပ်မှလည်း မဖတ်ကြ၊ ဘယ်နိုင်ငံမှလည်း မသွားဘူးကြတော့ မမြင်ဘူး မူးမြစ်ထင်ဆိုတဲ့အတိုင်း အမေရိကန်နိုင်ငံနဲ့ စာရင် သုံးပုံတစ်ပုံလောက်သာရှိတဲ့ နိုင်ငံလေးအုပ်ချုပ်ရတာကိုပဲ သွေးနားထင်ရောက်ပြီး အောက်ခြေလွတ်နေကြတယ်။ ပင်လယ်တွေ၊ မြစ်တွေထဲ မရောက်ဘူးတဲ့ နွားခြေရာခွက်ထဲက ဖားသူငယ်လို ဖြစ်နေတာပေါ့။

တခြားနိုင်ငံက ခေါင်းဆောင်တွေက တစ်ကမ္ဘာလုံး လှည့်နေတဲ့အချိန်မှာ မြန်မာဘုရင်တွေက နန်းတော်ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ်လောက်ဗဲ ရောက်ဖူးကြတာဆိုတော့ စာပေအတွေ့အကြုံ၊ ဒေသန္တရအတွေ့အကြုံတွေ အများကြီးရှိတဲ့ အင်္ဂလိပ်တွေဟာ တို့မြန်မာပြည်ကို အလွယ်တကူသိမ်းပိုက်သွားနိုင်တာပေါ့။

တတိယစစ်ပွဲကျရင် ရေလမ်းခရီးသင်္ဘောတွေနဲ့ လာတိုက်မှာကို ကြိုသိထားတဲ့ ကနောင်မင်းသားကြီးက ရေမြှုပ်မိုင်းတွေ တီထွင်တော့လည်း မင်းတုန်းမင်းကြီးက ဆက်မလုပ်ဖို့ တားမြစ်သတဲ့"

"ဟာ-ဘာလို့တားရတာလဲ အဖေရ။ ကိုယ့်နိုင်ငံ ကာကွယ်ဖို့ တားရတာဘာသဘောလဲဗျာ"

"ဆရာတော်ကြီးတွေက မိုင်းစမ်းသပ်ခဲ့တဲ့အသံတွေ ကြားရတာ စိတ်မချမ်းသာဘူးဆိုပြီး မင်းတုန်းမင်းကြီးကို ပြောကြလို့တဲ့"

"ဒီလောက်ကတော့ ကျွန်တော်တောင် စဉ်းစားတတ်ပါတယ် အဖေရာ။

ရဟန်းကတော့ ရဟန်းစကား ပြောမှာပေါ့။ ကိုယ့်နိုင်ငံ ကိုယ်ကာကွယ်တဲ့အခါ ပါဏာတိပါတကံလောက်မှ မလုပ်ချင်ရင် ဘုရင် မလုပ်ဘဲ ဘုန်းကြီးဝတ်နေဖို့ ကောင်းတယ်"

"အေး-သားကတော့ စာပေတွေဖတ်လို့ အဲဒီလို တွေးနိုင်တာ။ မင်းတုန်းမင်းကြီးတို့ခေတ်က ဘာသာရေး စာအုပ်ကလွဲရင် ဘာစာအုပ်မှ ရှိတာမဟုတ်ဘူး။ အဲဒီ ဘာသာရေးစာအုပ်တွေကလည်း ဘုန်းကြီးတွေပဲ ဖတ်နိုင်တာ၊ လူတွေဖတ်နိုင်တဲ့ ဘာသာရေးစာအုပ်ဆိုတာ အတော်ရှားတယ်"

"ပြီးတော့ ကျွန်တော်မြန်မာစာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးသေးတယ်၊ ကနောင်မင်းသားကြီးက မြန်မာလူငယ်အယောက် (၃၀)လောက်ကို ဥရောပနိုင်ငံတွေမှာ ပညာတော်သင် လွှတ်ဖူးတယ်ဆို"

"အေး-ဟုတ်တယ်ကွ။ ကနောင်မင်းသားကြီးက တော်တော် အမြင်ကျယ်တယ်။ လူကြီးဆိုတာ ကာမဂုဏ်ကြီးကြီး ခံစားဖို့မဟုတ်ဘူး။ တာဝန်ကြီးကြီး ထမ်းဆောင်ဖို့ဖြစ်တယ်လို့ ယူဆထားသူပဲ။ ဒါကြောင့် မြန်မာပြည်အထက်ပိုင်းကြီး အင်္ဂလိပ်လက်ထဲ မရောက်အောင် လက်နက်စက်ရုံတွေဆောက်ဖို့ ရည်ရွယ်ချက်ရှိတယ်။ ကိုယ်တိုင် လက်နက်ထုတ်ပြီး ကိုယ့်နိုင်ငံကို ကာကွယ်မယ်ပေါ့ကွာ။

အဲဒီအချိန်မှာပဲ လူကြီးဆိုတာ တာဝန်ကြီးကြီး ထမ်းဆောင်ဖို့ မဟုတ်ဘူး၊ ကာမဂုဏ်ကြီးကြီး ခံစားဖို့ ဖြစ်တယ်လို့ ခံယူထားတဲ့ မြင်ကွန်းမင်းသားနဲ့ မြင်းခုံတိုင်မင်းသားတို့ရဲ့ လုပ်ကြံမှုကြောင့် ကနောင်မင်းသားကြီးရဲ့ နိုင်ငံကာကွယ်ရေး အစီအစဉ်တွေဟာ ရေစုန်မျောရတော့တယ်ပေါ့ကွာ"

"ကနောင်မင်းသားကြီး မရှိတော့ မင်းတုန်းမင်းကြီးက ပညာတော်သင်ကိစ္စတွေကို ဆက်မလုပ်ဘူးလား အဖေ"

"မလုပ်ဘူးကွ။ မင်းတုန်းမင်းကြီးက ဘာသာရေးဘက်ပဲ အားသန်တော့ ပဉ္စမသင်္ဂါယနာတင်ဖို့လောက်ပဲ ကြိုးစားနေတာ"

"ကျွန်တော် စဉ်းစားမိသလောက်တော့ မင်းတုန်းမင်းဟာ ဘုရင်နေရာမှာ မရှိသင့်ဘူး။ ကနောင်မင်းသားကြီးကသာ ဘုရင်လုပ်ရမှာ။ အမရပူရထီးနန်းကို လုပ်ကြံတော့လည်း ကနောင်မင်းသားကြီးက ခေါင်းဆောင်ရတာ မဟုတ်လား"



"ဟုတ်တယ်ကွ။ ဒါပေမယ့် ကနောင်မင်းသားကြီးက အသာစံလမ်းစဉ်နဲ့ အနာခံလမ်းစဉ်မှာ အနာခံလမ်းစဉ်ကို ရွေးချယ်ခဲ့တယ်ကွာ။ ဘာကြောင့်လဲဆိုတော့ အသာစံလမ်းစဉ်က ရှင်ဒေဝဒတ်ရဲ့ လမ်းစဉ်ဖြစ်ပြီး အနာခံတဲ့လမ်းစဉ်ကတော့ ဘုရားရှင်ရဲ့လမ်းစဉ် ဖြစ်နေလို့ပဲပေါ့"

"သားကတော့ နားမလည်တော့ဘူး၊ အကျယ်ရှင်းပြပါဦး"

နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး ဘာပဲလုပ်လုပ် ငါကောင်းစားရေးဦးစားပေးတာဟာ အသာစံတာပဲ။ ဘာပဲလုပ်လုပ် လောကလူသားကောင်းစားဖို့ ဦးစားပေးတာဟာ အနာခံတာပဲ။ တကယ်တော့ သားရယ်၊ အခုဘဝအသာစံတဲ့လူတွေဟာ နောင်ဘဝတွေကျတော့ အနာခံရတာပါပဲ။ အနာခံရတယ်ဆိုတာ အပါယ်ကျတာကို ပြောတာ။ အရှင်ဒေဝဒတ်ကြီးကိုကြည့်လေ။ ဟိုး နုစဉ်ဘဝကနေ အရှင်ဒေဝဒတ်ကြီး ဖြစ်လာသည်အထိ အသာပဲစံခဲ့တယ်။

အခုတော့ ငရဲကျပြီး အနာခံနေရပြီလေ။ ဘုရားရှင်ကျတော့ နုစဉ်ဘဝကတည်းကစပြီး အနာခံလိုက်တာ အခုဘုရားဖြစ်တဲ့အထိပေါ့။ ဒါကြောင့်လည်း အနာခံတဲ့အတွက်ကြောင့် အခုချိန်မှာ အသာစံနေရပြီလေ။ အသာစံရတယ်ဆိုတာ ကိလေသာကုန်ရာ နိဗ္ဗာန်လို့ အကျဉ်းချုပ် မှတ်ထားပေါ့ကွာ။

ပုဂံမင်းကို ပုန်ကန်တဲ့နေရာမှာရော တော်လှန်တိုက်ခိုက်တဲ့ နေရာမှာပါ ကနောင်မင်းသားက ခေါင်းဆောင်ရတယ်။ အဲဒါ အကြောင်းတရားမှာ အနာခံတာလို့ ခေါ်တယ်။ ထီးနန်းကို သိမ်းပိုက်မိတဲ့အခါကျတော့ အစ်ကိုပဲ နန်းတင်ပြီး သူက အိမ်ရှေ့မင်းသားပဲ လုပ်တယ်။ အဲဒီလို အကြောင်းတရား၊ အကျိုးတရား နှစ်ခုစလုံးမှာ အနာခံမှ ပါရမီထိုက်တဲ့ အနာခံခြင်းလို့ခေါ်တယ်။

လူ၊ နတ်ဦးခိုက် ပူဇော်ထိုက်တဲ့ အနာခံခြင်းပေါ့။ အကြောင်းတရားမျှသာ အနာခံပြီး အကျိုးတရားကျတော့ အနာမခံသူများဟာ အသာစံသူနဲ့ သိပ်မကွာခြားပါဘူး။ မူလတန်းနဲ့ မူကြို ကွာတာမျိုးလောက်ပဲ။ ခက်တာက တို့မြန်မာတွေဟာ ကာယသတ္တိ ကောင်းသလောက် စိတ္တသတ္တိအားနည်းကြတယ်။ တိုက်မယ်ခိုက်မယ်၊ သတ်မယ်ဖြတ်မယ်ဆိုတာက ကာယသတ္တိပေါ့။ ဒီ ကာယသတ္တိကတော့ မြန်မာတွေမှာ အပြည့်ရှိတယ်။

အသာစံခွင့်ကြုံရက်နဲ့ အနာခံလိုက်တာ၊ အများအကျိုးနဲ့ ကိုယ့်အကျိုးယှဉ်လာရင် ကိုယ့်အကျိုးကို စွန့်လိုက်တာမျိုးဟာ စိတ္တသတ္တိပေါ့"

“အဲဒီလောက် ပြောရုံနဲ့ ကျွန်တော်က ဘယ်နားလည်မှာလဲ။ လက်တွေ့သာဓကလေး တစ်ခုလောက်နဲ့ ပြောမှပေါ့”

“ဂငယ်သုံးခု၊ ဥဿျှစ်ထုဆိုတဲ့ စကားတစ်ခုရှိတယ်။ ၈၈၈ ခုနှစ် သိုဟန်ဘွား ဆိုတဲ့ မိစ္ဆာဒိဋ္ဌိဘုရင်ဟာ အင်းဝကို သိမ်းပိုက်ပြီး နန်းစံတယ်။ ရာထူးအာဏာကို မချစ်ဘဲ ပြည်သူကိုချစ်တဲ့ မင်းကြီး ရန်နောင်ကိုတော့ အရင်အတိုင်းပဲ သူကောင်းပြုပြီး နန်းတော်မှာထားတယ်။ တစ်ခါတော့ သိုဟန်ဘွားဟာ ရဟန်းသံဃာတွေပင့်ပြီး ဆွမ်းကပ်တယ်။ ပြည်သူတွေက အဟုတ်ထင်ပြီး သာသနာပြုဘုရင်ထင်နေတာပေါ့။

သံဃာတွေလည်းကြွလာရော သိုဟန်ဘွားရဲ့ တပ်သားတွေက ဓါးနဲ့လိုက်ခုတ်သတ်လိုက်ကြတာ သံဃာတွေ ရာနဲ့ချီပြီး ပျံတော်မူသွားကြတယ်။ အဲဒီကစပြီး သိုဟန်ဘွားဟာ ဗုဒ္ဓဘာသာကို ဖျက်ဆီးတယ်၊ ဘုရားဖြိုတယ်၊ ဌာပနာတွေ ဖောက်တယ်၊ ပိဋကတ်တွေ မီးရှို့တယ်၊ ပြည်သူပြည်သားအားလုံး စိတ်ဆင်းရဲကြတာပေါ့။

အဲဒီကျတော့ မင်းကြီးရန်နောင်ဟာ သူကိုယ်တိုင် သိုဟန်ဘွားကို လုပ်ကြံသတ်ဖြတ်တယ်။ အများက ဝိုင်းပြီး မင်းမြှောက်ကြတဲ့အခါ လက်မခံခဲ့ဘူး။ အမျိုး၊ ဘာသာ၊ သာသနာအတွက် သိုဟန်ဘွားကို သတ်တာဖြစ်တယ်။ မင်းအဖြစ် လိုချင်လို့ သတ်တာလို့ ရာဇဝင်မှာ စာအတင်မခံနိုင်ဘူးလို့ပြောပြီး ဘုန်းကြီးဝတ်သွားတယ်။ မင်းဖြစ်ထိုက်သူကိုသာ နန်းတင်ပေးသွားတယ်၊ အဲဒါမျိုးကို စိတ္တသတ္တိလို့ ခေါ်တာပေါ့။

သိုဟန်ဘွားကို လုပ်ကြံသတ်တဲ့ ကာယသတ္တိက မခဲယဉ်းဘူး၊ မင်းအဖြစ် မယူသင့်တာကို မယူဘဲနေရဲတဲ့ စိတ္တသတ္တိက ခဲယဉ်းတယ်။ ကဲ-သဘောပေါက်ပြီလား”

“ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ”

“ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွာ။ ကနောင်မင်းသားကြီး မင်းအဖြစ်ကို ၊ယူဘဲ အနာခံလိုက်တာ သူသာနာတာမဟုတ်ဘူး၊ ငါတို့မြန်မာတစ်ပြည်လုံး ၊သွားတာ။ သူသာ ဘုရင်ဖြစ်မယ်ဆိုရင် ငါတို့ မြန်မာနိုင်ငံ အထက်ပိုင်းဟာ ဘယ်တော့မှ အင်္ဂလိပ်လက် အောက်ကိုရောက်မှာ မဟုတ်ဘူး။ လူကြီး နေရာ



ယူတာက တာဝန်ကြီးကြီး ထမ်းဆောင်ဖို့ကိုး။ အခုတော့ မြန်မာဘုရင် အဆက်ဆက်ဟာ ကာမဂုဏ်ကြီးကြီး ခံစားဖို့အတွက် လူကြီးနေရာကို ယူကြတာဆိုတော့ မြန်မာပြည်ဟာ သူ့ကျွန်ဘဝ ရောက်တော့တာပေါ့။ အင်္ဂလိပ်က မန္တလေးကို သိမ်းပိုက်ဖို့ ခရီးတစ်ဝက် ရောက်နေပြီ။ မြန်မာပြည်က ဘုရင်တို့၊ မိဖုရားတို့၊ မှူးမတ်တို့၊ ဝန်ကြီးတို့က အာဏာလုပြီး စားမာန်ခုတ်နေကြတုန်းရှိသေးတယ်လေ”

“သားကတော့ ဖြစ်တဲ့နည်းနဲ့ အင်္ဂလိပ်တွေကို မြန်မာအားလုံး ကိုယ်စားကလဲ့စား ချေချင်တာပဲ”

“အဲဒါဆိုရင် လက်ဝှေ့ပဲ သေချာလေ့ကျင့်ပေါ့။ ဒါမှ ကြိုးဝိုင်းထဲမှ ဥပဒေနဲ့အညီ ကလဲ့စားချေနိုင်မှာ”

“စိတ်ချအဖေ၊ တစ်နေ့မှာ သူတို့အင်္ဂလန်ထိ အရောက်သွားပြီး အင်္ဂလိပ်လူမျိုးရှေ့မှာ အင်္ဂလိပ်လက်ဝှေ့သမားကို အလဲအကွဲထိုးပြီး သွေးကြွေးဆပ်ပြမယ်”

တစ်ရက် ကျောင်းတွင်းမုန့်စားကျောင်းဆင်းအချိန်တွင် မြန်မာကျောင်းသားတစ်ယောက်ကို အင်္ဂလိပ် ကပြားကျောင်းသားက ဝိုင်းရိုက်နေကြသည်။ မြန်မာကျောင်းသားလေး လဲကျသွားသည်ကိုပင် ခြေထောက်ဖြင့် ဝိုင်းကန်နေကြသည်။ မောင်သောင်း အခင်းဖြစ်သောနေရာသို့ တစ်ရှူးထိုး ပြေးသွားသည်။ အနားရောက်သည်နှင့်-

“ဟေ့ကောင်တွေ၊ ရပ်လိုက်”

စိတ်တန်ခိုးသည် အသံမှာပင် ပါသွားသောကြောင့် ဝိုင်းကန်နေကြသော သုံးယောက်ရပ်သွားပြီး သူ့ကိုလှမ်းကြည့်ကြသည်။ မြန်မာကျောင်းသား သုံးလေးယောက်ရှိသော်လည်း မည်သူမျှအကူအညီမပေးဘဲ ရပ်ကြည့်နေကြသည်။

“မင်းတို့ ဘာဖြစ်လို့ ဝိုင်းထိုးကြတာလဲ”

“မုန့်ဆိုင်တွေမှာ တို့လိုအင်္ဂလိပ်ကျောင်းသားတွေ ဝယ်နေချိန်မှာ မင်းတို့မြန်မာကျောင်းသားတွေ လာမဝယ်ရဘူး။ ဒီကောင် စည်းကမ်းကိုမသိဘဲ တို့ဝယ်နေတဲ့အချိန်မှာ လာဝယ်လို့ ဆုံးမနေတာ”

“လူလူချင်းအတူတူ မင်းတို့အင်္ဂလိပ်လူမျိုးက တို့မြန်မာလူမျိုးထက် ဘာသာလို့လဲ”

"သာတာပေါ့ကွ။ တို့အင်္ဂလိပ်တွေက သခင်လူမျိုး၊ မင်းတို့မြန်မာတွေက ကျွန်လူမျိုး။ ဒါကြောင့် ငါတို့နဲ့တန်းတူ. . ."

"ခွပ်"

"ဝုန်း"

အရပ်ရှည်ရှည်ကျောင်းသား စကားမဆုံးခင်မှာပင် ညာဘက် ဖြောင့်လက်သီးဖြင့် မျက်ခွက်ကို အားကုန်ပစ်သွင်းလိုက်ရာ မျက်နှာကို တည့်တည့်ထိပြီး ပက်လက်လဲကျသွားသောအသံ ဖြစ်သည်။ ပက်လက်ကျသွားသော ကျောင်းသားကား မလှုပ်တော့။ မေ့သွားလေပြီ။ ဘယ်မှာ မမေ့ဘဲ ခံနိုင်ပါမည်နည်း။ ထိုအင်္ဂလိပ်ကျောင်းသား၏ ရှေ့သွားသုံးချောင်းသည် ကွဲပခုံးထနေသော မောင်သောင်းလက်သီးတွင် စိုက်ပါလာသည် မဟုတ်ပါလော။

ဒုတိယကျောင်းသား သတိဝင်လာပြီး ညာခြေထောက်ဖြင့် ပြေးကန်သည်။ ဘယ်ဘက်သို့ တိမ်းပြီးလျှင် ရှေ့တစ်လှမ်းတက်၍ ဘယ်ဝိုက်လက်သီးကို အားကုန်ထိုးလိုက်ပြန်ရာ ညာမေးရိုးကို တည့်တည့်ထိသဖြင့် 'ဖျောက်'ဆိုသော အသံနှင့်အတူ ထိုကျောင်းသား ခွေကျသွားရာ ပြန်မထတော့။ လက်၏ အတွေ့၌ စေးစေးပိုင်ပိုင်ဖြစ်သွားသောကြောင့် သကောင့်သား မေးရိုးကျိုးသွားပြီဖြစ်ကြောင်း အလိုလို သိလိုက်သည်။

တတိယကျောင်းသားကား ဗလလည်းကောင်းသည်၊ အရပ်အမောင်းလည်း မောင်သောင်းထက် (၄)လက်မခန့် ပိုမြင့်သည်။ လက်ဖဝ့်သမားလည်း ဖြစ်ဟန်တူသည်၊ သူ့ထံပြေးဝင်လာပြီး ပွဲသိမ်းကောက်လက်သီးဟုဆိုရမည့် ဘယ်ဝိုက်၊ ညာဝိုက်နှစ်လုံးကို ခပ်သွက်သွက် ပစ်သွင်းသည်။ ခါးကို နောက်သို့ လှန်ရှောင်လိုက်သည်နှင့် နှစ်ချက်စလုံး လွတ်သွားသည်၊ သူ့ကိုယ်ပြန်မတ်သော အချိန်မှာပင် ညာဖြောင့်၊ ဘယ်လက်ဖြောင့်ဖြင့် နှစ်လုံးစလုံး ဝင်လာပြန်သည်၊ ဒူးနှစ်ဖက်ကိုညွတ်ကာ ငုံ့ပေးလိုက်သည်နှင့် နှစ်လုံးစလုံး လွတ်သွားသည်။ ထိုအခါမှပင် ပွင့်နေသော ထိုကျောင်းသား၏ မေးရိုးကို ညာလက်ဖြောင့်လက်သီးဖြင့် ပစ်သွင်းလိုက်ရာ 'ခွပ်'ဟူသောအသံနှင့်အတူ ထိုကျောင်းသား မြေပြင်မှ လက်မအနည်းငယ် မြောက်သွားပြီးမှ ပက်လက်လန်ကျသွားသည်။

ထိုအချိန်မှာပင် ကျောင်းသားများ ဘောအတန်းပိုင် ဆရာ၊ ဆရာမများပါ



…တို့ရှိရာသို့ ပြေးလာနေသည်ကို မောင်သောင်း တွေ့လိုက်ရ၏။ မောင်သောင်း…လည်း လဲနေသော ကျောင်းသားလေးကိုထူပေးရင်း ဘေးမှရပ်ကြည့်နေသော …ကျောင်းသားများကို လက်ညှိုးထိုးကာ အပြစ်တင်နေသည်။

"မင်းတို့ မြန်မာတွေမဟုတ်ဘူးလား၊ ကိုယ့်မြန်မာတစ်ယောက်ကို လူမျိုး…ခြားက အနိုင်ကျင့်နေတာ မင်းတို့မို့ ကြည့်နေရက်တယ်။ မင်းတို့လို မျိုးချစ်စိတ်…ရှိတဲ့ကောင်တွေကြောင့် တို့မြန်မာတွေ ကျွန်ဖြစ်ရတာ"

ထိုပြစ်မှုကြောင့်ပင် မောင်သောင်းတစ်ယောက် (၉)တန်းကျောင်းသား…ဝမှာပင် ကျောင်းထုတ်ခံလိုက်ရသည်။ အကြောင်းကား ထိုကျောင်းမှ ကျောင်း…အုပ်ကြီးမှာ အင်္ဂလိပ်ကပြား ခရစ်ယာန်တစ်ယောက် ဖြစ်နေသောကြောင့်…ပင်တည်း။ မှန်သည့်ဘက်က ရပ်တည်ရဲဖို့ဆိုသည်မှာ သူတော်ကောင်းစိတ်…လည်းရှိမှ၊ ရဲရင့်သော စိတ်လည်းရှိမှ၊ တွေးခေါ်မြော်မြင်နိုင်သော ပညာလည်း…ရှိမှသာ ဖြစ်နိုင်သည်။ မြန်မာကျောင်းသားတစ်ယောက်ကို ဝိုင်းထိုးသော …အင်္ဂလိပ်ကျောင်းသား သုံးယောက်ကို အပြစ်မယူဘဲ မတရားမှုအတွက် …သုံးယောက်ကို တစ်ယောက်တည်းဖြင့် ရင်ဆိုင်ဖြေရှင်းသော မောင်သောင်း…ကိုသာ ကျောင်းထုတ်ပစ်ခဲ့လေသည်။

နိဒါနသံယုတ် အဋ္ဌကထာတွင် ပဋိပဒါသုတ်ဟူ၍ ရှိသည်။ ထို ပဋိပဒါ…သည် သမ္မာပဋိပဒါ- မှန်သောအကျင့်လည်းရှိ၏။ မိစ္ဆာ ပဋိပဒါ- မှားသော…အကျင့်လည်းရှိ၏။ မှားသောအကျင့်၊ မှန်သောအကျင့်ဟူသည် ကုသိုလ်…အလုပ်ဟူသည်မှန်၏။ အကုသိုလ်အလုပ် ဆိုလျှင် မှားသည်ဟု အလုပ်တစ်ခု…တည်းကိုကြည့်၍ ဆုံးဖြတ်ရုံဖြင့် မမှန်ပေ။ ရည်ရွယ်ချက် စေတနာကို ကြည့်၍…ဆုံးဖြတ်မှသာ မှန်ကန်ပေမည်။

ရာထူးတက်ဖို့ အာဏာမြဲဖို့ နောင်ဘဝ ချမ်းသာဖို့ နာမည်ကြီးဖို့ ရည်ရွယ်…ချက်ဖြင့်ပြုလုပ်သော ကုသိုလ်မျိုးကား မိစ္ဆာပဋိပဒါ-မှားသောအကျင့်ဖြစ်သည်။ …ဘယ်ကြောင့် ထိုကုသိုလ်မျိုးကို အဋ္ဌကထာ ဆရာက မိစ္ဆာပဋိပဒါ၌ …သွင်းရသနည်း။ စပြုစဉ်ကတည်းက လောကလူသားတွေ ကောင်းစားဖို့မပါဘဲ …ကောင်းစားဖို့သာ အဓိကထားသောကြောင့်ပင်တည်း။

ဗြိတိသျှ... ဗီယက်နမ်နိုင်ငံကို တရုတ်က နှစ်ပေါင်း(၁၀၀၀)ကျော် အနိုင်ကျင့်

အုပ်ချုပ်ခဲ့သည်။ ပြင်သစ်က နှစ်ပေါင်း (၇၀)ကျော် အနိုင်ကျင့် အုပ်ချုပ်ခဲ့သည်။ အမေရိကန်က (၁၀)နှစ်နီးပါး အနိုင်ကျင့်သတ်ဖြတ် အုပ်ချုပ်ခဲ့သည်။ ဟိုချီမင်း ခေါင်းဆောင်သော ဗီယက်နမ်များက ခုခံတိုက်ခိုက်ရာ လွတ်လပ်ရေး ရသွားခဲ့ပေသည်။ စစ်ပွဲဖြစ်သောကြောင့် တစ်ဖက်နှင့်တစ်ဖက် သတ်ကြရသည်။ ပါဏာတိပါတ အကုသိုလ်ကံများပင် ဖြစ်၏။

သို့သော် အကုသိုလ်ချင်းတူသော်လည်း တရုတ်၊ ပြင်သစ်၊ အမေရိကန်တို့ တိုက်ခိုက်သတ်ဖြတ်မှုသည် အကုသိုလ်ဖြစ်၏။ မှားသော မိစ္ဆာပဋိပဒါဖြစ်၏။ ဗီယက်နမ်တို့ ခုခံတိုက်ခိုက်မှုသည်ကား အကုသိုလ်ဖြစ်သော်လည်း သမ္မာပဋိပဒါ-မှန်သောအကျင့်သာ ဖြစ်သည်။ လက်နက်အားကိုးဖြင့် အနိုင်ကျင့်သော အဓမ္မဝါဒ ပျောက်ကွယ်ဖို့အတွက် ကာကွယ်တားဆီးရန် လူသားတိုင်းအတွက် တာဝန်ရှိပေသည်။

လူအင်အား၊ လက်နက်အင်အားကြောင့် အဓမ္မဝါဒက ဓမ္မဝါဒအပေါ် အနိုင်ယူနိုင်ပါ၏။ သို့သော် ယာယီသာဖြစ်သည်၊ ထာဝရ မဟုတ်။ ဓမ္မဝါဒက အဓမ္မဝါဒအပေါ် အနိုင်ရခြင်းသည်သာ ထာဝရဖြစ်သည်။ ထို့ကြောင့် လေယာဉ်တစ်စီးမှမရှိသော ဗီယက်နမ် ဆင်းရဲသားများက လေယာဉ်အစီးပေါင်းများစွာ ပိုင်သော ပြင်သစ်နှင့် အမေရိကန်တို့ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်ရပ်၌လည်း မောင်သောင်းအပြုအမူကို ကြည့်လျှင် ရန်ဖြစ်ခြင်းဖြစ်၍ အကုသိုလ်ဖြစ်၏။ သို့သော် သူ့ကိုယ်ကျိုးအတွက် မဟုတ်။ မတရားသဖြင့် အနိုင်ကျင့်သော အဓမ္မဝါဒကွယ်ပျောက်ဖို့အတွက် တိုက်ခိုက်ခြင်းဖြစ်၍ အကုသိုလ်ဖြစ်သော်လည်း မှန်သောအကျင့်ဟု ဆိုရ၏။

ထိုစဉ်က အင်္ဂလိပ်တို့သည် လက်ဝှေ့ပြိုင်ပွဲများ၌ မြန်မာတို့ကို ပြိုင်ခွင့်မပေးဘဲ နှိမ်ထားကြသည်။ ထို့ကြောင့် မောင်သောင်းမှာ လက်ဝှေ့အရည်အချင်း ပြည့်ဝနေသော်လည်း ယှဉ်ပြိုင်ခွင့်မရဘဲ ဖြစ်နေသည်။ သို့သော် မောင်သောင်းက အားမလျှော့၊ စိတ်မပျက်။ အခက်အခဲကြီးလေ အောင်ပွဲကြီးလေဟု သဘောထား၏။ အခက်အခဲဟူသည် လူတစ်ယောက်၏ စွမ်းရည်ထွက်လာအောင် ညှစ်ထုတ်ပေးသော မိတ်ဆွေပင်ဖြစ်၏။ အချစ်ဝတ္ထုများတွင် မင်းသမီးနှင့် မင်းသားတွေပြီး ပေါင်းသွားသည်ဆိုလျှင် ဘာမှအရသာမရှိ၊



သူတို့အချစ်ကို နှောင့်ယှက်မည့်လူကြမ်းသည် မဖြစ်မနေ လိုအပ်၏။ လူကြမ်း၏ နှောင့်ယှက်မှုအခက်အခဲများကို ကျော်လွန်ပြီး မင်းသားနှင့် မင်းသမီးရမှသာလျှင် ဇာတ်လမ်းသည် အရသာရှိသည်။

ထို့အတူ ဘဝတက်လမ်းသို့ သွားရာတွင်လည်း မည်သည့် အခက်အခဲမျှမရှိလျှင် ပျင်းစရာကောင်းသည်။ စိတ်ဝင်စားစရာလည်းမရှိ။ ထိုအခက်အခဲများကို ကျော်လွန်ပြီး အောင်ပွဲရမှသာလျှင် အရသာရှိ၏။ ချိုမြိန်၏။ ထို့ကြောင့် အခက်အခဲ အကျပ်အတည်းများကို ကြောက်နေဖို့မလိုပေ။ လူသည် နွားနို့နှင့်တူသော လူနှင့်သစ်သီးနှင့်တူသောလူဟူ၍ နှစ်မျိုးရှိသည်။ နွားနို့သည် နေပူနှင့်တွေ့လျှင် ခဏနှင့် သိုးသွားသည်။ သစ်သီးကား နေပူနှင့်တွေ့လေ ပို၍ရင့်မှည့်လေဖြစ်၏။

ထို့အတူ နွားနို့နှင့်တူသော စိတ်ဓါတ်ပျော့သည့်လူသည် အခက်အခဲတစ်ခုခုနှင့် ကြုံလိုက်သည်နှင့် ဘဝကို အရှုံးပေးသွားတော့သည်။ နောက်တစ်ကြိမ်ထပ်မကြိုးစားတော့ပေ။ လူ(၁၀၀)တွင် (၉၉)ယောက်သည် အောက်ကျနောက်ကျ ပုဂ္ဂိုလ်များဖြစ်ကြသည်။ သစ်သီးနှင့်တူသော စိတ်ဓါတ်ခိုင်မာသူသည် အခက်အခဲနှင့် ကြုံရလျှင် စိတ်မပျက်ဘဲ မိမိအားနည်းချက်ကို ပြင်၍ အရင်ထက် နှစ်ဆကြိုးစား၏။ အခက်အခဲကို အမြင့်သို့ တက်သောလှေကားအဖြစ် အသုံးချလိုက်သည်။

စိတ်ဓါတ်ခိုင်မာသူများက အခက်အခဲကို အတက်လှေကားအဖြစ် အသုံးချသော်လည်း စိတ်ဓာတ်ပျော့ညံ့သူများက အခက်အခဲကို အဆင်းလှေကားအဖြစ် အသုံးချကြသည်ဟု ဆိုရပေမည်။ မောင်သောင်းကား သစ်သီးနှင့်တူသော စိတ်ဓါတ်ခိုင်မာသူဖြစ်သည်။ အခက်အခဲကို အတက်လှေကားအဖြစ် အသုံးချသူဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ဝှေ့ထိုးခွင့်မရသောအခါ အိန္ဒိယနိုင်ငံသို့ သွားလေတော့သည်။

၁၉၄၁ ခုနှစ်တွင် S.S. BUIMR အမည်ရှိသော သင်္ဘောကြီး၌ သင်္ဘောမီးထိုးသားဘဝဖြင့် လိုက်သွားလေတော့သည်။ သင်္ဘောလက်မှတ်ခ၊ စားစရိတ်များ မတတ်နိုင်သောကြောင့် အလုပ်သမားအဖြစ် လိုက်သွားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ ဘုံဘေမြို့တွင် ကြေးစားလက်ဝှေ့အဖွဲ့တစ်ဖွဲ့နှင့် ချိတ်ဆက်မိပြီး

ထိုအဖွဲ့ပိုင် ကလပ်များမှာပင် လေ့လာသင်ယူခွင့်ရခဲ့သည်။ မောင်သောင်းက
လက်ဝှေ့ပွဲတိုင်း ရောက်အောင်သွားကြည့်သည်။

လက်ဝှေ့အကြောင်း ရေးထားသောစာအုပ်များကို ဖတ်သည်။ လက်
ဆရာမျိုးစုံထံတွင်လည်း နည်းခံလေ့လာသည်။ များသောအားဖြင့် အင်္ဂလိ
လက်ဝှေ့သမားများနှင့် ထိုးရလျှင် လဲသွားအောင်၊ ကွဲသွားအောင် မေ့သွ
အောင် ထိုးမှသာလျှင် မြန်မာများ၊ ကုလားများက အနိုင်ရကြသည်။ အဘယ်
ကြောင့်ဆိုသော် ဒိုင်သုံးယောက်နှင့် ပရိသတ်များသည် အင်္ဂလိပ်များ ဖြစ်
သောကြောင့် မောင်သောင်းက အင်္ဂလိပ်လက်ဝှေ့သမားများထက် နှစ်ဆခ
ပို၍ လေ့ကျင့်သည်။ အလဲမထိုးနိုင်ဘဲ အမှတ်နှင့်သာ ဆုံးဖြတ်ရလျှင် မြန်မာ
များသာ ရှုံးကြသည်။

မောင်သောင်းသည် လက်သီးပြင်းအောင်၊ မြန်အောင်၊ ရှောင်တတ်
တိမ်းတတ်အောင် လေ့ကျင့်ရုံသာမက မေးရိုးမာအောင်၊ ခံနိုင်ရည်ရှိအောင်
လည်း လေ့ကျင့်၏။ သူသည် သာမန်လူနှစ်ယောက် မ'မှကြွသော သံတုံးမျာ
ထည့်ထားသည့်ပုံးကြီးကို ပါးစပ်နှင့်ကိုက်၍ မလိုက်၊ ချလိုက် လေ့ကျင့်သည်

ထိုလေ့ကျင့်ခန်းကြောင့် မေးပတ်ဝန်းကျင်ရှိ အကြောများ သန်မာလာ၏
အံကြိတ်ထားလျှင် မေးကြောများ ထောင်ထနေသဖြင့် အတော်အတန် လက်သီ
ကို ခံနိုင်ရည်ရှိလာသည်။ သူ့ထက် အရပ်အမောင်းရော၊ ဗလရော၊ ထိုးကွက်
ပါကောင်းသော ACE ခေါ် မျိုးအောင်နှင့် ပြိုင်ပွဲပမာ ထိုးသတ်လေ့ကျင့်လေ့
ရှိသောကြောင့် အရပ်အမောင်းဖြင့်သာသော ထိုးဘက်များကို မောင်သော
တစ်ယောက် ပိုင်ပိုင်နိုင်နိုင် ရင်ဆိုင်ရဲခြင်းဖြစ်သည်။

၁၉၄၁ ခုနှစ်တွင် မောင်သောင်းတစ်ယောက် ပထမဆုံး ကြေးစာ
လက်ဝှေ့ပွဲတစ်ပွဲကို စထိုးရသည်။ ဖယ်သာဝိတ်တန်းမှ အိန္ဒိယလက်ဝှေ့ကျော်
အာ(ရ်)ကေဒေး (R.K.DEY) ဖြစ်သည်။ အာ(ရ်)ကေဒေးသည် ကြေးစာ
လက်ဝှေ့ပွဲပေါင်း (၃၀)ကျော် ထိုးထားသော နာမည်ကြီး ဝါရင့်လက်ဝှေ့သမာ
တစ်ဦးဖြစ်သည်။ (၃)မိနစ်ထိုး၊ (၂)မိနစ်နား (၆)ချီပွဲ ထိုးသတ်မည်ဖြစ်သည်
လက်ဝှေ့ပွဲ အတွင်းမှ နှစ်ထောင်ကျော်သော အိန္ဒိယ ပရိသတ်များမှာ သူ
အိန္ဒိယနိုင်ငံသားက မြန်မာနိုင်ငံသားကို အလဲထိုးမည်ဟု ယုံကြည်နေကြသည်



သတင်းစာများကလည်း ထိုကဲ့သို့ပင် ခန့်မှန်းထားသည်။ အာ(ရ်)ကေဒေး ထိုးခဲ့သည့် ပွဲပေါင်း(၃၀)ကျော်သည် နိုင်ပွဲများချည်းဖြစ်သည်။ ထို့ပြင် (၂၅)ပွဲ အလဲထိုး အနိုင်ယူခဲ့ခြင်းဖြစ်သည်။ သတင်းစာများက မောင်သောင်းကို အာ(ရ်)ကေဒေးက (၃)ချီမြောက်တွင်ပင် အလဲထိုး အနိုင်ယူလိမ့်မည်ဟု ခန့်မှန်း ရေးသားကြရာ လောင်းကြေးများမှာ အာ(ရ်)ကေဒေးဘက်မှနှစ်လေး တစ်လေး ပင် ဖြစ်နေသည်။

မောင်သောင်းဘက်က လောင်းကြေး ရှုံး(၁၀၀၀)ဆိုလျှင် အာ(ရ်)ကေဒေး ဘက်မှ (၂၀၀၀)ပေးမည့် သဘောပင်ဖြစ်သည်။ မောင်သောင်းသည် လက်ဝှေ့ ပွဲတိုင်းကို မလွတ်တမ်း ကြည့်သူဖြစ်ရာ အာ(ရ်)ကေဒေး၏ ထိုးကွက်နှင့် လက်သီးအားကို သိနေပြီးဖြစ်သည်။ လက်ဝှေ့ပွဲမကျင်းပမီ တစ်ရက်က အားကစားသတင်းထောက် တစ်ယောက် ရောက်လာပြီး မောင်သောင်းအား အင်တာဗျူးသည်။

"မောင်သောင်းအနေနဲ့ ဒီပွဲဟာ ပထမဆုံးကြေးစားပွဲလို့ သိရပါတယ်။ မောင်သောင်းနဲ့ ထိုးသတ်မယ့်ပြိုင်ဘက်က ကြေးစားလက်ဝှေ့ပွဲပေါင်း (၃၀) ကျော် ထိုးပြီးရာမှာ ပွဲတိုင်းနိုင်ထားပါတယ်။ (၂၅)ပွဲကိုလည်း အလဲထိုးထား ပါတယ်။ ကိုယ့်ထက် အစစသာနေတဲ့ ဝါရင့်လက် ဝှေ့သမားတစ်ယောက်ကို ရင်ဆိုင်ရမယ့်အတွက် စိတ်ထဲမှာ ဘယ်လိုများ ခံစားရပါသလဲ"

"ပျော်နေပါတယ်"

"အလို-ဘာကြောင့် ပျော်နေတယ်ဆိုတာ ရှင်းပြပါလား"

"ပြဋ္ဌာန်းစာကို အကုန်ရထားတဲ့ ကလေးဟာ စာမေးပွဲခန်းထဲ ဝင်ရမှာ ပျော်သလိုမျိုးပါ။ ကျွန်တော်ဟာ ဒီလို ကြေးစားလက်ဝှေ့သမားဘဝရောက် အောင် အသက် (၁၃)နှစ်ကတည်းက တစိုက်မတ်မတ် လေ့ကျင့်လာတာပါ။ လေ့ကျင့်တဲ့အခါမှာ သူတစ်ပါးကိုထိုးဖို့ အတွက်သာမကဘူး၊ မိမိကိုထိရင် ခံနိုင်ရည်ရှိအောင်ပါ လေ့ကျင့်ထားတာပါ။ ဒါကြောင့် ကိုယ့်ကြိုးစားအားထုတ် မှုကို ကိုယ်အားရလို့ ထိုးရတော့မယ်ဆိုတဲ့အခါ ပျော်တာပါ"

"ပွင့်ပွင့်လင်းလင်း မေးပါရစေ၊ ပြိုင်ဘက်ကို နိုင်မယ်လို့ ယုံကြည်ပါ သလား"

"ဟုတ်ကဲ့၊ အကြွင်းမဲ့ ယုံကြည်ပါတယ်"

"အမှတ်နဲ့နိုင်မယ်လို့ ထင်ပါသလား၊ အလဲထိုးပွဲနဲ့ နိုင်မယ်လို့ ထင်ပါသလား"

"အလဲထိုးပွဲနဲ့ နိုင်မယ်လို့ ယုံကြည်ပါတယ်"

"ဘယ်နှချီလောက်မှာ အလဲထိုးမယ်လို့ မှန်းထားပါသလဲ"

"ပထမအချီမှာပဲ ဖြစ်ပါတယ်"

"အိုး-မိုင်-ဂေါ့(လ်)"

ထိုအင်တာဗျူးသည် သတင်းစာတွင် တစ်ရက်ကြိုပါသွားရာ ပရိသတ်များမှာ ရှုံပြည့်ရုံလှုံ့ဖြစ်သွားသည်။ အရပ်အမောင်းအားဖြင့် မောင်သောင်းက ၅ပေ ၆ လက်မ လောက်သာရှိသော်လည်း အာ(ရ်) ကေဒေးက ၅ပေ၊ ၁၀ လက်မလောက် ရှိသည်ကိုတွေ့ရသည်။ အာ(ရ်)ကေဒေးမျက်နှာတွင် ဒေါသအရိပ်အယောင်တွေ အထင်အရှား တွေ့ရသည်။ သူ့လိုနာမည်ကျော် ဝါရင့်လက်ဝှေ့သမားကို တစ်ပွဲမှ မထိုးဖူးသေးသော မြန်မာလက်ဝှေ့သမားတစ်ယောက်က ပထမအချီမှာပင် အလဲထိုးမည်ဟု ပြောခြင်းမှာ သူ့ကို သက်သက်သိက္ခာချခြင်းဟု ယူဆနေပုံရသည်။

ပထမအချီစရန် ခေါင်းလောင်းသံ ထွက်လာသည်နှင့် အာ(ရ်)ကေဒေးက ကွင်းလယ်သို့ ခုန်ထွက်လာသလို မောင်သောင်းကလည်း ခပ်သွက်သွက်ပင် ထွက်လာလိုက်သည်။ ရင်ဆိုင်တွေ့သည်နှင့် အာ(ရ်)ကေဒေးသည် မောင်သောင်းကို ထိုးခွင့်မပေးဘဲ တရစပ် မရပ်မနား ထိုးတော့သည်။ အရှောင်အတိမ်းကိုလည်း သေချာလေ့ကျင့်ထားသောကြောင့် မောင်သောင်းကိုတစ်ချက်မျှ မထိသေးပေ။ တစ်မိနစ်ခန့်ရှိသွားပြီဖြစ်သောကြောင့် မောင်သောင်းဘက်ကလည်း တန်ပြန်လက်သီးများ ထိုးမည်ဆိုလျှင် ထိုးနိုင်ပြီဖြစ်သည်။

သို့သော် မောင်သောင်းက ပထမအချီမှာပင် တစ်ချက်တည်း အလဲထိုးသိပ်လိုသောကြောင့် အကွက်ကောင်းကိုစောင့်နေသည်။ အမြတ်လိုချင် အရင်းထုတ်ရမည်။ သူ့ကို အလဲထိုးချင်လျှင် ကိုယ့်ကို နည်းနည်းတော့ အထိခံရမည်။ ထို့ကြောင့် အာ(ရ်)ကေဒေး၏ ဘက်-ညာဖြောင့်ထောက်လက်သီးနှစ်လုံး အထိခံလိုက်ရာ အိန္ဒိယ ပရိသတ်များ ဝါးခနဲ အားပေးလိုက်ကြသည်။ နောက်



ထပ် ဘယ်ဖြောင့် ထောက်လက်သီးတစ်လုံး မောင်သောင်းကို ထိသွားပြန်ရာ 'အာ(ရ်) ကေဒေး၊ အာ(ရ်)ကေဒေး' ဟူသောအော်ဟစ်သံများ တစ်အုပ်လုံးဆူညံသွားတော့သည်။

အာ(ရ်)ကေဒေးစိတ်ထဲ၌ မောင်သောင်းကို သူလုပ်သလို ရသည်ဟု ထင်ကာ လျှော့တွက်သွားသည်။ ဤသည်ကား အာ(ရ်) ကေဒေး၏အမှားပင်။ အာ(ရ်)ကေဒေးက ဘယ်၊ ညာ ဆင့်လက်သီးနှစ်လုံး ပစ်သွင်းအပြီး နောက်သို့ ဆုတ်လိုက်တွင် မောင်သောင်းက ဖျတ်ခနဲ ရှေ့သို့ခပ်မြန်မြန် တစ်လှမ်းတက်ကာ ဝုန်းခနဲ ညာဖြတ် (RIGHT CROSS) လက်သီးတစ်လုံးကို ပစ်သွင်းလိုက်သည်။

အာ(ရ်)ကေဒေး၏ ဘယ်ဘက်မေးဖျားကို တိုက်ရိုက်ထိကာ ဒုန်းခနဲ ကြမ်းပြင်ပေါ် ပြုတ်ကျသွားတော့သည်။ အိန္ဒိယပရိသတ်ကြီးကား တုတ်တုတ်မျှ မလှုပ်ကြတော့။ အာ(ရ်)ကေဒေး ပြုတ်ကျသွားသည်နှင့် မောင်သောင်းက သူ့ထောင့်သူ အေးဆေးစွာ ပြန်လျှောက်သွား၏။ သူ့ လက်သူ ယုံကြည်ပြီးသားမဟုတ်ပါလား။ ကြီးဝိုင်းဒိုင်က အမှတ်စဉ်ရေတွက်ရာ (၁၀)ရောက်သည်အထိ ထမလာတော့ သဖြင့် မောင်သောင်း၏ ညာလက်ကို မြှောက်ကာ အနိုင်ရကြောင်း ကြေညာလိုက်တော့သည်။

အာ(ရ်)ကေဒေးမှာ သတိပြန်မရတော့သဖြင့် ထမ်းစင်ဖြင့် ဆေးရုံသို့ တင်လိုက်ရတော့သည်။ နောက်တစ်နေ့တွင် မေးရိုးကျိုးသွားကြောင်း သတင်းကြားရသည်။ အာ(ရ်)ကေဒေး အလဲထိုးခံလိုက်ရသဖြင့် အိန္ဒိယကြေးစားလက်ဝှေ့လောကတွင် မောင်သောင်း၏ ဂုဏ်သတင်းသည် ဗုံးကွဲသလို ထင်ရှားသွားသည်။ ၁၉၄၁ ခုနှစ်ထဲမှာပင် ဝါရင့် ကြေးစားလက်ဝှေ့ကျော်များဖြစ်သော ဘိရှိုင်း၊ အေမာနွတ်(စ်)၊အီပီပေါ(လ်)တို့ကို ဆက်တိုက်အနိုင်ရရှိခဲ့သည်။ သာမန်အမှတ်ဖြင့် နိုင်ခြင်းမဟုတ်၊ ဘိရှိုင်းကို ဒိုင်ပွဲရပ်၊ ကျန်နှစ်ယောက်ကို အလဲထိုးတို့ဖြင့် အနိုင်ရခြင်းဖြစ်သည်။ ဒိုင်ပွဲရပ်ဟူသည် လက်ရည်မမျှသဖြင့် ဆက်ထိုးလျှင် တစ်ဖက်လက်ဝှေ့သမား သေဆုံးနိုင်သောကြောင့် ဒိုင်က ပွဲကို ရပ်ပြီး အနိုင်ပေးခြင်းဖြစ်သည်။

၁၁-၉-၄၁ ရက်နေ့တွင် ဝါရင့် ကမ္ဘာလှည့်လက်ဝှေ့ကျော် SAIBANSING

နှင့် ကာလ်ကတ္တားမြို့တွင် (၁၀)ချီပွဲထိုးရာ မောင်သောင်းက ဒုတိယအချီမှာပင်
အလဲထိုးပစ်လိုက်သည်။ ပြိုင်ဘက် လက်ဝှေ့သမားသည် ဆေးရုံပေါ်တွင်
(၃)နာရီခန့်အထိ မေ့မြောနေခဲ့ရသည်။ နိုင်မည့်သာနိုင်သည်၊ ထိုစဉ်က
မောင်သောင်းက ဝိတ်ကျောပေး၍ ထိုးခဲ့ရခြင်းဖြစ်သည်။ ဆာဗားဆင်းက
ပေါင်(၁၄၀)ရှိပြီး၊ မောင်သောင်းက (၁၃၂)ပေါင်သာ ရှိသည်။ ဖိလစ်ပိုင်မှ
ပက်ကွီအိုသည် မိမိထက် ဝိတ်တန်းမြင့်သော ချန်ပီယံများကို အနိုင်ထို
သည်မှာ မောင်သောင်းထက် နှစ်(၇၀)ကျော် နောက်ကျပေသေးသည်။

မြန်မာများသည် လက်ဝှေ့အရည်အချင်း၊ သတ္တိ၊ ခံနိုင်ရည် ပြည့်ဝသဖြ
ကမ္ဘာ့ချန်ပီယံဖြစ်ရန် အရည်အသွေးပြည့်ဝကြ၏။ အားပေးချီးမြှောက်မှု မ
သောကြောင့်သာ အောက်ကျနောက်ကျ ဖြစ်သွားရခြင်းပင်။ 'စိုးလင်းဦး'တို့လို
မြန်မာ့လက်ဝှေ့သမားများကို ကမ္ဘာ့လက်ဝှေ့ဘက်လှည့်၍ သင်ပေးလိုက်လျှ
နိုင်ငံကျော်အဆင့်မှ ကမ္ဘာကျော်အဆင့်အထိ ရောက်နိုင်ပေသည်။ စိုးလင်းဦ
ထက် အရည်အသွေး ပိုမည့်သူမှာ တွေ့မရှောင် ဖြစ်သည်။ ယခုအချိန်တွ
ကား အသက်အရွယ် ရသွားပြီဖြစ်သည်။

သို့သော် စိတ်ဓာတ်နှင့် လေ့ကျင့်မှုသည် အဓိကကျမည်ထင်သည်။ ယ
ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်နေသော ဝလာဒီမာ ကလာ(ပ်)ချင်ကိုသည် (၃၉)နှ
ကျော်နေပြီဖြစ်သည်။ တွေ့မရှောင်မှာ (၂၇)နှစ်ခန့်သာရှိသေး၍ ကမ္ဘာ
လက်ဝှေ့ကို တက်လှမ်းလျှင် ဖြစ်နိုင်သေးသည်။ စွမ်းနိုင်သူများရှိလျှင် မြန်မာ
ကမ္ဘာသိအောင် တင်ပေးစေလိုသည်။

ကမ္ဘာ့လက်ဝှေ့တွင် အတန်း(၉)တန်းရှိရာမှာ ဟဲဗီးဝိတ်တန်း လောက်သ
အမေရိကန်နှင့် ဥရောပမှာ ကြီးစိုးကြသော်လည်း ကျန်အတန်းငယ်အများ
ကိုကား အာရှမှ ကြီးစိုးထားပေသည်။ အာဆီယံနိုင်ငံများထဲမှ ချန်ပီယ
ပေါ်ထွန်းဖူး၊ ပေါ်ထွန်းဆဲနိုင်ငံများမှာ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်
လွန်ခဲ့သည့် (၁၅)နှစ်ကျော်လောက်က ထိုင်းမှ ကမ္ဘာ့ချန်ပီယံတစ်ယော
ပေါ်ထွန်းခဲ့ဖူးပါသည်။ သူ၏အမည်မှာ ခေါင်ဆိုင်ဂလက်ဆီ ဖြစ်ပါသည်
သူသည် ချန်ပီယံဘွဲ့ကို နှစ်ပေါင်းများစွာ သိမ်းပိုက်နိုင်ခဲ့သည်။ သူထိုးတို
ရှုံးသည်ကို တစ်ခါမှ မတွေ့ခဲ့ရဖူးပါ။ အသက်အရွယ်ရလာသောကြောင့် အန



ယူသွားခြင်းဟု မှတ်မိနေသည်။ ခေါင်ဆိုင်သည် ထိုင်းရိုးရာ မွေထိုင်းလက်ဝှေ့မှ ကမ္ဘာ့လက်ဝှေ့သို့ကူး ပြောင်းလာသူတစ်ယောက် ဖြစ်သည်။

မောင်သောင်းသည် ဖယ်သာဝိတ် (၁၂၆)ပေါင်တန်းမှ စထိုးသူ ဖြစ်သည်။ ထိုအချိန်က အိန္ဒိယတွင်အလဲထိုး ဘုရင်ဘွဲ့ခံနေသူမှာ အင်္ဂလိပ်လက်ဝှေ့သမား ဟယ်ရီဘလူးဖြစ်သည်။ ဟယ်ရီဘလူး၏ ဝိတ်တန်းက လိုက်ဝိတ် (၁၃၂)ပေါင်တန်းဖြစ်သည်။ ဟယ်ရီဘလူးသည် ရက်စက်စွာထိုးတတ်သော လက်သီးကြမ်း ပိုင်ရှင်ဖြစ်သောကြောင့် သူ့ကို ထိုးသတ်လိုသူ ကြေးစားလောကတွင် ရှားပါးနေသည်။ မောင်သောင်းကား သူ့ရည်ရွယ်ချက်ကို စတင်အကောင်အထည်ဖော်သည့်အနေဖြင့် ဝိတ်တန်းမတူဘဲ ဟယ်ရီဘလူးကို စိန်ခေါ်လိုက်တော့သည်။

မောင်သောင်း လက်ဝှေ့လောကသို့ ဝင်လာခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အင်္ဂလိပ်များကို ကြိုးဝိုင်းအတွင်းမှ ဆုံးမဖို့ဖြစ်သည်။ ခေတ်မီလက်နက်မရှိသော မြန်မာလူမျိုးများကို ခေတ်မီလက်နက်များဖြင့် အနိုင်ကျင့်သတ်ဖြတ်ပြီး နိုင်ငံကိုပါသိမ်းခဲ့သည့် အင်္ဂလိပ်များကို မောင်သောင်း တစ်သက်တွင် ကျေလိမ့်မည် မဟုတ်ပေ။ အင်္ဂလိပ်-မြန်မာ စိန်ခေါ်ပွဲဟူသော ခေါင်းစဉ်ဖြင့် သတင်းစာတွင် ကြော်ငြာပါလာရာ လက်ဝှေ့ရုံထဲတွင် အင်္ဂလိပ်ပရိသတ်များ ပြည့်ကျပ်နေတော့သည်။ အိန္ဒိယပရိသတ်များပင် လက်မှတ်ဝယ်လို့မရ ဖြစ်သွားသည်။

ဟယ်ရီဘလူးသည် သူတစ်ပါးကို ရက်ရက်စက်စက် ထိုးသတ်တတ်သလို သူ့ကို ရက်ရက်စက်စက် ထိုးသတ်မှုကိုလည်း ခံနိုင်ရည်ရှိသူဖြစ်သည်။ (၃)မိနစ်ထိုး (၈)ချီပွဲ သတ်မှတ်ထားသည်။ ဟယ်ရီဘလူးက ကိုယ်အလေးချိန်သာသည်သာမက အရပ်အမောင်း၊ လက်တံ၊ ဗလ အားလုံး မောင်သောင်းထက် သာသည်။ သို့သော် ခန္ဓာကိုယ်တွင် အသားပိုများ ရှိနေသည်။ မောင်သောင်းကား တစ်ကိုယ်လုံး ကြွက်သားများဖြင့် စုဖွဲ့ထားသည်။ အဆီပြင်၊ အသားပြင်ဟူ၍ ရှာမရသလောက် ဖြစ်သည်။

ဟယ်ရီဘလူး၏ ပွဲများကိုလည်း မောင်သောင်း အတော်များများ ကြည့်ခဲ့ဖူးပြီးဖြစ်သည်။ သက်လုံရော မာကျောမှုပါ ရှိသူဖြစ်သည်။ ထို့ကြောင့်

အားကစား သတင်းထောက်လာမေးစဉ်က (၆)ချီတွင် အနိုင်ထိုးမည်ဟု ပြော လိုက်ခြင်းဖြစ်၏။

ပထမအချီ ခေါင်းလောင်းသံထွက်လာသည်။ နှစ်ယောက်သား စင်၏ အလယ်သို့ ပြေးဝင်လာကြသည်။ လက်တံရှည်သော ဟယ်ရီဘလူးက ထောက်လက်သီးများ မရပ်မနားလွှတ်သည်။ လူသန်ကြီးတစ်ယောက်ကို သက်လုံအရင်ခြွေရမည် မောင်သောင်းက အလိုလို သိနေသည်။ ထို့ကြောင့် လှည့်ပတ်ရှောင်တိမ်းရင်း မောအောင်လုပ်ထားလိုက်သည်။ သို့သော် ဟယ်ရီဘလူးက သူ့ကို (၆)ချီတွင် အနိုင်ယူမည်ဟူသော စကားကို အတော်ခံပြင်းဟန် တူသည်။ ပညာကုန်၊ အားကုန်သုံးပြီး ထိုးနေသောကြောင့် ထိုးချက်အားလုံး လွတ်အောင်ရှောင်ဖို့ မလွယ်ပေ။

ထို့ကြောင့် ထောက်လက်သီးတစ်လုံး မောင်သောင်း၏ နှာခေါင်းကိုထိရာ ပက်လက်လန်ကျသွားသည်။ အင်္ဂလိပ်ပရိသတ်များ၏ အော်ဟစ်အားပေး သံများမှာ ရုံထဲတွင် ပွက်လောရိုက်သွားတော့သည်။

"ဟယ်ရီဘလူး"

"ဟယ်ရီဘလူး"

"မြန်မာကောင်ကို အသေထိုး"

"မြန်မာကောင်ကို အသေထိုး"

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . ဖြောင်း. . ."

ဒိုင်လူကြီးက အမှတ်စဉ်ရေဖို့လျှောက်လာစဉ်မှာပင် မောင်သောင်းက ခုန်ထလိုက်သည်။ ထို့ကြောင့် ဒိုင်က အမှတ်စဉ်မရေတော့ဘဲ ပွဲကိုဆက်လွှတ် ပေးသည်။ ဒီတစ်ခါတော့ မောင်သောင်းအလှည့် ဖြစ်သည်။ ဟယ်ရီ၏ ဖြောင့် လက်သီးနှစ်လုံးအောက်မှ လျှိုဝင်ကာ အားပါသော ညာဖြောင့်တစ်လုံးကို ဟယ်ရီ၏ရင်ဘတ်တည့်တည့်သို့ ထိုးလိုက်ရာ 'ဗုန်း' ဟူသော အသံကြီးနှင့် အတူ ဟယ်ရီတစ်ယောက် ကြမ်းပြင်ပေါ် ဖင်ထိုင်လျက်ကျသွားတော့သည်။

အမောဆို့ချိန်တွင် အားပါပြင်းထန်သော လက်သီးချက်က ရင်ဘတ်ကို ထိလိုက်ရာ အမောဆို့သလိုဖြစ်သွားပြီး ပါးစပ်ကြီးဟကာ မှင်တက်မိနေသည်။ ိုင်က အမှတ်စဉ်ရေဖို့သွားစဉ် ပထမအချီ ပြီးဆုံးကြောင်း ခေါင်းလောင်းသံ



ပေါ်လာသည်။ အမှန်က (၃)မိနစ်မပြည့်သေး။ ကျင်းပသူများ၊ဒိုင်လူကြီးများမှာ အင်္ဂလိပ်များဖြစ်သောကြောင့် မောင်သောင်းကို ဝိုင်းညစ်ကြခြင်းဖြစ်သည်။

ပရိသတ်များက လက်ညီသည်ဟုဆိုကာ အထူးသဘောကျနေကြသည်။ ဒုတိယအချီတွင်လည်း ဟယ်ရီက တရကြမ်းတိုက်စစ်ဆင်သည်။ ဟယ်ရီ၏ သက်လုံကို ခြွေသည့်အနေဖြင့် မောင်သောင်းသည် လှည့်ပတ်ရှောင်တိမ်းရင်း ခွင့်ရသည်နှင့်ဟယ်ရီ၏ ရင်ဘတ်နှင့် ဝမ်းဗိုက်သို့သာ လက်သီးချက်များ ဖစ်သွင်းနေသောကြောင့် ဟယ်ရီသည် အမောပိုဖောက်လာပြီး အသက်ရှူ သံများ ပြင်းလာသည်။ သို့သော် ဝိတ်ပိုများသော ဟယ်ရီ၏ လက်သီးထိုးချက် များက ပိုမြန်ပြီး ပိုပြင်းထန်ကြောင်း မောင်သောင်းသိသည်။ ဒုတိယအချီ (၂)မိနစ်ခန့်တွင် ရှောင်တိမ်းနေသည့်ကြားမှ စက်သေနတ်ပစ်သလိုထွက်လာ သော ဟယ်ရီ၏ လက်သီးချက်နှစ်ချက်က မောင်သောင်းကို ထိသွားသည်။

ဘယ်ဖြောင့်လက်သီးက မေးရိုးကိုထိပြီး ညာဝိုက်လက်သီးက နားထင်ကို ထိရာ မောင်သောင်းကြမ်းပြင်ပေါ် ပုံကျသွားသည်။ ဝေါခနဲ အော်သံကြီးနှင့် အတူ အင်္ဂလိပ်ပရိသတ်အားလုံး ထိုင်ခုံများမှထကာ တစ်ပြိုင်နက် ဟယ်ရီကို အားပေးလိုက်ကြသော အသံကြီးမှာ ရုံထဲတွင် သိမ့်သိမ့်တုန်သွားသည်။ ဟယ်ရီက ပွဲပြီးပြီဟူသော အတွေးဖြင့် သူ့လက်နှစ်ဖက်ကိုမြှောက်ကာ ပရိသတ် ကို နှုတ်ဆက်ရင်း သူ့ထောင့်သို့လျှောက်သွားသည်။ ထိချက်ပြင်းသောကြောင့် ချက်ချင်းပြန်မထနိုင်ပေ။

ဒိုင်က အမှတ်စဉ်ရေရာ နံပါတ်(၆)အရောက်တွင် ပြန်ထလာသည်။ မောင်သောင်း၏ ပါးစပ်နှင့်နှာခေါင်းတို့တွင် သွေးခြင်းခြင်း နီသွားသည်။ တတ်တတ်ရပ်ပြီးသည်အထိ မောင်သောင်းမှာ ခေါင်းကို အထိုးခံလိုက်ရသဖြင့် မူးဝေယိမ်းယိုင်နေသည်။ နံပါတ်(၈)ရောက်မှ တည်တည်ငြိမ်ငြိမ် ဖြစ်သွား သည်။ ပွဲပြန်စလေပြီ။ ဟယ်ရီက ဒုတိယ အချီနှင့် အလဲပွဲသိမ်းနိုင်ရန် လက်သီး ချက်များကို ဆက်တိုက်ထိုးသွင်းတော့သည်။

ဒီတစ်ခါတွင်တော့ မောင်သောင်းသည် တိုက်စစ်ကို တိုက်စစ်ဖြင့် တုံ့ပြန်လေတော့သည်။ ထို့ကြောင့် ဟယ်ရီ၏နှုတ်ခမ်းမှာ မောင်သောင်း၏ လက်သီးတစ်လုံး ထိသဖြင့်ကွဲသွားသည်။ ထိုဒဏ်ရာမှ သွေးတို့က စီးကျလာရာ လက်ဖျံကြမ်းပြင်တွင် အင်္ဂလိပ်သွေးနှင့် မြန်မာသွေး ရောနေတော့သည်။

တစ်ချီတွင် ဟယ်ရီကပွဲသိမ်းကို လျှပ်တစ်ပြက်ပစ်သွင်းသည်။ မောင်သောင်းက
ရှောင်မနေတော့ဘဲ ညာဝိုက်ကို အားထည့်ကာထိုးလိုက်သည်။

နှစ်ယောက်စလုံး ထိသည်။ နှစ်ယောက်စလုံး လဲကျသည်။ သို့သော်
မခံချင်စိတ်ပြင်းထန်မှု ပိုမိုအားကြီးသော မောင်သောင်းက ဒယီးဒယိုင်ဖြင့်
ထလာနိုင်သော်လည်း ဟယ်ရီမှာ ထမလာတော့။ အင်္ဂလိပ်ပရိသတ်များ
အပ်ကျသံဝင်ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ ဒိုင်လူကြီး အမှတ်
စဉ် ရေတွက်ဖို့သွားစဉ် ဒုတိယအချီပြီးဆုံးကြောင်း ခေါင်းလောင်းသံ ထွက်
လာပြန်ရာ ဟယ်ရီ ကံကောင်းသွားသည်။ သို့မဟုတ်ပါက နှစ်ချီတည်းနှင့်
အလဲထိုး ရှုံးတော့မည်ဖြစ်သည်။

တတိယအချီတွင်ကား မြန်မာသွေးက အင်္ဂလိပ်သွေးထက် ပိုရဲကြောင်း
ထင်ရှားလေပြီ။ အချက်ပေးခေါင်းလောင်းသံထွက်လာသည်နှင့် မောင်သောင်း
သည် ဟယ်ရီထံသို့ တစ်ဟုန်ထိုးတိုးဝင်ကာ ဖြောင့်လက်သီး၊ ထောက်လက်သီး၊
ပင့်လက်သီး၊ ဖြတ်လက်သီး၊ ဝိုက်လက်သီးတို့ကို မရပ်မနား ပစ်သွင်းတော့ရာ
ထိုးချက်များထိလိုက်တိုင်း ဟယ်ရီ၏ခေါင်းမှာခါခါ ထွက်သွားသည်ကို တွေ့ရ
သည်။

ပရိသတ်ထံမှ စုတ်သတ်သောအသံများ၊ ညည်းတွားသံများ ထွက်လာ
သည်။ ဟယ်ရီ၏ မျက်ခုံးနှစ်ဖက် စုတ်ပြတ်သွားကာ သွေးတပေါက်ပေါက်ကျ
နေသည်။ တတိယအချီ ဆုံးခါနီးတွင် မောင်သောင်း၏ ဝိုက်လက်သီးနှစ်လုံး
အနက် ညာဝိုက်လက်သီးက ဟယ်ရီ၏ နားထင်ပေါ် ကျသွားရာ 'ခွပ်'ဟူသော
အသံနှင့်အတူ ဟယ်ရီတစ်ယောက် ကြမ်းပေါ်ပစ်ကျသွားတော့သည်။နားထင်
တွင်လည်း ကွဲသွားရာ သွေးများ မြင်မကောင်းအောင် ထွက်နေသည်။

ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ရေတွက်ရာ နံပါတ်(၈)ရောက်မှ ဒယီးဒယိုင်ဖြင့်
ထလာနိုင်တော့သည်။ ဒိုင်က အချိန်ဆွဲသည့် အနေဖြင့် သူ့လက်ဝါးကိုထော
ပေးပြီး ဟယ်ရီကို ထိုးခိုင်းနေသည်။ အများအမြင်တွင် ဟယ်ရီ သတိရှိ၊ မ
ဥပဒေစည်းမျဉ်းအတိုင်း လက်တွေ့စမ်းသပ်ခြင်းပင်။ တကယ်ဖြစ်စဉ်ကာ
အင်္ဂလိပ်လူမျိုး ကြိုးဝိုင်းဒိုင်သည် သူ့လူ သုံးချီနှင့် အလဲထိုးခံရခြင်း
လွတ်မြောက်အောင် ပရိယာယ်ဖြင့် အချိန်ဆွဲပေးခြင်းသာတည်း။ ထို
စမ်းသပ်နေချိန်မှာပင် တတိယအချီ ပြီးဆုံးကြောင်း ခေါင်းလောင်းသံ



ထွက်ပေါ်လာသဖြင့် ဟယ်ရီ ဒုတိယအကြိမ်မြောက် ကံကောင်းသွားပြန်၏။
မောင်သောင်းက ဒုတိယအကြိမ် အညစ်ခံရခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့သော ညစ်ပတ်မှုမျိုးသည် ယခု ၂၀၁၂ အချိန်မှာပင် ရှိနေသေး
သည်။ ပက်ကီအိုသည် အမေရိကန် လက်ဝှေ့သမားတစ်ယောက်နှင့် အမေ
ရိကန်တွင် ထိုးရသည်။ ပက်ကီအိုက ပြတ်သားစွာ သာလွန်အောင် ထိုးသတ်
နိုင်ခဲ့သည်။ သို့သော် ဒိုင်အားလုံးနှင့် ပရိသတ်အားလုံးတို့မှာ အမေရိကန်
နိုင်ငံသားတွေ ဖြစ်နေသောကြောင့် ပက်ကီအိုမှာ အမှတ်နှင့် အရှုံးပေးခဲ့လိုက်
ရ၏။ အမေရိကန်နိုင်ငံသား ကမ္ဘာ့ချန်ပီယံကြီးများ ကိုယ်တိုင်က
မှန်သည့်ဘက်မှ ရပ်တည်ကာ ပက်ကီအိုသာ အနိုင်ရသင့်ကြောင်း ထောက်ခံ
ပြောဆိုကြသည်။

ပထမအချီနှင့် ဒုတိယအချီကတည်းက မထိုးဘဲ အားမွေးထားသော
မောင်သောင်းသည် စတုတ္ထအချီမှစ၍ မရပ်မနား တိုက်စစ်ဆင်တော့သည်။
ဟယ်ရီကိုလည်း ချီးကျူးစရာကောင်းသည်ကား ခံစစ်ဖြင့်ရှောင်ပြေးမနေဘဲ
တိုက်စစ်ဖြင့် တုံ့ပြန်ခြင်းပင်ဖြစ်၏။ သို့သော် စိတ်စွမ်းအားပိုမိုကြီးသော
မောင်သောင်း၏ လက်သီးချက်များက လျှပ်စီးလက်သကဲ့သို့ လျင်မြန်လှပေရာ
ဟယ်ရီတစ်ယောက် လွတ်အောင်မရှောင်နိုင်ဘဲ လည်စင်းခံခဲ့ရတော့သည်။

စတုတ္ထအချီ တစ်မိနစ်ခွဲသာသာလောက်မှာပင် အတင်းဝင်ပူးကပ်၍
ပစ်တင်လိုက်သော ညာပင့်လက်သီးတစ်လုံးသည် ဟယ်ရီ၏မေးရိုး ချက်
ကောင်းကို ထိလိုက်ရာ 'ဖောက်'ဟူသောအသံနှင့်အတူ ဟယ်ရီတစ်ယောက်
ကြမ်းပြင်ပေါ် ပက်လက်ပြုတ်ကျသွားတော့၏။ ဟယ်ရီ၏မျက်နှာတစ်ပြင်လုံး
ဖူးရောင်ပေါက်ပြနေပြီဖြစ်သော်လည်း နိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အရှုံးပေး
မည့်လက္ခဏာကို မတွေ့ရ။ ဒိုင်လူကြီးက အမှတ်စဉ် ရေရာ (၇)အရောက်တွင်
ပြန်ထလာနိုင်ခဲ့သည်။

ပွဲစဉ်အစက ဆူညံနေသော အင်္ဂလိပ်ပရိသတ်များကား တုတ်တုတ်မျှမလှုပ်
ကြတော့။ ဒိုင်က ထိုးခွင့်ပြုသည်နှင့် မောင်သောင်းသည် လှစ်ခနဲပြေးဝင်ကာ
ဝိုက်လက်သီးနှစ်လုံး ပစ်သွင်းရာ နှစ်ချက်စလုံးထိပြီး ဟယ်ရီတစ်ယောက်
ကြမ်းပြင်ပေါ် ပစ်ကျသွားပြန်သည်။ ဒိုင်က အမှတ်စဉ်ကို အချိန်ဆွဲရေနေ
သောကြောင့် စတုတ္ထအချီ စေ့သွားပြန်သည်။

ပဉ္စမအချီနှင့် ဆဋ္ဌမအချီတို့တွင်လည်း မောင်သောင်း၏ လက်သီးဒဏ်ကြောင့် ဟယ်ရီမှာကြမ်းပေါ်သို့ မကြာခဏ ပြုတ်ကျနေရာ အသက်အန္တရာယ် စိုးရိမ်စရာဖြစ်လာသောကြောင့် အနိုင်ပေးလိုက်လေတော့သည်။ မောင်သောင်း၏ လက်သီးဒဏ်ကြောင့် ဟယ်ရီသည် ပွဲပြီးသည်နှင့် ဆေးရုံတက်၍ ရက်(၂၀)ခန့် ကုသမှု ခံယူလိုက်ရလေ၏။

မောင်သောင်း၏ ရည်ရွယ်ချက်သည် ပထမအဆင့် အောင်မြင်ခဲ့လေပြီ။ ဒုတိယအဆင့်အနေဖြင့် ကမ္ဘာကျော်လက်ဝှေ့သမားဖြစ်အောင် နိုင်ငံတကာသို့ လှည့်လည်၍ ထိုးသတ်ရပေဦးမည်။ မောင်သောင်းသည် အာရှတစ်ခွင်၊ အနောက်တိုင်းတစ်ခွင်တို့သို့ လှည့်လည်၍ ကြေးစားပွဲပေါင်း (၂၀၀)ကျော် ထိုးသတ်ခဲ့ရာဝယ် (၁၈၈)ပွဲ အနိုင်ရခဲ့၏။ မောင်သောင်း၏ ထိုးချက်ကြောင့် နံရိုးကျိုး၊ မေးရိုးပြုတ်ပြီး လက်ဝှေ့လောကမှ ရာသက်ပန်နားသွားရသူ (၆)ဦးအထိ ရှိသည်။

မောင်သောင်း အနိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ကျော်များမှာ-

၁။ ဂျော်နီကတ်တလင်း (အင်္ဂလန်)
၂။ ဂျင်မီကော(သ်) စကော့တလန်)
၃။ ဒိုင်စွန်ပေါင် (ကိုရီး)
၄။ ဂျိမာရှယ် (အမေရိကန်)
၅။ အီကစ်စင် (ကနေဒါ)
၆။ မစ်ကီဝေါ(လ်)ကား (အမေရိကန်)
၇။ နီဂရိုး ဂန်းဘုတ်ဂျက် (အမေရိကန်)
၈။ မလင့်မလီယာနီး (အမေရိကန်)
၉။ ဂျော့အဲလစ် (အင်္ဂလန်)
၁၀။ ကာလဲယားလင့်ကဝ် (အမေရိကန်)
၁၁။ ယန်းတာလီ (ဖိလစ်ပိုင်)
၁၂။ ဂိုင်းဒင်းဘွိုင်း (စင်ကာပူ)
၁၃။ အာ(ရ်)ကေဒေး (အိန္ဒိယ)
၁၄။ အယ်ဘိုးဝစ် (အိန္ဒိယ) တို့ ဖြစ်သည်။



ထိုအချိန်မှာပင် အင်္ဂလန်၌လည်း ကြေးစားကမ္ဘာကျော် လက်ဝှေ့ချန်ပီယံတစ်ဦး ပေါ်ထွန်းနေသည်။ အင်္ဂလန်၌ သူ့ကိုယှဉ်ပြိုင်ဘက် မရှိတော့သဖြင့် တခြားနိုင်ငံက လက်ဝှေ့သမားများနှင့်သာ တွေ့ပေးနေရသော အချိန်ဖြစ်၏။ ထိုအချိန်က အိန္ဒိယတွင် သူ့လူမျိုး အင်္ဂလိပ်လက်ဝှေ့သမားတစ်ယောက်ကို မောင်သောင်း က မျက်နှာတစ်ပြင်လုံး စုတ်ပြတ်အောင် ထိုးသတ်သွားသည်ကို ဒေါက်ဂလပ်စမင်က သိထားသည်။ ထို့ကြောင့်လည်း သွေးကြွေး ဆပ်ချင်စိတ်ဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ရင်း ကမ္ဘာလှည့် ထိုးနေသူဖြစ်သည်။

မြန်မာ့သွေးသည် အင်္ဂလိပ်သွေးထက် ပိုနီသောကြောင့် ၁၉၄၇ ခုနှစ်ထဲတွင် လန်ဒန်သို့ မောင်သောင်းက အရောက်လာကာ စိန်ခေါ်ခဲ့ပေပြီ။ ဒေါက်ဂလပ်စမင် ထိုးသတ်အနိုင်ယူခဲ့သော ပွဲပေါင်း(၄၀)ကျော်တွင် (၃၀)ကျော်မှာ အလဲထိုးပွဲချည်းဖြစ်၍ ဒေါက်ဂလပ်စမင်တစ်ယောက် အလဲထိုးဘုရင်ဘွဲ့ကို ရထားသည်မှာ ထိုက်တန်သည်ဟု ဆိုရပေမည်။ ထိုအချိန်က မောင်သောင်းသည်လည်း ပွဲပေါင်း(၄၀)ကျော်ပင် ထိုးရသေးသည်။

ဒေါက်ဂလပ်စမင်သည် မောင်သောင်းကဲ့သို့ပင် ထိုးသတ်ကွက်များကို သာမက အထိုးခံနိုင်အောင်ပါ လေ့ကျင့်ထားသော ဒေါင်ဒေါင်မြည် လက်ဝှေ့သမားတစ်ယောက်ပင် ဖြစ်၏။ ထို့ကြောင့်လည်း လက်ဝှေ့ပရိသတ်အားလုံးက သူတို့နိုင်ငံ၊ သူတို့လူမျိုးရှေ့တွင် ထိုးသတ်မှာဖြစ်ခြင်းကြောင့် ဒေါက်ဂလပ်စမင် အလဲထိုး အနိုင်ယူသွားမည်ဟု ခြွင်းချက်မရှိ ယုံကြည်နေကြခြင်းဖြစ်သည်။

ဧပြီလ ၁၇ ရက်နေ့ နံနက်ခင်းတွင် လက်ဝှေ့သမားနှစ်ယောက် ကိုယ်အလေးချိန်၊ ဆေးစစ်၊ လက်မှတ်ထိုး အပြီးမှာပင် ပြဿနာတက်လေပြီ။ ကိစ္စအားလုံးအပြီး လက်ဝှေ့သမားနှစ်ယောက် လက်ဆွဲနှုတ်ဆက်ခါနီးတွင် ဒေါက်ဂလပ်စမင်က-

"ကျုပ် သူနဲ့ လက်ဆွဲပြီး နှုတ်မဆက်နိုင်ဘူး။ ဒီ လူဟာ မြန်မာ လူမျိုးဖြစ်တယ်။ မြန်မာလူမျိုးတွေဟာ ကျုပ်တို့အင်္ဂလိပ်လူမျိုးတွေရဲ့ ကျွန်ဖြစ်တယ်။ ကျွန်နဲ့ သခင်ဟာ လက်ဆွဲနှုတ်ဆက်ရိုး ထုံးစံမရှိဘူး"

ထိုစကားကြောင့် မောင်သောင်း အပါအဝင် ကြေးစားလက်ဝှေ့ပွဲ ဖြစ်မြောက်ရေး ကော်မရှင်အားလုံး အံ့အားသင့်သွားကြသည်။ စိတ်ကောင်းရှိ

သော အင်္ဂလိပ် အချို့က မောင်သောင်းကို အလွန်အားနာသွားကြသည် မောင်သောင်း၏ လက်ဝှေ့မန်နေဂျာဂျိုးဇက် ဟင်နရီက-

"မင်း အဲဒီလိုပြောဖို့မသင့်ဘူး ထင်တယ်။ လူမျိုးရေးကို ထိခိုက်ပြ အကြောင်းမဲ့ ပြောတာဟာ အောက်တန်းကျလွန်းပါတယ်"

"ပြောသင့်လို့ ပြောတာပဲ။ ကျုပ်တို့လူမျိုးတွေရဲ့ ကျေးကျွန်ဖြစ်တဲ့ . . .

"ဟေ့ကောင်- မင်းပါးစပ်ကို ပိတ်လိုက်စမ်း။ မင်း ငါ့လူမျိုးနဲ့ ငါ့တိုင်းပြည် ထိပြီးမပြောနဲ့ ငါမခံဘူး။ တို့ မြန်မာလူမျိုးတွေဟာ ကျွန်လူမျိုးမဟုတ်ဘူး သခင်၊ ဘုရင်လူမျိုးကွ၊ သခင်လူမျိုးနားလည်လား။ မင်း ကောင်းကောင်းသ ထား၊ မင်းနဲ့ငါ ဒီနေ့ညသတ်ရမယ့်ပွဲဟာ ငါ့အတွက်ဒေါ်လာရဖို့ မဟုတ်တေ ဘူး။ ငါ့မြန်မာပြည်အတွက် သတ်မှာဖြစ်တယ်။ မင်းတို့ အင်္ဂလိပ်လူမျိုးတွေဟ တို့ မြန်မာပြည်ကို လက်နက်အားကိုးနဲ့ အနိုင်ကျင့်ပြီးသိမ်းယူနိုင်ခဲ့ပေမ အင်္ဂလိပ်နဲ့ မြန်မာ တစ်ယောက်ချင်း စီးချင်းထိုးသတ်ပွဲမှာ မြန်မာ့သတ္တ မြန်မာ့စွမ်းရည်ဟာ မင်းတို့အင်္ဂလိပ်တွေထက် အဆတစ်ထောင် သာတ ဆိုတာ ငါ့လက်သီးနှစ်လုံးက ကနေ့ည သက်သေပြလိမ့်မယ်ဟေ့။ အေး. . မင်းကို အသေသတ်လို့ရရင် အသေသတ်ပစ်မယ်။ မင်း ဒီနေ့ည သေဖို့သာပြ ပေတော့"

မောင်သောင်းက ဒေါက်ကလပ်စမင်ကို လက်ညှိုးထိုး၍ တစ်လုံးချ ပြတ်သားစွာ တုံ့ပြန်ပြောဆိုလိုက်သည်။ ဒေါက်ကလပ်စမင်ကို မောင်သော က စူးစူးစိုက်စိုက် စားတော့ဝါးတော့မတတ် ကြည့်နေသလို ဒေါက်ကလပ်စ ကလည်း မောင်သောင်းကို မျက်ထောင့်နီကြီးနှင့် မျက်တောင်မခတ်စိုက်ကြ နေသည်။ သူတို့ အင်္ဂလိပ်လူမျိုးကို ထိခိုက်ပြော၍ ဒေါသမီးတောက်နေသ နှစ်ဖက်သော လက်ဝှေ့အဖွဲ့ဆိုင်ရာ ပုဂ္ဂိုလ်များက သူတို့နှစ်ဦးကြားတ ဝင်ရပ်ကာ ဆွဲဖယ်ဖျန်ဖြေလိုက်၏။ အနီးကပ်အကဲခတ်ရန် ရောက်လာ သော သတင်းထောက်များနှင့် ပရိသတ်များမှာ အုန်းအုန်းကျွက်ကျွက် ဖြ သွားသည်။ ကြေးစားလက်ဝှေ့ပွဲသွင်းသူ မစ္စတာဟူးဘက်(ဒ်)စတုန်း ကြားထဲကဝင်၍ တောင်းပန်သည်။

"လက်ဝှေ့ပွဲက လူမျိုးရေးပွဲအဖြစ် ဖန်တီးတာတော့ မကောင်းပါဘူးဗျ



ဒီစကားတွေကို ဒီမှာတင်ပဲ ရပ်ကြပါလို့ ကျွန်တော် အနူးအညွတ် တောင်းပန် ပါတယ်"

သေးက မည်သို့ပင် တောင်းပန်စေကာမူ မောင်သောင်းကား ကျေနပ်၍ မရတော့။ မြန်မာလူမျိုးတွေဟာ အင်္ဂလိပ်ရဲ့ ကျွန်ဟူသော စကားသည် သူ၏နှလုံးသားကို လက်သီးဖြင့် အားပါးတရ အထိုးခံလိုက်ရသလို နာကြည်း သွား၏။ ခန္ဓာကိုယ် ပြင်ပတွင်ရသော ဒဏ်ရာက ရက်ပိုင်း၊ လပိုင်းအတွင်း ပျောက်ကင်းနိုင်သော်လည်း နှလုံးသားတွင် ရသောဒဏ်ရာကား ကလဲ့စား မချေရသေးသရွေ့ ဘယ်သောအခါမှ ပျောက်တော့မည်မဟုတ်ပေ။ ဝိုင်းအုံနေ သော သတင်းထောက်များ၊ အင်္ဂလိပ်လူမျိုးများကို မောင်သောင်းသည် တစ်ချက်ဝေ့ကြည့်လိုက်ပြီး ရဲရဲတောက်စကားကို ယခုလိုပြောကြားလိုက်၏။

"ခင်ဗျားတို့ အင်္ဂလိပ်တွေဟာ လက်နက်အားကိုးနဲ့ အနိုင်ကျင့်ပြီး မြန်မာ ပြည်ကို စစ်(၃)ခါတိုက် သိမ်းပိုက်ခဲ့တယ်။ မြန်မာတွေဟာ သတ္တိကောင်း ပေမယ့် လက်နက်မကောင်းလို့ ခင်ဗျားတို့ အင်္ဂလိပ်တွေကို အရှုံးပေးခဲ့ရတယ်။ ဒီနေ့ည ထိုးသတ်မယ့်လက်ဝှေ့ပွဲဟာ အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲပဲ။ ဒီနေ့ နိုင်တာကမှ တရားသဖြင့် နိုင်တာဖြစ်တယ်။ မင်းတို့အင်္ဂလိပ်လူမျိုးလက်ဝှေ့ သမားကို ဥပဒေဘောင် စည်းမျဉ်းထဲကအတိုင်း အင်္ဂလန်နိုင်ငံ အင်္ဂလိပ် လူမျိုးတွေရှေ့မှာ အသေထိုးပြပြီး မြန်မာတွေရဲ့ ဂုဏ်သိက္ခာကို ပြန်ဆည်ပြမယ်"

အရပ်(၅)ပေခွဲလောက်သာရှိသော မြန်မာလူပုလေးက အရပ် (၆)ပေ နီးပါးမြင့်သော အင်္ဂလိပ်လက်ဝှေ့ သမားတစ်ယောက်ကို သွေးအေးအေးဖြင့် အသေထိုးမည်ဟု ပြောနေသည်မှာ ဖြစ်နိုင်ပါ့မလားဟု ထင်စရာပင်ဖြစ်၏။ ဗိတ္တဝတော ကိနာမ ကမ္မံ နသိဇ္ဈတိ' ဟူသော ဘုရားဟောကို သတိရသင့်၏။ စိတ်ဓါတ်ပြင်းထန်လျှင် အဘယ်မည်သောကိစ္စသည် မပြီးစီးနိုင်ဘဲရှိ အံ့နည်း ဟူသော ဒေသနာကို ဦးထိပ်ထားသူတိုင်း မည်သည့်အခက်အခဲများရှိရှိ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်သည်သာဖြစ်၏။

အရပ်(၅)ပေ၊ (၇)လက်မသာရှိသော လူပုလေးတစ်ယောက်က (၆)ပေ ကျော်မြင့်သော ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့သမားပေါင်း (၄၉)ယောက်ကို အနိုင်ထိုးသတ်ခဲ့သည်ဟုဆိုလျှင် ဒဏ္ဍာရီဟုမထင်လိုက်ပါနှင့်။ တကယ်ရှိခဲ့

ပါသည်။ ထိုသူကား အီတလီလူမျိုး လက်ဝှေ့သမား ရော့ကီးမားစီယာနိုးပင် ဖြစ်သည်။ သူသည် ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို သိမ်းပိုက်ရယူထားသူ ဖြစ်သည်။

သူသည် ရှုံးပွဲမရှိဘဲ သိက္ခာရှိစွာဖြင့် လက်ဝှေ့လောကမှ အနားယူခဲ့သူ ဖြစ်သည်။ သူအနိုင်ယူခဲ့သော (၄၉) ပွဲမှာ အလဲထိုး အနိုင်ယူခဲ့ခြင်း ဖြစ်သည်။ သူခက်ခက်ခဲခဲအနိုင်ယူခဲ့သော ဟဲဗီးဝိတ် လက်ဝှေ့သမားများတွင် ဂျိုးလူဝစ်သည် (၆)ပေ (၂)လက်မ၊ ဂျာစီဂျိုးဝေါ့(လ်) ကောက်(ခ်)မှာ (၆)ပေ၊ လူသတ်သမား (အသေထိုးသူ)အီဇက်ချာ(လ်)မှာ (၆)ပေ၊ အာချီမိုး (၆)ပေ (၁)လက်မ၊ ဒွန်ကော့ တဲ(လ်) (၆)ပေတို့ ဖြစ်သည်။

ရော့ကီး ဟဲဗီးဝိတ်ချန်ပီယံဖြစ်ခဲ့ရသည်မှာ အထိုးကောင်းသော အချက်တစ်ခုတည်းကြောင့် မဟုတ်။ သူမတူအောင် ခံနိုင်ရည် (မာဂုဏ်)မြင့်သောကြောင့်လည်း ဖြစ်သည်။ ထိုစဉ်က ကမ္ဘာ့ဟဲဗီး ဝိတ်ချန်ပီယံ ဂျိုးလူဝစ်ကို (၈)ချီနှင့် အလဲထိုးပြီးနောက် သူ့ကိုရှုံးနိမ့်ခဲ့သော ဂျိုးလူဝစ်ကိုယ်တိုင် ရော့ကီးကို ယခုလို ထုတ်ဖော်ချီးမွမ်းခဲ့သည်။

"သူ့မျက်နှာကို ကျုပ်ရဲ့လက်သီးတွေ အဆက်မပြတ် တဒိုင်းဒိုင်းနဲ့ ထိနေသော်လည်း သူ့မျက်နှာတစ်ပြင်လုံး မြင်မကောင်းလောက်အောင် သွေးတွေဖုံးနေပေမယ့် သူဟာ လုံးဝလဲပြိုသွားခြင်းမရှိဘဲ ရှေ့ကိုသာ သဲသဲမဲမဲတိုးလာပြီး ရက်ရက်စက်စက် အားပါးတရ ဆက်ထိုးနေတယ်။ ကြာတော့ ကျုပ်မှာ သူ့ကိုထိုးရလွန်းလို့ အားတွေကုန်လာရတယ်ပေါ့။ ကျုပ်ရဲ့ လက်ဝှေ့ထိုးသက်တမ်းတစ်လျှောက်မှာ ရော့ကီးမာစီယာနိုးလို ခံနိုင်ရည်ရှိလွန်းတဲ့ လက်သီးသမားမျိုး မတွေ့ဖူးဘူး။ တကယ့်ကို မာကျောတဲ့ ကျောက်ခဲလို လူသားမျိုးပါ"

အိုင်စင်ဟောင်းဝါးက ချီးကျူးခံရသူ

အမေရိကန်သမ္မတကြီး အိုင်စင်ဟောင်းဝါးသည် ရော့ကီးမာစီ ယာနိုးတစ်ယောက် ကမ္ဘာ့ဟဲဗီးဝိတ် သရဖူပိုင်ရှင်ဖြစ်ပြီးနောက် သူ၏အိမ်ဖြူတော်ကို ခေါ်ကာ ရော့ကီးအား ချီးကျူးဂုဏ်ပြုခဲ့သည်။ ဂုဏ်ပြုပွဲတွင် သမ္မတကြီးသည် ယခုလို ချီးကျူးစကား ပြောခဲ့သည်။

"ရော့ကီးရဲ့ကိုယ်ခန္ဓာထက် ရော့ကီးရဲ့ နာမည်ဂုဏ်သတင်းက ပိုပြီးကြီး



နေသဟော့။ ရော့ကီးဟာ ဂျိုးလူဝစ်ကြီးကိုတောင် ကြိုးတန်းအပြင်ရောက်သွားအောင် ထိုးပစ်နိုင်လို့ ပရိမိုကားနေရားတို့လို လူကောင်ထွားကြီးလို့ ကျုပ်ထင်နေခဲ့မိတာ။ ခုတွေ့ရမှ ခပ်သေးသေးပုပုလေး ဖြစ်နေတာကိုး။

အေးကွယ်-မင်းလိုလူပုကလေးက တကယ့်ထိပ်သီးလက်ဝှေ့ ကျော်ကြီးတွေကို အလဲအကွဲချည်းထိုးထိုးပြီး အနိုင်ယူခဲ့တာကို ထောက်ရှုလိုက်တော့ သူရကောင်းဆိုတာ အရွယ်ပမာဏက စကားမပြောဘဲ သတ္တိဗျတ္တိနဲ့ လုပ်ရည်ကိုင်ရည် ခံယူချက်အားမာန်က စကားပြောတာပါကလားလို့ ကျုပ်တွေးလိုက်မိတယ်"

လူတစ်ယောက် မည်သည့်အလုပ်ကိုလုပ်လုပ် အောင်မြင်မှုရဖို့ အဓိကသော့ချက်မှာ ရုပ်ပိုင်းဆိုင်ရာ မဟုတ်၊ စိတ်ပိုင်းဆိုင်ရာသာ ဖြစ်ကြောင်း သမ္မတကြီးက ပြောကြားလိုက်ခြင်းပင်ဖြစ်၏။

၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ညတွင် အင်္ဂလန်ပြည် လန်ဒန်မြို့ တိုရန်တို လက်ဝှေ့အားကစားရုံကြီးထဲတွင် အင်္ဂလိပ်ပရိသတ် (၃၀၀၀၀) ကျော်ဖြင့် ပြည့်ညပ်နေပြီဖြစ်သည်။ ကိုယ်အလေးချိန်၊ ဆေးစစ်ပွဲအပြီးတွင် အင်္ဂလန်ပြည် လိုက်ဝိတ်တန်းပြိုင်ဘက်မရှိ ချန်ပီယံ ဒေါက်ကလပ်စမင်က သတင်းထောက်များကို အင်္ဂလိပ်များ အားတက်စရာ သတင်းတစ်ခုပေးခဲ့သည်။ ထိုသတင်းကား မြန်မာလက်ဝှေ့သမား မောင်သောင်းကို(၅)ချီဖြင့် အလဲထိုးမည်ဟူသောသတင်းပင်။ ထိုသတင်းနှင့်အတူ မောင်သောင်းက အင်္ဂလိပ်လက်ဝှေ့သမားကို (၁၀)ချီမပြည့်မီ အသေထိုးမည်ဟူသော ကြော်ငြာချက်ကိုပါ သတင်းစာထဲ ထည့်လိုက်ရာ အင်္ဂလန်ပြည် လန်ဒန်ရှိ ယောကျ်ားမှန်သမျှ လက်ဝှေ့ရုံသို့ ချီတက်ကြတော့သည်။

အင်္ဂလန်နိုင်ငံ ရာဇဝင်တွင် သမိုင်းတွင်မည့် လက်ဝှေ့ပွဲကြီးကို မကြည့်လိုက်ရမှာ စိုးရိမ်သောကြောင့် အစောကြီးကတည်းက ရုံထဲသို့ အပြေးအလွှားဝင်နေကြသည်။ လက်ဝှေ့အားကစားသည် အင်္ဂလန်မှ စခဲ့ခြင်းဖြစ်သည်။ ပြီးတော့ အင်္ဂလန်နိုင်ငံ အင်္ဂလိပ် လူမျိုးများရှေ့တွင် ကျင်းပမည်ဖြစ်ရာ အင်္ဂလိပ် လက်ဝှေ့သမားတစ်ယောက်အနေဖြင့် သေချာပေါက်နိုင်မည်ဟု တွက်ထားကြသည်။

မြန်မာလူမျိုးများကို လက်နက်ဖြင့် (၃)ကြိမ် အနိုင်ယူပြီးနောက် လက်သီးဖြင့် (၄)ကြိမ်မြောက် အနိုင်ယူသည်ကို အရသာရှိရှိ ကြည့်ချင်နေကြသည်။ တခြားပွဲငယ် (၅)ပွဲခန့် ထိုးအပြီးမှာပင် မောင်သောင်းတို့၏ ပွဲကြီးစပါလေပြီ။ ထိုအချိန်မှာပင် တစ်ရုံလုံး မီးများမှိတ်သွားသည်။ ပြီးလျှင် အလွန်အားကောင်းသော ဆလိုက်မီးကြီးသည် လက်ဝှေ့စင်သို့ အားကစားသမားများ တက်လာရာလမ်းသို့ထိုးထားသည်။ အပြာရင့်ရောင် ဝတ်စုံကို ဝတ်ထားသော ဒေါက်ဂလပ်စမင်သည် လာလမ်းအတိုင်း လက်ဝှေ့စင်ရှိရာသို့ လက်သီးနှစ်ဖက်ကိုမြှောက်လျက် နှုတ်ဆက်ကာ ဝင်လာသည်။

"အင်္ဂလန်ပြည် ဖြိုင်ဘက်ကင်း အလဲထိုးဘုရင် လိုက်ဝိတ်တန်း ချန်ပီယံ ဒေါက်ဂလပ်စမင် ဖြစ်ပါတယ်ခင်ဗျာ"

အခမ်းအနားမှူး၏ စကားအဆုံးတွင် မတ်တတ်ရပ်ကာ လက်ခုပ်တီးလိုက်ကြသော လူ(၃၀၀၀၀)ကျော်၏ အသံသည် လက်ဝှေ့ရုံကြီးကွဲထွက်တော့မတတ် ဆူညံမြည်ဟန်းသွားသည်။ ဒေါဂလပ်စမင် စင်ပေါ်ရောက်သည်နှင့် အခမ်းအနားမှူးက ဒေါက်ဂလပ်စမင်၏ ဂုဏ်ပုဒ်များကိုထုတ်ကာ ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

"ရွှေပွဲလာပရိသတ်များ ခင်ဗျား၊ ယခုလက်ဝှေ့ကြိုးဝိုင်းပေါ်ကို တက်လာတဲ့ ပုဂ္ဂိုလ်ကတော့ ရွှေပွဲလာတို့ရဲ့ အချစ်တော်၊ ရွှေပွဲလာတို့ရဲ့ အသည်းစွဲဖြစ်တဲ့ အင်္ဂလန်ပြည် လိုက်ဝိတ်ချန်ပီယံ ဒေါက်ဂလပ်စမင် ဖြစ်ပါတယ် ခင်ဗျား။

ဒေါက်ဂလပ်စမင်ဟာ အမေရိကန်၊ ပော်လန်၊ ဩစတြေးလျ၊ စပိန်၊ ပြင်သစ်၊ ဖင်လန်၊ ကနေဒါပြည်များမှ တကယ့်နာမည်ကြီး လက်ဝှေ့ကျော် (၄၀)မျှကို အလဲပွဲ၊ ဒိုင်ပွဲရပ်များနှင့် တစ်ဖက်စီးနင်း ထိုးဖြိုင် အနိုင်ယူကာ အင်္ဂလိပ် လူမျိုးတို့ရဲ့ ကျက်သရေဆောင် အမျိုးသားအလံတော်ကြီးကို မားမားဝင့်ဝင့် လွှင့်ထူနိုင်ခဲ့တဲ့ အင်္ဂလိပ် တစ်မျိုးသားလုံးရဲ့ လက်ဝှေ့သူရဲကောင်းကြီး ဖြစ်တယ်ဆိုတာကို အထူးပြောဖို့တောင် လိုမယ်မထင်ပါဘူး ခင်ဗျား။

ဒေါဂလပ်စမင်နဲ့ ယှဉ်ပြိုင်အနိုင်လုသူတိုင်းဟာ သူ့ရဲ့အလွန် ပြင်းထန်မာကျောလှတဲ့ လက်သီးနှစ်လုံးနဲ့တွေ့ ထိလိုက်တာနဲ့ တစ်ပြိုင်နက် ကြိုးဝိုင်း



အလယ်မှာ လဲခွေကျရသည်ချည်း ဖြစ်တယ်ဆိုတာကိုလည်း ရွှေပွဲလာ ပရိသတ်များ အသိဖြစ်ကြပါတယ်။

အခုပွဲမှာ ဒေါက်ဂလပ်စမင်ဟာ ဘယ်လိုဘယ်ပုံ ယှဉ်ပြိုင်အနိုင်သတ်မယ်ဆိုတာကို စောင့်ကြည့်အကဲခတ်ကြပါစို့လား ခင်ဗျား"

"ဖြောင်း. . . ဖြောင်း. . ဖြောင်း. . . ဖြောင်း. . . "

ပရိသတ်များ၏ ဩဘာလက်ခုပ်သံများက ရုံပွင့်ထွက်မတတ် ပေါ်ထွက်လာသည်။ ထိုအချိန်မှာပင် ရုံတွင်းရှိမီးများ ဒုတိယအကြိမ် မှိတ်သွားပြန်ပြီး စင်ဆီလာရာအပေါက်ဆီသို့ မီးမောင်းကြီးများ ထိုးလိုက်ပြန်သည်။ မောင်သောင်းသည် ကတ္တီပါကြက်သွေးရောင် ဝတ်စုံကြီးဖြင့် ခံ့ခံ့ညားညား လက်ဝှေ့စင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ဝတ်ရုံ၏ကျောဘက်တွင် 'မြန်မာမောင်သောင်း' ဟူသော အင်္ဂလိပ်စာလုံးကို ကတ္တီပါ အစိမ်းရင့်ရောင်ဖြင့် ချုပ်ထားသည်။ စာလုံးအောက်တွင် မြန်မာ့ဒေါင်းအလံဖြစ်သော ခွပ်ဒေါင်းရုပ်ကို အစိမ်းရင့်ရောင်၊ အဝါရောင်တို့ဖြင့် သေသပ်စွာ ချုပ်လုပ်ထားသည်။

"ရွှေပွဲလာ ပရိသတ်များခင်ဗျာ၊ ယခုကြိုးဝိုင်းအတွင်းကို ရောက်ရှိလာသူကတော့ မြန်မာမောင်သောင်း ဖြစ်ပါတယ်။ မြန်မာမောင်သောင်းဟာ အင်္ဂလန်မှာ နာမည်ကျော်ကြားသူသိများတဲ့ လိုက်ဝိတ်တန်းနဲ့ လိုက်ဝယ်တာဝိတ်တန်းက ထိပ်တန်းလက်သီးကျော် (၁၁)ယောက်ကို အလဲထိုးအနိုင်ယူပြီးဖြစ်ပါတယ်။ သူ့မှာလည်း အလဲထိုးနိုင်တဲ့ လက်သီးရှိတဲ့အတွက် ဒီပွဲဟာ တကယ်တမ်း ကြည့်ကောင်းမယ့် ပွဲကြီးပွဲကောင်း ဖြစ်မယ်လို့ ယူဆရပါတယ်။ အင်္ဂလန်ချန်ပီယံ ဒေါက်ဂလပ် စမင်ကပဲ စွမ်းသလား၊ မြန်မာ မောင်သောင်းကပဲ ထက်သလားဆိုတာကို စောင့်ကြည့်ကြပါစို့လားခင်ဗျာ"

ပရိသတ်များက အားနာပါးနာပင် လက်ခုပ်တီးဖော် မရ။ ခပ်မဆိတ်သာ နေကြသည်။ မောင်သောင်းက အံကိုတင်းတင်း ကြိတ်ကာ ညာလက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ အပေါ်ထောင်ပြ နှုတ်ဆက်လိုက်သည်။ ပွဲစခါနီးအချိန်မှာပင် ရှေ့ဆုံးတန်းမှ အင်္ဂလိပ်တစ်ဦး၏ အသံက မောင်သောင်းနားထဲသို့ စူးစူးဝါးဝါး ဝင်လာသည်။

"ဟေ့. . . ဒီမြန်မာကောင်ကို အသေထိုးပြီး သူ့အလောင်းကို မြန်မာပြည် ပြန်ပို့လိုက်"

ထိုစကားသံနှင့်အတူ မျက်နှာချင်းဆိုင်မိသည်နှင့် ဒေါက်ဂလပ်စမင် ပြောလိုက်သောစကားက မောင်သောင်း၏ ဒေါသကို ဆွပေးလိုက်သည်နှင့် တူသွားသည်။

"မင်း ငါ့ကို အသေထိုးနိုင်ရင်ထိုး။ မထိုးနိုင်ရင် မင်းကို ငါက အသေထိုးမယ်"

မောင်သောင်းက လေကုန်မခံတော့။ လွှတ်လိုက်သည်နှင့် တရကြမ်း ဝင်ထိုးတော့သည်။ ဒေါက်ဂလပ်စမင်၏ အသည်းနှင့် ကျောက်ကပ်တည် နေရာကို သဲသဲမဲမဲ ထိုးနေသည်။ ပင့်လက်သီး၊ ဘယ်ဝိုက်လက်သီး၊ ညာဝိုက် လက်သီးတို့ကို အများဆုံးထိုး၍ တိုက်စစ်ဆင်နေလေသည်။ နံဘေးသို့ ထိုးသော လက်သီးချက်များသည် နံရိုးများကို ထိမိတိုင်း တတုတ်တုတ်နှင့် အသံထွက်နေသည်။

ပြင်းထန်သော လက်သီးအားကြောင့် ဒေါက်တစ်ယောက် တစ်ချက်ထိမိ တိုင်း မျက်နှာမှာ ရှုံ့မဲ့သွားသည်။ ထိချက်များလာလျှင် ထိုနံရိုးကျိုးမည်ဆို သည်ကို မောင်သောင်းက အတွေ့အကြုံကြောင့် သိနေသည်။ သူသည် ထိုရက်စက်သော ထိုးချက်များကို အင်္ဂလိပ်လက်ဝှေ့သမားများနှင့် ဆုံသော အခါတွင်သာ သုံးသည်။ တခြား လက်ဝှေ့သမားများနှင့် ထိုးသောအခါတွင် အသုံးမပြုပေ။

ဒေါက်ဂလပ်စမင်ကလည်း ဘယ်ညာပင့်လက်သီးဖြင့် Shoit-Punch ခေါ် ပူးကပ်သတ်ရာတွင် ထိုးရသည့်လက်သီးထိုးချက်များဖြင့် မောင်သောင်း၏ ထိုးဟန်ထိုးကွက်ကို ဖျက်ပစ်နေသည်။ နှစ်ဦးသား တိုက်စစ်ဆင်၍ ဘတစ်ပြန် ကျားတစ်ပြန် ပူးကပ်သတ်နေမှုကို ပရိသတ်က ကျေနပ်ကာ အကြိုက်တွေ့ နေပြီး တစ်ခဲနက် အားပေးလျက်ရှိ၏။ နှစ်ဦးသား ပူးကပ်နေသည်မှာ ကျားနှစ်ကောင် တစ်ကောင်နှင့်တစ်ကောင် သဲသဲမဲမဲ ခဲနေသည့်ပမာနှယ်။

(၃) မိနစ် အချိန်စေ့သဖြင့် ပထမအချီပြီးသည်။ (၁) မိနစ် နားချိန်တွင် မောင်သောင်းကို သူနည်းပြ ဆရာက ကြိုးဝိုင်းပေါ်သို့တက်၍ အမောဖြေ ပေးသည်။အကြံဉာဏ်ပေးသည်။ (၁)မိနစ်စေ့၍ဒုတိယအချီဝယ် မောင်သောင်း သည် သူ့ထောင့်မှနေ၍ လျင်မြန်စွာထွက်ပြီး ဒေါက်၏အသည်းနှလုံးနေရာကို သူအားကိုးသော ညာပင့်လက်သီးတစ်လုံးကို အားကုန်ပစ်ကျုံးလိုက်ရာ 'ဟ်'ဟု



အော်မြည်ရင်း အရုပ်ကြိုးပြတ်ခွေကျသွားတော့သည်။ ဒေါက်လဲ ခွေကျသွား သဖြင့် ပရိသတ်များသည် အံ့အားကြီးသင့်နေကြ၏။

ကြိုးဝိုင်းဒိုင်က လဲကျနေသော ဒေါက်ကိုအမှတ်စဉ် ရေတွက်သည်။ အမှတ်စဉ် (၁)မှ (၈)အထိအရောက် ပြန်ထလာ၏။ နောက်ပြီး ပွဲလွှတ်လိုက် ၏။ လွှတ်လျှင် လွှတ်ချင်းနှစ်ဦးသား ပူးပြီး ထိုးကြပြန်သည်။ ဒေါက်သည် အထိနာနေ၍ တုံ့ပြန်မထိုးဘဲ ခံစစ်မှသတ်နေသည်။ သူ့ကိုယ်ပိုင်းကို အထူး ဂရုပြု ကာကွယ်နေသည်။ မောင်သောင်းက သူ့ကိုအသေထိုးဖို့ ကြိုးစားနေပြီ ဖြစ်ကြောင်း သူသိသွားလေပြီ။ သို့သော် မျက်နှာကိုကာကွယ်ဖို့ လွယ်သော် လည်း ကိုယ်ခန္ဓာကာကွယ်ဖို့က ပိုမိုခဲယဉ်းသည် မဟုတ်ပါလား။ များ မကြာမီ ဒုတိယအချီ ပြီးသွားသည်။

တတိယအချီနှင့် စတုတ္ထအချီတွင် ဒေါက်က လက်ရည်သာသည်။ ပဉ္စမအချီတွင် မောင်သောင်း၏ မေးရိုးကို ညာဖြတ်လက်သီးတစ်ချက် ထိလိုက်ရာ မောင်သောင်းလဲခွေကျသွားသည်။ မောင်သောင်းလဲကျသွားစဉ် ဝယ် အင်္ဂလိပ်ပရိသတ်များက 'ဒေါက်ဂလပ်စမင်' ဟု တစ်ပြိုင်နက် ဟစ်ကြွေး ၍ အားပေးချီးကျူးကြသည်။ အမှတ်စဉ် (၄)တွင် မောင်သောင်းပြန်ထလာပြီး ဒေါက်ကို မရပ်မနား ဖိသတ်၏။ ဒေါက်ကလည်း မနားတမ်း လက်သီးချက် တွေ ပြန်သွင်းသည်။ ထိုအချိန် ပြီးခါနီးဝယ် ဒေါက်၏ မျက်ခုံးနှစ်ဖက် စုတ်ပြတ် ပေါက်ကွဲကာ သွေးစိမ်းနီနီများ တပေါက်ပေါက်ကျနေတော့၏။

အင်္ဂလိပ်၏သွေး မြေကျ၍ ကျေနပ်နေသော မောင်သောင်းသည် မဲ့ပြုံး တစ်ချက် ပြုံးပြလိုက်သည်။ လက်ဝှေ့သမားတို့၏ ဉာဏ်အတိုင်း ထိုးဘက်၏ သွေးကိုမြင်၍ မောင်သောင်းအဖို့ ထိုးအားပိုတိုးလာသည်။ ပဋ္ဌမအချီတွင် ဒေါက်အထိနာသော်လည်း မောင်သောင်း အမှတ်ဖြင့် ရှုံးသည်။ ဆဋ္ဌမအချီ လွှတ်လိုက်လျှင် လွှတ်လိုက်ချင်း မောင်သောင်းက ခပ်ရဲရဲပင် ဝင်သတ်၏။ ဖူးမိသည်တွင် ဘယ်၊ ညာ ပင့်လက်သီးများကို အားပါးတရ ထိုးလိုက်ရာ ဒေါက် ကြိုးတန်းပေါ်သို့ လန်နေသည်။

သာကွက်ကို ရနေပြီဖြစ်သော မောင်သောင်းက ဒေါက်၏ နံဘေးနှစ်ဖက် ကို ကျွဲခတ်သလို ဖိထိုးသည်။ Combination ခေါ် ပူးတွဲဆင့်လက်သီးချက်ကို ဆယ်လုံးမျှဆက်တိုက်ထိုးပြီး နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်ဝယ် အင်္ဂလန်

ပြည်၏ ချန်ပီယံကြီးခမျာ ကြမ်းပြင်သို့ မှောက်ခုံကြီးကျသွားလေတော့သည်၊ ဆဋ္ဌမအချီ ပွဲပြီးခေါင်းလောင်းကို ဂျူရီအဖွဲ့မှ ဥက္ကဋ္ဌက တီးလိုက်သည်၊ မောင်သောင်းကို အင်္ဂလိပ်တို့က ဝိုင်း၍ ညစ်ချေပြီ။ ဆဋ္ဌမအချီတွင် မောင်သောင်း အနိုင်ရသည်။

ခား၊ လှံ၊ လေး၊ မြားသာ ရှိသောမြန်မာများကို ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်များ၊ အမြောက်များဖြင့် မတရား အနိုင်ကျင့် သတ်ဖြတ်ခဲ့သော အင်္ဂလိပ်များသည် လံက်နက်တူသော ကြိုးဝိုင်းထဲတွင်ကား အရှက်တကွဲ အရှုံးပေးနေရလေပြီ။ သတ္တမအချီ အရောက်ဝယ် တိုက်စစ်သမား မောင်သောင်းက အတင်းဝင်ပူးသတ်သည်။ ဒေါက်က အပူးမခံလို၍ ဝိုင်းလယ်တွင် ရွှေ့ပြေးကာ ခံစစ်မှ သတ်နေသည်။

ဒေါက်က လက်တံအားကိုးဖြင့် ဘယ်ဖြောင့် ထောက်လက်သီးများကို တွင်တွင်ကြီး ထိုးလွှတ်ရင်း ပြေးထိုးနေ၏။ ပရိသတ်များက ဒေါက်ကို တစ်ခဲနက် အားပေးလျက်ရှိကြ၏။ ဒေါက်၏မျက်နှာတွင် စိုးရိမ်စိတ်များ ပြေးနေသည်။ တကယ်တော့ သူ အတွင်းကြေကြေကာ အထိနာနေပြီ မဟုတ်ပါလား။ အင်္ဂလိပ်ချင်းထိုးသော ပွဲသာဆိုလျှင် သူတစ်ခါတည်း လဲရာက မထဘဲ အရှုံးပေးလိုက်တော့မည်ဖြစ်သည်။ အခုတော့ သူကိုယ်တိုင် အသေထိုးမည်ဟု ပွဲမစခင်က ပြောထားသော မြန်မာတစ်ယောက်ကို သူသေမှ အရှုံးပေးတော့မည်။

သတ္တမအချီပြီးခါနီး၌ ထောင့်တစ်နေရာတွင် မောင်သောင်းက ဘယ်ဝိုက်လက်သီးနှင့် ညာပင့်လက်သီး နှစ်လုံးပူးတွဲလိုက်ရာ နှစ်လုံးစလုံး ထိသဖြင့် ဒူးညွှတ်ကျသွား၏။ သို့သော် ပွဲပြီးခေါင်းလောင်းက ဒေါက်ကို ကယ်လိုက်ပြန်သည်၊ မောင်သောင်းနိုင်သောပွဲအချီပင်ဖြစ်သည်။ အဋ္ဌမအချီ လွှတ်လျှင် လွှတ်ချင်း မောင်သောင်းက တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် အတင်းတရကြမ်း ဝင်မွှေသည်။ ဒေါက်က သူ့သေမင်း နံဘေးနှစ်ဖက်ကို လက်မောင်းဖြင့် ကာကွယ်ထားသည်။

ထိုသို့ ကာထားသည့်ကြားမှ ပြင်းထန်သော ပင့်လက်သီး၊ ဖြတ်လက်သီးများ ထိမှန်လျက်ရှိနေ၏။ အဋ္ဌမအချီမှစ၍ (၂)မိနစ်အကြာတွင် ဒေါက်ကြိုးဝိုင်းထောင့်၌ ညှပ်နေသည်။ မောင်သောင်းက ဒေါက်၏ နံဘေးနှစ်ဖက်ကို



ကြီးမဲကြီး ဖိထိုးနေစဉ်အတွင်း အလစ်တွင် ဒေါက်က ညာပင့်လက်သီး စ်ချက် အားပါးတရ ပင့်ထိုးလိုက်သည်တွင် မောင်သောင်း၏ နှာခေါင်းကို ကိုက်ရိုက်ထိသွားသည်။ ပြင်းထန်သည့်ထိုးအားကြောင့် မောင်သောင်း၏ ျက်နှာတစ်ပြင်လုံးနှင့် ရင်ဘက်၌ သွေးများ နီမြန်းစိုရွှဲနေသည်ကို တွေ့မြင်သော အင်္ဂလိပ်မျက်နှာဖြူ ပရိသတ်သည် ဒေါက်ကိုလက်ဖွေ့ရှုံကြီး ပွင့်အန်တတ် ဟိန်းဟည်းကာ တစ်ပြိုင်နက် အားပေးလျက်ရှိကြပေ၏။

"ဒေါက်ဂလပ်(စ်)၊ ဒီကောင့်ကို သတ်ပစ်လိုက်"

"ဒေါက်ဂလပ်(စ်)၊ ဒီကောင့်ကို သတ်ပစ်လိုက်"

ပရိသတ်၏ ဟစ်ကြွေးသံများ ဆူညံ၏။ မောင်သောင်း အထိနာပြီး ဲ့အသွား ဒေါက်က ဘယ်ထောက်လက်သီးနှစ်လုံး ထပ်ဆင့်ထိုးသွင်းလိုက်ပြီး ာဖြတ်တစ်လုံးပါ ထိုးလိုက်ရာ မောင်သောင်းတစ်ယောက် ကြမ်းပြင်ပေါ်သို့ ွကျသွား၏။ ဒေါက်၏သေခါနီး ရိက္ခာယူသော ထိုးချက်သည် ရက်စက်ပြီး ကြာက်စရာကောင်း၏။ ခံနိုင်ရည် မရှိသူဆိုလျှင် မေ့လျှင်မေ့၊ သေလျှင် သလောက်ပေမည်။ သို့သော် စိတ်ဓာတ်ပြင်းထန်သော မောင်သောင်းကား ိအမှတ် မရေခင် ချက်ချင်းခုန်ထလိုက်သဖြင့် ဒေါက်ပင် အံ့ဩလေးစားသွား ည်၊ ထိုကဲ့သို့ အထိုးခံနိုင်သူကို သူလက်ဖွေ့ သက်တမ်းတစ်လျှောက်တွင် တွေ့ဘူးခဲ့သည် မဟုတ်ပါလော။ သို့သော် အချိန်စေ့သွားသဖြင့် မောင်သောင်း ည်း ကံကောင်းသွားသည်။

နဝမအချီ လွှတ်လိုက်လျှင် လွှတ်လိုက်ချင်း ဒေါက်က ကျားနာခဲသလို ရင်ဝင်တိုးသည်။ ဘယ်ဖြောင့် ထောက်လက်သီးကိုသုံးပြီး ညာဖြတ်ကို ပ်ဆင့်သည်။ မောင်သောင်းက ပခုံးနှစ်ဖက်ဖြင့် ကာကွယ်ကာ အတွင်းသို့ ်လုသည်။ ပြီး ဒေါက်၏နံဘေးနှစ်ဖက်ကို တအားကုန် ထိုးတော့သည်။ ည့်အားကို အကုန်ပစ်သုံးကာ အားပါလှသော ဆင့်လက်သီး လေး၊ငါးလုံး တ်ကျုံးလိုက်သည်နှင့် မမျှော်လင့်ဘဲ ဒေါက်တစ်ယောက် နောက်သို့ န်သွားလျက် ကြိုးတန်းပေါ်သို့ တင်နေတော့သည်။

အခွင့်ကောင်းကို လက်မလွှတ်သော အတွေ့အကြုံ ရင့်ကျက်သည့် ာင်သောင်းက နောက်ထပ် ဆင့်တွဲလုံးများကို ဒေါက်၏ နံဘေးနှစ်ဖက်ကို က်တိုက်ထိုးလွှတ်သည်ဝယ် နယ်ချဲ့အရင်းရှင် အင်္ဂလိပ်လူမျိုး၏ လက်ဖွေ့

သူရဲကောင်းကြီးသည် လက်နှစ်ဖက်မြှောက်လျက် မှောက်လျက်သား လဲ‌ခွေ ကျသွားလေတော့သည်။ ကြိုးဝိုင်းဒိုင်သည် မှောက်လျက်သား လဲကျနေသော ဒေါက်အား မသာယာသော မျက်နှာထားနှင့် အမှတ်စဉ်ကို လေးလေးတွဲ့တွဲ့ ရေတွက်နေ၏။ အမှတ်စဉ် ရေတွက်နေချိန်ဝယ် ပရိသတ်များက-

"ဒေါက်ဂလပ်(စ်) ထ၊ မြန်မြန်ထ"

"ဒေါက်ဂလပ်(စ်) ထ၊ မြန်မြန်ထ"

ဟု အားပေးလှုံ့ဆော်နေကြသည်။

အမှတ်စဉ် (၁)မှ (၁၀)အထိ ရေတွက်ပြီးသည်နှင့် အင်္ဂလိပ်လူမျိုးတို့၏ လက်ဝှေ့သူရဲကောင်းကြီး ဒေါက်ဂလပ်စမင်သည် နောက်ကောက်ခေါ် အလဲ ပွဲဖြင့် ဇာတ်သိမ်းရတော့သည်။ ပရိသတ်များ ရှုတ်ရှုတ်သဲသဲ လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ မတ်တတ်ရပ်သူက ရပ်၊ ခုံပေါ်တက်သူက တက်၊ ကြိုးဝိုင်းပေါ်သို့ ဇွတ်တရွတ်တက်သူ ကတက်နှင့် ဆူပွက်နေကြ၏။

မှောက်လျက်သားကြီး လဲကျနေသော ဒေါက်ဂလပ် စမင်အား သူ့လူများ နှင့် ဒေါက်တာတစ်ဦးက ကြိုးဝိုင်းပေါ်သို့ တက်ရောက်လာပြီး ပွေ့ချီဖေးမ ကုသကြ၏။ သို့ရှိစဉ် လက်ဝှေ့ပွဲလုံခြုံရေးအဖွဲ့က လက်ဝှေ့ကြိုးဝိုင်းကို လက်ချင်းချိတ်၍ ဝိုင်းပတ်ကာ ကာကွယ်ထား၏။ မောင်သောင်းကတော့ သူ့ထောင့်၌ မတ်တတ်ရပ်ကာ မြန်မာ့ဒေါင်းအလံပါသော ခြုံထည်နီကြီးကို ဝတ်ခြုံ၍ စောင့်ကြည့်နေသည်။ ဒေါက်ဂလပ်စမင် သတိပြန်လည် မလာသဖြင့် အရေးတကြီး ညွှန်ကြားလိုက်သည်။ လက်ဝှေ့ကော်မရှင်လူကြီးတို့၏ မျက်နှာ သည် သွေးဆုတ်နေသည့် လူမမာအသွင် ဖြစ်နေသည်။ ပရိသတ်များသည် အုပ်စုအုပ်စုနှင့်၊ ညံစီညံစီနှင့် ဆူညံလျက်ရှိသည်။

ရာဇဝင်တွင် မှတ်တမ်းတင်ရမည့် အင်္ဂလိပ်နှင့် မြန်မာ တစ်ယောက်ချင်း လက်သီးချင်း စီးချင်းထိုးပွဲကြီးသည် ပြီးဆုံးလေပြီ။ အနို့ မြန်မာနှင့် အင်္ဂလိပ် တစ်ဦးချင်း တစ်ယောက်ချင်း စိတ်တူသဘောတူ လက်မှတ်ရေးထိုး၍ သတ် ကြသည်။ သတ်ရာဝယ် မြန်မာက အင်္ဂလိပ်မျက်နှာဖြူကို အပြတ်အသတ် တစ်ဖက်စီးနင်းထိုးပြီး အနိုင်ရချေပြီ။ နယ်ချဲ့အင်္ဂလိပ် မျက်နှာဖြူလူမျိုး ဖြစ်သော ဒေါက်ဂလပ်စမင်သည် တို့မြန်မာလူမျိုးဖြစ်သော မောင်သောင်း၏ ရှေ့ဝယ် ဒူးထောက်ကာ အရှုံးပေးဇာတ်သိမ်းရပေပြီ။

နောက်တစ်ရက်တွင် လန်ဒန်မြို့မှ ထုတ်ဝေသော The Evening News



သတင်းစာနှင့် Sports News သတင်းစာ မျက်နှာဖုံးတွင် အောက်ပါအတိုင်း လက်ဝှေ့ သတင်းပါလာ၏။

"အသေသတ်တဲ့ မြန်မာ မောင်သောင်း၊

ချန်ပီယံ ဒေါက်ဂလပ်စမင် သေဆုံးရှာ"

၁၇-၄-၄၇ ရက်နေ့ညက လန်ဒန်မြို့ရှိ တိုရန်တို လက်ဝှေ့ အားကစားရုံ တွင် အင်္ဂလိပ်လိုက်ဝိတ်တန်း ချန်ပီယံ ဒေါက်ဂလပ်စမင်နှင့် မြန်မာပြည်မှ လက်ဝှေ့ကျော် မြန်မာမောင်သောင်းဆိုသူတို့ (၁၀)ချီပွဲအဖြစ် ပွဲသွင်းထိုးဖြိုင် ကြသည်။ ဒေါက်ဂလပ်စမင်က အမှတ်ဖြင့် အသာစီးရနေသော်လည်း (၉)ချီ အရောက်တွင် မောင်သောင်း၏ လက်သီးချက်သည် ဒေါက်ဂလပ်စမင်၏ နံဘေးနှစ်ဖက်ကို အထိုးခံရပြီး မှောက်လျက်လဲကျသွားခဲ့သည်။ ကြိုးဝိုင်း ဒိုင်ဖြစ်သူ ဝီ(လ်)ဆင်စတီးဝပ်က အမှတ်စဉ်ရေတွက်ရာ အမှတ်စဉ်(၁၀) ရေတွက်ပြီးသည်အထိ ပြန်မထနိုင်ပါဘဲ အလဲပွဲဖြင့် ရှုံးနိမ့်သွားသည်။

ပွဲပြီးဆုံး၍ ဒေါက်ဂလပ်စမင်ကို ပြုစုရန် သူ့အကူလူနှင့် ဒေါက်တာက ကြိုးဝိုင်းပေါ်သို့ တက်ရောက်ကုသကြသော်လည်း သတိမရတော့သဖြင့် ဒေါက်တာ၏ အမိန့်အရ ဆေးရုံကြီးသို့ တင်ပို့ကြသည်။ လန်ဒန်ဆေးရုံကြီးမှာ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များက ဂရုစိုက် ခွဲစိတ်ကုသကြပါ သော်လည်း ဒေါက်ဂလပ်စမင်၏ညာဘက်နံရိုးနှစ်ချောင်းကျွံဝင်၍ ကျိုးသွားပြီး အဆုတ်လည်း ကွဲသွားပြီဖြစ်သဖြင့် မည်သို့မျှ မတတ်နိုင်တော့ပါဘဲ ည (၁၀)နာရီ၊ (၄၅)မိနစ်အချိန်တွင် သေဆုံးသွားပြီဖြစ်ကြောင်း ကြားသိရသည်။

အင်္ဂလန်ပြည်၏ လက်ဝှေ့သူရဲကောင်းတစ်ယောက် မမျှော်လင့်ဘဲ ဆုံးရှုံးရ၍ ကြားသိရသူတိုင်း အင်္ဂလန်ပြည်အတွက် နှမြောတသ ယူကျုံးမရ ဖြစ်နေကြပေသည်။ လက်ဝှေ့သတ်ကြေးငွေနှင့် အသက်တစ်ချောင်း လဲလိုက်ရ သည်မှာ ရင်နင့်စရာကောင်းလှသည်ဟု ဒေါက်ဂလပ်စမင်ကို လေးစားချစ်ခင် သူများက ပြောဆိုလျက်ရှိကြသည်"

(မှတ်ချက် ။ ။ ၁-၉-၇၈ ရက်နေ့ထုတ် စန္ဒာ မဂ္ဂဇင်းပါ ရွှေဘို ဘာမထီ ခင်အောင်၏ ဆောင်းပါးကို မှီငြမ်းပြုစုရေးဖွဲ့ပါသည်။)

*မေတ္တာရှင် (ရွှေပြည်သာ)*




# မြင်းခွာသံတစ်ချောင်း

## မေတ္တာရှင်(ရွှေပြည်သာ)

စကားပုံလေးတစ်ခု ရှိခဲ့သည်။ *"ဧရာမ အင်ဂျင်စက်ကြီးတစ်လုံး သည်ပတ်မောင်းနှင်ရာ၌ ခွေးသွားစိပ်လေးတစ်ခု၊ နတ်ကလေး တစ်ချောင်းက အစ အရေးကြီးသော နေရာမှ ပါဝင်နေပါသည်"* တဲ့။

ဆိုလိုသည်မှာ အောင်မြင်မှုတစ်ခုကို အရယူရာ၌ဖြစ်စေ၊ ရရှိပြီးသား အောင်မြင်မှုကို ဆက်လက်တည်တံ့အောင် ထိမ်းသိမ်းရာ၌ဖြစ်စေ၊ အားနည်း ကျက်၊ ချို့ယွင်းချက် အသေးအမွှားလေးကစ၍ မိမိမှာ ကင်းရှင်းနေအောင် မြဲကြိုးစားနေရမည်ဟူ၏။

သာဓကအနေဖြင့် စစ်ပွဲကြီး တစ်ခုကို ဥပမာပြခဲ့သည်။ အရေးတကြီး စစ်သတင်းတစ်ခုကို ပို့ပေးရသည့်မြင်းသည်ကျော်တစ်ဦးသည် ပြုတ်ထွက် နေသော မြင်းခွာသံတစ်ချောင်းကို သံတစ်ချောင်းလောက် ပြုတ်နေရုံနှင့် ဘာမှမဖြစ်လောက်ပါဘူးဟူသော အတွေးဖြင့် ပြန်မရိုက်ဘဲ မောင်းနှင်ခဲ့ရာ လမ်းခုလပ်မှာပင် ခြေနာလာသော မြင်းမှာ ရှေ့ဆက်မသွားနိုင်တော့သဖြင့် အရေးတကြီး စစ်သတင်းကို ရမသွားသော စစ်တပ်ကြီးမှာ အရှုံးကြီးရှုံးသွား ကြောင်း စသဖြင့် ဆရာသမား လူကြီးသူမများက ဆိုဆုံးမခဲ့ကြသည်။

အထူးသဖြင့် ကျွန်တော်၏ နည်းပြလည်းဖြစ်၊ ဖခင်လည်းဖြစ်သော အမတန်း မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံဟောင်း ဦးရဲဇာနီက အထက်ပါ

မြင်းခွာသံတစ်ချောင်း အကြောင်း ဆုံးမစကားကို မကြာခဏ ပြော
"ကျွန်တော် မြန်မာ့လက်ဝှေ့ထက် ပိုစွဲလန်းနေသော ဆေးလိပ်ကို မရမ
ဖြတ်ခိုင်းပါသည်။

ကျွန်တော့်ဖခင်သည်လည်း တစ်ချိန်က ပထမတန်း မြန်မာ့ရိုးရာလက်
ချန်ပီယံ ဖြစ်ခဲ့ဖူးသူတစ်ဦးပင်။ ကျွန်တော် ဆေးလိပ်စွဲခဲ့သည်မှာ ဘမျိုး၊ ဘိုး
ဟု ပြောရလေမလားမသိ။ ကျွန်တော့်အဖိုး ငယ်ငယ်က ဘုန်းကြီးကျောင်းသာ
အဖြစ်နေစဉ် မကြာခဏ ဆေးလိပ်ခိုးသောက်သဖြင့် ဆရာတော်ကြိမ်လုံးနှ
အဖိုး၏တင်ပါးတို့ ချစ်ရည်လူးစ အခွင့်ရတိုင်း ချိန်းတွေ့ကြရသော သ
ရည်းစားကဲ့သို့ ဖြစ်ခဲ့ရသည်။

ဘယ်လောက်ရိုက်ရိုက် ဆေးလိပ်ကို မဖြတ်နိုင်သော အဖိုးကို တစ်
တွင် ဆရာတော်က -

"မောင်တရုတ်. . . မင်းကို ဆေးလိပ်ခိုးသောက်လို့ ရိုက်ရတဲ့ အကြိ
ပေါင်းလည်း မနည်းတော့ဘူး။ ငါ စိတ်ပျက်လာပြီ။ အဲဒီတော့ မင်းကိုငါ တ
မေးမယ်။ ဆေးလိပ်ကိုဖြတ်မလား၊ ကျောင်းက ထွက်မလား။ တစ်ခုခုရွေး
တော့"

ဘယ်အချိန်ကာလကတည်းက ဆုံးဖြတ်ထားသည် မသိသော အဖိုး
ချက်ချင်း ပြန်လျှောက်လိုက်သည်မှာ-

"တပည့်တော် ကျောင်းကပဲ ထွက်ပါမယ်ဘုရား"

"ဟေ. . ."

ဟူသော စကားတစ်လုံးသာထွက်နိုင်ပြီး ဆရာတော်မှာ အတော်ကြ
သည်အထိ ဘာစကားမှ ဆက်မပြောနိုင်။ ငယ်ငယ်ကတည်းက နေလာခဲ့သေ
ကျောင်းသားမို့ ကျောင်းကတော့ ဘယ်တော့မှ ထွက်လိုက်မည်မဟုတ်
ဆေးလိပ်ကိုသာ ဖြတ်လိမ့်မည်ဟူသော အထင်ဖြင့် မေးမိခဲ့သော ဆရာတေ
မှာ ယခုမှ ဘာမှ မတတ်နိုင်တော့။

ဝတ်ကြီးဝတ်ငယ် နားလည်သော၊ ဉာဏ်ကောင်းသော၊ စာရိတ္တကော
သော အဖိုးလို ကျောင်းသားတစ်ယောက် ရဖို့ကလည်း မလွယ်။ သို့အတွ

"အမောင်တရုတ် မင်း. . . စဉ်းစားအုံးနော်၊ ကျောင်းကထွက်ပြီးသွာ



င်း ပြန်နေလို့ရမှာ မဟုတ်တော့ဘူး။ ငါကလည်း ထုတ်ပြီးရင်တော့ ပြန်
လက်မခံတော့ဘူး"

"တပည့်တော် စဉ်းစားပြီးသားပါဘုရား၊ ဆေးလိပ်ကိုတော့ တပည့်တော်
ဘယ်လိုမှ မဖြတ်နိုင်ဘူးဘုရား"

၁၃ နှစ်သားသာ ရှိသေးသော အဖိုးက နည်းနည်းမှ မလျှော့။ ဆရာတော်
က စိတ်ချင်ပေါက်လာဟန်ဖြင့်

"ကဲ. . . ဒါလောက်ရှိလှလည်း မင်းထိုက်နဲ့ မင်းကံပေါ့ကွာ၊ သွားတော့။
င်းအိပ်ရာပါယူပြီး တစ်ခါတည်းသွားတော့"

အဖိုးက မမှု၊ ဆရာတော်ကို ဦးသုံးကြိမ်ချပြီး အိပ်ရာလိပ်လေး မ-ကာ
ကျောင်းလှေခါးမှ တစ်ထစ်ချင်းဆင်းသည်။ ငယ်စဉ်ကတည်းက ကျွေးမွေး
စောင့်ရှောက်ခဲ့ရသော တပည့်လေးတစ်ယောက် ဘာမဟုတ်တဲ့ အပြစ်လေး
တစ်ခုအတွက် ကျောင်းမှထွက်ပြီး စာမတတ်၊ ပေမတတ်၊ ဖြစ်ရရှာမည်ကို
တွေးမိပြီး ဆရာတော် စိတ်မကောင်း။ ထို့ကြောင့် ကျောင်းလှေခါးထစ်
တစ်ဝက်လောက် အရောက်မှာပင်-

"ဟေ့. . . တရုတ်၊ မင်း ပြန်စဉ်းစားအုံးနော်"

အဖိုးက-

"တပည့်တော် စဉ်းစားပြီးပါပြီ ဘုရား"

"ကဲ. . . ဒါဆိုလဲ သွားတော့ကွာ"

အဖိုး ကျောင်းလှေခါး အဆုံးသို့ ရောက်ပါပြီ။ ဆရာတော့်ထံမှ ကရုဏာ
သင်းသော စကားက ထပ်ပေါ် လာပြန်သည်။

"ဟေ့. . . တရုတ်၊ မင်းတကယ် စဉ်းစားပြီးသွားပြီလား၊ ဒီဆေးလိပ်ကို
ယ်လိုမှ မဖြတ်နိုင်တော့ဘူးလား"

"စဉ်းစားပြီးပြီဘုရား၊ ဘယ်လိုမှ မဖြတ်နိုင်တော့ဘူးဘုရား"

"ကိုင်း. . . ဒီလောက်တောင် ဖြစ်နေမှတော့ တားမရတဲ့ အတူတူ
ာက်သာသောက်ပါတော့ကွာ၊ ကဲ. . . လာ. . . လာ ပြန်တက်ခဲ့၊ ဘယ်မှ
ွားနဲ့တော့"

ဟု ပြောကာ ဆရာတော်ကပင် အလျှော့ပေးခဲ့ရသော အဖိုးပါပေ။ ယခု
ဆုံး ငယ်စဉ်ကတည်းက အမေ့ဆေးလိပ်မီးညှိပေးရင်းက စွဲလန်းခဲ့ရသော

ဆေးလိပ်ကို ကျွန်တော် ဘယ်လိုမှ မဖြတ်နိုင်။ ပထမတန်း မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံ ဖြစ်သည်အထိ ကျွန်တော်တစ်ယောက် ဆေးလိပ်ကို တမက်တမော သောက်ကောင်းတုန်း။

တကယ်တော့ ပထမတန်း မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံဖြစ်ရန်မဆို ထားနှင့် ပထမတန်းအဆင့်ထိရောက်သော လက်ဝှေ့သမားပင် တစ်ရာမှာ ဆယ်ယောက်လောက်သာ ရှိသည်။ ဤအတန်းရောက်အောင်ပင် ကျော်ဖြတ် ခဲ့ရသော အဆင့်များက မနည်း။ စိန်ခေါ်ပွဲ၊ ကြားပွဲ၊ လက်ရည်တူ ထိုးသတ်ပွဲ လေးများကို သုံးနှစ်ကျော်လောက် ထိုးသတ်ပြီးမှ အထူးအလံလုပွဲကို စတင်ထိုး သတ်နိုင်သည်။

ထိုကမှ ပဥ္စမတန်း၊ စတုတ္ထတန်း၊ တတိယတန်း၊ ဒုတိယတန်း ပထမတန်း သို့ အဆင့်ဆင့် တက်ခဲ့ရသည်။ ပထမတန်း လက်ဝှေ့သမားများတွင် ရှိရမည့် အရပ်အမောင်းကောင်းခြင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်၍ သန်မာထွားကျိုင်းခြင်း၊ သတ္တိ၊ သက်လုံကောင်းခြင်း၊ ထိုးသတ်နည်းအစုံတတ်၍ ထိုးသတ်ရည် ထက်မြက်ခြင်းဟူသော အင်္ဂါရပ်များက ကျွန်တော့်တွင် အပြည့်အဝ ရှိနေ သည်။

ထို့ကြောင့်လည်း ဖခင်က သူ၏ပညာရပ်များကို ကျွန်တော့်အား ပေး ခြင်းပင်။ ကျွန်တော် သိတတ်သော အရွယ်မှစပြီး မြန်မာ့လက်ဝှေ့ အခြေ များကို ဖခင်က စတင်သင်ကြားပေးခဲ့သည်။ သို့သော် ထိုစဉ်ကတည်းက ကျွန်တော် ဆေးလိပ်ခိုးသောက်တတ်နေခဲ့ပြီ။ မိသည့်အခါတိုင်းလည်း ဖခင်က ရက်ရက်စက်စက် ရိုက်သည်။

ဖခင် ကျွန်တော့်ကို ရိုက်သည့်အခါတိုင်း ကျွန်တော့်ရှေ့က မားမားရပ် သည်က အဖိုးမှတပါး အဘယ်သူ ရှိပါမည်နည်း။ ကျွန်တော် ပထမတန်း အလံကိုရပြီး ပထမတန်း ၁၅ ချီစိန်ခေါ်ပွဲကြီးများ ခေတ်စားလာချိန်တွင် အဖေ နှင့်ကျွန်တော် အကြိတ်အနယ် ဆွေးနွေးပွဲလေးတစ်ခု ဖြစ်ခဲ့ရသည်။ကျွန်တော် အမည်ရင်း စိုးမြင့်ဖြစ်သော်လည်း လက်ဝှေ့လောကတွင် ဘယ်ကျော်ဟုသာ နာမည်ကြီးခဲ့သည်။

ကျွန်တော်၏ ဘယ်ထောက်လက်သီးဖြစ်စေ၊ ဘယ်ဝိုက်လက်သီးဖြစ်စေ တစ်ချက်ထိသွားလျှင် ပြိုင်ဘက်မှာ နောက်ကောက်ကျသွားသည်သာ များ



သောကြောင့် ပရိသတ်က ဘယ်ကျော်ကွ၊ ဘယ်ကျော်ကွ ဟု အော်ဟစ် အားပေးရင်းဖြင့် ရလာသော အမည်တစ်ခုပင်။ အဖေကလည်း ထိုအမည် ဖြင့်သာ ကျွန်တော့်ကို အမြတ်တနိုး ခေါ်လေ့ရှိသည်။

"ဘယ်ကျော်. . . အခု မင်းရောက်နေတဲ့အဆင့်ဟာ အမြင့်ဆုံး အဆင့် နော်၊ အဲဒီတော့ မင်းနဲ့ထိုးသတ်ရမဲ့ လက်ဝှေ့သမားတွေဟာလဲ အမြင့်ဆုံး အဆင့်ချည်းပဲဆိုတာ မင်းတွက်ထားရမယ်။ ပြီးတော့ အခုဆိုရင် ၁၅ ချီ အထူး စိန်ခေါ်ပွဲတွေက ခေတ်စားလာပြီ။ သက်လုံမကောင်းရင် ဘယ်လိုမှ အချီပြည့် ထိုးသတ်နိုင်ဖို့ မလွယ်ဘူး။

"အဲဒီတော့ ဆေးလိပ်ကိုသာ မင်း ဆက်သောက်နေမယ်ဆိုရင် ချန်ပီယံ ဘဝမှာ ကြာကြာမြဲဖို့ဆိုတာ အဝေးကြီးပဲ။ ခံနိုင်ရည်နဲ့ သက်လုံကို အဓိကထား တစားတဲ့သူနဲ့ တွေ့ပြီဆိုရင် မင်း. . . မရှုမလှ ရှုံးလိမ့်မယ်၊ အဲဒီတော့ မင်းဖာသာ စဉ်းစား။ ဆေးလိပ်ကို ဖြတ်မလား၊ အရှက်တကွဲ အကျိုးနည်း ရှုံးခင် စောစောကတည်းက လက်ဝှေ့ကို ဖြတ်မလား၊ တစ်ခုခုကို ရွေးပေါ့ကွာ"

ဘမျိုး ဘိုးတူ ကျွန်တော်က ခပ်သွက်သွက်ပင် အဖြေပေးလိုက်သည်။

"လက်ဝှေ့ပဲ ဖြတ်မယ်အဖေ၊ ဆေးလိပ်တော့ မဖြတ်နိုင်ဘူး"

"ဟေ. . ."

ဟူသော အာမေဍိတ်သံနှင့်အတူ အံ့သြငေးမောစွာဖြင့် ကျွန်တော့်ကို တွေကြည့်နေသော အဖေ့မျက်နှာကို ကျွန်တော် ဘယ်တော့မှ မေ့ပျောက်မည် မဟုတ်။ ငါ့စကား လွန်များသွားလေသလားဟု တွေးမိပြီး အဖေ့အပေါ် သနားစိတ်လေးတော့ ဝင်သွားမိသည်။ ထို့ကြောင့်လည်း-

"အဖေရာ. . . စိုးရိမ်မနေစမ်းပါနဲ့ ကျွန်တော်နဲ့ ထိုးခဲ့တဲ့ကောင်တွေ လေးချီထက်ပိုခံတာ တစ်ယောက်မှ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဖေ စိတ်ချရအောင် ကျွန်တော် ၁၅ ချီအပြည့် ထိုးနိုင်တဲ့အထိ သက်လုံကို ပိုလေ့ကျင့်ထားပါ့မယ်"

"ဘယ်ကျော်ရာ မင်း. . . ဆေးလိပ် မဖြတ်သေးသမျှတော့ ငါ စိတ်မချ နိုင်သေးပါဘူးကွာ။ ကဲ. . . (၁၅)ချီထက် ပိုထိုးရမယ့် ပြိုင်ဘက်ကို တွေ့ပါပြီတဲ့ မင်း ဘယ်လိုလုပ်မလဲ"

"ဟာ. . . ကျွန်တော့် ဘယ်လက်သီးဒဏ်ကို (၁၅)ချီထက် ပိုခံနိုင်မယ့်သူ မရှိသေးပါဘူး အဖေရာ"

သို့နှယ် အဖေ့ကို စကားဖြင့် နှစ်သိမ့်နိုင်ခဲ့သော်လည်း တကယ့် ပြိုင်ဘက်
ကိုကား. . .

ကျွန်တော်၏ ပထမတန်း ချန်ပီယံဘဝ နှစ်နှစ်အတွင်းမှာပင် စိန်ခေါ်သူ
သုံးဦးကို ရှစ်ချီထက်မပိုစေဘဲ အလဲထိုး အနိုင်ယူခဲ့သည်။ တကယ့်ချန်ပီယံဘ
ရောက်ပြီဆိုတော့လည်း ပေါ့ပေါ့မနေဝံ့ပါ။ ဆေးလိပ်သောက်ခြင်းတည်းဟူ
သော ကိုယ့်အားနည်းချက်ကို တာမိစေရန်အတွက် တာဝေးပြေးခြင်း၊ ကြိုးခုန်
ခြင်း၊ ရေကူးခြင်းတို့ဖြင့် သက်လုံအားကို ပိုမိုဖြည့်ထားရသည်။ ဆေးလိပ်ကို
လည်း အနည်းငယ်တော့ လျှော့လိုက်ပါသည်။ ထိုနှစ်များအတွင်းမှာပင်
ခံနိုင်ရည်နှင့် သက်လုံအားအရာ၌ လက်ဝှေ့သမားချင်းပင် လက်ဖျားခါယူ
သော ဒူးပျံအမည်ရှိ လက်ဝှေ့သမားနှင့် နှစ်ကြိမ်တိတိ ရင်ဆိုင်ခဲ့ရသည်။
ရလာသည့်အဖြေက- သရေ၊ (၁၅)ချီပြည့်သည်အထိ ထိုးသတ်ခဲ့ရသော
ကြောင့် သက်လုံအားနည်းသော ကျွန်တော့်မှာ ပွဲပြီးသည်နှင့် ကြိုးဝိုင်း
ကြမ်းပြင်ပေါ် ပြုတ်ကျမလို ဖြစ်သွားသော်လည်း အလိုက်သိသော အဖေက
မသိမသာ ပွေ့ဖက်ထားလိုက်သောကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်မည့်
အရေးမှ သီသီလေး ကပ်လွတ်သွားခဲ့သည်။
စည်းမျဉ်းအရ သရေကျလျှင် ချန်ပီယံက ချန်ပီယံအဖြစ်၌ ဆက်တည်နေ
သေးသော်လည်း ကျွန်တော့်အတွက် အရသာမရှိတော့။ ဂူတစ်ဂူမှာ ခြင်္သေ့
နှစ်ကောင် အောင်းရိုးထုံးစံ မရှိသည် မဟုတ်ပါလော။ နှစ်ဦးစလုံးကလည်း
ပြတ်ပြတ်သားသား အဖြေပေါ်ချင်ကြသောကြောင့် လများမကြာမီမှာပင်
ကျွန်တော်နှင့် ဒူးပျံတို့၏ တတိယအကြိမ်မြောက် ရင်ဆိုင်ယှဉ်ပြိုင်ပွဲကြီး
ဆင်နွှဲခဲ့ရပြန်သည်။
ပွဲသွင်းသူများကလည်း သတင်းစာမှနေ၍ ယခုတစ်ကြိမ် ထိုးသတ်ပွဲတွင်
ဘယ်ကျော်နှင့် ဒူးပျံတို့ အရှုံးအနိုင် မပေါ်မချင်း စင်ပေါ်မှ မဆင်းဟု ကြေငြာ
သောကြောင့် ရုံပြည့်ရုံလျှံယုံမက ရုံပင်ပွင့်သွားခဲ့သည်။ ၂၀ ရာစုအတွင်း
မြန်မာ့လက်ဝှေ့သမိုင်း၌ ပရိသတ်အများဆုံး စံချိန်တင်ရမည့် ပွဲတစ်ပွဲပင်
နောက်ဆုံးည ကြားဆိုင်းပွဲများ ပြီးသွားသည်နှင့် ပရိသတ်များ မျှော်လင့်
နေကြသော ကျွန်တော်နှင့် ဒူးပျံတို့၏ပွဲကို စတင်ပါတော့သည်။ ကြိုးဝိုင်း



အတွင်း ဝင်လိုက်သည်နှင့် ပရိသတ်များ၏ လက်ခုပ်သံက ကမ္ဘာမြေကိုပင် တုန်ဟည်းသွားလေသလားဟု အောက်မေ့ရပါသည်။

သည်တစ်ကြိမ်မှာတော့ ခံနိုင်ရည်ရှိလှသော ဒူးပျံကို (၁၅)ချီ မပြည့်မီမှာပင် အလဲထိုးနိုင်မည်ဟု ကျွန်တော်မျှော်လင့်ထားသည်။ အဘယ့်ကြောင့်နည်း။ သူနှင့် မထိုးသတ်မီ သုံးလတိတိ ကျွန်တော် ဆေးလိပ်ဖြတ်ခဲ့သောကြောင့်ပါတည်း။

ရှေ့နှစ်ပွဲ၏ အတွေ့အကြုံအရ ဆေးလိပ်မှ မဖြတ်လျှင် ဒူးပျံကို ဘယ်လိုမှ ယှဉ်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း လက်တွေ့သိလာသောကြောင့်ပင်။ အရင်နှစ်ကြိမ်တွေ့ကြစဉ်က (၁၅)ချီထိုးပြီးသည်နှင့် အမောဆို့ကာ အရုပ်ကြိုးပြတ်ဖြစ်ထားဖူးသော အတွေ့အကြုံက ဆေးလိပ်ဖြတ်ရန် တိုက်တွန်းနေသလိုဖြစ်လာခဲ့သည်။

ကျွန်တော်တို့လက်မှာ ဆုပ်အားကောင်းရန် ပတ်ထားသော ပတ်တီးများကို စစ်ဆေးပြီးသည်နှင့် ပထမအချီ လွှတ်ပါပြီ။ အနီထောင့်ကို ရထားသော ကျွန်တော်က ရဲရဲဝံ့ဝံ့ပင် လက်သီး၊ ဒူး၊ တံတောင်တို့ကို အသုံးပြုလျက် တရကြမ်း တိုက်စစ်ဆင်လိုက်ပါသည်။ ဒိုင် လွှတ်လွှတ်ခြင်း လက်သီးအားလူအားတို့ကို တစ်ပြိုင်နက် အသုံးပြု ထိုးသတ်ခြင်းဖြစ်သောကြောင့် ဒူးပျံမှာ ရုတ်တရက် ကြောင်သွားပြီး နောက်သို့ နှစ်လှမ်းခန့်ဆုတ်ကာ ရှောင်လိုက်သော်လည်း ကျွန်တော်၏ နာမည်ကြီး ဘယ်ထောက်လက်သီးက ဒူးပျံ၏ နဖူးကို မိမိရရ ထိသွားသောကြောင့် ဒူးပျံတစ်ယောက် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ရက်လဲကျသွားခဲ့ရသည်။

*ဘယ်ကျော်၊ ဘယ်ကျော်* ဟု အော်ဟစ်အားပေးလိုက်သော အသံက ဘဝင်ထိအောင် ညံသွားပါတော့သည်။ သို့သော် ခံနိုင်ရည်ရှိသော ဒူးပျံက မဖြုန်ပါ။ ချက်ချင်းပင် ပြန်ထပြီး ပြန်လည်တိုက်စစ်ဆင်ပါသည်။ သူထိ၊ ကိုယ်ထိ၊ တရကြမ်း ထိုးကြသောအခါတွင်မတော့ လျှင်မြန်မှုအရာတွင် သာလွန်သော ကျွန်တော်၏လက်သီးများက ဒူးပျံမျက်နှာပေါ်သို့ သုံးချက်ထိလျှင် သူ့လက်သီးက ကျွန်တော့်အား တစ်ချက်လောက်သာ ထိသည်။

လျှင်မြန်မှုအားတွင် ကျွန်တော်က သာသလို ခံနိုင်ရည်အားတွင် သူက သာနေပြန်သည်။ ထို့ကြောင့် ချိန်ခွင်လျှာက မျှတနေသည်ဟု ပြောရပါမည်။

နောက်ဆုံး ၁၅ ချီသို့ရောက်ပါပြီ။ ဒူးပုံ မျက်နှာတစ်ခုလုံး ဖူးယောင်စုတ်ပျက် ကာ ဘီလူး သံပုရာသီးငုံထားသလို ဖြစ်နေပါပြီ။ မျက်လုံးတစ်ဖက်လည်း ပိတ်လုခမန်း၊ သို့သော် ဒူးပုံကား တက်တက်ကြွကြွရှိဆဲ။

ကျွန်တော့်မှာက နားထင်တွင် တစ်ချက်ကွဲသွားသည်ကလွဲ၍ မျက်နှာ တစ်ခုလုံး ရုပ်ပျက်ဆင်းပျက် မထိသေးပါ။ အောက်နှုတ်ခမ်းကတော့ ယောင် ကိုင်းနေပါပြီ။ ပါးစပ်အတွင်းမှာ တော်တော်ကြီးကြီး ကွဲသွားပြီဆိုသည်ကိုတော့ တံတွေးမျိုချလိုက်တိုင်း သွေးများပါသွားသဖြင့် ငံညီညီဖြစ်နေသော အတွေ့ အကြုံအရ သိနေရသည်။

ဒူးပုံ ထိုးသတ်ချက်တို့ကို ရှောင်တိမ်းနိုင်သဖြင့် အကွဲအပြဲနည်းခဲ့သော ကျွန်တော့်ကိုယ်သည် ငယ်စဉ်ကတည်းက သောက်ခဲ့သော ဆေးလိပ်မှ နီကို တင်းဓာတ်တို့၏ တိုက်ခိုက်မှုကိုတော့ တစ်ချက်မှ မရှောင်နိုင်ခဲ့ပါ။ ထို့ပြင်လည်း တစ်ချီပြီးတိုင်း ကောင်းကင်သို့ မျက်နှာကိုမော့၍ ပါးစပ်ကိုဖြဲကာ အသက်ကို မနည်း ရှူနေရသည် မဟုတ်ပါလား။ ထိုအချက်ကိုကြည့်၍ သက်လုံကောင်း သော ဒူးပုံက ကျွန်တော့်ကို ဘယ်လိုနည်းနဲ့ အနိုင်ယူရမည်ဆိုသည့် နည်း ဗျူဟာကို တွေ့သွားခဲ့သည်။

သုံးလဆေးလိပ်ဖြတ်ခဲ့သော အကျိုးကျေးဇူးက အခုပွဲမှာပင် ချက်ချင်း ကောင်းကျိုးခံစားရသည်။ ယခင်နှစ်ကြိမ် ဆုံတွေ့ကြစဉ်က (၁၅)ချီထိရောက်ပြီ ဆိုလျှင် ကျွန်တော့်မှာ ပုံပျက်ပန်းပျက် မောဟိုက်နေခဲ့သည်။ ယခုအကြိမ် မှာတော့ မောဟိုက်သော်လည်း ပုံပျက်ပန်းပျက်ကြီးတော့ ဖြစ်မနေပါ။

သို့နှင့် နောက်ဆုံး (၁၅)ချီကို မီးကုန်ယမ်းကုန် ထိုးသတ်ကြပြန်သည်။ ထူးခြားသည်က ဒူးပုံသည် သူ၏ထိုးနှက်ချက်များကို ကျွန်တော်၏ မျက်နှာ ပေါ်သို့ မတည်ဘဲ ရင်ဘတ်နှင့် အရှိုက်ကိုသာ ဦးတည်ထိုးနှက်လာခြင်းပင်။ သူနည်းဗျူဟာ မှန်သွားပြီလားဟု ပြောရလေမည်လား မသိ။ သူ၏ လက်သီး တစ်ချက် ကျွန်တော့်ရင်ဘတ်သို့ ထိသွားတိုင်း ကျွန်တော့်အမောက ပိုမိုဖောက် လာခဲ့သည်။

သုံးမိနစ်စေ့ကာနီးတွင်ကား ထိုးသတ်မှုက အကြမ်းရမ်းဆုံး အဆင့်သို့ ရောက်ခဲ့ပြီ။ တစ်ယောက် ထိုးနှက်ချက်ကို တစ်ယောက် မရှောင်ကြတော့



ရှောင်နိုင်အားလည်း မရှိကြတော့ပါ။ တစ်ကြိမ်တွင် ဒူးပုံက သူ၏အားအထား ဆုံး ဒူးပုံတစ်လုံးကို ရှိသမျှအားများစု၍ ကျွန်တော့်ရင်ဘတ်ကို ခုန်၍တိုက် လိုက်သည်။

နောက်သို့ ခုန်ရှောင်ရင် လွတ်မည်။ သို့သော် ကျွန်တော် တအားမောနေပြီ။ ခုန်ရှောင်လိုက်ပါက ကျွတ်ကျွတ်လွတ်လွတ် လွတ်သွားလျှင် ကောင်းပါ၏။ သို့မဟုတ်ပါက တိုက်ဒူးပုံက နှစ်လုံးဆင့်ပြီး ရင်ဘတ်ရော၊ မေးစေ့ရောကိုပါ ထိသွားနိုင်သည်။ သို့အတွက် မိုက်မိုက်ကန်းကန်းပင် ဒူးပုံကို မရှောင်တော့ဘဲ သူ့မေးစေ့ကို သေချာချိန်ရွယ်၍ ရှိသမျှအားကိုထည့်ပြီး ဘယ်ပင့်လက်သီး တစ်လုံး ပစ်သွင်းလိုက်ပါတော့သည်။

နှစ်ဦးလုံး အသီးအသီး အားထားကြသော ဒူးပုံနှင့် လက်သီး ရင်းလိုက် ကြခြင်းပင်။ ဒုတ်၊ ခွပ် ဟူသော အသံနှစ်ခုက တီးပေးနေသော ဗိန်းမောင်း သံကိုပင် လွှမ်းသွားသည်ဟု ထင်လိုက်ရသည်။

ဒုတ်ဟူသောအသံက ကျွန်တော့်ရင်ဘတ်ကို ဒူးတိုက်မိသော အသံ၊ ခွပ် ဟူသောအသံက သူ့မေးစေ့သို့ ကျွန်တော်အားအထားဆုံး ဘယ်ပင့်လက်သီး ထိသွားသောအသံတို့ ဖြစ်ပေသည်။ ဒူးပုံမှာလည်း .ကျွန်တော့်လက်သီးဒဏ် ကြောင့် အောက်ခြေများ လွတ်သွားပြီး ကြမ်းပြင်ပေါ်သို့ ပက်လက်ကြီး ခွေးကျ ကျသွားသလို ကျွန်တော့်မှာလည်း မြင်းကန်ခံရသော ခွေးကဲ့သို့ ကြိုးဝိုင်း ထောင့်ရောက်အောင် သုံးလေးပတ် လိမ့်သွားခဲ့သည်။

ကျွန်တော်တို့နှစ်ယောက် လဲကျချိန်နှင့် (၁၅)ချီပြည့်ချိန်မှာ ကွက်တိလို ဖြစ်သွားသဖြင့်သာ ကျွန်တော့်မှာ (၁၅)ချီတွင် သက်လုံရှုံးနှင့် ရှုံးမည့်ဘေးမှ သီသီလေး လွတ်သွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မောနေသည့် အချိန်မှာမှ ရင်ဘတ်ကို ဒူးနှင့်အတိုက်ခံလိုက်ရသော ကျွန်တော့်မှာ အသက်ရှူ ရပ်မတတ် မျက်လုံးပြာသွားပြီး ပါးစပ်ကြီးဖြဲကာ တစ်မိနစ်နီးပါး သတိလစ်သွား သောကြောင့် ပါတည်း။

သို့သော် (၁၅)ချီစေ့သွားပြီဖြစ်သည့်အတွက် ကျွန်တော့်ကို (၃)မိနစ်တိတိ မြုစုခွင့်ရသွားသောကြောင့် အရှုံးမပေးရခြင်း ဖြစ်ပေသည်။ ကျွန်တော်၏ ဘယ်ပင့်လက်သီးဒဏ်ကို ခံစားသွားရသော ဒူးပုံသည်လည်း မိနစ်ဝက်ခန့်

စကားမေးမရ ဖြစ်သွားဇ်သေးသည်ဟု အဖေက ကျွန်တော့်ကို ပြုံးစုရင်း ပြောပြသည်။

ကျွန်တော် အမောပြေစ အချိန်မှာပင် အဖေက-

"ဘယ်ကျော်မင်းသား ငယ်ငယ်က ဆေးလိပ်မသောက်ခဲ့ရင် ဒီအချိမှာ ပွဲပြတ်နေပြီ။ ခုတော့ ဒူးပုံ့ရဲ့ တိုက်ခိုက်မှုဒဏ်ထက် ဆေးလိပ်ရဲ့တိုက်ခိုက်မှုဒဏ်ကို မင်းပိုခံနေရတယ်"

အဖေ့စကားကို ခေါင်းညိတ်အဖြေပေးရင်းဖြင့် ကျွန်တော့်အမှားကို ဝန်ခံလိုက်ပါသည်။ ထိုအချိန်မှာပင် စိတ်ဝင်တစားဖြင့် မတ်တပ်ရပ်၍ပင် ကြည့်နေကြသော ပရိသတ်များကို ခုံဒိုင်ချုပ်က ကြေညာလျက်ရှိသည်။

"ဘယ်ကျော်နဲ့ ဒူးပုံ့တို့ဟာ ပရိသတ်များ မြင်ကြတဲ့အတိုင်း အသဲမာမာ ဖွဲ့ပါပါနဲ့ ထိုးသတ်ခဲ့ကြပေမဲ့ (၁၅)ချီပြည့်တဲ့အထိ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲ ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကြိုတင်ကြေညာထားတဲ့အတိုင်း အရှုံးအနိုင်ပေါ်တဲ့အထိ စင်ပေါ်က မဆင်းဘဲ ထိုးသတ်ကြပါတော့မယ်။ အချိ အလား ကုန်သွားပြီဖြစ်တဲ့အတွက် စင်ပေါ်မှာ ဒိုင်များရှိတော့မှာ မဟုတ်ဘဲ ထိုးသတ်မယ့် လက်ဝှေ့သမားနှစ်ဦးသာ ရှိတော့မှာ ဖြစ်တဲ့အကြောင်း အသိပေး ကြေငြာအပ်ပါတယ်ခင်ဗျား"

နားကွဲမတတ် တီးလိုက်သော ပရိသတ်များ၏ လက်ခုပ်သံနှင့်အတူ ကျွန်တော်နှင့် ဒူးပုံ့တို့၏ ရဲရဲတောက် ရင်ဆိုင်ပွဲက စတင်ခဲ့ပါပြီ။ မဖြစ်စလောက် သုံးလခန့် ဆေးလိပ်ဖြတ်ခဲ့သော အကျိုးက မိနစ် နှစ်ဆယ်ကျော် အထိအောင် ဒူးပုံ့အား အသာစီးမှ ထိုးသတ်နိုင်သော စွမ်းအားကိုပေးခဲ့သည်။

ငါသာ ငယ်ငယ်ကတည်းက ဆေးလိပ်မသောက်ခဲ့ရင်-ဟူသော နောင်တ အတွေးဝင်လာသည့်အချိန်မှာကား ကျွန်တော့်မှာ ရှိရှိသမျှ ဖျစ်ညှစ်ထုတ်ထားသော သက်လုံအားတို့ မကျန်သလောက် ဖြစ်နေပါသည်။ မိနစ်လေးဆယ် ကျော်လာသည်နှင့် သက်လုံအား ကျသွားသော ကျွန်တော့်အား ဒူးပုံ့က မနားတမ်း တရစပ် တိုက်စစ်ဆင်ပါတော့သည်။

အမောဖောက်လွန်းမက ဖောက်လာသောအခါ မျက်လုံးများမှာ ပြာဝေလာပြီး အခိုးများတောင် ထွက်နေသလားဟု အောက်မေ့ရသည်။ ဒူးပုံ့ကို



ပြန်လည်တိုက်စစ်ဆင်ဖို့ နေနေသာသာ ကိုယ့်ကိုယ်ကိုယ်ပင် မနည်း ကာကွယ်နေရသည်။ အထိမနာစေရန် မျက်နှာကိုကာထားသော ကျွန်တော့်၏ လက်နှစ်ဖက် ခေတ္တအောက်လျှောသွားသောအချိန်မှာပင် ဒူးပုံ့၏ အားပါသော ဘယ်ခြေဝိုက်ကန်ချက်တစ်ခုက ကျွန်တော်၏ ညာဘက်နားထင်ကို တိုက်ရိုက်ကြီး ထိသွားရာ မီးပန်းများကိုပင် မြင်လိုက်ရသလိုဖြစ်သွားပြီး ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားပါသည်။

ကြမ်းပြင်ပေါ် မှောက်လျက်ကျသွားသော်လည်း ကျွန်တော် သတိမလစ်ပါ။ ကျွန်တော့်ခံနိုင်ရည်အားကလည်း ဒူးပုံ့ထက် သိပ်အောက်မကျကြောင်း လက်တွေ့သိလိုက်ရသည်။ သို့သော် ဖားဖိုလို တရှူးရှူး တရှဲရှဲဖြင့် ရင်ဘတ်ကြီး မြင့်လိုက်နိမ့်လိုက်ဖြစ်ကာ အမောဖောက်နေသော ကျွန်တော့်မှာ အမှတ် တစ်ဆယ်ပြည့်သည်အထိ ပြန်မထနိုင်တော့သဖြင့် သက်လုံရှုံးဖြင့်သာ အရှုံး ပေးလိုက်ရပါတော့သည်။

ဒူးပုံ့နှင့် ကျွန်တော်သည် ပညာခြင်း၊ အသက်ခြင်း၊ အလုံးအရပ် ဒေါက်ခြင်း၊ ခံနိုင်ရည်အား အားလုံးတူညီကြပါသည်။ လျှင်မြန်မှုတွင် ကျွန်တော်က သူ့ထက် နှစ်ဆခန့်သာသည်။ ကျွန်တော်ဆေးလိပ်သောက်သောကြောင့်သာ သက်လုံအား သူ့ကသာသွားခြင်းဖြစ်သည်။ အကယ်၍ ကျွန်တော်သာ ဆေးလိပ်မသောက်ခဲ့လျှင် ကျွန်တော်၏အဖြစ်ကား မြင်းခွာသံတစ်ချောင်းကို အရေးမထားမိသော မြင်းသည်ကျော်ကဲ့သို့ ဖြစ်မည် မဟုတ်ပါတကား"

*မှတ်ချက်။* ။ ယခုအခါ (၁၅)ချီပွဲများ မရှိတော့ပါ။ အများဆုံး ငါးချီပွဲသာ ရှိပါတော့သည်။ လက်ဝှေ့သမားများ အထိအခိုက်နည်းစေရန် ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်က သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

မေတ္တာရှင်(ရွှေပြည်သာ)




# တောဘုရင်တို့၏ သားကောင်လိုက်ပွဲ

ဖိုးကျော်

"တော်သလင်း၊ နတ်တော်လတွင် တောဆင်ရိုင်းများကို ကျုံးသွင်းဖမ်းဆီးကြရန် ဆင်ကျုံးကို အပြီးအစီးတည်ဆောက်ပြီးသွားကြပြီ။ ထိုအခါ ဆင်ဖမ်းသမားများသည် တောဆင်ရိုင်းများကို စတင်၍ ရှာဖွေကြရတော့သည်။

ငထီးသံ၊ ငထီးလှ ညီအစ်ကိုနှစ်ယောက်နှင့် မဲလုံးတို့သည် ဆင်ကင်းထောက်ရန် သစ်ရာချောင်းဘက် ထွက်လာကြသည်။ သစ်ရာချောင်းဖျားရှိ စမ်းရေအိုင်တစ်ခုအနားမှာ ကလေးငိုသံလိုလို၊ ဆတ်တစ်သံလိုလို အသံတစ်ခုကို ကြားမိလိုက်ကြ၍ သုံးယောက်စလုံးမှာ ချက်ချင်းခြေလှမ်းရပ် နားစွင့်လိုက်ကြသည်။

စူးစူးရှရှနှင့် အစ်အစ်အိအိ ကွဲကွဲပြည်လာသံမှာ စောစောကထက် ကျယ်လောင်လာသည်။ သူတို့နှင့် ပိုနီးလာသည်ဟုလည်း ထင်ရ၏။ ငထီးသံတို့ညီအစ်ကိုနှစ်ယောက်နှင့် မဲလုံးတို့မှာ အသက်ကိုပင် ပြင်းပြင်းမရှူမိကြဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြကာ 'ဘာသံပါလိမ့်'ဟု နားစွင့်ထားကြ၏။

ထိုအချိန်မှာပင် စောစောက ပြတ်တောင်းပြတ်တောင်းသာ ကြားခဲ့ရသော အသံမှာ ပို၍ အကြားစိပ်လာသည်။ အသံတွေမှာ ဝေးသွားလိုက်၊ နီးလာလိုက်နှင့် အစ်အစ်အီအီ ကြားနေရာမှ သံရှည်ဆွဲ၍ မြည်လိုက်သံတစ်ချက်ကိုလည်း မပီမပြင် ကြားလိုက်ကြရပြန်သည်။

သူတို့သုံးယောက်သည် မည်သည့်တိရစ္ဆာန်၊ မည်သည့်အကောင်တွေဟု တိတိကျကျ မသိရသေးခင်ပင် တစ်တောလုံး ပြိုလိုက်လာသလို တိရစ္ဆာန်များ၏ ခြေသံများကို ကြားလာရသည်။

ဆူညံလာသောအသံများကြောင့် တောပိုကျွမ်းသော မဲလုံးက-

"တက်. . . တက်၊ သစ်ပင်ပေါ် မြန်မြန်တက်ကြ"

ဟု ပြောလိုက်၏။

ငထီးသံတို့ ညီအစ်ကိုနှစ်ယောက်မှာ နီးရာသစ်ပင်ပေါ် ချက်ချင်းပြေးတက်ကြရသည်။ လူ သုံးယောက်စလုံး သစ်ပင်ပေါ် ရောက်သွားကြချိန်တွင် တောတိုးသံ၊ ကြက်ငှက်များ လန့်ပြီးပြေးကြသံ၊ အစ်အစ်ကွိကွိမြည်လာသံတို့မှာ သူတို့နှင့် အတော်ဝေးဝေးကို ရောက်သွားပြန်သည်။

ထိုအခါမှ လူသုံးယောက်မှာ တစ်ယောက်ကိုတစ်ယောက် သတိရ၍ လှမ်းကြည့်ကြ၏။ သူတို့တက်ရောက်နေကြသော သစ်ပင်တွေမှာ တစ်ပင်နှင့်တစ်ပင် နှစ်လံခန့်သာကွာသည်။ အုံဒုံပင်ကြီးတစ်ပင်ပေါ် ရောက်နေသော ငထီးသံက ဝါရင့်မဲလုံးကို မေးဆတ်ပြပြီး ကြားရုံမျှအသံနှင့်-

"မဲလုံး. . . ဘာသံတွေလဲကွ၊ ဘာကောင်တွေလဲ"

ဟု တီးတိုးမေးလိုက်၏

မဲလုံး၏အဖြေကို မကြားရသေးခင်ပင် ရှက်ကြွေတောထဲ ပြေးလာသော ခြေသံတွေကြောင့် နှုတ်ဆိတ်သွားကြပြန်သည်။ သူတို့သုံးယောက် စကားပင် မပြောနိုင်ကြဘဲ ပြေးလာသော ခြေသံကြောင့် အောက်ကိုငုံ့ကြည့်လိုက်ကြ၏။ အမွေးစုတ်ဖွားနှင့် တောခွေးအညိုကြီး နှစ်ကောင်သည် သူတို့အောက်က ဖြတ်ပြေးပြီး စမ်းရေအိုင်ထဲ ဆင်းသွားကြ၏။ ထိုအခါမှ တောအတွေ့အကြုံများသော မဲလုံးက-



"တောခွေးတွေ သားကောင်လိုက်နေကြပြီ"

ဟု လေသံကြားရုံဖြင့် ပြောသည်။ မှန်၏ တောခွေးအုပ်ထဲက ရေသယ်ခွေးကြီးနှစ်ကောင်သည် သားကောင်ဝိုင်းလိုက်နေကြသော တောခွေးများအတွက် စမ်းချောင်းထဲကရေကို သူတို့နှစ်ကောင်က သူတို့ကိုယ်ကို ရေထဲနှစ်၍ ရေလာသယ်နေကြခြင်း ဖြစ်၏။

တောထဲ၌ တောခွေးများကား တောဘုရင်ဖြစ်သည်။ တောခွေးအုပ်ကို ကျားနှင့်ဆင်တို့ပင် ရင်မဆိုင်ရဲကြ။ တောခွေးများသည် ဆင်များကို သတ်ဖြတ်ဖမ်းဆီးရန် လိုက်ကြရာ၌ ဆင်ပြေးလမ်းရှေ့ကို ကြိုပြေးသည့်အကောင်က ပြေးပြီး ၄၅/၅၀ ဒီဂရီခန့် ကိုင်းနေသော သစ်ပင်များပေါ် ပြေးတက်ပြီး ဆင်အလာကို ကြိုစောင့်နေကြသည်။ သူတို့အောက်ကို ဆင်ရောက်လာသည်နှင့် အပေါ်ကနေ သူတို့ကျင်ငယ်ရေနှင့် ပန်းချတတ်ကြသည်။ တောခွေး၏ ကျင်ငယ်ရေမှာ အနံ့အသက် စူးရှပြင်းထန်သလို မည်သည့်တောတိရစ္ဆာန်မဆို သူတို့ကျင်ငယ်ရေများ မျက်စိထဲဝင်သွားပါက ငါးမိနစ်၊ ဆယ်မိနစ်ခန့် အကန်းလို ဘာမှ မမြင်ရ ဖြစ်သွားတတ်၏။ ထိုအခါ ဆင်များမပြေးနိုင်အောင် မျက်လုံးကိုဖောက်ကိုက်သည့် အကောင်ကကိုက်၊ ဒွါရမှ အူကို ကိုက်ဖောက်ပြီးဆွဲထုတ်သည့် အကောင်ကထုတ်နှင့် ဆင်တွေမှာ တောခွေးစာ ဖြစ်သွားတတ်ကြသည်။

တောခွေးများသည် ထိုသို့ သစ်ပင်ပေါ်တက်ပြီး သားကောင်ကို အငိုက်မိအောင် လုပ်တတ်ကြသလို မြေပြင်၌ သားကောင်လိုက်ကြရာတွင်လည်း သူတို့၏အမြီးကို ဖင်အောက်သို့ ကုပ်သွင်းပြီး ကျင်ငယ်ရေများပန်းချကာ ထိုအမြီးဖျားကအရည်နှင့် သူတို့လိုက်နေသော သားကောင်၏မျက်နှာကို အမြီးတဆတ်ဆတ်ခါ၍ ပစ်တတ်ကြသည်။ ထို့ကြောင့် တောတောင်ထဲ၌ တောခွေးကို ဆင်ကအစ မည်သည့်တိရစ္ဆာန်မျှ ရင်မဆိုင်ဝံ့ကြ။ တောခွေးနံ့ရသည်နှင့် တစ်ချိုးတည်း ထွက်ပြေးတတ်ကြသည်။

တောခွေးများသည် အုပ်ကောင်းလျှင် လူကိုပင် ရန်မူတတ်ကြ၏။ ထို့ကြောင့် ယခု မဲလုံးတို့မှာ ဆင်လိုက်လှံရှည်များ ပါကြသော်လည်း သစ်ပင်ပေါ်၌သာ ငြိမ်ကုပ်၍နေနေကြသည်။

တောခွေးများ သားကောင်လိုက်ရာ၌ လိုက်ခွေး၊ ပန်းခွေး၊ ဖြတ်ခွေး ရေသယ်ခွေးဟု လေးမျိုးလေးစားကို အုပ်ခေါင်းဆောင် ဖြတ်ခွေးကြီးက စနစ်တကျ ကြိုတင်သတ်မှတ်ကာ တာဝန်ပေးထားပုံရသည်။ လိုက်ခွေးက သားကောင်နောက်ကို ထက်ကြပ်မကွာ လိုက်သည်။ ပန်းခွေးများကလည်း သူတို့ ဦးတည်ရာအရပ်သို့ သားကောင်ကို အရောက်မောင်းကြရန် ဘေးနှစ်ဘက်မှ အသံပေး၍ ညှပ်ထိန်းကြပ်မတ်ပေးကြ၏။

ဖြတ်ခွေးမှာ အုပ်ထဲတွင် အားကောင်းမောင်းသန် ကိုယ်လုံးကိုယ်ထည် အကြီးဆုံး ခေါင်းဆောင်ဖြစ်သည်။ သားကောင်ကို ဖြတ်လမ်းက ပြေးဖြတ်ပြီး အတင်းဝင်ကိုက်ရမည့် သူ့ရဲကောင်းခွေးလည်း ဖြစ်သည်။ ရေသယ်ခွေးတို့၏ ထူးခြားချက်မှာ အုပ်ထဲ၌ အမွေးအမှင်အထူဆုံးဖြစ်သည်။ ထို့ကြောင့်လည်း သားကောင်လိုက်ကြရာ၌ မောပန်းနွမ်းဟိုက်နေကြသော အပေါင်းအဖော်များ အတွက် စမ်းချောင်း၊ စမ်းအိုင်ထဲကရေကို သူတို့ကိုယ်၌ဆွတ်၍ လာသယ်ကြ ခြင်းဖြစ်သည်။

ခဏအကြာမှာပင် ထိုရေသယ် ခွေးနှစ်ကောင်သည် စမ်းချောင်းထဲက ပြိုင်တူပြေးတက်လာကြပြီး သားကောင်လိုက်နေကြသော သူတို့၏ အဖော်များ ဆီသို့ ပြေးလိုက်သွားကြသည်။ တစ်ကိုယ်လုံး ရေစက်လက်နှင့် ရေသယ်လာ ကြသော ရေသယ်ခွေးနှစ်ကောင်၏ ကိုယ်ပေါ်မှရေများကို သားကောင်လိုက် နေကြသော ခွေးများက သားကောင်လိုက်ရင်း ဝိုင်းလျက်၊ ဝိုင်းစုပ်ကာ ရေငတ် ပြေတတ်ကြသည်။

စောစောက မဲလုံးတို့မြင်လိုက်ကြရသော ရေသယ်ခွေးနှစ်ကောင်၏ တာဝန်မှာ ပေါ့သေးသေးတော့ မဟုတ်။ ရေသယ်ခွေးနှစ်ကောင်မှာ သားကောင် လိုက်နေကြသော ခွေးများအတွက် ရေငတ်ပြေ၊ အမောပြေ ရေသယ်ပေးကြ ရသလို သူတို့လိုက်နေသော သားကောင်ကိုလည်း ရေအိုင်၊ ရေစမ်း ဘယ်နေရာ ၌ ရှိနေသည်ကို ရှေ့က လမ်းပြမြှူဆွယ် ခေါ်ရသေးသည်။

မဲလုံးတို့ သစ်ပင်ပေါ်က လှမ်းကြည့်နေကြချိန်မှာ တောခွေးများ၏



သားကောင်လိုက်လာသံက ပိုကျယ်လာသည်။ အိအိကွစ်ကွစ် တစ်ကောင်နှင့် တစ်ကောင် အချက်ပေးလာသံကလည်း ပိုကျယ်လာသည်။ တောခွေးသံနှင့် အတူ ဆတ်ခွာပေါက်သံတစ်ချက်တစ်ချက်ကိုလည်း ကြားလာရ၏။ ထို့နောက် ဆတ်မောသံကိုပါ ကြားလာရပြန်၏။

ဆတ်တို့၏ သဘာဝမှာ မောပန်းနွမ်းနယ်လာပြီဆိုလျှင် ရေအိုင်ရှိရာကို ာ ပြေးတတ်ကြ၏။ ရေသယ်ခွေးနှစ်ကောင်ကလည်း ဆတ်အား ရေအိုင် ယ်မှာရှိသည်ကို သူတို့ကိုယ်ပေါ်က ရေစက်ရေပေါက်တွေကို သက်သေပြ ရှေ့မှ မျှားခေါ်လာကြသည်။ သစ်တောကြီးမှာ အောက်ခြေရှင်းနေသဖြင့် တောခွေးများ၏ ဆတ်ရေချပွဲကို သူတို့သုံးယောက်သည် မျက်ဝါးထင်ထင် မြင်နေကြရသည်။

ဆတ်ဖားကြီးသည် သူ့အနားကပ်လာသော တောခွေးများကို သူ၏ဦးချို င့် ဝှေ့ယမ်းခတ်သည်။ သို့သော် အရှောင်အတိမ်းကောင်း၍ လျင်လွန်းသော တောခွေးတစ်ကောင်ကောင်ကိုမှ မထိမိသေး။ ထိုအချိန်မှာပင် ခေါင်းဆောင် ဖြတ်ခွေးကြီးသည် ဆတ်ဖားကြီး၏နောက် ခြေတံကောက်ကွေးကို ခုန်ကိုက် ကိုက်သည်။ ဆတ်ဖားကြီးက ခွာပေါက်ကန်ကျောက်ပစ်လိုက်ရာ တောခွေး ကြီးမှာ အစ်ခနဲ တစ်ချက်အသံမြည်ပြီး ရွက်ကြွေတောထဲ သုံး၊ လေးပတ် လိမ့်သွားသည်။ နောက် တောခွေးကြီးတစ်ကောင်မှာလည်း ဆတ်ဖားကြီး နင်းကို ခံလိုက်ရသဖြင့် ခါးစောင်းသွားသည်။ သူတို့အုပ်ထဲက ခေါင်းဆောင် ခွေးနှင့် နောက်တစ်ကောင်က ဆတ်ဖားကြီးကို ဝင်ကိုက်တိုက်ခိုက်နေကြသော ခါ နောက်တစ်ကောင်က ရဲတင်းလာပြီး ဆတ်ဖားကြီးကို နောက်ကဝင်ကိုက် သည်။ သို့သော် ထိုခွေးမှာလည်း ဆတ်ဖားကြီးကန်ထားခဲ့သဖြင့် လွင့်စင်သွား ာ သစ်ပင်တစ်ပင်နှင့် ဝင်တိုက်မိသွားသည်။ သို့သော် တောခွေးအုပ်ကမူ ုံးဝ လက်မလျှော့ကြသေး။ ဆတ်ဖားကြီးနောက်ကို လိုက်မြဲလိုက်၊ ကိုက်မြဲ ကိုက်နှင့် အချင်းချင်း အသံပေးကာ ဆက်လိုက်လာနေကြ၏။

ရေသယ်ခွေးနှစ်ကောင်ကလည်း ဆတ်ဖားကြီးကို ရှေ့က ပန်းပြေးပြီး

ရေအိုင်ရှိရာကို မြှုဆွယ်သွားပြနေသည်။ မောပန်းနွမ်းနယ်လာသော ဆတ်ဖား ကြီးသည် ရေကို အလွန်အမင်း တောင့်တလျက်ရှိရာ ရေသယ်ခွေးနှစ်ကောင် ကိုယ်ပေါ်က ရေကိုမြင်ရသဖြင့် ရေသယ်ခွေးနှစ်ကောင်နောက် လိုက်တော့၏။

ရေသယ်ခွေးနှစ်ကောင်နောက်သို့ လိုက်သွားသော ဆတ်ဖားကြီးအား နောက်က၊ ဘေးက လိုက်ပါရင်း ခုန်ကိုက်လိုက်ခဲနေကြပြန်သည်။ တစ်ချိန် တွင် ရှေ့က အတင်းပြေးဝင်လာသော တောခွေးတစ်ကောင်ကို ဆတ်ဖားကြီး က ဝှေ့ကော်ပစ်လိုက်ရာ လူတစ်ရပ်ကျော်ခန့် မြောက်တက်သွားပြီး အိုင်ခနဲ အော် လိုက်သံနှင့်အတူ မြေပြင်ပေါ် ပစ်ကျသွားသည်။ ထိုသို့ ဆတ်ဖားကြီးနှင့် သူ့ အဖော်များ ဝရုန်းသုန်းကား ဖြစ်နေကြချိန်၌ ရေသယ်ခွေးနှစ်ကောင်မှာ စမ်းရေအိုင်ထဲ ပြေးဆင်းသွားလိုက်၊ ပြန်တက်ပြေးလာလိုက်နှင့် ဆတ်ဖားကြီး ရှေ့က ရေအိုင်ရှိရာကို လမ်းပြပေးနေသလို ရှိကြသည်။

နို့ဖျဉ်းဘလောက်ဘလက်နှင့် သားသည်အမေဟု ထင်ရသော တောခွေး မကြီး တစ်ကောင်သည် ဆတ်ဖားကြီး၏ နောက်ခြေတံကောက်ကွေးကို အတင်းဝင်ခဲ၏။ ဆတ်ဖားကြီးက နာကျင်သဖြင့် ခုန်ပေါက်လိုက်သော်လည်း ထိုခွေးမကား ပြုတ်ကျမကျန်ခဲ့။ တွဲလောင်းကြီး ပါလာရာ ဆတ်ဖားကြီးမှာ လဲတော့မလိုနှင့် ခေါင်းစိုက်သွားသည်။ သို့သော် သူကိုယ်သူ ပြန်ထိန်း၍ အားစိုက်ပြေးသည်။

သူတို့၏အုပ်ထဲက ခွေးမကြီးပင် ရဲရဲဝံ့ဝံ့ တိုက်ခိုက်နေသည်ကို မြင်ရ သောအခါ ကျန်ခွေးများမှာ အားမာန်ဝင်လာကြပြီး ဆတ်ဖားကြီးအား ကြုံရာ မှီရာကို လှမ်းကိုက်၊ လှမ်းဆွဲကြသည်။ ဆတ်ဖားကြီး၏ ခြေထောက်၊ လက်နှင့် တကွ၊ မှီရာကို လိုက်ကိုက်ခဲကာ တွဲလောင်းပါလာကြသော တောခွေးတစ်ချို့ မှာ သစ်ပင်၊ သစ်ငုတ်၊ ကျောက်တုံးကျောက်ခဲတွေနှင့် တိုက်မိကာ အချို့လည်း ပြုတ်ကျကျန်ခဲ့ကြ၏။ သို့သော် တောခွေးများကား ယခုထိ ဇွဲမလျှော့ကြသေး၊ ဆတ်ဖားကြီးကိုယ်နှင့် သူတို့ကိုယ်ပေါ်တွင် သွေးအလိမ်းလိမ်းနှင့်ပင် ဆတ်ဖား ကြီးနောက်ကို လိုက်နေကြဆဲ။ ဆတ်ဖားကြီးကလည်း ယခုထိ မလဲသေး၊



ရှိသမျှခွန်အားကိုထုတ်၍ ကာကွယ်ဆဲ၊ ရေအိုင်ရှိမည်ထင်သော ရေသယ်ခွေး နှစ်ကောင်နောက်ကို လိုက်ဆဲ။

တောခွေးများ ဝိုင်းလိုက်၊ ဝိုင်းကိုက်၍ သေပြေးရှင်ပြေး ပြေးလာနေရ သော ဆတ်ဖားကြီးသည် ရေသယ်ခွေးနှစ်ကောင်၏ လမ်းပြမှုကြောင့် ရေအိုင် ကို မြင်သွားသည်။ ဆတ်ဖားကြီးသည် ရေအိုင်ကိုမြင်သည်နှင့် ရေအိုင်ထဲကို ခုန်ဆင်းလိုက်၏။

ဤအချိန်၌ သူ့အတွက် ရေကလွဲပြီး အခြားတစ်ပါး အန္တရာယ်ကို ဘာမှဂရုမစိုက်တော့သလို သူ့ကိုယ်လုံးကို ရေထဲနှစ်ပစ်လိုက်၏။ သို့သော် သူ့တစ်ကိုယ်လုံးကမူ ရေထဲအကုန်နစ်မသွား၊ ကျောကုန်းက ပေါ်နေသည်။ ဤအမှားကိုလို၍ ဤရေအိုင်သို့ ဆတ်ဖားကြီးကို သူတို့များခေါ်လာကြပုံ ရသော် ရေသယ်ခွေးနှစ်ကောင်သည် ဆတ်ဖားကြီးကို လိုက်ကြစဉ်က တစ်ချက်ပင် ဝင်မကိုက်ခဲ့သော်လည်း ယခုအခါတော့ ရေထဲတွင် ခေါင်းမော့ ထားသော ဆတ်ဖားကြီးမျက်နှာပေါ် ခုန်တက်လိုက်ကြကာ မျက်လုံးကိုကိုက် ထုတ်ပစ်လိုက်ကြသည်။

ထိုအချိန်မှာပင် နောက်က ပြေးလိုက်လာကြသော တောခွေးအုပ်သည် ဆတ်ဖားကြီးကိုယ်ပေါ်ကို ပြေးခုန်တက်လိုက်ကြကာ ဝိုင်းပြီး ကိုက်ခဲလိုက်ကြ သည်မှာ ဆတ်ဖားကြီး၏ ကိုယ်လုံးကြီးကို မမြင်ရတော့ဘဲ တောခွေးတွေကိုသာ မြင်နေရတော့သည်။ သူတို့အထင်မှာ ဆယ်ကောင်ကျော်လောက်တော့ ရှိမည် ဖြစ်သည်။

မဲလုံးတို့ ပို၍ အံ့ဩကာကြည့်မိသည်မှာ သေသွားသောဆတ်ဖားကြီးကို တောခွေးများက ရေစပ်နားဘက်ကမ်းသို့ ဝိုင်းကိုက်ဆွဲယူထားလိုက်ကြသည်။ မည်သည့် တစ်ကောင်တလေမျှ ဆတ်ဖားကြီးကို ကိုက်ခဲမစားကြသေး။ ဆတ်ဖား ကြီးကို ဝိုင်းပတ်ကာ အမောဖြေရင်း မြေပြင်တွင် ပြားပြားဝပ်နေကြသည်။

သစ်ပင်ပေါ်က တက်ကြည့်နေကြသော မဲလုံးတို့ကမူ ဤတောခွေးများ သည် အမောလွန်၍ စားပင်မစားနိုင်ကြဘဲ အမောဖြေနေကြသည်ဟု ထင်

ကြသည်။ သို့သော် မကြာပါချေ၊ ဆတ်ဖားကြီးကို ဝိုင်းလိုက်ကြတုန်းက ဦးဆ
ဆတ်ဖားကြီး၏ တံကောက်ကွေးကို ဝင်ကိုက်သော ဖြတ်ခွေးဗိုလ်ရဲကြီးသည်
ထော့နင်းထော့နင်းနှင့် သူ့အဖော်များ ကိုက်လှဲထားသော ဆတ်သေနှင့် စမ်
ရေအိုင်နားကို ရောက်လာသည်။

သူသည် ဆတ်ဖားကြီးဆီ၌ ခွာပေါက်အကန်ခံလိုက်ရသဖြင့် ခါးစောင်းသွ
ရာ သူ့အဖော်များ ဆတ်ဖားကြီးကို ကိုက်လှဲထားပြီးမှ နောက်ကျ၍ရောက်လာ
သည်။သူတစ်ကိုယ်လုံးမှာလည်း ဆတ်ချိုနှင့် ထိမိထား၍လားမသိ၊ အမွေးကျွတ်
အကွက်အကွက်နှင့် ဒဏ်ရာဒဏ်ချက်မှ သွေးစများကိုလည်း မြင်ရသည်၊

ထိုတောခွေးကြီး ရောက်လာပြီး အသံတစ်ချက် မြည်လိုက်သောအခါ
မြေပြင်တွင် ခြေပစ်လက်ပစ် ဝပ်နေကြသော တောခွေးများသည် ချက်ချင်းထ
၍ အသံပေးကြသည်။ အိမ်ခွေးများလို အူခြင်း၊ ဟောင်ခြင်း လုံးဝ အလျဉ်း
မရှိကြသော တောခွေးများသည် အစ်အစ်အူအူ ကွစ်ကွစ်ကွိကွိ မြည်နေကြ
သည်မှာ သူတို့၏ တောခွေးဘုရင်ကြီးအား သူတို့ရဲ့ တိုက်ပွဲအောင်မြင်ခြင်းကို
အစီရင်ခံနေကြသလိုပင်။

နောက်ဆုံးမှ ထော့နင်းထော့နင်းနှင့် ရောက်ချလာနိုင်သော တောခွေး
ကြီးသည် ဆတ်သေကိုတစ်ချက်ကြည့်လိုက်ကာ ဆတ်သေ၏ကိုယ်ပေါ် ခုန်
တက်သွားသည်။ ပြီး-ဒွါရကို ကိုက်ဆွဲလိုက်ရာ ဆတ်ဝမ်းထဲမှ အူမကြီး
တန်းလန်းထွက်လာသည်။ ထိုအူမကြီးကို တောခွေးကြီး အငမ်းမရ စားလိုက်
သည်နှင့် ကျန်တောခွေးများသည် ဆတ်ဖားကြီး ကိုယ်ပေါ်ကို အလုအယက်
ပြေးတက်ကာ ကိုက်ခဲစားသောက်ကြတော့၏။

နာရီပိုင်းအတွင်းမှာပင် ဆတ်ဖားကြီး၏ တစ်ကိုယ်လုံးမှာ ဦးချိုနှင့် အရိုး
ကြီးများကိုသာ မြင်ကြရတော့သည်။ တောခွေးတို့၏ သွားမှာ ဆောက်သွား
လိုဖြစ်သဖြင့် အရိုးများပင် ကြေမွကာ အပုံအစများ ဖြစ်သွားသည်။

တောခွေးများ သားကောင်လိုက်လာကြချိန်နှင့် သားကောင်ရ၍ စား
သောက်ပြီးကြချိန်မှာ သုံးနာရီခန့် ကြာသည်။ တောခွေးများ စားသောက်ပြီး



၍ ပြန်သွားကြတော့မှ မဲလုံးတို့မှာလည်း သစ်ပင်ပေါ်က ဆင်းခဲ့ကြသည်၊
စမ်းရေအိုင်စပ်က ဆတ်သေကို သွားကြည့်ကြရာ အသားအရေဆို၍ တစ်
တစ်စပင်မကျန်ဘဲ ခေါင်းခွံပါ ကြေမွနေသဖြင့် သူတို့မှာ ဆတ်ချိုနှစ်ချောင်
ကိုသာယူပြီး စခန်းသို့ ပြန်လာကြရလေသည်။

ဖိုးကျေ




# မိုးညို

ပြည်ပန်းမိုး

"ဟော. . . မိုးညို၊ သွားဘယ်လဲ၊ လာခဲ့လေ"

မိုးညိုက အရာရာ ပါချင်၏။ ကိုယ်နှင့်ဆိုင်မှန်းမသိ၊ မဆိုင်မှန်း မသိ၊ အလိုက်ကန်းဆိုး မသိတတ်၊ စိတ်ထင်ရာကို လုပ်ချင်သည်။ အထူးသဖြင့် မိန်းကလေးတွေနှင့် ထွေးရောယှက်တင်နေချင်၏။ ညနေစောင်း၍ မိန်းကလေးများ ရေခပ်ချိန်ဆိုလျှင် မိုးညိုကို တား၍မရ။ သူလည်း ရေခပ်တော့၏။ အိမ်၌ရှိသမျှ ရေအိုးထဲသို့ ရေခပ်ထည့်တော့၏။ မိန်းကလေးတွေ၏ ခေါင်းပေါ်သို့ ရေအိုးကို ပွေ့ပိုက်ပင့်တင်ပေးရသည်ကိုပင် တစ်မျိုးပျော်တတ်၏။ ပြီးတော့ မိုးညိုအဖို့ ရေခပ်ဆိပ်၌ ရေကစားလေတော့သည်။ မိန်းကလေးတွေကို သူက ရေပက်လိုက်၊ သူ့ကို မိန်းကလေးတွေက ပြန်ပက်လိုက်နှင့် အော်ဟစ် မြူးထူးနေတတ်လေသည်။

ယခုလည်း ကြည့်ပါဦး စန္ဒာဦးက ရေခပ်ရန် ရေအိုးကိုရွက်၍ ထွက်လာကတည်းက စန္ဒာဦးနောက်သို့ ပြေးလိုက်လေသည်။ စန္ဒာဦး အသံကြားလျှင် မိုးညိုမနေနိုင်။ စန္ဒာဦးကလည်း စန္ဒာဦးပင်။ သည် အိမ်ရှေ့သို့ရောက်လျှင် မိုးညိုကို မကြည့်ဘဲ မနေနိုင်။ မခေါ်ဘဲ မနေနိုင်။

"မိုးညိုရေ. . . တို့ ရေခပ်သွားတော့မလို့" ဟု သူ့အသံလေး တစာစာနှင့် ဟစ်ဖြစ်အောင် ဟစ်သွားသည်။ ထိုဖြင့် မိုးညိုအတွက် ကြံချောင်းတွေ ယူဆောင်လာပြီး တယုတယ ကြွေးမွေးတတ်သေး၏။

သည်တော့ မိုးညိုမနေနိုင်၊ တင်းကုပ်ထဲက စန္ဒာဦးရှိရာသို့ ပြေးလိုက်တော့၏။ အနားသို့ရောက်သည်နှင့် စန္ဒာဦး၏ ပုခုံးပေါ်သို့ သူ့နှာမောင်းလေးတင်၍ ဖိမ်ယူတတ်သည်။ စန္ဒာဦးထံမှ မွှေးပျံ့သော သနပ်ခါးနံ့သည် မိုးညို၏ နှလုံးသားကို အမြဲတမ်း လှုပ်ရှားနေချေသည်။ စင်စစ် ပျားရည်မြစ်သည် မိုးညို၏ နှလုံးသားဆီသို့ ထာဝရ စီးဆင်းဖြတ်သန်းနေသည်ဟု မိုးညိုထင်လေသည်၊ တစ်ခါတစ်ခါ၌ စန္ဒာဦးက စံပယ်ပန်းတွေသီ၍ မိုးညို၏လည်ပင်းကို ဆွဲပေးလိုက်သည်မျိုးလည်း ရှိသည်။ သည်လိုအခါမျိုးတွင် မိုးညိုအဖို့ သူ့လောက်ပျော်ရွှင်မည့်သူ မရှိဟု ထင်တော့သည်။ စံပယ်မွှေးမွှေးကို လည်မှာဆွဲ၍ ရှာထဲလျှောက်ကြွားရသည်မှာလည်း အမောပင်။

ဖထီးရွှေသွင်သည် သူ့သားဖြစ်သူ မိုးညိုကို အချိန်မီ လှမ်းခေါ်လိုက်သော်လည်း မိုးညို တစ်ချက်လှည့်ကြည့်ပြီး သွားမြဲတိုင်း ဆက်သွားသည်။ စန္ဒာဦး၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်မြဲတိုင်း လိုက်သွားသည်။ မိုးညို၏ အကြည့်၌ "ခဏလေးပါအဖေရယ်" ဟု ပြောကြားနေသယောင် ထင်မှတ်ရ၏။

စန္ဒာဦးကလည်း မိုးညိုကို အလွန်ခင်၏။ မိုးညို၏နှာမောင်းကို တယုတယပွေ့ဖက်၍ ပျော်ရွှင်စွာဖြင့် တောင်ကျစမ်းချောင်းရှိရာသို့ နှစ်ဦးသားထွက်ခွာသွားလေသည်။ သူထွက်ခွာသွားရာသို့ ဖထီးရွှေသွင်သည် မျက်စိတစ်ဆုံး ငေးကြည့်နေရုံမှအပ မည်သို့မျှ မတတ်နိုင်။

ညနေစောင်း၏လေပြည်မှာ ညင်းညင်းသွဲ့သွဲ့တိုက်ခတ်နေ၏။ လေပြည်နှင့်အတူ မိုးညို၏လည်၌ဆွဲထားသော ခလောက်သံလေးမှာ ဝန်းကျင်ကို ဂီတသံအဖြစ် ထွက်ပေါ်လွှမ်းခြုံလိုက်လေသည်။

မိုးညိုပျော်နေပြီ။

စင်စစ် မိုးညိုသည် ချယ်ရီမ၏ ကိုယ်ပွား၊ ချယ်ရီမသည် ဖထီးရွှေသွင်၏ နှလုံးသား။ ချယ်ရီမ လုပ်ကျွေး၍လည်း ယခုလို ကျွန်းတောစုရွာ၌ အိမ်ကြီးရခိုင်နှင့် ပူပင်ကြောင့်ကြမဲ့စွာ နေထိုင်နိုင်၏။ ဆင်လုပ်သားတွေထဲ၌ အဆင့်အတန်းမီ၍ နေနိုင်စားနိုင်၏။

ချယ်ရီက နာမည်နှင့်လိုက်အောင် လှပ၏။ ယဉ်ကျေးသိမ်မွေ့၏။ သန်မာထွားကျိုင်း၏။ အရပ် ၉ပေအထိမြင့်၏။ လုံးကြီးပေါက်လှ မျိုးထဲကပင်။ သစ်သုံးတန်အထိ ဆွဲနိုင်သော ပထမတန်းစား ဆင်မကြီးပင်။ သစ်လုပ်ငန်း၏



အခေါ်အရ (FG) ဖြစ်သည်။ (FG) မှာ အတိုကောက်ဖြစ်၍ အပြည့်အစုံက (Full Grown) ဖြစ်သည်။ လုပ်ငန်း၌အလွန်အသုံးဝင်သော ဆင်မကြီးပင်တည်း။

(အမိနောက်လိုက်ဆင်ကို အတိုကောက်အားဖြင့် (CAH) ဟု ခေါ်သည်။ မွေးကင်းစမှ အသက် (၁၂)နှစ်၊ (၁၃)နှစ်၊ (၁၄)နှစ်အထိ မိခင်သွားရာနောက်သို့ တကောက်ကောက်လိုက်တတ်သော ဆင်ငယ်ကို အမိနောက်လိုက်ဆင် (Calf At Heel) ဟု ခေါ်လေသည်။

ထို့ပြင် ဝန်တင်ဆင်ကို TC (Train Call)ဟုခေါ်၏။ထိုဆင်တို့မှာ များသောအားဖြင့် အသက်(၁၅)နှစ်၊ (၁၆)နှစ်အရွယ် ဆင်ရွယ်များနှင့် အသက်ရွယ်ကြီးရင့်သော ဆင်များကိုခေါ်သည်။ ဆင်ရွယ်တို့မှာ လုပ်ငန်းခွင် မဝင်နိုင်သေးသလို အသက်ကြီးရင့်သော ဆင်အိုတို့မှာလည်း လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် မသင့်တော်တော့ချေ။ ထို့ကြောင့် ခရီးများ သွားလာရာတွင်လည်းကောင်း၊ စခန်းရှိ ပစ္စည်းများ သယ်ယူရာ၌လည်းကောင်း အသုံးပြုရသည့် ထိုဆင်မျိုးကို ဝန်တင်ဆင်ဟူ၍ သုံးမျိုးသုံးစား ခွဲခြားထားလေသည်။

ချယ်ရီမသည် အလွန်သဘောကောင်း၏။ ဆင်ငယ်လေးများကို အလွန်ချစ်တတ်၏။ သူ့ အလုပ်အားသည်နှင့် အမြဲတမ်းလိုပင် ဆင်ကလေးများနှင့် နေတတ်၏။ ဆင်ကလေးများကို စိတ်ရှည်စွာ ထိန်းကျောင်းတတ်သည်။ ထို့ကြောင့် သူ့ကို သားထိန်းဆင်ဟု စခန်းက ခေါ်ကြသည်။ ဆင်ကလေးများက နို့ဆာလျှင် သူ့နို့ကိုပင် မကြာခဏဆွ၏။ ထိုအခါ၌ မိခင် ဆင်မကြီးသဖွယ် ငြိမ်သက်နေတတ်၏။ ဆင်ကလေးများ ကြည်ကြည်ဖြူဖြူပင် နို့ဆို့ခွင့်ပေးလေသည်။ ထို့ကြောင့် သူ့နို့တွေမှာ အခြားဆင်ပျိုမတွေ နို့မျိုးလိုမဟုတ်။ တင်းတင်းရင်းရင်း ချပ်ချပ်ရပ်ရပ်မရှိ။အမြဲလိုပင် တွဲလဲတွဲလဲ ဖြစ်နေတတ်သည်။

မှန်သည် ချယ်ရီမ၏နှလုံးသားမှာ ချယ်ရီပန်းလို နူးညံ့၏။ စံပယ်လို ဖြူဖွေး၍ မွှေးနေတတ်သည်။ အရှက်အကြောက်လည်း အလွန်ကြီး၏။ အရှက်အကြောက် ကြီးတတ်သော ဆင်မမို့ နို့ပျဉ်းကျသည်မှအပ နေရာတကာ၌ ပိပိရိရိ ရှိတတ်သည်။ သိုသိုသိပ်သိပ် ရှိတတ်သည်။

ထို့ကြောင့် သူ မိတ်လိုက်ချိန်ကိုလည်း မည်သူမျှ မသိလိုက်။ ကိုယ်ဝန်ရှိသောအခါ ကိုယ်ဝန်ရှိမှန်းပင် မသိကြ။ ဦးစီးလုပ်သူမှာလည်း သက်ဆိုင်ရာသို့ အကြောင်းမကြားဖြစ်။ ဆင်ပိုင်ရှင်ဖြစ်သူ ဖထီးရွှေသွင်မှာလည်း သူ့

ဆင်မကြီး ကိုယ်ဝန်ရှိသည်ဟု မထင်။ ရင်သားမှာ နဂိုကတည်းက ဆင်ကလေး များ စို့ထား၍ တွဲကျနေသည်ဟုပင် ထင်၏။ အလုပ်ကိုလည်း ခါတိုင်းလိုပင် ပင်ပင်ပန်းပန်းနှင့် ခိုင်းစေသည်သာ။ ချယ်ရီမကလည်း မညည်းမညူ ခါတိုင်း လိုပင် အလုပ်လုပ်ပေးသည်။ သူ ကိုယ်ဝန်ရှိနေသည်ကို လူတွေသိမှာစိုးရိမ် နေ၏။ နေရာတကာ၌ ပိပိပြားပြား နေထိုင်လေသည်။

စင်စစ် ဆင်ဆိုသည်မှာ ကိုယ်ဝန်ရင့်လာသည်နှင့် သက်မြောင် ကပ်တတ် သည်။ သက်မြောင်ဟူသော သဘောမှာ အခြားဆင်ဖိုမ တစ်ကောင်က ကိုယ်ဝန်ရှိသော ဆင်မနားသို့ လာရောက်ပြီး အတူတကွ (နေထိုင်၏။ ကိုယ်ဝန် ရှိသော ဆင်မကြီးသွားလေရာသို့လိုက်၍ နေတတ်၏။ စောင့်ရှောက်တတ်၏။ ဤကဲ့သို့ သက်မြောင်ကပ်ခြင်းမှာ မည်သူမျှ ခိုင်းစေစရာမလို။ ဆင်တို့၏ ပင်ကို ဗီဇစိတ်က စေ့ဆော်သော မျိုးချစ်စိတ်ပင်တည်း။

မှန်သည် အမျိုးကိုစောင့်ရှောက်တတ်သော ဆင်တို့မှာ မိမိတို့၏ ဆင်မျိုး ဆက်ကို အောင်မြင်စွာ ဆက်ခံနိုင်ရန် သူ့အလိုအလျောက် ဖြစ်ပေါ်လာသော သဘာဝမျိုးချစ်စိတ်ပင်။ ယင်းကဲ့သို့ သက်မြောင်ကပ်ခြင်း ကိစ္စ ပေါ်ပေါက် လာသည်နှင့် ကိုယ်ဝန်ဆောင်ဆင်၏ ကိုယ်ဝန်မှာ ရင့်မာလာပြီဆိုသည်ကို မမေးဘဲနှင့် ဆင်လုပ်သားတိုင်း သိကြပြီးပင် ဖြစ်လေသည်။

သို့သော် ထူးဆန်းသည်မှာ ချယ်ရီမထံသို့ မည်သည့်သက်မြောင် ဆင်မျှ လာရောက်ကပ်သည်ကိုလည်း မတွေ့ရ။ ချယ်ရီမကို လက်ခံ လိုက်မခံ၍လား မသိ။ လွန်ခဲ့သော လအနည်းငယ်က ဆင်ဖိုမလေး မိညိုမှာ ချယ်ရီမ၏ အနား သို့ မယောင်မလည်နှင့် ကပ်ဖူး၏။ သို့သော် ချယ်ရီမက ဘာ့ကြောင့်မှန်းမသိ။ မိညိုကို အတင်းလိုက်အော်ငေါက်သည်။ သူ့အနားသို့ လုံးဝအကပ်မခံ။ ထို ကတည်းက ချယ်ရီမ၏ အနားသို့ မည်သည့်သက်မြောင်ဆင်မျှ ကပ်သည်ကို မတွေ့ရတော့ချေ။ စင်စစ် သူ့ကိုယ်ဝန်ရှိသည်ကို လူတွေသိမှာ ချယ်ရီမ အစိုးရိမ်ကြီး စိုးရိမ်ခဲ့ခြင်းပင်တည်း။

တစ်မိုးလုံး မိုးတွေညို၍ မှောင်မည်းနေသော ညတစ်ည၌ဖြစ်၏။ ချယ်ရီမ သည် သူ၏သားငယ်ဖြစ်သော ဆင်ငယ်လေးတစ်ကောင်ကို သူ့တင်းကုပ်ထဲ၌ သူတစ်ကောင်တည်း မွေးဖွားလိုက်လေသည်။ ဆင်ငယ်လေးကို မွေးဖွားပြီး နောက် ဆင်တို့၏ သဘာဝအရ ဗမ်းခေါင်းသံပါအောင် အော်ဟစ်လိုက်သည်။



အော်သံကြားမှပင် ချယ်ရီမ မျက်နှာမြင်ကြောင်း လူတွေသိတော့၏။ ထိုအခါ ချယ်ရီမ ကလေးမွေးပြီဟု အံ့ဩကုန်ကြလေတော့သည်။ သည်မျှပင် ရှိ၍ အရှက်ကြီးပြီး သိုသိပ်လှသော ချယ်ရီမပင်။

ထို့ကြောင့် ချယ်ရီမမှာ မပင်ပန်းသင့်ဘဲ ပင်ပန်းရသလို မခံသင့်သော ဒုက္ခကို ချယ်ရီမ ခါးစည်းခံသွားရလေသည်။

မှန်သည်၊ ဆင်ငယ်လေးကို လုပ်ငန်းခွင်၌ ဝင်နေဆဲကာလ၌ပင် မွေးဖွား သည်။ အလုပ်ပင်ပန်းသောဒဏ်ကြောင့် သူ့ဝမ်းထဲမှ သားအိမ်မှာ ဆင်ငယ် လေးနှင့်အတူ အပြင်သို့ ဝေါခနဲထွက်ကျလာလေသည်။ သည်တော့မှ စခန်းရှိ လူအားလုံး မျက်ကလူးဆန်ပြာ ဖြစ်တော့သည်။ ချယ်ရီမ၏ အခြေအနေကို သိရကောင်းလားဟု စခန်းမှ တာဝန်ရှိသူတို့က ဦးစီးလုပ်သူကို ကြိမ်းမောင်း တော့၏။ ဆူပူတော့၏။

ဆင်ဦးစီး ကိုကျော်ရှိန်မှာ အခန်းထောင့်၌တပ်ပြီး ချယ်ရီမကို ကြည့်၍ ရှုံ့ရှုံ့နှင့် ငိုတော့၏။

“ငါပေါ့တာ၊ ငါပေါ့တာ၊ ငါ့ကိုသတ်ပစ်ကြပါ”ဟု ငိုကြီးချက်မ အော်ဟစ် ၍ဆိုလေသည်။ တိုင်နှင့်ခေါင်းနှင့်လည်း စောင့်၏။ သူ တစ်သက်၌ ချယ်ရီမ ကဲ့ သဘောကောင်းသော ဆင်မျိုးစီးရဖို့လည်း မလွယ်တော့။ ချယ်ရီမ သည် ဘာင်ကို မကျော်နိုင်လျှင် သူလည်းဆင်ဦးစီးအလုပ်က ပြုတ်မှာသေချာသည်။ သူ့အလုပ်ပြုတ်လျှင် ပြုတ်ပါစေ၊ချယ်ရီမ မသေဖို့အရေးကြီးသည်။ ထို့ကြောင့် ခန်းမှ ဆင်ဆရာဝန်ဖြစ်သော ဦးကျော်မြင့်ကို အပြေးသွားခေါ်သည်။ ဆရာ ကျော်မြင့်ကလည်း ချက်ချင်းလိုက်လာပြီး အစွမ်းကုန် ပြုစု ကုသသည်။

ဆင်ပိုင်ရှင်ဖြစ်သူ ဖထီးဦးရွှေသွင်မှာလည်း ခြေ၊ လက်မကိုင်မိ ဖြစ်နေ၏။ အလုပ်၍ ဘာကိုင်ရမှန်းပင် မသိ။ ငယ်ထိပ်ကို မြွေပေါက်ခံရသည့်ကိန်းပင်။

အမှန်မှာ ဆင်များ ကိုယ်ဝန်ရှိလာ၍ ဗိုက်ရင့်လာပါလျှင် ကလေး မမွေးမီ လ၊မွေးပြီးသုံးလ ပေါင်းခြောက်လ အနားပေးရမည်။ ဤသည်ကို ပိရိလွန်း သော ချယ်ရီမကြောင့်အနားမပေးမိ။ ချယ်ရီမ၏ ကိုယ်ဝန်မှာ ရင့်မာနေသော် ည်း အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်နေရလေသည်။ ယခုတော့ မဖြစ် င့်သော အဖြစ်မှာ ဖြစ်ပျက်လာပြီ။ ချယ်ရီမ မျက်ဖြူဆိုက်လေပြီ။

“သိပ်မိုက်တဲ့လူတွေ အကုန်လုံး သတ်ပစ်ဖို့ကောင်းတယ်. . တောက်”

ကျွမ်းကျင်သူ ပညာရှင် ဆရာဝန် ဦးကျော်မြင့်က ပြောလည်းပြေ
ကုလည်းကုသည်။ သူ အစွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားသည်။ သားအိမ်
ဝမ်းထဲရောက်အောင် ပြန်သွင်းသည်။ ဆေးထိုးသည်။ တစ်ညလုံး မိုးလ
သည်အထိ မနားမနေ ကြိုးစားသည်။ မိုးသည်မျှ အေးသည့်ကြားထဲ၌ ဆ
ဦးကျော်မြင့် ချွေးဒီးဒီးကျသည်။ သို့သော် မအောင်မြင်၊ သားအိမ်
ပြန်သွင်း၍မရ။ သည်ရောဂါနှင့်ပင် ချယ်ရီမမှာ သူ့သားငယ် မိုးညိုကို မွေး
မီးတွင်းထဲမှာပင် သေဆုံးသွားလေတော့သည်။

ချယ်ရီမမှာ အခြားဆင်မများ မွေးထားသော ဆင်ငယ်လေးများကို နို့
တိုက်ခဲ့၊ ထိန်းကျောင်းခဲ့သော်လည်း သူ့ရင်၌လွယ်၍မွေးခဲ့သော မိုးညိုကို
လုံးဝနို့ချိုမတိုက်နိုင်တော့။ သားငယ်ကို မွေးပြီးလျှင်ပြီးချင်း ပြင်းထန်စွာ ဝမ်းခေါ
သံပါအောင် တကျိကျိနှင့် အော်ဟစ်ရင်း သေပွဲဝင်သွားရရှာလေသည်။

(ယခုအခါ သည်လိုအဖြစ်မျိုး မဖြစ်ရအောင် နိုင်ငံတော်ပိုင် သစ်ထု
ရေးလုပ်ငန်းမှ အထူးဂရုစိုက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ စင်
ဆင်တို့၏ ကိုယ်ဝန်ဆောင်ရက်မှာ အများဆုံး ၂၂လနှင့် အနည်းဆ
၁၈လအထိသာ ကြာတတ်၏။ ဤသည်ကို မိတ်လိုက်ချိန်မှစ၍ ဆင်ဦးစီးများ
ဂရုတစိုက် မှတ်သားကြရ၏။ နားထင်ကျခြင်း၊ လိင်အင်္ဂါရောင်ခြင်း၊ နို့တွဲကျခြ
များကို စနစ်တကျ မှတ်သားကြရ၏။ ကိုယ်ဝန် ၁၀ လ နီးပါးရသော ဆင်မ
မိတ်မလိုက်တော့ဟု သိရ၏။ ကိုယ်ဝန်ရင့်လာသော ဆင်မများမှာ ဆ
ကလေးမမွေးဖွားမီ နို့သုံးကြိမ်တွဲကျလေ့ရှိသည်။ ပထမတစ်ကြိမ် နို့တွဲကျလာ
တစ်ရက်နှစ်ရက်နေသောအခါ ပြန်ပြီး ပိန်ချပ်သွားလေ့ရှိသည်။ ထိုကဲ့
ပိန်လိုက်၊ ကျလိုက် သုံးကြိမ်ဖြစ်ပြီးမှ ဆင်ကလေးကို မွေးဖွားကြတတ်သည်
ဆင်ကို ရေချသောအခါ ကြေးညှော်များကင်းစင်အောင် ပွတ်တိုက်ဆေးကြေ
ရင်းမှ အတိအကျသိအောင် အကဲခတ်ကြရခြင်းပင်တည်း။)

မှန်သည် ချယ်ရီမကတစ်မျိုး၊ သူမိတ်လိုက်ပြီးလျှင် သူ့ဘာသာသူ ချောင်းဝ
ဆင်း၍ ရေချိုးတတ်၏၊ သူတို့၏ ဓမ္မတာကိစ္စများကို မည်သူမျှ မသိအော
ဆေးကြောသုတ်သင်၍ အစွမ်းကုန် ဖုံးကွယ်ထားခဲ့သည် မဟုတ်ပါလား။

ယခု ချယ်ရီမ သေဆုံးသွားသောအခါ ဖထီးရွှေသွင်နှင့် အမိုး နော်
ဆေးတို့မှာ မအိပ်နိုင်၊ မစားနိုင်ဖြစ်ကြရသည်၊ သူ၏ ပေါ့ဆမှုကြောင့် ယူကျ
မရဖြစ်ကာ -



“သမီးရေ. . . သမီးရေ”

နှင့် ဖထီး ဦးရွှေသွင် သူ့ရင်ဘတ်ကို တဗုန်းဗုန်းနှင့်ထု၍ ငိုသည်။
ာက်မှ သူ့စိတ်ကို အတော်ဖြေဖျောက်ပစ်ရသည်။

ချယ်ရီမ၏ ကိုယ်ပွားအဖြစ် ချန်ထားရစ်ခဲ့သော ဆင်ကလေးကို မိုးညိုဟု
ည်ပေးပြီး မိုးညိုကို နွားနို့တိုက်၍ မွေးမြူရလေသည်။ မိုးညိုသည် တစ်နေ့
င် နွားနို့လေးကြိမ်စို့၏။ နို့တစ်ကြိမ်စို့လျှင် နွားနို့တစ်ပိသာကျော် စို့သည်။
ကြောင့် မိုးညိုအတွက် တစ်နေ့လျှင် နွားနို့ငါးပိသာနီးပါး ကုန်ကျသည်။
းနို့ကို ကျက်အောင် ကျိုရသည်။ ပလပ်စတစ်ပုံးငယ်နှင့် ထည့်သည်။
ငယ်မှတစ်ဆင့် ပလတ်စတစ်ပိုက်ငယ်နှင့် သွယ်တန်းပြီး သူ့နှာမောင်းမှ
စ်ဆင့် သူ့ပါးစပ်ထဲရောက်အောင် ထည့်ပေးရသည်။ သူနို့ဆာလာသောအခါ
မောင်းလေးနှင့် ဟိုယမ်းသည်ယမ်း လုပ်သည်။ နို့ရှိရာကို လိုက်စမ်းသည်။
ဖွေသည်။ ထိုအခါ နို့ပုံးနှင့် သွယ်တန်းထားသော ပလတ်စတစ်ပိုက်လေးကို
နှာမောင်းလေးထဲသို့ ထိုးထည့်ပေးရ၏။ သူက ပိုက်လေးကို သူ့ဘာသာ
ယူ၍ ပါးစပ်ထဲသို့ ထိုးထည့်ပြီး ကလေးငယ်များ နို့စို့သလို တပြွတ်ပြွတ်နှင့်
လေတော့သည်။ အစပထမတွင် နို့ပိုက်ကို မလိပ်မခွေအောင် လူကယူ၍
နှာမောင်းမှတစ်ဆင့် ပါးစပ်ထဲသို့ရောက်အောင် အကူအညီပေးရသည်သာ။
ည်လိုပင် နွားနို့ပုံးငယ်ထဲက နွားနို့တွေကုန်အောင် သူ့ဘာသာသူ စို့ပစ်လေ
တော့သည်။ လူက သူတစ်ခါစို့လျှင် ကုန်နိုင်မည့်အနေအထားအတိုင်း ခန့်မှန်း၍
န့်ဆ၍ တိုက်ကျွေးရသည်။ နွားနို့တစ်ပိသာပုံး ကုန်သည်နှင့် နောက်ထပ်
တစ်လုံးကို နောက်တစ်ခါ စို့နိုင်ရန်အတွက် အသင့်ပြင်ဆင်ထားရ၏။ နို့ပုံးကို
ချဉ်မပေါက်အောင်လည်း တတ်နိုင်သမျှ ဂရုတစိုက် ဆေးကြောပစ်ရသည်။
မဟုတ်ပါက နို့ချဉ်ပေါက်ပြီး ဝမ်းပျက်မှာကို ပူပန်ရလေသည်။ သည်အတိုင်း
် နေ့ရော ညပါ ကလေးငယ်တစ်ဦးပမာ အထူးဂရုစိုက်၍ ကျွေးမွေးရသည်။
စုရသည်။ တစ်နေ့တစ်နေ့နှင့် ဆင်အကောင်ကြီးလာလေလေ နို့ ပိုကုန်လေ
လပင်။ ထို့ကြောင့် ဆင်ငယ်၏ စရိတ်က မသက်သာလှ။ သို့သော် ဖထီး
ရွှေသွင်က မညည်းမညူ ပြုစုသည်၊ ကြည်ဖြူသည်။ သူ့သား မိုးညိုနို့ဆာ၍
အော်နေသည်ဆိုသည်ကို မရှိရအောင် ဆောင်ရွက်ပေးသည်သာ။ သည်လို
ဆောင်ရွက်နိုင်အောင် သူ့မိခင်ဖြစ်သူ ချယ်ရီမက ရှာဖွေပေးထားခဲ့သည်
ဟုတ်ပါလား။

မှန်သည်၊ ဆင်တို့၏ နို့စို့သက်တမ်းကလည်း တာရှည်သည်။ သုံးလေ
နှစ်မှ ငါးနှစ်ခြောက်နှစ်အထိ ရှိသည်။

မည်သို့ဆိုစေ မိုးညိုကံကောင်းသည်။ သုံးနှစ်သားအထိ နွားနို့ကို ဝလ
အောင်စို့ရသည်။ နွားနို့အပြင် ထမင်းကစီတိုက်၍လည်း မိုးညိုကို ကျွေးမွေ
သည်။ မိုးညိုက နို့ဆာလျှင် မလွယ်၊ တကျိကျိနှင့် အော်ဟစ်နေတတ်၏။
မရ မချင်း ဖထီးရွှေသွင်၏ ချိုင်းကြား၊ လက်ကြားတို့ကို တယမ်းယမ်းနှ
ပွတ်သပ်၏။ ထို့နောက် သူ့အဖေကို အတင်းဖက်ကာ အော်ဟစ်နေတော့၏
ထိုအခါ ဖထီးဦးရွှေသွင်က-

"နော်မူဆေးရေ လုပ်ပါဦးဟ ငါသေတော့မယ်၊ နင့်သားကို နို့ပေးလိုက
ပါအုံး"

ဟု အော်ပြောမှ လွှတ်ပေးတတ်သည်။ နို့မရမချင်း ဖထီးကို လွှတ်မပေး
ဖက်တွယ်ထားတတ်လေသည်။ တစ်ခါ တစ်ခါ စခန်းအတွင်းရှိ ဆင်သားသ
မိခင်များထံသို့ခေါ် သွားပြီး နို့ချော့တိုက်ရသည်။ အချို့ဆင်မကြီးတို့က ကြည
စွာပင် နို့ပေးတိုက်သော်လည်း မိုးညိုက မစို့ရဲ။ ထိတ်လန့်ကြောက်ရွံ့နေတ
သည်။ မိုးညိုကို မနည်းချော့၍တိုက်ရသည်။ ထိုအခါမှ မိုးညိုက စို့ရဲသ
မိုးညိုရဲတော့လည်း ကြောက်ဖို့ပင်ကောင်း၏။ တွေ့သမျှ ဆင်မတွေ၏ နို့
ကို အတင်းလိုက်စို့တတ်၏။ အချို့ဆင်မများက မိုးညိုလာလျှင် လက်
အတင်းလိုက်အောင်းပစ်တတ်၏။ မိုးညိုပင် တစ်ခုခုဖြစ်မှာ ပူရသည်။
ကြောင့် ဆင်နို့ကို ဆင်စိတ်မပျောက်အောင် အတော်အတန်သာ တိုက်ေ
ရ၏။ နွားနို့နှင့် ကစီတိုက်ထားသော ထမင်းရည်ကိုသာ မိုးညိုကို တိုက်ေ
ပြုစုရသည်။ ဝမ်းမပျက်အောင် အထူးဂရုစိုက်ရ၏။

မှန်သည် ဆင်ဖြစ်ပါလျှင် ဆင်နို့ မစို့ရလျှင် ဆင်စိတ်မဝင်မှာ ပူရ
ဆင်တို့မှာ မွေးလျှင်မွေးချင်း မိမိ၏ မိခင်ဖြစ်သူ၏ နို့ရည်ကြည်ကို သောက်
ရဖို့ အလွန်အရေးကြီး၏။ ဆင်၏ ပထမဦးဆုံး နို့ရည်ကြည်ကို (Colu St
ကော်လာစတမ်ဟုခေါ် သည်။ ကော်လာစတမ်သောက်ရသော ဆင်တို့မှာ
၍ အားအင်ပြည့်ဖြိုးသည်။ ဆင်၏ဗီဇမျိုးစေ့ နို့ရည်ကြည်ဟုပင် ခေါ်ကြသ

မည်သို့ဆိုစေ ဆင်ဖြစ်ပါလျက် ဆင်၏နို့ရည်ကြည်ကို မသောက်သုံးရ
ဆင်စိတ်မရှိနိုင်ဟု ဖထီးဦးရွှေသွင် ယူဆသည်။ ထို့ကြောင့် ကော်လာစ



မသောက်သုံးရသော်လည်း ဆင်တို့၏ နို့ကိုစို့နိုင်အောင် ဖထီးက ဖန်တီးပေး
သည်။ မိုးညိုအဖို့ နွားနို့လည်းသောက်ရသည်။ ဆင်နို့လည်း စို့ရ၏။ ထို့ကြောင့်
မိုးညို၏ သန်မာထွားကျိုင်းမှုမှာ သာမန်ထွားကျိုင်းမှုထက် မည့်သောခွန်အား
ကို မိုးညိုရရှိနေပြီတည်း။

စပါးကြိုက်သည့် မိုးညိုကို စပါးလည်းကျွေးရသည်။ ဆီးဝမ်းမှန်အောင်
ခန်းကျည်းမှည့်ကို ဆားနှင့်တေ၍ တစ်ပတ်နှစ်ခါကျွေးမွေးရသည်။ (တောနေ
ဆင်များအဖို့ ဝမ်းမမှန်လျှင် သူ့ဘာသာသူ ငုခေါက် ခွာစားတတ်၏။ ဆားပါ
သော မြေကိုလည်း ရှာဖွေ၍ စားသောက်တတ်ကြလေသည်။)

မိုးညိုအဖို့ တစ်ခါတစ်ရံ၌ ထမင်းပင်စားသည်။ ထမင်းတုံးကို ဆားဖြူး၍
ကျွေးလျှင် ထမင်းတစ်လုံးမှ မဖိတ်အောင် နှာမောင်းနှင့်ပွေ့ယူပြီး စားတတ်
သည်၊ တောင့်ကက်ပျောအူနှင့် ဝါးနုနုလေးများကို မကြိုက်ချင်တော့။ မနည်းပင်
ရုစိုက်၍ ကျွေးရသည်။ သည်တော့မှ မစားချင်စားချင်နှင့် စားရာမှ နောက်
တော့ အလေ့အကျင့်လေး ဖြစ်သွားသည်။

လူ၏ အယုအယ အပြုအစုတို့ဖြင့် ကြီးပြင်းလာသော မိုးညိုမှာ ဆင်ပင်
ဖြစ်သော်လည်း ဆင်လိုမနေတတ်။ ဆင်နှင့်လည်း မပေါင်းသင်းတတ်။ လူနှင့်
နေများ၍ လူစားသော အစာကို လိုက်စားတတ်သော မိုးညိုသည် ဆင်စိတ်
ပျောက်ပြီး လူစိတ်ပေါက်နေပြီလား မဆိုနိုင်။ ညအချိန်ရောက်၍ သူအိပ်တော့
မည်ဆိုလျှင် ဖထီးရွှေသွင်ကို တင်းကုပ်ထဲက အတင်းအော်ခေါ်နေတတ်သည်။
ထိုအခါ ဖထီးရွှေသွင်က သူ့အနားသို့သွားပြီး-

"သား. . . ဘာဖြစ်နေတာလဲ အိပ်တော့လေ"ဟု ချော့မော့၍ တင်ပါးကို
ပုတ်သိပ်မှ အိပ်၏။ မအိပ်ခင် ဖထီးရွှေသွင်ကို သူ့နှာမောင်းနှင့်ပွေ့ပိုက်၏။
ဖထီး၏လက်ကို နှာမောင်းဖြင့်ရစ်ပတ်ပြီးမှ မတ်တပ်ပင် တင်းကုပ်တိုင်ကို
မှီ၍အိပ်သည်။ တစ်စုံတစ်ခုကို ကြောက်လန့်သော စိုးရိမ်စိတ်သည် မိုးညိုကို
ခြိမ်းခြောက်တမ်းစိုးမိုးနေတတ်၏။ ကလေးငယ်တစ်ဦးလိုလည်း အယုအယ ခံချင်၏။
ကြီးမားသော နှလုံးသားနှင့် အားငယ်သော စိတ်သည် မိုးညိုထံ၌ အားပြိုင်ရောက်
ရှက် နေတတ်သည်။

ဖထီးရွှေသွင်၏ ဒုက္ခကလည်း မသေးလှ။ မိုးညိုအိပ်မှ အိပ်ရ၏၊ မိုးညိုက
အစ်ရေးနိုး၍ ပိုက်ဆာလျှင်လည်း ထ၍အော်ချင်အော်တတ်သည်၊ ထို့ပြင်

မိုးသည်းသည်းရွာတုန်း မွေးခဲ့သော မိုးညိုသည် မိုးခြိမ်းသံကိုလည်း ကြောက်တတ်၏။ မိုးရွာ၍ မိုးတွေခြိမ်း လျှပ်တွေလက်သောညဉ့် သူ့မိခင်ကြီးမှာ-

"သားရေ၊ သားရေ"

ဟု တကျိုကျို အော်ဟစ်ရင်း သေဆုံးသွားခဲ့ရသည်သာ။ သည်လိုညမျိုးကို ကြောက်လန့်ခဲ့သော မိုးညိုသည် အသက်ကလေး ရလာသော်လည်း မိုးခြိမ်းသံကြားလျှင် မနေနိုင်၊ မထိုင်နိုင်ဖြစ်တော့၏။ ကြောက်လန့်တကြီး အော်ဟစ်ပြီး သူ့အမေ၊ သူ့အဖေရှိရာသို့ ရောက်ရာအရပ်မှ ပြေးလွှားလာခဲ့သည်သာ။ မိုးခြိမ်းသံနှင့် မိုးကြိုးပစ်သံကို ကလေးများကြောက်သလို မိုးညိုလည်း ကြောက်တတ်သည်။ ကြောက်သည်မှ နှလုံးသားထဲသို့ လျှပ်စစ်ရောင်ခြည်ဓာတ်နှင့် တို့လိုက်သလို စူးရှကျင်တတ်၍ ဆောက်တည်ရာပင် မရတတ်။ ရင်တလှပ်လှပ် အသည်းတဖိုဖို ဖြစ်နေတတ်သည်။

ထို့ကြောင့် မိုးရွာ၍ ကလေးတွေ မိုးရေချိုးနေသည်ကိုမြင်လျှင် မိုးညိုအဖို့ ဆင်းကုပ်ထဲ၌ ခုန်ပေါက်နေတတ်၏။

"ဟေ့ မိုးညို လာဟေ့. . . တို့နဲ့မိုး ရေချိုးရအောင်"ဟု ကလေးတွေက ခေါ်လျှင်မကြိုက်၊ တကျိုကျိုနှင့်အော်၍ သူ့အမေကို တိုင်တော့၏။

"အမေရေ ဟောဒီမှာ လိုက်စနေတယ်"

ဟုပင် ပြောကြားနေသယောင် ထင်မှတ်ရ၏။ ထို့နောက် ဆင်ချေးတုံးတွေနှင့် ကလေးများကို ပစ်ပေါက်ခြောက်လှန့်သည်။ သည်လိုအခါမျိုးတွင် အမိုး နော်မူဆေးက သူ့တင်းကုပ်ထဲသို့ ဝင်ရောက်လာတတ်သည်။ ကလေးတွေကို မောင်းထုတ်တော့၏။

"ဟဲ့. . . ကလေးတွေ၊ သွားကြ၊ သွားကြ၊ ငါ့သားမျက်စိနောက်အောင် လာမလုပ်ကြနဲ့"

ဟု အော်ဟစ်မာန်မဲပစ်သည်။ ကလေးတွေထွက်သွားသောအခါ သူ့အမေကို နှာမောင်းဖြင့်ရစ်ပတ်၍ တစ်ကိုယ်လုံးကို လိုက်လံနမ်းရှုတ်ပစ်သည်။

"ဒါမှ ဒို့မေမေကွ"

ဟု ပြောကြားနေသယောင် ထင်မှတ်ရသည်။ ဝမ်းသာအားရဖြစ်နေသော မိုးညိုကို နီ့ချိုချိုနှင့် အစားအစာပင်မက နှလုံးသားနှင့်ဘဝပါ ပုံ၍ထားရသည်။



မိုးညို၏အလိုကို သူ့အမေ၊ သူ့အဖေက သိသလို သူ့မိဘများ၏ လိုအပ်ချက်ကိုလည်း မိုးညိုက သိသည်သာ။ လူနှင့်နေ၍ လူကင်းပါးပြီး လူလိုသိသော မိုးညိုပါတကား။

မှန်သည်၊ ယခုလို မိုးညိုသည် လူတွေလုပ်နိုင်သော အလုပ်မှန်သမျှ ခိုင်း၍ရသည်။ သင်၍လွယ်သည်။ ဆန့်ဖွပ်နိုင်၏။ မောင်းထောင်းနိုင်၏။ ရေအိုးကို ရေတစ်စက်မျှ မဖိတ်နိုင်အောင် နှာမောင်းနှင့်ပွေ့ပိုက်၍ ခပ်နိုင်၏။ ထို့ကြောင့် အိမ်၌ သုံးရေသောက်ရေဟူ၍ ပူပန်စရာ မလို၊ သူများခပ်ချိန်ဆိုလျှင်-

"ဟဲ့. . . မိုးညို ရေခပ်သွားတော့လေ"ဟုပင် ပြောစရာမလို။ မိုးညိုက အလိုက်သိပြီးသား၊ ရေခပ်လွန်း၍ မနည်းပင်တားထားရသည်၊ သူနှင့်အတူ ရေခပ်ထွက်သော မိန်းကလေးများ၏ ဦးခေါင်းပေါ်သို့ပင် ရေအိုးကို တယုတယပင် လိုက်ပင့်ပေးတတ်သည်။

ဤသည်တို့ကြောင့် စန္ဒာဦး ရေခပ်ရန်ခေါ် လိုက်သည်နှင့် မိုးညိုမှာ မနေနိုင်၊ မထိုင်နိုင် ဖြစ်ရသည်။ သူ့ခပ်နေကျ ရေအိုးကို နှာမောင်းနှင့် ပွေ့ပိုက်၍ စန္ဒာဦးနောက်သို့ အူယားဖားယား ပြေးလိုက်သွား၏။ တောင်ကျစမ်းချောင်း ရောက်သည်နှင့် စန္ဒာဦး၏ ရေအိုးကို နှာမောင်းဖြင့် ပင့်ပေးပြီး သူ့ကိုယ်တိုင်လည်း ရေအပြည့်ခပ်ကာ အိမ်သို့ စန္ဒာဦးနှင့်အတူ ပျော်ရွှင်စွာ ပြန်လာချေမည်သာ။

မိုးညိုသည် စန္ဒာဦးကို ချစ်နေပြီလားမဆိုနိုင်။ မိုးညို၏ ပန်းနုရောင် နှလုံးသားကို လက်ကြမ်းကြီးတို့ဖြင့် ဖျစ်ညှစ်ခံရမည်ကို ဖထီး မလိုလား။ ဖိုရာမှ အိုလာသော ဖထီးသည် လူတို့၏ ဖောက်ပြန်တတ်သော စိတ်ရောင်စုံ နှလုံးသားအကြောင်းကို ကောင်းကောင်းသိ၏။ သဘာဝချင်း၊ ဘဝချင်း မတူမညီမှုကြောင့် တစ်ချိန်ကျလျှင် မိုးညိုလွမ်းရမည်ကို ဖထီးသိ၏။ ဟန်ဆောင်အချစ်ကို အရင်းတည်၍ ကိုယ်လိုရာကို ရအောင်ယူတတ်သော လူတို့၏ အကြောင်းကို မိုးညိုအား သိစေချင်ဘိသည်။

မည်သို့ဆိုစေ လှပသော စန္ဒာဦး၊ မွှေးပျံ့သင်းကြိုင်သော စန္ဒာဦးသည် မိုးညိုပင်မက ကျွန်းတောစုတစ်ရွာလုံးကိုပင် လွှမ်းခြုံနိုင်၏။ လူလှသလို အသံသာ၏။ အသံနှင့်အတူ စွဲဆောင်တတ်သော မျက်ဝန်းသည် လပြည့်ဝန်းနှယ် တည်း။

စန္ဒာဦး၏ မျက်လုံးတစ်ချက်အပင့် အပြုံးတစ်ချက် ဆင့်လိုက်လျှ နှလုံးသားတို့မှာ တဆတ်ဆတ် တုန်သွားနိုင်သည်။ တည်ငြိမ်သော ရေပြင်ကို ဂယက်ထအောင် စွမ်းဆောင်နိုင်သော အရည်အချင်းသည် စန္ဒာဦးထံ၌ ရှိသည်။

မှန်သည်။ စန္ဒာဦးမှာ မျက်လုံးပြူးပြူး၊ နှာတံသွယ်သွယ်၊ ဖြူဖြူချောချော ခန္ဓာကိုယ်အချိုးအဆစ် ကျနသော လုံးကြီးပေါက်လှ မိန်းကလေး။

မိုးညိုနည်းတူ ရွာထဲက ကာလသားများပင် စန္ဒာဦး၏အလှ၌ ကြည်မော နေတတ်၏။ စန္ဒာဦးရှိမည့်နေရာဆိုလျှင် ကာလသားအချို့ မယောင်မလည်နှ ရောက်လာတတ်သည်။ ရေခပ်ချိန်ဆိုလျှင် စမ်းချောင်း၌ စောင့်သူစောင့်ကြ သည်။ စန္ဒာဦး၏ရေအိုးကို သူပင့်ပေးချင် ငါပင့်ပေးချင်နှင့် ဖြစ်ကြသည်။ အထ သဖြင့် ထိုအထဲ၌ ချစ်ခိုင်က အကဲဆုံးပင်။ ချစ်ခိုင်သည် ဆင်ပိုင်ယာပိုင်ရှိ၏ ထို့ပြင် အရည်အချင်းပြည့်ဝသော ဆင်ဦးစီးကောင်း တစ်ယောက်လည်း ဖြစ် သည်။ ရိုးသားသည်။ အလုပ်ကြိုးစားသည်။ သူ့ဆင် ချစ်ကောင်းကို သူကိုယ်တိုင် ဦးစီးနိုင်သူတည်း။

စွယ်စုံဆင်ကြီး ချစ်ကောင်းစံကို ဦးစီးနိုင်သော ချစ်နိုင်သည် စန္ဒာဦးနှ ကျမှ ဝပ်နေသည်။ လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင် ဖြစ်နေ၏။ စန္ဒာဦး အနားသို့ ကပ်ချင်တိုင်း ကပ်၍မရ။ စန္ဒာဦးက သူတစ်ယောက်တည်း လာ သွားခဲသည်။ အဖော်အပေါင်းနှင့် သွားလာသည်။ ရေခပ်မည်ဆိုလျှင်လည် စန္ဒာဦး၏ သက်တော်စောင့်အဖြစ် မိုးညိုက အပါးတော်၌ ပါလာတတ်သည်

မိုးညိုနှင့် စန္ဒာဦးတို့ ရေခပ်လာပြီဆိုလျှင် ချစ်နိုင်ပင်မက အခြာ မည်သည့် ယောက်ျားပျိုမျှ စန္ဒာဦးအနီးသို့ မကပ်ရဲ။ ချစ်နိုင်ကပ်သည်ကိုလည် မိုးညိုက မကြိုက်။ ချစ်နိုင်က ဆင်နှင့်ကျွမ်းဝင်သူ မို့ မိုးညို၏ အရိပ်အခြည်ကို အကဲခတ်၍ ကပ်ရသည်။ သို့သော် မိုးညိုက-

"ဟေ့ကောင်. . . . သွားကွာ. . . . သွားကွာ"

ဟူသည့် သဘောမျိုးဖြင့် တွန်းထိုးပစ်သည်က များ၏။ သို့သော် ချစ်ခိုင် က တဇွတ်ထိုး ဆန့်သည်။ စန္ဒာဦးအနားသို့ မရ ရအောင်ကပ်သည်။ ချစ် ဆိုသည်။ ဖွဲကြီးကြီးနှင့် စန္ဒာဦး၏မေတ္တာကို တောင်းခံသည်။ ပြီးတော့ စန္ဒာဦ ၏ လက်ကို အတင်းဆွဲသည်။ စန္ဒာဦးက ရုန်းသည်။



သည်အခါ မိုးညိုနှင့် ပက်ပင်းသွားတိုးတော့၏။ မိုးညို၏ဒေါသ ဝုန်းကနဲ ပေါက်ကွဲတော့သည်။ ချစ်ခိုင်ကို ဆတ်ခနဲ ဖမ်းဆီးသည်။ နှာမောင်းနှင့် ပွေ့ပိုက်၍ ပေါက်သတ်နင်းခြေပစ်ရန် အားယူတာစူသည်။

"ဟဲ့. . . မိုးညို. . . မလုပ်နဲ့. . . မလုပ်နဲ့. . . လွှတ်လွှတ်. . နင် လူသတ်မှုနဲ့ အဖမ်းခံရမယ်"

ဟု စန္ဒာဦးက မျက်ကလူးဆန်ပျာ ပြောသည်။ ပြီးတော့ မိုးညို၏ နှာမောင်းကို အတင်းဖက်တွယ်ထား၏။ ချစ်ခိုင်ကတော့ မည်သို့မျှ မပြော။ ဖြူစုပဟန်လည်း မပြ၊ ဆင်နှင့်ရင်းနှီးနေသူမို့ သည်ကိစ္စမျိုး အဆန်းလည်း မဟုတ်တော့။ မိုးညိုသတ်လျှင်လည်း သူသေရဲသည်။ မိုးညို သူ့ကို လုပ်ချင်သလိုလုပ် သူခံရဲသည်။

"လုပ်ပါစေ စန္ဒာရယ်၊ လုပ်ပါစေ၊ ဒီဘဝရောက်မှတော့ မထူးတော့ပါဘူး။ ကိုယ်သေလည်း သေပါစေတော့၊ အမြဲတမ်း စိတ်ဆင်းရဲနေတဲ့ဘဝဟာ ရင်နာစရာကောင်းပါတယ်ကွာ"

ဟုပြောပြီး ငြိမ်သက်နေ၏။ ရုန်းခြင်းကန်ခြင်း မလုပ်။ သူ့မျက်လုံးအစုံကို မှိတ်လိုက်သည်။ ဘာကိုမျှ ချစ်ခိုင်မမြင်ချင်တော့၊ ဖြစ်လိုရာ ဖြစ်ပါစေတော့ဟု သဘောထားလိုက်လေသည်။

"မိုးညိုက ချစ်ခိုင်ကို သတ်မလို့ သတ်မလို့"

ဟူသော သတင်းက ရွာထဲသို့ တစ်မဟုတ်ချင်း ပျံ့နှံ့သွားသည်။ လူတွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ အခင်းဖြစ်ပွားရာသို့ ရွာထဲကလူတွေ ရောက်လာကြသည်။ ထိုအထဲ၌ ဖထီးဦးရွှေသွင်လည်း ပါသည်။ ဖထီးဦးရွှေသွင်က လူအုပ်ကြားထဲမှ အတင်းတိုးထွက်လာသည်။ ပြီးလျှင် မိုးညိုအနားသို့ ရောက်သည်နှင့်-

"သား. . . လူလေး မလုပ်နဲ့ မလုပ်နဲ့ လွှတ်လိုက်သားလေး ချစ်ခိုင်ကို လွှတ်လိုက် "ဟု ချော့မော့ကြရသည်။ သည်တော့မှ ချစ်ခိုင်ကို မိုးညိုက မလွှတ်လွှတ်ချင်နှင့် လွှတ်ပေးလိုက်တော့သည်။ သို့မဟုတ်ပါက ချစ်ခိုင်အဖို့ အရိုးတခြား အသားတခြား ဖြစ်သွားနိုင်သည်။

သည်ကတည်းက စန္ဒာဦးအနားသို့ ချစ်ခိုင် ရဲရဲမကပ်ရဲတော့။ ချစ်ခိုင် ဖြူသွားသည်။ ချစ်ခိုင်နည်းတူ မိုးညိုရှိလျှင် စန္ဒာဦးအနားသို့ မည်သူမျှ မကပ်ရဲ။

မနောက်ပြောင်ရဲတော့။ စန္ဒာဦးသည် မိုးညို၏နှလုံးသားဟုပင် ဆိုရမလိုဖြစ်နေ တော့၏။ စင်စစ် မိုးညိုမှာ စန္ဒာဦး၏ ကိုယ်ရံတော် တပ်မှူးလေးပင်တည်း။

မည်သို့ဆိုစေ ချစ်ခိုင်ကို မိုးညိုကိုင်ပေါက်ရန် ကြံစည်လိုက်ကတည်းက ချစ်ခိုင်၏ မေတ္တာစမ်းရေသည် စန္ဒာဦးထံသို့ စီးဆင်းခွင့်ကြုံသွားရ၏။ စန္ဒာဦး၏ နှလုံးသားမှာ ချစ်ခိုင်ကြောင့် လှုပ်ရှားသွားရ၏။ သူ ငါ့ကို ဒီလောက်တော ချစ်တာကိုး။ ဟူသော သက်သေပြချက်က ချစ်ခိုင်ဘက်က ခိုင်လုံသွားခဲ့ပြီ တံခွန်ထူလိုက်နိုင်လေပြီ။

သည်အတွက် ချစ်ခိုင်က မိုးညိုကို ကျေးဇူးတင်လေသည်။ အဆိုးဆုံး အချိန်ကို မိုးညိုက ဖန်တီးပေး၍ အကောင်းဆုံးအချိန်ကို ချစ်ခိုင်က ကြုံရနေ သည်။ ထို့ကြောင့် ချစ်ခိုင်က မိုးညိုကို ကပ်ပေါင်းတော့၏။ မိုးညိုကြိုက်တတ် သော အစားအစာများကို တကူးတက ယူဆောင်လာ၍ မိုးညိုကို ကျွေးသည် မိုးညိုရေချိုးသည့် အခါနှင့်ကြုံလျှင် မိုးညိုကို ဆူးရစ်နွယ် ဒိုးနွယ်တို့နှ ပွတ်တိုက်ဆေးကြောပေး၏။ အစွယ်ကြိုအကြားမှ အမှိုက်များ ကြေးများနှ ဝမ်းဗိုက် အောက်က ပိုးကောင်မွှားကောင်များပင် မကျန်ရအောင် ဂရုတစိုက် ဆေးကြောသန့်စင်ပေးတတ်သည်။ ဤသည်တို့ကြောင့် ချစ်ခိုင်ကို မိုးညိုက ချစ်ခင်စ ပြုလာသည်။ ကြာလာသောအခါ ချစ်ခိုင်ကို မိတ်ဆွေတစ်ဦးလို အသိအမှတ်ပြုလာသည်။ သို့သော် ချစ်ခိုင်ခေါ်လျှင် မကြာခဏ ရောက် သည်သာ။

မိုးညို၏ ရန်သူသဖွယ် ဆက်ဆံမှုအပေါ် ချစ်ခိုင်၏ ခွင့်လွှတ်တတ်သော စိတ်ထားက အနိုင်ယူ လွှမ်းမိုးသွားချေပြီတည်း။

“လာသား. . . . တို့ သားအဖ ကြိုးဝိုင်းထဲ သွားကြရအောင်”

ဖထီးရွှေသွင်က မိုးညိုကို ခေါ်သည်။ မိုးညိုမှာ ယခုဆိုလျှင် ဆင် လော လောက်လားလားဖြစ်စပြုပြီ။ အသက်ကလည်း တစ်ဆယ့်ခုနစ်နှစ်သား ဆင်ပျိုဖော်ဝင်ပြီ။ ယခင်က တိုနံ့နံ့အစွယ်မှာ ယခုတော့ ကော့ပျံလာပြီ။ ဖွေးဖြ ၍လုပလာသည်။ ကျဉ်းသော မျက်လုံးငယ်မှာ အရောင်တဖိတ်ဖိတ် တောက် လာသည်။ စူးစမ်းဟန်အကြည့်နှင့် အတွေ့အကြုံအသစ်တို့ကို သုံးသပ်တတ လာသည်။ အားခွန်တို့မှာလည်း ပြည့်ပြည့်ဖြိုးဖြိုးမို့ ဆင်တို့အင်္ဂါရပ်နှင့် ညီညွ လာလေပြီ။



ထို့ကြောင့် ယခင်ကလို မိုးညိုရွာထဲသို့ သိပ်မသွားရတော့။ ဖထီးက ည်းကမ်းလုပ်ထားသည်။ ထူးကြိုးကို မလွှတ်ပေးတော့။ အစားအစာကို လူက တ်ကျွေးသည့်အခါ ကျွေးသည်။ တောထဲသို့ ထူးကြိုတန်းလန်းနှင့် သားအဖ စ်ယောက် သွားသည့်အခါသွားသည်။ တောနှင့်တောင်နှင့် ယဉ်ပါးအောင်၊ အကျွမ်းတဝင်ရှိအောင် သူ့အဖေက သင်ကြားပေးသည်။ လူတွေနှင့်နေပြီး ူစာကို စားတတ်၍ လူစိတ်ဝင်နေသော မိုးညိုကို ဆင်စိတ်ဆင်သွေးဝင် အောင် သွန်သင်ဆုံးမရ၏။

ဤသည်တို့ကြောင့် ယခင်က မိုးခြိမ်းသံကြားလျှင် ကြောက်တတ်သော လျှပ်စီးလက်လျှင် အသည်းယားတတ်သော အကျင့်တို့လည်း မိုးညိုထံတွင် ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ။ ယခုတော့ မိုးညိုသည် မိုးကို မကြောက် တော့။ မိုးခြိမ်းသံကိုလည်း ဂီတသံသဖွယ် နားယဉ်နေချေပြီ။ ထို့ပြင် မည်သည့် င်ကိုမဆို မိုးညို မကြောက်တော့ အားအင်ပြည့်ဖြိုးနေပြီမို့ အစဉ်အမြဲ နိုးသစ် န်းဆန်းနေသည်သာ။ မိုးညိုသည် သူ့အဖေကို မျက်လုံးကျဉ်းလေးနှင့် က်ကြည့်သည်။ ခပ်ပေပေလုပ်နေသေး၏။ နားရွက်တစ်ချက်ပင် မခပ်၊ ညိုစိတ်တွေ မှန်မှမှန်ပါ့မလားဟု ဖထီးရွှေသွင်တွေးနေ၏။ တစ်ခါတုန်းက န္ဒာဦးက မိုးညိုကို စတတ်၏။

“ဟေ့. . မိုးညို မြို့သားတောရောက် မူးနောက်နောက်။ ခြသံလေးက ဒေါက်ဒေါက် တဒေါက်ဒေါက် ”

ဟု စဖူး၏။ထို့ကြောင့် မိုးညို၏စိတ်တွေ မှန်ရဲ့လားဟုလည်း တွေးရ၏။

မှန်သည် ယခုတစ်လော မိုးညိုသည် ယခင်ကလို မဟုတ်တော့။ ထူးခတ် ားပြီးကတည်းက ခပ်ငိုင်ငိုင် ဖြစ်နေတတ်၏။ တစ်စုံတစ်ခုကို အမြဲတမ်း တွေးတောနေသည့်ပုံကို ခပ်ငိုင်ငိုင် ဖြစ်နေ၏။

ထို့ကြောင့် အကင်းပါးသော ဖထီးရွှေသွင်က စိတ်ပြေလက်ပျောက် ည်းဖြစ်၊ တောထဲတောင်ထဲက လုပ်ငန်းအတွေ့အကြုံလည်းရအောင် မိုးညို သစ်တောကြိုးဝိုင်းထဲသို့ သွားလည်ရန် ခေါ်ခြင်းပင်။ တောထဲတောင်ထဲ၌ စ်ဆွဲနေသောဆင်တို့ကို မိုးညိုအား ပြသမည်။ ထို့နောက် သူတို့သားအဖ ည်း တက်နိုင်သမျှ သစ်ဆွဲခြင်း အလုပ်ကို ဝင်လုပ်ကြည့်မည်။ မိုးညိုကို

သည်နှစ် အလုပ်သင်ပေးမည်။ ရှေ့နှစ်ဆိုလျှင် မိုးညိုကို သစ်ကောင်းမွန်စွာ ဆွဲနိုင်သော ဆင်တစ်ကောင် ဖြစ်စေနိုင်ရမည်ဟု သူက မှန်းထား၏။

အတန်ကြာမှ မိုးညိုက သူ့နားရွက်ကို တဖျတ်ဖျတ်ခတ်လာသည်။ တင်းကုပ်တွင်းမှ ခပ်မှန်မှန် ထွက်လာသည်။ သူ့အဖေအနားသို့ ရောက်သည် နှင့် ကိုယ်ကိုဆတ်ခနဲ ညွတ်၍ ဝပ်စင်းပေးလိုက်လေသည်။

"အေးကွ ဟုတ်သားပဲ. . . . ငါ့သားက မတ်တောင်မတ်တတ်နေပြီ"

ဖထီး သဘောကျသွားသည်။ သူ့ရှေ့၌ ဝပ်နေသော မိုးညို၏ လက် တစ်ဆင့် လည်ကုပ်ပေါ်သို့ စွေ့ခနဲ ခုန်တက်သွားလေသည်။

"သားကြီး. . . လွတ်. . လွတ်"

သူ့အဖေက မိုးညိုကို အမိန့်ပေးသည်။ မိုးညိုသည် သူ့အဖေဖြစ် သူ ဦးကင်းပေါ်သို့ရောက်သည်နှင့် ဝပ်နေရာမှ ထသည်။ ထို့နောက် ခလောက်သံ ညည်ညည်ပေး၍ သစ်တောကြီးဝိုင်းရှိရာ တောအုပ်ဆီသို့ တရွေ့ရွေ့နှင့် ထွက်ခွာ သွားလေတော့သည်။

လေပြည်လေညင်း သွဲ့သွဲ့တိုက်ခတ်လာသည်။ ထိုအခါ သစ်တောအုပ် ဆီမှ ဆန်းသစ်သော ရနံ့တို့သည် လေပြည်နှင့် ရောထွေးကာ မိုးညိုတို့ သားအဖကို လှမ်းခြိုလိုက်လေသည်။-

မိုးညိုအဖို့ အတွေ့အကြုံအသစ်တို့ဖြင့် ဆန်းသစ်နေ၏။ တောထဲ တောင်ထဲ၌ ခလောက်သံ ညည်ညည်ပေး၍ သစ်လုံးများကို ဆွဲနေကြသော သူ့ ညီအစ်ကိုတော် ဆင်များကို မြင်ရ၏။ ထို့နောက် လှပသော ရေတံခွန် စမ်းချောင်းတို့၌ တပျော်တပါး ရေချိုးနေသော ဆင်များကိုလည်း တွေ့မြင်ရ သည်။ လူတွေ၏ တယုတယ ပွတ်တိုက်ဆေးကြောပေးနေမှုကိုလည်း မြင်ရ၏။ ဆင်ငယ်လေးတစ်ချို့မှာ စမ်းချောင်းအတိုင်း မြူးတူးပျော်ပါး ပြေးလွှားနေသည် ကိုလည်း မြင်ရလေသည်။

ထို့ကြောင့် သူလည်း ရေတံခွန် စမ်းချောင်းထဲဆင်းပြီး ရေချိုးကြည့်ချင် ၏။ ပြေးလွှားကြည့်ချင်၏။ စိတ်လွတ်ကိုယ်လွတ် နေကြည့်ချင်၏။ ကြီးမား သော သစ်လုံးတွေကို အခြားဆင်များဆွဲသလို ဆွဲကြည့်ချင်၏။ ယခုမှပင် သူ့ တစ်ကိုယ်လုံး ရှိန်းရှိန်းထ၍ သွေးကြွလာသည်။ ဆင်စိတ် ဆင်သွေးနှင့်



စိတ်ရဲမာန်တို့မှာ မိုးညိုထံသို့ အလိုလို ရောက်ရှိလာလေသည်။

"သားကြီး. . . တို့သားအဖ သစ်ဆွဲကြည့်ရအောင်"

ဟု သူ့အဖေကပြောသောအခါ မိုးညို မငြင်းမိ။ ရင်သိုင်းကြိုးတပ်၍ န်ဆာပလာ ဆင်သည်ကိုလည်း ငြိမ်နေ၏။

"ဖထီး၊ ခင်ဗျားသား ဖြစ်ပါ့မလားဗျ"

ဆင်ခေါင်းကြီး ဦးအောင်လုံက ဆိုသည်။ မိုးညို၏ ဟန်ပန်ကို ကြည့်၍ ကဲခတ်မရ။ ပျော့ညံ့ညံ့ဟုထင်သည်။ ဆင်ကို ဆင်လိုမမွေးဘဲ လူလိုမွေးပြီး င်ဖြစ်လာသော မိုးညိုကို ဆင်မိန်းမလျာဟု ယူဆပုံရလေသည်။

"ခင်ဗျားကလည်း အထင်သေးလိုက်တာ၊ ကျုပ်သားလဲ ဆင်ပါပဲဗျ။ များတောင်တွေ သစ်တစ်တန်ပြီးရင် ကျုပ်သားက သုံးတန်ပြီးစေရမယ်ဗျ။ း ကြားလား၊ ဒို့သားအဖကို သူတို့ သိပ်အထင်သေးနေတယ်။ ကဲ. . . ဆွဲလိုက်စမ်းကွာ ယောကျ်ားပဲ"

ဖထီးက သူ့သားကို အထင်သေးရပါမည်လားဟု စိတ်မကောင်း ဖြစ်သွား သည်။ ထို့ကြောင့် ဦးအောင်လုံကို ပြန်ပြောရင်း သူ့သားကိုပါ အားပေးစကား ာလိုက်သည်။ မိုးညိုရင်ထဲ၌ နင့်ခနဲဖြစ်သွားသည်။

"သူများတွေတောင် လုပ်နိုင်သေးတာ ငါက ဘာကောင်မို့လို့ မလုပ်နိုင် ာလဲ။ စောင့်ကြည့်ဦးပေါ့ကွာ"

ဟု တွေးရင်း စိတ်ကိုတင်းလိုက်သည်။ ထို့နောက် ကျွန်းတုံးကြီးကို ာင်ကြောအတိုင်း ဝေါခနဲ ဆွဲချသွားလေတော့သည်။ ကျွန်းတုံးကြီးမှာ ညို၏နောက်မှ တအိအိနှင့် လိုက်ပါသွားလေတော့၏။

"သား. . . သား. . . ဖြည်းဖြည်း. . . ဖြည်းဖြည်း"

ဦးကင်းထက်မှ ဖထီးက မိုးညိုကို သတိပေးရတော့၏။ သည် တော့မှ ညိုက ကျီခနဲ တစ်ချက်အော်ရင်း ခပ်မှန်မှန် ဆွဲပြလိုက် လေသည်။

"အေး. . . ဟုတ်ပြီ၊ မိုးညိုကွ၊ မိုးညိုကွ"

"တောင့်ထား. . . တောင့်ထား. . . တကယ့်ဆင်ကြီးဖြစ်ပြီပေါ့၊ အလုပ် စားလို့ ရပြီကွ၊ မိုးညိုကွ၊ မိုးညို"

ဆင်အုပ်ကြီး ဦးအောင်လုံနှင့် ဆင်ဦးစီးအချို့က အားပါးတရ အော်ဟစ်

လိုက်သည်။ သူတို့၏ အားပေးအော်ဟစ်သံမှာ သစ်တောကြီးဝိုင်းတစ်ခုလုံး
ပဲ့တင်ထပ်၍ ညံသွားလေ၏။ ထို့ကြောင့် အခြားဦးစီးများ၊ ဆင်လုပ်သား
မိသားစုများက မိုးညိုကို အံ့ဩဟန်နှင့် ဝိုင်းကြည့်နေကြသည်။

သည်စခန်း၌ အလုပ်လုပ်ရန် ဆင်လိမ္မာတစ်ကောင် ရောက် လာသည်
မည်သူစာ ဝမ်းမသာဘဲနေမည်နည်း။ မိမိတို့၏ ဘဝတူ လုပ်ဖော်ကိုင်ဖက်
တစ်ဦးရောက်လာသည်ကို ဝမ်းသာအားရ လက်ခုပ်လက်ဝါးတီး၍ ကြိုဆို
သည်။ အားပေးကြသည်။

"မိုးညိုဟေ့. . . မိုးညိုဟေ့"

ဟူသောအသံတို့မှာ သစ်တောကြီးဝိုင်းအတွင်း ပဲ့တင်ထပ်၍ညံနေချေ

"ဖထီး. . . မိုးညိုကို ကျွန်တော် စီးပါရစေခင်ဗျာ"

ဟု တောင်းခံသူများက မရှား။ သို့သော် ဖထီးရွှေသွင်က မည်သို့
မပြော။ သူသား လုပ်ပုံကိုင်ပုံကိုသာ အရိပ်တကြည့်ကြည့်နှင့် ဖြစ်နေ၏။ ဝါ
ဆင်ဦးစီးတို့ပင် မိုးညိုလုပ်ပုံကိုင်ပုံကို ငေးမောကြည့်လာရ၏။ သစ်လှော
စခန်း၌ပြန့်ကျဲနေသော သစ်လုံးတို့ကို မိုးညိုက နှာမောင်းနှင့်ထိန်း၍ အောင်
လိုက်သည်။ တကယ့်ဝါရင့် ဆင်ကြီးပမာ သစ်လုံးတွေကို ဖထီး စီခိုင်းသ
အတိုင်း ညီညီစီစီဖြစ်အောင် စီပြလိုက်သည်။

"ကဲ. . . တော်ပြီသား၊ တို့နားကြမယ်။ သားလည်း အမောဖြေဦးပေ

ဖထီးရွှေသွင်က မိုးညိုကိုပြောသည်။ မိုးညိုကို မက်ခိုင်း၍ ဦးကင်းပေါ်
ဆင်းလိုက်သည်။ ထို့နောက် ရေတံခွန်စမ်းဘက်သို့ ခေါ်သွားကာ အခြား
များနည်းတူ ရေချပေးလိုက်လေသည်။

စမ်းချောင်းရေက အသည်းစိမ့်အောင် အေးမြလှ၏။ ပင်ပန်းမှုဒဏ်ကြေ
လှိုက်မောနေသော ရင်အစုံမှာ ငြိမ်သက်အေးမြသွားလေပြီတည်း။

မှန်သည်။ မိုးညိုအလုပ်လုပ်နိုင်အောင်၊ အလုပ်လုပ်ချင်အောင် လေ့က
ပေးရသည်။ သွန်သင်ပေးရသည်။ တစ်နေ့တစ်ရက်နှင့် ရက်များကုန်ဆုံး
သောအခါ မိုးညိုအဖို့ သစ်ဆွဲကျွမ်းကျင်လာသည်။ ကြိုးဝိုင်းအတွင်းရှိ ဆင်
နှင့်လည်း အကျွမ်းတဝင် ရင်းရင်းနှီးနှီး ဖြစ်လာသည်။ ဆင်သွေး၊ ဆင်စီ
ဆင်မာန်တို့မှာ မိုးညိုထံသို့ အလိုလိုရောက်ရှိလာသည်။

စင်စစ် မိုးညိုမှာ အခြားဆင်တွေလိုမဟုတ်။ (FG) ဖြစ်အောင် အဖေ



ကြိုးစားရ၏။ အကြောင်းမှာမူ အခြားဆင်တွေမှာ မွေးကတည်းက ဆင်လိုနေ၊
ဆင်လိုစားရသောကြောင့်ရ၏။ ကြီးပြင်းလာသောအခါ ဆင်အလုပ်ကို ဆင်လုပ်ရ
သည်မှာ မဆန်းချေ။ မိုးညိုကျတော့ သည်လိုမဟုတ်။ ဆင်၏ နို့ရည်ကြည်
ကိုလည်း မသောက်သုံးခဲ့ရ။ နို့ရည်ကြည်သောက်သုံးရသောဆင်တို့မှာ အကြမ်း
တမ်း ခံနိုင်၏။ အမောခံနိုင်၏။ သန်မာ၏။ ရာသီဥတုဒဏ်ကို တွန်းလှန်နိုင်
စွမ်းရှိသည်။ မိုးညိုမှာ ဆင်နို့ရိုးရိုးကို အတော်အသင့် စို့ရ၏။ နွားနို့ကို အားပြုခဲ့
ရသည်၊ ကစီတိုက်သော ထမင်းရည်ကို သောက်သုံးရ၏။

မည်သို့ပင်ဆိုစေ၊ လူ၏ ပြုပြင်မှုအောက်၌ အသက်ရှင်လာခဲ့သော မိုးညို
၏ စိတ်ဓာတ်က ခိုင်မာသည်။ သင်ကြားပြသသူ လက်ဦး ဆရာကောင်းမှု
ကြောင့် နုံ့နဲ့သော အားအင်ကို မာကျောသောစိတ်ဓာတ်နှင့် ပေါင်းစပ်လိုက်
၏။ ထိုအခါ မာကျောသော ဆင်တစ်ကောင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။
လေ့အကျင့်မရှိခင်တော့ လွန်စွာမောဟိုက်သော်လည်း အလေ့အကျင့်ရှိ
သောအခါ အမောဒဏ်ကို ခံနိုင်လာတော့သည်။

နေ့စဉ် နေ့တိုင်းပင် မိုးညိုတို့သားအဖ သစ်တောကြီးဝိုင်းထဲသို့လာသည်။
လေ့ကျင့်သည်။ သစ်ဆွဲဆင်သည် လွှသည်။ အလုပ်ချိန် ကုန်ဆုံးသည်အထိ
ကြိုးစားပမ်းစား လုပ်ကြည့်သည်။ အ ချား၊ ညံးတူ အလုပ်ကို လုပ်နိုင်လာသည်။
ဖြည်းဖြည်းနှင့် အမောလုံသောအခါ မိုးညိုအဖို့ သက်လုံကောင်းလာသည်။
သည်အတိုင်းဆိုလျှင် မိုးညိုအဖို့ ရှေ့နှစ်ဆိုလျှင် သစ်ကောင်းကောင်း ဆွဲနိုင်
တော့မည်။ မိုးညိုကို မွေးရကျိုးနပ်မည်ဟုတွေးတောရင်း ဖထီးရွှေသွင်၏ မျက်နှာ
အပြုံးတို့က ဝေနေလေတော့သည်။

လေမှာ ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်လိုက်သည်။ လေနှင့်အတူ ဆင်တင်း
ပဲ်ဘေးမှ ကုက္ကိုပင်ကြီးသည် တရှဲရှဲ အော်မြည်လာသည်။ ခြစ်ည်းရိုးဘေးရှိ
ပင်ကြီးငယ်တို့မှာ ဟိုမှသည်သို့ ယိမ်းထိုးနေသည်။ လှုပ်ရှားနေသည်။

ထို့အတူ မိုးညို၏စိတ်သည်လည်း လှုပ်ရှားနေ၏။ တည်ငြိမ်မှု မရှိ ရွာထဲ
ဆူညံနေကြသည်မို့ မိုးညိုအိပ်မပျော်၊ ရွာထဲရှိ ကာလသားတွေ လူပျိုည
လှည့်ပနေသည်။ ထို့ကြောင့် လူငယ်တို့၏ သဘာဝအရ ဆူညံနေခြင်းလည်း
ဖြစ်သည်။

သည်ကြားထဲ -

"ချစ်ခိုင်. . . ချစ်ခိုင်"

ဟူသော အသံကိုလည်း မိုးညိုကြားရ၏။

"သိပ်လှတဲ့ စန္ဒာဦးကို ချစ်ခိုင်ရတာ သိပ်ကံကောင်းတယ်"

ဟု တစ်မျိုး။

"သတို့သားလောင်း ကိုချစ်ခိုင်က ဝမ်းသာတဲ့အထိမ်း အမှတ်နဲ့ သီချ
တစ်ပုဒ် ဆိုပြပါဗျို့"

ဟု အော်သူက အော်၊ ဟစ်သူဟစ်နှင့် ဆူညံနေကြသည်။ ထို့ကြော
ကိုချစ်ခိုင်ကလည်း-

"ချစ်ပင်ချစ်မိုး. . . ချစ်စပျိုးလို့. . . ချစ်မိုးတွေရွာ"

ဟူသော သီချင်းကို ဟန်ပါပါနှင့် သီဆိုကြသည်။ လူငယ်တွေမှာ ချစ်ခို
၏ တေးသံနှင့်ရောထွေးကာ ချစ်မိုးတွေ ရွာကျကုန်လေတော့သည်။

သည်အသံတွေ မိုးညိုအဖို့ မကြားချင်လည်း ကြားနေသည်။ လူငယ်တို့
ဆူညံသံတို့နှင့် ရောထွေးပြီး အသံချဲ့စက်မှ-

အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ"

ဟူသော သီချင်းသံတို့ကလည်း ကျွန်းတောစုတစ်ရွာလုံးကို လွှမ်းခြုံ
လေသည်။

နေ့လယ်က သစ်ကွက်ထဲ၌ သစ်ဆွဲခဲ့သော မိုးညိုမှာ စိတ်ခန္ဓာကို
တစ်ခုလုံး နုံးနေ၏။ ယခု သည်အသံတွေကြောင့် ပိုပြီးစိတ်လှုပ်ရှားနေ
အထူးသဖြင့် စန္ဒာဦးဟူသော အသံမှာ မိုးညို၏ ပန်းနုရောင်နှလုံးသားပြင်
အမည်းစက်စင်သလို ခံရခက်နေ၏။

ထိုအခါ စန္ဒာဦးနှင့် ငယ်စဉ်က ရေခပ်ရာမှအစ စန္ဒာဦးသွားရာ နောက်
တကောက်ကောက် လိုက်ခဲ့ရသော အဖြစ်များကိုလည်း ပြန်လည်သတိ
အောက်မေ့လာသည်။ စန္ဒာဦးက သူ့ကို နောက်ပြောင်သီဆိုခဲ့သော-

"ဟေ့- မိုးညို တောသားမြို့ရောက် မူးနောက်နောက်၊ မူးနောက်နော
ခြူသံလေးက တဒေါက်ဒေါက်၊ တဒေါက်ဒေါက်"

ဟူသော အသံသာသာလေးကိုလည်း ကြားယောင်လာသည်။ ပြီးေ
စန္ဒာဦးကို စမ်းချောင်းထဲက ရေတွေစုပ်ပြီး ပက်သဖြင့် စန္ဒာဦးက အားပါးထ



ရယ်မောသည်။ သူ့ကို ရေပြန်ပက်သဖြင့် ပျော်ရွှင်ရပုံများကို ပြန်လည်တွေး
တောမိလာသည်။

ထို့ပြင် စန္ဒာဦးအနားသို့ ရစ်ဝဲ၊ ရစ်ဝဲနှင့် အသည်းစကားပြောသူ ချစ်ခိုင်
ကိုလည်း ကိုင်ပေါက်နင်းချေဖို့ပင် မိုးညိုလုပ်ခဲ့ဖူးသည်။ ထိုအချိန်က ဖခင်
ချစ်သူနှင့် စန္ဒာဦးတို့က တားလိုက်၍သာ ချစ်ခိုင် ချမ်းသာရာ ရသွားခဲ့သည်။
သည်တုန်းကသာ-

"ဟဲ့. . . မိုးညို၊ မလုပ်နဲ့၊ မလုပ်နဲ့ နင် လူသတ်မှုနဲ့ အဖမ်းခံရမယ်၊ လွှတ်၊
လွှတ်လိုက်"

ဟု စန္ဒာဦးကပြောသလို သူ့အဖေကလည်း-

"သားလေး မလုပ်နဲ့. . . မလုပ်နဲ့၊ သားမှားမယ်၊ လွှတ်လိုက်၊ လွှတ်လိုက်"

ဟု ထိတ်လန့်တကြီးပြောမှုကြောင့် မိုးညိုချစ်ခိုင်ကို လွှတ်ပေးခဲ့သည်။
သည်တုန်းကသာ မိုးညိုကို မတားခဲ့လျှင် ယခု လောက်ဆိုပါက ချစ်ခိုင်အရိုးတို့
င် ဆွေးလောက်ပြီ။

ယခုတော့ ချစ်ခိုင်က အောင်နိုင်သူ ဖြစ်သွားပြီ။ မိုးညိုကို ကပ်ပေါင်းပြီး
န္ဒာဦးကို အရချိုင်သွားပြီ။ ချစ်ခိုင်က လူပါး။ မိုးညို သူ့ကိုချစ်ချင်လာအောင်
သံယောဇဉ်ရှိလာအောင် ဦးစွာပေါင်းသည်။ မိုးညိုကြိုက်တတ်သော အစား
အစာများကို တကူးတက ယူဆောင်လာသည်။ ကျွေးမွေးသည်။ မိုးညိုက
လည်း ချစ်ခိုင်ကို မိတ်ဖြစ် ဆွေအဖြစ် လက်ခံမိသည်။ ကြိုးဝိုင်းထဲ၌ သစ်ဆွဲ
ပင်စဉ်တုန်းကလည်း ချစ်ခိုင်က သူ့ဆင်ကြီး ချစ်ကောင်းစံကိုစီး၍ မိုးညို၏
ရှေ့က လုပ်ပြသည်။ မိုးညိုက သူ့ရှေ့မှ ချစ်ကောင်းစံလုပ်သလို လိုက်လုပ်
ရင်းနှင့်သစ်ဆွဲခြင်းကို ကျွမ်းကျင်လာရသည်။ မိုးညို သစ်တစ်လုံးကို အောင်မြင်
စွာ ဆွဲနိုင်တိုင်း ဆွဲနိုင်တိုင်း-

"မိုးညိုကွ. . . မိုးညိုကွ"

ဟု အားပေးခြင်း၊ သင်ကြားခြင်းလည်း ချစ်ခိုင်က ပြုခဲ့သည် မဟုတ်ပါ
လား။

မှန်သည်၊ ချစ်ခိုင်က မိုးညိုကို အပိုင်စည်းရုံးပြီးမှ စန္ဒာဦးအနားသို့
တစ်ကျော့ပြန်သည်။ ထိုအခါ စန္ဒာဦးအနား၌ ချစ်ခိုင်ကို မကြာခဏ မြင်တွေ့ရ

သော်လည်း မည်သို့မျှ မလုပ်ရက်တော့။ ငေးမောကြည့်နေခဲ့သည်။ ချစ်ခိုင်ကို မိုးညိုက အန္တရာယ်ပြုခဲ့သည့်နောက်ပိုင်းမှ စတင်၍ စန္ဒာဦးနှင့် ချစ်ခိုင်တို့ ပို၍နီးစပ်သွားသည်။ သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်ရှုပုံကိုက တစ်မျိုးဟု မိုးညိုထင်နေ၏။

ယခုတော့ ချစ်ခိုင်နှင့် စန္ဒာဦးတို့ တကယ်ပင် ချစ်သွားကြပြီ။ စန္ဒာဦးနှင့် ချစ်ခိုင်တို့ မနက်ဖြန်ဆိုလျှင် မင်္ဂလာဆောင်ကြပေတော့မည်။

သည်အကြောင်းတွေကြောင့် တောထဲမှာပင်သစ်ဆွဲနေလျှင် ကောင် မည်ဟု တွေးနေခဲ့သည်။ သို့သော် ဖထီးရွှေသွင်က ရွာကိုပြန်မည်ဟု ဆိုသည်

"တို့က အမြဲတမ်း အလုပ်ဝင်နေတဲ့လူတွေမှ မဟုတ်ဘဲ အလုပ်သိ ကျင့်ဆင်ပဲ အလုပ်ပြီးရင် ရွာပြန်တာအကောင်းဆုံးပဲ၊ အိမ်မှာ မင်း အမို တစ်ယောက်တည်းရယ်"

ဟု ပြောဆိုပြီး သူ့ကို ခေါ်လာခဲ့ရသည်။ ယခု သည်ရောက်တော့ မိုးညို စိတ်ညစ်နေရပြီ။

တောတောင်ထဲ၌ နေရသောအခါ ဆင်စိတ်ဆင်သွေး ဝင်နေသော်လည် ရွာထဲသို့ရောက်လာလျှင် လူစိတ်ပြန်ဝင်လာသည်။ စန္ဒာဦးဟူသော သဏ္ဍာ သည် မိုးညို၏နူးညံ့သော ပန်းနုရောင်နှလုံးသား၌ ထင်နေသော အရိပ်ပုံက ဖျောက်ဖျက်၍မရ။ အသည်းပြင်၌ စွဲရစ်နေ၏။

"ကျွိ. . . ကျွိ"

နာကျင်သောရင်မှာ မခံမရပ်နိုင် ဖြစ်လာသည်။ သည်တော့ ခြေထောက် ၌ ခတ်ထားသော ထူးကြိုးကို ရုန်းကန်ကြည့်သည်။ မရ။ ခြေထောက်တွေ နာလာသည်။ ထို့ကြောင့် အသည်းနာနာနှင့် မိုးညို အော်ဟစ်ပစ်လိုက်သည်

"သား. . . အိပ်တော့လေ. . . ဘာဖြစ်လို့ အော်နေရတာလဲ"

ဖခင်ဖြစ်သူ၏ အသံကိုကြားရသည်။ အသံနှင့်အတူ ဖထီးက မိုးညိုရှိရာ တင်းကုပ်ဆီသို့ မီးခွက်တစ်လုံးနှင့် ဆင်းလာသည်။ ထို့နောက် ကြံရှည် တစ်ချောင်းကိုယူ၍ သူ့သားကို လှမ်းပေးသည်။

"ငါ့သားက ဆာနေတယ်နဲ့တူတယ်၊ ရော့. . . ရော့. . . ဒါလေ စားလိုက်ဦး"



မိုးညိုက ကြံချောင်းကို နှာမောင်းနှင့် ဆတ်ခနဲဆွဲယူသည်။ ထို့နောက် ာလက်နှင့် တဖြန်းဖြန်းရိုက်ပစ်သည်။ ကြံချောင်းဖွာ၍ ပိုးကောင်မွှားကောင် ျား ကင်းစင်အောင်လုပ်သည်။ ပြီးမှ ကြံချောင်းကို ပါးစပ်ထဲသို့ ထိုးမသွင်း သေးဘဲ ကလီကမာ လုပ်နေပြန်သည်။

"သားက ဒေါသချည့်ပဲကိုးကွ၊ စားလိုက်စမ်းပါသားရဲ့၊ စိတ် ကောက်မနေ စမ်းပါနဲ့၊ တို့သားအဖ မနက်ကျရင် ဟိုးဘက်က သစ်တောကြီးထဲကို လျှောက် ည်မယ်၊ မေ်ာလိုက်သစ်တောခရိုင်အတွင်းက တီရစ္ဆာန်ပေါင်းစုံနဲ့ ကစားရ ယ်၊ အခုတော့ ဒါလေးစားလိုက်ပြီး အားရှိအောင် အိပ်လိုက်နော်"

ဖထီးဦးရွှေသွင်က နှာမောင်းကိုပုတ် ဦးကင်းကိုပွတ်၍ ချော့မော့သည်၊ တိပေးသည်။ သည်တော့မှ မိုးညိုအနည်းငယ် ငြိမ်သက်သွားသည်၊ ကြံချောင်းကို တစ်ချောင်းလုံးကုန်အောင် စိမ်ပြေနပြေစားသည်။ နားရွက်ကို ဖျပ်ဖျပ်ခတ်ရင်း ငြိမ်သက်သွားသည်။ သည်လိုပင် မိုးညိုငယ်စဉ်ကတည်းက အိပ်အနေ အစားအသောက်မှအစ ဂရုစိုက်ခဲ့ရသည်။ တစ်ခါတစ်ခါ၌ ကြောက်စိတ်တွေဝင်ပြီး မအိပ်ရဲဘဲ ဖြစ်နေတတ်သော မိုးညိုပင်။ သည်အဖေ ဖြစ်သူက ချော့မော့သိပ်မှ အိပ်တတ်သော မိုးညို၊ ယခုကိစ္စမှာ မိုးညို ကြောက်စိတ်ဝင်၍ အိပ်မရခြင်း မဟုတ်။ မအိပ်ချင်၍ မအိပ်ဘဲနေသည်ကို ထီးသိသည်၊ မည်သို့ဆိုစေ ယခုတော့ မိုးညို ငြိမ်သက်သွားချေသည်၊ သည်တော့မှ ဖထီးဦးရွှေသွင်က မိုးညို၏ ထူးကြိုးများကို စစ်ဆေးပြီး အိမ်ပေါ် သို့ ပြန်တက်သွားလေသည်။

ဖထီးသိသည်၊ မိုးညိုရင်ထဲက ပန်းနုရောင်နှလုံးသားကို မီးမြှိုက် လိုက်ရပြီဆိုသည်ကို မိုးညိုပြောပြစရာမလိုပါချေ။

စင်စစ် မိုးညိုမှာ လူတို့၏ စိတ်ရောင်စုံနှလုံးသားအကြောင်းကို မိုးညိုမသိ၊ လုံးသားအတုနှင့် ချစ်ဟန်ဆောင်သူတွေများ၏။ ယခုတော့ မိုးညိုလွမ်းနေရ ချေပြီတည်း။

❖

"ကျိ. . . ကျိ"

မိုးညိုက ငယ်သံပါအောင် ဟစ်အော်လိုက်သည်။ ထို့နောက် ထူးကြ
တန်းလန်းနှင့် ရွာလမ်းအတိုင်း ပြေးလာသည်။ မိုးညို၏ မျက်လုံးတို့မှာ မီးဝ
ဝင်း တောက်လာသည်။ သူ့အသားတို့မှာ တဆတ်ဆတ် တုန်နေချေပြီ။

"မိုးညို တောစိတ်ဝင်လာပြီဟေ့. . . ပြေးကြ၊ ပြေးကြ"

တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်လာပြီ။ အုတ်အုတ် ကျွပ်ကျွ
ဖြစ်လာပြီ။ အထူးသဖြင့် ချစ်ခိုင်တို့ စန္ဒာဦးတို့ မင်္ဂလာဆောင်ရှိရာသို့ သွားလာ
ကြသော လူတို့မှာ ဟိုပြေးသည်ပြေး ဖြစ်ကုန်သည်။ ထို့အတူ မင်္ဂလာ အခမ်
အနား ကျင်းပရာ မင်္ဂလာမဏ္ဍပ်အတွင်းရှိ လူများမှာလည်း မျက်ကလူးဆန်ပြ
ဖြစ်လာသည်။ မင်္ဂလာအခမ်းအနား ကျင်းပရာသို့ မိုးညိုရောက်လာမှာကို
လူတိုင်းတွေးပူနေကြသည်။ ထို့အတူ စန္ဒာဦးတို့ ပူပူနွေးနွေးဇနီးမောင်နှံလည်
မျက်ကလူးဆန်ပြာ ဖြစ်နေပြီ။ မဏ္ဍပ်အတွင်းရှိ ဧည့်ပရိသတ်များကို ထမင်
ဟင်းများ ကျွေးမွေးနေကြသော ကာလသားတစ်အုပ်လည်း မဏ္ဍပ်အတွင်းက
ပြေးထွက်လာကြသည်။ သူတို့လက်ထဲ၌ ဆင်ဆိုး မိုးညိုကိုနှိမ်နင်းရန်အတွက်
ဓား၊ လှံတို့အပြင် ရရာလက်နက်များကို စွဲကိုင်၍ လာကြသည်။ မင်္ဂလာမဏ္ဍပ်
တွင် ဖွင့်ထားသော အသံချဲ့စက်ကိုလည်း ပိတ်ထားလိုက်သည်။

"မိုးညို မဏ္ဍပ်ဆီကို ပြေးလာပြီဟေ့၊ ပြေးကြ. . . ပြေးကြ"

ထိတ်လန့်ဖွယ်ရာ အော်ဟစ်လိုက်သောအသံကို ကြားလိုက်ရသည်။ ထ
သည့်အတိုင်းပင် မိုးညိုက မင်္ဂလာဆောင်ရှိရာသို့ ပြေးလွှားလာသည်။ မိုးညို၏
နောက်တွင် ဖထီးရွှေသွင်လည်း လှံရှည်တစ်ချောင်းကိုကိုင်၍ ပြေးလွှားလိုက်
ပါလာသည်ကို မြင်ရသည်။

"ကျိ. . . ကျိ"

ဟုတ်သည်၊ မိုးညိုမှ မိုးညိုအစစ်၊ ကြောက်မက်ဖွယ်ကောင်းသော အသံ
နှင့်အတူ မိုးညိုက ဘွားခနဲ ရောက်ရှိလာပြီ"

"ဆင်ကြီးလာပြီဟေ့. . . ပြေးကြ၊ ပြေးကြ"



"ဘာဖြစ်လို့ပြေးရမှာလဲ၊ ဝိုင်းချကြပါလား"

"အေး. . . ဟုတ်တယ်၊ ဝိုင်းချကြဟေ့"

"ဝုန်း. . . ဝုန်း. . . ဝုန်း"

"ဟာ. . . မဏ္ဍပ်တိုင်ကို မိုးညိုဖြိုပစ်လိုက်ပြီဟေ့"

"ဝိုင်းချကြလေ၊ ဘာလုပ်နေကြတာလဲ. . . ချကြ"

"ဟေ့ကောင်တွေ တစ်ယောက်မှ မထိနဲ့၊ ထိတဲ့ကောင် အူပွင့်သွားမယ်
တွေ့လား"

ဖထီးရွှေသွင်ကလည်း အရဲစွန့်၍ ဝင်ရောက်လာပြီ။ သူ့လှံရှည်ကို
တယမ်းယမ်းနှင့် လုပ်လာသည်။ သားဖြစ်သူ မိုးညို၏ အသက်အန္တရာယ်
အတွက် သူ့သားရှေ့မှ မားမားမတ်မတ် ရပ်လာပြီ။ သားအတွက် သူ့အသက်
ကိုပင်စွန့်၍ လူအုပ်ကို အတင်းဝင်ထိန်းသည်။ မိုးညိုကို ဓားလှံတို့ဖြင့် မပြောနှင့်
အပ်ဖျားနှင့်တောင်မှ အထိုးမခံနိုင်။ သည်သားကို ငယ်စဉ်ကတည်းက နို့ချို
တိုက်၍ မွေးခဲ့ရသည်။ ထမင်းပင် ဝါးခွံ့ခဲ့ရ၏။ သည်သားကိုဖက်၍ သိပ်ခဲ့ရ
သည်။ သည်သားကြီး ဆင်လားမြောက်မှ လုံးဝ အဆုံးအရှုံး မခံနိုင်။ သား
အတွက်ဆိုလျှင် အသက်ကြီးရင့်ပြီဖြစ်သော မိမိအဖို့ အသက်သေချင်သေ
ပါစေ၊ စွန့်စားဖို့ အသင့်။

မှန်သည်၊ မ-စိတ်မွှန်၍ မင်္ဂလာမဏ္ဍပ်ကို ဝင်ရောက်ဖျက်ဆီးပစ်သော
မိုးညိုကို ဖထီးရွှေသွင်က ကာကွယ်ထားသည်။ မင်္ဂလာ လျော်ကြေးပေးရမည်
ဆိုလျှင်လည်း ရှိသမျှ ပစ္စည်းဥစ္စာ ရောင်းချ၍ ပေးလျော်မည်၊ ယခု လော
လောဆယ်တွင် မိုးညိုကို လုံးဝ အထိခိုက်မခံနိုင်။

မိုးညိုကလည်း မိုးညိုပင်၊ မင်္ဂလာအခမ်းအနား ပြုလုပ်ထားသော လှပ
သည့် မဏ္ဍပ်တိုင်တွေကို တစ်ခုပြီးတစ်ခု ဖြိုဖျက်ပစ်သည်။ လူပုံအလယ်၌
သတို့သားဘက်၊ သတို့သမီးဘက် ဆွေစုံမျိုးစုံရှေ့မှာတင် မင်္ဂလာအခမ်း
အနားက မဏ္ဍပ်တိုင်ကို ဖျက်ပစ်လိုက်သည်။ ပါးစပ်မှလည်း တကျိကျိနှင့်အော်
သည်၊ ထိုအခါ မဏ္ဍပ်၌ မိုးထားသော အင်ဖက်တို့မှာ ဟိုတစ်ခု သည်တစ်ခု
ရှိန့်ကျဲကုန်သည်။ ဆင်ပိုင်ရှင် မျက်နှာကြီးသား၏ မင်္ဂလာဆောင်မို့ မင်္ဂလာ
မဏ္ဍပ်က သားနားလှသည်။ ပန်းကွန့်ပန်းခက် အလှအပတွေနှင့် ထုံမွမ်းထား

၏။ အကျွေးအမွေးကလည်း မြိုင်ပါဘိ။ ဝက်သား၊ ကြက်သား ကြိုက်ရာ စားနိုင်သည်။ ဟင်းချို ငါးပိရည် တို့စရာ အစုံအလင်ပါ၏။ လူတွေကလည်း အနယ်နယ်အရပ်ရပ်က လာကြသည်မို့ ကြက်ပျံမကျ စည်ကားသည်။ သတို့ သမီး၊ သတို့သားတို့ကလည်း အလှဆုံး ဝတ်ဆင်ထားကြ၏။ လာသမျှ ပရိသတ်အပေါင်းကို ဧည့်ခံသူတို့က အပြုံးကိုယ်စီနှင့် ကြိုဆိုနေကြသည်၊ နှုတ်ဆက်နေကြသည်။ လာသူလာ၊ ပြန်သူပြန်နှင့် ဝင်လာမစဲ တသဲသဲ ဖြစ်နေ ကြသည်။ သည်လိုအချိန်မျိုးကျမှ မိုးညိုက ဗြုဟ်ဖောက်လာခြင်းပင်။ ထို့ ကြောင့် လူတွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပြီ။ ဆင်ရှူး ဆင်ဆိုးကြောင့် မျက်ကလူးဆန်ပျာ ဖြစ်ကုန်ကြလေသည်။

"ခင်ဗျားက ဘာသဘောလဲ. . . ခင်ဗျားဆင်ကို ခင်ဗျားက နိုင်အောင် မထိန်းဘဲ ကျုပ်တို့ကို ဘာသဘောနဲ့ ခင်ဗျားက လာတားတာလဲ၊ ကြည့်စမ်း အခု အကုန်လုံး ပျက်စီးကုန်ပြီ။ ခင်ဗျားဖယ်။ ဒီဆင်ကို ကျုပ်ဆုံးမမယ်"

ချစ်ခိုင်က လှံရှည်ကိုကိုင်၍ ထွက်လာပြီ။ ရှက်ရမ်းရမ်းလာပြီ။ အိမ်ပေါ် က ဝုန်းခနဲ ခုန်ထွက်လာရင်း ဆိုသည်။ ဆင်ဆိုးတို့ကို ကိုင်တွယ်ဦးစီးခဲ့သော ဆင်ဦးစီးကောင်း ချစ်ခိုင်သည် ယခင်က ချစ်ခိုင် မဟုတ်တော့။ သည်းမခံတော့ မိုးညိုနှင့် အစွမ်းချင်းပြိုင်ရန် လာချေပြီ။

"ဟေ့ကောင်. . . မလုပ်နဲ့၊ မင်းပစ္စည်းတွေအတွက် ငါလျော်မယ်။ ငါ့သား ကို မင်း လုံးဝမထိနဲ့"

ဖထီးရွှေသွင်၏ အောင်မြင်ခန့်ညားသော အသံကို စူးစူးဝါးဝါး ကြား ၏၊ ထို့နောက် ချစ်နိုင်ရှိရာသို့ ပြေးလွှားသွားသည်။ လူအချို့မှာ ဖြုန်းခနဲ ဖြစ်လာသော ဖြစ်ရပ်မို့ ကြောင်၍ရပ်ကြည့်နေကြသည်။ အချို့လည်း ခြေဦး တည့်ရာသို့ စွတ်ပြေးကုန်ကြပြီ။ မင်္ဂလာအခမ်းအနားကတော့ ပျက်ပြီ။

"ဘာဖြစ်လို့ မလုပ်ရမှာလဲ၊ ခင်ဗျားဆင်ကို မလုပ်ရရင် ခင်ဗျားကြီးကို သတ်မယ်၊ ငါ့ကို အရှက်ခွဲတဲ့ဆင်၊ တောက်. . . သေပေတော့. . ."

"ဟေ့ကောင်. . . ငါပြောနေတယ်၊ အရမ်းမလုပ်နဲ့ မလုပ်နဲ့လေ"

"လုပ်မယ်ဗျာ. . . လုပ်မယ်. . . တောက်"

"ကဲကွာ. . ."



"ဖောင်း. . ."

"ကျီ. . . ကျီ. . . ကျီ"

အခြေအနေက တစ်မျိုးဖြစ်သွားသည်။ ချစ်ခိုင်က မိုးညို၏ ဦးကင်းကို လှံရှည်နှင့် ပြေးထိုးသည်၊ သို့သော် ဖထီးရွှေသွင်၏ တဝှီးဝှီးနှင့် အရှိန်ပြင်းစွာ လှည့်ပတ်၍ ပစ်လွှတ်လိုက်သော လှံရိုးက ချစ်ခိုင်၏လှံကို လမ်းတစ်ဝက် မှာပင် ရိုက်ချလိုက်သလို ဖြစ်သွားသည်။ ထို့ကြောင့် မိုးညို၏ဦးကင်းသည် ပြင်းထန်သော လှံသွား၏ အန္တရာယ်မှ ချမ်းသာရာ ရရှိသွားသည်။ မိုးညို၏ အသက်ကို ဖထီးဦးရွှေသွင်က ကယ်တင်လိုက်ခြင်းပင်တည်း။

မိုးညိုမှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ခဏကြောင်သွား၏။ နှုတ်မှ တကျီကျီနှင့် အော်သည်။ ထို့နောက် သတိပြန်ဝင်ကာ မိမိတို့ကို အန္တရာယ်ပြုနေသော ချစ်ခိုင်ဆီသို့ ဦးခေါင်းကို လှည့်လိုက်သည်။ ချစ်ခိုင်ကို နမ်းဆီး၍ ကိုင်ပေါက်နင်းချေပစ်ရန် အသင့်ပြင်သည်၊ သည်တစ်ခါတော့ မိုးညိုပိုင်ပြီ။ ချစ်ခိုင်ကို မြေမှုန့်တစ်မှုန်ဖြစ်အောင် နင်းချေပစ်တော့မည် သာ. . .။

လက်နက်မဲ့နေပြီဖြစ်သော ချစ်ခိုင်၏မျက်နှာ သွေးမရှိတော့။ ချစ်ခိုင် မိုးညိုကို ကြောက်သွားပြီလား မဆိုနိုင်။ သို့ရာတွင် ဆင်ဆိုးတို့ကို ကိုင်တွယ် ဦးစီးခဲ့သော ဆင်ဦးစီးကောင်းတို့မည်သည် ဆင်၏ ပရိယာယ်ကိုလည်းနား လည်ကြသည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် မိုးညို၏ ဦးကင်း ပေါ်သို့ ချစ်ခိုင် ချက်ချင်းရောက်သွားနိုင်သည်။ ချစ်ခိုင်၏ မျက်လုံးအစုံမှာ ဝင်းဝင်းတောက်လာပြီ။ သိမ်းငှက်၏ အသွင်မျိုးသို့ ကူးပြောင်းသွားပြီ။ မိုးညို ကိုကြည့်၍ နောက်ဆုတ် နောက်ဆုတ်နှင့် ပိုင်ကွက်ကိုရှာသည်။ ချစ်ခိုင်အဖို့ အချိန်အတိုဆုံး၌ မိုးညိုကို အနိုင်တိုက်ရမည်။ သည်တော့ မိုးညိုကို ချစ်ခိုင်အဖို့ အစွမ်းကုန် ရက်စက်ရမည်။ သည်တိုက်ပွဲသည် သူ့အသက် ကိုယ့်အသက်လုရ သည့် ခက်ခဲသော သည်းထိတ်ရင်ဖို တိုက်ပွဲပင်တည်း။

မှန်သည်။ မိုးညိုကလည်း ချစ်ခိုင်ကို အလစ်မပေး၊ သူ့မျက်လုံး ကျဉ်းလေး နှင့် စူးစိုက်ကြည့်သည်။ ရှေ့ကို တစ်လှမ်းချင်း၊ တစ်လှမ်းချင်း တိုးလာပြီ။ မြင်ကွင်းက သည်းထိတ်ရင်ဖို ဖြစ်လာပြီ။ အသက်လုပွဲမှာ မကြာခင် စတင်

တော့မည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် တစ်ဦးဦး သွေးသံ ရဲရဲနှင့် သေပွဲဝင်တော့မည့်ကိန်း။

"သား. . . မလုပ်နဲ့. . . မမိုက်နဲ့. . . သားခံရမယ် ရပ် ရပ်"

ဖထီးက သတိပေးသည့်ကြားမှ မိုးညိုက ရှေ့သို့တိုးဖြစ်အောင် တိုးလာပြီ။ ချစ်ခိုင်၏ ခါးကြား၌ ဝှက်ယူလာသော ဆင်ဦးစီးသုံး ဓားမြှောင်ကို မိုးညို သိဟန်မတူ။

"ဟိတ်. . . မိုးညို. . . ငါ ဒီမှာ. . . ငါ ဒီမှာလေ"

ရုတ်တရက် စန္ဒာဦး၏ အသံကို ကြားလိုက်ရသည် မိုးညိုတွေသွားပြီ။ ချစ်ခိုင်ကို မဲနေရာမှ ဆတ်ခနဲ ရပ်လိုက်သည်။ ဖထီးက ရှေ့သို့ မတိုးရန် သတိပေးစဉ်က မရပ်ခဲ့သော မိုးညို၊ ယခု စန္ဒာဦးနှင့် တွေ့သောအခါ ချက်ချင်း ရပ်တန့်သွားသည်။ စန္ဒာဦးကို စူးစိုက်ကြည့်သည်။ မှန်သည်။ သူတွေ့ချင်သော စန္ဒာဦးကို အသေအချာတွေ့ရပြီ။ စန္ဒာဦးမှ စန္ဒာဦး အစစ်။

နားရွက်မခတ်၊ မျက်တောင်မခတ်ခဲ့သော မိုးညိုသည် သူ့နားရွက်ကို တဖျပ်ဖျပ် ခတ်လာသည်။ ထို့နောက် စန္ဒာဦးထံသို့ ပြေးလွှားသွားသည်။ စန္ဒာဦးကလည်း မရှောင်၊ သတို့သမီး အဝတ်အစား အပြည့် အစုံနှင့် ပုဝါဖြူကို စုံချ၍ မိုးညိုကို စီးကြိုသည်။

မိုးညိုသည် စန္ဒာဦး၏ မျက်နှာ၊ လည်ပင်းနှင့် တစ်ကိုယ်လုံးကို နှာမောင်း နှင့်တို့ထိနမ်းရှုတ်သည်။ ထို့နောက် ကျဉ်းမြောင်းသော မျက်လုံးအစုံမှ မျက်ရည် တို့က အတားအဆီးမရှိ စီးကျလာသည်။ မှန်သည်၊ မိုးညိုတကယ် ငိုပါလေပြီ။ မိုးညိုသာ စကားပြောတတ်ပါလျှင်-

"ရက်စက်လိုက်တာ စန္ဒာဦးရယ်၊ ငါ့ရင်ထဲက အသည်းတွေ ကြွေကျ ကုန်ပြီဟဲ့"

ဟူ၍ပင် ပြောကြားနေသယောင် ထင်မှတ်ရသည်။

"မိုးညို နင့်ကို ငါ နားလည်ပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါဟယ်၊ မိုးညို ပြန်တော့၊ နင်ပြန်တော့"

စန္ဒာဦးက မိုးညိုကို နှင်လွှတ်သည်။ အံကိုတင်းတင်းကြိတ်၍ ရှက်ကြောက်စွာဖြင့် အော်လွှတ်သည်။



"ကျိ. . . ကျိ"

မိုးညိုက ဝမ်းခေါင်းသံပါအောင် နှစ်ချက်ဆင့်၍ အော်ပစ်လိုက်၏။ နောက် ဘာစိတ်ကူးရသည် မသိ။ စန္ဒာဦးကို ဆတ်ခနဲ နှာမောင်းနှင့် ဆွဲယူ က်သည်။ အစွမ်းကုန် အလှပြင်ထားသော စန္ဒာဦးမှာ မိုးညို၏ နှာမောင်းထဲ စွေ့ခနဲ ပါသွားလေသည်။ စန္ဒာဦးမှာ နှလုံး စုံပင် ရပ်သွားသလို ခံစားရ၏။ ထဲ၌ လမ်းလျှောက်ရသလို ဖြစ် သွားသည်။ ရင်တစ်ခုလုံးဟာ၍ စန္ဒာဦး သို့ဖြစ်မှန်းပင် မသိတော့။

စန္ဒာဦးကို မိုးညိုဖမ်းမိသွားသည်။ မိုးညို စိတ်ရူးပေါက်၍ စန္ဒာဦးကို င်ပေါက်သတ်ပစ်လေမလား မသိ။ စင်ဇစ် မိုးညို၏စိတ်သည် လုံးဝ မတည် သေး၊ မိုးညို ပြုသမျှနုရမည့်အနေအထားသို့ စန္ဒာဦး ရောက်နေချေပြီ။

"မိုး. . . မိုးညို ငါ့ကိုလွှတ်. . . လွှတ်ပါဟယ်"

စန္ဒာဦးက မိုးညိုကို တောင်းပန်သည်။ သို့သော် စန္ဒာဦးက သိပ်ပြီး စကား ပြောနိုင်၊ မိုးညိုနှာမောင်း၏ ခပ်တင်းတင်း ပွေ့ပိုက်ထားမှုကြောင့် တင်းကျပ် ပန်းနေသည်။ စန္ဒာဦး ရင်တွေခုန်၏။ မျက်လုံးတွေပြာဝေပြီး ချွေးစေးတွေ နေပြီ။ ရှက်ကြောက်မှုတို့ကြောင့် သူတစ်ကိုယ်လုံး တုန်ရင်လှိုက်မော သည်။

မိုးညိုသည် စန္ဒာဦးကို တယုတယ ပွေ့ပိုက်ပြီး ဆတ်ခနဲပင် သူ၏ ဦးကင်း သို့ ပွေ့တင်လိုက်သည်။ ထို့နောက် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးရန် လှမ်းပြင်လေသည်။ စင်စစ် မိုးညို စန္ဒာဦးကို လုယူချေတော့မည်။ အာဂ ညို သူချစ်သူကို သူကိုယ်တိုင် အရဲစွန့်၍ လာလုချေပြီ။

"သား. . . မိုးညို. . . မိုးညို. . . စန္ဒာဦးကို ပြန်ချပေးလိုက်လေ"

ဖထီးရွှေသွင်က ပြောသည်။ မိုးညိုက ဂရုမစိုက်၊ ခပ်ထွေထွေ လုပ်နေ ည်။ နားရွက်ကို တဖျပ်ဖျပ်ခတ်ရင်း ဟိုဟိုသည်သည် ကြည့်နေ၏။

လူအားလုံးလည်း ပထမတော့ မိုးညိုကို တောစိတ်ဝင်၍ ဆင်ဆိုးကြီးဖြစ် ပြီဟု ထင်မြင်ကြသည်။ ချစ်ခိုင်ကိုယ်တိုင်ပင် သတ်ဖြတ်ပစ်ဖို့ ကြိုးစား ည်။ ယခု မိုးညို၏ အပြုအမူကြောင့် မိုးညိုကို မည်သို့မျှ မလုပ်ရက်တော့၊ ညို ဘာလုပ်မည်နည်းဟူသော အတွေးနှင့် စောင့်ကြည့်နေကြသည်။ ကျင်၌ မင်္ဂလာမဏ္ဍပ်မှ အမိုးအကာများမှာ ဖရိုဖရဲနှင့် ပျက်စီးနေပြီ။

လူတွေကလည်း ပထမတော့ ပြေးကြ၊ လွှားကြ၏။ နောက်တော့ မပြေးကြ တော့။ ရှာလုံးကျွတ်မျှ ဝိုင်းကြည့်နေကြသည်။

"စန္ဒာဦးကို မိုးညိုလုနေပြီဟေ့"

ဟူသော ပါးစပ်သတင်းမှာ တစ်မဟုတ်ချင်းပင် တစ်ရွာလုံးကို ပျံ့နှံ့သွား လေပြီ။

ဖထီးရွှေသွင်ကလည်း မိုးညိုကို သတိပေးသည်။ စန္ဒာဦးကို ပြန်ချပေးရန် ပြောသည်။ ပြောရင်းဆိုရင်းနှင့် မိုးညိုအနားသို့ ကပ်လာသည်။

"သား. . . သား စန္ဒာဦးကို ပြန်ချပေးလိုက်။ သားနဲ့ ဘာမှ မဆိုင်ဘူး။ သား မက်ပေးလိုက် သူ့ဘာသာသူ ဆင်းသွားလိုက်မယ်။ မက်. . . မက် လိုက်စမ်းပါသားရယ်"

"ဟုတ်တယ်. . . မိုးညို. . . နင်နဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး။ ငါဟာ ချစ်ခိုင်ရဲ့ မယားဖြစ်သွားပြီ။ ငါဟာ ကိုချစ်ခိုင်ရဲ့ မိန်းမဟဲ့ မိုးညိုရဲ့။ နင် သူများမိန်းမကို ခိုးပြေးမလို့လားဟင်. . . မယားခိုး မိုးညိုရဲ့"

"ကျီ. . . ကျီ. . . ကျီ"

စန္ဒာဦး၏ စကားအဆုံးတွင် မိုးညို၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်လာသည်။ ထို့နောက် မျက်စိကျဉ်းလေးနှင့် ဟိုဟိုသည်သည်လျှောက် ကြည့်သည်။ ပြီးမှ ဝမ်းခေါင်းသံပါအောင် တကျီကျီနှင့်အော်ရင်း သူ့ကိုယ်ကို မက်ဝပ်ပေးလိုက်လေတော့သည်။

မိုးညိုရှက်သွားပြီလား မဆိုနိုင်။ ထိုအခါမှပင် စန္ဒာဦးက မိုးညို၏ ဦးကင်း ပေါ်မှ လျှင်မြန်စွာ လျှောဆင်းလိုက်လေသည်။

စန္ဒာဦး မြေပြင်ပေါ်သို့ရောက်သည်နှင့် မိုးညိုက ဝပ်နေရာမှထသည်။ ထို့နောက် မည်သည့်နေရာကိုမျှ မကြည့်ဘဲ အမူးသမားတစ်ဦးပမာ ဒယီးဒယိုင် နှင့် အချင်းဖြစ်ပွားရာနေရာမှ ထွက်သွားလေတော့သည်။ ဖထီးရွှေသွင်လည်း သူ့သား၏နောက်မှ ကောက်ကောက်ပါအောင် လိုက်ပါသွားလေသည်။

စင်စစ် မိုးညိုမှာ ဆင်ပင်ဖြစ်သော်လည်း ကာမပိုင် သူများသား မယား ခိုးပြေးရဲသော သတ္တိမျိုး မိုးညိုထံတွင် လုံးဝ မရှိ။ မိုးညို၏ နှလုံးသားသည် ပကတိ ဖြူစင်လှသည်ကို မိုးညိုသက်သေပြလိုက်ခြင်းပင်။ မိုးညိုသည် စန္ဒာဦး



ကို အသည်းနင့်အောင် ချစ်သော်လည်း ချစ်ခိုင်၏ မယားကိုမူ မိုးညို လုံးဝ ချစ်လိမ့်မည် မဟုတ်ချေတကား။

"ဆင်သာဆိုတယ်၊ လူလိုပါပဲလား. . . ငါဖြင့် အံ့ဩရော"

"ဟုတ်တယ်၊ မိုးညိုက စန္ဒာဦးကို သိပ်ချစ်တာ"

နှုတ်မငြိမ်သူတို့က သည်စကားကို ပြောဖြစ်အောင် ပြောလိုက်ကြသေး သည်။ ထိုအချိန်၌ တောင်ပေါ်မိုးသည် အငြိုးကြီးစွာဖြင့် ရွာသွန်းလိုက် လေသည်။

*မှတ်ချက်။ ။ ဤဝတ္ထုသည် မော်လိုက်ခရိုင် သစ်ထုတ်လုပ်ရေး နယ်မြေ မှ မိခင်ဆင်မကြီး သေဆုံးသွားသော်လည်း မသေဘဲကျန်ရစ်ခဲ့သည့် ဆင်လိမ္မာ လေးတစ်ကောင် အကြောင်းပင် ဖြစ်ပါသည်။ ဆင်လိမ္မာလေး၏ အမည်ကို မိုးညိုဟု လွှဲပြောင်းထားခြင်းမှ တစ်ပါး အဖြစ်မှန်အတိုင်း ရေးသားထားခြင်း ဖြစ်ပါသည်။ ဤဝတ္ထုကို ရေးသားနိုင်ရန် စာရေးသူအား အဘက် ဘက်မှ အကူအညီပေးခဲ့သော သူငယ်ချင်းဖြစ်သူ ဦးကျော်ဝင်း(ခ) ဆရာကျော် သစ်လုပ်ငန်း (အငြိမ်းစား)အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်း တင်အပ်ပါသည်။*

ပြည်ပန်းမိုး




# နဂါးပန်းလုံချောင်းမှ အန္တရာယ်

ကြိုစက္က

(၁)

သည်ခရီးကို သွားကြမည်ဆိုဂ ဟည်းက သဘောမတူသူတွေက ပြောကြ
သည်။ သို့သော်လည်း သူတို့ငါးယောက်မှာ စိတ်တူ၊ ကိုယ်တူ တိုင်ပင်ထား
ကြပြီးသောကြောင့် အားလုံးတာ သည့်ကြားက ဇွတ်ထွက်လာကြခြင်းဖြစ်
သည်။

တကယ်တော့ မန်စေခွန်ရွာမှ ဟူးကောင်းချိုင့်ဝှမ်းသို့ ခြေလျင်ခရီး သွားရ
တာ နီးသောခရီးတော့ မဟုတ်ပေ။ မန်စေခွန်ရွာက တနိုင်းနားတွင်ရှိပြီး
ဟူးကောင်းချိုင့်ဝှမ်းသို့ ရောက်အောင် နှစ်ညအိပ်ခရီးလောက် သွားကြရသည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ဟူးကောင်းတောင်ကြားလမ်းမှာ မြန်မာနိုင်ငံ
၏ ထွက်ပေါက်လမ်း တစ်လမ်းဖြစ်သည်။ ဟူးကောင်းချိုင့်ဝှမ်းတွင် နာဂလူမျိုး
များ စုပေါင်းနေထိုင်သော ရွာများရှိသည်။ ဟူးကောင်းချိုင့်ဝှမ်းတွင် ယခင်က
ပယင်းထွက်သဖြင့် ပယင်းဒေသဟုလည်း ခေါ်ကြသည်။

ရှေးယခင်က ထိုဒေသများရှိ ရာသီဥတု ဆိုးရွားခြင်း၊ အန္တရာယ်များခြင်း
ကြောင့် မည်သူမျှ မနေကြပေ။ တောတောင်ထူထပ်ခြင်း၊ လူသူ အရောက်
အပေါက်နည်းခြင်းကြောင့် သာမန်တွေ့နေကျ ကျား၊ ဆင်၊ ဝံတို့အပြင် အလွန်

ကြီးမားသော မြွေကြီးများ၊ ထူးဆန်းသော သတ္တဝါကြီးများလည်း ခိုအော
နေထိုင်ကြသည်။

စစ်အတွင်းက လီဒိုလမ်းမကြီးပေါ်တွင် ရထားတစ်စင်းလောက် ကြ
သော မြွေကြီးတစ်ကောင်အား မိုင်းခွဲပြီး အသားပိုင်းကြီးများအား ကားများဖြ
သယ်ဆောင်ယူခဲ့ရသည်။ တစ်ချိန်ကဆိုလျှင် ဒိုင်နိုဆောနှင့်တူသော သတ္တ
များပင် ရှိခဲ့သည်ဟု ဒေသခံများက ဆိုကြသည်။

တောတောင်ထူထပ်သောကြောင့် သတ္တဝါကြီးများမှာ ကြီးချင်တို
ကြီးနေကြခြင်း ဖြစ်တော့သည်။ ထို့အတူ ၎င်းဒေသတွင် အဖိုးတန် ရွှေ
ကျောက်စိမ်းများကလည်း အလွန်ပေါသည်။ ချောင်းကမ်းစပ်များ၌ အရ
အသွေးကောင်းသော ကျောက်စိမ်းတုံးများ၊ ရွှေတုံး ရွှေစများ ရှာဖွေတွေ့
နိုင်ကြသည်။

သို့သော်လည်း ထိုသို့တက်ရောက်ရှာဖွေကြသူတိုင်း အန္တရာယ် တ
မဟုတ် တစ်ခုနှင့် ကြုံကြရသည်ချည်းပင်။ အချို့ဆိုလျှင် မပြန်လမ်းသို့
မြန်းသွားကြရသည်။ သို့ကြောင့်လည်း ထိုခရီးကို နီမောင်တို့ သွားကြမ
ဆိုသောအခါ အားလုံးက ဝိုင်းဖျက်ကြခြင်းဖြစ်သည်။

နီမောင်တို့ ငါးယောက်မှာ အစကတည်းက တိုင်ပင်ထားပြီးမို့ ဘယ်
တွေက ဘယ်လောက်ဖျက်ဖျက် မပျက်ကြဘဲ ထိုခရီးကို ဆက်ခဲ့ကြခြင်းဖြစ်

၎င်းတို့အဖွဲ့၌ အသက်ကြီးသူဆို၍ ဦးဝမ်ရှိန်တစ်ယောက်သာပါ
ကျန်လေးယောက်ဖြစ်သော ဦးမောင်၊ ဇော်က၊ ငမဲအောင်နှင့် စိုင်းပိ
အသက်နှစ်ဆယ်ကျော် လူငယ်တွေချည်းဖြစ်ကြ၏။ ၎င်းတို့မှာ တောတော
များ၌ မွေးပြီး တောတောင်များထဲ၌ ကြီးပြင်းလာကြသူများပီပီ သန်
ဖျတ်လတ်သူများ ဖြစ်ကြသည်။ အားလုံး တောတောင်အတွေ့အကြုံ ရှိသူ
ဖြစ်ကြသောကြောင့် ဘာပဲလုပ်လုပ် စိတ်တူ ကိုယ်တူ ရှိကြသည်။

ဦးဝမ်ရှိန်ကို ခေါ်ရခြင်း အကြောင်းရင်းကတော့ တောကျွမ်း
မုဆိုးတစ်ယောက်ဖြစ်သည်က တစ်ကြောင်း၊ သည်ခရီးလမ်းကို ရောက်ဖူ
ဟူ၍ ဦးဝမ်ရှိန်တစ်ယောက်သာ ရှိသောကြောင့် ခေါ်ခဲ့ကြခြင်းဖြစ်၏။

ငါးယောက်သား စကားတပြောပြောနှင့် ခရီးဆက်ကြရာ နေ
တစ်နေ့တွင် ဟူးကောင်းချိုင့်ဝှမ်းအတွင်းသို့ ရောက်ကြသည်။ ထိုနေ



တစ်ဝိုက်သို့ ရောက်သောအခါ လူနေအိမ်ခြေ မရှိတော့ဘဲ တောရိုင်းနယ်မြေ အသွင် ပြောင်းသွားတော့သည်။ တောရိုင်းနယ်မြေအသွင်ဆိုသည်မှာ လူသူ မရောက်ရသေးသဖြင့် ဓားချက်မထိရသေးသော တောရိုင်းသွင်သွင် ဖြစ်သည်။ ထိုနေရာမျိုးမှာ ရွှေ ကျောက်များအပြင် အဖိုးတန် ဆေးဖက်ဝင်အပင်များ၊ ရှားပါးသော သတ္တဝါများ ပေါများသလို ငှက်ဖျားကဲ့သို့ အသက်အန္တရာယ်ကို ချက်ချင်း ဒုက္ခပေးနိုင်သော ရောဂါဆိုးများအပြင် သားရဲတိရစ္ဆာန်များကလည်း ပေါလှသည်။

ထို့ကြောင့် သူတို့တစ်တွေမှာ လက်နက်ကိုယ်စီကိုင်၍ သတိဖြင့် ခရီး ဆက်ကြရသည်။

"တို့တစ်တွေ နေမွန်းတည့်အချိန်လောက်ဆိုရင် နမ့်ပန်လုံချောင်းကို ရောက်တော့မယ်။ အဲဒီချောင်းတစ်လျှောက်မှာ ရွှေတုံး၊ ရွှေစတွေနဲ့ ကျောက် စိမ်းတုံးတွေက ရှာရင် ရှာသလောက် ရနိုင်တယ်။ ဒီတော့ တစ်ခေါက်ဆို တစ်ခေါက် အကျိုးရှိအောင် ကြိုးစားကြရမယ်။ ရွှေ ဒါမှမဟုတ် ကျောက်စိမ်း တုံးကြီးနဲ့လည်း ချက်ချင်း လောပန်ဖြစ်သွားနိုင်တယ်"

ဦးဝမ်ရှိန် စကားကြောင့် လူငယ်များတို့၏ မျက်လုံးများထဲတွင် တက်ကြွ မှု အရိပ်အယောင်များ ယှက်သန်းသွားသည်။ ဤသို့ဖြင့် အမောဖြေလိုက်၊ ခရီးဆက်လိုက်နှင့် လာကြရာ မကြာမီ နမ့်ပန်လုံချောင်းသို့ ရောက်လာ ကြသည်။ နမ့်ပန်လုံချောင်းမှာ အနည်းငယ်ကျယ်ဝန်းပြီး ရေစူးနက်ဟန် ရှိသည်။ ရေစီးကလည်း သန်သည်။ တောင်တန်းများပေါ်မှ စီးဆင်းလာသော တောင်ကျချောင်းရေများသည် နမ့်ပန်လုံချောင်းမှတစ်ဆင့် ဗြဟ္မပုတ္တရမြစ်သို့ တိုင် စီးဆင်းသွားသည်ဟု ဆိုသည်။

ချောင်းကမ်းပါးတစ်လျှောက်တွင် အရောင်မျိုးစုံ ကျောက်တုံး၊ ကျောက်ခဲ များစွာတို့ ရှိနေသည်။ အချို့ကျောက်ရိုင်းတုံးများဆိုလျှင် ရေနှင့်ထိလိုက်လျှင် အရောင်အသွေးမျိုးစုံ ကျောက်ရိုင်းတုံးများကို အများအပြား တွေ့မြင်ရသဖြင့် ဝမ်းသာနေကြသည်။

ထို့နောက် ချောင်းစပ်တစ်နေရာတွင် ပစ္စည်းများကိုစုပုံထားပြီး ချောင်းထဲ ဆင်း၍ ရေချိုးကြသည်။

"ဟော့. . . မြန်မြန်ချိုးကြ၊ ချောင်းထဲမှာ အကြာကြီး စိမ်မနေကြနဲ့၊ ဒီချောင်းထဲမှာ ပေါရိသာဒငါးတွေ အုပ်စုလိုက်ရှိတယ်"

"ပေါရိသာဒငါးဆိုတာ ဘယ်လိုငါးမျိုးလဲ အဘ"

"ဒီလိုငါးမျိုးတွေက အုပ်စုလိုက်နေတယ်၊ အရွယ်ကတော့ သိပ်မကြီးဘူး။ လက်ဝါးသာသာလောက်ပဲရှိပါတယ်။ သွားတွေကတော့ အရွယ်နဲ့ မမျှအောင် ကြီးတယ်၊ ဆောက်သွားတွေလို ထက်တယ်"

"ဟင်. . . ဟုတ်လား"

"ဟ. . . ဟ၊ ငါ့ခြေသလုံးကို ဘာကောင်ကိုက်တာလဲ မသိဘူး၊ မြန်မြန်တက်ကြဟ"

ငမဲအောင်၏ အလန့်တကြား အော်ဟစ်သံကြောင့် အားလုံး ဝရုန်းသုန်းကားဖြင့် ကမ်းပေါ်ရောက်အောင် အလုအယက် တက်ပြေးကြသည်။ သူတို့ ကမ်းပေါ်ရောက်ရုံရှိသေး စောစောက ရေဆင်းချိုးသော နေရာတွင် ထမင်းအိုးပွက်သကဲ့သို့ ငါးပွက်များ ထလာသည်ကို မြင်ကြသည်။

"ကြည့်စမ်း. . . ပြောလို့မှ စကားမဆုံးသေးဘူး၊ ပေါရိသာရ ငါးတွေ ချက်ချင်းရောက်လာတယ်၊ မင်းတို့ တက်တာမြန်လို့ မဟုတ်ရင် အကုန်လုံးသေမှာ၊ ဒီမှာ ငါပြမယ် ကြည့်ကြ"

ဦးဝမ်ရှိန်က အသင့်ပါလာသော အသားပေါင်တစ်ပေါင်အား ရေထဲပစ်ချလိုက်ရာ ရေထဲမှ ငါးများ အလုအယက် ကိုက်ဖဲ့စားသောက်ကြရာ ရေပွက်ကြီးများ ထလာကြတော့သည်။ ခဏကြာတော့ ပြန်ငြိမ်ကျသွားသည်။

"ကြောက်စရာကောင်းလိုက်တာ"

"ကုန်းပေါ်မှာတော့ ပဒူကျင်းပေါ့"

"ရေထဲမှာတော့ ပေါရိသာဒ ငါးဟာ ကြောက်စရာ အကောင်းဆုံးပဲ၊ ကုန်းပေါ်မှာ ပဒူကျင်းထဲ ကျွံကျသွားရင် ချက်ချင်း အရိုးဘဝ ရောက်သွားနိုင်တယ်။ ရေထဲမှာလည်း ပေါရိသာဒ ငါးအုပ်နဲ့တွေ့လို့ကတော့ မလွယ်ဘူး"

ငမဲအောင်က ခြေသလုံးမှ ဒဏ်ရာကို ငုံ့ကြည့်လိုက်သောအခါ ခြေသလုံးတစ်နေရာမှာ အကွင်းလိုက် တိတိရိရိ ပြတ်ထွက်နေသည်ကို တွေ့ရသည်။



(၂)

ထိုညတွင် သူတို့တစ်တွေ နမ့်ပန်လုံချောင်းနှင့် မနီးမဝေး သစ်ပင်ကြီးတစ်ပင်အောက်တွင် စခန်းချကြသည်။ ဖွဲနှင့်ဆုပ်ပက်သကဲ့သို့ တဖွဲဖွဲ ရောက်လာသော တောခြင်ရိုင်းများ၊ တစ်ကောင်လျှင် ဒင်္ဂါးပြားခန့် ကြီးသော မှက်ကြီးများ၏ရန်က အတော်ကြောက်စရာကောင်းသည်။ သို့ကြောင့် မီးဖိုကြီးများ ဖိုထားရသည်။

မီးလင်းရောင်နှင့် မီးခိုးငွေ့များအရှိန်ကြောင့် ခြင်နှင့် မှက် ရန်ကသော်လည်းကောင်း၊ အတန်အသင့် စိတ်ချရသဖြင့် တစ်ယောက် တစ်လှည့်စီ ကင်းစောင့်၍ အိပ်ကြရသည်။ ညသန်းခေါင်ကျော်လောက် ရောက်သောအခါ-

"အမယ်လေး၊ ကယ်ကြပါဦး၊ ကယ်ကြပါဦး၊ ဒီမှာ မှက်မဲကြီး လာဆွဲနေတယ်ဗျ"

ငမဲအောင်၏ စူးစူးဝါးဝါး အော်ဟစ်သံကြောင့် ကျန်လူများ အလန့်တကြား နိုးလာကြသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

လက်နက်များဆွဲ၍ အသံကြားရာဘက်သို့ လာကြည့်သောအခါ တောစပ်တစ်နေရာတွင် လဲနေသော ငမဲအောင်ကို တွေ့ကြရသည်။

"ဘာဖြစ်တာလဲ၊ ငမဲအောင်၊ ဘာဖြစ်တာလဲ"

ငမဲအောင် သတိမေ့နေသည်။ အနီးဝန်းကျင်မှာလည်း သူ့ဒဏ်ရာမှ ထွက်နေသော သွေးများက စိုစွတ်ပေနေသည်။ ငမဲအောင်ကို မီးပုံနား ပွေ့ခေါ်လာပြီး သတိရအောင် ပြုစုကြသည်။ အတန်ကြာမှ သတိပြန်ရလာပြီး. . .

"အမလေး. . . မဲမဲကြီး လာဆွဲနေတယ်။ မဲမဲကြီး လာဆွဲနေတယ်"

ဟု ကယောင်ကတမ်း အော်နေသည်။

"ငမဲအောင်၊ ငမဲအောင်၊ သတိရပြီလား၊ သတိရပြီလား၊ မင်း ဘာဖြစ်တာလဲ"

"ကျွန်တော် ကင်းစောင့်နေတုန်း တောထဲက မဲမဲကြီးထွက်လာပြီး ဝင်ဆွဲသွားတာ"

"ဘာကောင်ကြီးလဲ၊ မင်းမြင်လိုက်ရသလား"

"မဲမဲကြီးပဲ မြင်လိုက်ရတယ်၊ ကျွန်တော့်အထင်တော့ မြွေကြီးတစ်ကောင်လို့ ထင်တာပဲ"

ငမဲအောင်ခမျာ အတော့်ကို ထိတ်လန့် တုန်လှုပ်နေသည်။

"မင်းကလည်း ဒီလောက်ကြောက်မနေပါနဲ့။ တို့တစ်တွေ လူများတာပဲ ဘယ်ကောင်လာလာ ဝိုင်းချမှာပေါ့၊ သိပ်မကြောက်ပါနဲ့"

ထိုညက မိုးလင်းသည့်တိုင် ပြန်မအိပ်ကြတော့ဘဲ မီးပုံနားတွင် ဝိုင်းဖွဲ့ စကားပြောနေလိုက်သည်။ မိုးစင်စင်လင်းသည့်တိုင် နောက်ထပ် အန္တရာယ် တစ်ခုမျှ ထပ်မတွေ့ရတော့မှ စိတ်ချလက်ချ ဖြစ်သွားကြတော့သည်၊ ထို့နောက် အသင့်ပါလာသော ကောက်ညှင်းဆန်ကို ဝါးဖြင့်ကျည်တောက်ပြု လုပ်ပြီး အသားခြောက် မီးဖုတ်များနှင့် နံနက်စာ စားသောက်ကြသည်။

ထို့နောက် ညက ငမဲအောင်အား သတ္တဝါတစ်ကောင်က ဆွဲသည်ဆိုသော နေရာသို့ သွားကြည့်ရှုရာ မြေပြင်ပေါ်တွင် ပွတ်တိုက်ဆွဲသွားသော အရာကြီးတစ်ခုကို တွေ့ရပြီး ထိုနေရာတွင် အချွဲတုံးအချို့ ကပ်ငြိကျန်နေခဲ့သည်ကို အံ့သြဖွယ်ရာ တွေ့ရသည်။

"ဒါ. . . ဒါ. . . မြွေတစ်ကောင်ရဲ့ ဗိုက်ပွတ်ရာမဟုတ်ဘူးကွ၊ မြွေသွားတဲ့လမ်းမှာ ပွဖိရာသာ ကျန်ရင်ကျန်ခဲ့မယ်၊ အဲဒီလို ချွဲမျိုးတွေ မကျန်ဘူး"

"ဒါဖြင့် ဘာကောင်ဖြစ်မလဲ အဘ"

"ငါလည်း မသိဘူး၊ လာ. . . အဲဒီလမ်းအတိုင်း လိုက်ကြည့်ရအောင်၊ သတိတော့ထားကြ"

သူတို့တစ်တွေ လက်နက်ကိုယ်စီကိုင်ပြီး ထိုလမ်းကြောင်းအတိုင်း လိုက်ကြည့်ကြသောအခါ ချောင်းစပ်တစ်နေရာတွင် အဆုံးသတ်သွားသည်ကို တွေ့ရသည်။ ၎င်းသတ္တဝါမှာ ချောင်းအတွင်းသို့ ပြန်ဆင်းသွားဟန်ရှိသည်၊

"ဘယ်လိုသတ္တဝါလဲဟ၊ ချောင်းထဲက ထွက်လာပြီး လူကိုဆွဲတယ်ဆိုတော့ စဉ်းစားစရာပဲ"

ဟု ဦးဝမ်ရှိန်က စဉ်းစားရကျပ်ဟန်ဖြင့် ပြောသည်။



ထို့နောက် သူတို့အဖွဲ့သည် ချောင်းရိုးတန်းတစ်ဝိုက် လှည့်လည်၍ ကျောက်စိမ်းနှင့် ရွှေများရှာဖွေကြသည်။

(၃)

သူတို့ငါးယောက်မှာ ကိုယ့်ဇောနှင့်ကိုယ် တစ်နေကုန် လှည့်ရှာကြပြီး ရသမျှပစ္စည်းများကို စခန်းသို့ပြန်ထားကြသည်။ အားလုံး တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ် လုပ်နိုင်ကြသော်လည်း ငမဲအောင်တစ်ယောက်သာ ရရှိထားသော ဒဏ်ရာကြောင့် သိပ်မလှုပ်နိုင်ရှာပေ။

လှုပ်ရှားလိုက်တိုင်း အနာမှ သွေးများ တစိမ့်စိမ့် ကျနေတော့သည်။

တစ်နေကုန် ရှာသမျှ ကျောက်စိမ်းနှင့် ရွှေများ အဖိုးတန် ဆေးမြစ်ဆေးဥနှင့် နွယ်ချို ကရဝေးက အစရှိသည်တို့ကို တစ်နေရာ၌ စုပေါင်းသိမ်းထားပြီး ညဘက်ရောက်သောအခါ ပင်ပန်းမှုကြောင့် စောစောအိပ်ကြသည်။ ပတ်ဝန်းကျင်တွင် မီးဖိုကြီးများ ဖိုထားပြီး အလှည့်ကျစောင့်ကြသည် ဆိုစေကာမူ ညဉ့်နက်ပိုင်းရောက်သောအခါ အသီးသီး အိပ်မောကျသွားတော့သည်။ နံနက်လင်းသောအခါ ငမဲအောင်ကို ရှာမတွေ့တော့ပေ။

တောထဲဝင်၍ အပေါ့အပါး သွားနေသလားဟု လိုက်လံရှာဖွေသော်လည်း မတွေ့ရသဖြင့် အားလုံး စိတ်ပူသွားကြသည်။ တောနက်ထဲသို့ "အူ"သံပေးသော်လည်း တုံ့ပြန်သံ မကြားရပေ။

"ဒီမှာ. . . ဒီမှာ ပွတ်ကြောင်းကြီးတစ်ခု တွေ့ရတယ်ဗျို့၊ သွေးစ သွေးနတွေလည်း တွေ့တယ်၊ လိုက်ကြရရင် ကောင်းမယ်"

စိုင်းပိ အလန့်တကြား အော်ပြောသံကြောင့် အားလုံးသွားကြည့်ကြသောအခါ တစ်နေ့က တွေ့ရသော ပွတ်တိုက်ရာကြီးတွေ့ရပြီး လမ်းကြောင်းတစ်လျှောက် သွေးစသွေးနများနှင့် ချွဲတုံးအချို့ ကပ်နေသည်ကို တွေ့ရသည်။

အန္တရာယ်များသော်လည်း အတူတကွလာသော "အဖော်"ဟူသော သံယောဇဉ်ကြောင့် လက်နက်များကိုယ်စီကိုင်၍ လမ်းကြောင်းအတိုင်း လိုက်ကြည့်ရာ ချောင်းစပ်ရောက်သောအခါ ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော ငမဲအောင်အလောင်းကို တွေ့ကြရလေသည်။

အနီးသို့ ရောက်ကြသောအခါ ငမဲအောင်အလောင်းမှာ တစ်ကိုယ်လုံး သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူလျော်ကြီး ဖြစ်နေသည်။ မျက်လုံးကြီးမှာ မြင်မကောင်းအောင် ပြူးထွက်နေသည်။ ဦးဝမ်ရှိန်က အသေအချာစစ်ဆေးကြည့်သောအခါ ငမဲအောင် ခြေသလုံးတွင် ငါးကိုက်ခံရသော ဒဏ်ရာတစ်ဝိုက်တွင် သုံးမြှောင့်အကွဲကြောင်း ဒဏ်ရာကြီးတစ်ခုကို ထူးထူးခြားခြား တွေ့ရသည်။

ထိုဒဏ်ရာတစ်ဝိုက်တွင် သွေးများတစိမ့်စိမ့် ထွက်နေရာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် သွေးညှီနံ့များ လွှမ်းနေတော့သည်။

"ငမဲအောင်ဟာ သွေးစုပ်သတ္တဝါတစ်မျိုးကြောင့် သေရတာပဲ၊ ဘယ်လိုသတ္တဝါမျိုးလည်းတော့ မသိဘူး"

"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ အဘ"

"ငါထင်တာကတော့ ငမဲအောင်ကိုသတ်တာ မြွေမဟုတ်တာတော့ သေချာတယ်၊ ငါတော့ အလောင်းကို ဒီအတိုင်းထားပြီး တစ်ညလောက် စောင့်ကြည့်ရင် ကောင်းမယ်၊ နောက်ပြီး သွေးစုပ် သတ္တဝါမှန်သမျှ အက်ဆစ်ဓာတ်ပါတာနဲ့ ထုံးဓာတ်၊ ဆားဓာတ်ပါတာတွေကို ကြောက်ကြတယ်၊ ဒီတော့ ဒို့အတွက် အန္တရာယ်ကင်းအောင် ဆားကျင်းက ဆားတွေကို နိုင်သမျှသယ်ပြီး တစ်ညစောင့် ကြည့်ကြမယ်"

"ကောင်းတယ်အဘ"

လေးယောက်သား နံနက်ပိုင်းတွင် ပစ္စည်းများ ထွက်ရှာကြသည်။ ထိုသို့ရှာရာတွင်လည်း အရင်နေ့များကလို တစ်ယောက်တစ်နေရာစီ မရှာတော့ဘဲ စု၍ရှာကြသည်။ ရှာရသမျှ ပစ္စည်းများကိုလည်း စုပေါင်းထားကြသည်။

ညနေစောင်းသောအခါ ဆားကျင်းမှ ဆားများကို တစ်နိုင်စီ သယ်ပြီး သစ်ပင်ကြီးများပေါ်တွင် လင့်စင်ထိုးကာ နေရာယူကြသည်။ သစ်ပင်အောက်တွင် မီးဖိုထားသော်လည်း ညဉ့်နက်လာသောအခါ အရိုးကွဲလုမတတ် အအေးဒဏ်ကို ခံကြရသည်။ လရောင်ရှိသော်လည်း တဖွဲဖွဲ ကျဆင်းလျက်ရှိသော နှင်းမှုံနှင်းစက်များအား မထိုးဖောက်နိုင်သောကြောင့် မှုံဝါးဝါး ဖြစ်နေတော့သည်။ တစ်ချီတစ်ချီ တိုးဝင်လာသော လေနှင့်အတူ သွေးညှီနံ့များ လှိုင်နေသည်။



ညဦးပိုင်းတွင် စကားထိုင်ပြောနေကြပြီး ညဉ့်နက်သောအခါ တစ်ယောက်တစ်လှည့်စီ အိပ်ကြသည်။ ညဉ့်နက်လာသည်နှင့်အမျှ အအေးဓာတ်က ပိုလာသလို တိတ်ဆိတ်ခြင်းက မင်းမူလာသည်။ ညဘက်ရောက်မှ အစာရှာထွက်ကြသော တောကြောင်ကြီးများ အော်သံ၊ သစ်တောက်သံ၊ မြွေတွန်သံ၊ ညဉ့်ငှက်အော်သံများကိုသာ တစ်ခါတရံ ကြားရသည်။ သူတို့ပတ်ဝန်းကျင်တွင် သစ်တုံးများကို မီးစွဲနေသော တဖျစ်ဖျစ်မြည်သံများသာ မှန်မှန်ပေါ်ထွက်နေသည်။

ငမဲအောင်အလောင်းမှာ သစ်ပင်အောက်၌ရှိပြီး မီးဖိုနှင့်လည်း မဝေးသောကြောင့် ကောင်းစွာမြင်နိုင်သည်။ သန်းခေါင်ကျော် အချိန်လောက်ရောက်သောအခါ "ဇော်ဘ"က အိပ်နေသူများကို အလန့်တကြား နှိုးသည်။

"ထကြစမ်း၊ ထကြစမ်းဟေ့၊ ရေထဲက ဘာကောင်ကြီးလဲ မသိဘူး၊ တက်လာပြီ"

ဇော်ဘ အလန့်တကြား နှိုးလိုက်သံကြောင့် အားလုံးနိုးလာပြီး သူညွှန်ပြရာသို့ ကြည့်လိုက်ကြသောအခါ နမ့်ပန်လုံချောင်းအတွင်းမှ တရွေ့ရွေ့တက်လာသော မည်းမည်းသတ္တဝါကြီးကို မြင်ရသည်။

ထိုသတ္တဝါကြီးမှာ မြွေတစ်ကောင်လို အလျားရှည်ပြီး လုံးပတ်မှာ သစ်လုံးတစ်လုံးလောက် အရွယ်ရှိသည်။ သတ္တဝါကြီးမှာ တရွေ့ရွေ့ တက်လာရာ မကြာမီ မီးရောင်ရှိရာ ရောက်လာသည်။ အနီးရောက်လာတော့မှ ဦးခေါင်းပိုင်းမှာ ချွန်ချွန်နှင့် အမြီးပိုင်းမှာ အပြားဝိုင်းကြီးဖြစ်သည်။ ၎င်းမှာ စုပ်ပြားကြီးဖြစ်ဟန်ရှိပြီး စကောဝိုင်းတမျှ ကြီးလှသည်။

"ဒါ. . . ဒါ ဇရာမ သွေးစုပ်မျှော့ကြီးပဲ၊ သွေးညှီနံ့ရလို့ တက်လာတာဖြစ်မယ်"

ဇရာမ မျှော့နက်ကြီးမှာ အမြီးထောက်၍ ဦးခေါင်းမော့ကာ လေထဲတွင် အနံ့ခံနေပုံမှာ အသည်းယားဖွယ်ကောင်းလှသည်။ ထို့နောက် သွေးညှီနံ့လွှမ်းနေသော ငမဲအောင် အလောင်းနားသို့ တရွေ့ရွေ့ တိုးကပ်လာပြီး ဆွဲပတ်ယူလိုက်သည်။

သွေးတစိမ့်စိမ့် ထွက်နေသော ဒဏ်ရာကို စုပ်ခွက်ကြီးနှင့်အုပ်ကာ စုပ်ယူလိုက်ပုံမှာ ကြောက်စရာ ကောင်းလှတော့သည်။

"ငမဲအောင်မှာ ငါးကိုက်တဲ့ဒဏ်ရာက သွေးတွေက တစိမ့်စိမ့် ထွက်နေ တာဟာ သူ့ရဲ့အသက်ကို ဒုက္ခပေးလိုက်တာပဲ။ မျှော့ဆိုတာ သွေးနံ့ရရင် ဘယ်လောက်ဝေးဝေး ရောက်လာတာပဲ"

မျှော့ကြီးမှာ ငမဲအောင် တစ်ကိုယ်လုံးကို ရစ်ပတ်ပြီး သွေးစုပ်နေရာ ဖွဲဖတ်တစ်ခုနှယ် ပျော့ဖတ်နေတော့သည်။

"ကြောက်စရာကောင်းလိုက်တာ၊ ဒီကောင်ကြီး ကျွန်တော်တို့ ဘက် လှည့်လာရင် အခက်ပဲ၊ ဘယ်လိုလုပ်ကြမလဲ အဘ"

ဦးနီမောင် စိုးရိမ်စွာ မေးလိုက်သည်။

ဦးဝမ်ရှိန်က တစ်ခုခုကို ဆုံးဖြတ်ချက်ချလိုက်ပြီး-

"တို့မှာ ဆားထုပ်တွေ ပါကြတယ် မဟုတ်လား"

"ပါတယ်"

"မျှော့ဆိုတာ အကောင်ဘယ်လောက်ကြီးကြီး ဆားနဲ့တွေ့ရင် သေတာ ပဲ၊ ဒီတော့ တို့မှာပါလာတဲ့ ဆားတွေနဲ့ အပေါ်က ပက်ကြစမ်း"

ဦးဝမ်ရှိန် ပြောသည့်အတိုင်း ပါလာသော ဆားများဖြင့် မျှော့ကြီး အပေါ်သို့ ပက်ချလိုက်ရာ ခဏအကြာတွင် တွန့်လိမ်တက်လာပြီး မြေပေါ်တွင် လူးနေတော့သည်။

"ပက်ကြ၊ ပက်ကြ၊ ဆားနဲ့များများ ပက်ကြဟေ့"

လေးယောက်သား ဆားတွင်းမှ ဆောင်ယူလာသော ဆားခဲများကို အားရပါးရ ပက်လိုက်ကြရာ သတ္တဝါကြီးမှာ လူးပုံနေပြီး ခဏအကြာ သွေးများ ပန်းထွက်လာတော့သည်။

"အဲဒါ ငမဲအောင်အတွက် ကလဲ့စားပဲဟေ့"

ပြောပြောဆိုဆိုနှင့် လေးယောက်သား သစ်ပင်ပေါ်မှ ခုန်ဆင်းပြီး ဓား များဖြင့် ဝိုင်းခုတ်ကြရာ သွေးများပန်းထွက်လာသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက် ချင်းချင်းနီနေတော့သည်။

ခဏကြာသောအခါ သတ္တဝါကြီးမှာ တဖြည်းဖြည်း အားလုံးသေသွားပြီး တွန့်လိမ်ကာ ငြိမ်ကျသွားတော့သည်။

"ဧရာမ သွေးစုပ်မျှော့ကြီးတစ်ကောင်ပဲ"



"ဒီကောင်မျိုးတွေက ပတ်မိရင် ခွာမရတော့ဘူး။ သွေးဆိုရင် သိပ်ကြိုက် တဲ့ ကောင်မျိုးပေါ့။ တိရစ္ဆာန်တွေဆိုရင် သိပ်ကြောက်ကြတယ်၊ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ကပ်မိရင် သွေးဝမှပဲ ကွာတော့တယ်။ ဆင်လိုအကောင် မျိုးတောင် ကပ်မိရင် သွေးဝမှကွာတယ်"

"ငမဲအောင်က ဘယ်လိုသေရတာလဲ အဘ"

"ဒီကောင့်ဒဏ်ရာက သွေးထွက်နေတော့ သွေးနံ့ရပြီးလာတာ။ ပထမ ညကလည်း လာဝင်ဆွဲသေးတယ်၊ နောက်တစ်နေ့ဝင်ဆွဲတော့ ဒီကောင်လန့်ပြီး သတိလစ်သွားတာဖြစ်မယ်။ အဲဒီအချိန်မှာ ချောင်းစပ်ကို ဆွဲယူပြီး သွေးစုပ် သတ်လိုက်တာကွ"

ဦးဝမ်ရှိန်ရှင်းပြတော့ အားလုံး စိတ်မကောင်းစွာဖြင့် သက်ပြင်းချ လိုက်ကြသည်။ အတူတကွလာကြ‹ သာ ခရီးဖော်တစ်ဦး အသက်ဆုံးရှုံးရခြင်း အတွက် ရင်ထဲမှာ ထိခိုက်နေကြသည်. ထိုအခိုက်မှာပင် အရုဏ်တက်လာပြီ ဖြစ်၍ အလင်းရောင်ကောင်းစွာ ရလာသည်။

လေးယောက်သား စိတ်မကောင်းစွာဖြင့် ငမဲအောင်၏ အလောင်းကို ကောင်းမွန်စွာသဂြိုဟ်လိုက်ကြပြီး နမ့်ပန်လုံချောင်းမှ ထွက်ခွာလာကြသည်။

ထြိစက္က




# ဂူပေါ်က ငွေစက္ကူ

## သန်လျင်မောင်မောင်ဦး

သန်လျင်မှာရှိသည့် စာရေးဆရာများအနက် ဆရာ ကျော်မင်းနိုင်ရယ်၊ မောင်ဝေ(ရွှေမိုင်း)ရယ်၊ ကျွန်တော်ရယ် ပြီးတော့ ကွယ်လွန်သွားရှာပြီဖြစ် ာ အမျိုးသားစာပေဆုရ ပွင့်လန်း(သတ္တုတွင်း)ရယ်၊ ထိုလေးဦးသည် တစ်မူ သူများဖြစ်ကြ၏။

ဘာထူးသနည်းဆိုတော့ မူးလာသည့်အခါ ညောင်သုံးပင်သုသာန်သို့ ၍ သူရဲသွားသွားအခြောက်ခံတတ်ကြခြင်း။

ဟုတ်သည်။ ကျွန်တော်တို့ (၄)ဦးသည် အရက်မူးပြီး ဆိုင်တွေလည်း ပြီ၊ (ည ၁၀ နာရီလည်း ထိုးနေပြီ)ဆိုသည်နှင့် ထိုညောင်သုံးပင်သုသာန်သို့ က်သွားတတ်ကြ၏။

သွားသည့်အကြောင်းက သူရဲအခြောက်ခံချင်၍ သွားခြင်း။

ဟုတ်သည်။ သူရဲအခြောက်ခံချင်၍ သွားခြင်းဖြစ်သည်။

ဒို့. . . သည်ညောင်သုံးပင်သုသာန်ကလည်း သူရဲအရမ်းခြောက်သည်။ ရဲအရမ်းခြောက်သည်ဟု သန်လျင်မှာ အလွန်နာမည်ကြီးလှလေသည်ကိုး။

နမူနာတစ်ခု ပြောပြပါမည်။

ထိုစဉ်က သန်လျင်ရှိ ရုပ်ရှင်ရုံနှစ်ရုံမှာ နေ့တစ်ပွဲ၊ ညတစ်ပွဲစီ ရုပ်ရှင်ပြ ည်။ ညပွဲက ည ၉ နာရီခွဲလောက်မှာ ပြီးတတ်သည် ဆိုတော့က. . . ည နာရီ၊ ၁၀ နာရီခွဲလောက်ဆိုလျှင် သန်လျင်မှာ လူသူ အသွားအလာ ပ်မရှိတော့။

"အဲ. . . တစ်ည. . . ။

ပဲခူးစုရပ်ကွက်မှာ ဆိုက္ကားဆရာတစ်ဦး ည ၁၀ နာရီလောက်မှာ ဆိုက္ကား သိမ်းဖို့ ပြန်လာသည်။

ပဲခူးစုရပ်ကွက်ထပ်ကျတော့ အမျိုးသမီးတစ်ဦးနှင့်တွေ့သည်။

အမျိုးသမီးက "ဆိုက္ကားအားသလား"ဟု မေးသည်။

ဆိုက္ကားဆရာက "ဘယ်သွားချင်လို့လဲ"ဟု ပြန်မေးတော့ "ညောင်သုံးပင် ဘက်"ဟု ဖြေ၏။

ညောင်သုံးပင်ဘက်ဆိုတော့ ဆိုက္ကားဆရာ နည်းနည်းစဉ်းစားရပြီ။

သို့သော် "ဒီအချိန်ကျမှ အမျိုးသမီးတစ်ယောက်တည်း မသွားရဲလို့ဖြစ် မှာပါပဲလေ"ဟု စဉ်းစားကာ ဆိုက္ကားပေါ်တက်ခိုင်းလိုက်သည်။

မြမှန်မှန်နင်းလာရင်း ဆေးရုံကွေ့အကျော် ကျားဘုရားနား မရောက် တရောက်၌ ဆိုက္ကားဆရာနှာခေါင်းထဲ အပုပ်နံ့ကြီး ဝင်လာသည်။

ထို့ကြောင့် ခရီးသည် အမျိုးသမီးကို -

"ပုပ်စော်နံတယ်နော်"

ဟု ပြောလိုက်တော့ အမျိုးသမီးက-

"နံမှာပေါ့ ကျွန်မက သေထားတာ လေးရက်ပဲရှိသေးတယ်"

ဟု ပြန်ပြောသဖြင့် ဆိုက္ကားဆရာက အမျိုးသမီးကို ဆတ်ခနဲလှမ်းကြည့် လိုက်တော့ အာ့. . . လား. . . လား. . . အမျိုးသမီး၏ မျက်နှာသည် မီးလောင် ထားသော မသာမျက်နှာကြီးနှယ် ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ဆိုက္ကား ဆရာ အော်၍ပြေးခဲ့ရဖူးသည့် ဇာတ်လမ်းက သန်လျင် ညောင်သုံးပင် သုဿာန်ဘက်မှာ ရှိနေသည်။

သည်ကတည်းက ကျွန်တော်တို့ ၄ ဦး သူ့ရဲတကယ်ခြောက် မခြောက် သိလိုသဖြင့် ညဘက် ညဘက် အရက်ဆိုင်က ထသည်နှင့် ထိုသုဿာန်သို့ ရောက်သွားကြတော့သည်။

ည ဆယ်နာရီခွဲလောက်ဆို ကျွန်တော်တို့ ရောက်သွားကြပြီ။ အုတ်ဂူတွေ ပေါ်မှာထိုင်သည့်အခါတိုင်း ပက်လက်လှဲသည့်အခါ လှဲကာ သူ့ရဲအခြောက် ကို စောင့်၏။

သို့သော် သူရဲသည် "စာရေးဆရာ"တွေနှင့် သိပ်ပတ်သက်ချင်ပုံ မရ၊ ကျွန်တော်တို့ကို မခြောက်။



ယနေ့လည်း ည ၁၀ နာရီခွဲလောက်မှာ ကျွန်တော်တို့ရောက်သည်။ ထိုင်နေကျ အုတ်ဂူတွေပေါ်မှာ ထိုင်သည်။ ခဏကြာတော့ ပက်လက်လှဲသည်။

သို့ဖြင့် ည ဆယ့်နှစ်နာရီ ထိုးသွားသည်။

"ဟေ့ကောင်တွေ. . . ထ. . . ထ။ ပြန်ကြမယ်၊ ဒီအတိုင်းကြီး အိပ်ပျော် သွားရင် လေဖြတ်နေလိမ့်မယ်"

ဆရာပွင့်လန်းက လောဆော်သဖြင့် ကျွန်တော်တို့ ကိုယ့်အိမ်ကိုယ် ပြန် လာကြသည်။

သည်မှာ ဇာတ်လမ်းစခြင်းဖြစ်၏။

ခင်မောင်ဝေ(ရွှေမိုင်း)နှင့် ကျွန်တော်နှင့်က တစ်ရပ်ကွက်တည်း၊ တစ်လမ်း တည်းမှာ နေကြသူများ။

ကျွန်တော်တို့ ကိုယ့်လမ်းထဲ ကိုယ်ရောက်လာတော့ နံနက် ၁ နာရီထိုး လုလု။

ခြေလက်ဆေး၊ အိပ်ရာထဲဝင်ပြီး အိပ်၍မှ မပျော်သေး။ အိမ်ရှေ့မှ ခင်မောင်ဝေ၏ အသံကို ကြားရ၏။

"ဟေ့ကောင် မောင်ဦး. . . အိပ်ပြီလား။ ထပါအုံးကွ"

ကျွန်တော် အိပ်ရာမှထကာ အပြင်ထွက်ခဲ့သည်။

"ဘာလဲ. . . ခင်မောင်ဝေ"

တို့ ညောင်သုံးပင်ကို ပြန်သွားရအောင်ကွ"

"ဟေ. . . "

"ဟုတ်တယ်၊ ငါ့အလုပ်သမား ကတ်ပြား အဲဒီမှာ ကျပျောက်ခဲ့တယ်ကွ"

"ဟုတ်လို့လား. . . ။ အဲဒီမှာ ကျပျောက်မှန်း မင်းက ဘယ်လိုလုပ်သိလဲ"

"ငါ. . အုတ်ဂူပေါ် မှောက်အိပ်တုန်းက အိပ်ထဲက ထွက်ကျသွားလို့၊ ပြန် ကောက်ထည့်ရတာ နှစ်ခါတောင်ကွ။ အခု အိမ်ကျမှ အိတ်ကပ်ထဲ ကြည့်လိုက် တော့ မရှိတော့ဘူး။ အဲဒီကတ်မပါရင် မနက် ငါအလုပ်ဆင်းလို့ မရဘူး"

"အဲဒီတော့"

"တို့. . . ပြန်သွားမယ်ကွာ၊ သွားပြန်ရှာမယ်"

ကျွန်တော် စဉ်းစားရပြီ။ ည ဆယ်နာရီခွဲလောက်တုန်းက ကျွန်တော်တို့ အားလုံး 'အရှိန်'ကိုယ်စီနှင့် ဖြစ်သည်။ အခု 'အရှိန်'မရှိတော့။

"ဟေ့ကောင်. . . ဘာစဉ်းစားနေတာလဲ. . . ။

ဘာလဲ. . .။ မင်း မလိုက်ရဲဘူးလား၊ ဟား. . . ဟား"

ကျွန်တော့်ကို သည်အမေးမျိုး လာမေးလို့ကတော့ ကြာသလားလို့"

"မင်းကလည်း. . . ငါ့အကြောင်း သိရဲ့သားနဲ့"

သည့်နှယ် ပြောရင်း ကျွန်တော် အိမ်တံခါးကို ပြန်ပိတ်ကာ ခင်မောင်ဝ နှင့် ထွက်လိုက်လာခဲ့သည်။ ကျွန်တော်တို့ ညောင်သုံးပင် သုသာန်သို့ရော တော့ ညဥ့်နာရီပြန် တစ်ချက်ခွဲ ကျော်နေပြီ။ သုသာန်ထဲသို့ ဝင်ခါနီး ကျွန်တော်က ခြေစုံရပ်လိုက်ပြီး. . .

"ဟေ့ကောင်. . . ဒီလိုလုပ်ပါလား"

ခင်မောင်ဝေက "ဘာလဲ" ဟု မေးသည်။

ကျွန်တော်က

သင်္ချိုင်းက အကျယ်ကြီး၊ တို့အိပ်တဲ့ဂူတွေက ဟိုးဘက်အစပ်လောက် ရှိတာ။ အထဲကို အတော်ဝင်ရအုံးမှာ"

"အဲဒါ ဘာဖြစ်လဲ"

"ငါ တစ်ခုစဉ်းစားမိလို့ပါ. . .။ လာ. . . ငါပြမယ်"

ကျွန်တော်က ခင်မောင်ဝေ့ကိုခေါ်ပြီး သင်္ချိုင်းအဝင် ညာဘက် ကုက္ကိုပင်အောက်မှ ဂူမည်းမည်းကြီးရှေ့မှာ ရပ်လိုက်သည်။

"ဒီဂူဟာ. . . ဒီသင်္ချိုင်းရဲ့ စီနီယာ၊ မင်း. . . အဲ နေဦးကွ. . .။ နာမ က ဒေါ်သူဇာဆိုတော့ စီနီယာဝူးမင်း ဆိုပါတော့ကွာ"

"မင်းက ဘယ်လိုလုပ်သိလဲ"

"သင်္ချိုင်းစောင့်ကြီး ပြောဖူးတယ်"

"အဲဒီတော့. . ."

"ဒီသင်္ချိုင်းမှာ သူက အကြီးအကဲဆိုတော့ သူ့ကိုပဲ တိုင်တည်ပြီး အ အညီတောင်းကြည့်ရမှာပေါ့ကွာ"

"မင်း. . . လုပ်တတ်လို့လား"

ကျွန်တော်က ခေါင်းညိတ်ပြရင်း အုတ်ဂူမည်းမည်းကြီးကို လက်ဖြင့် ကာ. . .

"ဒေါ်သူဇာ ခင်ဗျား. . .။ အကူအညီတစ်ခုလောက် တောင်းပါရ ကျွန်တော့်သူငယ်ချင်း ခင်မောင်ဝေရဲ့ အလုပ်သမား ကတ်ပြား ဒီသင် မှာ ကျပျောက်သွားပါတယ်။ အဲဒါကို ပြန်ရအောင် ဒေါ်သူဇာ ကူညီပါ



ပြန်ရရင် ကျွန်တော်တို့ မနက်ဖြန်ကျ ဒေါ်သူဇာ့ကို လက်ဖက်နဲ့ လာကန်တော့ ပါ့မယ် ခင်ဗျာ"

သည့်နှယ်ပြောပြီး ကျွန်တော်တို့နှစ်ဦး သင်္ချိုင်းထဲသို့ ဝင်ခဲ့သည်။

အင်မတန်အံ့ဩဖို့ကောင်းသည်။

ခြေလှမ်းလေးငါးလှမ်းမျှပဲ လှမ်းလိုက်ရသေးသည်။ ကတ်ပြား ဖြူဖြူ ကလေးကို ကြယ်ရောင်ဖြင့် တွေ့လိုက်ရလေ၏။

ခင်မောင်ဝေ အတော်ပီတိဖြစ်သွားပုံရ၏။

"အေးဟ. . . ဒီလိုကျတော့လည်း အဟုတ်သား"

"အဟုတ်သား လုပ်မနေနဲ့. . .။ မနက်ဖြန် လက်ဖက်နဲ့ သွားကန်တော့ လိုက်အုံး"

သည်တော့ ခင်မောင်ဝေက. . .

"အဲဒါမှ ပြဿနာပဲ၊ မနက်ဖြန် ငါ တာဝန်မှူးကျတယ်ကွ. . .။ နောက် တစ်နေ့ မနက်ကျမှ ဂျူတီထွက်ရမှာ"

"ဟင်း. . . မင်းကတော့ လုပ်ပြီ၊ ငါက မနက်ဖြန် လာကန်တော့ပါမယ် လို့ ပြောထားပြီးပြီကွ"

ခင်မောင်ဝေ ဘာမျှ ပြန်မပြော။

တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။

အတန်ကြာမှ. . .

"ဟား. . . ဟား. . . ဟား. . . စာရေးဆရာပဲကွာ၊ ဝိနည်းလွတ်အောင် ကြံတတ်ပါတယ်၊ လာ. . . လာ. . ."

သည်တစ်ခါတော့ ခင်မောင်ဝေက ကျွန်တော့်ကို. . .

ဒေါ်သူဇာ့အုတ်ဂူရှိရာသို့ ခေါ်သွားသည်။

အုတ်ဂူရှေ့၌ ကျွန်တော်တို့နှစ်ဦး ရပ်သည်။ ခင်မောင်ဝေက ပြောသည်။

"ဒေါ်သူဇာ ခင်ဗျာ. . .၊ ဒေါ်သူဇာ့ကို ကျွန်တော်တို့ မနက်ဖြန် လက်ဖက်နဲ့ လာကန်တော့မယ်လို့ ကတိပေးထားပေမဲ့ မနက်ဖြန် ကျွန်တော် အလုပ်ထဲမှာ တာဝန်မှူးကျတာကြောင့် မလာနိုင်ပါဘူး။ ဒါ့ကြောင့်. . .

ခင်မောင်ဝေက စက္ကူးကိုရပ်ကာ အိတ်ကပ်ထဲသို့ လက်နှိုက်သည်။ ပြီး ပြောသည်။

"လက်ဖက်တစ်ပွဲကို တစ်ကျပ်ပေးရပါတယ်။ ဟောဒီမှာ ကျွန်တော်

ငွေနှစ်ကျပ် ထားခဲ့ပါမယ်။ လက်ဖက်နှစ်ပွဲဖိုးပါ။ ဒေါ်သူဇာ့ဘာသာ ဒေါ်သူဇာ အဆင်ပြေသလို လုပ်လိုက်ပါတော့နော်"

သည့်နှယ်ပြောပြီး အုတ်ဂူပေါ်သို့ ကျပ်တန်နှစ်ရွက် တင်၊ အနီးမှ ခဲလုံးလေးတစ်လုံးဖြင့် ဖိထားလိုက်ပါလေတော့သည်။

"လာ. . . သူငယ်ချင်း၊ လစ်ကြရအောင်"

ကျွန်တော်တို့ အုတ်ဂူပေါ် သွားအိပ်သည့်နေ့က တနင်္ဂနွေ။

ခင်မောင်ဝေ တာဝန်မှူးကျသည်က တနင်္လာ။

ဂျူတီမှ ပြန်ထွက်သည်က အင်္ဂါနေ့ မနက်။

ထိုမနက်မှာပင် ခင်မောင်ဝေ့ ရုံးရှေ့မှာ ကျွန်တော် သွားစောင့်ရသည်။

ကျွန်တော့်ကိုတွေ့တော့ ခင်မောင်ဝေက အံ့သြဟန်ဖြင့်

"ဟေ့ကောင်. . . ဘယ်ကိုလာတာလဲ"

"မင်းဆီ လာတာပဲ"

"အရေးကြီးလို့လား"

"အေး. . . အရေးကြီးတယ်၊ မင်းအတွက် သိပ်အရေးကြီးတယ်"

"ဟုတ်လား"

"အေး. . . ဟုတ်တယ်"

"ဘာများပါလိမ့်"

"အေး. . . လမ်းကျမှ ပြောပြမယ်။ အခုလောလောဆယ် မင်း ငါနဲ့လိုက်ခဲ့"

"ဘယ်ကိုလဲ"

"ညောင်သုံးပင် သင်္ချိုင်းကို"

"ဟေ. . ."

သည်ကောင် မျက်လုံးပြူးသွားသည်။

"ဟေ မနေနဲ့၊ ညက ဒေါ်သူဇာ ငါ့ကို အိပ်မက်လာပေးတယ်"

"ဟေ. . ."

ဒုတိယမ္ပိ 'ဟေ'ပြန်သည်။

ကျွန်တော် ဆက်ပြောသည်။

"ဒေါ်သူဇာက ငါတို့ကို စာရေးဆရာတွေမို့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်



ယ်။ သို့သော်. . . လူကြီးကို လူကြီးမှန်းမသိဘဲ ကိုယ့်ဘာကိုယ် လက်ဖက် သွားဝယ်စားဆိုတဲ့ မင်းကိုတော့ နည်းနည်း ဆုံးမရတယ်တဲ့. . ."

"မင်းထားခဲ့တဲ့ ပိုက်ဆံနှစ်ကျပ်ကို အခုလာပြန်ယူပြီး အဲဒီပိုက်ဆံနဲ့ပဲ မင်း ကိုယ်တိုင် လက်ဖက်ဝယ်ပြီး သူ့ကိုလာကန်တော့တဲ့ ဆရာရေ. . ."

"ဟေ့ကောင်. . .၊ မင်း. . . ငါ့ကိုလာပြီး နောက်နေတာလား"

"ဒီကိစ္စက နောက်ရမယ့်ကိစ္စမှ မဟုတ်ဘဲ"

"မင်း စဉ်းစားကြည့် မောင်ဦး၊ ငါတင်ထားခဲ့တဲ့ ပိုက်ဆံက ကြားထဲမှာ နှစ်ရက်လောက်ကြာသွားပြီပဲ။ အဲဒီအုတ်ဂူပေါ်မှာ ဘယ်လိုလုပ်ရှိတော့မှာလဲ"

"ရှိရှိ မရှိရှိ သွားတော့ကြည့်ရမှာပဲ သူငယ်ချင်း၊ နောက်ဆုံး မတွေ့သည့် တိုင် စိတ်ထဲရှင်းသွားအောင် မင်း လက်ဖက်နဲ့တော့ ကန်တော့ရမှာပဲ. . ."

ခင်မောင်ဝေ တွေသွားသည်။

ခဏကြာတော့ ဦးခေါင်းတစ်ချက် ဆတ်သည်။

"ကဲကွာ. . . လာ. . . သွားမယ်၊ မြန်မြန်ရောက်အောင် မြင်းလှည်းငှား သွားကြမယ်"

သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် ညောင်သုံးပင်သုသာန်သို့ ရောက်လာ ပါလေသည်။

ရောက်ရောက်ချင်း မဒေါ်သူဇာ့အုတ်ဂူရှိရာသို့ မပြေးရုံတမယ်သွားသည်။ အနားသို့ရောက်တော့ အုတ်ဂူတစ်နေရာသို့ အလျင်အမြန် မျက်လုံးဝေ့ကြည့် သည်။

"ဟာ. . ."

"ဟင်. . ."

ဟုတ်သည်။

ကျပ်တန်ကလေး နှစ်ရွက်. . .

ခဲလုံးနှင့် ဖိလျက်သားကလေး ဆိုတော့ကာ. . .။

သန်လျင်မောင်မောင်ဦး




# ဝေဿရာပါဒကြာရာ

**နန္ဒာမိုးကြယ်**

(၁)

သားသမီးများထဲတွင် အဆိုးဆုံးသားသမီးကိုမှ မိဘက ပိုချစ်၍ တပည့်များထဲတွင်လည်း အဆိုးဆုံးတပည့်ကိုမှ ဆရာက ပိုချစ်သည်ဟု တစ်စုံတစ်ယောက်က ဆိုလာငြားအံ့။ သည်အဆိုနှင့် ပတ်သက်၍ ဆရာဦးချစ်ညွန့်ဘက်မှ စောဒကတက်လိမ့်မည်တော့ မဟုတ်ပါ။

ဘာ့ကြောင့်ဆို သူ ကျောင်းဆရာ စဖြစ်ကတည်းကနေ ပင်စင်ယူခဲ့သည့်ကာလအထိ နှစ်စဉ်နှစ်တိုင်းဆိုသလို ကျောင်းသားဆိုး တစ်ယောက်မဟုတ်တစ်ယောက်နဲ့တော့ သူကိုင်တွယ် ကြပ်မပ်ရသည့် အခန်း၌ တွေ့ကြုံရမြဲမဟုတ်ပါကလား။

စာအသင်အပြကောင်းသော၊ စိတ်ရှည်သော ကျောင်းဆရာအလုပ်ကိုချစ်မြတ်နိုးသော မြန်မာစာဆရာ ဦးချစ်ညွန့်အား ကျောင်းအုပ်ကြီးက နှစ်စဉ်ဆိုသလိုပင် နှစ်ကျအခန်းကို ပေးလေ့ရှိသည်။ သည်လိုမျိုး နှစ်ကျတွေအများကြီး စုဝေးနေသော အခန်းဆိုလျှင် ဘယ်ဆရာ၊ ဆရာမကမှ အတန်းပိုင်

အဖြစ် မကိုင်တွယ်လိုကြ။ ပြောမရ၊ ဆိုမရနှင့် အင်မတန် လက်ပေါက်ကဓ
လှသည် မဟုတ်ပါလား။ ပြီးတော့ ယခင်နှစ်က သင်ပြီးသား သင်ခန်းစာတွေဟ
သဘောထားလျက် သူတို့ပုံစံတွေကိုက ထုံပေလုံပေ။ သည်တော့လည်း စာသ
နှစ်အတွက် အတန်းတွေခွဲပြီဆိုလျှင် နှစ်ကျတန်းကို ဆရာအတော်များများက
ဝေါင်ဝေါင်ရှေး၍ ဝေးဝေးရှောင်ကြသည်။ ကိစ္စမရှိ။ ကျောင်းအုပ်ကြီးအဓိ
ဆရာဦးချစ်ညွန့်ရှိနေလို့ကမူ သည်ပြဿနာအတွက် ခေါင်းခဲစရာ မလိုဟ
သိထားသည်။ အမှန်တကယ်လည်း ဆရာဦးချစ်ညွန့်သည် ဘယ်သူဘယ်ဝါမှ
မကိုင်တွယ်လိုသော အတန်းကိုပင် စောဒကမရှိ။ ကျေနပ်ခြင်းကြီးစွာဖြ
ကိုင်တွယ်ခဲ့စမြဲ ဖြစ်ပါသည်။

"တကယ့်ဆရာကောင်းဆိုတာ ဆုံးမရခက်ခဲတဲ့ သွန်သင်ရ မလွယ်ကူတဲ
အစစအရရာ ညံ့ဖျင်းတဲ့ ကျောင်းသားကို ဆုံးမရလွယ်ကူအောင်၊ သွန်သင်ရ
မခက်ခဲအောင်၊ ထူးချွန်ထက်မြက်လာအောင် စွမ်းဆောင်နိုင်ရမယ်လို့ ကျွန်တော်
ဘက်က ခံယူထားတယ်ဆရာကြီး"

"သိပ်ကောင်းတဲ့ ခံယူချက်ပါပဲ ဆရာဦးချစ်ညွန့်"

"ဘုရားရှင်လက်ထက်တုန်းက မြင်းထိန်းတစ်ယောက်ပြောခဲ့တဲ့ စကား
ဟာ သိပ်ကောင်းတယ်။ သူက သူ့မြင်းထိန်းအလုပ်နဲ့ ပတ်သက်ပြီး သွန်သင်ရ
လွယ်ကူတဲ့ မြင်းတွေကို မြင်းကောင်းတွေဖြစ်အောင် လေ့ကျင့်ပေးပါတယ်တဲ့
နောက် လက်ပေါက်နည်းနည်း ကတ်တဲ့ မြင်းတွေကိုတော့ ချော့တစ်လှည့်
ချောက်တစ်ခါနဲ့ မြင်းကောင်းတွေဖြစ်အောင် ကြိုးစားပါတယ်တဲ့။ အဲ. . .
ဘယ်လိုမှ သွန်သင်လို့လည်းမရ၊ ချော့လို့လည်း မလွယ်၊ ခြောက်လို့လည်
မဖြုံတဲ့ မြင်းတိမြင်းကတ်တွေ ဆိုရင်တော့ သားသတ်ရုံကိုပဲ ပို့ရတယ်တဲ့၊

တကယ်တော့ မြင်းဆိုတာ တိရစ္ဆာန်ပါ။ မြင်းထက်စာရင် ကျွန်တော်
တို့ဆီကို ပညာရင်ငွေ့လာလှူတဲ့ ကလေးတွေဆိုတာ အသိဉာဏ်တွေ အဆ
ရာ၊ ထောင် မက သာပါတယ်။ သူတို့ဆိုးတယ်ဆိုတာက အကြောင်းရင်းခံ
တစ်ခုခု ရှိနေလို့ပါ။ ဒါကို ကျွန်တော်တို့ ဆရာတွေဘက်က သိအောင်
ကြိုးစားပြီး ကိုင်တွယ်ထိန်းကျောင်းနိုင်မယ်ဆိုရင် မခက်ပါဘူး ဆရာကြီးရယ်"

သူ့ရင်ထဲက စကားတွေကို ဖွင့်ထုတ်ပြတော့ ကျောင်းအုပ်ကြီး၏



ဖျက်ဝန်းအစုံ၌ လေးစားရိပ်တွေ သမ်းသွားခဲ့သည်။ ပြီးတော့ ပြောသလိုလုပ်၍
လုပ်သလိုပြောသော ဆရာဦးချစ်ညွန့်၏ အစွမ်းကိုလည်း ဆရာကြီးဘက်မှ
ယုံကြည်သည်။ ပြီးခဲ့သည့်နှစ်က အစိုးရ စစ် စာမေးပွဲကို ဦးချစ်ညွန့်ကိုင်သော
နှစ်ကျအတန်းက တန်းလုံးကျွတ် အောင်မြင်သွားခဲ့သည် မဟုတ်ပါလား။

(၂)

သက်ပြည့်ပင်စင် ယူလိုက်ရပြီဆိုတော့ သူ့အတွက် အရာရာသည်
ဖျင်းစရာကြီး ဖြစ်လို့နေသည်။ ဒီအချိန်ဆို ကျောင်းတက်ခေါင်းလောင်းထိုးချိန်၊
ဒီအချိန်ဆို အခန်းတွေ တစ်ခန်းပြီးတစ်ခန်းဝင်လို့ စာသင်နေရမယ့်အချိန်၊
ဟော. . . ဒီအချိန်ဆို ကလေးတွေ ဖြေထားတဲ့ လေ့ကျင့်ခန်းတွေကို ကော်ရက်
ရှင် လုပ်ပေးရတဲ့အချိန် အစရှိသဖြင့် ပက်လက်ကုလားထိုင်လေး၌ ခါးဆန့်ရင်း
သံယောဇဉ် မကင်းနိုင်သေးသော စာသင်ကျောင်းနှင့် စာသင်ခန်းကလေးကို
လွမ်းနေမိတော့သည်။

သူ့လုပ်သက် အနှစ်(၃၀)ကျော်မှာပင် သူမွေးထုတ်ခဲ့သော တပည့်တပန်း
တွေက များပြားလှချေ၏။ ဘဝအခြေအနေ တိုးတက်မြင့်မားလျက် အောင်မြင်
မှု အလီလီရနေသော တပည့်ဟောင်းတွေအကြောင်း မြင်ရ၊ သိရ၊ ကြားရလျှင်
သူ့မှာ ပီတိတွေဝေ၍မဆုံး။ ဆိုးသွမ်းတေပေနေသော တပည့်တပန်းများကို
တွေ့ရလျှင် ကရုဏာ ဒေါသဖြစ်၍မဆုံး။ တတ်နိုင်လျှင် သူချစ်သော သူ့ရင်
ငွေ့ဖြင့် ထိတွေ့ခဲ့ဖူးသော တပည့်တပန်းတွေအားလုံး သူ့ရင်ထဲက တစိမ့်စိမ့်
ပီတိတွေ ပွားနေရလောက်အောင် ပင်မြင့်စံတွေချည်း ဖြစ်နေစေချင်သည်။

"ဒီကလေးလား၊ တော်မှာပေါ့ ဆရာဦးချစ်ညွန့်ရဲ့ တပည့်ကိုး"

ဆိုသည့် အသံလောက် ချိုမြိန်ပစ်ခဲသော အသံမျိုးကို သူမကြားဖူး၊
သူ့ဘဝမှာ လိုချင်အတောင့်တဆုံးသည် မေတ္တာတရားပင်ဖြစ်သည်။ များများ
စားစားမဟုတ်။ သူပေးခဲ့သည့် မေတ္တာနှင့် တန်ဖိုးချင်း၊ အတိုင်းအတာချင်း၊
တူညီမျှတသော မေတ္တာသက်သက်ပင်ဖြစ်သည်။ သူ ပင်စင်ယူပြီးသည့်နောက်
ပိုင်း အခါကြီးရက်ကြီးများ၌ တပည့်တပန်းအချို့ သူ့ထံသို့ ပစ္စည်းပစ္စယ
အချို့နှင့် လာရောက်ကန်တော့လေ့ရှိကြသည်။

"ဘာပစ္စည်းမှ ဝယ်လာစရာ မလိုပါဘူးကွာ။ ဒီအတိုင်း လက်အုပ်ကလေး ချီပြီး ကန်တော့လည်း ပြီးတာပါပဲ။ အေးကွယ် အခုလို အာစရိယဂုဏ် အနန္တောကို ဦးထိပ်ချီလာတဲ့ ငါ့တပည့်တွေ သွားလေရာ၊ လာလေရာ ခလုတ် မထိ ဆူးမညိပါစေနဲ့။ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်တဲ့ လူချွန်လူမွ လေးတွေ ဖြစ်ကြပါစေကွယ်"

ထိုအခါမျိုး၌ သူ့နှလုံးအိမ်ဝယ် ပီတိအဟုန်တို့ဖြင့် လှုံ့ကဲပြည့်သိပ်နေလေ တော့သည်။ တစ်နှစ်တစ်နှစ် တပည့်တွေ၏ ပြောင်းလဲလာသော ရုပ်သွင် တွေကို တွေ့မြင်ရတော့မှ-

"သြော်. . . ဇရာသဘောကို မေ့နေလိုက်တာ၊ ငါလည်း ဘာလိုလို ဘဝနေဝင်ချိန် နီးခဲ့ပါပကောလား အနိစ္စ၊ ဒုက္ခ၊ အနတ္တ"

ဟု နှလုံးသွင်းစရာတွေ ပေါ်လာတော့သည်။

"ဒါထက် အောင်မောင်းရဲ့ သတင်းကော ဘာကြားသေးလဲကွယ့်"

"အောင်မောင်းက ဆရာဝန်ဖြစ်နေပြီလေ ဆရာရဲ့။ ဒီကောင် ၃ တိုက်နယ်တစ်ခုက ဆေးရုံမှာ တာဝန်ခံဆေးရုံအုပ် ဖြစ်နေတယ် လို့ သိရတယ်။ သူ့ရဲ့ အောင်မြင်မှုကတော့ အားကျလောက်စရာပါပဲ ဆရာ"

"အေးကွာ. . . သူ အောင်မြင်တာ သိရ၊ ကြားရတော့ ဆရာတို့ မင်းတို့ ဝမ်းမြောက်ဂုဏ်ယူကြရတာပေါ့"

"တကယ်တော့ သူ ခုလို အောင်မြင်ရတဲ့ကိစ္စကို အရင်းခံလိုက် ရ ဆရာ့ကျေးဇူးဟာ အဓိကပဲလို့ ကျွန်တော်တို့ထင်တယ်"

"အိုကွယ်. . . "

"ဟုတ်တယ်၊ သန်းဆောင်ပြောတာ မှန်တယ်။ ကျွန်တော်တို့ အားလုံး လည်း ထောက်ခံတယ်ဆရာ။ ကျောင်းတုန်းက ဒီကောင် ဘယ်လောက်ဆိုး သလဲ၊ တော်သလဲ၊ ကမြင်းကြောထလိုက်တာလဲ ပြောစရာ မရှိ။ တစ်ကျောင်း လုံးရဲ့ တာတေလန်၊ ကျွန်တော်တို့ကို စပြီး ပြေးတော့ ခလုတ်တိုက်ပြီး မှောက် လျက်လဲတာ နဖူးမှာ သေရာပါ ဒဏ်ရာကြီးရသွားတာ ဆရာလည်းအသိ"

"ဟုတ်ပါတယ်ကွယ်. . . ဟုတ်ပါတယ်"

တပည့်တွေ အစဖော်ပေး၍ အတိတ်၏ ပုံရိပ်တွေက တရေးရေးဆိုသလို ပေါ်ပေါက်လာခဲ့သည်။



(၃)

အောင်မောင်းက ဉာဏ်ကောင်းသည်။ ဒါပေသည့် စာကျက်ပျင်းသလို ဝီရိယလည်း မရှိ။ ငွေကြေးတတ်နိုင်တောင့်တင်းသော မိဘတွေ၏ အလိုလိုက် မှုဖြင့် ဆိုးချင်သည်၊ တေချင်သည်။ တေလည်းတေသည်၊ သည်လိုမျိုးစာကျက် ပျင်းကာ ဝီရိယ မရှိ။ ဆိုးခဲ့၊ တေခဲ့၍လည်း စာမေးပွဲကို ဘုံးဘုံးကျခဲ့သည် မဟုတ်ပါလော. . .။

သူ့လိုမျိုး ဆိုးတေ၍ စာမေးပွဲကျသူများ ပေါင်းစုထားသော အတန်းကို တုံးစံအတိုင်းပင် ကိုင်တွယ်ခဲ့ရသည်။ အားလုံးသည် ထုံပေပေ၊ ကတ်တတ် တတ်သမားများ။ သည်တော့ မြေဖြူကိုင်လက်သည် ကြိမ်လုံးကိုပါ အထောက် အကူ ယူခဲ့ရသည်။ အတန်းသားတွေထဲမှာ အဆိုးဆုံးဟုဆိုရမည့် သူသည် အောင်မောင်းမှ အောင်မောင်း ရယ်ပါတည်း။ စာမရ၍ စာမလုပ်၍ အရိုက်ခံရ သူထဲတွင် အောင်မောင်းသည် ထိပ်ဆုံး၊ ကြာတော့ ရိုက်ရသူသာ လက်ညောင်းရ ည့်ကိန်း။ သည်လိုပုံနှင့် မိုးကြီးချုပ်လျှင် အောင်မောင်း၏ အနာဂတ်သည် မှုန်ရီဝေဝါးသွားမည်က အသေအချာ။ သည်လိုအတိုင်းတော့ အောင်မောင်း အနာဂတ်ကို ခေါက်ရိုးကျိုးမသွားစေချင်။

တစ်နေ့. . .။

အဲသည်နေ့က အိမ်စာတွေကို စစ်သည့်နေ့. . .။

အားလုံးပင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ အိမ်စာတွေကို လုပ်လာ ကြသည်။ အောင်မောင်းတစ်ယောက်သာ ဘာတစ်ခုမှ လုပ်မလာ။ သည် တော့ အပြစ်ပေးဖို့သာရှိတော့သည်။ အောင်မောင်း၏ပုံက ရိုက်လျှင်တင်းခံဖို့ အဆင်သင့်။ ဖြုမည့်သူ မဟုတ်။ ရိုက်လည်း အပိုပဲ ဖြစ်မည့်ကိန်း။

ဤတွင် သူသည် အောင်မောင်းကို အတန်းရှေ့သို့ ခေါ်ထုတ်လိုက် သည်။ အားလုံးက အောင်မောင်း၏ ကျောပြင်ကို ပြောတင်တော့မည်ဟု တွက်ဆထားကြ၏။ သို့သော် မဟုတ်ချေ။

"အောင်မောင်းရေ. . . မင်းကို ဘာခိုင်းခိုင်း အရိုက်သာခံမယ်၊ ဘာမှ လုပ်မလာဘူးဆိုတဲ့ အချိုးမျိုး မင်းချိုးခဲ့တာကြာပြီနော်။ တကယ်တော့ အဲဒါ

မင်းမှာ အပြစ်မရှိဘူးလို့ ဆိုရမယ်။ ဟုတ်တယ်လေ။ မင်းမှ မလုပ်ချင်တဲ့ဟာ လုပ်ခိုင်းလည်း အပိုပဲ။ တကယ်တော့ မလုပ်ချင်ဘူးဆိုတဲ့သူကို လုပ်ပါလို့ ခိုင်းတဲ့သူသာ အပြစ်မဟုတ်လား။ ဒီတော့ အပြစ်ရှိသူဟာ မင်းမဟုတ်ဘူး။ ဆရာပဲကွ. . . ဆရာ။ ဒါကြောင့် အပြစ်ရှိသူဟာ အပြစ်ကို ခံယူရလိမ့် မယ်. . ."

တစ်တန်းလုံးသည် ထူးဆန်းခြင်း၊ အံ့သြခြင်းများနှင့် သူနှင့် အောင်မောင်း အား ငေးကြည့်နေကြသည်။ အောင်မောင်းကား သူ့ကို အကြောင်သား ငေးကြည့်နေလေသည်။

"ကဲ. . . ရော့၊ အောင်မောင်း။ ဆရာ့ရဲ့ ကြိမ်လုံးကိုယူ အပြစ်မရှိတဲ့မင်း က အပြစ်ရှိတဲ့ဆရာ့ကို ရိုက်ပေတော့"

အောင်မောင်းကြောင်နေသည်။ ပြီးတော့ ဒူးတွေ၊ လက်တွေ တဆတ် ဆတ် တုန်နေသည်။

"ယူလေကွာ ရော့. . . ယူပါကွ. . .။ ရိုက်ပါကွ၊ ဘာလဲ မင်းက ဆရာ့ကို ရိုက်ရမှာ ကြောက်နေလား"

"ဆ. . . ဆရာ"

"ဩော်. . . မရိုက်ရဲဘူး ဟုတ်လား။ ဒါဆိုရင်လည်း ကိစ္စမရှိပါဘူးကွာ၊ ဆရာ့ကိုယ် ဆရာပဲ အပြစ်ပေးရတော့မှာပေါ့၊ ကဲ. . . ကဲ"

"မ. . . မလုပ်ပါနဲ့ ဆရာရယ်. . . ကျွန်တော် ရှိခိုးပါတယ်။ တောင်းပန် ပါတယ်။ ကျွန်တော်ဘယ်တော့မှ ဆရာစိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး။ အီး. . . ဟီး. . . ဟီး"

သေရာပါဒဏ်ရာ ရစေခဲ့သည့် မှောက်လျက်လဲတုန်းက သွေးတွေ မြင် မကောင်းအောင် ထွက်ခဲ့စဉ်က မျက်ရည်တစ်စက်မှ မကျခဲ့ဖူးသော အောင်မောင်းခမျာ မျက်ရည်အသွယ်သွယ်ကျလျက် ရှိုက်ကြီးတငင် ငိုကြွေး နေပါပြီကော။ အတန်းသားအားလုံးလည်း ထိုမြင်ကွင်းကို ကြည့်လျက် မျက်ရည်ဝဲသူတွေ ဝဲနေကြချေပြီ။

အနှစ်ချုပ်လိုက်လေသောအခါ ထိုနေ့ ထိုရက်မှစ၍ အောင်မောင်း တစ်ယောက် အချိုးပြောင်းကာ အေးဆေးတည်ငြိမ်စွာဖြင့် ပညာရေးဘက်ကို



ယမစိုက်ခဲ့လေတော့သည်။ ဤအခါ၌ ပင်ကိုယ်ဓာတ်ခံ ဉာဏ်ကောင်းခြင်း ည် ဝီရိယနှင့် တွဲဖက်လိုက်လေသောအခါ. . .။

"အောင်မောင်းက ဆရာဝန်ဖြစ်နေပြီ ဆရာရဲ့။ ဒီကောင် ခု တိုက်နယ် စ်ခုက ဆေးရုံမှာ တာဝန်ခံဆေးရုံအုပ် ဖြစ်နေတယ်လို့ သိရတယ်။ သူ့ရဲ့ ောင်မြင်မှုက အားကျလောက်စရာပါပဲ ဆရာ"

လာရောက်ကန်တော့ကြသော တပည့်များထဲမှ ထိုသို့ထွက်လာသော ားတစ်ခွန်းသည် သူ့အတွက် ရေကြည်ချမ်းမြတစ်ပေါက်ကျသို့ ငြိမ်းစွ အေးစွပါတကား။

(၄)

တစ်နှစ်ထက် တစ်နှစ် သူ့ကျန်းမာရေးက စကားပြောလာခဲ့၏။ အခု သည် အရင်နေရာမှာ မဟုတ်။ တူမတစ်ယောက်နှင့် အတူနေထိုင်ရင်း ထမ်းဖြစ်သော တူမတို့မိသားစု ပြောင်းရွှေ့ရာ နေရာဒေသသို့ ရောက်ရှိလာ ခြင်းဖြစ်သည်။

သူ့မှာ အဆုတ်နှင့်ပတ်သက်ပြီး ရောဂါအခံရှိသည်။ ရင်ကလည်း ခဏ ကဆိုသလို ကျပ်ကျပ်နေတတ်သည်။ ကျောင်းဆရာ ဘဝတုန်းက မြေဖြူ ဒဏ်တွေ ခံစားနေရတာနဲ့ တူပါရဲ့။

တစ်ညတော့ စိမ့်မြအေးခဲလှသည့် ရာသီဥတုကြောင့် ရင်ကြပ်ဝေဒနာက မှာဖောက်လာသည်။ တစ်ချက်တစ်ချက် အသက်ပင် ပါသွားတော့မည့် လား ဟောစဲလိုက်နေသည်။ အသက်ရှူသံတွေက မြွေတွန်သလို၊ ရှိခနဲ၊ နဲ မြည်နေသည်။ သည်လိုမျိုး အမောဖောက်ပြီဆိုလျှင် အသားတွေ ပြာနှမ်း န်ကြသည်။မနက်မိုးလင်းတော့ တူမ၏သားငယ်က သူ့အားဒေသန္တရ ဆေး ုံခန်းသို့ ခေါ်သွားသည်။ ဆေးမှတ်တမ်း စာအုပ်ဝယ်ရသည်။ အလှူငွေ ည့်ရသည်။ ပြီးတော့ ဆရာဝန်နှင့်တွေ့ရန် အလှည့်ကျ စောင့်ရသည်။

သူ့အလှည့်ရောက်တော့ ဆရာဝန်နှင့်တွေ့ရန် ဝင်လိုက်သည်။ ဆရာဝန် မျက်နှာက ပျော့ပျော့ပျောင်းပျောင်း မရှိလှ။ လေသံကလည်း နူးနူးညံ့ညံ့ ။

"ပြော အဘိုးကြီး ဘာဖြစ်သလဲ"

ကွယ်. . . လေသံကလည်း ရင့်သီးလှပါဘိ။ ဆရာဝန်တစ်ယောက်ရဲ့ နွေးထွေးကြင်နာမှုဆိုတာ လူနာရဲ့ ရောဂါဝေဒနာ ထက်ဝက်ကို ဖယ်ထုတ် ပစ်နိုင်တယ်ဆိုတာ မသိနားမလည်လေရော့သလား. . . ။

"ပြောလေ အဘိုးကြီး၊ ခပ်မြန်မြန်လုပ် အချိန်သိပ်မပေးနိုင်ဘူး"

"ကျွန်တော်. . ရင်ကျပ်လို့ပါ ဒေါက်တာ"

"ဒါဖြင့် ဆေးခန်းကဆေးယူသွား၊ သေသေချာချာ စမ်းသပ်ရအောင် ကျုပ်ဖွင့်ထားတဲ့ ဆေးခန်းကို ညကျလာခဲ့"

"ဒေါက်တာ့ဆေးခန်းက ဘယ်မှာလဲ၊ ကျွန်တော်က ခုမှဒီမြို့နယ်ကို ပြောင် ်သာရလို့ပါ"

"ဒါဖြင့် ကျုပ်ဆေးခန်းရဲ့ လိပ်စာကတ်ကို ယူသွား၊ ကဲ. . . သွားနိုင်ပြီ"

သူ. . . ဆရာဝန်၏ မျက်နှာကို မှုန်ရီသော မျက်လုံးများဖြင့် ကြည့်လျက် ခေါင်းတဆတ်ဆတ်ညိတ်ကာ မြေးငယ်လေးလက်ကိုဆွဲပြီး အခန်းအတွင်းမှ ထွက်လာခဲ့သည်။ ပြီးတော့ ဆေးပေးခန်း၌ ဆရာဝန်ရေးပေးလိုက်သော မှတ်တမ်းစာအုပ်ကိုပြကာ အမိုင်နိုဆေး ပြားကလေး(၃)ပြားကိုယူလျက် ပြန် လာခဲ့ရသည်။ အပြန်လမ်းမှာတော့ စိတ်ထဲတွင် တနုံ့နုံ့နှင့်. . . ။

ညရောက်တော့ တုမဖြစ်သူက ဆရာဝန်ပေးလိုက်သော လိပ်စာကဒ်ကို ကြည့်ကာ ဆရာဝန်ဖွင့်ထားသည့် ကိုယ်ပိုင်ဆေးခန်းသို့ လိုက်ပို့ပေးသည်၊

"လာ. . . ဘဘကြီး၊ ဘာဖြစ်သလဲ. . . ။ ဩော်. . . ရင်ကျပ်လို့ ဟုတ် လား။ ခဏနော်၊ အကျီကလေး ချွတ်လိုက်ပါအုံး၊ ကျွန်တော်သေသေချာချာ တက်ခ်လုပ်ပေးမယ်"

သာယာချိုမြိန်မှုတွေ စီးကျသွန်ထားသည့် အသံကလေး။

မနက်ကနှင့် လုံးဝမတူ။

စမ်းသပ်စစ်ဆေးလိုက်တာမှ အစုံ။ ပေးလိုက်သည့် ဆေးတွေကလည်း အမြိုင်သား။

"စိတ်ချ၊ ကျွန်တော်ညွှန်ကြားတဲ့ ဆေးတွေကိုသာ မှန်မှန်သောက်၊ ခဏကလေးနဲ့ သက်သာပျောက်ကင်းသွားစေရမယ်။ အဆီ အအိမ့်တွေ ရင်ကျပ်စာတွေတော့ ရှောင်နော်။



ညနေဘက် ရေလုံးဝ မချိုးနဲ့။ ရင်ဘတ်ကိုလည်း အအေးမခံနဲ့။ ကဲ. . . မ်းသပ်ခနဲ့ ဆေးဖိုးကို အရှေ့မှာ ရှင်းပေးလိုက်ပါ"

သည်တစ်ကြိမ်လည်း ဆရာဝန်၏မျက်နှာကို သူ စေ့စေ့စပ်စပ် ကြည့်ဖြစ် အောင် ကြည့်လိုက်သည်။

မနက်တုန်းက ဆက်ဆံပုံတစ်မျိုး၊ ခု. . . ညကျတော့ ဆက်ဆံပုံက တစ်မျိုး. . . ။

မျက်နှာပေါ်ရှိ သေရာပါ အမှတ်အသား တစ်ခုကတော့ မပြောင်း ဲ. . . ။

သူ့မျက်လုံးတွေက ဝေဝါးသည် မှန်သော်လည်း နှလုံးသားတွင် ထင်ဟပ် ဲ့ဖူးသော ပုံရိပ်ကဖြင့် မေ့စွမ်း၍ မရလောက်အောင် ပီပြင် ကြည်လင်နေဆဲ ါတည်း။

စမ်းသပ်ခ၊ ဆေးဖိုးခကို တောင်းသလောက်ပေးခဲ့ရပြီး အပြန်ခရီးမှာ တော့ သူ့နှုတ်ဖျားမှ တစ်စုံတစ်ခုကို နာနာကြည်းကြည်း ရွတ်မိနေလေတော့ သည်။

"ဩော်. . . အောင်မောင်း၊ အောင်မောင်း ငါ့တပည့်ဟောင်း အောင်မောင်း။ ့တော့လည်း ဒေါက်တာအောင်မောင်းဖြစ်ပြီး ငယ်ရုပ်နဲ့ စိတ်ဓာတ်တွေတောင် အတော့်ကို ပြောင်းလဲနေပါပေါ့လားကွယ်"

နန္ဒာမိုးကြယ်




# ာဂုဝါပြီး၊ ဓားပြီး

**မောင်မြင့်မား (ဘိုကလေး)**

ကျွန်တော်၏ဖခင်သည် အသက်(၈၀)နီးပါး ရှိပြီဖြစ်သည်။ ထိုမျှအသက် ကြီးပြီ ဖြစ်သော်လည်း ကျန်းမာရေးကောင်းဆဲ၊ သွားမကျိုးသေး၊ မျက်စိမမှုန် သေး၊ ဖျတ်ဖျတ်လတ်လတ် သွားလာနေဆဲ။ မနေ့တစ်နေ့က အချိန်အထိ ကျိုက်ထီးရိုးဘုရားကို သွားရောက်ဖူးမြော်ဆဲ။ ကျိုက်ထီးရိုးဘုရားကို (၁၂) ခါက်တိတိ ရောက်ခဲ့ဖူးသည်။

ကျွန်တော်၏ ဖခင်သည် ငယ်ငယ်က အင်မတန် စပ်စပ်စုစု ဝါသနာပါ သည်။ ထူးထူးဆန်းဆန်းများကို လေ့လာတတ်သည်။ စူးစမ်းတတ်သည်။ လက် တွေ့ မဟုတ်ဘဲ သူများအပြောနှင့် ယုံတတ်သူမဟုတ်။

လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က စာရေးသူ၏ဖခင်ကိုယ်တိုင် ကြုံတွေ့ ရသော တကယ့်အဖြစ်အပျက်ကို သူပြောပြသည့်အတိုင်း စိတ်ဝင်စားအောင် ပြန်လည်ရေးသား တင်ပြအပ်ပါသည်။

ကျွန်တော်သည် ငယ်စဉ်သိတတ်သည့် အရွယ်မှစ၍ ယနေ့အထိ ထိတာ၊ နားမလည်တာ၊ မမြင်ဘူးတာ၊ မကြုံဘူးတာများကို သိချင်၊ မြင်ချင်၊

ကြားချင်သောကြောင့် အမြဲ စူးစမ်းလေ့လာပါသည်။ သူများအပြောနှင့်လ ယုံတတ်သူ မဟုတ်ပါ။

ကျွန်တော်သည် ရွာဦးကျောင်းဆရာတော်၏ ဘုန်းကြီးကျောင်းသား နှင့် ဆရာတော်အား အလုပ်အကျွေးပြုရင်း ဆရာတော်ထံမှ ပရိယတ္တိ ပတ္တိများကို လေ့လာလိုက်စားရင်း အသက်(၂၀)နီးပါး ရောက်လာသည်အ ဘုန်းကြီးကျောင်းသားပဲရှိသေးသည်။

ဆရာတော်က ကိုရင်ကြီးဘဝမှ ရဟန်းခံပေးရန် အစီအစဉ်ရှိသော်လ ကျွန်တော်ကိုယ်တိုင်က လူ့လောကီ သံယောဇဉ်မှ မပြတ်နိုင်သေးသောကြေ ကျောင်းသားဘဝမှာပင် ပျော်မွေ့နေပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ရွာထဲမှသူငယ်ချင်းများဖြစ်သော ထွန်းမောင် ကြီး၊ သံချောင်းတို့နှင့် အလွန်ချစ်ခင်၍ သူတို့နှင့် မခွဲနိုင်သောကြောင့် ဖြ သည်။ သူတို့သုံးယောက်သည် ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်းများဖြ သည်။ ကျွန်တော်သည် ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်ကိစ္စ၊ ကျောင်းတ မှလွဲ၍ ကျန်သောအချိန်များတွင် သူငယ်ချင်းသုံးယောက်နှင့် အမြဲ တတွဲတွဲ ရှိသည်။

အခြားရွာများက သူငယ်ချင်းများ ရှိသော်လည်း သူတို့နှင့်မတွဲ၊ သူ နှင့် မခင်ပါ။ သူငယ်ချင်းသုံးယောက်သာ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ဘ သွားသွား၊ ဘယ်လာလာ အတူတူဖြစ်သည်။

ကျွန်တော်တို့ သူငယ်ချင်းလေးဦး (ကျွန်တော်အပါအဝင်)သည် တတွဲ ရှိနေကြသော်လည်း အခြားသူငယ်ချင်းများနှင့် ရန်ဖြစ်ခြင်းကို လေးယော လုံး ဝါသနာမပါကြ။ ရှောင်လည်းရှောင်သည်၊ ကြောက်လည်းကြောက်သ

ဆရာတော်ကိုယ်တိုင်ကလည်း ကျောင်းသားအချင်းချင်း၊ ရွာသားအ ချင်း ရန်ဖြစ်သည်ကို မကြိုက်၊ ရန်ဖြစ်လျှင် မည်သူလွန်လွန် နှစ်ဖက်စ ကျောင်းပေါ်ခေါ်၍ ကြိမ်နှင့်ဆော်တတ်သည်။ ထို့ကြောင့် ကျွန်တော် လေးယောက်စလုံး ရန်ဖြစ်ခြင်းကို ဝါသနာ မပါ။ ဆရာတော်၏ ကြိမ်ဒဏ် လည်း ကြောက်ကြသောကြောင့် ဖြစ်သည်။

ရန်ဖြစ်ခြင်းကို ကြောက်ကြသော ကျွန်တော်တို့လေးယောက်သ တစ်ကြိမ်တွင် သံချောင်းနှင့်ပတ်သက်၍ ရန်ပွဲကြီး ရင်ဆိုင်လိုက်ကြသည်



တတွဲတွဲနေကြသဖြင့် တစ်ယောက်ဖြစ်လျှင် အားလုံးနှင့် ဆိုင်နေသောကြောင့် အားလုံးပါလိုက်ရခြင်းဖြစ်သည်။

သံချောင်းမှာ ကျွန်တော်တို့အားလုံးထဲတွင် အပိန်ဆုံး၊ အသေးဆုံးဖြစ် ၏။ သံချောင်းမှာ နာမည်နှင့်လိုက်အောင် မာမာတင်းတင်း မဟုတ်၊ ပျော့စိ ပျော့ညံ့ သံချောင်းဖြစ်သည်။ ၎င်း ပျော့စိပျော့ညံ့သံချောင်းသည် ရွာထဲမှ ခနိုရိုပိုင်ရှင် ဦးကျော်အေး၏ သမီးသုံးယောက်အနက် အငယ်ဆုံးသမီး ပူစူးမ နှင့် လူငယ်တို့သဘာဝ မေတ္တာမျှနေသည်မှာ နှစ်နှစ်လောက်ရှိပြီဖြစ်သည်။

နှစ်ဖက်မိဘများကလည်း ရိပ်မိသည်။ ငယ်သေးသည်ထင်၍ နေရာ ချထားမပေးသေးခြင်း ဖြစ်သည်။ ရှေ့နှစ်ဆိုလျှင်တော့ နေရာချထားပေးရန် သံချောင်းမိဘများက စိတ်ကူးထားပြီးဖြစ်သည်။

သို့သော် ရွာထဲမှ စာရင်းငှားဖြစ်သူ ဦးအုန်းကျော်၏သား တင့်တယ် (ဗလကောင်းသောကြောင့် ရွာအခေါ်နာမည်ဖြစ်သည်။) သည် ပူစူးမကို ချိတ် တိတ်တိတ် ရိတိတိ လုပ်နေသည်မှာ မကြာခဏဆိုသလိုဖြစ်၏။ ပူစူးမကလည်း သံချောင်းသိလျှင် အကျယ်အကျယ် ဖြစ်မှာစိုးသောကြောင့် သံချောင်းကို မပြော။ တင့်တယ်နှင့် ရွာထဲမှာ ရင်မဆိုင်မိအောင် ရှောင်သည်။ သံချောင်းက နည်းနည်းရိပ်မိသည်။

တစ်နေ့ ရွာထဲမှ အသုဘတစ်ခုပို့အပြီး အပြန်မှာ ပြဿနာပေါ်သည်။ သင်္ချိုင်းနှင့်ရွာအကြားတွင် ဝါးတောကြီးရှိသည်။ အသုဘကို ဝါးတောထဲမှဖြတ် ၍သယ်ကြရသည်။ အသုဘကိစ္စပြီး၍ အပြန်တွင် ကိုယ့်အစုနှင့်ကိုယ် ဝါးတော ထဲက ဖြတ်၍ပြန်ကြ၏။ အခွင့်ကောင်းယူရန် ချောင်းနေသော တင့်တယ်က ပူစူးမအပြန်ကို တစ်နေရာက ချောင်းနေသည်။ ပူစူးမအနားရောက်လာသည် နှင့် တင့်တယ်က ချောင်းနေရာမှ ထွက်လာက ထုံးစံအတိုင်း ချစ်ရေးဆိုတော့ သည်။ ပူစူးမ၏ ချစ်သူ သံချောင်းက ပူစူးမဘယ်သွားသွား နောက်မှအရိပ် လို လိုက်နေကျဖြစ်သည်။ ထို့ကြောင့် ပူစူးမ၏ မလှမ်းမကမ်းတွင် သံချောင်း က အမြဲရှိနေသလို သံချောင်းနှင့်တွဲနေသော ကျွန်တော်တို့သုံးယောက်က လည်း သံချောင်းအနားမှာ အမြဲရှိနေကျဖြစ်သည်

ပူစူးမကို ချစ်ရေးဆိုနေသော အနားသို့ ကျွန်တော်တို့ ရောက်သွားသော အခါ တင့်တယ်က အံ့သြသွားသည်။ သို့သော် ဗလအားကိုးနှင့် တင့်တယ်က

ကျွန်တော်တို့အားလုံးကို ဂရုမစိုက်။ သူလုပ်ချင်ရာကိုလုပ်၍ နောက်ဆက်မည် မဟုတ်သော ပုံမျိုးဖြစ်သည်။

ကျွန်တော်တို့အားလုံးက တင့်တယ်ကို နောက်ဆက်ရန် တောင်းပန်ကြ သည်။ ပုစူးမသည် သံချောင်း၏ ချစ်သူဖြစ်သောကြောင့် တစ်ရွာသားချင်း ထိုကဲ့သို့ မလုပ်သင့်ကြောင်း ဖျောင်းဖျ၏။ မရ။ ကျွန်တော်တို့ လေးယောက် အား တင့်တယ်က လုံးဝဂရုမစိုက်ဘဲ လက်ရုံးချင်းယှဉ်ချင်သော ပုံမျိုးဖြစ်သည်။ ဗလသေးသော သံချောင်းကို လျစ်လျူရှုကာ ကျွန်တော်တို့သုံးယောက်ကို ဝင်ထိုးလေသည်။

သူက တစ်ယောက်တည်းဆိုတော့ ကြုံရာလူကို တင့်တယ်က ဝင်ထိုး သည်။ တစ်ခါမှ ရန်မဖြစ်ဖူးသော ကျွန်တော်တို့ အထိနာကြသည်။ တင့်တယ် က ဒီလိုပွဲမျိုး ကြုံဖူးပေါင်းများပြီ ထင်ပါသည်။ ကျွန်တော်တို့ သုံးယောက်စလုံး အထိနာကြသည်။ ကျွန်တော်တို့က ထူပူနေသောကြောင့် တင့်တယ်အား ကြ သလို စွတ်ထိုးနေကြသည်။ တင့်တယ်က အရှောင်အတိမ်းရော၊ အဝင်အထွက် ပါ ကောင်း၏။ ကျွန်တော်တို့ သုံးဦးစလုံး သူ့လက်သီးစာ မိကြသော်လည်း သူကတော့ ကျွန်တော်တို့လက်သီးစာ တစ်ချက်မျှမထိ။

ထွန်းမောင်နှင့် မဲကြီးကို သူ မဲ၍ထိုးနေတုန်း ကျွန်တော်က ဝါးတော က လက်လှမ်းမီရာ ဝါးဆစ်ပိုင်းတစ်ခုကို ကောက်ကိုင်လိုက်ကာ တင့်တယ်၏ ခေါင်းကို အားရပါးရ ရိုက်ချလိုက်သည်။ ထုံခနဲမြည်သွားသည်။ အားရပါးရ ရိုက်လိုက်ရသောကြောင့် ကွဲပြီဟု ထင်လိုက်သည်။

တင့်တယ်က တုံ့ခနဲဖြစ်သွား၏။ သို့သော် နောက်ကိုပင်လှည့်မကြည့်ဘဲ ထွန်းမောင်နှင့် မဲကြီးကိုသာ ဆက်ထိုးနေ၏။ ထွန်းမောင်နှင့် မဲကြီးတို့လည်း တင့်တယ်၏ လက်သီးဒဏ် မခံနိုင်သောကြောင့် ထွက်ပြေးကြသည်။ ကျွန်တော် သာလျှင် ဝါးဆစ်ပိုင်းကိုကိုင်ပြီး ကြောင်နေမိ၏။ ကြောက်တတ်၍ ဗလသေး သော သံချောင်းက ဝါးရုံပင်အောက်တွင် ကုပ်နေသည်။ ကြောက်ဒူးတော တုန်နေပြီလား မသိ၊ ပုစူးမလည်း ဘယ်ပျောက်သွားသည် မသိ။

တင့်တယ်က ကျွန်တော့်ဘက်လှည့်ကာ-

"ဘာလဲကွ၊ မင်းတို့အထဲမှာ မင်းက သတ္တိအကောင်းဆုံးလား၊ လာလေ ကွာ၊ မင်းလက်ထဲ တုတ်ကြီးကိုင်ပြီး ဘာလုပ်နေတာလဲ"



"မင်း. . . ဘာမှ မဖြစ်ဘူးနော်။

"ဟား. . . ဟား. . . ဟား. . . မင်းတုတ်လောက်တော့ ရယ်တာပေါ့ကွ"

ကျွန်တော်၏ တုတ်ချက်ကြောင့် တင့်တယ် လဲလျှင်လဲ၊ မလဲလျှင် ကျွန်တော်သည် သူ့ရဲ့လက်သီးဒဏ်ကို ခံရတော့မည်ဆိုတာ လျှပ်တစ်ပြက် တွေးမိပြီးဖြစ်သည်။ ထို့ကြောင့် သူနှင့် ရင်ဆိုင်စကားပြောချိန်အတွင်း ကျွန်တော်က လက်မြန်မှဖြစ်မည်ဟု သဘောပေါက်သောကြောင့် လက်ထဲတွင် ကိုင်ထားသော ဝါးဆစ်ပိုင်းနှင့် သူ့ခေါင်းကို လျှပ်တစ်ပြက်ရိုက်ချလိုက်သည်။

ခွပ်ခနဲ မမြည်၊ ထုံခနဲမြည်သွားသည်။ သူ ဘာမှမလုပ်မီ နောက်ထပ် ဆက်တိုက် နှစ်ချက်ထပ်ရိုက်လိုက်သည်။ ထုံခနဲ၊ ထုံခနဲသာ မြည်သွားသည်။ တင့်တယ် ဘာမှမဖြစ်။ ခေါင်းလည်းမကွဲ၊ ယိုင်လည်းမယိုင်။

ကျွန်တော်လည်း ကြောက်စိတ်ဝင်လာကာ သံချောင်းကိုဆွဲပြီး ထွက်ပြေး လာခဲ့ပါတော့သည်။ နောက်ကိုပင် လှည့်မကြည့်နိုင်တော့။ သံချောင်းတို့ အိမ် ရောက်တော့ နှစ်ယောက်လုံး မောနေကြသည်။ တော်ပါသေးသည်။ တင့်တယ် က အိမ်ကိုလိုက်မလာပေလို့သာ။

ထိုနေ့မှစ၍ ကျွန်တော်တို့အားလုံး တင့်တယ်ကို မတွေ့အောင် ရှောင် ကြ၏။ နောက်တော့ လူကြီးသူမများ၏ ပြောစကားအရ တင့်တယ်သည် တုတ်ပြီး မားပြီးဆေးများ ထိုးထားကြောင်း သိရ၏။ အဲဒီကစ၍ တင့်တယ် ကို ကျွန်တော်တို့အုပ်စု အကြောက်ကြီးကြောက်သွားကြသည်။ လက်တွေ့ ကြုံခဲ့ရသော ကျွန်တော်က တင့်တယ်အကြောင်းကို ပိုသိသွားသည်။

သို့သော် ကျွန်တော်သည် လက်တွေ့လုပ်လိုက်ရမှ ယုံသူပီပီ စိတ်ထဲမှ မကျေနပ်ချက်တစ်ခုကို စမ်းသပ်ချင်သေးသည်ဟု တွေးထား၏။ ထွန်းမောင်၊ မဲကြီးနှင့် သံချောင်းတို့ကို တိုင်ပင်ကြည့်သည်။ သူတို့က ကိုယ်တိုင်တော့ မလုပ်ချင်၊ ကျွန်တော်၏ စမ်းသပ်ချက်ကို အဖော်အဖြစ် လိုက်စေချင်လျှင်တော့ လိုက်ပေးမည်ဟု အာမခံသည်။

(ကျွန်တော်၏ စမ်းသပ်ချက်သည် အဆင်ပြေလျှင် လူသတ်မှုပင် ဖြစ် သွားနိုင်သည်။ သို့သော်လည်း ထိုအချိန်က တောရွာများတွင် ရောင်စုံသောင်း ကျန်းသူများ သောင်းကျန်းနေသောကာလဖြစ်၍ တော်ရုံတန်ရုံ လူသတ်မှု သည် ငွေရှိလျှင်သော်လည်းကောင်း၊ အရှိန်အဝါ ရှိလျှင်သော်လည်းကောင်း၊

အလိုက်ကောင်းလျှင်သော်လည်းကောင်း၊ ပျက်ပြယ်သွားနိုင်သော ကာလဖြ
၍ ကျွန်တော် စမ်းသပ်ခြင်းဖြစ်သည်။ နောက်တစ်ချက် ကျွန်တော်၏စိတ်
တွင် အနိုင်ကျင့်ခံရခြင်းကို လက်စားပြန်ချေခြင်းဖြင့် ပြန်အနိုင်ယူရမည်
ထိုအချိန်က လူငယ်သဘာဝ မိုက်မဲစွာ ဆုံးဖြတ်၍ လုပ်ခဲ့ခြင်းဖြစ်၏။ ဤက
စကားချပ်)

မှောင်မိုက်သောညတော့ မဟုတ်။ လဆန်းရက်ဖြစ်သဖြင့် လရောင်အ
ပြောက်တိပြောက်ကျား ကျဆင်းနေ၏။ ရွာဖျားကဝါးရုံအစပ်တွင် ကျွန်တေ
တို့ လေးယောက် တင့်တယ်ကို စောင့်နေကြသည်။ တင့်တယ်သည် ကိုးနာ
မှ ဆယ့်တစ်နာရီအကြားတွင် တစ်ဖက်ရွာမှ အရက်သောက်ပြီး ပြန်လာနေ
ဆိုသည်ကို သတင်းရထားပြီးဖြစ်သည်။ သူနှင့်အတူ သူ့တပည့် သို့မဟု
သောက်ဖော်သောက်ဖက် ငမှတ်ဆိုသော အဖော်တစ်ယောက်လည်း ပါ
ကျဖြစ်သည်။

လမ်း၏ ဝဲယာနှစ်ဖက်ကို ဝါးရုံပင်များက အရိပ်မထိုးအောင် အုပ်ဆို
နေသော်လည်း ပြောက်တိပြောက်ကျား လရိပ်များက မြေပြင်ပေါ် သို့တိုး
ကာ ထင်ဟပ်နေသည်။ ကျွန်တော်တို့အုပ်စုက ရှစ်နာရီလောက်ကတည်း
ဝါးရုံနောက်တွင် ကြိုရောက်နေကြသည်။ လုပ်မည်ဟု ဆုံးဖြတ်ထားချက်
မဖြစ်မနေ လုပ်ကိုင်ရမှုဟု ခံယူထားသော ကျွန်တော်၏ ဉာဉ်အတိုင်း ဆင်း
ဒုက္ခခံကာ စောင့်နေကြခြင်းဖြစ်သည်။ ခြင်ရိုင်းများ၏ မညှာမတာ သွေးစုပ်
ဒဏ်ကို အောင့်အီးသည်းခံကာ အသံမြည်မှာစိုး၍ လက်နှင့်မရိုက်ဘဲ သပ်ချ
ရသည်။ ပုရစ်သံများက ပတ်ဝန်းကျင်တွင် တစီစီ မြည်နေသည်။

ဆယ်နာရီသာသာခန့်တွင် အရှေ့မှ အနောက်သို့ ဒယီးဒယိုင်ဖြ
လျှောက်လာနေသော လူရိပ်သဏ္ဍာန်နှစ်ခုကို တွေ့လိုက်ရပါသည်။ တင့်တ
နှင့် သူ့တပည့် ငမှတ်တို့နှစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်ကို မြင်လို
သည်နှင့် ကျွန်တော်၏ရင်ထဲတွင် တဒိန်းဒိန်း ခုန်နေသည်။ တစ်ကြိမ်တစ်ခါ
မျှ မလုပ်ဘူးသော ကိစ္စမို့ တစ်ကိုယ်လုံး ဇောချွေးများပြန်နေသည်။

ဓားပြီး၊ တုတ်ပြီးသောပုဂ္ဂိုလ်ကို ဒီတစ်ခါတော့ ဓားပြီး မပြီး စမ်းရတော



ည်။ တုတ်ပြီးတာကတော့ ကိုယ်တွေ့၊ ကိုယ်ခံပညာကို အားကိုး၍ နိုင်ထက်
နင်းလုပ်သော ပုဂ္ဂိုလ်မျိုးကို ကျွန်တော့်စိတ်ထဲတွင် လုံးဝသဘောမတွေ့။
ိုင်၍ သည်းခံရပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ပြီး ကလဲ့စားချေဖို့ကို
ျွန်တော် အမြဲစဉ်းစားနေခြင်းဖြစ်သည်။

သူငယ်ချင်းဖြစ်သူ သံချောင်းအတွက် ကလဲ့စားချေခြင်းဖြစ်၏။ ထက်
ာင် သွေးထားသော ဝါးခုတ်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။
စ်ယောက်သား ဒယီးဒယိုင်ဖြင့် ကျွန်တော်တို့ ပုန်းအောင်းနေရာ ဝါးရုံနား
ို့ရောက်သည်နှင့် ကျွန်တော်သည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ
ှာင်ရိပ်ထဲမှ ခြေသံမကြားအောင် ထလိုက်ကာ သူတို့နှစ်ယောက်၏ အနား
ို့ ကပ်လိုက်သည်။ တစ်ယောက်မျှ လှည့်မကြည့်။ လျှပ်တစ်ပြက်အတွင်း
ျွန်တော်သည် ဝါးခုတ်ဓားကို စုံကိုင်ကာ တင့်တယ်၏ ဦးခေါင်းတည့်တည့်
ီသို့ ခုတ်ချလိုက်သည်။

ထုံခနဲမြည်ကာ ဓားကိုင်ထားသော ကျွန်တော်၏လက်က ခါထွက်သွား
ည်။ ခေါင်းခွံကို ဓားနှင့်ခုတ်လျှင် ခွပ်ခနဲမြည်ရမည်ကိုသာ ကြားဖူးသည်။
ုံခနဲမြည်သံကို ဒီတစ်ခါပဲ ကြားဖူးသည်။ ဒယီးဒယိုင်ဖြင့် သွားနေသော
င့်တယ်သည် ရှေ့သို့ နည်းနည်းငိုက်သွားကာ လှည့်ကြည့်လိုက်သည်။ ပြီးမှ
ရက်မူးသံဖြင့်-

"ငါ့ကို ဓားနဲ့ခုတ်တယ်ကွ"

ဗလုံးဗထွေးသံဖြင့် သူအော်လိုက်ကာ နောက်တစ်ချက်ခုတ်ရန်ပြင်နေ
သာ ကျွန်တော့်ကို မြင်သွားသည်။ သူ ကျွန်တော့်ကို မမှတ်မိ။

"ဘယ်သူလဲကွ. . . ခုတ်တာ"

သူနှင့်အတူပါလာသော ငမှတ်က အခြေအနေကို ရုတ်ခြည်းသဘော
ပါက်ကာ အနောက်ဘက်သို့ ထွက်ပြေးတော့သည်။ ကျွန်တော်၏အသားများ
ဆတ်ဆတ် တုန်နေသည်။ တင့်တယ် ဓားပြီးတာ ကိုယ်တွေ့ဖြစ်ကြောင်း
ျွန်တော့်မျက်စိနှင့် သေသေချာချာ မြင်ရပြီ။ သို့သော်လည်း မြင်ကွင်းကွယ်
ျောက်ကာ မျက်စိထဲတွင် ကြယ်တွေ၊ လတွေ လင်းလက်သွားသည်။

တင့်တယ်၏ လက်သီးချက်ဖြစ်သည်။ ကျွန်တော့်ဓားချက်ကြောင့် သူ
ာမှုမဖြစ်၊ သူ့လက်သီးချက်ကြောင့် ကျွန်တော်ယိုင်၍ လည်ထွက်သွားသည်။

ကျွန်တော့်အသိတွင် ငါသည် တင့်တယ်လို တုတ်ပြီး၊ ဓားပြီးသော ပုဂ္ဂိုလ်
ဤနည်းဖြင့် စမ်း၍မရ၊ နောက်ဆုံး လက်နက်ကိုတော့ ထုတ်သုံးရတော့မည်
ဆုံးဖြတ်လိုက်သည်။

ကျွန်တော်ခံနေရကြောင်း သိသည်နှင့် အလွန်သတ္တိကောင်းကြသော
ကျွန်တော်၏ ရဲဘော်ရဲဘက်ထွန်းမောင်၊ မဲကြီးနှင့် သံချောင်းတို့သုံးယောက်
သည် ပုန်းနေရာက ထွက်လာကြကာ ကျွန်တော်မှာထားသည့်အတိုင်း သုံး
ယောက်သား တင့်တယ်ကို ဝိုင်းဖက်၍ ချုပ်ထားလိုက်ကြသည်။ လွယ်လွယ်
ကူကူတော့ မဟုတ်။ တင့်တယ်၏ ဒယီးဒယိုင်ဖြင့် ရုန်းနေသောအားနှ
ငယ်သံပါအောင် အော်လိုက်သောအသံက တိတ်ဆိတ်နေသော အမှောင်ထု
ကို ဖောက်ထွင်းသွားသည်။

ကျွန်တော်၏ ရဲဘော်သုံးယောက်က တင့်တယ်ကို ဝိုင်းချုပ်ထားသည်ကို
မြင်လိုက်ရသည်နှင့် ကျွန်တော်၏ သက်တယ်လက်နက်ကို ခါးပုံစထဲမှ ထုတ်
လိုက်သည်။ သေသေချာချာ ကိုင်ရ၏။ အဆင်မသင့်လျှင် ကိုယ့်လက်ကို ဖြ
ထိနိုင်သည်။

ကျွန်တော်သည် သူတို့သုံးဦး အပေါ်ပိုင်းက ချုပ်ထားသည်နှင့် အောက်
ပိုင်းမှ ခြေသလုံးကို သိမ်းဖက်ကာ တုတ်ပြီး၊ ဓားပြီးပုဂ္ဂိုလ်အား ကျွန်တော်၏
လက်နက်နှင့် ခြေသလုံးသားများကို ငါးခူကို ဓားနှင့်မွှန်းသလိုမျိုး တဗျစ်ဗျစ်
မြည်အောင် မွှန်းလိုက်တော့သည်။ ကျွန်တော်တို့အား ဗလအားကိုး တုတ်ပြီး
ဓားပြီး၊ ပညာအားကိုးနှင့် ဗိုလ်ကျခဲ့သော တင့်တယ်အား အငြိုးနှင့် ပညာပေး
နေသည်မှာ မည်မျှကြာသွားသည်မသိ။ တင့်တယ်လည်း ပျော့ခွေကျသွားပြီ
ကျွန်တော်၏ လက်ထဲတွင်လည်း သွေးများအိုင်ထွန်းနေသည်။ တင့်တယ်
လည်း အသံပင်မထွက်တော့။

ကျွန်တော်၏ အသက်တယ်လက်နက်ကြောင့် တင့်တယ်မသေနိုင်ဆိုတာ
ကိုတော့သိသည်။ ဘယ်လောက်ခံလိုက်ရသည်ကိုတော့ မှန်းဆ၍မရ။ ပုံလျက်
လဲကျသွားသော တင့်တယ်ကို ထားခဲ့ကာ ကျွန်တော်တို့လေးယောက် ထိုနေရာ
မှ ထွက်ပြေးလာခဲ့သည်။

သိပ်မကြာလိုက် တင့်တယ်၏သတင်းကို ကြားရပါသည်။ တင့်တယ်အား
မြို့ကဆေးရုံကို ပို့၍ တစ်လခန့် ဆေးကုလိုက်ရသည်ဟု သိရ၏။ ဆေးရုံက



ပြန်ဆင်းလာသောအခါ လမ်းပင်ကောင်းကောင်း မလျှောက်နိုင်ဟုလည်း
သတင်းရသည်။

တင့်တယ်လည်း ကျွန်တော်၏ သူငယ်ချင်း သံချောင်းအား လုံးဝ မော်
မကြည့်ရဲတော့သည့်အပြင် ကျွန်တော်အပါအဝင် ကျွန်တော်၏ သူငယ်ချင်း
များအားလုံးကိုလည်း လုံးဝ မလှန့်ရဲတော့ပေ။ တစ်သက်လုံး မှတ်သားလောက်
အောင် ပညာပေးလိုက်ပြီဖြစ်သည်။

တင့်တယ်၏ မိဘများကလည်း သူတို့သားအကြောင်းကို သိပြီးသားဖြစ်
၍ ကျွန်တော်တို့အပေါ် ထွေထွေထူးထူး အရေးမယူပါ။ တင့်တယ်၏ မိုက်ပြစ်
ကြောင့် သူဟာသူ ခံရတာပဲဟု သဘောထားလိုက်ကြဟန်တူပါသည်။

ထိုနေ့မှစ၍ သံချောင်းနှင့် ပူစူးမတို့၏ ချစ်ခရီးသည် ဖြောင့်ဖြူးသာယာ
သွားသကဲ့သို့ တုတ်ပြီး၊ ဓားပြီးပုဂ္ဂိုလ်၏ ရန်လည်းအေးသွားပြီဖြစ်သည်။

*(ကျွန်တော်၏ဇာတ်လမ်းသည် ဤတွင်ဆုံးပြီဖြစ်သည်။ သို့သော် ပြော
စရာတစ်ခုတော့ ကျန်သေးသည်။ တုတ်ပြီး၊ ဓားပြီး ပုဂ္ဂိုလ်အား ဆုံးမလိုက်
သော နောက်ဆုံးပေါ် လက်နက်အကြောင်းပင်ဖြစ်သည်။)*

*ထွေထွေထူးထူး မဟုတ်ပါ။ ကျွန်တော်၏ ရှေ့မီနောက်မီ အသိကြွယ်
လှသော ဘကြီးတစ်ယောက်၏ အကြံပေးချက်အရ မည်သည့်ကျမ်းရနည်းလမ်း
မျှ မပါ။ အစီအရင်မျှ မပါဘဲ စီမံထားသော လက်နက်ဖြစ်သည်။ ရွာထဲမှ
တရုတ်ကုန်စုံဆိုင်မှ ဝယ်ထားသော ဘလိတ်ဓားတစ်ချောင်းဖြစ်သည်။ ဘလိတ်
ဓားကို တစ်ဝက်ချိုး၍ လက်ကိုင်ရ အဆင်ပြေစေရန် ကြေးနန်းကြိုးကလေး
နှင့် ပတ်လိုက်သည်။ ကြေးနန်းကြိုးအပေါ်မှ အဝတ်စတစ်ခုနှင့် ထပ်ပတ်လိုက်
ပြီး တင့်တယ်၏ ခြေသလုံးများကို ထိုဘလိတ်ဓားနှင့် ငါးခူမွှန်းသလို မွှန်းလိုက်
သောအခါ တုတ်ပြီး၊ ဓားပြီးပုဂ္ဂိုလ် အဘယ်မျှ ခံစားသွားရမည်ကို တွေးကြည့်
နိုင်ပါသည်။*

*တုတ်ပြီး၊ ဓားပြီးပါသော်လည်း ဘလိတ်ဓားမပြီးတာကတော့ လက်တွေ့
ဖြစ်ပါသည်။ ဤကား စကားချပ်)*

မောင်မြင့်မား (ဘိုကလေး)




# သံယောဇဉ်
# တွယ်ငင်မှားသူမို့

**မောင်စောထွန်း (ကျောင်းကုန်း)**

ဂျန်နီသည် ကနေဒါ ဘဲငန်းမလေးတစ်ကောင်ဖြစ်သည်။ သူ့အမည် အပြည့်အစုံမှာ ကလမ်မတီဂျန်နီဖြစ်သည်။ ကံကြမ္မာ ဆိုးရွားစွာ ထူးထူးဆန်း ဆန်း ပေါက်ဖွားလာခြင်းကြောင့် ထိုအမည်ကို ရရှိခဲ့ခြင်းဖြစ်သည်။ သူသည် ဤကမ္ဘာလောကကြီးထဲသို့ ကားတစ်စီး၏နောက်ခုံပေါ်မှ ရောက်ရှိလာခဲ့သည်။ မော်တော်ယာဉ်နှင့် လမ်းဘေးရှိ ထင်းရှူးပင်တစ်ပင်တို့ တိုက်မိခဲ့သဖြင့် သူသည် နေ့ရက် လမစေ့မီ ပေါက်ဖွားလာခဲ့သည်။

ကျွန်တော်တို့သည် လေ့လာရေးခရီးထွက်ကြစဉ် ငန်းဥအတော်များများ ကို စုဆောင်းကောက်ယူလာခဲ့ကြသည်။ အပြန်လမ်းတွင် ကျွန်တော်သည် ကားမောင်းနေရင်း စတီယာရင်ပေါ်သို့ အိပ်ငိုက်ကျသွားသည်။ မှန်စများ၊ နှင်းမှုန်များ၊ ဖုန်မှုန့်များသည် ဝဲကတော့ထိုးကာ လွင့်စင်ပျံ့ဝဲသွားလေ၏။ ပြီး နောက် ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားသည်။ သည်နောက်မှာတော့ စူး စူးရှရှ အော်မြည်သံ ပေါ်ထွက်လာသည်။ ကျွန်တော်သည် ကားနောက်ဘက် သို့ သမင်လည်ပြန်လှည့်ကြည့်လိုက်ရာ ကွဲနေသော ငန်းဥတစ်လုံးနှင့် ဥမှ ပေါက်စ ငန်းလေးတစ်ကောင်ကို တွေ့မြင်လိုက်ရလေ၏။ သူ့တစ်ကိုယ်လုံး

စွတ်စိုနေသည်။ သူ့ကို အအေးဒဏ်မှ အကာအကွယ်ပေးဖို့ အမွေးအတော
နူးညံ့လှသည့် ငန်းပေါက်ကလေးအား ကျွန်တော်သည် ရှပ်အင်္ကျီအောက်တွ
အသားနှင့်ကပ်၍ ထည့်ထားလိုက်သည်။ အော်မြည်သံလေးသည် တစ်စတ
တိုးတိတ်သွားလေ၏။ အအေးဒဏ်ခံစားနေရသော သတ္တဝါကလေးသ
အနွေးဓာတ်ရသွားလေပြီ။ စိုစွတ်နေမှုသည် ခြောက်သွေ့သွားပြီ။ သူရှိနေသ
ကိုပင် မသိရတော့ပြီ။

ကားကို ဆက်မောင်းနှင်လာနိုင်ခဲ့သည်။ ကျွန်တော်တို့သည် အိမ်
ခက်ခက်ခဲခဲ ရောက်လာခဲ့ကြလေသည်။ ငန်းပေါက်မကလေးကို ကတ်
သေတ္တာတစ်လုံး၌ထည့်၍ အစာကြေညက်လွယ်သော ဂျုံမှုန့်နှင့် ဓားဖြင့်
ထားသော ဟင်းသီးဟင်းရွက်များကို စမ်းသပ်ကျွေးခဲ့သည်။

ဂျန်နီ ကြီးထွားလာခဲ့လေပြီ။ မကြာမီမှာပင် အမွေးအတောင် စုံ
သည်။ သူ့ကိုလှောင်ထားသည့် သံဆန်ခါခြံထဲမှထွက်ကာ အပြင်တွင် ပြေးလွှ
ဆော့ကစားသည်။ သူ့ကို အာရုံစိုက်စေချင်သည့်အခါ စူးစူးရှရှ အော်မြည်
ပေးတတ်သည်။ သို့ဖြစ်ြား အနွေးဓာတ်ရသွား၍သော်လည်းကောင်း၊ အစာ
သွား၍သော်လည်းကောင်း သူ၏ ဆူဆူညံညံ အော်မြည်သံသည် ကနေ
ငန်းမလေး၏ ကြည်နူးဖွယ်ရာ သာယာသောအသံကလေးကို ပြောင်းလဲ
ကြွေး အော်မြည်တတ်သည်။

သခင်ကို လွန်စွာ ခင်မင်တွယ်တာတတ်သော ငန်းမလေးဖြစ်ရ
သူသည် ကျွန်တော့်ဇနီးနှင့် ကျွန်တော့်အား သံယောဇဉ်ထားသည်။ ခြံတွ
မှ သူ့ကိုလွှတ်ပေးလိုက်သည့် အချိန်တွင် ကျွန်တော်တို့ ဘယ်သွားသွ
ကျွန်တော်တို့နောက်သို့ သူတကောက်ကောက် လိုက်တော့သည်။ အမွေးနု
က သံလွင်ရောင်နှင့် အဝါရောင်၊ ခြေထောက်တွေက မည်းမှောင်နေသေ
ပိတုန်းရောင်၊ လမ်းမလျှောက်တတ် လျှောက်တတ် ကလေးတစ်ယောက် ကွ
ကွတ လမ်းလျှောက်သလို ကျွန်တော်တို့နောက်မှ သူလိုက်ပါလာတတ်သ

ဂျန်နီ အတော်လေးကြီးထွားလာသည့်အခါ ကျွန်တော်တို့သည် သူ
ထရပ်ကားထဲတွင်ထည့်၍ ကျွန်တော်တို့နှင့်အတူ လယ်တောသို့ စ
ခေါ်ဆောင်သွားတော့သည်။ ကျွဲနွားတွေကို စစ်ဆေးသည့်အခါဖြစ်စေ၊ ခြံစည်



များကို ကြည့်ရှုသည့်အခါနှင့် ဆည်မြောင်းသို့ သွားရောက်သည့်အခါ သူ့ကို
က်ခင်းပေါ် လွှတ်ထားခဲ့သည်။ အခါအားလျော်စွာ ကျွန်တော့်ဇနီး ဂျန်နီကို
းချောင်းထဲတွင် ရေကူးစေဖို့ ခေါ်ဆောင်သွားတတ်သည်။ စမ်းချောင်းသည်
်ခြံခတ်ထားသော ခြံမြေကို ဖြတ်သန်းစီးဆင်းနေသည်။ ခြံမြေထဲတွင် မျိုး
ယ်ချင်းမတူသော ငန်းအမြောက်အများရှိသည်။ ကျွန်တော်တို့၏ခြံမြေသည်
တောင်ငှက်ရိုင်းတွေကို စိတ်မဝင်စားပေ။ သူသည် သူ့ကိုယ်သူ တောငှက်ရိုင်း
တွေနှင့် မျိုးမတူ၊ ဇာတ်ခြားနေဟန် တွေးတော ထင်မြင်နေပုံရသည်။

ဂျန်နီသည် ကိုယ်လုံးကိုယ်ထည် လွန်စွာကြီးမား ထွားကျိုင်းလာသည့်
ချိန်သို့ ရောက်လာခဲ့လေပြီ။ ကားရှေ့ခန်းထဲတွင် ဂျန်နီကို ကျွန်တော်တို့နှင့်
တူ ထားရန်မဖြစ်နိုင်တော့သည့်နေ့သို့ ရောက်လာခဲ့သည်။ ထိုနေ့က သူ့ရှေ့
င် အစာအလုံအလောက် ချကျွေးခဲ့ပြီး သူမပါဘဲ ကျွန်တော်တို့သည် ကား
ာင်းထွက်လာခဲ့လေ၏။

ရုတ်တရက် ကျွန်တော့်ဇနီးက-

"ဂျန်နီလိုက်လာတယ်"

ဟု တအံ့တသြ စကားဆိုလိုက်လေသည်။ ကားနောက်ကြည့်မှန်ထဲမှ
်ကွင်းကို ကျွန်တော် စောင်းငဲ့ကြည့်လိုက်မိသည်။ ကျွန်တော်တို့ ကားနောက်
ယဲသဲမဲမဲ ပြေးလွှားလိုက်လာသော ဂျန်နီ၊ သူတောင်ပံနှစ်ဖက်မှ အမွေးများ
ည် ပြန့်ပြန့်ကားကား ဖြန့်ကျက်နိုင်အောင် အပြည့်အဝ သန်စွမ်းမှုမရှိသေး။
န်နီသည် အလွန်အမင်း လှုပ်ရှားနေသော သူ့စိတ်ကို ထိန်းချုပ်နိုင်ပုံရဟန်
ူ၊ တကယ်ပါပဲ။ သူသည် စတင်ပျံသန်းလိုက်လေပြီ။ ထိုသို့ပျံသန်းနိုင်သည့်
သြစရာအဖြစ်က ကျွန်တော်တို့နောက်သို့ လိုက်ပါရာလမ်းကြောင်းကို သူ
း မေ့ပျောက်သွားစေခဲ့သည်။ ကျွန်တော်တို့သည် သစ်ပင်များနောက်ကွယ်
င် ဂျန်နီအား မျက်ကြေဖြတ်နိုင်ခဲ့ကြသည်။ ခဏအကြာတွင် ကျေးရွာ
လေးကို ဖြတ်၍ လိုက်လာသော ဂျန်နီကို ကျွန်တော်တို့သည် ရိပ်ခနဲ
်တွေ့လိုက်ရလေ၏။ ပြေးလွှားတစ်ခါ ပျံကာတစ်လှည့်ဖြင့် ဆောက်တည်ရာ
 အော်မြည်လိုက်လာသော ဂျန်နီ။ ကျွန်တော်တို့သည် သူ့ကိုပွေ့ပိုက်၍
ားထဲသို့ ခေါ်ဆောင်ခဲ့ရတော့သည်။ ကျွန်တော်တို့ကို တိုးဝှေ့၍ နှုတ်ဆက်
နေသော သူ့လည်တိုင်ကို ကျွန်တော်တို့သည် ပွတ်သပ်ပေးနေမိသည်။

နောက်တစ်ကြိမ် ကျွန်တော်တို့သည် ဂျန်နီမသိအောင် တိတ်တိတ်ခိုး၍

ကြိုးစားထွက်ခဲ့သော်ငြား ဂျန်နီသည် လေထဲမှ ပျံသန်းလိုက်လာသည်။ နိမ့်တုံ မြင့်တုံ ပျံသန်းလိုက်ပါလာသော ဂျန်နီသည် ကျွန်တော်တို့ကားရှေ့သို့ရောက် လာပြီး လမ်းပေါ် ထိုးဆင်းလိုက်သည်။ ကျွန်တော်တို့ကို ကားရပ်တန့်ပေးရန် သူသည် အတင်းအကျပ် ပိတ်ဆို့ဟန့်တားခဲ့ရာ သူ့ကို ကားထဲမှာတင်၍ ခေါ် ဆောင်ခဲ့ရပြန်လေ၏။

ရက်များ မကြာမီအတွင်း ဂျန်နီသည် ကျွန်တော်တို့ ဘယ်သွားသွား ယာရပ်ကားဘေးမှ ကျည်ကျည်ကျာကျာ မြည်ကြွေးလျက် အဖော်အဖြစ် လိုက် ပါနိုင်ခဲ့လေသည်။ မော်တော်ယာဉ်အမြန်နှုန်း တစ်နာရီ ၁၅ မိုင်သည် ဂျန်နီ အတွက် ပျံသန်းလိုက်ပါနိုင်ရန် သင့်လျော်သည့် အမြန်နှုန်းဖြစ်သည်။

နွေရာသီတစ်ရာသီလုံး ကျွန်တော်တို့သည် ဂျန်နီအား လွတ်လွတ်လပ် လပ် ပျံသန်းခွင့်ပေးခဲ့သည်။ သို့ရာတွင် ငှက်ပစ်ရာသီ နီးကပ်လာသဖြင့် ဂျန်နီ အား အခြားငှက်များနှင့်အတူ လယ်တောရှိ ဝင်းခြံခတ်ထားသော ခြံမြေထဲတွင် ထားပါမှ ဘေးအန္တရာယ်ကင်းလိမ့်မည်ဟု ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ဂျန်နီ၏ ညာဘက်အတောင်ပံ အမွေးများကို ကတ်ကြေးဖြင့်ဖြတ် ၍ တစ်ညနေ အစာကျွေးချိန်တွင် ဘဲများနှင့် ငန်းများရှိသည့်ရေကန်၌ သူ့ကို ချပေးလိုက်သည်။ အခြားသတ္တဝါတွေကို မြင်တွေ့ရသော ဂျန်နီသည် ပထမဆုံး အကြိမ် စာသင်ကျောင်းသို့ ခေါ်ဆောင်သွားသည့် ကလေးငယ်တစ်ဦးပမာ ကျွန်တော်တို့အား တွယ်ကပ်ထားသည်။ သူ့ကို ကျွန်တော်ကောက်ယူပြီး သံ ဆန်ခါ ခြံစည်းရိုးကိုကျော်၍ ပစ်ချလိုက်ချိန်တွင် သူသည် ရှေ့သို့တိုးသွားလိုက် နောက်ဘက်သို့ ပြန်လာလိုက်ဖြင့် သူချစ်ခင်တွယ်တာသော လူသားမိတ်ဆွေ များထံ ပြန်လာဖို့ ကြိုးစားသည်။

နောက်ဆုံးတွင် ဂျန်နီသည် အခြား ကနေဒါငန်းများနှင့်အတူ ကျေနပ်စွာ အခြေချ နေထိုင်ခဲ့လေသည်။ ဆောင်းရာသီတစ်ရာသီလုံး သူသည် ငန်းတွေနှင့် နေထိုင်ခဲ့လေသည်။ သို့ဖြစ်သော်ငြား အစာကျွေးချိန်တွင် ဂျန်နီ သည် အမြဲတမ်းလိုလိုပင် ကျွန်တော်တို့ကို ဦးစွာနှုတ်ဆက်တတ်လေသည်။ ကျွန်တော်တို့သည် သူ့နေအိမ်ပေါင်းရှိရာသို့ ရှေးရှု၍ တောင်ကုန်းပေါ် တက် သွားချိန်တွင် ဂျန်နီသည် ကြေကွဲဖွယ်ရာ အော်မြည်တတ်မြဲ။

နောက် နွေဦးရာသီဝယ် ကြီးမားထွားကျိုင်းလှသည့် ကနေဒါငန်းကြီး တစ်ကောင်သည် စိမ့်မြေသို့ နေ့စဉ်နေ့တိုင်း ပျံဝဲဆင်းသက်လာတတ်သည်။



ထိုငန်းကြီးသည် ဝင်းခြံခတ်ထားသော နယ်မြေထဲတွင် တစ်စုံတစ်ရာကို စိတ်ပါ ဝင်စားမှု ရှိနေသည်မှာ ထင်ရှားသည်။ အာဂငန်းကြီးပင်။ ပထမတော့ စိမ့်မြေ တွင် သူ့လျှောက်လှမ်းနေရသည်ကို ကျေနပ်နေပုံပါပဲ။ ပြီး အသံပြကြီးဖြင့် အော်သည်။ သည်နောက်တော့ တစ်နေ့တွင် သူ့ကို သုံးဧကကျယ်ဝန်းသော ခြံမြေထဲတွင် ကျွန်တော်တို့ တွေ့မြင်လိုက်ရလေ၏။ ငန်းမတစ်ကောင်နှင့်အတူ တွဲလို့။ သူ့အဖော်မှာ အခြားသူမဟုတ်။ ဂျန်နီ၊ စင်စစ် ကနေဒါငန်းမလေး အသက်အရွယ်နှင့်မှ ဂျန်နီသည် ငယ်သေးသည်။ သို့ငြား အရွယ်မတိုင်မီ ကြင်ယာရှာသွားသည့် ဂျန်နီအတွက် သည်လင် သည်မယား အိုအောင်မင်း အောင် ပေါင်းရစေကြောင်း ကျွန်တော်တို့ ဆုမွန်တောင်း တောင်းခဲ့ရလေ၏။

ကျွန်တော်တို့သည် သူတို့ဇနီးမောင်နှံစုံတွဲကို ရှက်စိတ်ဖြင့် ချောင်းမြောင်း ကြည့်ရှုခဲ့ကြသည်။ အစဦးတွင် မှန်ပြောင်းဖြင့် သူတို့စုံတွဲကိုကြည့်သည်။ နောက်တော့ အနီးကပ်ကြည့်ရှုကြသည်။ ဂျန်နီသည် ကျွန်တော်တို့ ချဉ်းကပ် လာသည်ကို လည်တံငုံ့လျှိုးထုတ်၍ သူ့အသိုက်ထဲမှကြည့်သည်။ သို့ငြား သူသည် ငှက်ရိုင်းတစ်ကောင်လို တောသွေးတောင်စိတ်ဝင်ကာ ရိုင်းပျသည့် အမူအရာမပြ။ သူ့ခင်ပွန်း ငန်းကြီးကတော့ လည်တံကြီးကို ဆန့်ထုတ်၍ ကျွန်တော်တို့ကို စူးစူးရှရှကြည့်လျက် ဟိုအဝေး ခပ်လှမ်းလှမ်း ခြံမြေထောင့်သို့ ဆုတ်ခွာထွက်သွားသည်။

သည်နောက် တစ်ညနေခင်းဝယ် ဂျန်နီတို့ ဇနီးမောင်နှံကို အသိုက်မှ ခပ်ဝေးဝေးတစ်နေရာတွင် အတူယှဉ်တွဲ နားနေသည်ကို ကျွန်တော်တို့ တွေ့ မြင်လိုက်ရလေသည်။ ကျွန်တော်တို့ စိတ်ထင့်သွားမိလေ၏။ ဘေးအန္တရာယ် ဆိုးများ တွေ့ကြလေသလား၊ အမှန်ပါပဲ။ သေချာပါသည်။ ကြည့်စမ်း. . သိုက်မြုံနေရာတွင် ပြန့်ကျဲကွဲကြေနေသည့် ဥခွံတွေ၊ ငှက်မွေးကျွတ်တွေ၊ မြင်ကွင်းမှာ စိတ်မချမ်းမြေ့စရာ၊ ငှက်တွေအနေနှင့် ဤမြင်ကွင်းကို မဖန်တီး နိုင်။ ဂျန်နီ၏ခင်ပွန်း ငန်းထီးကြီးသည် မည်သည့်ငှက်မျိုးနွယ်စုကိုမဆို ယှဉ်ပြိုင် တိုက်ခိုက်နိုင်သည့် အင်အားရှိသည်။ လူယုတ်မာတချို့ ဝင်းခြံကို ကျော်လွှား တက်ကာ အသိုက်ကိုဖျက်ဆီးပစ်ခဲ့မည်မှာ ဧကန်။

"သနားစရာကောင်းလိုက်တဲ့ ဂျန်နီရယ်"

ကျွန်တော်တို့သည် ကြေကွဲစွာဖြင့် စကားဆိုလိုက်မိလေ၏။ ကျွန်တော်တို့ ရင်နင့်အောင် ခံစားနေရသော်ငြား ဂျန်နီသည် ခြေတစ်ချောင်းတည်းထောက်

ကာ ရပ်လျက် ကျွန်တော်တို့အား တည်ငြိမ်စွာကြည့်နေသည်။ သူ့အသွ သဏ္ဌာန်က တရားသဘောကို ဆင်ခြင်လျက် ပြေသိမ့်နေသည့်ဟန်။

ဂျန်နီနှင့် သူ့ခင်ပွန်း ငန်းရိုင်းကြီးသည် မကွဲမကွာ ပေါင်းသင်းနေထို လျက်ပင်။ စင်စစ် ကနေဒါငန်းမများသည် ကြင်သက်တစ်ဦးတည်းကိုသာလျှ ရိုးမြေကျသစ္စာထားလျက် ရာသက်ပန်ပေါင်းဖက် နေထိုင်သွားတတ်ကြသည ကတ်ကြေးဖြင့် ဖြတ်ထားသော ဂျန်နီ၏ တောင်ပံမွေးတွေကျွတ်၍ အသစ် ကာ ပေါက်လာကြချိန်တွင် ငန်းကြီးသည် ဂျန်နီကို သွေးဆောင်ဖျောင်းဖျလျ ခြံထောင့် ခပ်လှမ်းလှမ်းသို့ ခေါ်ဆောင်သွားလေ့ရှိသည်။ ကျွန်တော်တို့သ သူတို့စုံတွဲကို မကြာခဏ တွေ့ရသည်။ ဂျန်နီသည် ကျွန်တော်တို့ကို မြင်ေ တိုင်း သူ မှတ်မိသိရှိကြောင်း အော်မြည်သံပေး၍ ကျွန်တော်တို့ရှိရာ ခပ်သွက်သွက် လျှောက်လာတတ်မြဲ။ ထိုအခါ ငန်းကြီးသည် ဂျန်နီ အော်ဟစ်မြည်ကျွေး သတိပေးကာ အဝေးသို့ထွက်ပြေးတတ်မြဲ။ ကျွန်တော် သည် သူတို့ကို အနှောင့်အယှက် မဖြစ်စေလို၍ ကိုယ့်လမ်းအတိုင်း ဆက်လ လျှောက်ခဲ့ကြရလေ၏။

နွေဦးပေါက်လာပြီ။ ဂျန်နီသည် ထူးဆန်းသည့် အပြုအမူ ပြုလုပ် သည်ကို ကျွန်တော်တို့ သတိထားမိသည်။ ဂျန်နီသည် အိမ်ဘေးတွင် ကြဲ ထားသည့် ဂျုံစေ့များကို စားသည်။ ပြီးလျှင် အိမ်ကိုပတ်၍လျှောက်သွ အိမ်ကို ငေးစိုက်ကြည့်၍ လေ့လာသည်။ ငန်းကြီးကတော့ ခပ်ဝေးဝေးမှနေ ဂျန်နီ၏ အပြုအမူကို သဘောမတူဟန်ဖြင့် လှမ်းကြည့်နေသည်။ ထိုနေ့ ပိုင်းတွင် တစ်မနက်ခင်းအချိန် အိမ်ခေါင်မိုးပေါ်မှ ဆူဆူညံညံ ခြေသံ ကြောင့် ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည် အိပ်ရာမှ နိုးလာခဲ့ကြသည်။

"ဘာဖြစ်တာပါလိမ့်"

ကျွန်တော့်ဇနီးက တအံ့တသြပြောလိုက်သည်။ သူသည် အိပ်ရာမှ ထ ခနဲထကာ အပြင်သို့ အပြေးအလွှားသွားသည်။

"ဂျန်နီ. . . ဂျန်နီ" ကျွန်တော့်ဇနီးက အော်ပြောသည်။ ထိုညနေ ကျွန်တော်တို့သည် ဧည့်ခန်းထဲ၌ ထိုင်နေကြစဉ် ရုတ်တရက် အိမ်အမိုးပ ဂျန်နီ၏ ဦးခေါင်းနှင့် လည်တံပေါ် ထွက်လာသည်ကို မြင်တွေ့လိုက်ရသ ကျွန်တော်တို့သည် အံ့ဩသွားမိလေ၏။ ဂျန်နီ၏ မျက်လုံးနက်နက် အစုံသ



ကျွန်တော်တို့ကိုမကြည့်ဘဲ အိမ်တံစက်မြိတ်အောက်ရှိ ကွက်လပ်ကိုကြည့်နေ သည်။ အမှန်ပါပဲ။ ဘဲနှင့်ငန်းများ နေထိုင်ရာ မြေထဲတွင် သူဖွဲ့စည်းတည် ဆောက်ခဲ့သည့် သိုက်မြုံသည် အန္တရာယ်ကို မကာကွယ်နိုင်ကြောင်း သက်သေ ခဲ့ပြီ။ ခု သူသည် ဘေးအန္တရာယ် အလုံခြုံဆုံးဟု ထင်ရသည့်နေရာကိုရှာပြီ။ ချစ်သော လူသားတွေနေထိုင်သည့် အိမ်ခေါင်မိုးထက် အဘယ်နေရာသည် လုံခြုံမှုပေးနိုင်မှာလဲ။ ငန်းရိုင်းကြီးသည် ဂျန်နီ၏ အတွေးအမြင်ကို လုံးဝ သဘောမတူသည်မှာ ပေါ်လွင်ထင်ရှားနေသည်။ သူသည် ခပ်လှမ်းလှမ်း အဝေးတစ်နေရာတွင်နားကာ မကျေမနပ် အပြစ်တင်သံဖြင့် အော်နေသည်။ ပြား သူ့ဇနီးဂျန်နီသည် လွန်စွာရွှင်မြူးဝမ်းသာလျက် ယုံကြည်ချက်အပြည့် ဖြင့် ပြန်လည်အော်မြည် စကားဆိုနေသည်။

"အိမ်ခေါင်မိုးမှာ သူ အသိုက်လုပ်ချင်ပုံရတယ်။ ကျွန်မတို့ သူ့အတွက် နေရာတစ်နေရာ လုပ်ပေးရအောင်"

ကျွန်တော့်ဇနီးက ပြောသည်။ သစ်သားသေတ္တာတစ်လုံးကို ကျွန်တော် တွေ့သည်။ စိမ့်မြေမြက်များကို သေတ္တာထဲထည့်ပြီး လေဒဏ်၊ နေဒဏ်မှ ကာကွယ် အပေးနိုင်ဆုံး အိမ်ခေါင်မိုးတစ်နေရာတွင် သေတ္တာကို ကြိုးဖြင့် ချည်နှောင်ထားလိုက်သည်။

နောက်တစ်နေ့မနက်တွင် ဆူဆူညံညံ ငန်းအော်သံများနှင့်အတူ အိမ်အမိုး ပေါ်သို့ ဂျန်နီ ဆင်းသက်လာသောအသံကြောင့် ကျွန်တော်တို့ အိပ်ရာမှနိုးလာ သည်။ ဂျန်နီသည် အိမ်အမိုးပေါ်တွင် လူးလာတုံ့ခေါက် လျှောက်နေသည်။ တ်မှလည်း ဗလုံးဗထွေး အော်သံပေးနေသည်။ ရုတ်တရက် အသံဗလံများ နှင့် လှုပ်ရှားသွားလာသံများ ငြိမ်ဆိတ်သွားသည်။

"သူ သေတ္တာကို တွေ့သွားပြီ. . . ဟု ကျွန်တော်တို့ ဇနီးမောင်နှံသည် မ်းသာအားရ တစ်ဦးကိုတစ်ဦး စကားဆိုလိုက်မိကြလေ၏။

အတန်ကြာ တိတ်ဆိတ်သွားပြီးနောက် ဂျန်နီသည် သူ့ခင်ပွန်းနှင့်တွေ့ဆုံ မြေပြင်ကို ပြန်ဆင်းလာသည်။ ပြီးလျှင် သူ့ခင်ပွန်းငန်းကြီးနှင့် စိတ်အား ထက်သန်စွာ စကားဆိုသည်။ ဤအချိန်မှာတော့ သူတို့သည် လည်တိုင်ချင်း ယှက် ပွတ်သပ်ကြသည်။ ပြီးတော့ သူတို့စုံတွဲသည် ရေကူးဖို့ စမ်းချောင်း ဆီသို့ ပျံသွားကြလေသည်။ ခုတော့ နေ့စဉ်နေ့တိုင်း မနက်စောစောအချိန်တွင်

ဂျန်နီတို့ ဇနီးမောင်နှံသည် အိမ်အနီးရှိ တောင်ကုန်းဘေးသို့ ဆင်းသက်လာ
မြဲ။ ပြီးလျှင် ဂျန်နီသည် အိမ်ခေါင်မိုးဆီသို့ ပျံသန်းလာကာ သေတ္တာထဲဝင်မြဲ
တစ်နာရီခန့် သေတ္တာထဲ၌နေသည်။ ငန်းကြီးကတော့ သတိနှင့်ရပ်လျက်စော
ကြည့်နေပုံပါပဲ။ သူတို့လာပြီး ပြန်သွားကြတိုင်း ကျွန်တော်သည် လှေကားဖြ
အိမ်ခေါင်မိုးပေါ် တက်၍ ကြည့်သည်။ တစ်နေ့တွင် သေတ္တာထဲ၌ ငန်းဥတစ်လုံ
ဥထားသည်ကို ကျွန်တော်တွေ့မြင်လိုက်ရလေ၏။ ငန်းဥလေးလုံး ဥပြီးသွ
လေပြီ။ ထိုအချိန်တွင် ဂျန်နီသည် ဥဝပ်ဖို့အတွက် အိမ်အမိုးပေါ်ရှိ အသိုက်
သေတ္တာဆီသို့ ပြန်လာခဲ့သည်။ ရက်သတ္တပတ် လေးပတ်လုံးလုံး အသိုက်
သေတ္တာပေါ်မှ ဂျန်နီ၏ဦးခေါင်းနှင့် လည်တိုင်ကို ကျွန်တော်တို့ တွေ့မြင်နေ
ရသည်။ ဤအချိန်ကာလတွင် ငန်းကြီးသည် မိုင်ဝက်ခန့်ဝေးသော စမ်းချောင်း
အထက်ပိုင်းတွင် နေထိုင်သည်။

နေ့စဉ်နေ့တိုင်း လုပ်ရိုးလုပ်စဉ် ဥဝပ်နေရာမှ ဂျန်နီသည် ကြားဖြတ်၍
အပြုအမူတစ်ခုကို လုပ်တတ်မြဲ။ နံနက်ခင်း နှောင်းပိုင်းအချိန်ဝယ် ဂျန်နီသည်
ကျယ်ကျယ်လောင်လောင် အသံပေးတတ်သည်။ ထိုအခါ နှောင့်နှေးခြင်းမရှိ
ဘဲ မိုင်ဝက်ခန့်အကွာဝေးမှ ငန်းကြီး၏ ပြန်လည်အော်ဟစ်သံကြားရသည်။
တစ်ချိန်တည်းမှာပင် ငန်းကြီးသည် မဆိုင်းမတွ ပျံသန်းလာသည်ကို ကျွန်တော်
တို့ တွေ့မြင်ရလေသည်။ ဂျန်နီသည် အသိုက်မှထွက်၍ စိမ့်မြေသို့ ပျံသန်း
သွားသည်။ သူတို့နှစ်ဦးသည် တစ်ပြိုင်တည်း စိမ့်မြေသို့ရောက်ရှိကြသည်။
သူတို့ ဆုံစည်းမှုသည် ပျော်ရွှင်ကြည်နူးမှုအပြည့်၊ အထင်အရှား မြင်တွေ့နေ
သည်။ စီစီညံညံ အသံပြုကြသည်။ တစ်ဦးနှင့်တစ်ဦး လည်တိုင်ချင်း လိမ်ယှက်
၍ ပွတ်သပ်ကြသည်။ နှုတ်သီးချင်း ထိတွေ့ကြသည်။ စစ်မှန်သော ချစ်ခြင်း
မေတ္တာ သရုပ်ဖော်မှုပင်။ ထို့နောက် ဂျန်နီ ရေချိုးသည်။ ရေထဲတွင် တောင်ပံ
များ တဖျပ်ဖျပ်ခတ်သည်။ မိနစ်အနည်းငယ်ကြာ သူတို့မောင်နှံသည် အတူယှဉ်
တွဲ ရပ်နားနေကြစဉ် ဂျန်နီသည် သူ့အမွေးအတောင်များကို သသည်။ နေထား
တကျရှိအောင် ပြင်သည်။ ဤသို့ဖြင့် သူတို့၏ နံနက်ခင်း ပြန်လည်တွေ့ဆုံမှု
သည် ပြီးဆုံးသွားတော့သည်။

ထိုအချိန်များအတွင်း ကျွန်တော်တို့သည် ပြက္ခဒိန်ပေါ်တွင် နေ့စဉ်နေ့
တိုင်း အမှတ်အသားများ ပြုလုပ်ခဲ့လေသည်။ ဥများကို ဥပြီးချိန်မှစ၍ ၂



က်မှ ရက် ၃၀ အထိ သားငယ်များပေါက်ရန် ဥဝပ်ပေးရမည်ဖြစ်သည်။ ပြီး
ျှင် ဂျန်နီသည် သူ့ရင်သွေးများကို အိမ်မိုးအမြင့်မှ ၁၂ ပေကွာလှမ်းသော
မြေပြင်သို့ ဆင်းသက်ရန် ပြုလုပ်ပေးရပေဦးမည်။ ကျွန်တော်တို့သည် ထိုဖြစ်စဉ်
ကို ကြည့်ရှုဖို့ လက်လွတ်မခံချင်။ တကယ်တော့ ကနေဒါငန်းမများသည်
ခစ်ပင်များပေါ်တွင် အသိုက်ဖွဲ့ရိုး ထုံးစံမရှိ။

၂၉ ရက်ပြည့်ပြီ။ ထိုနေ့နံနက်ခင်း အရုဏ်ဦးတွင် ဂျန်နီ၏ အော်သံကို
ကျွန်တော်တို့ ကြားလိုက်ရသည်။ သူ့အသံမှာ ညင်သာသည်။ ကြားနေကျ
အသံမျိုး မဟုတ်။ အမှန်ပါပဲ။ အသံသည် တစ်စုံတရာ ထူးခြားမှုကို ဖော်ပြ
နေသည်။ ထိုအဖြစ်မှန်ကို ကြည့်ရှုဖို့ ကျွန်တော် ပြေးထွက်လာမိသည်။
ကျွန်တော်မြင်ရပြီ။ ဂျန်နီ၏ ကျောပြင်ပေါ်တွင် ငန်းပေါက်စကလေးတစ်ကောင်
ကြာမီ အခြားငန်းပေါက်စလေးတစ်ကောင် ပေါ်လာပြန်သည်။ သိပ်မကြာ
သိုက် အသိုက်သေတ္တာပတ်လည်တွင် စီစီညံညံ အော်မြည်နေကြသည့် ငန်း
ပေါက်စကလေး စုစုပေါင်းလေးကောင်။

ရုတ်တရက် ဂျန်နီသည် ကိုယ်ကိုမတ်၍ အော်သံပေးလိုက်သည်။ အသံ
မှာ ကျယ်လောင်လွန်းလှသည်။ ငန်းရိုင်းကြီးက မြက်ခင်းပြင်မှ ပြန်လည်အသံ
ပြုသည်။ မရှေးမနှောင်းမှာပင် ငန်းရိုင်းကြီးသည် အိမ်မှ ပေ ၅၀ အကွာတွင်
ပျံဝဲဆင်းသက်လာသည်။ အိမ်အမိုးပေါ်တွင်ရှိနေသည့် ဂျန်နီနှင့် သူ့ကလေး
တွေကို သူ မော့ကြည့်ရှုသည်။ ပြီးလျှင် ထပ်ကာထပ်ကာ အသံပြု
တစ်ကြွေးအော်မြည်သည်။ ဂျန်နီက ပြန်လည်အသံပြုသည်။ သူတို့နှစ်ဦး၏
အော်မြည်သံသည် ပဲ့တင်ထပ်နေလေ၏။

ဂျန်နီသည် မြေပြင်သို့ပျံဝဲဆင်းသွားသည်။ ပြီးနောက် ဂျန်နီနှင့် သူ့ခင်ပွန်း
ငန်းကြီးသည် ငန်းပေါက်ကလေးတွေကို မော့ကြည့်ကာ အိမ်အနီးသို့ရောက်
ကြသည်။ ငန်းပေါက်ကလေးများသည် အိမ်အမိုးပေါ်တွင် အငြိမ်မနေကြ။
ဟိုမှ သည်သို့ မရပ်မနား ပြေးလွှားနေကြသည်။ သူတို့ထဲမှ ငန်းပေါက်လေး
တစ်ကောင်သည် သူ့စိတ်ကို ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ပုံရသည်။ သူ
သည် အိမ်အမိုး အစွန်အဖျားသို့ ခပ်မှန်မှန်လျှောက်လာသည်။ ပြီးလျှင် ခုန်ချ
လိုက်လေသည်။ သူသည် မြေပြင်နှင့် ဆောင့်မိသွားသော်လည်း နာကျင်ဟန်

မပြ။ ချောက်ချားထိတ်လန့်ဟန် မပြ။ သူ့ခန္ဓာကိုယ်အလေးချိန်မှာ အလွန်ပေါ့ သည်။ မြေပြင်ပေါ်သို့ ကျဆင်းသွားပုံမှာလည်း သိပ်သိပ်သည်းသည်း ကျဆင်း သွားသည်။ ထို့ကြောင့် မြေပြင်နှင့်ဆောင့်မိသော်ငြားလည်း အပြင်းအထန် နာကျင်မှု မရှိခြင်းဖြစ်ကောင်းဖြစ်ပေလိမ့်မည်ဟု ကျွန်တော်တို့တွက်ဆလိုက် သည်။ ငန်းပေါက်ကလေးသည် သူ့မိခင်ဂျန်နီ၏ ရင်ခွင်အောက်သို့ အပြေး အလွှား ဝင်ရောက်သွားသည်။

အိမ်အမိုးပေါ်တွင် ငန်းပေါက်ကလေးသုံးကောင် ကျန်ရှိနေသည်။ ငန်း ပေါက်ကလေး တစ်ကောင်သည် အိမ်အမိုးစွန်းဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာ သည်။ အောက်ကိုငုံ့ကြည့်သည်။ နောက်သို့ပြန်ဆုတ်သွားသည်။ ရှေ့သို့တိုး လာလိုက်၊ နောက်သို့ပြန်ဆုတ်သွားလိုက် အကြိမ်ကြိမ် ပြုလုပ်နေသည်။ နောက်ဆုံးတွင် သူသည် အခြားငန်းပေါက်ကလေးတစ်ကောင်နှင့် ဘေးချင်း တိုက်မိကာ ပြင်ဆင်မှုမရှိဘဲ မြေပြင်ပေါ်သို့ ထိုးဆိုက်ကျဆင်းသွားလေသည်။ ပထမဆုံး မြေပြင်နှင့်ဆောင့်မိသည်မှာ သူ့ဦးခေါင်း၊ သို့ငြား သူသည် ချက်ချင်း ဦးခေါင်းပြန်မတ်ကာ မိခင်ဆီသို့ အလျင်စလို ပြေးသွားသည်။ ကျန်ရှိနေသည့် တတိယမြောက် ငန်းပေါက်ကလေးသည်ကား အမှားမှားအယွင်းယွင်းဖြင့် အိမ် အမိုးပေါ်မှ ခြေချော်ကာ မြေပြင်သို့ ကျဆင်းသွားလေသည်။ စတုတ္ထငန်း ကလေး။ ။ သူသည် နောက်ဆုံး ကျန်ရှိနေသည့်အကောင်၊ သူကား ဟန် သမား၊ မင်းသား၊ ဟန်ပါပါ ရှေ့သို့သွားသည်။ ပြီးလျှင် နောက်သို့ဆုတ်၍ ဇာတ်လိုက်မင်းသား အမူအရာဖြင့် အိမ်အမိုးစွန်းမှ ခုန်ချရန် ရှေ့သို့ပြေးသည်။ ပြီးလျှင် သူသည် လေထဲသို့ ဒိုင်ဗင်ထိုးချလိုက်သည်။ ဦးခေါင်းကလေးကို မတ်ထောင်ထားသည်။ မြေပြင်ပေါ်သို့ လှလှပပ ကျဆင်းသွားကာ သူ့မိသား စုနှင့် ပေါင်းဆုံဖို့ ခပ်တည်တည် လျှောက်သွားလေသည်။

သူတို့အားလုံး ပေါင်းစည်းမိကြပြီ။ ဂျန်နီသည် တောင်ကုန်းပေါ်မှဆင်း သက်၍ ရေကန်သို့သွားရာလမ်းအတိုင်း ရှေ့မှဦးဆောင်သွားသည်။ ငန်းကြီး က ဂျန်နီ၏နောက်မှ ခပ်ခွာခွာ လိုက်ပါလာသည်။ သူတို့နှစ်ဦးကြားဝယ် သူတို့ ရင်သွေး ငန်းကလေး လေးကောင်က တန်းစီလျက် ခပ်မှန်မှန် လျှောက်လှမ်း နေကြသည်။ မေ့ပျောက်မရနိုင်သည့် မြင်ကွင်းပင်။



နွေရာသီ တစ်ရာသီလုံး ရေကန်တွင် ဂျန်နီ၊ သူ့ခင်ပွန်းငန်းကြီးနှင့် ငန်း ကလေး လေးကောင်ကို ကျွန်တော်တို့ မကြာခဏ တွေ့ဆုံခဲ့ရသည်။ ဆောင်းဦး ရာသီ နီးကပ်လာလေပြီ။ ဂျန်နီတို့ မိသားစု အတူယှဉ်တွဲ၍ ပျံသန်းနေကြသည် ကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရသည်။ သည်နောက်တော့ မြောက်အရပ်မှ ငန်း ရိုင်းများ ရောက်လာကြသည်။ ငန်းတွေကြားထဲတွင် ကျွန်တော်တို့ချစ်ခင်ရ သော ဂျန်နီတို့မိသားစုကို ခွဲခြားသိမြင်ရန် မလွယ်ကူတော့ပြီ။

ငှက်ပစ်ရာသီကုန်ဆုံးသွားပြီးနောက် ဂျန်နီကို မမြင်တွေ့ရတော့ပေ။ ထို ဆောင်းရာသီတွင် ဂျန်နီ၏ ခင်ပွန်း ငန်းကြီးတစ်ကောင်တည်းကိုသာ မြင်တွေ့ ရသည်။ ရက်သတ္တပတ် တစ်ပတ်လုံးလုံး ငန်းကြီးသည် သူ့ဦးခေါင်းကို တောင်ပံ အောက်တွင် ဝှက်ထားသည်။ တစ်နေ့ ၊ ၁င် စိမ့်မြေရှိ ဂျန်နီ၏အသိုက်ဟောင်း နှင့် မဝေးလှသောနေရာ၌ ငန်းကြီး ;သ ဗုံးနေသည်ကို ကျွန်တော်တို့ မြင်တွေ့ ခဲ့ရလေ၏။ သူ့ကိုယ်ပေါ်တွင် ဒဏ်ရာ ဒဏ်ချက် လုံးဝမရှိပေ။

ငန်းကြီးသေဆုံးရခြင်းအကြောင်းရင်းကို ရှင်းလင်းပြဖို့ မလွယ်ကူပါ။ သူ့ ဇနီး ဂျန်နီကို တမ်းတပူဆွေးကာ လွမ်းနာကျသေဆုံးသည်ဟုသာ ဆိုရပါတော့ မည်။ သို့သော် ဂျန်နီ၏ သေဆုံးပုံကိုတော့ ကျွန်တော်တို့ အသေအချာပြော နိုင်ပါသည်။ ဂျန်နီသည် သံယောဇဉ်တွယ်ငင်မှားခဲ့သည်ဟု ဆိုရပါလိမ့်မည်။ သူသည် သူ့အမျိုးအနွယ် သွေးတူသားတူ ငန်းတွေထက် လူသားတွေကို ပိုမိုခင်မင် တွယ်တာကာ သူ့မိတ်ဆွေတွေဟု သူမှတ်ယူခဲ့သည်။ သူတို အကာ အကွယ်ပေးသူများဟု သူ အထင်ရောက်ခဲ့သည်။ ထိုသံယောဇဉ် တွယ်ငင်မှု ဖြင့် ဂျန်နီသည် ငှက်ခတ်သမားမုဆိုးများ၏ သေနတ်တစ်ကမ်းအကွာအလှမ်း သို့ ပျံသန်းခဲ့ပုံရပါသည်။

ဂျန်နီသေဆုံးပြီးသည့်နောက် ကျွန်တော်သည် ကနေဒါ ငန်းမတစ်ကောင် ကို ဘယ်တော့မှ မပစ်ခတ်တော့ပြီ. . . ။

**Reader's Digest** စာစောင်မှ ပြန်ဆိုပါသည်။

မောင်စောထွန်း (ကျောင်းကုန်း)




# ဆူးမဲ့ပိတောက်

**ချစ်မင်းသူ**

"အဖေကြီး. . . အဖေကြီး"

သားငယ်၏ လှုပ်နှိုးမှုကြောင့် ကိုဆွေမြင့် လန့်နိုးလာသည်။ ဝေဝါးနေဆဲရှိသည့် မျက်လုံးအစုံကို ပွတ်သပ်ကာ သားငယ်ကို စေ့စေ့ကြည့်လိုက်သည်။ သားငယ်၏ မျက်ဝန်းထဲ၌ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်ကို သတိထားမိလိုက်သည်။

"သားငယ် ဘာဖြစ်လို့လဲဟင်၊ အဖေကြီးကိုပြောစမ်း"

"အမေကြီး အိမ်မှာ မရှိတော့ဘူး အဖေကြီး"

"ဟေ. . . အိမ်ထဲမှာ မင်းအမေ ရှိတော့ဘူး ဟုတ်လား"

သားငယ်စကားကြောင့် ကိုဆွေမြင့် အံ့ဩထိတ်လန့်သွားရသည်။ ချက်ချင်း ခေါင်းနပမ်းကြီးသွားသည်။ ရင်ထဲ၌သောက မုန်တိုင်း ဝင်စပြုလာသဖြင့် နှလုံးခုန်နှုန်းမှာ ပို၍မြန်လာသည်။

"ငါ. . . သတိထားနေလျက်နဲ့ ဘယ်လိုဖြစ်လို့ အိပ်ပျော်သွားရတာပါလိမ့်၊ မဖြစ်ဘူး၊ မဖြစ်ဘူး ရွှေရည်ကို အမြန်လိုက်ရှာမှဖြစ်မယ်"

အတွေးဆုံးသည်နှင့် ထိုင်ရာမှထကာ သားငယ်ကို ဆွဲ၍ အိမ်ထဲမှ ထွက်လာခဲ့သည်။

"ရွှေရည်ဘာမှ မဖြစ်ပါစေနဲ့၊ ကယ်တော်မူပါဘုရား"

စိတ်ထဲမှ တိုးညင်းစွာ ဆုတောင်းလိုက်မိသည်။ အိမ်ရှေ့ခြံဝအရောက်

ကိုဆွေမြင့် နှခေါင်းဝသို့ ပိတောက်ရနံ့က တိုးထိလာသည်။ ထို့ကြောင့် ခြံဝရှိ ပိတောက်ပင်ကို တစ်ချက်ငဲ့ကြည့်လိုက်မိသည်။

ပိတောက်ရနံ့ လှိုင်ကြွယ်လောက်အောင် ပိတောက်ပွင့်တို့က ဝေဝေဆာဆာ ပွင့်နေကြလေပြီ။ မြင်ရခဲသော ပိတောက်ပွင့်တို့က သူ့အား နှုတ်ဆက်နေပေမဲ့ ကိုဆွေမြင့် မိတ်ဆက်ခွင့်မပြုအား။

"တောက်"

ပွင့်ဝါဝါ ပိတောက်ပန်းတို့ကို အကြည့်စိမ်းစိမ်းဖြင့် ကြည့်ရင်း နာကျည်းစွာ တောက်တစ်ချက်ခေါက်ကာ ပိတောက်ပင်အောက်မှ အမြန်ထွက်လာလိုက်သည်။ ရပ်ကွက်ထဲသို့ တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် လိုက်ရှာသည်။ ရှေ့ရည်၏ အရိပ်အယောင် အစအနပင် မတွေ့ရ။ ငါးနှစ်သာသာမျှ ရှိသေးသော သားငယ်မှာလမ်းလျှောက်ရလွန်းသဖြင့် ခြေလှမ်းများတုံ့နှေးလာသည်။

ကိုဆွေမြင့် သားငယ်ကို ကရုဏာသက်စွာကြည့်ရင်း ကျောပိုး၍လမ်းဆက်လျှောက်သည်။ လမ်းတစ်တွေ့အရောက် ရှေ့နား၌ လူများရုတ်ရုတ်သဲသဲဖြစ်နေ၍အပြေးသွားကာ လူအုပ်ကြားထဲ တိုးဝှေ့ကြည့်လိုက်မိသည်။ ကိုဆွေမြင့် အထင်နှင့်အမြင်လွဲသွား၍ သက်ပြင်းရှည်ချကာ ထိုနေရာမှပြန်လှည့်ခဲ့ရသည်။

"ပိတောက်ပန်းတွေ၊ အလကား ပေးနေပြီနော်၊ ဦးသူရမယ်၊ အမြန်လာယူကြ"

ပိတောက်ပန်းလုသူတို့၏ ဆူဆူညံညံ အသံများက ကိုဆွေမြင့်တို့ သားအဖနောက်ဆီ၌ ကျန်ရစ်ခဲ့သည်။ ကိုဆွေမြင့်တို့ သားအဖ လျှောက်လာကြသည်မှာ အတော်ကြာပြီ၊ နောက်ထပ် တစ်ရပ်ကွက်ထဲသို့ ဝင်စပြုလာသည်။

"အဖေကြီး. . . သား ရေဆာတယ်၊ ရေသောက်ချင်တယ်"

သားငယ်၏အသံကြောင့် ကိုဆွေမြင့် လမ်းလျှောက်ရင်း အဝေးအနီးသို့ မျက်လုံးဝေ့ကစားကြည့်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင် ရှားရှားပါးပါး တွေ့ရခဲသော ရေအိုးစင်တစ်ခု သစ်ပင်ကြီးတစ်ပင်အောက်မှာရှိနေသည်။ ကိုဆွေမြင့် ရေအိုးစင်အနီး အမြန်သွားလိုက်သည်။ ကျောပိုးချီထားသော သားငယ်ကို အောက်သို့ချကာ ရေအိုးစင်မှ ရေတစ်ခွက်ခပ်၍ သားငယ်ကိုပေးလိုက်သည်။

သားငယ်မှာ ရေခွက်ကိုလှမ်းယူကာ အငမ်းမရ သောက်နေသည်။ သားငယ်ကိုကြည့်ကာ ဝမ်းနည်းသွားမိသည်။ ထိုခဏ ပိတောက်ရနံ့ကို စူးစိုက်မိလိုက်ပြန်သည်။ ကိုဆွေမြင့် ဘေးပတ်လည်သို့ ဝေ့ဝိုက်ကြည့်လိုက်သည်။



ပင်ခြေအောက် မြေပြင်၌ ပိတောက်ပွင့်ကြွေစများက ဟိုနေရာ သည်နေရာ ကျဲပြန့်နေသည်။ ပိတောက်ပွင့်တို့၏ ဒဏ်ရာကို မျှဝေခံစားလိုက်ရသည့် ပိတောက်သစ်ခက်၊ သစ်ရွက်စိမ်းတို့မှာလည်း ဟိုနေရာ၊ သည်နေရာများ၌ ကျိုးပဲ့ကြွေမွကာ ကျဲပြန့်နေပြန်သည်။

သစ်ပင်ပေါ်သို့ ကိုဆွေမြင့် မော့ကြည့်လိုက်သည်။ အမြင့်ဆုံး ပင်ယံထိပ်ဆီ၌သာ ပိတောက်ပွင့်ဝေနေသော ပိတောက်ကိုင်းတစ်ကိုင်း နှစ်ကိုင်း ရှိတော့သည်။ ပိတောက်ကိုင်းများကို ခူးချွေချိုးဖဲ့သွားသည့် လက်စ လက်နများက ပိတောက်ပင်၌ ခြေရာမပျက် ရှိနေဆဲ။

"ဩော် စောစောကတော့ ဒီပိတောက်ပင်ကြီးမှာ ပန်းတောက်ပန်းတွေ လှိုင်ဝေနေမှာပါပဲ၊ ခုတော့လည်း ကြည့်စမ်းပါဦး၊ အချစ် ကြမ်းသမားတွေရဲ့ လက်ချက်ကြောင့် ဒီပိတောက်ပင်အိုဟာ သူ့ရင်က ပွင့်တဲ့ ရင်နှစ်ပန်းကိုတောင် သူ့ခေါင်းမှာ ကြာကြာမပန်လိုက်ရပါလားနော်။ ဩော်. . . ပိတောက်ရယ်၊ အသင်ဟာ ဆူးမဲ့ပိတောက် ဖြစ်နေတာကိုး သင့်ကို ကျွန်ုပ် အပြစ်မတင်ရက်တော့ပါဘူး"

ပိတောက်အပေါ် ရှိရင်းစွဲသံယောဇဉ်က ကိုဆွေမြင့်နှလုံးသား၌ ရစ်သိုင်းလာသည့် ခံစားမှုလျှပ်စီးကြောင့် မျက်ဝန်း၌ မျက်ရည်ဥတို့ ဝေ့ဝဲလာ၍ လက်ဖြင့် ပွတ်သုတ်လိုက်ရသည်။

"အဖေကြီး၊ ငိုနေတာလားဟင်"

"မဟုတ်ပါဘူး သားရယ်၊ မျက်လုံးထဲ အမှိုက်ဝင်သွားလို့ပါ"

သားငယ်ကို ကွယ်ဝှက်ဖြေရင်း ပိတောက်ပင်ခြေအောက်မှ ထွက်လာလိုက်သည်။ ရပ်ကွက်တစ်ခုပြီးတစ်ခု ခရီးဆက်လာသည်မှာ ရပ်ကွက်လေးငါးကွက် ရှိလာသည်။ သားငယ်ပင်မက သူ၏ ခြေလှမ်းများပင် လေးလံလာသည်မို့ အနီးရှိ အရိပ်ကောင်းသည့် သစ်ပင်တစ်ပင်ရိပ်၌ ဝင်ခိုနားလိုက်သည်။

သားငယ်ကို ရင်ခွင်တွင်း၌ ချီပွေ့ထားရင်း မျက်စိစုံမှိတ်ကာ တင်းထားသော စိတ်တို့ကို ပြေလျော့ချလိုက်သည်။ ထိုခဏ၌ အတွေးအာရုံ၌ ကျန်ရစ်ခဲ့ပြီးသော ပုံရိပ်များက အစားထိုး ဝင်ရောက်လာလေသည်။

ကိုဆွေမြင့်နှင့် ရွှေရည်ဝင်းတို့ လက်ထပ်ခဲ့ကြသည်မှာ နှစ်နှစ်နီးပါး ရှိခဲ့၏၊ ယခုမှ သားဦးလေး မွေးကာစရှိ၏။ သားဦး မွေးရသည်ဆိုသော်လည်း ရွှေရည်ဝင်းမှာ အခက်အခဲ မရှိလှ။ အိမ်မှာပင် အရပ်လက်သည်နှင့် အလွယ်တကူ မွေးနိုင်ခဲ့သည်။

ယနေ့ သားဦးလေးမွေးပြီး (၅)ရက်ရသည့်နေ့. . .

"မောင်ရေ. . . မောင်"

မီးနေခန်းတွင်းမှ ရွှေရည်ဝင်းက မတိုးမကျယ် ခေါ်လိုက်၏။ ကိုဆွေမြင့် အိပ်ရာသိမ်းနေရာမှ ဇနီးသည်ထံ အပြေးသွားလိုက်သည်။

"ဘာလိုချင်လို့လဲ ရွှေရည်၊မောင်ရွှေရည်အတွက် ဘာလုပ်ပေးရမလဲဟင်"

"မောင်ကလဲလေ ရွှေရည်ဘာကိုနှစ်သက် မြတ်နိုးသလဲဆိုတာ မောင် သိသားနဲ့"

အနားတွင် လာထိုင်သော ကိုဆွေမြင့် လက်ကလေးကို ဆွဲမကိုင်တွယ်ရင်း ရွှေရည်ဝင်းက ခပ်နွဲ့နွဲ့ဆိုလိုက်သည်။

"ဩော်. . . ရွှေရည်ရယ်၊ ရွှေရည်ကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲဆိုတာ ခုလိုမီးနေထဲမှာနေတုန်း စားလို့မရဘူးလေ။ သားသား လသားကျော်မှ စားလို့ ရမှာပေါ့"

"အဲဒီအစားအသောက်ကို ပြောတာမဟုတ်ဘူးမောင်ရဲ့"

ရွှေရည်ဝင်းစကားကြောင့် ကိုဆွေမြင့် နားမလည်ဟန် ဇနီးသည်ကို စေ့စေ့ကြည့်နေလိုက်သည်။

"မောင်ကလဲလေ၊ မိန်းကလေးတိုင်း ပန်းကြိုက်တတ်တာ မေ့နေပြီလား၊

ရွှေရည်က ဘာပန်းကို ပိုပြီးနှစ်သက်မြတ်နိုးတယ်ဆိုတာ မောင်သိပါတယ်၊ ကဲ. . . ပြောရွှေရည်ဘာပန်းကို အကြိုက်ဆုံးလဲ"

"ပိတောက်"

ကိုဆွေမြင့်နှုတ်မှ အလိုအလျောက် ထွက်သွားမိသည်။ ထိုအခါက ကိုဆွေမြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ။

"ဟာ. . . သိပြီ၊ သိပြီ။ ညက မိုးတစ်ပြိုက် နှစ်ပြိုက် ရွာထားတယ် ဟုတ်ပြီ။ ဒီမနက် အိမ်ရှေ့က ပိတောက်ပင်မှာ ပိတောက်တွေ ပွင့်နေမှာ ကျိန်းသေတယ်။ ကဲ. . . ရွှေရည်အတွက် နှစ်စဉ်ပေးနေကျ ပိတောက်ပန်း လက်ဆောင် မောင်သွားပြီး ခူးလာပေးမယ်နော်"



"ဒါမှ ရွှေရည်မောင် ရွှေရည်ရဲ့ အချစ်ဆုံး"

ရွှေရည်၏ ရေရွတ်သံကိုပင် ကိုဆွေမြင့် ကြားရဟန်မတူတော့။ အိမ်ရှေ့ အပြေးထွက်ကာ ခြံဝရှိ ပိတောက်ပင်ပေါ်သို့ တက်လိုက်သည်။

ပိတောက်ပင်ပေါ်၌ ပွင့်ကာစ ပိတောက်ဝါဝါတို့က အဖွေးသား ပွင့်လျက် ဆွေမြင့် ပိတောက်ပွင့်ကိုင်းတစ်ကိုင်း ချိုးကာ လက်တစ်ဘက်ဖြင့်ရင်မှာ ပိုက်ထား၏။ သူချစ်သော ဇနီးသည် ရွှေရည်အတွက် ပိတောက်ပန်း လှိုင် င်ပေးရန် စိတ်ကသာ ကိုဆွေမြင့်ရင်ထဲ၌ ကြီးစိုးနေသည်။ ထို့ကြောင့် တောက်ပန်း တစ်ပွေ့တပိုက်ကြီး ရရန် ပိတောက်ကိုင်းတစ်ကိုင်း တစ်ဆင့်ပြီး စ်ဆင့်တက်ကာ လှမ်းချိုးလိုက်သည်။ ထိုအခိုက် အတန့်လေးအတွင်း မမျှော် င့်သော အဖြစ်အပျက်လေးတစ်ခု. . . .

"အား. . . အောင်မယ်လေးဗျ". . . 'ဘုတ်'

ဘုတ်ခနဲ အသံနှင့်အတူ ပိတောက်ပင်ပေါ်မှ လိမ့်ကျသည် ကိုဆွေမြင့် စ်ယောက် မလှုပ်မယှက်ငြိမ်သက်သွားတော့သည်။ အနီးဝန်းကျင်မှ လူတချို့ ကိုဆွေမြင့်ကို ဆေးရုံပို့လိုက်ကြသည်။ ကိုဆွေမြင့်ကား လှုပ်နိုး၍မရတော့ ားလုံးက ကိုဆွေမြင့်သေပြီဟု ယူဆကြသည်။

မပြောမပြီး မတိုးမမည်မို့ မီးနေခန်းထဲရှိ ရွှေရည်ထံ ကိုဆွေမြင့်၏ အဖြစ် က် အကြောင်းစုံကို ပြောပြရသည်၊ သူမထံသို့ ပိတောက်တွေသာလှိုင်လှိုင် ရောက်လာခဲ့သော်လည်း လူမရောက်လာသည့် ကိုဆွေမြင့်အတွက် ရွှေရည် ဒေဝသောကမီး တောက်လောင်ရတော့သည်။

မီးနေရက်နုနယ်သေးသောကြောင့် ရွှေရည်မှာ ကိုဆွေမြင့် သေဆုံး ကြောင်း သတင်းကြားကြားခြင်း သွေးတက်ကာ မေ့မျောသွားသည်။ သတိရ သည့်အချိန်တွင်ကား ရွှေရည်၏ အတွေးအရူဏ်တို့မှာ မှုမမှန်တော့၊ ကပြန်သွားလေသည်။ သူ၏သားငယ်ကိုပင် သူ့ရင်သွေးမှန်းမမှတ်မိတော့။

မောင်ရေ မိတောက်ပွင့်တွေပိုက်ပြီး မောင်ရှိမဲ့နေရာကို အခုလိုက်ခဲ့မယ်နော်။

ပိတောက်ပန်းတို့ကို ရင်၌ပွေ့ဖက်ထားလျက် တစ်ကြော်ကြော်အော်ရင်း ရိုးလမ်းမတစ်လျှောက် လျှောက်သွားနေသော ရွှေရည်အဖြစ်ကို မြင်ရ တို့က ကရုဏာဖြစ်မိကြ၏။ ရွှေရည်၏ အဖြစ်အပျက်ကို မသိမမြင်ရသူ စ်ယောက်ကကား ကိုဆွေမြင့်သာ ဖြစ်၏။

ကိုဆွေမြင့်မှာ ကံကောင်းသည်ဟုပင် ပြောရမည်။ သစ်ပင်ပေါ်မှ

ကျသည့်ဒဏ်ကြောင့် (၂)ရက်မေ့မျောသွားသော်လည်း ကိုဆွေမြင့် အသက် မသေခဲ့။ လက်တစ်ဘက်နှင့် ခြေထောက်တစ်ဖက် ကျိုးပဲ့သွားသည်မှလွဲ၍ အသက်ရှင်သန်ခွင့်ရခဲ့သည်။ သို့သော် ဆေးကုသမှုခံယူနေရသည်ဖြစ်ရာ ဆေးရုံ၌ တစ်လကျော် နေထိုင်ခဲ့ရသည်။

ဆေးရုံမှဆင်းသည့်အခါ၌ သူချစ်သောဇနီးသည် ရွှေရည်၏အဖြစ်အပျက် ကို စိတ်မကောင်းစွာ မြင်တွေ့ရသည်။ သို့သော် ကိုဆွေမြင့် ဘာမျှ မတတ်နိုင် တော့ချေ။ ကိုဆွေမြင့်ရှေ့၌ရပ်လျက် သူ၏အချစ်ဆုံးခင်ပွန်းသည်အဖြစ် မမှတ် မိနိုင်သည့် ရွှေရည်၏ အဖြစ်များက ဝဋ်ကြွေးဟု ပြောရမည်လား မသိ။

ထိုအချိန်မှစ၍ ပိတောက်ပွင့်မြင်တိုင်း စိတ်ရိုင်းဖောက်ကာ ဦးနှောက် ပျက်သွားသည့် ရွှေရည်ကို ကရုဏာသက်စွာ ကိုဆွေမြင့် ချစ်အားပိုခဲ့ရသည်။ သားငယ်ကိုတစ်ဖက်၊ စိတ်ဖောက်ပြန်သွားသူ ဇနီးသည်ကိုတစ်ဖက် ငဲ့ကွက် ရင်း ဘဝလမ်းကို လျှောက်လှမ်းခဲ့ရသည့် ကိုဆွေမြင့်မှာ ပင်ပန်းသော်လည်း မညည်းညူခဲ့။

ရွှေရည်ကို အရိပ်တကြည့်ကြည့်သာ နေခဲ့သည်။ ပိတောက်ရနံ့၊ ပိတောက်ပွင့်မြင်ပါက ပို၍ဖောက်ပြန်တတ်သော ရွှေရည်အကြောင်းကို ကိုဆွေမြင့် ကြိုတင်သိထားပြီးသားဖြစ်၏။ အခြားရာသီအချိန်များတွင် ရွှေရည် ၏ ရောဂါမှာ အနည်းငယ် သက်သာသယောင် ရှိ၏။

ထို့ကြောင့် ပိတောက်ပွင့်ရာသီရောက်သည်နှင့် ကိုဆွေမြင့် ရွှေရည်ကိုပို၍ သတိထားကြည့်ရသည်။ ယခုလ ဧပြီလ ပိတောက်ပွင့်ရာသီ၊ မိုးက တစ်ပြိုက် နှစ်ပြိုက်ရွာထား၍ နံနက်မိုးလင်းသည်နှင့် အိမ်ရှေ့ခြံဝရှိ ပိတောက်ပင်မှ ပိတောက်ပန်းများ ပွင့်တော့မည်ကို ကြိုသိထားပြီးဖြစ်သည်။

သို့သော် ညက ရွှေရည်တော်တော်နှင့် မအိပ်နိုင်၊ မိုးလင်းပိုင်းမှ အိပ်သွား သောကြောင့် ကိုဆွေမြင့်လည်း ထိုအချိန်မှ အိပ်ရာထဲ ဝင်ခဲ့ရသည်။ ပင်ပန်း နွမ်းနယ်မှုကြောင့် ကိုဆွေမြင့် သတိလက်လွတ် အိပ်ပျော်သွားမိသည်။ သားငယ် လာ၍ လှုပ်နှိုးမှ ကိုဆွေမြင့် လန့်နိုး ခဲ့ရသည်။ ကိုဆွေမြင့် အိပ်ရာမှနိုးတော့ ရွှေရည် မရှိတော့။

အိမ်ရှေ့ပိတောက်ပင်၌ ပိတောက်ပန်းတို့ လှိုင်လှိုင်ပွင့်နေကြလေပြီ၊ ပိတောက်ရနံ့များလည်း လေ၌ ကြိုင်ကြိုင်မွှေးပျံ့နေသည်။ သည်ရနံ့သည် ပိတောက်ပန်းမြင်၍ ချစ်ဇနီးသည်ရွှေရည်တစ်ယောက် ရူးသွပ်စွာ ပြေးထွက်



သွားပြန်ပါပြီကော။ ကိုဆွေမြင့် သက်ပြင်းချရင်း အတွေးကို အဆုံးသတ် လိုက်သည်။

ကိုဆွေမြင့် အတွေးဆုံးလျှင် ဆုံးချင်း၊ သူ့ရှေ့ဆီမှ အသံတစ်သံက ရုတ်ချည်း ပေါ်လာသည်။

"ဟော့. . . ဒီပိတောက်ပင်အောက်မှာ ဘာလာပြီး ထိုင်နေရတာလဲ၊ မင်း တို့ကို ဒီပိတောက်ပင်အောက်မှာထိုင်ဖို့ ဘယ်သူက အမိန့်ပေးလို့လဲ ငါ့အမိန့်ကို နာခံစမ်း၊ ဟောဒီပိတောက်ပင်မှန်သမျှ ငါတစ်ယောက်တည်း ပိုင်ဆိုင်တာ မင်းတို့အခု ငါ့ရှေ့က ဟောဒီ ပိတောက်ပင်အောက်က ထွက်သွားကြစမ်း"

ကိုဆွေမြင့်တို့ သားအဖ သူတို့ရှေ့ဆီက အသံရှင်ကို အံ့သြစွာ ကြည့် လိုက်သည်။ သူတို့သားအဖ လိုက်ရှာနေသော ချစ်ဇနီးသည် စိတ်ဝေဒနာရှင် ရွှေရည်ဖြစ်နေသည်။ ပိတောက်ပန်းပွင့်တို့ကို ခေါင်းမှာ အဖွေးသား ပန်ထား သည့်အပြင် ရင်ခွင်၌လည်း ပိတောက်ပန်းများ တစ်ပွေ့တစ်ပိုက် ပိုက်ထား လျက်ရှိ၏။

"ဟော့. . ငါသခင်မ အမိန့်ပေးနေတာ မကြားဘူးလား၊ ဟောဒီ ငါပိုင် ဆိုင်တဲ့ ပိတောက်ပင်အောက်က အသင်တို့နှစ်ယောက် ခုချက်ချင်း ထွက် သွားစမ်း. . . သွား"

"မေမေ. . . အမေကြီး"

သားငယ်က မိခင်ကို ကရုဏာသက်စွာ ခေါ်လိုက်၏။

"ဘာ မေမေလဲ. . . ဩော်. . . သိပြီ၊ သိပြီ၊ မင်းက ငါ့သားလေးကိုး မှတ်တယ်၊ မင်းက မေမေ့ရဲ့သား၊ ဟင်း. . . ဟိုလူကြီးက ဘယ်ကလဲ၊ သူ့ကို ကြည့်ရတာ ယုတ်မာမဲ့ပုံပဲ၊ မင်း. . . သူနဲ့ မပေါင်းနဲ့နော် ဒီလူကြီးက အိပ်ပြီးကြောက်စရာကောင်းတာ၊ မင်း ကြပ်ကြပ်သတိထား ကြားလား၊ အဲ. . . ငါသခင်မ ရှေ့ဆက်ခရီးထွက်မယ်. . တာ့တာ"

ပြောပြောဆိုဆိုဖြင့် ကိုဆွေမြင့်တို့ သားအဖအနီးမှ ခုန်ပေါက်ပြေး ထွက်သွားသည့် ရွှေရည်၏ ကျောပြင်ကို ငေးကြည့်ကျန်ခဲ့ကြသည့် ကိုဆွေမြင့် တို့ သားအဖ မျက်ဝန်းအိမ်၌ကား မျက်ရည်ဥတို့ တွဲလဲခို၍ နေလေသည်။

ဆူးမဲ့ပိတောက်ပင်အိုကား ထိုအဖြစ်များကို မသိဟန်ပြုလျက်။

ချစ်မင်းသူ




# လမ်းပေါ်က ဘဝအငြိမ့်များ

**ညီမေတ္တာ**

လူတို့သည် “ဘဝ”ဟူသော ဝေါဟာရကို ကိုယ့်ရှုထောင့်မှ ကိုယ်ကြည့်ပြီး မိမိတွေ့မြင်ရသည့်အတိုင်း ဘဝ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုကြသည်။ ဘဝအစနှင့် ဘဝ အဆုံးကို ကာလအတိုင်းအတာနှင့် သတ်မှတ်ကြသည် ရှိသလို ဘဝအစ ကိုလည်း အမျိုးမျိုး တင်စားပြောဆိုကြလေသည်။

လူအချို့က စတင်မွေးဖွားလာခြင်းကို ဘဝအစဟု ဆိုကြသည်။ အချို့က မူ သမီးရည်းစားနှစ်ယောက် လက်ထပ်လိုက်ကြပြီး အိမ်ထောင်သည်အဖြစ် ရောက်သွားသည်ကို ဘဝစပြီဟု သတ်မှတ်ကြသည်။ အနောက်တိုင်းသားများ ၏ အယူအဆကို နှစ်သက်လက်ခံသူများကျတော့ အသက်လေးဆယ်မှာ ဘဝ စသည်ဟု ဆိုကြပြန်သည်။

မည်သူက မည်သို့ဆိုစေကာမူ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီး ယားက သူ့အမြင်နှင့်သူ ခံစားဖွဲ့ဆိုခဲ့သော ကဗျာတစ်ပုဒ်၏ ခေါင်းစဉ်ဖြစ်သည့်

“ကမ္ဘာလောကကြီးတစ်ခုလုံးသည် ဇာတ်စင်တစ်ခုဖြစ်သည်”

ဟူသော အမြင်သည် ကျွန်တော်၏ အတွေးအမြင်နှင့် တူညီသည်ဟု ဆိုချင်ပါသည်။ ဤသို့ဆိုချင်ရခြင်းအတွက် အကြောင်းအကျိုး ဖော်ပြချက်ကို သက်သေသက္ကာယအဖြစ် တင်ပြလိုပါသည်။

"မနုဿတ္တကာဝေါ ဒုလ္လဘော"ဟူသော ဒေသနာတော်အရ ရခဲလှ လူ့ဘဝကို ရလာကြသည့်လူတိုင်းသည် အတိတ်က မိမိပြုခဲ့သော ကုသို အကုသိုလ် ကံအလျောက် ယခု ပစ္စုပ္ပန်တွင် ကောင်းသော လောကဓံ ဆိုးသောလောကဓံ နှစ်ခုအနက် တစ်ခုခုကို မလွဲမသွေ တွေ့ကြုံကြရပါသ

ဘဝခရီးလမ်းဟူသည် ညီညာဖြောင့်တန်း တစ်သမတ်တည်းသော မဟုတ်လေရာ ဘဝခရီး စတင်ရာဖြစ်သော အမိဝမ်းမှ ကျွတ်ကာစ မွေး လာသည်မှ ဘဝခရီးအဆုံးဖြစ်သော ကွယ်လွန်အနိစ္စရောက်သည်အချိန် မိမိဖြတ်သန်းလာရာ ဘဝခရီးတစ်လျှောက် အမျိုးမျိုး အဖုံဖုံသော အ အပျက်များနှင့် တွေ့ကြုံကြရပါသည်။ ဤသို့တွေ့ကြုံရာတွင် အကော လောကဓံနှင့် ကြုံသည့်အခိုက် ပျော်လိုက်၊ ရွှင်လိုက်၊ ရယ်မောလိုက်၊ မော် ကြွား ပိုက်၊ မာန်ဝင့်လိုက်နှင့် ဖြစ်ကြသလို အဆိုးလောကဓံနှင့် တွေ့သည့်အ လွမ်းလိုက် ဆွေးလိုက် တမ်းတလိုက်၊ ငိုလိုက်ကြွေးလိုက် ဝမ်းနည်းလိုက် ဖြ ဖြန်ပါသည်။

ဤသို့ ပျော်လိုက်ရွှင်လိုက်၊ ငိုလိုက်ရယ်လိုက် စသည့် ခံစားမှုအဖုံဖုံ ရသည့်အခါ ကိုယ်တွေ့ခံစားရသူအနေနှင့် ကိုယ့်အာရုံနှင့်ကိုယ်ဖြစ်၍ မိမိ ကို မိမိ မဆန်းစစ်မိသော်လည်း ဘေးလူတစ်ယောက်အနေနှင့်ကြည့် ပြဇာတ်၊ ရုပ်ရှင်၊ ဇာတ်သဘင်များတွင် သဏ္ဌာန်လုပ် သရုပ်ဆောင်နေကြသ ဇာတ်ရုပ်များနှင့် အလားတူပါသည်။

ထို့ကြောင့် လောကဇာတ်ခုံ ဘဝဘုံဝယ် ကံဇာတ်ဆရာ၏ ဇာတ်ည အတိုင်း ကပြကြရသော ဘဝဇာတ်လမ်း အခန်းများစွာအနက်မှ ပွဲကြ ပရိသတ်တစ်ယောက်အဖြစ် ကျွန်တော် တွေ့ကြုံကြည့်မြင်ခဲ့ရသောသူ အ ၏ တစ်ဦးနှင့်တစ်ဦး မတူခြားနား ကွဲပြားသော ဘဝဇာတ်လမ်းတိုလေး ကို စီစဉ်တင်ဆက်လိုက်ပါ၏။



ဇာတ်လမ်းအမှတ်(၁)

မွန်းလွဲပြီး ညနေ ၃ နာရီထိုးရှိပြီ။ တော်သလင်းနေသည် အပူရှိန်အား ကောင်းနေဆဲဖြစ်သည်။ တော်သလင်းလသည် မိုးတွင်းကာလ လေးလတွင် ါဝင်သည် ဖြစ်သော်လည်း တော်သလင်းလနှင့် ပတ်သက်၍ ဆိုရိုးနှစ်ခုရှိ သည်။ "တော်သလင်းမိုး ကန်သင်းကျိုး၊ တော်သလင်းနေ ပုဇွန်သေ"တဲ့။ ဤ ဆိုရိုး နှစ်ခုအနက် နောက်ဆိုရိုးကြောင့် ပုဇွန်သေ မသေတော့မသိ။ တော်သလင်း နေ၏ အပူရှိန်ကြောင့် မြစ်ပြင်ကို ဖြတ်သန်းတိုးဝှေ့လာသော လေသည်ပင် လောင်နေသည်။

လေးနာရီထိုးလျှင် မော်ကျွန်းဘက်သို့ထွက်ခွာမည့် ဧရာဝတီအမည်ရှိ စ်ထပ်သင်္ဘောကြီးသည် ခရီးသည်များကို တက်ချင်သမျှ တက်ကြစမ်းဆို သည့် သဘောဖြင့် ဘောတံတားတည့်တည့်တွင် တည်ငြိမ်အေးဆေးစွာ ရင်ဖွင့် ထားသည့်နှယ်။

သင်္ဘောဆီသို့သွားရာ ဘောတံတားပေါ်တွင် ခရီးသည်များ၊ ကုန်ထမ်း အလုပ်သမားများနှင့် ပြည့်နေပြီး ကြီးမားလှသော လူအုပ်ကြီးသည် တရွေ့ရွေ့ ဖြင့် သင်္ဘောပေါ် တက်နေကြသည်။ များလှစွာသော လူတွေအတွင်းမှ သုံးနှစ် အရွယ် သမီးလေးကို ပွေ့ချီထားသော လူရွယ်တစ်ဦးသည် သင်္ဘောပေါ် တက်မည်ပြုစဉ် ဘောတံတားအလယ်ရှိ လူအုပ်အတွင်းမှ အမျိုးသမီး တစ်ယောက်၏ အသံထွက်ပေါ်လာသည်။

"ဒီမယ် ကိုငွေထွန်း. . . ရှင့်ဘာသာရှင် ရှာပြန်ချင်ပြန်၊ သွားချင်ရာသွား ကျွန်မသမီးလေးကို ထားခဲ့ပါ"

ထပ်မံ ထွက်ပေါ်လာသောအသံတွင် ငိုသံတစ်ဝက် ရောစွက်ပါရှိနေ သည်။ သင်္ဘောအနီးရှိလူများသည် မည်သူ့ကို ပြောသည်မသိ ဖြစ်နေ၍ သူ့ ကိုယ်ကြည့်၊ ကိုယ့်သူကြည့် ဖြစ်သွားသည်။ နောက်တော့မှ ကလေးချီထားသူ ကို မေးငေါ့ပြီး လက်ညှိုးထိုးပြလိုက်ရာ မိန်းကလေးက ဟုတ်မှန်ကြောင်း ခေါင်း ညိတ်ပြသည်။ ထိုအခါ အနီးရှိ လူတစ်ယောက်က-

"ဟေ့လူ. . . ဟိုမှာ ခင်ဗျားကို လှမ်းပြောနေတယ်၊ ကလေးကို ထားခဲ့ ပါတဲ့၊"

ကလေးချီထားသူသည် နောက်ကိုငဲ့စောင်းကြည့်လိုက်သည်။ ပြီးတော့ ပြန်ပြောသည်။

"ဟာ. . . ဒီမိန်းမ လိုက်လာပြီ၊ မထားခဲ့ပါဘူး၊ ကျုပ်သမီးနဲ့ ကျုပ် မခွဲနိုင်ဘူး"

သူ့မိန်းမဖြစ်သူသည် သူနှင့် အတန်ငယ် ဝေးနေသေးသဖြင့် သူ ဘာပြော လိုက်သည်ကို နားမလည် ဖြစ်နေသည်။ ယောကျ်ားဖြစ်သူ၏ စကားကိုကြား လိုက်ရသူ ကြားလူတစ်ဦးက မနေနိုင်သည့်အတွက်-

"ကလေးကို မထားခဲ့နိုင်ဘူးတဲ့၊ သူ့သမီးကို သူ မခွဲနိုင်ဘူးတဲ့"

ဟု ဘာသာပြန်ပေးလိုက်သည်။ ထိုအခါ ကလေးအမေက ပြောပြန်သည် မှာ-

"အောင်မာ၊ သူနဲ့နေလို့ ကလေးက ထမင်းတောင် ဝအောင်စားရမှာ မဟုတ်ဘူး။ အချိန်ပြည့်သောက်ပြီး မူးနေတဲ့ကောင်ကများ"

မိန်းမဖြစ်သူ၏ စကားကို ကွဲကွဲပြားပြား မသိလိုက်သည့် ကလေးချီထား သူက-

"အဲဒီမိန်းမ ဘာတွေပြောနေတာလဲဗျ"

လူရွှယ်ကိုကြည့်ပြီး အနီးရှိလူများ ပြုံးစိစိ ဖြစ်သွားကြသည်။ ရာသီဥတု အပူဒဏ်နှင့် ယမကာ၏ အပူဒဏ်ကြောင့် သူ့မျက်နှာသည် အဆီပြန် အရက်ဖော ဖောနေသည့်ပုံ ပေါက်နေသည်။ သူက ထပ်မေးလိုက်ပြန်သည်။

"ဟိုမိန်းမ ဘာတွေပြောနေတာလဲဟင်"

"ခင်ဗျားနဲ့နေလို့ ကလေးက ထမင်းဝမှာ မဟုတ်ဘူးတဲ့"

"ဘာ. . . ကောင်မကများ၊ နင်နဲ့နေလို့ကတော့ ငါ့သမီး ဖာဖြစ်သွား မှာ"

လူရွှယ်၏စကားကြောင့် အမျိုးသမီးကို လူအများက ကြည့်လိုက်ကြ သည်။ လူချင်းဝေးနေသေးသည်မို့ သူ့ဘာပြောလိုက်သည်ကို မသိသော အမျိုး သမီးက အနီးရှိလူတစ်ယောက်ကို မေးပြန်သည်။

"သူ ဘာပြောလိုက်တာလဲ"

ထိုသူက ပြောရမှာ အားနာသည့်ဟန်ဖြင့် လေးပင်သော အသံဖြင့် ပြောပြလိုက်သည်။



"ညည်းနဲ့နေရင် ကလေး ဖာဖြစ်သွားမယ်တဲ့"

အမျိုးသမီး၏ ဖြူဖွေးသော မျက်နှာပြင်သည် နီစွေးသော နှင်းဆီပန်း ငယ် ပတ္တမြားရောင် လွှမ်းသွားသည်။ ပါးပြင်နုနု မို့မို့ပေါ်သို့ ပုလဲမျက်ရည် များ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာသည်။

လင်သည် အရက်သမား၏ ရိုင်းပြရုန့်ရင်းသော နှိမ့်ချစကားက အညွန့် င် မတက်သေးသော သမီးငယ်၏ မမြင်နိုင်သေးသည့် ဘဝကို အထင်မြင် သေးသိမ်စွာ ကြိုတင်နိမိတ်ဖက်လာသည်ကြောင့် သူ့ရင်ထဲတွင် ငုပ်လျှိုးနေ သော မိခင်စိတ်သည် အားမာန်သစ်များ နိုးကြားတက်ကြွလာသည့်အလျောက် မားသမီးများအပေါ် ထားရှိသော မိခင်၏ မေတ္တာစိတ်သည် နဂါးစိတ်၊ နဂါး တန်နှင့် တူသည်ကို သိသာစေရန် အမောက်ထောင်ပြသည့် အနေနှင့်-

"ဟဲ့. . . ငါက အမေပါ၊ ငါသာ ဖာဖြစ်ချင် ဖြစ်သွားမယ်၊ ငါ့သမီးကို မဖြစ်စေရဘူး၊ သူတောင်းစား မဖြစ်ရဖို့လည်း ငါသာတောင်းကျွေးမယ်။ သမီးကို တောင်းမစားခိုင်းဘူး။ ကံမကောင်း အကြောင်းမလှလို့ ငါ့ဘဝ ဘယ်လိုပဲ နိမ့်ကျပါစေ ငါ့လို နိမ့်ကျတဲ့ဘဝမျိုး ငါ့သမီးကို အရောက်မခံဘူး ဆိုတာ မှတ်ထား၊ နင်နဲ့အတူ တောမှာနေရလို့ကတော့ ဖားရှာ၊ ငါးရှာ ဘဝမှာ တင် လမ်းဆုံးသွားမှာ"

အိမ်ထောင်ရေး ပဋိပက္ခဖြစ်နေကြသူ လူသားနှစ်ဦး၏ အပြန်အလှန် ပြောနေကြသည့် စကားများကို တစ်လှည့်စီ ပြန်ပြောပြပေးနေသော ကြားခံ လူသည် အမျိုးသမီး၏ ပြောစကားများကို တတ်နိုင်သမျှ အတိုချုံ့ပြီး ကလေး အဖေကို ထိထိမိမိ ရှင်းပြလိုက်သည်။

"သူက အမေပါတဲ့၊ သူ့ဘဝနဲ့ရင်းပြီး သူ့သမီးကို ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် ပြုစုပျိုးထောင်စောင့်ရှောက်သွားမယ်တဲ့။ တောမှာနေလို့ကတော့ ဘယ်လိုနည်းနဲ့မှ လူတစ်လုံး သူတစ်လုံး ဖြစ်မလာနိုင်ဘူးတဲ့"

ကြားလူ၏ စကားအဆုံးဝယ် ကလေးချီထားသောသူသည် ယောကျ်ား တန်မဲ့ မျက်ရည်များ ကျလာသည်။ ကြားလူမှတစ်ဆင့် ကြားလိုက်ရသော သူ့မိန်းမ၏ စကားလုံးများသည် သူ့နှလုံးသား အလယ်သို့ လှံသွားတစ်ချောင်း ထိုးစိုက်သည့်ပမာ စူးရှနာကျင်သွားဟန်ရှိသည်။ ပြောင်မြောက်ပိုင်နိုင်သော ခွန်းတုံ့ပြန်စကားကြောင့် ပစ္စက္ခအခြေအနေအရ ဘာမျှရေရာမှုမရှိသော သူ

ဘဝကို သူနားလည်သွားပြီး မည်သည့် လူမှုအာမခံချက်မျှ မရှိသော မိမိလို
သူတစ်ယောက်၏လက်တွင် မိမိရင်သွေးလေး၏ဘဝ သိမ်ငယ်ချို့တဲ့သွားမည်
ကို စိုးရိမ်သောမိခင်တစ်ယောက်၏ မေတ္တာနှင့် အကြင်နာတရားကို လျှပ်
တပြက် သူသိလိုက်မိသည်။ ညှိုးငယ်နေသော မိမိဘဝထဲသို့ သမီးလေးကိုပါ
ဆွဲခေါ်လိုက်လျှင် သမီးလေး၏ဘဝပါ ညှိုးနွမ်းမှုနွံတွင် နစ်သွားနိုင်သည်
မတုတ်ပါလား။ သူ့လက်တွင်းမှ ကလေးငယ်ကတော့ ဆင်းရဲမွဲတေမှု၏
ဒဏ်ချက်ကို အလူးအလဲ ခံစားနေရသော အမေနှင့် အမေ၏အဖြစ်ကို ဘာမှ
မသိရှာ. . .။

လူရွယ်သည် လက်တွင်းမှ ကလေးကို အားပါးတရ ပွေ့ပိုက်နမ်းရှုံ့ပြီး

"ရော့ဗျာ. . . သူ့အမေဆီ ပို့ပေးလိုက်ကြပါတော့ဗျာ"

ဟု ပြောပြီး ချာကနဲလှည့်ကာ ခေါင်းငိုက်စိုက်နှင့် သင်္ဘောပေါ်သို့
တက်သွားသည်။ ခရီးသည်များ၏ တစ်ယောက်တစ်လှည့် လက်ဆင့်ကမ်းပေး
သော ကလေးငယ်သည် ခဏအတွင်းမှာပင် သူ့အမေလက်ထဲသို့ ရောက်သွား
သည်။ လုယက်ခံရသည့် အဖိုးတန် ရတနာပစ္စည်းတစ်ခုကို ပြန်လည်ရရှိသည့်
ပမာ "သမီး. . . သမီး"ဟု တစာစာခေါ်သည်။ ပြီးလျှင် တယုတယ ကလေးကို
ပွေ့ဖက်နမ်းရှုံ့ကာ ရုတ်ချည်းလှည့်ပြီး ဘောတံတားပေါ်မှ အပြေးတစ်ပိုင်းဖြင့်
ထွက်သွားလေတော့သည်။

ဇာတ်လမ်းအမှတ်(၂)

ရန်ကုန်ပြာသိုလ၏ ရာသီဥတုသည် မပူလွန်း၊ မအေးလွန်းဘဲ မျှတ
သည့်အတွက် နေထိုင်၍ကောင်းသည် ဆိုရချေမည်။ ရန်ကုန်အပြည်ပြည်ဆိုင်
ရာ လေဆိပ်ရှိ သီးသန့်ခန်းတွင် စင်ကာပူသို့ ထွက်ခွာမည့်လေယာဉ်ဖြင့် လိုက်
ပါရန်အတွက် လေယာဉ်စောင့်နေသူ ခရီးသည်များအနက် သုံးနှစ်အရွယ်
သမီးလေးတစ်ယောက်ကို ပွေ့ချီထားသော လင်မယားနှစ်ယောက် စကားပြော
နေကြသည်။

"သမီးလေး ကျောင်းထားဖို့ကိစ္စကို ဘယ်လိုစီစဉ်ထားလဲ. . . မောင်



"မေကလဲကွာ၊ စင်ကာပူမှာ မောင့်မိဘတွေလည်း ရှိတယ်၊ မေ့အစ်မ
လည်း ရှိတယ်ဆိုတော့ စင်ကာပူမှပဲ ကျောင်းထားမှာပေါ့"

"မောင့်အဖေ အမေနေတဲ့ တိုက်နဲ့ ကျောင်းနဲ့ နီးမယ်ထင်တယ်"

"မေ့အစ်မတွေနေတဲ့ နေရာနားမှာလည်း ကျောင်းရှိတယ်လေ၊ ကောင်း
တဲ့ကျောင်းကိုရွေးပြီး ထားကြတာပေါ့ကွာ၊ စင်ကာပူမှာ ကျောင်းတက်ရင်
ကမ္ဘာ့အဆင့်မီတယ်ဆိုတော့ သမီးလေးဘဝမှာ ပညာရေးနဲ့ပတ်သက်ပြီး ဘာမှ
ပူစရာ မလိုတော့ဘူးပေါ့"

"ကောင်းတယ်. . . ကောင်းတယ်၊ အဲဒီအခါကျတော့မှ မောင်နဲ့မေပါ
စင်ကာပူကို ပြောင်းနေသင့်ရင် နေမယ်နော် မောင်"

"ဒါပေါ့. . . သမီးလေးဘဝအတွက် နေသင့်ရင် နေကြတာပေါ့"

သူတို့နှစ်ဦးပြောဆိုနေသော စကားများကို ကြားနေရသော အနီးအနား
ရှိ ခရီးသည်များသည် သမီးလေးဆိုသည့် ကလေးငယ်၏ ကုသိုလ်ကံ ကောင်း
ပုံကို မှန်းဆရင်း မုဒိတာဖုံးသော အပြုံးမျက်နှာများဖြင့် သူတို့မိသားစုကို လှမ်း
ကြည့်လိုက်ကြသည်။ ထိုအချိန်တွင် လေယာဉ်ထွက်ခွာတော့မည်ဖြစ်၍
လေယာဉ်ပေါ်သို့ ကြွရောက်ကြပါရန် လေယာဉ်မယ်မှ ကြေညာလိုက်သည့်
အတွက် လင်မယားနှစ်ယောက်သည် သမီးလေး၏ လက်များကို တစ်ဖက်စီ
ဆွဲပြီး လေယာဉ်ဆီသို့ သွားရာလမ်းထဲသို့ ဝင်သွားကြပါတော့သည်။

ဇာတ်လမ်းအမှတ်(၃)

မန္တလေးမြို့၏ ရာသီဥတုသည် အခြားမြို့များနှင့်မတူ တမူခြားနားသည်။
အေးပြီဆိုလျှင် စိမ့်နေအောင်အေးသည်။ ပူလာပြန်ပါကလည်း အရမ်းပူပါ
သည်။ ရွှေမန်းသူ၊ ရွှေမန်းသားများအတွက်မူ ဤရာသီက ရိုးနေပြီဖြစ်သည်။
အပူရှိန်ကို အံတုကာ အဲယားကွန်းဖွင့်ထားသော နာမည်ကြီး ရွှေဆိုင်တစ်ဆိုင်
ထဲတွင် ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည်။ ငါးနှစ်ခြောက်နှစ်အရွယ်
ခန့်ရှိ သမီးမိန်းကလေးတစ်ဦးပုံပါသော ပြက္ခဒိန်ကို ရွှေလာရောက်ဝယ်ယူသူ
များအား မေတ္တာလက်ဆောင်ပေးနေသည်။ အဝတ်အစားဒီဇိုင်း အမျိုးမျိုး၊

ကိုယ်နေဟန်ထား အမျိုးမျိုးနှင့် ရိုက်ကူးထားသော သမီးလေး၏ ရုပ်ပုံလွှာ
သည် နတ်သမီးလေးတစ်ပါးဟု ယိုးမှားလောက်ဘွယ်ကောင်းအောင် လှပပြီး
ချစ်စရာကောင်းသည်။ သူမသည်ကား ရွှေဆိုင်ပိုင်ရှင်၏ သမီးလေးပင်တည်း။

ဆိုင်အတွင်းရှိ ရွှေဝယ်သူ၊ ရောင်းသူများသည် ထိုသမီးလေးကိုကြည့်
ပြီး တီးတိုးတီးတိုး သဖန်းပိုးလုပ်ကြသည်။

"ဒီကလေးရဲ့ဘဝက အရာရာပြည့်စုံနေတာပဲနော်"

"ဟုတ်ပ့ါရှင်. . . ပညာရေး၊ ကျန်းမာရေး ဘာမှပူစရာ မလိုဘူး"

"ဒီကလေးမလေး ကျောင်းကြို ကျောင်းပို့အတွက် နောက်ဆုံးပေါ်ကား
တစ်စီး ဝယ်ထားသတဲ့။ နောက်ပြီး အဝတ်အစားဆိုလဲ တစ်ခါပဲ ဝတ်သတဲ့
ဘယ်တော့မှ လျှော်ဖွပ်ပြီး မဝတ်ဘူးတဲ့"

"အေးဗျာ. . . ဒီကလေးမလေးရဲ့ အတိတ်ကံ အကျိုးပေးကလည်း
ကောင်းချက်က လွန်ပါရော"

ရွှေဆိုင်အတွင်းရှိ ရွှေဝယ်သူ၊ ရောင်းသူများသည် ကလေးကို ချစ်ခင်ခြင်း၊
အားကျခြင်း၊ အထင်ကြီးခြင်း စသည့် အကြည့်များဖြင့် ကြည့်နေကြလျက်. .

## ဇာတ်လမ်းအမှတ်(၄)

ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်များမှ တစ်ခုဖြစ်သော ရွှေပြည်သာ
မြို့နယ်ရှိ နာမည်ကြီးစေတီတစ်ဆူဖြစ်သည့် သာခုကန်စေတီဘုရားပွဲနေ့
တစ်နေ့ အမှောင်ပျိုးစ ညနေ ၆ နာရီ ရှိပြီဖြစ်သဖြင့် ဘုရားပွဲဈေး စည်ကား
စ ပြုချေပြီ။ များပြားလှသော ဈေးဆိုင်အမျိုးမျိုးအနက် ပွဲဈေးလာကြသူ
ကလေးအများစု၏ စိတ်ဝင်စားစရာ ချားရဟတ်တစ်ခုဝယ် အသက် ငါးနှစ်
ခြောက်နှစ်ခန့်ရှိ ကလေးတစ်ယောက်သည် ရဟတ်ကို အားနှင့်မာန်နှင့်
ဆွဲလှည့်နေသည်။ ရဟတ်လှည့်နေသူကလေးကို အပြင်ဘက်ရှိ ဖခင်ဖြစ်သူက
လှမ်းပြောလိုက်သည်။

"သားရေ. . . လူပြည့်အောင်စောင့်မနေနဲ့ လေးငါးယောက်လောက်ရပြီ
ဆိုရင် လှည့်သာလှည့်တော့၊ ဒီအချိန်က လူသိပ်မစည်သေးဘူးကွ"



မြို့လယ်ကောင်နှင့် အလှမ်းဝေးသော ဤရွှေပြည်သာမြို့လို နေရာများ
တွင် နေထိုင်ကြသည့် အခြေခံလူတန်းစား အလုပ်သမားများအဖို့ စောသည်
ဆိုသည့်အချိန်သည် ည ၈နာရီဖြစ်ပြီး နောက်ကျရင်တော့ ၁၀ နာရီမှ ရောက်
ကြသည်။ ဤသို့ဖြင့် ဘုရားပွဲဈေးသည်က တဖြည်းဖြည်း လူစည်လာပြီး ချား
ရဟတ်ဘေးတစ်ဝိုက်တွင် ကလေးများနှင့် ကလေးမိဘများ ဝိုင်းဝိုင်းလည်နေ
သည်။

ချားရဟတ်အလုပ်ဖြင့် ဝမ်းကျောင်းနေရသူ ကလေးငယ်သည် မမော
နိုင်၊ မပန်းနိုင်ဖြင့် ချားကိုလှည့်ပေးနေရှာသည်။ ချားရဟတ် လာရောက်စီးနင်း
နေသူများတွင် သူ့ထက် ငယ်ရွယ်သူ၊ သူနှင့်ရွယ်တူတန်းတူ၊ သူ့ထက်ကြီးသူ
သည်ဖြင့် အရွယ်စုံလင်လှသည်။ ဤသို့ ကလေးမျိုးစုံတွေ့မြင်နေသည့်
ကလေးငယ်သည် ပျော်ရွှင်မြူးထူးနေကြသည့် ချားရဟတ်စီး ကလေးများကို
ကြည့်ပြီး ကိုယ့်ဘဝကို ကိုယ်ဝမ်းနည်းရမှန်း မသိရှာ။ သားသမီးများ ချား
ရဟတ် စီးရာသို့ အတူလိုက်ပါလာကြသူ မိဘများကမူ အဝတ်အစား အနွမ်း
လေးဝတ်ပြီး ချားရဟတ်လှည့်ပေးနေသော ကလေးငယ်ကို ဂရုမမူမိကြ၊ မိမိ
သားသမီး ရဟတ်စီးရဖို့ကိုသာ စိတ်ရောက်နေကြသည်။ ချားရဟတ်အလုပ်
ဖြင့် အသက်မွေးဝမ်းကျောင်းနေရရှာသော သားအဖကလည်း မည်သူ့ကိုမျှ
ဂရုမပြုအား၊ အဖေက ပိုက်ဆံကောက်လိုက်၊ သားကချားလှည့်ပေးလိုက်ဖြင့်
ကိုယ့်ဘဝနှင့်ကိုယ် ပျော်နေကြသည်။

လောကကြီးကို ဘဝဇာတ်ခုံဟု လူတွေက တင်စားပြောဆိုကြသည်။
ဇာတ်ခုံဟူသည် ဇာတ်ပွဲကရာ နေရာတစ်ခုဖြစ်သလို အငြိမ့်စင်တစ်ခုဟုလည်း
ဆိုနိုင်ပါသည်။ ဇာတ်ပွဲသည် မိုးလင်းသည့်တိုင် ကပြကြရ‌လေ့ရှိပြီး အငြိမ့်သည်
ညဥ့်တစ်ဝက်ကျော်သာ ကပြကြသည်။

ဘဝဟူသည် အပြောင်းအလဲများရှိတတ်သည်ဖြစ်ရာ ကျွန်တော်ယခု
တင်ပြခဲ့သည့် ဇာတ်ရုပ်များသည် ၎င်းတို့၏ ပစ္စက္ခအခြေများကို ကျွန်တော်
တို့တွေ့မိသမျှ မျှဝေခံစားစေခြင်း ဖြစ်သဖြင့် မတူခြားနား ကွဲပြားသောဘဝ
များအား လမ်းပေါ်မှ အငြိမ့်ဟုသာ ဆိုလိုက်ချင်ပါတော့သည်. . .။

ညီမေတ္တာ




# တန်ဖိုးနှင့် ဆန်ဖိုး

စိုးပိုင်(ကညွတ်ကွင်း)

“ဟော့လူ-ဘာလုပ်နေတာလဲ၊ လာလေဗျာ၊ လက်ဖက်ရည်ဆိုင် သွားရအောင်”

ကိုဟောမာန် စာရေးနေရာမှ အသံကြားရာသို့ စောင်းငဲ့ကြည့်လိုက်သည်။ ပြီးမှ ကိုတင်ထွန်းရှိရာသို့ ထလာပြီး -

“သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ဗျာ. . .”

“ဘာသိပ်ကောင်းတာလဲ၊ ခင်ဗျားကို တိုက်ခိုင်းမလို့ လာခဲ့တာ”

ကိုဟောမာန် နည်းနည်းတော့ တွန့်သွားသည်။ သူ့အမျိုးသမီးက မြို့ထဲသွားလျှင်တောင်မှ လမ်းစရိတ်လောက်ပဲ ပေးလေ့ရှိသည် မဟုတ်လား။

“မလုပ်ပါနဲ့သူငယ်ချင်းရာ အခုတင် မိန်းမက မျက်နှာသိပ်ကောင်းတာ မဟုတ်ဘူး။ မနေ့က မဂ္ဂဇင်းတိုက်က စာမူခရတာလဲ အိမ်ကို တစ်ပြားမှမပါဘူး သူငယ်ချင်းရ။ ဟိုကောင်တွေနဲ့တွေ့ပြီး ကုန်ရော”

ကိုဟောမာန်က ချွတ်ချုံကျဟန်ဖြင့် တိုးတိုးညည်းပြီး ပြောလိုက်သည်။ သို့သော်လည်း သူငယ်ချင်း လာခေါ်လျှင်တော့-

ဘယ်တော့မှမငြင်း၊ အမြဲလိုက်သွားလေ့ရှိမြဲ. . .

ဘယ်သူငယ်ချင်းခေါ်ခေါ် သူက အားနာတတ်သည်လေ။

အိမ်ပေါက်ဝအရောက်တွင် ဇနီးဖြစ်သူသည် ဆုံအတွေ့မှာတော့. . .

“ညီမလေး အစ်ကို့ကို ငွေသုံးရာလောက် ခဏပေးပါကွာ၊ ဒီကောင်ကြီး ကို လက်ဖက်ရည်လိုက်တိုက်ချင်လို့”

“တော့မလဲ မနက်လက်ဖက်ရည်ဖိုး၊ ညနေကျ အရက်ဖိုး သိပ်ဟုတ်နေ တာပဲနော်၊ ပိုက်ဆံရမယ့်အလုပ်ကို လုပ်ပါဆိုတော့ မလုပ်ချင်ဘူး။ ဒီ ထမင်း ငတ်တဲ့ အလုပ်ကိုပဲ တကုပ်ကုပ်လုပ်နေ၊ ရှင် တောင်းလွန်းလို့ ကျွန်မဆိုင်လေး လည်း အရင်းပြုတ်နေလုပြီ”

ပြောမယ့်သာပြောရသည် မမြေသွေးကလည်း သူ့ယောကျ်ား ကိုဟေမာန် ကိုတော့ တောင်းတိုင်းပေးသည်ချည်း။ တစ်ခုတော့ရှိသည် ကိုဟေမန် စာရေး ၍ရသည့် ပိုက်ဆံကိုလည်း သူမ သိပ်ပြီးမသုံးလိုက်ရပါ။ ကုလားခပ်သည့်ရေ ကုလား ဒင်းဆေးတာနှင့် ကုန်ဆိုသလိုပါပဲ။

ဒါပေမဲ့ ကိုဟေမန် စာရေးသည့်အလုပ်ကလွဲ၍ တခြား ဘယ်အလုပ်မှ မလုပ်တတ်။ သို့သော်လည်း မမြေသွေး သူ့ဘာသာ ကျိတ်ပြီးကျေနပ်နေသည့် အကြောင်းက ရှိနေသည်။

သူ့အိမ်ဆိုင်လေးသို့ ဈေးဝယ်လာသူ၊ ရပ်ကွက်တွင်းမှ မိန်းမများက မမြေ သွေးကိုတွေ့လျှင်-

“ဆရာကတော်၊ ဆရာကတော်”နှင့် ခေါ်ဝေါ်ဆက်ဆံပုံလေးကိုပင်ဖြစ်၏။

သူ့ယောကျ်ား ကိုဟေမာန်က စာရေးပြီး သူတို့မိသားစု စားဝတ်နေရေး ကို ဖူလုံအောင် မစွမ်းဆောင်နိုင်သည့်တိုင် လင်တော်မောင် စာရေးဆရာကို အကြောင်းပြုပြီး သူမကိုလည်း-

“ဆရာကတော်၊ ဆရာကတော်” နှင့် ရင်းရင်းနှီးနှီး ခေါ်ကြခြင်း ကိုတော့ ကြည်နူးနှစ်သက် ပီတိဖြစ်ရသည် မဟုတ်ပါလား။

“မင်းမိန်းမက ဒီလိုတော့လည်း မင်းကို အလိုက်လိုက်သားပဲကွ၊ ကောင်း မင်း. . . ပီယဆေးစွမ်း ရှိနေပြီထင်တယ်”

လက်ဖက်ရည်ဆိုင်ရောက်၍ ထိုင်မိသည်နှင့် ကိုတင်ထွန်းက ချီးကျူး လိုက်သည်။



“ထင်လို့ပါ သူငယ်ချင်းရာ၊ မင်းကို မျက်နှာစိမ်းမို့ ရင်းနှီးတဲ့ မောင်မောင် တို့၊ ကျော်မင်းနိုင်တို့များဆို သွားပြီ။ ပြောပြစ်တာများ ငါ့မျက်နှာတောင် ဘယ်နားထားရမှန်း မသိဘူး ဟော့ကောင်။ ဘယ်သူမှ အားမနာတတ်ဘူး”

“ဒါကတော့ကွာ၊ အဲဒီကောင်တွေက ကြွက်တွင်းတွေဆိုတာ မင်းမိန်းမ လည်း သိနေတာကိုးကွ”

“ကဲ. . . ထားပါတော့၊ ထားပါတော့၊ မင်းလာရင်းကိစ္စ ပြောစမ်း၊ မင်း စ်ခုခု ပြောစရာရှိလို့ လာတာ မဟုတ်လား”

ကိုတင်ထွန်းက စာရေးဆရာတော့ မဟုတ်၊ သူက စာဖတ်ဝါသနာအိုး၊ ရေးဆရာတွေနဲ့တော့ ပေါင်းသည်။ ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် ကျင် ည်နေသည်။ ရှူတင်မန်နေဂျာလိုလို၊ လူပွဲစားလိုလို။

လူပွဲစားဆိုတာ ဗီဒီယိုလောကမှာ မင်းသား၊ မင်းသမီး ဖြစ်ချင်တဲ့ ကောင် လေးတွေ၊ ကောင်မလေးတွေကို ရှာပေးတာ ပြောတာပါ။ သူတို့ လောက ကားနဲ့ ပြောရင်တော့ “ကြိုး”လို့ ခေါ်ကြတယ် ဆိုတာပဲ။

“သူငယ်ချင်း. . . မင်းအတွက် အကွက်ကွ၊ အခု ငါနဲ့သိတဲ့ ဗီဒီယိုထုတ် လုပ်ရေးတစ်ခုက သူတို့သားနဲ့လိုက်ဖက်မယ့် ဇာတ်လမ်းလိုချင်လို့တဲ့”

“အဲလိုလုပ်စမ်းပါ သူငယ်ချင်းရာ၊ မင်းနဲ့ ငါနဲ့ ပေါင်းလာတာလဲကြာပြီ၊ အဲဒီခွင်ကို ငါလဲမှေ့နေတယ်၊ ငါ့ဇာတ်လမ်း ဗီဒီယို ရိုက်တော့မှာပေါ့”

ကိုဟေမာန်က သူ့မိန်းမ မမြေသွေးရဲ့ ချောက်တီးချောက်ချက် အိမ်ဆိုင် လေးကို သတိရမိလိုက်သည်။ ဗီဒီယိုဇာတ်လမ်းရောင်းရရင် ကုန်အပြည့်အစုံ ယ်တင်ခိုင်းဖို့ သူ စိတ်ကူးယဉ်မိလိုက်သည်။ ရင်ထဲမှာပျော်နေသည်။

“နို့. . . နေပါအုံး သူငယ်ချင်း၊ ‘ခွင်’လုတယ်ဆိုပေမယ့် အဲဒီကုမ္ပဏီပိုင်ရှင် မင်းသားက အပေါ်ကားတွေ တစ်ကားမှ မရိုက်ဖြစ်သေးဘူး။ အောက်ကား တွေပဲ များတယ်”

“အဲဒီတော့”

“အဲဒီတော့ မင်းက အချစ်ဇာတ်လမ်းပဲ နိုင်တယ်မဟုတ်လား၊ အခုက ဇဝင် ရေးခိုင်းမှာ”

ကိုဟေမာန် သူမကျွမ်းကျင် မပိုင်နိုင်သော ဇာတ်လမ်းဆို၍ အနည်းငယ် က်လုံးပြူးသွားမိသည်။ သို့ရာတွင် အနုပညာသမားပီပီ မဖြစ်ဖြစ်အောင်

လုပ်မည်ဟု စိတ်ကိုဒုံးဒုံး ချပစ်လိုက်သည်။ သို့မှသာ သူဇနီး၏ ကုန်စုံဆိုင် လေးအတွက် စိုပြည်မည် မဟုတ်ပါလား။

အိမ်ဆိုင်ကလေးမှာ အုတ်နှင့်ဆောက်သည့် ရဲတိုက်ဖြစ်သွားမည်ဟု တွေး၍ ပျော်နေမိပါ၏။

"ဆက်ပြောစမ်းပါအုံးကွာ၊ ဘာရာဇဝင်လဲ၊ စာရေးဆရာပဲကွာ၊ ပန်းချီဆရာ စကားနဲ့ ဥပမာပေးရရင် ဆေးစက်ကျရာ အရုပ်ထင်ရမှာပေါ့၊ ငါ ဖြစ်အောင် ရေးပါ့မယ်ကွာ၊ ဒါမှ ငါ့မိန်းမက ငါ စာရေးဆရာလုပ်တာကို အလုပ်ထဲ နားလည်မှာကွ၊ အခုထိ ကလေးနှစ်ယောက်ရတာတောင် ငါက ဘာအလုပ် မှ မလုပ်တဲ့ကောင်လို့ ထင်နေတာ"

ကိုတင်ထွန်းက ကိုဟေမာန်၏ စကားကြောင့် ပြုံးချင်သလို ဖြစ်သွား သည်၊ အနုပညာသည်ကို ယူသည့်မိန်းကလေးများမှာ များသောအားဖြင့် သူတို့လင်ယောက်ျား၏ အလုပ်ဂုဏ်ကလေးကိုတော့ အမွှန်းတင်ချင်ကြသည် သာ။

သို့ရာတွင် အိမ်ထောင်သက်ကလေးက ရလာ၊ ယောက်ျားကဝင်ငွေ ကောင်းကောင်း မရ၊ အဲဒီအခါကျ စကားများကြ၊ ရန်ဖြစ်ကြ၊ ပြန်ချစ်ကြဆို တာမျိုး ဖြစ်ကုန်ကြရော။

"ဒီတစ်ခါ မင်းကြိုးစားကွာ၊ ဘုရားသမိုင်းပဲကွ၊ ရွှေတိဂုံဘုရားသမိုင်း မင်း ရေးနိုင်ပါ့မလား"

ကိုဟေမာန် ဝမ်းသာသွားသည်။ သူ့အတွက် အံဝင်ခွင်ကျဖြစ်သွားပြီ မဟုတ်ပါလား။

ပြီးခဲ့သည့် တစ်ပတ်လောက်ကပင် သူငယ်ချင်းတစ်ယောက်နှင့် တွေ့ဆုံ ကြကာ စကားစပ်မိကြရင်း စပါယ်ဦးစာပေမှ ဘာသာရေးစာအုပ်တွေ ထုတ် နေကြောင်း၊ စာရေးဆရာကျော်ထင်၏ တန်ခိုးကြီး ဆရာတော်များ၏ အတ္ထုပ္ပတ္တိ စာအုပ်အထူကြီးကို ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ဘုရားသမိုင်းများ စုစည်းရေးသားပြီး စပါယ်ဦးစာပေနှင့် သွားရောက်စကားပြောကြည့်လျှင် စာမူခ သောင်းချီရနိုင်ကြောင်းများ ပြောဖြစ်ကြရာမှ- ကိုဟေမာန် ပန်းဆိုးတန်း နှင့် ကုန်သည်လမ်း၊ ၃၇ လမ်းများရှိ စာအုပ်အဟောင်းဆိုင်များဘက်လှည့် ကာ မွှေခဲ့သည်။



သူလိုချင်သော စာအုပ်အဟောင်းများ ဝယ်ခဲ့ပြီးဖြစ်သည်။ အတော့်ကို ဟောင်းမြင်းနေသော စာအုပ်တစ်အုပ်လည်း ရခဲ့သည်။ သူ မမွေးမီကပင် ထုတ်ဝေထားသည့် စာအုပ်ဖြစ်၍ ဟောင်းလေ ကောင်းလေ ကိုဟေမာန် သဘောကျလေ ဖြစ်နေသည့် စာအုပ်များ။

ခေါင်းထဲက မထုတ်နိုင်တော့လည်း စာအုပ်အဟောင်းများ လှန်လှော ပြီး ပြု၊ စု၊ တု လုပ်စားဖို့ ကိုဟေမာန် ကြံစည်ထားခြင်းမှာ- အခုတော့ ကိုတင် ထွန်း လိုချင်သည်နှင့် အဆင်သင့်လေခြင်း။ သမိုင်းစာအုပ်များကို ဖတ်၍ တတ်ကျွမ်းသော အနုပညာနှင့် ပေါင်းစပ်လိုက်လျှင်-

"ဟုတ်ပြီ သူငယ်ချင်း. . . ရမယ်၊ ငါ နှစ်ရက်၊ သုံးရက်အတွင်း ဇာတ်လမ်း ပြီးအောင် ရေးပေးမယ်၊ ဟုတ်ပြီလား"

"သေသေချာချာ လုပ်နော်၊ မင်းလက်ရာကို ငါ့ဘော့စ်က ကြိုက်သွားရင် နောင်. . . အဲဒီကုမ္ပဏီက ကားတိုင်း မင်းရေးရအောင် ငါပြောပေးမယ်၊ အခု သည်း ငါ့ကို ဇာတ်လမ်းရှာခိုင်းထားတာ။ မင်းရေးနိုင်တာနဲ့ အတော်ပဲကွာ. . "

ထိုနေ့က ကိုဟေမာန်နှင့် ကိုတင်ထွန်းတို့ စကားဝိုင်း ထိုနေရာတွင် ပြီး သွားခဲ့ကြသည်။ ကိုဟေမာန် သူကတိအတိုင်းရေးရန် အားမာန်အပြည့်ဖြင့် အိမ်သို့ပြန်လာပါသည်။ လမ်းတစ်လျှောက်လုံး ရာဇဝင်ထဲက ဇာတ်လမ်းများ ကို စဉ်းစားလာရင်း ဇာတ်လမ်းကို စိတ်ကူးနှင့်ရေးမိသည်။

ကိုဟေမာန် ရွှေတိဂုံ ဘုရားသမိုင်းကို ဗီဒီယိုရိုက်ဖို့ ဇာတ်လမ်းအကျဉ်း ရေးမည်။ အကျယ်ရေးမည်ဆိုပြီး ထမင်းစားပွဲခုံကိုချ၊ စာရွက်များ၊ ဘောလ်ပင် များ အနီ၊ အနက်၊ အစုံချပြီး သူ ပြု၊ စု၊ တု ရမည့် စာအုပ်ပုံကို မျက်စိ ရောက်သွားသည်။

"ဟောဗျာ. . ."

ကိုဟေမာန် သူထားသည့်နေရာတွင် သူဝယ်လာပြီး ပုံထားသော ဘုရား သမိုင်းအစုံ စာအုပ်ဟောင်းပုံကို မတွေ့ရ။ ခက်ကပြီ၊ တခြားနေရာတွေများ ရောက်နသလားထင်ပြီး သူ မက်မက်မောမော စုဆောင်းထားသော စာအုပ်ပုံ ထဲတွင် အပြန်ပြန် အလှန်လှန် ရှာမိသည်။ မတွေ့။

"မိန်းမရေ"

အိမ်ရှေ့တွင် တည်ခင်းရောင်းချနေသော သူမိန်းမ မမြသွေးကို လှမ်း ခေါ်ကြည့်သည်။ မမြသွေးဈေးဆိုင်မှထကာ သူယောက်ျားအနီး ရောက်လာ သည်။

"ဘာလဲ. . . အစ်ကို"

"ဟို. . . အစ်ကိုဝယ်ခဲ့တဲ့ စာအုပ်တွေ ပျောက်နေလို့၊ သားတို့၊ သမီး
များ ယူကြသေးလား၊ မေးကြည့်စမ်းပါအုံး"

"ကလေးတွေတော့ ကိုင်မှာ မဟုတ်ပါဘူး။ အစ်ကို့စာအုပ်အသစ်
ရလာရင် ညီမ ဘယ်သူမှ မကိုင်ရဘူးလို့ ပြောထားပြီးသား အစ်ကို"

"မဟုတ်ဘူး မိန်းမရဲ့"

"ဘာမဟုတ်တာလဲအစ်ကို၊ ရှာကြည့်ပါအုံး ရှိပါလိမ့်မယ်"

"မဟုတ်ဘူးဆိုတာ စာအုပ်က အသစ်မဟုတ်ဘူးလို့ ပြောတာ၊ အစ်
မှတ်မှတ်ရရ ဟောဒီနားမှာ ပုံထားတာ"

ဘုရားကျောင်းဆောင်အောက် အခြားစာအုပ်များပုံထားသည့်အနီး
လက်ညှိုးထိုးပြလိုက်သည်။

"ဟင်. . . အစ်ကို"

မမြသွေး သူ့ယောကျ်ားကို ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်

"မင်း. . . လုပ်လိုက်ပြန်ပြီ မဟုတ်လား"

"ရှင်. . ."

"မင်းကို ငါ ခဏခဏပြောထားရက်နဲ့ကွာ"

ကိုဟောမာန် သိလိုက်ပါပြီ၊ မမြသွေး သူ့ကို အကြိမ်ကြိမ် ဒုက္ခပေးဖူးသ
ကိစ္စ။

မမြသွေး သူ့အဖြစ် သူဝန်ခံနေဘိသို့ ငြိမ်ချက်သားကောင်းနေသည်
ဟုတ်ပါသည်။ ကိုဟောမာန် ထင်ထားသည့်ကိစ္စပါပဲ၊ မမြသွေး ငြိမ်သ
နေခြင်းမှာ ဝန်ခံနေပြီပဲ မဟုတ်ပါလား။

ကိုဟောမာန် အဟောင်းဆိုင်များမှ ရှာရှာဖွေဖွေ ဝယ်ယူလာခဲ့သ
စာအုပ်များမှ ပြန်လည် ပြု၊ စု၊ တု လိုက်ပါလျှင် "ဘုရားသမိုင်းစုံ"စာအ
အထူကြီးဖြစ်ပြီး စာမူခလည်း သောင်းချီရမည်။ ကိုတင်ထွန်းနှင့် ဆွဲထားသ
ဗီဒီယိုဇာတ်လမ်း စီမံကိန်းကြီး အောင်မြင်ပါကလည်း ကိုဟောမာန်အတွ
သိန်းနှင့်ချီရမည့်ကိစ္စ။

အခုတော့ ရေစုံမှာ ငွေပုံကြီး မျောပါသွားရှာပေါ့။

စာရေးဆရာဆိုတဲ့ လူတန်းစားအဖို့ စာရေးဖို့ စာဖတ်ရမည်။ ထို့ကြော



ရသမျှ စာအုပ်တွေ စုဆောင်းကြရသည်။ စာရေးရန် အကြောင်းအရာ စုံစုံစေ့
စေ့ သိလိုလျှင် သူ့စာအုပ်ပုံကြီးသည် စွယ်စုံကျမ်းကြီးတစ်ကျမ်း မက အသုံးဝင်
ခဲ့သည် မဟုတ်ပါလား။

ကိုဟောမာန်၏ ကလောင်နာမည်က အေးချမ်းသော ဆောင်းရာသီကို
တင်စားထားပါသော်လည်း သူ့ရင်တွင်းမှာကား နေဆယ်စင်းလို ပူပြင်းလှပါ
ဘိ။

သူ့ဇနီး ဆရာကတော်သည် သူတန်ဖိုးထားသော စာအုပ်ပုံများထဲမှ (သူ့
ဇနီး မမြသွေးအနေဖြင့် တန်ဖိုးမရှိဟု ထင်ထားသော) စာအုပ်အဟောင်းများ
ကို ဆန်အိုးထဲတွင် ဆန်မရှိတိုင်း သူ့ဆိုင်ကလေးအတွက် ပစ္စည်းဝယ်ဖြည့်လို
တိုင်း ကိုဟောမာန်အိမ်တွင် မရှိတိုင်း တန်ဖိုးမသိစွာ ဘော်တယ်ကုလားလက်
သို့ ခဏခဏ ရောင်းခဲ့၏။ အခုလည်း သူ၏စာအုပ်အဟောင်း(ရှားပါး)တန်ဖိုး
ရှိ စာအုပ်တွေကို ဆန်နှင့်လဲလိုက်ပြန်ပြီတကား။ မှန်၏ ဆန်ဖိုးရှာမပေးနိုင်
သော် စာရေးဆရာအတွက် တန်ဖိုးရှိ ရှားရှားပါးပါး ရှာဖွေထားသော စာအုပ်
တို့သည် လက်ငင်းလိုအပ်ချက်အရ ဆန်အဖြစ် ပြောင်းလဲသွားခဲ့ပြီ။ သူ၏
ဇနီးသည်ကို မည်သို့မျှ ပြန်မပြောချင်။ ရင်တစ်ခုလုံး တင်းကျပ်စွာ ခံစားရသော
ဆန်ဖိုး. . . ဆန်ဖိုး. . . ။

ထိုအခါ ငွေ သိန်းချီရမည့် ရာဇဝင်ဇာတ်လမ်းကြီးကို ကိုဟောမာန် မည်သို့
ရေးရမည် မသိတော့။ နောင်မှ ရရှိမည့် ငွေတစ်သောင်းနှစ်သောင်းထက်
လက်ရှိချက်ချင်း အလွန်အသုံးလိုနေသည်က ဆန်ဖိုးဆိုသည်ကို ကိုဟောမာန်
တွေးတောရင်း တင်းကြပ်သော စာရေးဆရာတစ်ဦး၏ ရင်တွင်းဝေဒနာ . . . ။

စိုးပိုင် (ကညွတ်ကွင်း)

# တိပ်တစ်လုံးဒဿနဲ့လပြည့်ည

မော်ကျွန်းညိုအောင်



# တိပ်တစ်လုံးဒဿနဲ့ လပြည့်ည

## မော်ကျွန်းညိုအောင်

ပြကွက်(၁)

"ကျုံလမု"ရွာ တစ်ရွာလုံး အုတ်အော်သောင်းနင်း ဖြစ်သွားခဲ့သည်။ ဒေါသယမ်းအိုး ပေါက်ကွဲသူတို့က "တောက်"တစ်ခေါက်ခေါက်၊ လက်သီး ကျစ်ကျစ် ဆုပ်ညှစ်ကာ ကြိမ်းမောင်းသူက ကြိမ်းမောင်း၊ စုတ်တသပ်သပ်နှင့်

"ဖြစ်မှဖြစ်ရလေကွာ၊ ကံခေလိုက်တာ"

ဟု ကရုဏာပွားသူက ပွား၊ ရေစုန်-ရေဆန်မှာ ခေါင်းအုံးကို မျှောသူတို့ကမျှော၊ ရွှတ်ဖတ်ဆုတောင်းသူတို့အပြင် ရှိုက်ကြီးတငင်ငိုကြွေး မြည်တမ်းကြသူတို့နှင့် မြစ်ကမ်းတစ်လျှောက် ပုရွက်အုံ တုတ်ထိုးလိုက်သလို လူများ ရှုစီ၊ ရှုစီ ဖြစ်နေကြသည်။

ဟိုနေရာသို့ ငေးမျှော်ကြည့်လိုက်၊ သည်နေရာသို့ ငေးမျှော်ကြည့်လိုက်ဖြင့် ရုပ်အလောင်း ပေါ်လာနိုးနိုးနှင့် သောကမီးတောင် ပေါက်ကွဲလောင်မြိုက်နေကြ၏။ ဤမြင်ကွင်းကား အနိဋ္ဌာရုံမြင်ကွင်းတစ်ခုဖြစ်၍ နေထန်းတစ်ဖျားထက် မြင့်တက်လာသည်ကိုပင် လူအများ ဂရုမထား၊ ပူလောင်ရမှန်း မသိ။ လုပ်ငန်း များကိုပင် မေ့လျော့ကာ စိတ်မဝင်စားနိုင်ကြပေ။ ထိုအကြောင်းကို ထပ်ကာထပ်ကာ ပြောဆိုဝေဖန်နေကြ၏။ ဤသို့ဖြင့် ညနေစောင်း၍ နေဝင်မိုးချုပ်သွားတော့မှ စိတ်မသက်မသာနှင့် သောက ဝန်ထုပ်ကိုထမ်းကာ တစ်ရွာလုံး မြစ်ဆိပ်မှ အိမ်သို့ တစ်ဖွဲဖွဲ ပြန်လာခဲ့ကြတော့၏။

## ပြကွက် (၂)

"ဒီကောင်-ဝွတိုရဲ့ မှိန်းချက်မိပြီး မျက်လုံးတစ်ဖက်ကန်းသွားတဲ့ မိကျောင်းကြီး မဟုတ်လား။ တို့ရွာမှာတော့ တိမ်တစ်လုံးလို့ ခေါ်ကြတယ်"

"အတော်ကြောက်စရာကောင်းတဲ့ ကောင်ကြီးပဲ၊ အတင့်ရဲလွန်းနေပြီ၊ လပြည့်ညဆို ဒီမိကျောင်းကြီးပေါ်လာပြီး ဒုက္ခပေးတတ်တယ်။ မသီတာကို ပုတ်ခတ်ကိုက်ချီသွားတုန်းကလည်း လပြည့်ညပဲကွ။ ညနေစောင်း နေဝင်ရိုးရိုအချိန်မှာ ရေချိုးနေတုန်း ဆွဲသွားတာပေါ့"

ဟု ကျွဲခြံရွာက ရွာလူကြီးဦးသာခုမှ မှတ်ချက်ချ ပြောဆိုလိုက်၏။ "ကျုံလမု" ရွာသားများက "တိမ်တစ်လုံး"ဖြစ်နိုင်ကြောင်းနှင့် ထိုသို့ဆိုလျှင် မသီတာကို ပိုင်စိုးပိုင်နင်း ရက်ရက်စက်စက် ရိုက်ပုတ်ခေါ်ယူသွား၍ "ဒဿ" အမည်ပါ ပေါင်းထည့်လိုက်သဖြင့် "တိမ်တစ်လုံး- ဒဿ"ဟု တစ်ရွာလုံးက အမည်ပေး ကင်ပွန်းတပ်လိုက်ကြပြန်သည်။

"တိမ်တစ်လုံးဒဿ"ကို ကလဲ့စားချေဖို့ ရွာသားများ သံမဏိဒွာန်ချထား၏၊ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဟုလည်းကျုံးဝါးကြ၏။ ဒီမိကျောင်းကြီးကို ထောင်ဖမ်းဖို့ လှံ၊ မှိန်း၊ မြားပိုက်များဖြင့် မည်သို့မည်ပုံ ဖမ်းဆီးကြမည်ကို အကွက်ချကာ ရွာလူကြီးများနှင့် ရွာသားတစ်စု စည်းဝေးတိုင်ပင် စီစဉ်နေကြပြီ။

"ကျုံလမု"တစ်ရွာလုံးက စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် လုပ်ငန်းများ လုပ်ကိုင်ကြ၏။ ယခုလတ်တလော ပြဿနာမှာ စိတ်ဝင်စားနေကြသည့် တိမ်တစ်လုံးဒဿကို ဖမ်းဆီးရမည့်လုပ်ငန်းမှာ လွန်စွာအရေးပါလှသည်။ ရွာသားများနှင့် အခြားရွာသူရွာသားများကလည်း မည်သို့ဖမ်းကြ၍ မည်သည့်အချိန်၊ မည်သည့်နေရာ၌ ဖမ်းကြမည်ကို သိချင်နေကြသည်။ လူကြုံလျှင် ဘာခံနိုင်မတုန်း။

ထိုအချိန်ကာလတွင် ပိုက်တန်းရွာကြီးမှ ကိုအောင်ပြည့် ခမျာ-

"လွမ်းသူ့အသည်း ခွဲကြည့်စမ်းပါဗျာ၊ ဆယ်နေမက ပူလောင် လွန်းလို့ပါ" ဟု အရူးတစ်ယောက်လို ငိုယိုမြည်တမ်းကာ ပြောဆိုနေသည်။ ညညတွေမှာလည်း ကုယောင်ခြောက်ချား ထအော်ပြန်ကာ အိပ်မပျော်နိုင်ချေ။ အစားလည်း မှန်မှန်မစား၊ ဘယ်သူ့ကိုမှလည်း စကားမပြော၊ မြစ်ဆိပ်ကမ်းပါး ရေသဖန်းပင်အောက်မှာ ငူငူကြီးထိုင်ကာ-

"သီတာရေ. . . မောင့်အသည်းလေး သီတာ၊ ဘယ်ဆီများ ရောက်နေသလဲကွယ်"



စသည်ဖြင့် အော်ခေါ်နေပြန်၏။ မိဘများဖြစ်ကြသော ဦးမှူ- ဒေါ်ပုတို့မှ ဖြောင်းဖျပြောဆိုသော်လည်း မရ။ ရွာဦးကျောင်းဆရာတော် ဦးစန္ဒောမှ တရားရေအေး တိုက်ကျွေးသော်လည်း မပြေ။ ဘယ်သူတွေက ဘယ်လိုပြောပြော ကိုအောင်ပြည့်မှာ သောကမီးကို မငြိမ်းနိုင်။ တစ်မှိုင်မှိုင်တငေးငေးဖြင့် အဆွေးသံသရာလည်ရင်း ဖွဲပြာမီးလို နှလုံးသားမှာစွဲပြီး တငွေ့ငွေ့ လောင်နေသည်။

"ဒီနှစ်နွေမှာ လယ်တွေသိမ်းပြီးရင် လက်ထပ်ကြမယ်နော်. . . မောင်"

"သုံးနှစ် သုံးမိုး ချစ်လာကြသူတွေမို့ မောင်နဲ့အတူ နေချင်ပြီကွယ်"

စသည်၊ စသည်ဖြင့် ပျားသကာလို ချိုမြိန်တဲ့စကားတွေ ပြောခဲ့တဲ့ သီတာရဲ့ အပြုံးလှလှလေးတွေကို မောင်သတိရနေဆဲပါကွယ်။ မောင်တို့နှစ်ဦး ချိန်းဆိုတွေ့ဆုံခဲ့တဲ့ ရွာထိပ်က ခရေပင်ကြီးအောက်မှာ ပန်းကောက်ခဲ့ကြတာလည်း မမေ့ဘူးလေ။ ခုတော့ မောင်တစ်ယောက်တည်း ခရေပန်းလှလှ၊ မွှေးမွှေးသင်းသင်းကြိုင်ကြိုင်ကို မကောက်ချင်တော့ဘူး။ သီတာရဲ့ နက်မှောင်ရှည်လျားတဲ့ ဆံနွယ်ကျော့ကျော့မှာ မော့မော့လေးပြုံးနေတုန်း မောင်ပန်ပေးခဲ့တာလေ။ သီတာမရှိတော့ မောင် ဘယ်သူ့ကို ပန်ပေးရမှာလဲ။ ဟော. . . ခရေပန်းတွေ တစ်ပွင့်စီ-တစ်ပွင့်စီ ကြွေကျနေပြန်ပြီ အချစ်ရယ်။ စသည် စသည်ဖြင့် တဖွဖွ တတွတ်တွတ် ပြောဆိုနေပြန်ကာ အချစ်ကျေးကျွန်ပီပီ အရူးတစ်ပိုင်း စိတ်ဆင်ရိုင်းကို ချွန်းအုပ်၍ မရနိုင်တော့ပြီ။

"မသီတာကို တိမ်တစ်လုံးဒဿ ပုတ်ခတ်ကိုက်ချီ ခေါ်ဆောင်သွားသည့်နေ့ရက်မှ သုံးရက်မြောက်သောနေ့ နံနက် ဝေလီဝေလင်းအချိန်တွင် အလွန်ထူးဆန်း အံ့ဩစရာကောင်းသော ဖြစ်ရပ်တစ်ခုကို ရွာသားများ မြင်တွေ့သိရှိအံ့ဩနေကြ၏။ ထိုမြင်ကွင်းအား လာရောက်ကြည့်ရှုကြပြီး တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြပြန်သည်။

"ဟာ. . . မသီတာက ကိုအောင်ပြည့်ကို စွဲလန်းချစ်ခင်နေတော့ သူမကိုယ်စား နိမိတ်ပြနေတာ ဖြစ်မှာပေါ့၊ အစိမ်းသေဆိုတော့ ခုနစ်ရက်မှ မပြည့်သေးတာ၊ ဝိညာဉ်က သွားလာ လှုပ်ရှားနေသေးတယ်"

"ကြုံကြုံဖန်ဖန်တော် တစ်ရွာမှာ မိကျောင်းဆွဲသွားတာ တစ်ရွာမှာသွားပြီး သူမခေါင်းအုံးက တစ်ဝဲလယ်လယ်နဲ့ မျောနေရတယ်လို့ နောက်ပြီး သူချစ်သူရဲ့ အိမ်ရှေ့ ဆိပ်ကမ်းတည့်တည့်မှာဆိုပဲ။ အံ့ပါရဲ့တော်"

စသည်. . . စသည် ပြောဆိုနေကြပြီး မြစ်ဆိပ်မှာ လူစည်ကားနေပြန်

သည်။ သတင်းရ၍ "လမုတန်း"ရွာမှ ရွာသားအချို့ ရောက်ရှိလာကြပြီး ကျောက်ဆူးဖြင့်လည်းကောင်း၊ ပိုက်ဆွဲတန်း၍လည်းကောင်း၊ အလောင်းကို ရှာကြသည်။ သို့သော် မတွေ့။

ကိုအောင်ပြည့်မှာတော့ သံယောဇဉ်ပင့်ကူမျှင်များ ယှက်တွယ်နေသူမို့ အလွမ်းသောကမီးများ တောက်လောင်ကာ ကယောင်ကတမ်း ပြောဆိုနေပြန်သည်။

"သီတာရေ. . . မောင့်ဆီကို လာနှုတ်ဆက်တာလားကွယ်၊ တမလွန်ဘဝကတောင် မောင့်ကို ချစ်နေဆဲ၊ လွမ်းနေဆဲ၊ သတိရနေဆဲဆိုတာ သက်သေပြတာပေါ့လေ။ မောင်လည်း မင်းလိုပါပဲကွယ်။ အချစ်နောက်ကို မောင် လိုက်ခဲ့ပါ့မယ်နော်"

တဖွဖွ ပြောဆိုနေ၍ ဘေးလူများအမြင်တွင် "ရူးသွပ်သွားပြီ"ဟု ထင်ကြေးပေးနေကြ၏။ အောင်ပြည့်တစ်ယောက် စိတ်ထိခိုက်ကာ အိပ်မပျော် စားမဝင်တော့ဘဲ ကျန်းမာရေးထိခိုက်လာပြီး အိပ်ရာထဲ လဲကပြီ။

## ပြကွက် (၃)

ဒီည လပြည့်ည။ နဂါး၊ ဂဠုန်၊ ဆင်၊ ကျား စသည် တိမ်ရုပ်စုံများ လေနှင်ရာ ပြေးသွားကြ၍ မိုးပြာပြာ ကောင်းကင်ထက်မှာ တိမ်ကင်းစင်နေသည်။ ငွေစန္ဒာလမင်း၏ အပြုံးများကြောင့် ကမ္ဘာ့လူသားများ သာယာကြည်နူး ရွှင်မြူးနေကြသည်။ ငွေသားရောင် လွှမ်းခြုံထားသဖြင့် သစ်ပင်တောတောင်၊ မြစ်ချောင်းတို့မှာ ဝင်းဝင်းလက်လက် ပြိုးပြိုးပြက်ပြက် ထွန်းတောက်ကာ လှပနေကြ၏။ ငွေကြယ်ပွင့်လေးများလည်း လင်းလက်နေကြပြန်သည်။ မြေပုတ်ငယ်များပေါ်တွင် ပိုးစုန်းကြူးတို့ ဟိုတစ်ကွက်၊ ဒီတစ်ကွက် လင်းလက်ကာ မြူးထူးနေကြပြန်၏။ မကြာချေ။

"ကျုံလမု"ရွာသားတစ်စုနှင့် ကျွဲခြံရွာသားတစ်စုတို့မှာ ရွာလူကြီး ဦးသာမူ၏ အစီအမံဖြင့် မှိန်း၊ လှံ၊ ကြိုးခွေ၊ ပိုက်များကို ကိုယ်စီထမ်းပိုးသယ်ဆောင်လျက် သောင်စပ်နှင့် ကိုင်းတော-လမုတောများ ထူထပ်နေသည့် ရွာနှစ်ရွာ အဖျားစပ်သို့ ထွက်လာကြသည်။ "တိမ် တစ်လုံး ဒဿ"ကို စောင့်ဖမ်းရန် ဖြစ်၏။ ကိုဂွတိုမှ ခေါင်းဆောင်ပြီး ကျော်သူ၊ တင့်လွင်၊ ဖိုးဆန်း၊ မဲကြီးတို့အပြင်



ရွာသားလူငယ်အချို့မှ ဝါးဖောင်နှင့် ဝက်လတ်တစ်ကောင် သယ်ဆောင်လာကြမည်မို့ အနည်းဆုံး ရွာသားဆယ်ယောက်ခန့်ရှိမည်။ "တိမ်တစ်လုံး ဒဿ" ကို ထောင်ဖမ်းဖို့ လူစုံလျှင် လုပ်ငန်းပြင်ဆင်ကြတော့၏။ ညကား တစ်စတစ်စ ညဉ့်နက်ပိုင်းသို့ ရောက်လာပြီ။ ရေလယ်တွင် ဝါးဖောင်ပေါ်၌ ဝက်ကိုကြိုးတုပ်ထားပြီး ကိုင်းကျနေသော လမုပင်ကြီးပေါ်မှ သုံးခွမှိန်းတွင် ကြိုးစတပ်ဆင်ကာ ပစ်လွှတ်ထိုးဖမ်းဖို့ ကိုဂွတိုက စိတ်အားထက်သန်နေ၏။ ဝါးနှစ်ပြန် သုံးပြန်ခန့်တွင် လှေသုံးစင်း ဆိုက်ကပ်ထားသည်။ လှေထဲတွင် ဓား၊ လှံ၊ မှိန်းများအသင့်။ မြစ်ပြင် သို့ စူးရှဝင်းလက်သော တောက်ပြောင်သော မျက်လုံးစုံများ၊ အာရုံစူးစိုက်ငေးမျှော်ကြည့်နေကြသည်။ တိတ်ဆိတ်ခြောင်းမြောင်းနေကြ၏။ ဆေးလိပ်သောက်သူတွေက ချဉ်ခြင်းတက်နေသော်လည်း မီးရောင်မြင်မှာစိုး၍ ဆေးလိပ်ပင် မသောက်ရဲ။

"အောက်. . . အီ. . . အီး. . . အွတ်"

ဟော. . . လင်းကြက်တောင် တွန်ချေပြီကော၊ ပရိယာယ်ကြွယ်လှသည့် "တိမ်တစ်လုံးဒဿ"မိကျောင်းကြီးကတော့ အရိပ်အယောင် စိုးစဉ်းမျှ မပေါ်လာချေ။ မိုးထိန်ထိန် လင်းကပြီ။

"ဘာ. . . ဘာပြောတယ်၊ ညက ပိုက်တန်းရွာမှာ တိမ်တစ်လုံး ဒဿ ဝင်မွှေသွားတယ်ဆိုပဲ"

"ဖိုးလုံး မိညွက်တို့ရဲ့ ဝက်တစ်ကောင် ရိုက်ချကိုက်ချီသွားပြန်ပြီ. . . တဲ့"

"ဟာ. . . ဟုတ်လား၊ ဒါဆိုရင် ခုတ်ရာတခြား ရှရာတလွဲ ဖြစ်သွားပြန်ပြီပေါ့"

ရွာသားများ မှတ်ချက်ချ၍ မောသွားကြပြန်ပြီကော။

လပြည့်ညက ဒီရေတက်ချိန်မို့ လေပင့်ရာ လှိုင်းရိုက်လာပြီး ကမ်းခြေတွင် တဝုန်းဝုန်း မြည်နေတော့သည်။

"ဟော့. . . မိညွက်၊ ဟင်းမကျက်သေးဘူးလားကွ၊ ထမင်းဆာလှပြီ"

ဖိုးလုံးမှ မြူးများကို အိမ်နောက် ရေကပျဉ်ပေါ်သို့တင်ပြီး အုန်းတံတားပေါ်မှ မောမောနှင့် လှမ်းအော်ပြောလိုက်ခြင်းဖြစ်၏။ မြူးထောင်ရာမှ ပါလာသော ငါးမြွေထိုးကို လမုသီးမှည့်နှင့် ရောချက်နေသော မိညွက်မှာ ထင်းမီးတောက်စေရန် လေတဖူးဖူး မှုတ်နေရသဖြင့် မျက်စေ့များပင် ကျိန်းစပ်နေသည်။

"ကျက်ခါနီးပါပြီတော်၊ ခဏလေးစောင့်ပါဦး။ ရှင့်သား ရဲသွေး ကစား ရာက ပြန်လာပြီး မောမောနဲ့ အိပ်ပျော်နေတာ နှိုးလိုက်စမ်းပါအုံး၊ ထမင်း စားကြရအောင်"

ပြောပြောဆိုဆိုနှင့် အငွေ့တထောင်းထောင်း ထနေသော ထမင်းပူပူများ ကို ဇလုံထဲသို့ ယောင်းမဖြင့် ခူးထည့်လိုက်သည်။ ခဏကြာသော် မိသားစု ထမင်းဝိုင်းမှာ တစ်ဖူးဖူး တရှုရှု အသံမြည်ကာ အားရပါးရ ပလုပ်ပလောင်း စားသောက်နေကြတော့၏။ ထိုစဉ်-

"ဝုန်း. . . အူး. . . အူး. . . ပြောင်း. . . ပြောင်း"

စသည့် သံစဉ်မညီသော စူးစူးဝါးဝါး အသံများကြောင့် မီးဖိုထဲက မှိန်း ရှည်ကိုဆွဲ၍ အပြေးထွက်သွားသည်။

"ဟ. . . ဘာကောင်ကြီးလဲ၊ မဲမဲကြီး. . . ဟာ. . . ငါ့ဝက်မလေး ရိုက်ပုတ်ကိုက်ချီသွားပြီ၊ ကဲ. . . သေစမ်းကွာ၊ အရုပ်ဆိုးကောင် တောက်"

ဒေါသလည်းဖြစ်၊ ပြောလည်းပြော၊ မောလည်းမောလျက် လက်ထဲက မှိန်းကို အားကုန် ပစ်လွှတ်လိုက်၏။

"ဝုန်း-ဖျန်း"

"အမလေးတော့"

ရေလှိုင်း ပွက်လောရိုက်သံများ၊ ဆူဆူညံညံ အသံများမှာ ဝန်းကျင် တစ်ဝိုက်တွင် ပျံ့လွင့်သွားကပြီ။ နောက်မှ ကပ်ပါလာသော မိညက်မှာ လက်ကို ရင်ဘတ်ပေါ်ဖိ၍ မျက်လုံးအပြူးသားနှင့် ကြောက်လန့်တုန်လှုပ် ခြောက်ချား သွားကာ အော်လိုက်ခြင်းဖြစ်သည်။ ရွာထဲမှ အိမ်နီးချင်းများ ပြေးလာကြ၏၊ လူတစ်ချို့က ဓား၊လှံ၊ မှိန်း စသည်တို့ကို ကိုင်စွဲလျက် ရောက်လာကြပြန်သည်၊

"ဘာတွေဖြစ်နေတာလဲဗျ"

"ဟာဗျာ. . . ကျွန်တော့်ဝက်မလေးကို မိကျောင်းကြီး ကိုက်ချီသွားတာ ဒုက္ခပါပဲ"

"ဟာ. . . ဒါဆိုရင် တိမ်တစ်လုံးဒဿ ရောက်လာပြီး ဆွဲသွားတာဖြစ် မယ်"

"ဒီကောင်ကြီးကို ဟိုဘက်ရွာမှာ ဝက်ကို အစာအဖြစ်နဲ့ထားပြီး ထောင်ဖမ်း နေကြတာ၊ ဒီကောင်က ဒီမှာ လာမွှေတာကိုး"



"လပြည့်ညတွေမှာပဲ ဒီကောင်ကြီး လှုပ်ရှားသောင်းကျန်းနေတာပေါ့"

"ရွာလူကြီးကို သွားပြောကြရအောင်၊ ကဲ. . . လာကြဟေ့၊ မြန်မြန်"

ထိုသို့ပြောဆိုကြပြီးနောက် ရွာလယ်ပိုင်းရှိ ရွာလူကြီး ဦးဘိုးရွှန်းထံ သွားရောက်ရှင်းပြခဲ့ကြ၏။ ရွာလူကြီး ဦးဘိုးရွှန်းမှ အုပ်စု (၃)စုခွဲ၍ ချက်ချင်း ပူပူနွေးနွေး လူခွဲပြီးလိုက်ကြရန် စီစဉ်တော့သည်။ တစ်ဆက်တည်း ကျော်သူ တို့အုပ်စုက ရေလိမ်ရွာ၊ ချောင်းဖျားအထိ သွားဟေ့။ တင့်လွင်တို့က ရာဇဒိုင် မြစ်ဆုံတစ်လျှောက် လိုက်ကြ၊ မဲကြီးနဲ့ဖိုးဆန်းတို့က ကျုံလတာ ရွာဘက်အထိ လိုက်ကြကွာ၊ မြန်မြန်ဟေ့ သတင်းထူးရင် ခလောက်သံနဲ့ အချက်ပေး၊ နောက်ထပ် လှေတွေထပ်လွှတ်လိုက်မယ်။ ကဲ. . . ကဲ. . . သွားကြပေတော့"

ဟု ဦးဘိုးရွှန်းမှ စီမံခန့်ခွဲလျက် လူငယ်ရွာသားတို့ကို လွှတ်လိုက်၏။ ပုံလုံး၏ မှိန်းချက်ထိသွားသော တိမ်တစ်လုံးဒဿ မိကျောင်းကြီးအား ဖမ်းဆီး ရမိရေးကို ဇွဲ၊ လုံ့လ၊ အားမာန်များဖြင့် လုပ်ဆောင်နေကြကပြီ။ ငွေလရောင် အောက်တွင် လှေများ အစီအရီ ထွက်ခွာသွားကြရာ-

"ကွို-ကွို၊ ဖတ်"ဟူသော တက်ခတ်သံများ၊ လှော်တက်ရိုက်သံများနှင့် ဆူဆူညံညံ ပျံ့လွင့်သွားတော့၏။ ညဥ့်ကား တစ်စ တစ်စ နက်လာ၏။ သန်းခေါင်ယံအချိန် ရောက်ရှိလာ၍

"အောက်. . အီး. . အီး. . အွတ်" ညကြက်တွန်သံပင် ကြားနေရပြီကော"

## ပြကွက် (၄)

ငွေနှင်းမှုံများ တစ်ဖွဲဖွဲ တစ်သဲသဲ ကျနေသည်။ ညက မိကျောင်းလိုက်ကြ သူများ မိုးလင်းတော့မှ အုပ်စုလိုက် ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြ၏။ ရွာလူကြီး ဦးဘိုးရွှန်းမှာလည်း တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်၍မပျော်။ နံနက်စောစော ရွာဦးကျောင်း အုန်းမောင်းခေါက်ပြီးကတည်းက နိုးနေပြီ။ သူလူများကို မျှော်နေဆဲမှာ သူ့လူများက အိမ်ဝိုင်းထဲသို့ အုပ်စုလိုက် ရောက်ရှိ လာကြသည်။

"အဘရာ သဲကြီးမဲကြီးလိုက်တာပဲ။ မိကျောင်းကြီးရဲ့ အရိပ် အယောင် တောင် မတွေ့လိုက်ရဘူး။ ဟူး. . မောသဗျာ၊ *တိမ်တစ်လုံးဒဿ* ကတော့ ကောင်းကောင်းကြီး ကျုပ်တို့ကို နှိပ်စက်လိုက်ပြန်ပြီ"

ရောက်ရောက်ချင်း မကျေနပ်သံများ ပေါက်ကွဲလျက် သတင်းပို့ကြ၏။

"ကဲ. . . မင်းတို့လည်း ပင်ပန်းလှပြီ။ ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်း စားကြ၊ သောက်ကြပေဦး။ အမောဖြေကြ"

ဟု ဦးဘိုးရွှန်းမှ ပြောဆိုကာ စားသောက်ဖွယ်ရာများကို ယူဆောင်၍ အိမ်ရှေ့ ကွပ်ပျစ်ရှိ လက်ဖက်ရည်ကြမ်းဝိုင်းသို့ ဖိတ်ခေါ်လိုက်၏။ တင့်ခင်၊ မဲကြီး ကျော်သူတို့ အုပ်စု မောမောနှင့် ကောက်ညှင်းပေါင်းများကို ဆုပ်ကာဆုပ်ကာ ပလုတ်ပလောင်း စားနေကြသည်။ ရေနွေးကြမ်း ပူပူကိုလည်း တဖူးဖူးမှုတ် လျက် သောက်နေကြစဉ်. . .

"ဗျို့ ဦးဘိုးရွှန်း. . . ဦးဘိုးရွှန်း. ဒီမှာ- တိမ်တစ်လုံးဒဿကို မိလာပြီဗျို့"

ကျယ်လောင်စူးရှသော အသံကြီးဖြင့် ခပ်လှမ်းလှမ်းဆီမှ လှမ်းအော် ပြောလိုက်သံကို အားလုံးကြားလိုက်ရပြီး ကောက်ညှင်းပေါင်း စားနေကြသူ တို့ကလည်း ပါးစပ်အဟောင်းသားနှင့် ဟိုသည် လှမ်းမျှော်ကြည့်ကာ ရေနွေး ကြမ်း သောက်နေကြသူတို့ကလည်း ပုဂံလုံးကိုကိုင်လျက် အိမ်ခြံဝသို့ လှမ်းမျှော် ကြည့်လိုက်ကြသည်။

"ပိုက်တန်း"ရွာမှ ရွာသားအချို့ ဝါးထမ်းပိုးဖြင့် ရှေ့နောက် လေးယောက် ဝိုင်းထမ်းကာ ပိုက်ကွန်တွင်း တုပ်နှောင်လုံးထွေးမိလာသော *တိမ်တစ်လုံး ဒဿ* မိကျောင်းကြီးကို သယ်ဆောင်ထမ်းပိုးပြီး ရွာလူကြီးဦးဘိုးရွှန်း၏ အိမ်ဝိုင်းထဲသို့ ဝင်ရောက်လာကြ၏။ ၎င်းတို့နှင့်အတူ ရွာသားငါးယောက်မှာလည်း ဓား၊ လှံ၊ ဝါးချွန်၊ မှိန်းများကို ကိုင်စွဲလျက် တစ်ပါတည်း ပါလာကြပြန်သည်။ *တိမ်တစ်လုံး* ဒဿကို ပိုက်ကြိုးများဖြင့် ရစ်ပတ်ချည်နှောင်ပြီး ဝါးလုံးထိုး ထမ်းလာကြသော ရွာသားများက အိမ်ရှေ့ကွပ်ပျစ်အနီး မြေကွက်လပ်ပေါ်သို့ချထားလိုက်ကြသည်။

"ဟူး. . . မောပကွာ"

ချွေးများပင် ပြန်သူတို့ကလည်း မိမိပုဆိုးစဖြင့် မျက်နှာ၊ လည်ပင်း၊ လက်များကို သုတ်နေကြ၏။

"ဟာ၊ နည်းတဲ့ကောင်ကြီးမှ မဟုတ်တာ၊ ကိုးတောင်ကျော်လောက်ရှိမယ်"

"ဘယ်က မလဲကွ"

"ဟန်ကျလိုက်လေ၊ မောင်းထုပြီး တစ်ရွာလုံးခေါ်ကွာ"

ဦးဘိုးရွှန်းမှ ပြောလိုက်ရာ. . .

"ဒူ. . . ဒူ. . . ဒူ. . . ၊ ဒူ-ဒူ-ဒူ-ဒူ"



မောင်းသံများ အဆက်မပြတ် ထွက်ပေါ်နေပြီး မောင်းသံကြားသည့် ရွာသားများမှာ အပြေးရောက်လာကြ၏။ တစ်ချို့ အော်ဟစ် လှမ်းခေါ်သံ များဖြင့် ရွာမှာ ပွက်လောရိုက် ဆူဆူညံညံ ဖြစ်သွားတော့သည်။ ရွာသားများ စုံညီကာ စူးစိုက်သောမျက်လုံးများဖြင့် ဝိုင်းကြည့်နေကြစဉ်. . .

"ဟာ. . . ဒီမှာဟော့၊ ဖိုးလုံးရဲ့ မှိန်းချက်က လက်ပြင်ကို ထိသွားတာကိုး။ ထိုးချက်ပြင်းထန်လို့ လက်ပြင်ရိုး ကျိုးသွားတာပေါ့။ ဒီမှာ ကြည့်ပါလား"

လက်ညှိုးထိုး ထောက်ပြသူက ထောက်ပြကာ. . .

"ဒါ့ကြောင့် ဒီကောင်ကြီး ကမူးရှူးထိုးနဲ့ မမြင်မစမ်း မျက်လုံးကန်းကြီး ဆိုတော့ နာကျင်လန့်ဖျန့်ပြီး ထွက်ပြေးလာတာ၊ ကံဆိုးချင်လို့ ကျားပိုက်ထဲမှာ တည့်တည့်တိုး၊ ကိုယ်ကျိုးနည်းသွားတာပေါ့ဗျ" ဆိုသူက ဆို။

"ခလောက်သံတွေ မြစ်ကျောတစ်လျှောက် ဆူညံသွားတာပဲဗျို့၊ ဒီကောင်ကြီး ဝက်ကိုတော့ မြိုချထားပြီးပြီ"

စသည်-စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြသည်။

"ဟာ. . . ဘယ်မှာလဲကွ. . . တိမ်တစ်လုံးဒဿ သိကြရောပေါ့၊ ဖယ်ကြ၊ ဖယ်ကြ၊ ငါ့ချစ်သူကို သတ်သွားတဲ့ကောင်၊ ဒင်း. . . ငါ့ အကြောင်းသိမယ်၊"

ဟု ဓားရှည်ကိုင်ကာ ခြိမ်းချောက်ကြိမ်းမောင်းပြီး ပြေးဝင်လာသော "ကိုအောင်ပြည့်"က မိကျောင်းကြီး တစ်ကိုယ်လုံးကို ဓားဖြင့်ဝင်ခုတ်သည်။ အဆက်မပြတ် တရစပ်။

"ဟူး. . . ဟဲ. . . ဟဲ"

မောပန်း ခြေကုန်လက်ပန်းကျကာ မြေပြင်ပေါ်မှာ ပစ်လဲကျသွားကာပြီ။ ရွာသားအချို့က ၎င်းအား ကွပ်ပျစ်ပေါ်သို့ တွဲခေါ်ခဲ့ကြ၏။ ထိုစဉ်မှာပင် ရွာလူကြီး ဦးဘိုးရွှန်း၏ ကောက်ချက်ချ ဆိုထုံးစကားကို ရွာသားများအားလုံး ငြိမ်းပမ်း တသာ သဘောကျနှစ်ခြိုက်စွာ ကြားလိုက်ရသည်ကတော့-

"ဘာရမလဲဟော့. . . အလွန်ဆိုးသွမ်းနေရင်တော့ လူမဆိုထားဘိ တိရစ္ဆာန် ပင်လျှင် နောက်ဆုံး ဒီလိုအမိုက်ဇာတ်သိမ်းအောင် ပြင်းပြင်းထန်ထန် ဒဏ်ခတ် ခံရမှာပဲကွ"ဟုသာ. . .။

မော်ကျွန်းညိုအောင်




# ချစ်လက်ဖက်ရည်

**ကာတွန်း မြတ်နိုး**

အခန်း(တစ်)

ထမင်းစားအပြီး ကုလားထိုင်မှာ ထိုင်နေစဉ် အမယ်ကြီးက ကျုပ်ရှေ့ကို လက်ဖက်ရည်ခွက် လာချပေးရင်း-

"တော်. . . လက်ဖက်ရည်တွေ လျှော့သောက်အုံး၊ အရင်လို အသက်က ငယ်တော့တာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။ တစ်နေ့ကို လက်ဖက်ရည် ငါးခွက်၊ ခြောက်ခွက်ခန့် သောက်တတ်သော ကျုပ်ကို စိုးရိမ်စိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်ပေမည်။

"ငါလည်း လျှော့သောက်နေတာပဲ ပုဆိုး"

ရယ်ကျဲကျဲဖြင့် အနောက်အပြောင်စကားပြောလိုက်မိသော ကျုပ်ကို အမယ်ကြီးက မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း-

"ကျွန်မက ရှင့်ကို စိုးရိမ်လို့ပြောတာ၊ ကွမ်းလည်းစား၊ လက်ဖက်ရည်လည်းသောက်နဲ့ အသက်ကြီးမှ လေရောဂါ ရနေမှာစိုးလို့ရှင့်"

"သိပါတယ်ကွာ၊ ငါက မင်းကို တမင်စတာပါ။ ငါလည်းကြိုးစားပြီး လျှော့သောက်ကြည့်ပါတယ်။ ဒါပေမဲ့ မရဘူးကွ၊ အချိန်တန်တော့ သောက်ချင်ပြီး သောက်မိတာပဲ၊ ထမင်းတစ်နပ် မစားဘဲနေနိုင်ပေမဲ့ လက်ဖက်ရည် တစ်ခွက် လျှော့သောက်ဖို့တော့ အခက်သား"

ကျုပ် အမယ်ကြီးအား မှန်သောစကား ဆိုလိုက်ခြင်းဖြစ်သည်။

ကျုပ် လက်ဖက်ရည်ကြိုက်သည်မှာ အမယ်ကြီးနှင့် ညားမှ မဟုတ်၊ ငယ်စဉ်ကလေးဘဝကတည်းက ဖြစ်သည်။ ကျုပ်က ကျောင်းစတက်စ အရွယ်မှာပင် အဘိုးအဘွားတို့နှင့် နေထိုင်ခဲ့ရသူဖြစ်သည်။ ကျုပ်ကို မွေးပြီးသည်နှင့် အဘိုးအဘွားတို့က ကျုပ်ကို လက်ပေါ်က မချ။ အဖေ အမေတို့ထက် အချစ်ပိုခဲ့ကြသည်။ ကျုပ်ကလည်း မေတ္တာရောင်ပြန်ဟု ဆိုမလားမသိ၊ အဘိုးအဘွားတို့ကို အဖေ အမေတို့ထက် ပိုပြီး ခင်တွယ်ခဲ့သည်။ ညအိပ်လျှင်ပင် အဘိုးအဘွားတို့နှင့် အိပ်သည်။ သည်သံယောဇဉ်ကြောင့် အဖေအမေတို့နှင့် မလိုက်ဘဲ ကျုပ်က အဘိုးအဘွားတို့နှင့်သာ ရန်ကုန်တွင် ကျန်ရစ်ခဲ့သည်။

အဘွားသည် လက်ဖက်ရည်ကို အလွန်ကြိုက်သူဖြစ်ပြီး လက်ဖက်ရည် တစ်နေ့ ၁းကြိမ်မျှ မသောက်ရလျှင် အိပ်မပျော်သူဖြစ်သည်။

ထိုစဉ်က ကျုပ် အဘွားသောက်တိုင်း လက်ဖက်ရည် တောင်းသောက်တတ်သည်။ အဘွားက လက်ဖက်ရည်ကို အဘိုးကိုပင် မတိုက်။ အလွန်တွန့်တိုသူဖြစ်၏။ သို့သော် ကျုပ်ကိုမူ အဘွား ခွဲတိုက်သည်။ ပြီးသော်-

“ငါ့မြေးကို ချစ်လွန်းလို့တိုက်တာ သိလား”

ဟု တစ်ခါလက်ဖက်ရည်တိုက်တိုင်း တစ်ခါဆိုလေ့ရှိသည်။ အဖွားနှင့်အနေများသော ကျုပ် ကြာသော် ငယ်ငယ်ရွယ်ရွယ်နှင့် လက်ဖက်ရည်စွဲသောအဖြစ်သို့ ရောက်ခဲ့သည်။

ကျုပ် လက်ဖက်ရည်ကို ဖြတ်၍မရတော့။

“အခက်သားဆိုပေမဲ့ လျှော့သောက်ပါတော်”

အမယ်ကြီးက စကားဆက်လာသည်။ ကြည့်ရသည်မှာ အမယ်ကြီးသည် ကျုပ်ထံမှ လျှော့သောက်ပါမည်ဆိုသော စကားကို မကြားမချင်း အနားမှ ခွာမည့်ပုံမရ။

“အေးပါကွာ. . . လျှော့သောက်မယ်၊ လျှော့သောက်မယ်”

ကျုပ်စကား ပေါ့ပျက်ပျက်နိုင်မှန်း အမယ်ကြီး သိသည်။ မကျေ မနပ်ဖြင့်-

“ရှင်-ပြီးပြီးရော၊ အလွယ်မပြောပါနဲ့ရှင်၊ ရှေ့ရေးတွေးပြီး ကျွန်မပြောနေတာ ရှင်တွေးကြည့်စမ်းပါ။ ရှင့်လက်ဖက်ရည်ဖိုး ဘယ်လောက်ကုန်သလဲလို့”



“တစ်ထုပ်တစ်ရာဆိုတော့ အလွန်ဆုံး တစ်နေ့ ငါးရာပေါ့၊ ဒါလေးများ”

“ဒါလေး မများနဲ့ ရှင် ဝင်ငွေမရှာနိုင်တဲ့အခါ ရှင့်ကို ဘယ်သူက လက်ဖက်ရည် လာတိုက်မလဲ”

“အမယ်လေး အမေရယ် အဲဒီလောက် တွေးပူမနေပါနဲ့၊ သမီး တစ်ယောက်လုံးရှိတာ၊ သမီးတိုက်မှာပေါ့”

အမယ်ကြီးမေးသော အဖြေကို ကျုပ် မဖြေခင် နောက်ဖေးခန်းမှ ထွက်လာသော သမီးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ကျုပ်က အမယ်ကြီးအား မျက်စပစ်ပြလိုက်ပြီး သမီးဘက်သို့လှည့်ကာ-

“ဟုတ်တယ်နော်၊ သမီးက ဖေကြီးကို ယောကျ်ားမယူဘဲ လုပ်ကျွေးမှာမဟုတ်လား”

“ဒါပေါ့”

ကျုပ်တို့သားအဖ အတိုင်အဖောက် လုပ်ပုံကိုကြည့်ပြီး နှုတ်ခမ်းမဲ့ကာ-

“ကြည့်ရသေးတာပေါ့၊ တော်ကြာ ဘွဲ့လည်းရ၊ လင်လည်းရမှ ဟုတ်ပေ့ဖြစ်နေမယ်”

ဟုပြောပြီး ကျုပ်တို့အနီးမှ အမယ်ကြီး ထွက်ခွာသွားလေသည်။

“ခုမှပဲ နားအေးပါးအေး လက်ဖက်ရည်ကို ဇိမ်ခံသောက်ရတော့မယ်သမီးရေ”

“ဟုတ်ပါ့၊ အမေက ပူစရာမရှိ တွေးပြီးပူနေတယ်”

## အခန်း(၂)

ထိုစဉ်က အမယ်ကြီးပြောခဲ့သောစကားကို မဖြစ်နိုင်ဟုထင်ခဲ့သော်လည်း သမီးဘွဲ့ရသောအခါ အမယ်ကြီးစကားမှန်ကြောင်း သိလိုက်ရသည်။ သမီးသည် နောက်ဆုံးနှစ်ဖြေပြီးသည်နှင့် ရုံးဝန်ထမ်းလေး တစ်ဦးနှင့် လက်ထပ်ဖြစ်သည်။

“ရှင်. . . သမီးတို့အတွက် ဘယ်လိုစဉ်းစားထားလဲ”

သမီးတို့ မင်္ဂလာဦးညတွင် အမယ်ကြီးက ကျုပ်ကို နှစ်ကိုယ်ကြား မေးလာခြင်း ဖြစ်သည်။

“မင်းကလည်း အရင်းမရှိ အဖျားမရှိ ဘာကို စဉ်းစားရမှာတုန်း”

"ဩော်. . . ရှင်ကလည်း ဝေးရန်ကော၊ သူတို့နေဖို့ထိုင်ဖို့ပေါ့"

"ဒါများကွာ. . . တို့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ။ အိမ်မှာပဲ အတူနေကြပါစေတော့"

"ကဲ. . . ကဲ. . . ဟုတ်ပါပြီ၊ စားတာကျတော့ကော၊ ကျွန်မကတော့ ခုရှုပ်မှ နောင်ရှင်း အိုးခွဲစားခိုင်းမလားလို့"

"ဟာ. . . မလုပ်ပါနဲ့ကွာ အတူတူပဲ စားကြပါစေ၊ အိုးခွဲစားခိုင်းရင် သမီးလေးက တို့ကို တစ်မျိုးထင်သွားပါအုံးမယ်။ သားမက်လည်း သားပဲဟာ သားတစ်ယောက်တိုးပြီး ကျွေးရတယ်လို့ သဘောထားလိုက်ပါ။

"အင်း. . . ရှင်ကတော့ အရာရာကို လွယ်လွယ်သဘောထားပြီး မေတ္တာတွေ ကြီးမားနေ၊ တစ်နေ့ ရှင် ဒုက္ခရောက်လိမ့်မယ်"

အ ယ်ကြီးက ဘာကိုတွေးပြီး နောင်ရေးပူနေသည် မသိ၊ သက်ပြင်းချရင်း ကျုပ်အနီးက ထွက်သွားလေသည်။

အခန်း(၃)

ကျုပ်၏သမီးအပေါ် ထားရှိသော မေတ္တာမှန်ကန်မှုကြောင့်လား၊ သမီး၏ ကံတရားကြောင့်ပေလားမသိ။ သမီးတို့ အိမ်ထောင်ကျသည့် နေ့မှစ၍ လစာအပြင် ကျုပ်က ကားစက်ပြင်ဆရာတစ်ဦးမို့ ကြားပေါက် လိုက်ပြင်ပေးရာမှ အပိုငွေများပါ အဝင်များကာ အဆင်ပြေခဲ့၏။ ထို့ကြောင့် သားမက်ထံမှ ငွေများကိုပင် ထမင်းစရိတ်အဖြစ် မယူဘဲ မြေးရသည်အထိ ကျွေးနိုင်ခဲ့သည်။

ဤသို့တင်ကျွေးမှုကို အမယ်ကြီးက တစ်ခါတစ်ရံ ငြိုငြင်အပြစ်ပြောတတ်သော်လည်း ကျုပ်ကမူ တစ်ခါမှ အပြစ်မမြင်၊ မငြိုငြင်ခဲ့။ ယောကျ်ားလစာ အပိုသုံးရသဖြင့် ရွှေတွဲလဲ၊ ငွေတွဲလဲဖြစ်နေသော သမီးကိုသာကြည့်ရင်း ပီတိဖြစ်မိ၏။

သို့နှင့် ကျုပ်အသက် (၆၀)ပြည့်ရန် နှစ်နှစ်အလိုတွင် မမျှော်လင့်ဘဲ လေဖြန်းကာ ခြေမသန်သော ဘဝသို့ရောက်ခဲ့၍ ပင်စင်ယူခဲ့ရသည်။

အခန်း(၄)

"အမေ. . . ဘယ်လိုလုပ်ကြမှာလဲ"

"ဘာကို ပြောတာလဲသမီး"

"ခုဆို အဖေရတဲ့ (လုပ်သက်ဆုကြေး)ငွေတွေက အဖေ ဆေးကုတာနဲ့ ကုန်ပြီ။ ရှေ့ကို ဘယ်လိုဆက်သွားကြမှာလဲလို့"

အိပ်ရာထဲတွင်လဲ၍ မှိန်းနေသော ကျုပ် သမီးနှင့် အမယ်ကြီး ပြောသံများကို ကြားနေရ၏။

"သမီးက ဘယ်လိုဖြစ်စေချင်လို့လဲ"

"သမီးကတော့ အဖေရတဲ့ ပင်စင်နှစ်သောင်းကို အဖေနဲ့ အမေတို့ ထမင်းဖိုးအဖြစ် ပေးစေချင်တယ်"

"ဟဲ့. . . နင့်အဖေရတာ အကုန်ယူတော့ ငါတို့လင်မယား လက်ထဲ ဘာကျန်တော့မှာလဲ"

"အဲဒါတော့ သမီးလည်း မသိဘူး၊ တစ်ယောက်တစ်သောင်းနဲ့ ဘယ်ထမင်းဆိုင်မှာမှ လခပေးစားလို့ မရဘူးဆိုတာ အမေသိပါတယ်"

"မိသန္တာ နင့်စကား လွန်လာပြီနော်၊ ဒါ မိဘကို ပြောရမဲ့ စကားလား"

ကျုပ် မနေသာတော့ အိပ်ရာမှ အသာထပြီး အမယ်ကြီးနှင့် သမီးဆီသို့ သွားကာ-

"သမီးပြောတာ သဘာဝကျပါတယ်ကွာ၊ ပင်စင်နှစ်သောင်း သမီးကို ပေးလိုက်ပါ၊ လက်ထဲမကျန်တော့လဲ တို့မှာ ဘာသုံးစရာရှိလို့လဲ"

"ရှင် လွယ်လွယ်လုပ်ပြန်ပြီလား၊ ရှင်ဟာ. . . "

"တော်တော့ ငါပြောသလိုလုပ်"

ကျုပ် အသံမာလာသဖြင့် အမယ်ကြီး ဘာမျှဆက်မပြောဝံ့တော့။

"ရှင့်သဘောအတိုင်းပါ ရှင်"

အမယ်ကြီးက ငိုမဲ့မဲ့မျက်နှာဖြင့် ထွက်သွား၏။ ကျုပ် အမယ်ကြီးကိုကြည့်ရင်း ကရုဏာသက်သွားမိ၏။ အမယ်ကြီးတစ်ယောက်လင်သား၏ ပင်စင်လစာလေးကို သုံးချင်ရှာပေမပေါ့။

## အခန်း(၅)

တစ်နေ့ အမယ်ကြီးက လှဲနေသောကျုပ်ဘေး၌ လက်ဖက်ရည်ခွက် လာချ ပေး၏။ ကျုပ် လက်ဖက်ရည်ခွက်ကို လှမ်းကြည့်လိုက်တော့ လက်ဖက်ရည်တ အရင်လို ခွက်ပြည့်မဟုတ်၊ တစ်ဝက်သာသာ ရှိ၏။

"လက်ဖက်ရည်က မပြည့်ပါလား၊ မှောက်သွားလို့လားဟင်"

အမယ်ကြီးက ချက်ချင်းမဖြေ၊ ခဏကြာမှ မျက်ရည်များ ရစ်ဝဲရင်း-

"တော့်သမီးက တစ်ထုပ်ကို နှစ်ခါခွဲတိုက်တဲ့၊ တစ်ခါသောက် တစ်ထုပ်ဆို သူ မတတ်နိုင်ဘူးတဲ့"

ကျုပ်ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။ သို့သော် အမယ်ကြီး စိတ်မချမ်းသာ မည်စိုး၍ ဟန်လုပ်ပြုံးကာ-

"သမီးပြောတာလည်း ဟုတ်သား၊ မင်းက အစကတည်းက ဒီလိုဖျော် တိုက်ရမှာ၊ သူ့ခမျာ တို့ကို ထမင်းလည်းကျွေးရ၊ ငါ့အတွက် လက်ဖက်ရည် ဖိုးလည်း ထွက်ရဆိုတော့ ဘယ်အဆင်ပြေရှာမလဲ၊ ငါ့အတွက် ဘာမှ စိတ် မကောင်း မဖြစ်မိပါနဲ့။ ငါက အာသာပြေသောက်ရရင် ရပါတယ်ကွာ"

အမယ်ကြီးက ကျုပ်စကားအဆုံး ကျုပ်အနီးက အပြေးထသွားလေ သည်။ ကျုပ်သိပါသည်၊ အမယ်ကြီး ကွယ်ရာတွင် သွားကာငိုနေမည်ကို၊

## အခန်း(၆)

"ဟဲ့. . . နေခြည်၊ ဒီကိုလာစမ်း"

မြေးငယ်ကို အော်ခေါ်လိုက်သော သမီး၏အသံစာစာကြောင့် မှိန်းနေ ရာမှ လန့်နိုးသွား၏။

"နင်. . . ဒီအပေါ်က လက်ဖက်ရည်ထုပ်တစ်ထုပ် ယူသောက်သေး သလား"

"ဟင့်အင်း. . . မီးမီး မသောက်ဘူး"

"နင်မသောက်လို့ ဒီအပေါ်က လက်ဖက်ရည်ထုပ်က ခြေထောက် ပေါက်ပြီး လမ်းလျှောက်ထွက်သွားမလား မှန်မှန်ပြောစမ်း"



"ဟီး. . . မီးမီး မသောက်ပါဘူးဆို"

ထိုစဉ် အမယ်ကြီး၏ အသံကိုပါ ကျုပ် ထပ်ကြားလိုက်ရပြန်သည်၊

"သမီးရယ်. . . ကလေးက မသောက်ပါဘူးဆို"

"မသောက်ရင် ဒီအထုပ် ဘယ်ရောက်သွားလဲ"

ကျုပ် မနေသာတော့၊ အိပ်ရာထဲမှ လှမ်းပြောလိုက်ရ၏။

"သမီးရေ. . . အဖေဗိုက်အရမ်းဆာလို့ ယူသောက်လိုက်တာပါ"

ကျုပ်က ကိစ္စ အမြန်ပြီးပြတ်သွားအောင် လှမ်းပြောလိုက်သော်လည်း သမီးက စကားမရပ်၊ အမယ်ကြီးအား ဆက်ပြောသံကို ကြားနေရ၏။

"အဖေက လွန်ကိုလွန်တယ်၊ ဗိုက်ကလည်း ဆာလည်းဆာနိုင်လွန်း တယ်၊ ဒီလောက် သမီးတိုက်နေတဲ့ကြားက"

"ဟဲ့. . . သမီး၊ အဖေကို ဒီလိုပြောရသလား၊ နင့်အဖေ အရင်က လက်ဖက်ရည်ကို ဘယ်လောက်သောက်တတ်တယ်ဆိုတာ နင်အသိဆုံး"

"အို. . . အရင်က သူရှာနိုင်လို့ သူသောက်တာ၊ ခု သူ လက်ဖက်ရည် တစ်ခွက်ဖိုးတောင် ရှာနိုင်လို့လား"

နောက်ပိုင်း သမီးနှင့် အမယ်ကြီး ဘာတွေဆက်ပြောသည်ကို ကျုပ်မသိ တော့၊ သမီး၏စကားများက ရင်ထဲသို့ မြားအစင်းစင်းနှင့် ပစ်သကဲ့သို့ နာကျင် စွာ ခံစားနေရ၏။ အခုမှ အမယ်ကြီးပြောခဲ့သော-

"အင်း. . . ရှင်ကတော့ အရာရာကို လွယ်လွယ်သဘောထားပြီး မေတ္တာ တွေ ကြီးမားနေတယ်။ တစ်နေ့ ရှင် ဒုက္ခရောက်လိမ့်မယ်"

ဆိုသော စကားများ မှန်နေပါလားဟု တွေးဖြစ်ပြီး ဝမ်းနည်းနေမိ၏။ သို့သော် သမီးကိုမူ ကျုပ် အပြစ်မတင်မိ။ ကျုပ်ကုသိုလ် ကျုပ်ကံဟုသာ ဖြေတွေး တွေးလိုက်တော့သည်။

## အခန်း(၇)

အမယ်ကြီးတစ်ယောက် ပြုံးရွှင်လန်းဆန်းစွာဖြင့် ကျုပ်အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့လိုက်သည်။ အမယ်ကြီး၏ ညာဘက်လက်တွင် ကိုင်ထား သည်က ကျုပ်အလွန် ကြိုက်နှစ်သက်သော လက်ဖက်ရည် ပေါင်ထုတ်ကြီး တစ်ထုပ်၊ ကျုပ် အမယ်ကြီးကို အံ့ဩစွာကြည့်ရင်း-

"မင်းလက်ထဲက အထုပ်က ငါ့အတွက် သမီးဝယ်ပေးလိုက်တာလား"

အမေကြီးက မျက်နှာတစ်ချက်ပျက်သွားပြီး မဲ့ကာရွဲ့ကာဖြင့် -

"တော်သမီးလား ရှင့်အတွက်ဝယ်ပေးမှာ၊ ဒါ. . . ကျွန်မ ရှင့်အတွက် ဝယ်လာတာ၊ ရှင် အရင်လိုပဲ လက်ဖက်ရည်ကို စိတ်တိုင်းကျ အဝသောက် တော့၊ ရော့. . . ဒီအထုပ်ကို ရှင့်အနားမှာထားပြီး စိတ်ကြိုက်သာ သောက်ပေ တော့"

ကျုပ် အံ့အားသင့်သွား၏။ အမယ်ကြီး ပိုက်ဆံ ဘယ်ကရ၍ ဝယ်လာ သနည်း၊ သူ့တွင် ပိုက်ဆံတစ်ပြားမှမရှိမှန်း ကျုပ်အသိ။

"မင်း မှန်မှန်ပြောစမ်း၊ ငွေဘယ်က ရသလဲ"

အမယ်ကြီး မဖြေ၊ ခဏကြာမှ-

"ဘယ်ကရရပေါ့ရှင်၊ ရှင်သောက်ရရင် ပြီးရော မဟုတ်လား"

"မင်း အမှန်မပြောရင် ငါ မသောက်ဘူး"

ရှင်ဟာလေ လူကသာ မကျန်းမာ၊ မသန်တယ်၊ အသံကတော့ မာရေ တုန်း၊ ကဲ. . . ကျုပ် အမှန်ပြောရင် ရှင်သောက်မလား"

"အေး"

အမယ်ကြီးက ခေါင်းကိုငိုက်ပြီး နှစ်ကိုယ်ကြား ပြောလိုက်သည်။

"ကျွန်မ အဝတ်လျှော်ပြီး ရတဲ့ငွေနဲ့ ဝယ်လာတာ"

"ဘာ. . . အဝတ်လျှော်တယ်. . ."

ကျုပ်ရင်ထဲ ဆို့နင့်သွား၏။ အနှစ်သုံးဆယ်ကျော် ဘာအလုပ်မှ မလုပ် စေခဲ့သော၊ မလုပ်ခဲ့သော အမယ်ကြီး ခုတော့ ကျုပ် လက်ဖက်ရည်ဖိုးအတွက် အသက်(၅၀)ကျော်မှ သူတစ်ပါးအဝတ် သွားလျှော်ရသတဲ့လား။ ကျုပ် မခံစား နိုင်တော့။



"မင်း ဒီလိုလုပ်ပြီးမှ သောက်ရမဲ့ လက်ဘက်ရည်ကို ငါမသောက်ရက်ဘူး၊ နောက်ကို"

ကျုပ်စကားမဆုံးခင် အမယ်ကြီးက ကျုပ်ပါးစပ်ကို သူ့လက်နှင့် လှမ်းပိတ် လိုက်သည်။

"မရဘူး၊ တစ်သက်လုံး ကောင်းခဲ့တဲ့ရှင့်ကို ဒီတစ်ခါတော့ ပြန်ပြီး ကျေးဇူး ဆပ်ပါရစေ။ ရှင့်ကို ချစ်လွန်းလို့ လုပ်တဲ့အလုပ်ကို တစ်ပတ်တစ်ခါတော့ ခွင့်ပြု ပေးပါနော်။ ရှင် ခွင့်မပြု လက်မခံဘူးဆိုရင်တော့ ကျွန်မကို ရှင် မချစ်လို့ပဲ"

အမယ်ကြီးက ပြောရင်း မျက်ရည်များကျလာ၏။ ကျုပ် ခေါင်းခါ၍မရ အောင် အမယ်ကြီးက ချုပ်ကိုင်စကားဆိုလိုက်ချေပြီ။

ကျုပ် ဘာလုပ်ရမလဲ၊ ကျုပ်က အမယ်ကြီးကို အရမ်းချစ်ခဲ့တာ၊ ကျုပ် မတားရက်တော့။

ကျုပ်ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာစဉ်ခဏ အမယ်ကြီး၏ ပဲကြီးရေတွန့်နေသော လက်ချောင်းလေးများအား ဆုပ်ကိုင်ထားလိုက်လေ တော့သည်။

ကာတွန်းမြတ်နိုး



# နီကိုလပ်စ် (သို့) လူသားများကို ရှင်သန်စေသူ

**တင်ထွေးဆက်**

၁၉၉၄၊ စက်တင်ဘာတွင် ဂရီးန်မိသားစုသည် ဥရောပတိုက်သို့ အပျော်ခရီး ထွက်ခဲ့သည်။ မိသားစုတွင် ဖခင် ရက်ဂရီးန်၊ မိခင် မဂ္ဂီဂရီးန်၊ ခုနစ်နှစ်အရွယ် သားကြီး နီကိုလပ်စ်နှင့် သမီးငယ် အယ်လီနာ လေးနှစ်တို့ ပါဝင်ကြသည်။ အမေရိကန် ကာလီဖိုးနီးယားပြည်နယ်မှ ဥရောပသို့ ခရီးထွက်ခဲ့ကြရာ စက်တင်ဘာ ၂၉ ရက်နေ့တွင် အီတလီနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသည်။

မိသားစု၏ ၁၃ ရက်မြောက် ဥရောပခရီးစဉ်အဖြစ် အီတလီနိုင်ငံတွင် အငှားကားဖြင့်သွားနေစဉ် နောက်မှ ကားတစ်စီးက အမီလိုက်လာပြီး သေနတ်ဖြင့် ပစ်သည်။ မဂ္ဂီ ရုတ်တရက်နိုးလာပြီးနောက် ကားပေါ်တွင် သေနတ်ကိုင် မျက်နှာဖုံးစွပ်နှင့်လူကို မြင်လိုက်ရသည်။ အဝေးပြေးကားများကို တိုက်သည့် ဓားပြများ ဖြစ်ပုံရသည်။

"မောင်း. . . မောင်း၊ မြန်မြန်မောင်း၊ ဓားပြတွေ၊ ဓားပြတွေ"

ဟု မဂ္ဂီက အော်လိုက်ရာ ယောက်ျားဖြစ်သူရက်(ဂ်)က ကားကို မိုင်ကုန်မောင်းသည်။

မကြာမီ ဓားပြများကားက မီလာပြီး သေနတ်များဖြင့်ပစ်သည်။ ကားပြုတင်းမှန်များကို သေနတ်မှန်ပြီး ကားထဲတွင် မှန်ကွဲစများ ဖွေးသွားသည်။ အာလီနာ လန့်နိုးလာသည်။ မဂ္ဂီက-

"သမီးလေး. . . အိပ်၊ အိပ် ဘာမှမဖြစ်ဘူး။ အိပ်"

ဟုပြောရင်း မှန်ကွဲစများကိုဖယ်၍ အယ်လီနာကို ကုတ်အင်္ကျီဖြင့်အုပ်ထားလိုက်သည်။ နီကိုလပ်စ်တစ်ယောက်ကတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

ဂရီးန်မိသားစုသည် အီတလီသို့ တတိယအကြိမ် လာခြင်းဖြစ်သည်။ အကုန်အကျ သက်သာပြီး ခရီးတွင်အောင် ညခရီးထွက်ရင်း အန္တရာယ်နှင့် မမျှော်လင့်ဘဲ ကြုံတွေ့ရခြင်းဖြစ်သည်။ ရက်(ဂ်)သည် ဗြိတိန်နိုင်ငံတွင် မွေးဖွားသူ၊ ယခု ကာလီဖိုးနီးယားတွင် သတင်းစာ အယ်ဒီတာ လုပ်နေသူဖြစ်သည်။

ဓားပြများ ဆက်လိုက်မလာတော့၊ လက်လျှော့သွားပုံရပါသည်။ ကားကို ရပ်၍ နီကိုလပ်စ်ကို နှိုးကြည့်ရာ အိပ်ပျော်နေသည်ကို တွေ့ရသည်။ သေချာစစ်ကြည့်ရာ ဆံပင်ထဲတွင်သွေးစများ တွေ့ရသည်။ မှန်ကွဲများ စူးသလားကြည့်ရာ ခေါင်းတွင် သေနတ်ဒဏ်ရာပုံစံ အပေါက်တစ်ခုတွေ့ရ၍ အမြန်ဆေးရုံပို့ကြသည်။ အရေးပေါ်ကုသခန်းထဲသို့ ချက်ချင်းသွင်းသွားကြသည်။ ဖခင်ဖြစ်သူ ရက်(ဂ်)က သားနိုးလာသည့်အခါ တစိမ်းတွေကြားမှာ စိတ်အားမငယ်အောင် သားခြုံနေကျ၊ ခင်းအိပ်နေကျ သိုးရေ ခလေးစောင်ကို ထည့်ပေးလိုက်သည်။

ဂရီးန်မိသားစုက နီကိုလပ်စ်ကို အပြင်ကပဲ ကြည့်ခွင့်ရသည်။ မကြာမီ အပြင်သို့ ဆရာဝန်အဖွဲ့ခေါင်းဆောင် အာရုံကြောပါရဂူဆရာဝန်ကြီးထွက်လာပြီး-

"ကျွန်တော် စိတ်မကောင်းပါဘူးခင်ဗျာ၊ ကျည်ဆံက ညာဘက် နားထင်အထက်က ဦးနှောက်ထဲကိုဝင်သွားပြီး ခု ဦးနှောက်အလယ်မှာရောက်နေတယ်။ လောလောဆယ် လုပ်နိုင်တာက စောင့်ကြည့်ပြီး သူ့ကို အနားပေးထားဖို့ပါပဲ"

ဟု ရှင်းပြသည်။ရက်(ဂ်)နှင့် မဂ္ဂီက အမေရိကသို့ ပြန်ခေါ်သွားလိုကြသည်။ ကိုယ့်တိုင်းပြည် ကိုယ့်ပတ်ဝန်းကျင်မှာပဲ ကုသလိုသည်။ နွေးနွေးထွေးထွေး နှစ်သိမ့်မပေးနိုင်ဘဲ ထိုင်ကြည့်မနေနိုင်။

နောက်တစ်နေ့ ထူးခြားမှု မရှိ၊ တိုးတက်မှု မရှိ၊ ၅ မိနစ်ကြာ ကြည့်ခွင့်ရသည်။ ထို့နောက် အခန်းတစ်ခုတွင် နီကိုလပ်စ်အား ကုသနေသော ဆရာဝန်အဖွဲ့နှင့် တွေ့ဆုံခွင့်ရသည်။ ဆရာဝန်များ၊ ဂရီးန် လင်မယားနှင့် မျက်နှာချင်း မဆိုင်ရဲကြ။ ထိုသို့ မည်သူကမျှ မပြောဘဲ ငြိမ်သက်နေစဉ် အရေးပေါ်ကုသမှုဌာန ခေါင်းဆောင် ဒေါက်တာ ရိုစာရီယိုဒီဆဲလ်ဗိုက-

"ဝမ်းနည်းပါတယ်. . . မစ္စတာဂရီးန်နဲ့ မစ္စက်ဂရီးန်တို့ခင်ဗျာ နီကိုလပ်စ်ရဲ့ ဦးနှောက်က သေသွားပါပြီ" ဟု ငြင်သာစွာ ပြောလိုက်သည်။

"လေကာမှန် ခံနေလို့သာ ခုထိ အသက်ရှင်နေတာပါ မျှော်လင့်ချက်မရှိတော့ပါဘူး"



ဟု စကားပြန်မှတစ်ဆင့် ပြောကြားလိုက်ရာ အခန်းထဲတွင် ကြောက်မက်ဖွယ် အေးစက်ငြိမ်သက်မှုက ကြီးစိုးသွားခဲ့သည်။

မဂ္ဂီတစ်ယောက်- "ဦးနှောက်သေသွားပြီ"

ဟူသော အသံကိုကြားလိုက်သည့်အခါ ရက်(ဂ်)ကိုဖက်၍ ငိုချလိုက်သည်။ တစ်ဦးလက်ကို တစ်ဦး တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ထိတ်လန့်မှု၊ မယုံကြည်နိုင်မှုများတွင် နစ်မြုပ်သွားကြသည်။ လင်မယားချင်း ခေါင်းချင်းဆိုင်၍ တစ်စုံတစ်ခုကို တီးတိုးပြောနေကြသည်။ ခဏအကြာတွင် ရက်(ဂ်)သည် မတ်တပ်ရပ်လိုက်ပြီး ဒေါက်တာဆဲလ်ဗိုအား-

"ကျွန်တော်တို့ သူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေကို လှူချင်ပါတယ်"

ဟု မည်သူမျှ မျှော်လင့်မထားသော စကားကို ပြောချလိုက်သည်။

နီကိုလပ်စ်၏ သတင်းသည် အီတလီ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားသည်။ ကလေးငယ်တစ်ဦးအား ဤသို့သတ်ဖြတ်ခြင်းသည် ရှက်ဖွယ်လိလိဖြစ်ကြောင်း ပြောဆိုရေးသားကြသည်။ သို့သော် ဂရိ(န်)မိသားစု၏ ရက်ရက်ရောရောစွန့်လှူရဲသည့် အလှူသတင်းကို အားလုံးက တအံ့တသြ ဖြစ်ကြသည်။ နီကိုလပ်စ်၏ ကိုယ်အင်္ဂါများဖြစ်သော နှလုံး၊ အသည်း၊ မျက်ကြည်လွှာ၊ ကျောက်ကပ်နှင့် သရက်ရွက်မှ ဆဲလ်တို့ကို ဝေဒနာရှင်ခုနစ်ဦးတို့က လက်ခံယူကြမည်ဖြစ်သည်။ အီတလီလူမျိုးများက ဂရီး(န်)မိသားစု၏ ရက်ရောမှု၊ မစ္ဆရိယစိတ်၊ မနာလိုစိတ်၊ အာဃာတစိတ် ကင်းမဲ့မှုတို့ကို တအံ့တသြ ချီးကျူးထောပနာ ပြုကြသည်။

နီကိုလပ်စ်၏ အသည်းကို အသက် (၁၉)နှစ်အရွယ် မရီယာပီယာပက်လာက လက်ခံရယူမည်ဖြစ်သည်။ သူမသည် အသည်းရောဂါ ဝေဒနာရှင်ဖြစ်ပြီး အသည်းအစားမထိုးနိုင်လျှင် (၂)ရက်အကြာတွင် သေဆုံးမည့်သူဖြစ်သည်။ ထို့ပြင် အောက်တိုဘာလ ၂ ရက်နေ့တွင် နှလုံးအထူးကု သမားတော်အဖွဲ့သည် နီကိုလပ်စ်၏ သန့်ရှင်းသန်မာနုပျိုလှသော နှလုံးကို ရောမမြို့မှ အသက် (၁၅)နှစ်အရွယ် နှလုံးရောဂါဝေဒနာသည် အဲဒရီယာ မွန်ဂီယာဒိုထံသို့ လွှဲပြောင်း အစားထိုးကုသမည်ဖြစ်သည်။ ထိုနေ့မှာပင် နီကိုလပ်စ်၏ ကျောက်ကပ်နှစ်လုံးကို အသက် (၁၁)နှစ်အရွယ် တီနိုမော်တာ နှင့် အသက် (၁၄)နှစ်အရွယ် အဲနာမရီယာ ဒိုင်ဆက်ကလိုင်တို့က လက်ခံရယူကြမည် ဖြစ်ပေသည်။

မျက်ကြည်လွှာများကိုမူ အစားထိုးကုသရန် ၅ နှစ်ကြာ စောင့်ဆိုင်းနေခဲ့သော အသက် ၂၄နှစ်အရွယ် ဒိုမီနီကာဂယ်လက်တာနှင့် အသက် ၃၃ နှစ်

အရွယ် ဖရန်စကိုမွန်ဒယ်လိုတို့က ရရှိကြမည်ဖြစ်သည်။ ထို့ပြင် နီကိုးလပ်စ်
၏ သရက်ရွက်မှ ကလာပ်စည်းများကိုမူ ဆီးချိုရောဂါဝေဒနာရှင် အသက်
(၃၁)နှစ်အရွယ် အမျိုးသမီးတစ်ဦးက လက်ခံရယူမည် ဖြစ်ပေသည်။

ဤသို့သော ရဲရင့်ပြတ်သားပြီး ရက်ရောလှသော စွန့်လွှတ်မှုကြောင့်
အီတလီတစ်နိုင်ငံလုံးတွင် ဂရီးန်မိသားစုသည် တမဟုတ်ချင်း ကျော်ကြားသွား
ခဲ့သည်။ လမ်းမများပေါ်တွင် တွေ့သူတိုင်းက သူတို့အား နှုတ်ဆက်ကြသည်။
အီတလီမှ အမေရိကသို့ မပြန်မီ အီတလီနိုင်ငံ သမ္မတကြီး လျူဂီစကာဖရိုက
နိုင်ငံ၏ အမြင့်ဆုံး လူမှုထူးချွန်ဆု ရွှေတံဆိပ် ချီးမြှင့်ခဲ့သည်။

အောက်တိုဘာ ၈ ရက်နေ့တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှ
၆၈ မိုင်ဝေးသော ဘိုဒီဂါရွာ ကက်သလစ်ဘုရားရှိခိုးကျောင်း အနီးရှိ သုသာန်
တွင် နီကိုလပ်စ်အား သင်္ဂြိုဟ်ခဲ့ကြသည်။ သင်္ဂြိုဟ်ပြီးနောက် ရက်ပေါင်း
အတော်ကြာသည်အထိ အီတလီ၊ အမေရိကန်နှင့် ကမ္ဘာတစ်ဝှမ်းလုံးမှ စာများ
သံကြိုးစာများ၊ တယ်လီဖုန်းများဖြင့် ဆက်သွယ်ပြီး ဂရီး(န်)မိသားစု၏ ရက်ရော
လှသော ဆုံးဖြတ်ချက်ကို ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

အီတလီနိုင်ငံသည် ဥရောပတိုက်တွင် ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်း
မှု အနည်းဆုံးနိုင်ငံ ဖြစ်ခဲ့သော်လည်း ၁၉၉၅ နှင့် ၁၉၉၆ ခုနှစ်များတွင် ကိုယ်
အင်္ဂါ အစိတ်အပိုင်း လှူဒါန်းမှု လေးဆခန့် ခုန်တက်သွားခဲ့သည်။ ထို့ကြောင့်
ယင်းဖြစ်ရပ်ကို *နီကိုလပ်စ် အကျိုးဆက်များ* ဟုပင် ပြောစမှတ်ပြုခဲ့ကြလေ
သည်။ နီကိုလပ်စ်၏ သတင်းကို ရုပ်မြင်သံကြားတွင်ကြည့်ပြီး ၁၅ နှစ်သား
အရွယ် အီတလီကျောင်းသားငယ်တစ်ဦးက သားလည်းလှူမယ် ဟု သူ့အမေ
အား ပြောခဲ့သည်။(သားတစ်ခုခုဖြစ်သွားရင်)။ တစ်လခန့်အကြာတွင် ထူးဆန်း
စွာပင် ကျောင်းသားငယ်သည် ကားတိုက်ခံရပြီး သေဆုံးသွားခဲ့သည်။ သူ၏
ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို လှူပြီးနောက် သူ့အမေက-

"သားလေးကသာ မပြောခဲ့ဖူးဆိုရင် ကျွန်မ ဘယ်လိုမှ လှူဖြစ်မှာမဟုတ်
ပါဘူး၊ သားလေးရဲ့ဆန္ဒမို့ ဖြည့်ဆည်းပေးရတာပါ" ဟု ပြောခဲ့သည်။

၁၉၉၅ ခုနှစ် အောက်တိုဘာလတွင် ဂရီးန်မိသားစုသည် အီတလီနိုင်ငံ
သို့ သွားရောက်လည်ပတ်ကြရာ နေရာဒေသ အသီးသီးမှ ဂုဏ်ပြုရန်
ဖိတ်ကြားကြသည်။ ဝမ်းနည်းဖွယ်ရာအဖြစ်ဆိုး ဖြစ်ခဲ့ရသည့် နေရာသို့သွား



၍ ဆုတောင်းပွဲပြုလုပ်ရာ တက်ရောက်လာသူ ရွာသားတစ်ဦးက-

"မိတ်ဆွေတို့ရဲ့ အသက်အလှူအတွက် ကျေးဇူးတင်ပါတယ်"

ဟု ပြောကြားခဲ့ပေသည်။

ထို့နောက် ဂရီးန်မိသားစုသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းပွဲတစ်ခု
သို့ တက်ရောက်စကားပြောကြားရန် ဖိတ်ကြားခံရသည်။ ထိုပွဲတွင် ရက်(ဂ်)က-

"လွန်ခဲ့တဲ့တစ်နှစ်က ကျွန်တော်တို့ လာဘရီယာကိုဖြတ်သွားတုန်း သေနတ်
သမားတစ်ယောက်ပစ်လို့ ကျွန်တော့်သားလေး နီကိုးလပ်စ် သေဆုံးသွားခဲ့ပါ
တယ်။ သူဟာ အီတလီနိုင်ငံကို အလွန်ချစ်မြတ်နိုးသူပါ။ အထူးသဖြင့် ဒီနိုင်ငံရဲ့
စစ်သမိုင်းကို သဘောကျသူပါ။ သူကိုယ်သူ ရာဇဝင်ထဲက ရောမစစ်သည်
တော်ကြီးလို့ စိတ်ကူးယဉ်ပြီး ဒီကိုလာခဲ့တာပါ။ သူတိုင်းပြည်ကို သူပြန်လာတာ
လို့ စိတ်ကူးယဉ်နေခဲ့တာပါ။ သူဟာ ကျော်ကြားလွန်းလို့ သူ့အကြောင်း သီချင်း
တွေစပ်၊ ကဗျာတွေရွတ်ကြ၊ အမှတ်တရ ရုပ်တုတွေတောင် ထုကြတယ်လို့
စိတ်ကူးယဉ်ခဲ့တာပါ။ သူ့စိတ်ကူးတွေဟာ ထူးထူးဆန်းဆန်းနဲ့ တကယ်ဖြစ်လာ
ခဲ့တာပါ။ ဒါပေမဲ့ ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်ဆိုးနဲ့ ကြုံတွေ့ပြီးဖြစ်ခဲ့တာပါ"

ဟု ပြောကြားခဲ့သည်။ ဂရီးန်မိသားစုအတွက် ထိုအချိန်တွင် သားငယ်
နီကိုလပ်စ်တစ်ယောက် မိသားစုနှင့်အတူ ရှိနေသည်ဟု ခံစားကြရပေသည်။

လှူဒါန်းပွဲအပြီးတွင် ပရိသတ်အတွင်းမှ အမျိုးသမီးငယ်တစ်ဦးထွက်လာ
ပြီး ဂရီးန်မိသားစုအား အားပါးတရ ဖက်ရမ်းနှုတ်ဆက်ပြီး-

"နီကိုလပ်စ်ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းများနဲ့ ဆက်လက်အသက်ရှင်
သန်နေသူ အားလုံးကိုယ်စား ကျွန်မပြောချင်တာက ဒီနေ့ ကျွန်မအသက်ရှင်
နေတာ နီကိုလပ်စ်နဲ့ သူ့ရဲ့မိသားစုကြောင့် ဖြစ်ပါတယ်။ ကျွန်မရဲ့အသက်ရှင်
ရပ်တည်မှုကို ပေးတဲ့ နီကိုးလပ်စ်နဲ့ မိသားစုကို အစဉ်ထာဝရ ကျေးဇူးတင်
ပါတယ်။ *နီကိုလပ်စ်ရေ မင်းဟာ ငါတို့အီတလီပြည်သူတွေရဲ့ နှလုံးသားမှာ
ထာဝရ ရှင်သန်နေတဲ့ နီကိုလပ်စ် ဖြစ်ပါတယ်* ဟု ပြောကြားခဲ့သည်။

Reader Digest - 5/ 97, Page-83

The Nicholas Effect by ..... Kiener Robert

ဆီလျော်အောင် ပြန်ဆိုပါသည်။

တင်ထွေးဆက်




# ဘဝကိုအရှုံးမပေး အလှပိုအပြုံးလေးဖြင့်သာ

*ကျော်ခိုင်ခန့်*

ဟွမ်း ခွန်-ရှန် (Hsien Kun-shan) တစ်ယောက် ၁၂ နှစ်သား အရွယ်ပင် ရှိနေသော်ငြား စားဝတ်နေရေးအတွက် သိမြင်နားလည်သဘော ပေါက်နေ သည်မို့ တရုတ်(တိုင်ပေ)ဒေသ အရှေ့ဘက်ကမ်းခြေရှိ နေအိမ်မှ အလုပ်ခွင်သို့ သွားရသည်။ အချိန်တိုက်စားမှုဖြင့် ဟွမ်းတစ်ယောက် အသက် ၁၅နှစ်သား သို့ပင် ရောက်လာသည်။ နိုင်ငံခြား ပို့ကုန်အထည်ချုပ် လုပ်ငန်းတစ်ခုမှာပင် တစ်လလျှင် စင်ကာပူဒေါ်လာ ၃၀ လောက် လုပ်အားခရဖို့အရေး ကြိုးစားနေ ရသည့် ဘဝသမား ဖြစ်နေသည်။ သူ၏ အလုပ်ရှင်ကလည်း စီးပွားရေး လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်ရေးကိုသာ ဆုံးဖြတ်လေ့ရှိသည်။

သလင်းကျောက်တုံးတစ်ခုကို ကြည့်ရမြင်ရသည့်အခါ ရှင်းရှင်းလင်းလင်း မြင်ရသလိုမျိုး မတ်လ၏နံနက်ခင်းဝယ် ဟွမ်းခွန်-ရှန်နှင့် သူငယ်ချင်းများသည် သီးခြားစီပင် ရေနွေးငွေ့စိမ်ထားသည့် သံချောင်းများနှင့် အခြားသောပစ္စည်း ကိရိယာများကို ဂရုတစိုက် ပြုလုပ်နေကြသည်။ ဤလုပ်ငန်းခွင်သည် သူတို့ တတွေအနေဖြင့် နေရာသစ်တစ်ခုမှာ လုပ်နေရသကဲ့သို့ အားအင်စိုက်ထုတ် နေရသည်။ ထိုအခိုက် ၃မီတာ(၉ပေကျော်)အရှည်ဖြတ်ထားသည့် ပိုက်လုံး တစ်ခုကို ကြိုးဖြင့်ဆွဲတင်ရန် ဟွမ်တစ်ယောက် တတိယအထပ်ရှိ ဝရံတာ ပေါ်သို့ တက်ရန်အတွက် လက်နှစ်ဖက်ဖြင့် လှမ်းဆွဲလိုက်သည်။

" ငါ့လက်ကို လှမ်းဆွဲလေကွာ "

ဟု ဗလတောင့်တောင့် သူငယ်ချင်းတစ်ယောက်က အော်ပြောလိုက် သည်။

" ငါတက်နိုင်ပါတယ်ကွ"

ဟု ဟွမ်းက ပြန်ပြောလိုက်သည်။

မတ်တပ်ရပ်နိုင်ချိန်မှာတော့ ဟွမ်းတစ်ယောက် လှေကားလက်ရန်းပေါ် ရောက်နေသည်။ သူ၏ လက်နှစ်ဖက်ဖြင့် သတ္တုပိုက်လုံးကို ကိုင်တွယ်ဖို့ ခက်နေသော်လည်း မိမိရရ ဆုပ်ကိုင်လိုက်သည်။ လူအများရှိရာ အောက်ထပ် သို့ရောက်အောင် ပိုက်လုံးကို ဆွဲချပေးလိုက်သော်လည်း ပိုက်လုံးမှာ လွန်းထိုး လှုပ်ရှားသွားပြီး လျှပ်စီးလမ်းကြောင်းအတွင်းသို့ ဝင်သွားကာ အသံတွေ မြည်ကုန်သည်။ အသံတွေ နောက်ထပ်မြည်လာပြီး လျှပ်စီးကြောင်းထ ပိုက်လုံးကို ဖြတ်သန်းစီးဝင်သွားသည်။

အောက်ထပ်မှာရှိနေကြသည့် သူ၏လုပ်ဖော်ကိုင်ဖက်များက အပေါ်ကို လှမ်းကြည့်လိုက်ကြပြီး ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ဟွမ်း၏ ခန္ဓာကိုယ် မှာ တောင့်တင်းနေသလို ဖြစ်နေသည်။ သူ မတော်တဆ ကိုင်ထားမိနေသည် က လျှပ်စီးစက်ကွင်းထဲက ပိုက်လုံးဖြစ်နေပြီး လျှပ်စစ်က ဆွဲအားဖြစ်နေ၍ သူ့ကို ချုပ်ထားသလို ဖြစ်နေပြန်သည်။ ဟွမ်း၏ အသားအရေများသည် ဆီပူအိုးထဲ ထည့်ထားသည့်အသားလို ဆူပွက်နေသည်၊ သူ၏ပါးစပ်မှ ညည်းညူသံ တိုးတိုးထွက်နေပြီး လှုပ်ရှားနေသည်။ခန္ဓာကိုယ်ကလည်း အနက် ရောင်သို့ ပြောင်းလဲသွားတော့သည်။ ထို့နောက်မှာတော့ သူ ပျော့ခွေကျသွား သည်၊ စက်ရုံဝန်ထမ်းများက ဟွမ်းကို သယ်ဆောင်ကာ ဆေးရုံကားပေါ် တင်လိုက်ကြသည်။ လေထုထဲမှာတော့ လောလောလတ်လတ် လောင်ကျွမ်း သွားသည့် အနံ့တစ်မျိုးက စွဲလို့ကျန်ရစ်ခဲ့သည်။

ဆေးရုံသို့ရောက်ပြီးနောက်မှာတော့ ဟွမ်းတစ်ယောက် သတိရလာချိန် တွင် ဟွမ်း၏အမေမှာ ကျလာတော့မည့် မျက်ရည်များကို ချုပ်တည်းထားနေ သည်။ ဒါကိုမြင်လိုက်တော့ ဟွမ်းက ခုတင်လက်ရန်းကို လှမ်းကိုင်ပြီး သူ့ကိုယ် သူ ထူမတ်ဖို့ ကြိုးစားလိုက်သည်။ သို့သော် သူ့လက်နှစ်ဖက်က ခုတင် လက်ရန်းကို ကိုင်လို့မရဘဲ နှလုံးကလည်း တဒိတ်ဒိတ် ခုန်နေတာကို ခံစား



သည်။ သူ၏ညာဘက်ခြေထောက်မှာလည်း ချွန်ထက်သည့် အရာတစ်ခုနှင့် ထိုးထားသလို ဝေဒနာတစ်မျိုး ခံစားနေရသည်။

"မီးလောင်ကျွမ်းသွားတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ပြန်ကောင်း သွားဖို့တော့ ကျွန်တော်တို့ မတတ်နိုင်တော့လို့ သူ့ရဲ့လက်နှစ်ဖက်နဲ့ ညာဘက် ခြေတစ်ချောင်းကို ဖြတ်ပစ်လိုက်ရတယ်"

ဟု ဆရာဝန်များက သူ၏အမေကို ရှင်းပြနေသည့်အချိန်မှာ သူက ခုတင် ပေါ်မှာ သတိရနေချိန် ဖြစ်နေသဖြင့် အတိုင်းသား ကြားလိုက်ရသည်။

"ခြေတွေ လက်တွေ မရှိတော့ဘဲနဲ့ သူ ဘယ်လိုနေရတော့မှာလဲ၊ သူ့ခြေ လက်တွေကို ကုသဖို့ တခြားနည်းလမ်းတွေကော မရှိတော့ဘူးလား"

ဟု အမေဖြစ်သူက ဆရာဝန်များကို ငိုယိုပြီး မေးနေသည်ကိုလည်း သူ ကြားနေရသည်။ ဆရာဝန်များကတော့ အသက်ရှင်ဖို့အတွက် အကောင်းဆုံး နည်းလမ်းကို ရွေးချယ်လိုက်ရခြင်းဖြစ်ကြောင်း အားပေးစကား ပြောကြားပြီး အခန်းထဲမှ ထွက်သွားကြသည်။ အခန်းထဲမှာတော့ သတိရပြီး နိုးနေသည့် သားနှင့် ငိုယိုနေသည့် မိခင်မှတစ်ပါး အခြားမရှိတော့။

ဒီအခြေအနေက သူ ဘယ်တုန်းကမှ မျှော်လင့်မထားသည့် ဘဝတစ်ခု ဖြစ်လို့နေသည်။ ကံဆိုးမိုးမှောင်ကျပြီး ဒုက္ခိတဘဝသို့ ရောက်သွားပြီဖြစ် ကြောင်း သူတွေးနေရင်း ကြောက်စိတ်တို့က ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်း ထားသကဲ့သို့ သူ ခံစားလိုက်ရသည်။ ဦးခေါင်းတို့လေးလံလာပြီး မျက်လုံး ပြာဝေလာသည်၊ နောက်တော့ သူဘာမျှမသိဘဲ အိပ်ပျော်သလိုဖြစ်သွား သည်။

ဤသို့ဖြင့် တုန်လှုပ်ချောက်ချားဖွယ်ရာသော နေ့ရက်တို့ ကုန်ဆုံးသွားခဲ့ပြီး ဟွမ်း၏မိဘများသည် ကျသင့်သော ဆေးဖိုးဝါးခများအတွက် စိတ်ချရသည့် နေရာမှချေးကာ ကြိုးစားပေးခဲ့ကြရသည်။ အခြားသော ဆရာဝန်များနှင့် လည်း ညှိနှိုင်းတိုင်ပင် ကုသမှုပြုခဲ့ကြသည်။ နောက်ဆုံးမှာတော့ ဟွမ်း၏ အခြေအနေမှာ ပြန်လည်ကောင်းမွန်လာမှု မရှိနိုင်တော့ဘဲ သေရာပါ အမှတ် အသားတစ်ခုအဖြစ် ရှိနေမည်ကိုသာ နားလည်သဘောပေါက် လက်ခံ လိုက်ကြရတော့သည်။

"အင်းလေ. . . ဘာပြဿနာမှ မရှိတော့ပါဘူး။ သူ့ကို ကယ်တင်နိုင်မယ့်

ကိစ္စတွေတော့ ကျွန်မတို့ ကြိုးစားနိုင်ဦးမှာပါပဲ"

ဟု အမေက ဆရာဝန်များကို ပြောလိုက်လေတော့သည်။ ဆရာဝန်များသည် ဟွမ်း၏ ဘယ်ဘက်လက်ကို လက်မောင်းရင်းမှ ဖြတ်ပစ်လိုက်ကြရပြီး ညာဘက်လက်ကိုမူ လက်မောင်းရှေ့ကြွက်သားအလယ်နေရာလောက်က ဖြတ်ပစ်လိုက်ကြရသည်။ ညာဘက်ခြေထောက်ကိုမူ ဒူးခေါင်းအောက်မှ ဖြတ်ပစ်လိုက်ကြရသည်။ သို့ရာတွင် သားငယ်၏ ကြုံတွေ့မှုကတော့ မိခင်အတွက် နှလုံးသားကို ခြေမွလိုက်ဘိသကဲ့သို့ ခံစားရပေသည်။

"ကျွန်တော့်ဘဝကတော့ မရတော့ဘူး ထင်ပါတယ်အမေရယ်"

ဟု ဟွမ်း၏ နှုတ်က လေသံပျော့ပျော့ ထွက်လာသည်။

ထိုအချိန်သည် ခရစ်နှစ် ၁၉၇၄ခုနှစ်၊ ဟွမ်း၏ အသက် ၁၆ နှစ်ထဲမှာ

အိမ်ပြန်ရောက်တော့ ဟွမ်းအမေခင်မျာမှာ အလုပ်လိုလာလေတော့သည်။ ညပေါင်းများစွာ ကူညီမည့်သူမဲ့နေသည့် သူ့သားအတွက် အစားအစာကျွေးဖို့ ကိစ္စ၊ မနက်တိုင်းလည်း ရေချိုးအဝတ်အစားလဲ ပြီးရင် မနက်စာကျွေး စသည့် ကိစ္စတို့ကို လုပ်ပေးရလေသည်။ ဟွမ်းတစ်ယောက် ဆုံးဖြတ်ချက်တစ်ခု ချ တော့မည်။ ကိုယ့်အားကိုယ်ကိုးရေး လမ်းစဉ်ပင် ဖြစ်တော့သည်။

"ကျွန်တော့်ရဲ့ ညာဘက်လက်မောင်းငုတ်တိုလေးမှာ တစ်ခုခု ချိတ်နိုင်ရင် တော့ ဇွန်းကို ကိုင်လို့ရမယ်နဲ့ တူတယ်"

ဟု သူ၏အဖေကို ပြောမိသည်။ လူငယ်ပြန်လည်သန်စွမ်းရေးလုပ်ငန်းခွင်မှ အဘိုးအိုတစ်ဦးက ကိရိယာအတုတစ်ခုကို ဟွမ်း၏ ညာဘက်လက်မောင်း သား၌ သက်သောင့်သက်သာရှိစေရန် တပ်ဆင်ပေးသည်။ ၎င်းပစ္စည်းမှာ ရေရှည်အသုံးပြုနိုင်ပြီး လက်နက်တစ်ခုလို အသုံးဝင်လေသည်။ ကိရိယာ၏ ထိပ်၌ ဇွန်းပုံသဏ္ဌာန်မျိုး သေချာစွာပြုလုပ်ပေးထားသည့်အတွက် အစား အသောက်ကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့စားသောက်နိုင်လာသည်။ နောက် ပိုင်းတွင် ဟွမ်း၏မိဘများက ခြေထောက်အတွက်ပါ တပ်ဆင်ပေးနိုင်ခဲ့သဖြင့် သူ့ဘာသာသူ ရေချိုးနိုင်လာသည်။

ဟွမ်းတစ်ယောက် မတော်တဆဖြစ်ပြီးနောက်ပိုင်း သူ့ဘာသာသူ ပထမဆုံး တစ်ယောက်တည်း ရေချိုးပြီးချိန်တွင်-



"မင်းကိုယ်ပေါ်က ရေတွေကို ခြောက်သွားအောင် ဘယ်လိုလုပ်မလဲ"

ဟု အမေက မေးရာ ဟွမ်းက

"ဒါလား. . . လွယ်ပါတယ် အမေရဲ့၊ အကျီကိုဖိပြီး လှိမ့်လိုက်တာပေါ့။ ဒီတော့ ခြောက်သွားအောင် အကျီက လုပ်ပေးသလို ဖြစ်သွားရော"

ဟု ပြောလိုက်သော်လည်း အမေခင်မျာမှာ သူ့သားဖြစ်အင်ကို မရယ်ချင် လောက်အောင် ခံစားသွားရသည်။ ဟွမ်း မတော်တဆဖြစ်ပြီး မကြာမတင်မှာ ပင် သူ၏အိမ်နီးနားချင်းများက ဟွမ်းတစ်ယောက် ပြန်ကောင်းလာနိုင်အောင် ကြိုးစားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးကြသည်ကလည်း ဟွမ်း သာမက မိသားစုများပါ မျက်ရည်ဝဲခဲ့ကြသည်။

"ဈေးတွေမှာ ညဘက် တောင်းရမ်းမယ်ဆိုရင် ဒါမှမဟုတ် ဘုံကျောင်း တစ်ခုရဲ့ရှေ့မှာလှဲပြီး တောင်းမယ်ဆိုရင် ဝင်ငွေတောင်ရဦးမှာ"

ဟု အိမ်နီးနားချင်းအချို့က ပြောဆိုလာသော်လည်း ဟွမ်းကမူ ဒါမျိုး အပြုအမူမျိုး မလုပ်ခဲ့။

"ကျွန်တော့်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း သုံးခု ဆုံးရှုံးခဲ့ပြီးပါပြီဗျာ။ နောက်ထပ် ကျွန်တော့်ဂုဏ်သိက္ခာကို အဆုံးရှုံးမခံတော့ပါဘူး"

ဟု ဆိုခဲ့သည်။

တစ်ခုသော ညနေတွင် ဟွမ်းသည် ကျောင်းမှပေးလိုက်သော အိမ်စာ များ လုပ်နေသည့် ညီမလေးအား ကြည့်နေသည့်အခိုက် ဟွမ်းက သူ၏ ပါးစပ်ဖြင့် ဘောလ်ပင်ကို ကိုက်ကာ စာရေးနိုင်မည့်သဘောကို တွေးမိသွား သည်။ ဒီအလုပ်ကို သူ ပထမဆုံး စလုပ်ခါစက သူ၏သွားများမှာ နာကျင် ကိုက်ခဲမှုများနှင့် ကြုံတွေ့ရသော်လည်း လပေါင်းများစွာ လက်တွေ့လုပ်ကိုင် ပြီးနောက်မှာတော့ အရုပ်ပုံစံ သေးသေးလေးများကအစ သပ်သပ်ရပ်ရပ် ရေး ဆွဲနိုင်လာခဲ့သည်။ ဟွမ်းတစ်ယောက် ကားရုပ်ပုံများ ဆွဲနိုင်လာသည့်အခါ သူ့အတွက် ကြီးမားသော စိန်ခေါ်မှုများကို မျှော်လင့်သူတစ်ယောက် ဖြစ်လာ သည်။

"သရုပ်ဖော်အနုပညာပုံတွေ ဆွဲနိုင်အောင် လေ့လာပြီးရင် ကျွန်တော့်ဘဝ ကို ရပ်တည်နိုင်ပြီပေါ့"

ဟု မိဘများကို ပြောပြသည်။ စာရေး စာဖတ်မတတ်သည့် မိဘများ

ခမျာ သားဖြစ်သူ မသန်စွမ်းသူ၏ စကားအရ ရရှိလာမည့်လုပ်အားခမှာ ဘဝရပ်တည်မှုအတွက် အဆင်ပြေနိုင်မည်ဆိုသည်ကို မတွေးနိုင် ဖြစ်နေသည်။ သို့သော် ဟွမ်းမှာ သူ၏ဘဝကို ပုံဆွဲခြင်းနှင့် ဆေးရေးခြယ်ခြင်း အနုပညာလုပ်ငန်း၌ မြုပ်နှံရန် အိမ်မှထွက်ခွာသွားသည်ကိုပင် မိဘများခမျာ မတားနိုင်ခဲ့ရှာပေ။

နောက်ပိုင်းတွင် ဟွမ်းသည် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလိုက်သော အစီအစဉ်တစ်ခုကို ကြည့်ရှုလိုက်မိသည်။ ၎င်းအစီအစဉ်မှာ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ လုပ်ပြတိုက်၌ ပြင်သစ်ပန်းချီကျော် ရေးနွားဆန်စီ၏ အကောင်းဆုံးပန်းချီလက်ရာများ ပြသထားပုံအကြောင်းဖြစ်သည်။ ဤတွင် ဟွမ်း တွေးမိသည်မှာ

"ငါက ပန်းချီအနုပညာအကြောင်းကို သိပ်ပြီးသဘောပေါက်သေးတာမှ မဟုတ်ဘဲ၊ အဆင့်မြင့်အောင် ကြိုးစားရဦးမှာ"

ဆိုသည်ပင်ဖြစ်၏။

ထိုနေ့မှစ၍ ဟွမ်းသည် သူ၏ပါးစပ်ကိုအသုံးပြုကာ ရေးလိုက်၊ ဖျက်လိုက်ဖြင့် ပန်းချီစုတ်တံနှင့် ဆေးအရောင်များမှာ သူ၏မိတ်ဆွေများ ဖြစ်လာခဲ့ကြလေသည်။ ဤသို့ဖြင့် ခုနစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီးနောက် ဟွမ်းသည် သူ၏ပန်းချီပညာကို အနုစိတ်ပုံဖော်နိုင်သည်အထိ လုပ်ဆောင်နိုင်လာသည်။ ပန်းချီနှင့် ပတ်သက်သည့် စည်းကမ်းများကိုလည်း အထူးအလေးပေး ပြုလုပ်သည်။ ထို့အတွက် ပန်းချီပညာနှင့်ပတ်သက်သည့်စာအုပ်စာတမ်းများကို သူ ဖတ်ရှုလေ့လာခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ဟွမ်းသည် ကိုယ်လက်အင်္ဂါ ချို့တဲ့သူများအတွက် အနုပညာလုပ်ငန်းများ စီမံပေးသည့် အဖွဲ့အစည်းအကြောင်းကို လေ့လာစုံစမ်းခဲ့သည်။ နောက်ဆုံးတွင် ဟွမ်းသည် သူ၏ဘဝကို လွတ်လပ်စွာ တည်ဆောက်ရန် အခွင့်အလမ်းတစ်ခုကို တွေ့မြင်ခဲ့လေသည်။ ပန်းချီအနုပညာလောကထဲသို့ဝင်ရန် သူ ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

"မင်းကိုမင်းတောင် ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။ ဘယ်သူက မင်းကို ကြည့်ရှုစောင့်ရှောက်မှာလဲ"

ဟု အမေက အကျိုးအကြောင်းနှင့် ပြောသည်။



ဟွမ်းကတော့ အိမ်မှထွက်ခွာကာ အခြားသော ကိုယ်လက်အင်္ဂါ ချို့တဲ့သည့် ဘဝတူ သူငယ်ချင်း အနုပညာသမားများကြား၌သာ နေထိုင်ရန် ဆုံးဖြတ်ချက် ချခဲ့သည်။ ဟွမ်းနှင့်ဘဝတူ သူငယ်ချင်းငါးယောက်တို့သည် တရုတ်တိုင်ပေရှိ ဆန်ချောင်ဒေသတွင် စုပြီး အိမ်ငှားနေကြသည်။ တစ်လမျှသာ ကြာပါသည်။ သူတို့အတွက် ငွေကြေးအခက်အခဲက မရှိသလောက်ဖြစ်သွားသည်။ သူတို့လူစုက ပန်းချီပြခန်းတစ်ခု ဖွင့်ခဲ့ပြီး Half-beat Slower ဟု ပြခန်းအမည်ကို ပေးခဲ့သည်။

"ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကတော့ နှေးတယ်ပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ အားလုံးကတော့ အောင်မြင်မှုရအောင် ကြိုးစားပါမယ်"

ဟု ဟွမ်က ပြောပြသည်။

ချန်ဟွေးလန်သည် အနုပညာကျောင်းခွဲတစ်ခုမှ ကျောင်းဆရာမ တစ်ဦးဖြစ်သည်။ သူသည် Half-beat Slower ပန်းချီခန်း၏အကြောင်းကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသည့် အစီအစဉ်တစ်ခုတွင် ကြည့်ရှုလိုက်ရသည့်အခါ အဆိုပါပန်းချီခန်းနှင့် ဟွမ်းတို့လူစုက ညှို့ယူလိုက်သလို ဖြစ်သွားသည်။ ညမှာတော့ သူ အိပ်မရတော့။ စုတ်တံကို သွားဖြင့်ကိုက်ပြီး အရောင်ခြယ်နေသော ဟွမ်၏သွင်ပြင်ကို မျက်လုံးထဲက ဖျောက်မရဖြစ်သွားသည်။ နောက်တစ်နေ့တွင် သူမ၏ခင်ပွန်းဖြစ်သူအား-

"ဟွမ်ကို တစ်ခုခုတော့ ကူညီပေးချင်တယ်"

ဟု ဆိုမိသည်။

ချန်ဟွေးလန်သည် ဟွမ်ထံသို့ စာတစ်စောင် လှမ်းရေးလိုက်သည်။ သူမလာလည်ဖို့အတွက်လည်း တောင်းဆိုထားသည်။ စာထဲမှာတော့-

"မင်း. . . ပန်းချီရေးဆွဲခြင်းနဲ့ ပတ်သက်လို့ ပိုပြီးကူညီမှုပေးနိုင်မယ်လို့ မျှော်လင့်ပါကြောင်း"

စသည်ဖြင့် ရေးသားထားသည်။

ချန်ဟွေးလန်သည် ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၏ ဆောင်းတွင်းရက်တစ်ရက် ဟွမ်တို့၏ ပန်းချီခန်းမအတွင်းသို့ အလည်အပတ် ရောက်ရှိသွားခဲ့သည်။ သူ့အနေဖြင့် မသန်စွမ်းများဖြင့် လက်ဆုံပြောဖို့ အတွေ့အကြုံနှင့်

ပတ်သက်ပြီး စိတ်ပူမိသေးသည်။ သို့ရာတွင် ဟွမ်က သက်သောင့်သက်သာ ပင် နေရာထိုင်ခင်းပေးပြီး သန့်စင်သော အပြုံးဖြင့် နှုတ်ဆက်ပါ၏။ ဟွမ်တို့ သူငယ်ချင်းတစ်စုသည် မနက်ခင်းပိုင်းတွင် အနုပညာအကြောင်း ပြောကြ သည်။ ချန်ဆွဲပြသည့် ပန်းချီကားများကို ကြည့်ရှုရယ်မောကြသည်။ သူတို့၏ ပထမဆုံးသော တွေ့ဆုံမှုအပြီးတွင် ဟွမ်က တစ်ခါတစ်ရံတွင် ချန်သင်ကြား နေသည့် အနုပညာကျောင်းသို့လာလိုကြောင်း၊ ချန်၏ အကြံဉာဏ်ကိုလည်း မျှော်လင့်ကြောင်း ဆိုသည်။ ချန့်အနေဖြင့် စုတ်တံတစ်ချောင်း ကိုင်တွယ်ရန် ပညာလိုလားသည့် ဟွမ်အရည်အချင်းကို စိတ်ထဲက အံ့ဩသွားရသည်။

"အနုပညာလက်ရာမြောက်ဖို့ဆိုတာ နှစ်တွေအကြာကြီး မဖြစ်မနေ ကြိုးစားမှ ရမယ်ဆိုတာကိုတော့ မင်း သိထားစေချင်တယ်။ မင်းရဲ့စိတ်ဓာတ် ကိုလည်း ချီးကျူးပါတယ်။ မင်း. . . ထပ်ပြီး လေ့လာရမှာက အရာဝတ္ထု တစ်ခုကို ရေးတဲ့အခါမှာ အရောင်တွေ နိုင်နင်းဖို့၊ ပိတ်စပေါ်မှာ ရေးဆွဲတာ မျိုးတွေ၊ ရုပ်ပုံအထားအသိုနဲ့ အနုပညာအမြင် ရှိဖို့ဆိုတာတွေကို ဘယ်လို နားလည်အောင် လုပ်မလဲဆိုတာကိုသာ မင်း အဓိကလိုအပ်တယ်"

ဟု ချန်က ဟွမ်ကို နားလည်အောင် ရှင်းပြခဲ့သည်။

ချန်နှင့် သူ၏လုပ်ဖော်ကိုင်ဖက်တို့က ဟွမ်တို့၏ စတူဒီယိုသို့ တစ်ဦးလျှင် စင်ကာပူ ၁၅ ဒေါ်လာရှိသော ပမာဏကို ထည့်ဝင်ခဲ့ကြသည်။ ဟွမ်အနေဖြင့် ချန်၏ မှာကြားချက်များကို ဂရုတစိုက် လိုက်နာမှတ်သားခဲ့သည်။ ဟွမ်တို့ သူငယ်ချင်းတစ်စုက ပန်းချီအနုပညာကို ကျွမ်းကျင်အဆင့် ဖြစ်အောင် ကြိုးစားပြီး အနုပညာသရုပ်ကို ဖော်ဆောင်ကာ အခြားသူများ၏ စိတ်ကို ကူညီနိုင်အောင် ကြိုးစားကြမည်ဟု ခံယူခဲ့ကြလေသည်။ ချန့်အနေဖြင့် Half-beat Slower ပန်းချီခန်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်မှုတစ်ခုမျှ မပြု လုပ်ခဲ့ချေ။

လင်းရှုပန်သည် ငယ်ရွယ်လှပသည့် ကျောင်းသူတစ်ဦးဖြစ်ပြီး နူးညံ့ သိမ်မွေ့သည့် စိတ်နေသဘောသဘာဝ ရှိသူလေးဖြစ်သည်။ ပြီးတော့ အနု ပညာကို စိတ်ဝင်စားသူလည်း ဖြစ်သည်။ ဖရဲသီးတစ်လုံးကို လက်မောင်းဖြင့် ပွေ့ပိုက်ရင်း ဟွမ်တို့၏ စတူဒီယိုသို့ အလည်အပတ် သွားခဲ့ရာ မကြာမီမှာပင် လင်းသည် ဟွမ်၏အပြုံးနှင့် စိတ်သဘောထား ကောင်းမွန်မှုတို့အပေါ်



စိတ်အာရုံ တိမ်းညွတ်မှုရှိခဲ့လေသည်။ လပေါင်းများစွာ ကြာလာတော့ သူတို့နှစ်ဦးသား ပန်းချီအတူတူဆွဲကြသည့် အခြေအနေသို့ ရောက်ရှိလာကြ လေသည်။

ဟွမ်အနေဖြင့် ပန်းချီပြပွဲများသို့ အမြဲတမ်းပင် သွားရောက်ကြည့်ရှု လေ့လာခဲ့သည်။ အခြားသော ပန်းချီဆရာများ၏ လက်ရာများကိုလည်း လေ့လာဖို့ သူမျှော်လင့်ထားသည်။ ထိုအချိန်အခါတွင် တရုတ်(တိုင်ပေ)မှ ဝူအေဆွန်ဆိုသူသည် သူ၏ လက်ရာများကို စေ့စေ့စပ်စပ် ရေးသားလေ့ရှိ ကြောင်း လွန်စွာကျော်ကြားနေချိန်ဖြစ်သည်။

"သူ့လက်ရာတွေက လူ့ဘဝနဲ့ နီးစပ်မှုရှိတယ်။ သူလိုအနုပညာရှင်တစ်ဦး ဖြစ်အောင် ကျွန်တော်ကြိုးစားမယ်"

ဟု ချန်ကိုပြောလိုက်ရာ ချန်က-

"ဝူရဲ့ ပန်းချီပြပွဲတစ်ခုကို မင်းကိုခေါ်သွားပြီး သူနဲ့မင်းကို တွေ့ပေးမယ်လို့ ကတိပေးပါတယ်"

ဟု ပြောလိုက်သည်။

ဟွမ်းသည် ဝူထံသို့ ရဲဝံ့စွာပင် သူ၏ပန်းချီပညာကို သင်ကြားပေးရန် တောင်းဆိုခဲ့သည်။

"သင်တန်းသား သင်တန်းသူ တပည့်သစ်တွေ လက်မခံတာ တော်တော် ကြာခဲ့ပြီကွ။ ဒါပေမဲ့ ငါ့သင်တန်းတွေကိုတော့ မင်း တစ်ခေါက်တော့ လာခဲ့ ဦးလေ။ အဲဒီကျမှ ကြည့်ပြီးစီစဉ်ကြတာပေါ့"

ဟု ဝူက ပြန်ပြောသည်။

အစပထမတော့ ဝူ၏ပန်းချီသင်တန်း၌ ဟွမ်နှင့်အခြားသော သင်တန်းသား သင်တန်းသူတွေအကြားတွင် ကွာဟမှုများရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဟွမ်း၏ စုတ်တံကိုသွားဖြင့်ကိုက်ကာ ဦးခေါင်းကိုကျင်လည်စွာ လှုပ်ရှားသည် မှာ နှေးကွေးသော်လည်း အားသွန်ခွန်စိုက်လုပ်ကိုင်သည်ကို တွေ့မြင်ကြရလေ တော့သည်။ သို့ရာတွင် ဟွမ်သည် သူငှားနေသည့်အိမ်၌ ပုံဆွဲလေ့ကျင့် သကဲ့သို့ အလုပ်ခွင့်၌လည်း ယူပြီးလေ့ကျင့်လေ့ရှိသည်။ တစ်နှစ်မျှသာ ကြာ သည်။ ဟွမ်သည် အခြားသူများနှင့် တန်းတူရေးသားနိုင်ကြောင်း သူကိုယ်သူ

ယုံကြည်မှု ရှိလာခဲ့သည်။ သူ၏ အနုပညာအလုပ်အပေါ်မှာ ထားသည့် ခံယူချက်မှာလည်း ပြိုင်ဘက်ကင်းလှပေသည်။

"ပန်းချီဆွဲတဲ့နေရာမှာ ဟွမ့်လိုမျိုး မြန်မြန်ဆန်ဆန်အောင်မြင် မှုမျိုးရတဲ့သူ ဘယ်တုန်းကမှ မတွေ့ဖူးဘူး"

ဟု ဝူက ချန့်ကိုပြောပြသည်။ နောက်ထပ် ပန်းချီသင်ကြားခန်းအတွင်း ၁၈ လမျှ ကြာသောအခါ ဝူသည် ဟွမ်၏ပန်းချီကားများကို ပြပွဲအသွင် ဖန်တီးပေးပြီး ကူညီပံ့ပိုးပေးခဲ့သည်။ ပြပွဲတွင် ခင်းကျင်းပြသခဲ့သည့် ပန်းချီကား ၁၈ကားစလုံး ရောင်းချနိုင်ခဲ့သည်။ ထိုပြပွဲအပြီးတွင် သူ၏မိဘများအိမ်၌လည်း ပြပွဲကျင်းပခဲ့ရာ ဟွမ်မှာ စင်ကာပူဒေါ်လာ ၂၁၀၀ မျှ အသားတင်ရခဲ့ပေသည်။ မိဘနှစ်ပါးကတော့ သားအတွက် အံ့သြခြင်းများစွာဖြင့် မူးမေ့မတတ် ဝမ်းသာပျော်ရွှင်ခြင်းတို့ဖြင့် ခံစားခဲ့ကြရသည်။

ဟွမ်သည် သူ၏အောင်မြင်မှုများနှင့်ပတ်သက်၍ အားပေးမှုများ လက်ခံရရှိနေသည့်အတွက် တိုင်ယန်း(Tai Yang) အနုပညာအဖွဲ့၏ပြပွဲ၌ သူရေးဆွဲထားသည့် ပန်းချီကားများကို ဝင်ရောက်ပြသခဲ့သည်။ သို့သော် ရွေးချယ်ရေးအဖွဲ့က သူ၏ကားများကို ငြင်းပယ်ခဲ့သည်။ သူ၏ ဆီဆေးပန်းချီကားများနှင့် ပတ်သက်၍ ခြောက်ကြိမ်မျှ ငြင်းပယ်ခံရပြီးနောက်ပိုင်း ခရစ်နှစ် ၁၉၈၃ ခုနှစ်တွင် ပြပွဲတစ်ခု၌ သူ၏ ဆီဆေးပန်းချီကားများကို လက်ခံပြသခွင့် ရခဲ့သည်။ ဟွမ်၏ ကျော်ကြားမှုမှာ ကျယ်ပြန့်လာခဲ့သည်။ ထို့ပြင် အနုပညာကျောင်း လက်ထောက်နေရာအတွက် ဒီပလိုမာရရှိရန် ညကျောင်းသင်တန်းကိုလည်း သူ စတင်တက်ရောက်ခဲ့သည်။

တစ်ခုသောညတွင် ဟွမ်သည် သူ၏ညီမလေးအား အကူအညီတောင်းခံပြီး သင်တန်းပြဌာန်းစာများကို ကြိုတင်ပြင်ဆင်ဆွေးနွေးနေခိုက် ဟွမ်၏ ညီမလေးက စာမျက်နှာတစ်ခုကို လှန်လိုက်ရာ ကျောင်းသုံးထောက်ချွန်တစ်ခုသည် ဟွမ်၏ညာဘက်မျက်လုံးကို မတော်တဆ ထိုးမိသွားသည်။ ဆေးရုံရောက်ပြီးနောက် ဆရာဝန်များက ဟွမ်၏ မျက်လုံးအိမ်အနောက်ဘက်ရှိ အမြှေးပါးပျက်စီးသွားပြီဖြစ်ကြောင်း ရှာဖွေသိရှိခဲ့ကြသည်။ ဟွမ် မျက်လုံးပြန်ကောင်းနိုင်ရန် ဆရာဝန်များသည် နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့



သော်လည်း မအောင်မြင်ခဲ့ချေ။ ဟွမ်မှာမူ သူရရှိကြုံတွေ့ခဲ့သည့် ဖြစ်ရပ်များအတွက် အကောင်းမြင်စိတ်ရှိရာတွင် စံနမူနာ ထားလောက်ပေသည်။ ဟွမ်က-

"အခု ကျွန်တော့်ရဲ့ ညာဘက်မျက်လုံးက ဘာမှ မမြင်ရတော့ဘူး။ ဒီတော့ အဲဒီညာဘက်မျက်လုံးနဲ့ တစ္ဆေသရဲတွေကို မတွေ့ရတော့ဘူးပေါ့"

ဟု ဆိုသည်။

"ဒါပေမဲ့ ဘယ်ဘက်မျက်လုံးတစ်လုံး ကျန်နေသေးတယ်လေ။ ကျွန်တော် ကောင်းကောင်းကြီး မြင်နိုင်ပါသေးတယ်"

ဟု ဟွမ်းက ထပ်ပြောသည်။

ခရစ်နှစ် ၁၉၈၅ ခုနှစ်တွင် ဟွမ်သည် တရုတ်(တိုင်ပေ)၌ ပန်းချီပြပွဲတစ်ခု ကျင်းပနိုင်ခဲ့သည်။ ဟွမ်နှင့် လင်းတို့သည်လည်း ထိုနှစ်အတွင်းမှာပင် အိမ်ထောင်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ လင်းသည် သူ၏မိဘများကို ဟွမ်နှင့်ပတ်သက်၍ အသိပေး ပြောကြားခဲ့သည်။ ဟွမ်ကို သူချစ်ကြောင်း၊ ဟွမ်သည် အလုပ်ကြိုးစားသူဖြစ်ကြောင်း၊ အကောင်းမြင်စိတ်ရှိသဖြင့် စိတ်ကျေနပ်မှု အပြည့်အဝ ရပါကြောင်း၊ အသေးအမွှားလေးကအစ ဂရုစိုက်သူဖြစ်ကြောင်း စသည်တို့ကိုပါ ပြောပြခဲ့သည်။

"ကျွန်တော် တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ လင်းအပေါ်မှာ မခွဲမခွာ ချစ်ကြည်သွားပါမယ်"

ဟု ဟွမ်က လင်း၏မိဘများကို ပြောဆိုခဲ့သည်။

၁၉၈၇ ခုနှစ်၊ ဇူလိုင် ၇ ရက်နေ့တွင် ဟွမ်းနှင့်လင်းတို့ တရုတ်(တိုင်ပေ)၌ လက်ထပ်မင်္ဂလာပွဲ ဆင်ယင်ကျင်းပခဲ့ကြသည်။ ထိုမင်္ဂလာအခမ်းအနား၌ လင်းက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဟွမ်ထံသို့ ခေါ်ဆောင်လာကြစဉ် ဟွမ်က လင်းအား နှင်းဆီပန်းစည်းကြီးကိုပေးကာ-

"ကို မင်းကို . . ပျော်ရွှင်မှုတွေပေးပါ့မယ်"

ဟု ကတိသစ္စာ ဆိုခဲ့သည်။

နှစ်အနည်းငယ်အတွင်း ဟွမ်၏ အသက်မွေးဝမ်းကျောင်းမှု အလုပ်အကိုင်မှာ ကောင်းမွန်လာသည့်အတွက် အလုပ်နေရာကိုလည်း ဘန်ချွား (Ban

Chiau)မြို့သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ဟွမ်သည် တစ်နေ့လျှင် ၁၀ နာရီ
ပန်းချီရေးသည်။ တစ်နှစ်လျှင် ဘဝသရုပ်ဖော် ပန်းချီကားပေါင်း တစ်ဒါဇင်ခန့်
ရေးဆွဲခဲ့သည်။ ဟွမ်နှင့် လင်းတို့အတွက်လည်း မိသားစုဝင်များပင် တိုးပွား
လို့ လာခဲ့သည်။ သမီးကြီး နင်း(Ning) ကို ၁၉၉၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး
သမီးငယ် ရှီယမ်(Shiuan) ကို နောက်သုံးနှစ်အကြာတွင် မွေးဖွားခဲ့သည်။

၁၉၉၄ခုနှစ်တွင် ဟွမ်သည် သူ၏ကြီးမားသော ရွှေငါးကန်ပန်းချီ ဆိုင်ရာ
စီမံကိန်းကြီးကို အထောင်အထည်ဖော်နိုင်ခဲ့သည်။ ရောင်စုံရောစပ်ထားသည့်
သူ၏ပန်းချီကားများကို ဝယ်ယူစုဆောင်းသူများရှိနေရာ တစ်ကားလျှင် စင်ကာပူ
ဒေါ်လာ ၂၄၀၀ အထိ ရရှိလာခဲ့သည်။

ယနေ့အချိန်အခါတွင် သူ၏ပန်းချီကား တစ်ကား၏တန်ဖိုးသည်ပင်လျှင်
စင်ကာပူဒေါ်လာ ၆၀၀၀၀ အထိ ရှိလာခဲ့သည်။ ပြည်တွင်းပန်းချီပြပွဲများ၌
သူ၏ ပန်းချီကား ခြောက်ကားခန့်ကို ပါဝင်ပြသနိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင်
ယာမာဂါတာ အပြည်ပြည်ဆိုင်ရာ အနုပညာသိပ္ပံမှ ပန်းချီအနုပညာဆိုင်ရာ
အသိအမှတ်ပြု လက်မှတ်ကို ချီးမြှင့်ခြင်း ခံရသည်။ သူ၏ပန်းချီကားများကို
နိုင်ငံတကာမှ လက်ခံလာကြသဖြင့် ခရီးထွက်ကာ ပြပွဲများ ကျင်းပရသည်အထိ
အောင်မြင်လာခဲ့သည်။ ဟွမ်နှင့်လင်းတို့ အိမ်ထောင်ရေးမှာ သာယာချမ်းမြေ့
မှု ရှိသဖြင့် လင်းတို့မိဘများ၏ စိတ်ပူပန်ခြင်းများကို ဖြေဖျောက်နိုင်ခဲ့ကြသည်။

"ကျွန်မတို့ အိမ်ထောင်ရေးက ပျော်ရွှင်မှုတွေနဲ့ ပြည့်စုံနေပါတယ်၊
ကျွန်မတို့ ဆုတောင်းထားသလို သမီးကလေးနှစ်ယောက်လည်း ရှိနေပါပြီ၊
ဟွမ်ကတော့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားချင်တဲ့စိတ်၊ ပြဿနာ
တွေကို ဆုံးဖြတ်ဖြေရှင်းပစ်မယ်ဆိုတဲ့စိတ်၊ ကျွန်မနဲ့ သမီးလေးတွေကို လုံခြုံ
ပျော်ရွှင်အောင် ထားမယ်ဆိုတဲ့စိတ်တွေနဲ့ပဲ သူ ပန်းချီကားတွေ ရေးနေပါ
တယ်"

ဟု လင်းက ဆိုသည်။

ဟွမ်မှာမူ သူ တွေးမြင်မျှော်လင့်ထားသည့် အောင်မြင်မှုမျိုးရအောင်
ကြိုးစားလေ့ရှိပါသည်။ ဟွမ်၏အောင်မြင်မှုများကို ဖတ်ရသည့်သူများက လင်
ကျီ-ရှမ်း(Lin Jye-shyang) ဆိုသူ လူငယ်လေးတစ်ယောက်အကြောင်းကို
ဟွမ်အား ပြောပြကြသည်။ ကျီရှမ်းမှာ မော်တော်ဆိုင်ကယ်စီးရင်း မတော်



ဆဖြစ်ကာ လည်ပင်းအောက်ပိုင်းနေရာများ လေဖြတ်သွားခဲ့သည်။ နေ့ပေါင်း
များစွာ ရုပ်မြင်သံကြားရှေ့တွင် လက်တွန်းလှည်းပေါ်မှာ ထိုင်နေရသည့် ဘဝ
ဖြစ်လာခဲ့သည်။

ဟွမ်သည် ခရီးသွားခိုက် လင်ကျီရှမ်း၏ ဝမ်းနည်းဖွယ်ရာအကြောင်းကို
ကြားပြီးနောက်-

"ကျွန်တော်တို့ သူ့ဆီသွားရင် ကောင်းမယ်ဗျာ။ သူ့ကို ကျွန်တော်
တွေ့ချင်တယ်"

ဟု ဟွမ်က ဆိုလိုက်သည်။ မိနစ်အနည်းငယ်အတွင်း ဟွမ်တို့သည်
လင်ကျီရှမ်းနေထိုင်ရာ ကျန်ဟေး (Jung He) မြို့သို့ လာခဲ့ကြသည်။

လင်သည် တန်ဖူ-တစီ(Tung Fu-Tasi) ဆိုသူ ဘဝတူ လူငယ်တစ်ဦးနှင့်
တွေ့ဖူးခဲ့ပြီး တန်သည် ဟွမ်၏ စံနမူနာပြ လုပ်ရပ်များကို သဘောကျကာ
ကြိုးစားလုပ်ဆောင်ခဲ့သူဖြစ်သည်။ လင်မှာ တန်၏ လုပ်ပုံကိုင်ပုံများကို စောင့်
ကြည့်ခဲ့ပြီး အံ့ဩခဲ့ရသည်။ တန်မှာ လျှပ်စစ်လက်တွန်းလှည်းကို အသုံးပြုကာ
တ်ဝန်းကျင်အနှံ့ သွားနိုင်သည်။ ဇွန်းတစ်ချောင်းကို ကျင်လည်စွာ ကိုင်တွယ်
အသုံးပြုနိုင်သည်။ ရုပ်မြင်သံကြားအစီအစဉ်များကို ပြောင်းရွှေ့ကြည့်ရှုနိုင်
သည်။ တယ်လီဖုန်းကို လက်ခံစကားပြောနိုင်သည်။

"ဒီလိုဖြစ်လာနိုင်တယ်လို့ ကျွန်တော်သိမထားမိဘူး"

ဟု လင်က ဆိုသည်။ ချက်ချင်းဆိုသလို သူသည် ဘဝအသစ်တစ်ခုကို
သွားချင်နေမိသည်။ ဟွမ်၏အကူအညီကြောင့် လက်တွန်းလှည်းပေါ်က လင်
အတွက် ထောက်ပံ့မှုများကို အစိုးရက စီစဉ်ပေးသည်။ လင်၏ ကြိုးစားမှု
ကြောင့်လည်း သူ၏ဦးခေါင်းကို အသုံးပြုနိုင်လာသည်။ ဟွမ်က လင်အတွက်
ရုပ်မြင်သံကြားလိုင်းကို ပြောင်းသော ရီမုတ်ကွန်ထရိုးနှင့်အတူ အထူး ပြုလုပ်
ထားသော စားပွဲခုံတစ်ခုကိုပါ စီစဉ်ပေးသည်။ လင်က ထမင်းစား တူတံကို
ပါးစပ်ဖြင့် အသုံးပြု၍ ရုပ်မြင်သံကြားလိုင်းများကို ရွှေ့ပြောင်းနိုင်သည်။
တယ်လီဖုန်း ဆက်နိုင်သည်။ စာမျက်နှာများကို လှန်နိုင်သည်။

"ဟွမ်က ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေကို ပြန်လည်အသက် သွင်းပေး ခဲ့တဲ့သူပါ။ အခု ကျွန်တော် လုပ်ချင်တာကို လုပ်နိုင်ပြီ"

ဟု လင်က ဆိုပါသည်။

ဟွမ်အနေဖြင့် ကျောင်းများ၊ အဖွဲ့အစည်းဌာနများ၊ အကျဉ်းထောင် များက သူ၏အတွေ့အကြုံနှင့် ကြိုးစားအားထုတ်ခဲ့ပုံတွေကို ဟောပြောပေး ရန် ဖိတ်ခေါ်ရာ ဟွမ်က လက်ခံပြောဆိုပေးခဲ့သည်။ သူ၏ဟောပြောပွဲများ ကို အခကြေးငွေမယူဘဲ အလှူအတန်းသဘောမျိုး ဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေး ကုမ္ပဏီများက ဟောပြောပေးရန် တိုက်တွန်းသည့်အခါ ဟောပြော ချိန် ၁နာရီလျှင် စင်ကာပူဒေါ်လာ ၃၀၀ ရရှိသည်။ ဟွမ်အနေဖြင့် သူ၏ အနုပညာကို ပြုလုပ်ပြသရင်း လွတ်လပ်စွာဖြင့် ငွေကြေးရရှိမှုနှင့်ဆိုင်သော လုံခြုံမှုအား အလိုရှိသူလည်း ဖြစ်သည်။ စိတ်ကူးတစ်ဝက်၊ လုပ်ငန်းတစ်ဝက် ဖြင့် ရှေ့ဆက်သွားမည်ဟု သူ ခံယူထားသည်။

"ကျွန်တော်ဟာ မသန်စွမ်းဖြစ်ပေမယ့် လွတ်လပ်တဲ့ လူသားတစ်ယောက် ဖြစ်တာမို့ ကျွန်တော့်ကို ဘယ်လိုမှ မဟန့်တားနိုင်ပါဘူး။ လက်နှစ်ဖက် မရှိ တော့ပေမယ့် ဘဝရဲ့ ပျော်ရွှင်မှုတွေကိုတော့ လက်ဆုပ်လက်ကိုင် ပြနိုင်ပါ သေးတယ်"

ဟု ဟွမ်ခွန်ရှန်းက ဆိုလေသည်။

ဟွမ်သည် အခု အသက် ၅၆နှစ် ရှိနေပြီ။ ၁၉၅၈ခုနှစ်က တရုတ် (ထိုင်ဝမ်) အရှေ့ဘက်ရှိ ထိုင်တန်း(Taitung) မြို့ကလေးတွင် သူ့ကို မွေးဖွားခဲ့သည်။ မိဘများက ဆင်းရဲသဖြင့် အသက်ငါးနှစ်အရွယ်ကတည်းက အကြီးဆုံး သားဖြစ်သူ ဟွမ်က မိသားစုဝန်ကို တစ်နိုင်ထမ်းခဲ့ရသည်။

ဟွမ်က သူ့ဘဝနှင့်ကြုံတွေ့ခဲ့ရသော အတွေးအမြင် တစ်ပိုင်းတစ်စကို ပြောပြသည်။

"ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့အဖြစ်ဆိုးတွေကို ဘယ်တော့မှ ပြန်မတွေးဘူး။ ကျွန်တော်ဘာလုပ်နိုင်သလဲဆိုတာကိုပဲ တွေးတယ်"

ဒီအတွေးက ဟွမ်အတွက် စိတ်ဓာတ်ခွန်အားများဖြစ်ခဲ့သည်။ဟောင်ကောင်



ရှိ လူအများသည် ဟွမ်အကြောင်း ပြောဆိုရင်း ခွန်အားဖြစ်ကြရသည်ဆို သည့်အတွက် ဟွမ်တစ်ယောက် ဝမ်းသာမဆုံး ဖြစ်နေလေတော့သည်။ ဟောင်ကောင်ရှိ သတင်းစာများသည် ဟွမ်အကြောင်း ရေးသားထည့်သွင်း ဖော်ပြခဲ့သည်မှာ ၂၀၀၃ခုနှစ်အတွင်းတစ်ဝိုက် ဖြစ်ခဲ့လေသည်။

***Ref:*** *၂၀၀၄ ခုနှစ်၊ ဇူလိုင်လထုတ် **Reader Digest** မဂ္ဂဇင်း၌ ပါရှိ သည့် **Marc Lerner a&;om;aom Grasping Life** ကို ဆီလျော်အောင် ပြန်ဆိုပါသည်။ **http://activeknights.org ESihf www.google.com** တွင် ဟွမ်၏ ဓာတ်ပုံများကို တွေ့မြင်နိုင်ပါသည်။*

ကျော်ခိုင်ခန့်

# လှေကားထစ်လေးများ

ချမ်းမင်း



# လှေကားထစ်လေးများ

**ချမ်းမင်း**

"ခြေသလုံးကြွက်သားတို့သည် တောင့်တင်းညောင်းညာစ ပြုလာလေပြီ။ ကားတစ်စီး ထိုးရပ်လိုက်တိုင်း အလုအယက် တိုးဝှေ့တက်နေကြသည်မှာ ရင်မောစရာ။ ကားထဲတွင်လည်း အပြည့်အကျပ် ခြေနင်းတွင်လည်း တို့လို့ တွဲလောင်း၊ တက်သူနှင့် ဆင်းသူက မမျှ၊ မှတ်တိုင်တွင် ပို၍ပို၍ လူများလာသည်။ နောက်ကားချောင်နိုးနှင့် မျှော်လင့်နေသည်မှာ နေစွယ်ပင်ကျိုးတော့ ည်။ လခထုတ်ရက်မို့ လူများ ပျားပန်းခတ်မျှ လှုပ်ရှားလျက်ရှိသည်။ ခါတိုင်း နေ့များဆိုလျှင် လူမည်မျှကျပ်ကျပ် ကားပေါ်သို့ ကျွန်တော်ရောက်သွားစမြဲ၊ နှုန်ပျံကျော်လွှား၍ ကားနှင့်အတူ ပါသွားသည်မှာ ခုအချိန်ဆိုလျှင် ထမင်း ားသောက်ပြီး၍ တရေးလောက်ပင် ရနေချေပြီ။

ဒီနေ့တော့ မတက်ဝံ့၊ တက်နိုင်ရန်လည်း အခြေအနေမပေး။

ဗယ်လက်က ခေါက်ဆွဲထုပ်ကိုင်ထား၍ ညာလက်က တိုက်ပုံ အင်္ကျီ ိတ်ထဲ သွင်းထားရ၏။ လက်တွင် ခူနာပေါက်နေ၍မဟုတ်။ အသပြာနှင့် ယက် အခါမလပ် မိတ်ဖွဲ့နေရ၏။ ဤလိုရက်မျိုးတွင် ခါးပိုက်နှိုက်တို့အဖို့ ာသိဥတု သာယာသောနေ့မို့ ပိုမိုဂရုစိုက်နေရ၏။

ကျွန်တော်သည် မူလတန်းပြဆရာတစ်ဦးဖြစ်၏။ လုပ်သက် ဆယ်နှစ် ကျော်ပြီမို့ လစာနှစ်ရာ့ကိုးဆယ် ရနေပေပြီ။ မိသားစုငါးဦး၏ ဝမ်းမီးကို

ကျွန်တော့်လစာဖြင့် ဆက်ပေးနေရ၏။ ကျွန်တော့်ဇနီးက ခေတ်ပညာမတတ်
ရှာ၊ စတုတ္ထတန်း အောင်ရုံမျှသာ ပညာသင်ကြားခဲ့ရ၏။ စာခြောက်
ကောက်ရင်း ယာခင်းထဲတွင် ကြီးပြင်းလာခဲ့သူဖြစ်၏။ မိဘမဲ့တစ်ဦးမို့ ရွာတွ
မျက်နှာငယ်ခဲ့ရ၏။

သို့သော် ကျွန်တော်နှင့်အကြောင်းပါပြီးသည့် နောက်ပိုင်းတွင် ရွာက
လူတွေ သူ့ကိုနေရာပေးလာကြ၏။ ကတော်ဆယ်ပါး တစ်ပါးအပါအဝ
ဖြစ်လာပြီ မဟုတ်လော။ နွေရာသီ ကျောင်းပိတ်ရက်အတွင်း ရွာသို့ပြ
ရပြီဆိုလျှင် သူ့မျက်နှာတွင် ပြုံးရိပ်ဝေလျက် ရှိသည်။ အိမ်ခြေသုံးဆယ်မျှသ
ရှိသော ရွာငယ်အဖို့ ဆရာကတော်၏ဂုဏ်သည် ဝင့်ထည်လျက်ရှိနေသည်မ
အဆိုးမဆိုသာ။ သို့သော်လည်း ပြောရမှာတော့ ခပ်ရှက်ရှက်၊ တစ်ခါတစ်
နှစ်ယောက်ပေါင်းမှ ဖိနပ်တစ်ရံချမ်းသာ၏။ သူဈေးသွားချိန်နှင့် ကျွန်တေ
ကျောင်းသွားချိန် တိုက်ဆိုင်နေ၍ မဖြစ်၊ သူ ဈေးကပြန်လာမှ ကျွန်တေ
ကျောင်းသို့သွားရ၏။ ကလေးထိန်းရင်း ဖိနပ်စောင့်ရ၏။ အလုပ်သွားလ
လည်း ချိတ်နှင့်ပင်အပ်တို့ကို အဖော်ခေါ်သွားရ၏။ အကယ်၍ ဖိနပ်ပြ
သွားလျှင် ပြန်လည်တပ်ဆင်ရန်ဖြစ်၏။

အဝတ်အစားနှင့် ပတ်သက်လာလျှင် ကျွန်တော့်ဇနီး ရိုလေးထ
ကျွန်တော်က ပိုကံကောင်း၏။ တက်ထရွန် အင်္ကျီအဖြူသုံးထည်၊ စွပ်ကျ
နှစ်ထည်၊ လုံချည်သုံးထည် ပိုင်ဆိုင်၏။ တစ်ထည်လျှင် နှစ်ရက်ကျနှင့် ဝ
သွားလျှင် အခက်အခဲမရှိ၊ အဆင်ပြေ၏။

ရိုလေးတွင်မူကား အကောင်းဆုံးဆို၍ တက်ထရွန်အင်္ကျီ ထမီတစ်ပုံ
ဘော်လီအင်္ကျီတစ်ထည်သာရှိ၏။ သူ့အတွက် အဝတ်အစားက ပြဿနာမ
အသွားအလာ နည်းပါးသူမို့ အဝတ်အစား များများစားစား မလို။ ဇနီးထ
သားကြီးက ပိုအရေးကြီး၏။ ဒီနှစ်ကျောင်းပြန်ဖွင့်လျှင် လေးတန်းတက်မ
သားလတ်က ဒုတိယတန်း တက်မည်၊ အငယ်ဆုံးကလေးက ကျောင်းနေ
အရွယ်မရောက်သေး။ ကျောင်းဝင်ကြေး၊ မိဘဆရာအသင်းကြေး၊ အဆော
အဖွဲ့ ရန်ပုံငွေကြေးနှင့် စာအုပ်ဖိုးပါဆိုလျှင် နှစ်ယောက်ပေါင်း ခြောက်ဆ
ကုန်ကျဦးမည်။ အဝတ်အစားအတွက် ကုန်ကျစရိတ်က မပါသေး၊ ဝေ



လိုက်လျှင် ရင်လေးဖွယ်၊ ရွှေ့လဆိုလျှင် ကျောင်းပြန်ဖွင့်တော့မည်။
မကြာမီ ကားတစ်စီး ထိုးဆိုက်လာ၏။

"ဆင်းသူကို ဦးစားပေးကြပါဗျာ၊တက်သူက နောက်မှတက်ကြ၊ အပေါက်
ဝက တွယ်မလိုက်ကြနဲ့၊ အထဲကိုဝင်ကြ။ မှတ်တိုင်ရောက်ရင် အကြာကြီး
ရပ်ပေးမယ်။ အထဲမှာ အချောင်ကြီး၊ ဝါသနာပါရင် ကလို့ရတယ်"

စပယ်ယာ၏ စကားကြောင့် ကျွန်တော်ကားပေါ် လှမ်းကြည့်လိုက်၏။
အခြားကားများနှင့်စာလျှင် အတန်ငယ်ချောင်ပုံရ၏။ ထိုင်စရာတော့ နေရာရ
မည် မဟုတ်၊ အတက်အဆင်းတော့ လွယ်ကူ၏။

"ကဲ. . . မြန်မြန်တက်ကြဗျာ၊ ဒီကားလောက်ချောင်တာ ဒီကားပဲရှိတယ်၊
ဆင်းမဲ့လူတွေ အများကြီး။ ရှေ့မှတ်တိုင်ရောက်ရင် ချောင်သွားမယ်။ ကဲ. . .
အစ်ကိုရေ မောင်းတော့"

စပယ်ယာ၏ စကားသံမဆုံးမီ ကားပေါ်သို့ ကျွန်တော်ရောက်နှင့်နေပြီ။

ထိုင်စရာနေရာမရှိ၍ မတ်တပ်ရပ်လိုက်လာရ၏။ လူလည်း တဖြည်း
ဖြည်း ကျပ်ကျပ်လာ၏။ လေဝင်ပေါက် မရသဖြင့် အသက်ရှူ မဝ၊ ချွေးနံ့၊
အရက်နံ့၊ ခါတ်ဆီနံ့၊ ရေမွှေးနံ့၊ အနံ့အသက်ကား စုံလင်လှ၏။ လူကျပ်
လွန်းသဖြင့် ကိုယ်ကို လှည့်၍ပင်မရ၊ က-ဖို့ဆို ဝေလာဝေး။

"နင်တို့ရန်ကုန်က ထမင်းတစ်လုတ်စားဖို့ မဆိုထားနဲ့ ကားစီးရတာ
တောင် မလွယ်ဘူး။ ရှင်ကျပ် သေကျပ်ဆိုတာ နင်တို့ရန်ကုန်အတွက် ပိုမှန်
တယ်ဟေ့"

တလောက ဘုရားဖူးလာလည်သော ရွာက အမေမှုံ၏စကားကို ယခု
အချိန်တွင် ပို၍အမှတ်ရလိုက်မိ၏။

"ကဲ. . . မြန်မြန်တက်ကြဗျာ၊ ဒီကားလောက်ချောင်တာ ဒီကားပဲရှိတယ်၊
ဆင်းမယ့်လူတွေ အများကြီး ရှေ့မှတ်တိုင်ရောက်ရင် ချောင်သွားမယ်"

မှတ်တိုင်တစ်တိုင်ရောက်တိုင်း ပြောလေ့ရှိသည့် စပယ်ယာ၏ စကား
ကြောင့်လည်း လူများ အလုအယက် တိုးတက်နေကြခြင်း ဖြစ်၏။ စပယ်ယာ၏
ါးနပ်ကျင်လည်မှုအတွက် ကျွန်တော် ပြုံးလိုက်ရင်း-

"ရှေ့မှတ်တိုင်ပါတယ်ဗျို့"

ဟု လှမ်းအော်လိုက်၏။

မြောင်းကူးတံတားကို ဖြတ်ကျော်ရင်း အောက်သို့ ငုံ့ကြည့်လိုက်၏၊ အညစ်အကြေးပေါင်းစုံတို့ ဝပ်လျှိုးနေသောကြောင့် အပုပ်နံ့လှိုင်လျက်ရှိ၏။ ရေစီးအားနည်းသောကြောင့် အမှိုက်သရိုက်များ ရှေ့မတိုး၊ ရေအားတုံ့သွား သည့်နေရာတွင် စုပုံလျက်ရှိ၏။

မိုးဖြိုင်ဖြိုင် ရွာသွန်းရန် လိုနေပြီ။

သည်နှစ် မိုးဦးခေါင်လွန်းလှ၏။ သကြံန်လက်ဆေးမိုးပင် မရွာသေး၊ မိုးဦး စောလျှင် အိမ်ရေထဲမျောပါသွားဖို့ပင် ရှိ၏။ အိမ် မမိုးရသေးသဖြင့် မိုးကို မမျှော်ဝံ့သေး၊ မိုးနံ့ရလျှင် ဓနိဈေးတက်လာပေဦးမည်။ နောင်ခါလာတော့ လည်း နောင်ခါဈေးပေါ့ဟုသာ သဘောထားရမည်။ ငွေစုငွေချေးမှ ငွေ တစ်ထောင့်နှစ်ရာဈေးကာ လွန်ခဲ့သော နှစ်နှစ်က မြေဝယ်လိုက်၏။

ဘော်လီဘော တစ်ကွင်းစာလောက်တော့ ကျယ်ဝန်း၏။ မဒမ တိုင်ထူ ဝါးကြမ်းခင်း၊ဝါးထရံကာပြီး ဓနိမိုးလိုက်သောအခါ အိမ်တစ်လုံးဖြစ်လာလေ၏။

ကာလဝလိယဝတ္ထုထဲက"အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူ ရိုးတိုင်ထူ နေပူကျဲကျဲ ဝက်သိုက်ထဲတွင် အုတ်ခဲခေါင်းအုံး အိုးတစ်လုံး ဖျာမရှိ၊ ဘုမ္မိ ကမ္ဗလာ မြေမွေ့ရာနှင့် ချူချာတော်မူလှသော ကာကဝလိယ မွဲပြာကျ မောင်နှံ တို့ စံကြသည့် အိမ်"ထက်တော့ ကျွန်တော့်အိမ်က အများကြီး သာလွန်နေ သေး၏၊

အိမ်ငှားဘဝမှ အိမ်ပိုင်ရှင်ဘဝသို့ ကူးပြောင်းလာခဲ့၏။ တစ်လလျှင် အိမ် လခ ခြောက်ဆယ်ကျပ်လည်း ပေးစရာမလိုတော့။ ဧရာ်သီးထောင်းသည်ကို ကြမ်းပြင်နာသည်ဟူ၍ တစ်မျိုး၊ အိုးခွက် ပန်းကန်ဆေးသည်ကို ကြမ်းဆွေး သည်ဟူ၍တစ်ဖုံ ကလေးနေမကောင်း၍ ညညဝိုလျှင် အိပ်ရေးပျက်သည်ဟူ၍ တစ်နည်း၊ ကလေးများ ရယ်ရွှင်မြူးထူးစွာ ဆော့ကစားလျှင် စာကျက်၍မရ ဟူ၍တစ်သွယ်၊ အမျိုးမျိုးသော ပြူစုစောင်းမြောင်းခြင်းဘေးမှကင်းဝေးခဲ့ပေပြီ။

သို့သော် ချေးငွေကို လစာထဲမှ တစ်လလျှင်တစ်ရာဖြတ်လိုက်၏။ တစ်နှစ်



ကြာမှ ကြွေးကျေသွား၏။ ထိုကာလအတွင်း အိမ်ထောင်မကျမီက အမြတ် တနိုး စုဆောင်းခဲ့သော ဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်း စာအုပ်အဟောင်းများအား စာအုပ်ဈေးသည်များထံတွင် ရောင်းချလိုက်ရ၏။ ရီလေးက အတန်တန် တားသေး၏။ စာပေ၏တန်ဖိုးကို နားမလည်ရှာသော်လည်း စာပေကို ကျွန်တော် မည်မျှတွယ်တာသည်ကိုတော့ သူ သဘောပေါက်ဟန် တူ၏။ သို့သော် မတတ် နိုင် လက်မှိုင်ချနေ၍မဖြစ်၊ မဖြစ် ဖြစ်သလိုတော့ လုပ်ရပေမည်။

အခြေအနေ ဆိုးဝါးသောလများတွင်မူ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦး၏ ရှိစုမဲ့စု အဝတ်အထည်များပင် အဟောင်းဆိုင်တွင် ရောင်းခဲ့ရသေး၏။

"ဖေဖေ ပြန်လာပြီဟေ့၊ ညီလေးရေ၊ ဖေဖေပြန်လာပြီကွ"

သားကြီးသည် သားလတ်ကို လှမ်းအော်ရင်း ကျွန်တော့်ထံ ကဆုန်ပေါက် လာ၏။ သားလတ်ကလည်း ကျွန်တော့်လက်ထဲမှ ခေါက်ဆွဲထုပ်ကို လှမ်းမြင် သွားပုံရ၏။ သူ့အစ်ကိုနောက်မှ အပြေးကလေး လိုက်လာသည်။

ညဦးနက်၍ နေပေပြီ။

ကလေးများ အိပ်မောကျလျက်ရှိ၏။ ရီးလေးသည် ကျွန်တော့်နှုတ်မှ ထွက်လာမည့်စကားကို ငံ့လင့်နေပုံရ၏။ သူ့ကိုကြည့်၍ ကျွန်တော့်မှာ လက်ရွံ့ ကာ နှုတ်တွန့်လျက်ရှိ၏။ လက်ထဲမှ အသပြာ နှစ်ရာ့ရှစ်ဆယ်ကို ပေးအပ်ရန် ပင် အင်အားမရှိတော့။ မိသားစုငါးဦး၏ တစ်လရိက္ခာမှာ စင်စစ် နှစ်ရာပင် မပြည့်၊ ကျောင်းလခ အကြွေးကျန်က ၇၀ ကျပ်၊ ကျောင်းလခ ပထမ သုံးလ အတွက်က ၆၀ ကျပ်၊ စာရွက်စာတမ်းကြေး ငါးကျပ်၊ ပို့ချချက်စာအုပ်ဖိုး ၄၀ ကျပ်၊ ဒါတွေ နုတ်လိုက်လျှင် ကျွန်တော့်လစာ မည်မျှကျန်တော့မည်ကိုပင် မတွေးဝံ့။ နောက်ပြီး အိမ်မိုးရန်အတွက် ဓနိမိုး၊ ကလေးကျောင်းစရိတ်။

"အစ်ကိုရယ်. . . အစ်ကိုဘာတွေစဉ်းစားနေတယ်၊ ဘာတွေ တွေးနေ တယ်ဆိုတာ ရီးလေးနားလည်ပါတယ်"

"အို. . . အစ်ကိုဘာမှ တွေးမနေပါဘူး၊ ဟို. . . ကျောင်းပြန်ဖွင့်ရင် အစ်ကိုလျှောက်ထားတဲ့ကျောင်းတော့ ရမှာပဲလို့ တွေးနေတာ၊ တကယ်လို့ ရရင်တော့ သိပ်ဟန်ကျမှာပဲနော်။ အိမ်နဲ့ကျောင်းနဲ့နီးတော့ လမ်းစရိတ် မကုန်

တော့ဘူး။ နောက်ပြီး စာကျက်ချိန်လည်း ပိုရလာတာပေါ့။ စာပေးစာယူဆိုပြ သိပ်ပေါ့လို့ မဖြစ်တော့ဘူး၊ ဒုတိယနှစ်မှာ သိပ်ကျကြတာ”

“ရီလေးစိတ်ချမ်းသာအောင် ပြောမနေပါနဲ့ အစ်ကိုရယ်၊ အစ်ကို့ရင်မှ ဘာတွေဖြစ်နေတယ်ဆိုတာ ရီလေးခံစားလို့ရပါတယ်။ ဘဝဆိုတာ လှေကာ များလိုပေါ့ အစ်ကိုရယ်၊ တစ်ထစ်ချင်းတက် သွားရတာပဲ မဟုတ်လား။ ကြည့် လေ ရီလေးနဲ့အစ်ကို လက်ထပ်တုန်းက အစ်ကိုက တန်းမြင့်ကျောင်းထွက်ဖ အောင်တယ် မဟုတ်လား။ အခုဆိုရင် ဒုတိယနှစ်တောင် ရောက်လာပြ နောက်ပြီး အရင်တုန်းက သူများအိမ်မှာငှားနေရတဲ့ အိမ်ငှားဘဝ၊ ဘယ်လောက် စိတ်ဆင်းရဲရသလဲ။ ဟော. . . အခုဆိုရင် ကိုယ့်အိမ်နဲ့၊ ကိုယ့်ဝန်းနဲ့ဆိုတော ဘယ်လောက်စိတ်ချမ်းသာသလဲ၊ ဒါတွေလည်း ပြန်တွေးပါအုံး အစ်ကိုရယ် စိတ်ညစ်စရာတွေပဲ သိပ်မတွေးပါနဲ့နော်။ နောင် ဖြစ်လာတော့လဲ ဖြစ်လာတ အလျောက်ပေါ့၊ ဟုတ်ဘူးလားဟင်”

“အစ်ကို သိပ်ဝမ်းသာတာပဲ ရီလေးရယ်၊ ရီလေး အားငယ်နေမှာကို အစ်ကို သိပ်စိုးရိမ်နေမိတာ။ ရီလေးစိတ်ဓာတ်နဲ့ စေတနာကို သိပ်လေး စားပါတယ်။ ဂုဏ်လည်းယူပါတယ်”

“တကယ်လားဟင်. . .”

“တကယ်ပေါ့ ရီလေးရယ်၊ ခက်ထန်ကြမ်း ္မ်းတဲ့ လောကဓံ တရားရဲ ဒဏ်ကို ကြံ့ကြံ့ခံရင် အိမ်ရှင်မ ဘဝန်ကို ကျေကျေပွန်ပွန် ထမ်းရွက်နေတ ရီလေးကိုလည်း အစ်ကိုပြန်ပြီး ကျေးဇူးဆပ်ပါဦးမယ်”

“မလိုပါဘူး အစ်ကိုရယ်၊ ရီလေးကသာ ပြန်ပြီး ကျေးဇူးဆပ်ရမှာပါ ဒီ့ပြင် အိမ်ထောင်ရှင်အမျိုးသမီးတွေများ အိမ်အလုပ်အပြင် တခြားဝင်ငွေ ရအောင် အလုပ်တွေလည်း လုပ်လိုက်ကြသေးတယ်။ ရီလေးလည်း သူတို့ လုပ်ချင်ပါတယ်၊ ဒါပေမဲ့ ရီလေးက ခေတ်ပညာမှ မတတ်တာ၊ တကယ်လို့သာ ရီလေး ဆယ်တန်းအောင်ခဲ့ရင်. . .”

“မလိုပါဘူး ရီလေးရယ်၊ ရီလေးအတွက် ဘွဲ့၊ ဒီဂရီတွေ မလိုတော့ပါဘူး ထူးချွန်တဲ့ အိမ်ရှင်မဘွဲ့ကို အစ်ကိုအပ်နှင်းပေးခဲ့ပြီပဲ။ အစ်ကိုလည်း နောက် နှစ်နှစ်ဆိုရင် ဘွဲ့ရတော့မှာပါ။ ဘွဲ့ရပြီးရင် အလယ်တန်းပြဆရာဖြစ်အော



ကြိုးစားမယ်၊ အလယ်တန်းပြဆရာဖြစ်ရင် ငွေရေးကြေးရေး ချောင်လည်လာ မှာပါကွာ။ အဲ. . . အခုလတော့ နည်းနည်း ကသီအုံးမှာပေါ့။ အင်း. . . ရှေ့လဆိုရင်”

ရှေ့ဆက်ရမည့်စကားကို အပြေးအလွှား စဉ်းစားနေမိသည်။ ကျွန်တော့် အာရုံတွင် စပယ်ယာ၏ မျက်နှာနှင့်အသံကို ပြန်လည် ကြားယောင်လာ ရင်း. . .

“ရှေ့မှတ်တိုင်ကျရင် ချောင်သွားမှာပါ”

“အစ်ကို ဘာပြောတာလဲဟင်၊ ရီလေးများ နားထွေးသွားသလားလို့”

“ဩော်. . . ရှေ့လကျရင် ချောင်သွားမှာပါ”

ကျွန်တော့်နှုတ်မှ ရုတ်တရက် ထွက်သွားသော စကားကို အချိန်မီ ပြန်ပြင်လိုက်ရင်း ရီလေးမျက်နှာကို ဖြတ်ခနဲ လှမ်းကြည့်လိုက်သည်။ သူနှင့် ကျွန်တော် အကြည့်ချင်း ဆုံသွားသည်။ ဖန်မီးအိမ်မှ စွေတစောင်းကျလာသော အလင်းရောင်ကြောင့် သူ့မျက်နှာမှာ နှစ်လိုဖွယ်ရာ ပြုံးလျက်ရှိသည်ကို တွေ့ရ သည်။ ထိုအပြုံးသည် ဘဝတစ်ခုလုံးအတွက် ခွန်အားအရှိဆုံး အပြုံးဟုပင် ကျွန်တော် ခံစားမိလေသည်။

ချမ်းမင်း




# ပုဆိုးကြမ်းပေါ်က ချွေးစက်တွေ

သားစိန်ဒိုင်

"ဖေဖေ. . . ပြန်လာရင် မုန့်ဝယ်ခဲ့"

"တတ်တာ"

"အေး. . . အေး. . . ဝယ်လာခဲ့မယ်"

"တတ်တာ၊ တတ်တာ၊ သားကြီး. . . ညီလေးကိုခေါ် ဖေဖေ အလုပ်သွားမယ်"

ဟုတ်ကဲ့၊ ဖေဖေ. . . ညီလေး. . . လာ၊ ဖေဖေ. . . သားအတွက်လည်း မုန့်ဝယ်ခဲ့"

"သားရေ. . . ညီလေးကို အိမ်ပေါ်ခေါ်ခဲ့၊ ဖေဖေ့ကို ဘာတွေမှာနေကြတာတုန်း. . . ဖေဖေ အလုပ်ကို စိတ်ချလက်ချ သွားပါစေကွယ်၊ ကဲ. . . လာကြ၊ လာကြ"

မေမေ ခေါ်လိုက်သဖြင့် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် အိမ်ပေါ်တက်ခဲ့ကြသည်။

"ဖေဖေပြန်လာရင် သားတို့အတွက် မုန့်တွေဝယ်လာမှာပါ။ အခု သားတို့ကို မေမေ မနက်အဆာပြေ မုန့်ကျွေးမယ်"

မေမေကျွေးသော ကောက်ညှင်းပေါင်းနဲ့ လက်ဖက်ရည်ကို ညီအစ်ကိုနှစ်ယောက် စားသောက်နေကြသည်။

မေမေက. . .

"ကဲ. . . သားတို့ မေမေ ဈေးသွားလိုက်အုံးမယ်၊ အိမ်ရှေ့တံခါး လာပိတ်

သားကြီး ညီလေးကိုကြည့်ထား၊ မင်းလဲ အပြင်ထွက်ဆော့မနေနဲ့အုံး"

ဟု မေမေက ပြောပြောဆိုဆိုနှင့် ဈေးခြင်းတောင်းကိုဆွဲကာ ဈေးသို့ ထွက်သွားတော့သည်။ ဈေးနှင့်အိမ်မှာ သိပ်မဝေးလှ၊ ခဏအကြာ ဈေးဝယ်မှ ပြန်လာသော မေမေသည် ကျွန်တော်တို့ ကျောင်းအမီ ထမင်းချိုင့်အတွက် အချိန်မီ ချက်ပြုတ်ရန် မီးဖိုချောင်ထဲသို့ဝင်ကာ သူ၏ အိမ်ရှင်မအလုပ်ကို ကျွမ်းကျင်စွာနှင့် လုပ်ကိုင်နေတော့၏။

အရင်တုန်းက ချမ်းချမ်းသာသာနှင့် နေခဲ့ကြသည့် ကျွန်တော်တို့မိသားစု အခုလို ဘာဖြစ်လို့များ ဒီလိုဖြစ်သွားကြရသည်ကို ကျွန်တော် ဘယ်လိုမှစဉ်း စားလို့ မရနိုင်ပေ။

ကျွန်တော်ငယ်ငယ်က ဖေဖေရှုံးသွားသောပုံစံကို မျက်လုံးထဲ၌ မြင် ယောင်နေမိသည်။ ဖေဖေဝတ်ထားသည့် ရှုံးယူနီဖောင်းက ခေါက်ရိုးကျိုး မီးပူကျ၊ လက်ထဲမှ ဖေဖေကိုင်ထားသည့် လက်ဆွဲသားရေအိတ်ကြီးက လွန်စွာ မှ လှပသည်ကို ကျွန်တော်ကောင်းကောင်း မှတ်မိပါသည်။

ကျွန်တော်တို့နေသည့် အိမ်ကြီးကလည်း ကြီးကျယ်တောက်ပြောင် ခမ်းနားလှပေသည်။ အဲဒီအချိန်က ကျွန်တော့်ညီလေး မမွေးသေး။ ကျွန်တော် တစ်ယောက်တည်း ကျွန်တော့်အရွယ်က ခုရှိနေတဲ့ ညီလေးအရွယ်သာသာ ကျွန်တော့်အသက်ကို မေမေ့ မေးကြည့်တော့ ၁၂ နှစ်၊ ညီလေးက ခြောက်နှစ် တဲ့။

အိမ်ကြီးမှာနေတုန်းက ဖေဖေရယ်၊ မေမေရယ်၊ ကျွန်တော်ရယ်၊ မနက် စာ အဆာပြေစားကြသည်။ ဆုံလည်စားပွဲကြီးပေါ်မှာလည်း မုန့်တွေကစုံလို့ ကျွန်တော်ကြိုက်နှစ်သက်သည့် ကော်ဖီနှင့် ပေါင်မုန့်ထောပတ်သုတ်ကို မေမေ က အမြဲကျွေးသည်၊ မေမေက လှသည်။ မေမေ့တစ်ကိုယ်လုံး ရွှေတွေ ညွတ်လို့၊ အဝတ်အစားတလည်း တစ်နေ့တစ်မျိုး၊ ထမင်းစားရင်လည်း အသား ငါးဟင်းတွေက မျိုးစုံဖြင့် ချမ်းချမ်းသာသာနေခဲ့ရပြီး အခုလို ဆင်းဆင်းရဲရဲ ဘဝမျိုး ဘာကြောင့်ရောက်ခဲ့ရပါသလဲဆိုသည့် အတွေးတစ်စကို သိလိုသည့် စိတ်ကြောင့် မီးဖိုဆောင်အတွင်း ချက်ပြုတ်နေသည့် မေမေကို မေးမိသည်။



"သား မေးစရာရှိလို့"

"ဘာမေးမလို့တုန်း၊ မေးလေသားရဲ့၊ မေမေသိသမျှ ပြောပြမှာပေါ့"

ကျွန်တော် မေမေ့မျက်နှာ စေ့စေ့ကြည့်ပြီး မေးမိလိုက်သည်။

"ဖေဖေ အခု ဘာအလုပ်လုပ်နေသလဲ မေမေ"

ထူးထူးခြားခြား ကျွန်တော့်အမေးကြောင့် ထမင်းဟင်းချက်ပြုတ်နေသည့် မေမေ၏ မျက်နှာမှာ ကွက်ခနဲတစ်ချက်ပျက်သွားသည်ကို ကျွန်တော်သတိ ထားလိုက်မိသည်။

"ဘာများလဲလို့သားကြီးရယ်၊ မင်းဖေဖေအလုပ်က မြို့ထဲမှာ ပွဲစားကြီး အလုပ်ပေါ့ သားရဲ့"

ဟု ကျွန်တော့်အမေးကို မေမေက သတိထား ဖြေလိုက်သည်။

"ကဲပါ. . . သွား၊ သွား ရေချိုး ပြီးရင် ထမင်းစား၊ ကျောင်းသွားရအုံး မယ်။ ညီလေးကိုလည်း တစ်ခါတည်း ရေချိုးပေးလိုက်၊ မေမေ ထမင်းပြင်ထား လိုက်မယ်"

မေမေက စကားကို အတင်းဖြတ်ပစ်လိုက်သည်။ ပြီး. . . မေမေ ခူးခတ် ကျွေးသော ထမင်းစားပွဲပေါ်မှာ ကန်စွန်းရွက်ကြော်နှင့် ငပိရည်တစ်ခွက်။ ဟယ်ဖွယ်ရာရာဆို၍ ဘာမျှမပါ။ ရိုးရှင်းသော ထမင်းဝိုင်းလေးပင်။

"သားတို့မိသားစု ဘာလို့ခုလို ဆင်းရဲသွားကြတာလဲ မေမေ"

ထမင်းစားရင်း မေမေမကြိုက်သော စကားကို ထပ်ဆင့်၍ မေးမိပြောမိ ပြန်၏။

"ကဲ. . . သားကြီး၊ ထမင်းစားရင်း စကားမပြောဖို့ မေမေပြောထားတယ် လေ"

ဟု တားမြစ်လိုက်သည်။ မေမေ့ရဲ့ ဆို့နင့်နေသည့် ရင်ထဲမှ လေသံနှင့် အတူ မေမေမျက်ဝန်းစုံမှ ကျလာသော မျက်ရည်များကို ကျွန်တော် မမြင် အောင် လက်ဖြင့်သုတ်ရင်း တခဏအတွင်း အားပြု၍ ဟန်ဆောင်ပြုံးကာ ကျွန်တော့်ကို မေမေက နှစ်သိမ့်စကားများ ပြောပါ၏။

"မင်းတို့ဖေဖေ မေမေတို့၊ သားတို့ မိသားစု အရင်လိုနေရအောင် အလုပ်တွေ အများကြီး လုပ်နေပါတယ်၊ သားကြီးနော်. . . စား၊ စား ဘာမှ မပူနဲ့မယ်နဲ့။ သား အရင်လို ချမ်းချမ်းသာသာနေရဖို့အတွက် သားလုပ်ရမှာ

က စာကိုကြိုးစား၊ ဖေဖေ မေမေတို့ စကားကိုနားထောင်၊ သားက လိမ္မာပ တယ်ကွယ်"

မေမေ၏ တံတိကျကျ မပြည့်စုံသည့်စကား။ ကျွန်တော် သိလိုသည အဖြေ မဟုတ်သေး။ မေမေ့ထံမှ တိကျစွာ အဖြေတစ်ခု ရလိုသော်လည မေမေ့ရဲ့ ညှိုးငယ်နေသည့် မျက်နှာကိုကြည့်ပြီး မမေးရက်တော့ပါ။

ဖေဖေက ပွဲစားကြီး၊ ဖေဖေ မနက်အလုပ်သွားရင် လွယ်နေက လွယ်အိတ်ကြီးထဲ မေမေ ထည့်ပေးလိုက်သော ထမင်းချိုင့်နှင့်အတူ ပုဆို ဟောင်းတစ်ထည်။

ဖေဖေ အလုပ်ကပြန်လာရင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက အတွက် မုန့်နှစ်ထုပ်၊ လွယ်အိတ်ထဲက ပုဆိုးဟောင်း ရေစိုကို ဖေဖေတန်းပေါ် လှန်းလိုက်ရင်း. . .

"အမေကြီးရေ. . . ထမင်းခူး၊ တို့မိသားစု အတူတူ ထမင်းစားကြ အောင်"

မနက်ကနှင့်မတူ၊ ညနေစာ ထမင်းဝိုင်းထံ အသားဟင်းတစ်ခွက်ပါသည် ဖေဖေနှင့် မေမေ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ဟင်းခပ်ထည့်ပေ သည်။

"သားကြီးစား၊ အမေကြီး. . . သားငယ်လေးကိုရော ဟင်းထည့်ပေးဦ အုံး"

ထမင်းစားပြီး ဖေဖေက မေမေ့ကို ပိုက်ဆံအပ်နေကျပင်။ ဖေဖေ့လုပ်အ ခက တစ်နေ့ရငွေ တစ်ထောင်တန် သုံးရွက်၊ တစ်ရာတန် သုံးရွက်၊ ကျွန်တေ နားမလည်၊ ဖေဖေ့ပွဲစားခရငွေက နေ့စဉ် ဒီအတိုင်းပင်၊ အပိုအလို မရှိ။

ဖေဖေပေးသောငွေကို မေမေ လှမ်းယူလိုက်ရင်း ဖေဖေ့ကို မေမေ ဘာပြောလိုက်သည် မသိ။ ကျွန်တော့်မျက်စေ့ရှေ့က လှမ်းထားသည့် ရေ ပုဆိုးဟောင်းလေးအား နေရာပြောင်းကာ လှန်းလိုက်သည်။

ဘာကြောင့် ပုဆိုးရေစိုကို ဖေဖေ နေရာပြောင်းလိုက်သည်ကို ကျွန်တေ သိချင်ပါသည်။ သို့အတွက် ဖေဖေနှင့် မေမေ မသိအောင် ဖေဖေအလုပ် လဲဝတ်နေကျ ပုဆိုးရေစိုလှန်းထားရာသို့ သွားကြည့်လိုက်မိသည်။

ပုဆိုး၏ အနားအောက်ပိုင်းတွင် ဘီလပ်မြေများ ပေကျံနေသည



ကျွန်တော်ပို၍ နားမလည်နိုင်ပါ။ မေမေပြောတော့ ဖေဖေ့အလုပ်က ပွဲစား အလုပ်၊ မေမေ့ကို သေသေချာချာ မေးမှဖြစ်တော့မည်။ မေမေက ဆင်းရဲ ရသည့် အကြောင်းစုံ ပြောပြ၊ ရှင်းပြသဖြင့် ကျွန်တော် သိလိုက်ရပါပြီ။

ဖေဖေ အရာရှိကြီး၊ ဖေဖေက လွန်စွာမှ ရိုးသားပါသည်။ ကံကြမ္မာ အလှည့်အပြောင်းကြောင့် ရုံးမှငွေစာရင်းများ ဖေဖေ အလိမ်ခံလိုက်ရသည်။ ဖေဖေ အမျိုးမျိုး ဖြေရှင်းသော်လည်း မဖြေရှင်းနိုင်၊ နောက်ဆုံး အိမ်ကြီးနှင့် အတွင်းပစ္စည်းများရောင်းကာ ရုံးမှ တရားစွဲထားသည့် ငွေများ၊ ပေးလျော်လိုက် ရသဖြင့် အလုပ်ပြုတ်ပေမင့် ထောင်မကျသည်က ကံကောင်းသည်။

တော်သေးသည်က ဆင်းရဲသားရပ်ကွက်လေးမှာ ပျဉ်ထောင်အိမ်နှင့် ခြံလေးပိုင်နေသေးသည်။ ပြီးတော့ ဖေဖေ့မှာ ပွဲစားအလုပ်နှင့်၊ မနေ့က ကျွန်တော်တို့အိမ်လေးရှေ့ လူတစ်ယောက် ရောက်လာသည်။

"ဒါ. . . ဦးမျိုးသန့်တို့အိမ်လား"

"ဟုတ်ပါတယ်၊ ဘာကိစ္စများ ရှိလို့လဲ"

ဦးမျိုးသန့် အလုပ်လုပ်ရင်း ပြုတ်ကျလို့ ဆေးရုံကြီးရောက်နေသည်ဟု ဆိုသည်။

ကျွန်တော်နှင့် မေမေ ဆေးရုံကြီးသို့ လိုက်သွားကြသည်။

ဖေဖေ၏ ညာဘက်ခြေထောက် ကျိုးသွားသဖြင့် ပလာစတာ ကိုင်ထား သည်။ ဖေဖေက သတိမရသေး။ မေမေနှင့်ကျွန်တော် ဝမ်းနည်းစွာ ဖေဖေ့ကို ကြည့်ပြီး ငိုကြရသည်။

ယခုမှ ကျွန်တော်ပြည့်စုံစွာ သဘောပေါက် နားလည်လိုက်ပါပြီ။ ဖေဖေ့ ပုဆိုးပေါ်က ဘိလပ်မြေများနှင့်အတူ စိုထိုင်းထိုင်းဖြစ်နေသည်မှာ ရေမဟုတ်ဘဲ ဖေဖေ၏ ချွေးစက်များ စွန်းထင်းပေကျံနေသည်ကို. . .။

သားစိန်ဒိုင်




# ာဖေဆိုသော အဖေ

**မေဒေး**

လွန်ခဲ့သော နှစ်လေးဆယ်ကျော် ကာလအချိန် မှတ်မှတ်ရရ ပြောရရင် ၁၉၆၅) ခုနှစ်ဝန်းကျင်ဟု ဆိုရပါမည်။

မှော်ဘီမြို့နယ်၊ ရေကျော်ကျေးရွာမှာ ဖိုးသား ကြီးပြင်းခဲ့ပါသည်။ ရကျော်ကျေးရွာ အစိုးရ မူလတန်းကျောင်းမှာ ပညာသင်ကြားပြီး လေးတန်း အောင်သည့် အချိန်မှစ၍ သာယာကုန်း အစိုးရ အလယ်တန်းကျောင်းသို့ ညာဆက်လက် သင်ယူခဲ့ပါသည်။

ဖိုးသားသည် တစ်ဦးတည်းသောသား ဖြစ်သလို ငယ်စဉ်ကပင် အဖေ င့် ကြီးပြင်းခဲ့ရပြီး အမေဆိုတာ ဖိုးသားဘဝအတွက်တော့ တကယ်ရှိတယ် ိုတာ ပုံပြင်အလား မှတ်ယူထားရတဲ့ ဘဝပါ။ ပြောသံကြားရသည်ကတော့ သားကို အမေက မွေးပြီးပြီးချင်း မီးတွင်းထဲမှာတင် ဆုံးသွားတယ်တဲ့။ ဖိုးသား ကြီးပြင်းခဲ့ရတဲ့ အရပ်ဒေသမှာလဲ ဖိုးသားအဖေက(ဒုက္ခိတ) ခြေတစ်ဖက် ျိုး၍ ချိုင်းထောက်အကူဖြင့်သာ သွားလာရသောကြောင့် ဖိုးသားအတွက် တော့ ဧရာမ လူစွမ်းကောင်းကြီးပေါ့။

ဖိုးသားအဖေနှင့် အမေဟာ ဤရွာဇာတိများ မဟုတ်ကြပါ။ အဖေက မေ့ကို ခိုးလာပြီး ဒီရွာမှာရှိတဲ့ သူငယ်ချင်းအိမ်မှာ စာရင်းငှားဘဝဖြင့် လုပ်

ကိုင်ရင်း ဖာတ်မြှုပ်နေခဲ့ရာမှ ဖိုးသားကိုမွေးပြီး အမေက ဆုံးသွားတော့ အဖေ
က ဒီရွာထဲမှာပဲ သောင်တင်ပြီး နေလာခဲ့ရာမှ ယခုဆိုလျှင် အဖေသည်ပင်
ဤရွာသားဟု ပြောဆို၍ ရလောက်ပေသည်။

ဖိုးသားတို့မှာ ကိုယ်ပိုင်နေစရာ မရှိသလို၊ တဲလည်းမရှိပါ။ ရွာဦး ဘုန်းကြီး
ကျောင်းဝင်းထဲက ဆွမ်းချက်ဆောင်မှာတော့ သားအဖနှစ်ယောက်အတွက်
ကျောင်ထိုင်စရာ အခန်းတစ်ခန်းကို ဆရာတော်၏ စီစဉ်ပေးမှုကြောင့် နေစရာအတွက်
မပူပင်ရသလို စားစရာအတွက်လည်း ဆွမ်းနှင့်ဆွမ်းဟင်း အကျန်များက သား
အဖနှစ်ဦးရဲ့ စိုးရိမ်ရေမှတ်ကို ဘယ်သောအခါမှ မကျော်။

အဲ. . . တစ်ခုတော့ရှိတာပေါ့၊ ဖခင်က ချိုင်းထောက်တစ်ဖက်နဲ့ ကျောင်း
ဝင်း သန့်ရှင်းရေး၊ ကုဋီ၊ သောက်ရေအိုး အစရှိသည့် သက်တောင့်သက်သာ
ဝေယျာဝစ္စ တောက်တိုမယ်ရ အလုပ်တွေကိုတော့ နေ့စဉ်ဆိုသလို တာဝန်ယူ
ဆောင်ရွက်ရတာဖြစ်လို့ ဖိုးသားလည်း ဖခင်ကို ကူညီရင်း ဖခင်ခိုင်းတဲ့
အလုပ်တွေကို ဝိုင်းကူလုပ်ပေးရသည်။ အဲဒါ ဖိုးသားတို့ သားအဖနှစ်ယောက်ရဲ့
နေ့စဉ်တာဝန်လို့ ပြောရင်လည်း မမှားပါဘူး။ အဲသလို လုပ်ကိုင်ရင်း အရွယ်
ကလေး ရတာနဲ့အမျှ အတန်းကလည်း တဖြည်းဖြည်း မူလတန်း၊ အလယ်တန်း
ပညာကို မော်ဘီမြို့ပေါ်သို့ သွားရောက်သင်ယူရမည့် အရွယ်သို့ပင် ရောက်ရှိ
လာသည်။

မော်ဘီမြို့နှင့် ကျွန်တော်နေထိုင်သည့်ရွာမှဆိုလျှင် (၃၅)မိုင်ခန့် သွားရ
သဖြင့် ဆရာတော်ဘုရားက ကျွန်တော့်ကို (ဓားင်ဗမာ)စက်ဘီးတစ်စီး ဝယ်ပေး
ထားပါသည်။ ကျောင်းသွား ကျောင်းပြန်အတွက် အဆင်ပြေပါသော်လည်း
အဖေ့ပါးပြင်မှာတော့ သူပိုင်ငွေ ကြေးဖြင့် ဝယ်မပေးနိုင်၍လား၊ ဝမ်းသာလို့
လားတော့ မပြောတတ်၊ မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက်-

"သား. . . စာကြိုးစားနော်၊ အဖေ့မှာ သူတကာတွေလို သားကို လှလှပပ
တင့်တင့်တယ်တယ် မထားနိုင်၊ ဝယ်မပေးနိုင်ဘူးဆိုတာ သား သိတယ်မို့လား"

ဟု ငိုသံပါကြီးနှင့် ဖခင်က ပြောရှာပါသည်။

"အဖေရယ်. . . သား စာကြိုးစားလို့လည်း အခုလိုတစ်နှစ် တစ်တန်း
တင်မကဘဲ အမြဲတမ်း အတန်းထဲမှာ ပထမ၊ ဒုတိယချည်း ရနေတာ အဖေလည်း



သိရဲ့သားနဲ့၊ သားရဲ့ ဘဝအကြောင်း သား နားလည်ပါတယ်။ အဖေ မငိုပါနဲ့၊
သား စာအမြဲကြိုးစားမှာပါအဖေ"

ဟု အဖေ့ကို အားပေးစကား ပြန်ပြောမိပါသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဖိုးသားဟာ ငယ်ငယ်ကတည်းက စာ
ကြိုးစားတာကို ဆရာတော်အပါအဝင် ရွာရှိ လူတိုင်းလိုလိုပင် သိကြပါသည်။
ကျောင်းဆိုလည်း တစ်ရက်အပျက်မခံ၊ တစ်ခါတစ်ရံ မိုးနဲ့လေနဲ့မို့-

"သားရယ်. . . ဒီနေ့ ကျောင်းမတက်ပါနဲ့လားကွယ်။ မိုးကြီးက အုံ့မှိုင်း
နေတာပဲ။ သား ဖျားနာနေမှဖြင့်"

"အဖေရယ်. . . မိုးဆိုတာ သူ့အချိန်နဲ့သူ ရွာချင်ရွာမယ်၊ မရွာချင် မရွာ
ဘူး၊ အဲဒါကို ဂရုစိုက်နေမယ်ဆိုရင် သား ကျောင်းစာတွေ နောက်ကျ
ကျန်မှာပေါ့"

ဟု အဖေကို ပြန်ပြောမိပါသည်။

အချိန်တွေက တဖြည်းဖြည်း ကုန်မှန်းမသိ ကုန်လွန်ခဲ့ရာမှ ဒီနေ့ဆိုရင်
သား စာမေးပွဲ အောင်စာရင်းတောင် ထွက်တော့မှာပါလား။ အောင်စာရင်း
ထွက်ပေါ်မည့်အချိန်ကို ကျောင်းခြံစည်းရိုးဝင်း အဝမှာ ရပ်စောင့်ပြီး မျှော်ကြည့်
နေရတဲ့ ဖခင်ရဲ့မြင်ကွင်းကို အဝေးမှ စက်ဘီးစီးလာရင်း မြင်နေရတဲ့ ဖိုးသား
စက်ဘီးကို ဒုန်းစိုင်းနင်းလာရင်း-

"အဖေ. . . အဖေ၊ သားစာမေးပွဲအောင်တယ် အဖေရဲ့"

"ဟေ. . . ဟုတ်လား၊ ဝမ်းသာလိုက်တာ သားရယ်"

ဖခင် ထခုန်လိုက်တာ ချိုင်းထောက်တောင် မပါဘူး။ မျက်နှာမှာလည်း
မျက်ရည်စတွေက သီလို့၊ ဗလုံးဗထွေးနဲ့ ထွက်ပေါ်လာတဲ့ အသံက-

"အဲဒါမှ ငါ့သားတဲ့"

"အဖေ"

"ဟင်"

"သား စာမေးပွဲအောင်တာ ရိုးရိုးအောင်တာ မဟုတ်ဘူးအဖေ"

"ဟေ. . . ရိုးရိုးအောင်တာ မဟုတ်ဘူးဆိုတော့ သားက ဘယ်လိုများ
အောင်လို့လဲကွဲ့"

"သားလေ ဒီ(၅)လုံး ပါတယ် အဖေရဲ့"

"ဟာ. . . ဒီ(၅)လုံးဆိုတာ ဘာကိုပြောတာလဲ သားရဲ့"

"ဩော်. . . အဖေရယ်၊ ဒီ(၅)လုံးဆိုတာ ထူးထူးချွန်ချွန်နဲ့ အမှတ်ရတာကို ပြောတာ(ဂုဏ်ထူးတွေပါတာပေါ့)အဖေရာ"

"ဩော်. . . အဖေမှ မသိတာသားရယ်"

"ငါးဘာသာဂုဏ်ထူး ပါတဲ့သူဆိုတာ ဆရာဝန်လုပ်လို့ရတယ် အဖေ"

"ဟာ. . . အဖေ့ဘဝမှာ တစ်ခါမှ မကြားဖူးတဲ့စကားပါလား သားရယ်၊ အဖေ ဝမ်းသာလိုက်တာကွာ"

သားအဖနှစ်ဦး ကြည်နူးဝမ်းသာ ဖြစ်နေချိန်မှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိတဲ့ ဆရာတော်က-

"ဟဲ့. . . ဖိုးသား"

"ဘုရား"

"နင်. . . ငါးဘာသာ ဂုဏ်ထူးပါတယ်ဆို"

"တင်ပါ့ဘုရား"

"အေး. . . အေး. . . သာဓုကွယ်၊ သာဓု၊ ငါ့တပည့် အင်မတန်မှ တော်ပါပေတယ်။ မင်း. . . ဆေးကျောင်းတက်ဖို့ ပြင်ပေတော့ကွာ"

"မှန်လှပါအရှင်ဘုရား၊ တပည့်တော် ဝမ်းသာမဆုံး ဖြစ်ရပါတယ်၊ ဝမ်းသာလွန်းလို့ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်မှန်းတောင် မသိတော့ပါဘူးဘုရား ဟို. . . တပည့်တော်ရဲ့ သား ဆေးပညာသင်လို့ ရပြီပေါ့နော်"

"သင်လို့ရပြီပေါ့ ဒကာကြီးရယ်၊ ဒကာတို့ သားအဖတွေကို ဘုန်းကြီး ကြည့်ပြီး ဘုန်းကြီးတောင် အပျော်တွေ ကူးစက်လာတယ်။ ကိုယ်ချင်းလည်း စာမိပါတယ်ကွယ်။ ကဲ. . . ကဲ. . . ကျောင်းပေါ်ကိုတက်ကြစို့။ ဒကာကြီးရဲ့ သား ဆေးကျောင်းတက်နိုင်အောင် ကျုပ် စီစဉ်ပေးမယ်"

မရှိဆင်းရဲသားလေး (ဖိုးသား)တစ်ယောက် ရှာဦးဘုန်းကြီး စီစဉ်ပေး ကြောင့် ရန်ကုန်ဆေးတက္ကသိုလ်မှာ ပညာသင်ကြားခွင့် ထပ်မံရရှိပါသည်။ စားသောက်စရိတ် အပါအဝင် စာရေးကိရိယာ၊ အဝတ်အစား၊ နေထိုင်



စရိတ်တွေက ဆင်းရဲတဲ့ ကျောင်းသား တစ်ယောက်အဖို့ အိပ်မက်ဆန်လွန်း လှပါသည်။ တစ်လလျှင် ဖျမ်းမျှ ၄၅၀၊ ၅၀၀ ကျပ် ကုန်ကျစရိတ်အတွက် ဖိုးသားတစ်ယောက် ချိုးခြံချွေတာ သုံးစွဲနိုင်မှ တော်ရုံကျသလို သူတကာ တွေကဲ့သို့လည်း အပြင်သို့ လည်ပတ်မသွားနိုင်ရှာ။ သူငယ်ချင်းတွေကတော့ ဖိုးသားကို ချစ်ခင်ကြသလို ဖိုးသားကိုလည်း အစစအရာရာ ဝိုင်းဝန်းကူညီကြ ရှာသည်။

"ဖိုးသားရေ (ကင်တီးန်)ကို သွားကြရအောင်ဟေ့"

"ငါ မလိုက်တော့ပါဘူးကွာ၊ မင်းတို့ဖာသာ မင်းတို့သွားကြပါ"

"ဟယ်. . . ဖိုးသားကလည်း နင်က ငါတို့ကို မခင်လို့လား"

"မဟုတ်ရပါဘူး၊ ကေသွယ်ရယ်၊ ငါက နင်တို့ကျွေးတာစား၊ ပေးတာယူပြီး ဘာမှ ပြန်မပေးနိုင်တော့ အရမ်းအားနာလို့ပါ"

"ဒီမှာ ဖိုးသား. . . သူငယ်ချင်း၊ အပေါင်းအသင်း၊ မိတ်ဆွေတို့ဆိုတာ တွက်စရာ မလိုဘူး။ မစားရလည်း အတူတူ၊ စားရလည်း အတူတူ ဝေါ်လည်း အတူတူပေါ့ဟယ်။ ကဲ. . . လိုက်မှာလား မလိုက်ဘူးလား ဒါပဲပြော"

"ကဲ. . . ကဲ. . . ဖိုးသားရေ မင်း မလိုက်လို့ကတော့ လောကကြီးကို အလှဆင်ပေးနေတဲ့ လမင်းကြီးဟာ မသာဘဲ ကမ္ဘာ့လူသားတွေအတွက် ဝမ်းနည်းရမလို၊ ဝမ်းသာရမလိုနဲ့ လငပုပ်ဖမ်းစားလိုက်သလို ငါတို့ရဲ့ အပျော် တွေကိုပါ ပျောက်ဆုံးသွားနိုင်တယ်ကွ။ လာပါသူငယ်ချင်းရယ် ရွှေစိတ်တော် မပြုံးခင် လစ်ကြစို့"

"မင်းတို့ကတော့ လုပ်ပြီကွာ။ ကဲ. . . ကဲ၊ ခဏ ငါ အကျီလဲ လိုက်အုံး မယ်"

ဆေးကျောင်းကိုရောက်ကတည်းက ဒီသူငယ်ချင်းတွေ၏ အားပေး ကူညီမှုကြောင့် ဖိုးသားဘဝ တင့်တယ်ခဲ့တယ်ဆိုရင်လည်း မမှားပါဘူး။ ဒီ အထဲမှာ ကေသွယ်က ပိုပြီးဆိုးသည်။ ဖိုးသားကို မျက်လုံးထောင့်ထောက်ပြီး ကြည့်နေသလား အောင့်မေ့ရတယ်။ စာအုပ်၊ ဘောလ်ပင်မှအစ စားစရာမကျန်၊ ထမင်းအဆုံး ကုန်ကုန်ပြောရရင် ဖိုးသားဝတ်တဲ့ အဝတ်အစားတွေကိုတောင် ဆပ်ပြာမရှိရင် ဆပ်ပြာဝယ်ပေးတတ်သလို တစ်ခါတစ်ရံ သူကိုယ်တိုင်

လျှော်ဖွပ်ပေးတာမျိုးဆိုတော့ ဖိုးသား သူ့ကို အရမ်းအားနာသလို အရမ်းလည်း ခင်မိပါသည်။ ဒီထက်ပိုပြီးပြောရရင် ဖိုးသား သူ့ကို တိတ်တခိုး စိတ်ဝင်စားတာလည်း ပါလေသည်။ ခက်တာက ဖိုးသားက မပြည့်စုံသူ၊ ပြီးတော့ ကျောင်းသားဘဝကလည်း မကုန်ဆုံးသေး။

ဘာမှ မရေရာတဲ့ဘဝကြီးကို ဖြတ်သန်းနေရသည့် ဖိုးသားဟာ ကျောင်းသင်ခန်းစာကိုသာ အပတ်တကုတ် မကြိုးစားရင် ဖိုးသားဘဝ နစ်မွန်းသွားမယ်ဆိုတာ သိပြီးလေပြီ။ ဒါကြောင့် ဖိုးသား စာကိုပဲ အသဲအမဲ ကြိုးစားရသည်။ ဖိုးသား ကြိုးစားသလောက် ဖိုးသား၏ သူငယ်ချင်းတွေနှင့် ရှာဦးကျောင်းက ဆရာတော်တို့ကလည်း တတ်စွမ်းသလောက် ကူညီကြပါသည်။

ရန်ကုန်-အင်းစိန်လမ်း စိုက်ပျိုးရေးမှတ်တိုင်(လိပ်ခုံး)မှာ ဆေးကျောင်းသားဘဝနဲ့ ပထမနှစ်၊ ဒုတိယနှစ်တွေကို ကုန်ဆုံးခဲ့ပါသည်။ အဲဒီတုန်းက မှတ်မိပါသေးသည်။ ဖိုးသားတို့ ဆေးကျောင်းသားအုပ်စု လက်တွေ့သင်တန်းတက်တုန်းက (ဖား၊ ကြွက်)အစရှိသည့် သတ္တဝါတွေကို ခွဲစိတ်တာ၊ ဆေးထိုး၊ ခွဲစိတ်တာ ပြန်ချုပ်စတဲ့ ဆရာဝန်တို့ တတ်အပ်သော ပညာရပ်များအား လေ့လာဆည်းပူးစဉ်ကပေါ့ ကေသွယ်တစ်ယောက် ဖားကိုဗိုက်ခွဲလိုက်တာ ကေသွယ်၏ လက်ကို အနည်းငယ် ခါးထိသွားသည်။

"အမလေး"

"ဟာ. . . ကေသွယ် ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲ ကေသွယ်"

သူငယ်ချင်းတွေ ဝိုင်းအုံလာပြီး မေးကြတော့ ကေသွယ်ခမျာ ငိုမဲ့မဲ့အသံဖြင့်-

"ငါ့လက်ကို ခါးထိသွားလို့"

"ဟာ. . . ဟုတ်လား၊ ပြစမ်း. . . ပြစမ်း၊ ဘယ်လောက်များလဲ"

စသဖြင့် လားပေါင်းများစွာ အော်ဟစ်ဆူညံနေသည့်အထဲ ဖိုးသား ကေသွယ်ရဲ့ လက်ကိုကိုင်ပြီး ရေဖြင့်ဆေးပေး၍ သွေးထွက်နေသော လက်ညှိုးလေးကို ဖိုးသား၏ အာခံတွင်းထဲသို့ ထိုးသွင်းထားမိပါသည်။ ကေသွယ်လက်ဆီက မတိတ်သေးဘဲထွက်နေတဲ့ သွေးတွေကို ဖိုးသား မျိုချပစ်လိုက်သည်။ ကေသွယ်ရဲ့သွေးဟာ ဖိုးသားရဲ့နှလုံးသားဆီကို နွေးထွေးစွာ စီးဆင်းသွားတော့သည်။ ထို့ကြောင့် ဖိုးသား အရမ်းပျော်သွားခဲ့တာတော့အမှန်ပင်။

"ဖိုးသား. . . ဘာလုပ်တာတုန်း၊ ညစ်ပတ်လိုက်တာ မရွံမရှာနဲ့"

"ဘာလို့ရွံရမှာလဲ၊ သွေးတွေကို ပါးစပ်နဲ့စုပ်ထုတ်လိုက်တော့ သံရဲ့အဆိပ်တွေ အသားထဲ မကျန်တော့ဘူးပေါ့"

လို့ ပြောပြီး လက်ကို အရက်ပြန်ဆွတ်ကာ ပတ်တီးစည်းပေး လိုက်ပါသည်။

"ဩော်. . . ဖိုးသားတောင် ဒီလိုမျိုး အကြင်နာတရားနဲ့ မေတ္တာစကားတွေ ပြောတတ်နေပြီပေါ့"

"ဟေ့ကောင်. . . မင်း ပေါက်ကရတွေ မပြောနဲ့ ကေသွယ်ရှက်သွားအုံးမယ်"

"ကေသွယ်ဖြစ်တာက နည်းနည်းပါကွာ၊ မင်းကိုက သဲသဲလှုပ်နေတာ အမြင်ကပ်စရာ ကောင်းလာပြီ"

"ဟာ. . . ဒီကောင်တွေ ပြော လေကဲလေ၊ မင်းတို့နဲ့ စကားမပြောတော့ဘူး"

"ဟာ. . . ဟေ့ကောင် ဖိုးသ ား၊ မင်း ဘယ်သွားမလို့တုန်း၊ အဲဒါ အိမ်သာသွားတဲ့လမ်းလေ၊ ဟား. . . ဟား. . . ဟား"

ဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် ပညာတွေသင်လာလိုက်တာ ဖိုးသားတို့ သူငယ်ချင်းတစ်စုလည်း ဆရာဝန်လောင်းလျာဘဝနဲ့ မနက်တိုင်း လမ်းမတော်အဆောင်ကနေ ဆေးရုံတွေမှာ လူမှုကာကွယ်ရေးနှင့် ဆေးပညာများကိုသင်ရင်း တစ်ခါတစ်ရံ ဒေသန္တရ ခရီးအဖြစ် မြို့နယ်ပေါင်းစုံ၊ ဆေးရုံတွေအနှံ့ လှည့်လည်၍ ပညာရှာရပေသည်။ ထိုသို့သော အခါမျိုး၌ သူငယ်ချင်းတွေ တစ်ကွဲတစ်ပြားစီသော်လည်းကောင်း၊ အစုလိုက် အပြုလိုက်သော်လည်းကောင်း သွားရတတ်ကြသည်။ ဒီလိုခရီးသွားတဲ့အခါမှာတော့ ကုန်ကျစရိတ်က မြင့်မားတတ်ကြသည်။ မြင့်မားသော ကုန်ကျစရိတ်များကိုလည်း လစဉ်မှန်မှန် ဆရာတော်ထံမှ ရောက်ရှိလာစမြဲပါ။ ဒါ့ကြောင့်လည်း စိတ်အေးလက်အေး ပညာသင်နိုင်ခဲ့ပါသည်။

ထူးခြားသည်က ကျောင်းပိတ်ရက်တိုင်း ဖိုးသားရွာကို ပြန်လာတဲ့

အခေါက်တိုင်း ဖခင်ကို လုံးဝ မတွေ့ရတော့ပါ။ ဆရာတော်စကားအရ ဖခင်၏ မိဘများထံသွားပြီး တောက်တိုမယ်ရ အလုပ်တွေ ဝိုင်းကူပြီး လုပ်နေသည့် စကားသံပင်၊ နောက်ပြီး လတိုင်း ဟိုတုန်းကလို ၄၅၀၊ ၅၀၀ မဟုတ်တော့ဘဲ ဆရာတော်ထံမှ ၇၀၀၊ ၈၀၀၊ တစ်ခါတစ်ရံ ၁၀၀၀ ကျပ်လောက် ပေးလိုက်သဖြင့်လည်း ကျောင်းစရိတ်၊ စားစရိတ်နှင့် ဒေသန္တရ ခရီးစရိတ်အတွက်ပါ မပူမပင်ရသလို သူငယ်ချင်းများကိုလည်း လက်ဖက်ရည်၊ မုန့် ထမင်းကြော်များ ပြန်လည်ကျွေးမွေးနိုင်ခဲ့ပါသည်။ အဆောင်နေ သူငယ်ချင်းများနည်းတူ သုံးစွဲနိုင်ခဲ့သည်။

နှစ်တွေလည်း ကုန်မှန်းမသိ ကုန်ခဲ့ပါသည်။ ဖိုးသားနှင့် ကေသွယ်လည်း သူငယ်ချင်းဘဝမှ ချစ်သူဘဝသို့ တက်လှမ်းလာနိုင်သလို မကြာခင် ဆရာဝန်ဆိုသောဘွဲ့ကို ကေသွယ်ရော ဖိုးသားပါ နှစ်ဦးစလုံး ရရှိကြတော့မည် မဟုတ်ပါလား။

ကျောင်းပြီးခါနီးချိန်မှာတော့ ဖိုးသားတို့ ဆရာဝန်လောင်းတွေ အားလုံး မဲနှိုက်ပြီး ကျရာဒေသ ဆေးရုံတွေကို လက်တွေ့ကွင်းဆင်းဖို့ အချိန်ကို ရောက်ရှိပြန်သည်။ တစ်ချို့က ရန်ကုန်မှာ ကွင်းဆင်းရသလို ဖိုးသားက (ပြည်)ဆေးရုံ ကေသွယ်က ပေါင်းတည်ဆေးရုံနှင့် အခြားသော သူငယ်ချင်းများက တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာ အစရှိသည့် ဒေသတွေကို သွားရောက်ကြရမည်ဖြစ်ပါသည်။

"အစ်ကို. . . ကေသွယ်နဲ့ အစ်ကို လက်မှတ်ဘယ်လို ဝယ်မလဲ"

"ကေသွယ်ကလည်း ပေါင်းတည်ကို လက်မှတ်နှစ်စောင်ဝယ်ပြီး ကိုယ်က ကေသွယ့်ဆေးရုံကို လိုက်ပို့မှာပေါ့၊ နောက်မှ ကိုယ်တစ်ယောက်တည်း ပြည်ကို ဆက်သွားမှာပေါ့"

"ဟွန်း. . . အဲဒီလို အလိုက်သိလို့လဲ အစ်ကို့ကို ကေသွယ်က အရမ်းချစ်ရတာပေါ့"

"ဟင်း. . . ပိုပြီ"



အဝေးပြေး ကားဂိတ်တွင် လူတွေ ဟိုတစ်စု သည်တစ်စု လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ မိမိ စီးရမည့်ကားကို စောင့်မျှော်ရင်း အချိန်ကုန်မှန်းမသိ ဖြစ်နေချိန်-

"ကေသွယ်. . . ဟိုမှာ ကိုယ်တို့စီးရမဲ့ကား မဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ သိတာတို့ ပစ္စည်းတွေ ကားပေါ်တင်ရအောင်နော်"

ကုန်းလမ်းပို့ဆောင်ရေး ကော်ပိုရေးရှင်းရုံးရှေ့ လူများ ပျားပန်းခတ် လှုပ်လှုပ်ရှားရှား ပြုလုပ်နေကြသည်။ မိမိတို့ပစ္စည်းများ ကားပေါ် နေရာရရှိရန်အတွက် လှုပ်ရှားနေကြရသည်ပေါ့။ သည်အခိုက်မှာပင် မမျှော်လင့်သော အခြားတစ်ဘက် ကားလမ်းမှ ကူးလာသော ဈေးသည်ကြီးတစ်ဦး ကားတိုက်ခံရသည်ဆိုသော အော်သံ၊ ဟစ်သံတို့နှင့်အတူ လူအုပ်ကြီးအချို့ မြို့လယ်ကောင်မှာ ဝိုင်းအုံလျှက်ရှိနေသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေ ကြားထဲက ကြားလိုက်ရတဲ့ သံစဉ်တစ်ခုက-

"ဟယ်. . . သနားပါတယ်၊ အဘိုးကြီးတစ်ယောက် ချိုင်းထောက်က တစ်ဖက်၊ နေကြာ၊ ကွာစေ့၊ မက်မန်းပေါင်၊ ဇီးထုပ်နဲ့ ခပေါင်း၊ဒူးယား စီးကရက်ဘူးတွေက တစ်ဖက်နဲ့ လမ်းအကူး ကားတိုက်ခံရတာတဲ့"

"ဗျာ. . . ဟင်. . . ဟာ"

ထိုအခိုက် အဝေးပြေးကားလမ်းပေါ်မှ စပါယ်ယာ၏အသံ ထွက်ပေါ်လာသည်-

"နတ်တလင်း- ပေါင်းတည်-ပြည်သို့ လိုက်ပါမည့်ခရီးသည်များ ကားပေါ်ကို တက်ကြပါ။ မကြာမီအချိန်အတွင်း ကားထွက်ခွာပါတော့မည်ဖြစ်ပါ၍ လိုက်ပါကြမည့် ခရီးသည်များ နေရာယူပေးကြပါခင်ဗျား"

စပါယ်ယာ၏ အော်သံအဆုံး ဖိုးသားတို့ချစ်သူနှစ်ဦးသည်လည်း ထိုင်ခုံမှာ အသင့်ထိုင်နေလျက် မော်တော်ယာဉ် ထွက်ခွာမည့်အချိန် စောင့်စားရင်း-

"ဟူး. . ."

"အစ်ကို ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး ကေသွယ်ရယ်၊ ခုနက ကားတိုက်ခံရတဲ့ အသံကို ကြားမိလိုက်တော့ အတော်စိတ်ထဲမကောင်းလို့ပါ"

"ဩော်. . . အစ်ကိုရယ်"

ဆရာဝန်လောင်းများ နောက်ဆုံးလေ့လာရေး ကွင်းဆင်းမှု (တစ်လ)လုံး ဖိုးသား မပျော်ရွှင်နိုင်ပါ။ အလုပ်ထဲ၊ စာထဲသို့ မနည်းပဲ စိတ်နှစ်နေပစ်လိုက်ရ သည်။ တစ်ခါတစ်ရံ၌ ခေါင်းထဲထည့်လို့ မရ။ စိတ်က ရွာကိုသာရောက်နေ သည်။

"ဘုရား. . . ဘုရား. . . အဖေ ဘာမှ မဖြစ်ပါစေနဲ့"

ဟု စိတ်ထဲမှာ ရေရွတ်မိသည်။

သင်တန်းပြီး၍အပြန် ကေသွယ်ကို ဝင်ခေါ်ပြီး ရရာ၊ ကြုံရာကားဖြင့် ရန်ကုန်သို့ ပြန်ခဲ့ကြရာ မော်ဘီလမ်းခွဲအဝင်-

"ကေသွယ်. . . အစ်ကိုဒီမှာ ဆင်းနေခဲ့မယ်နော်၊ ၂ ရက် ၃ ရက် လောက်မှ ပြန်ဆုံကြတာပေါ့"

"ဟုတ်ကဲ့. . . ကောင်းပါတယ် အစ်ကို"

မော်ဘီလမ်းဆုံမှတစ်ဆင့် ကြုံရာမြင်းလှည်းကိုစီး၍ ရွာသို့ ဖိုးသား ပြန်လာခဲ့သည်။ ရွာသို့အရောက် ခရီးဦးကြိုဆရာတော်အား ဦးခိုက် ကန်တော့ပြီး-

"ဆရာတော် ကျန်းမာရဲ့လားဘုရား"

"ဆရာတော် ကျန်းမာပါတယ်ကွယ်"

"ဆရာတော်ဘုရား၊ အဖေရော လာသေးလားဘုရား"

ဖိုးသား၏ စကားကြောင့် ဆရာတော်သည် စိတ်မကောင်းစွာဖြင့် ဖိုးသားကို ခေါင်းခါပြရင်း-

"ဒကာလေးရဲ့ ဖခင်ဆုံးသွားတာ ဒီနေ့ပါနဲ့ဆို တစ်လနဲ့သုံးရက် ရှိပြီ ဒကာလေး၊ ဒါ. . . သူနဲ့အတူ ရှိခဲ့တဲ့ ပစ္စည်းတွေပဲ ဒကာလေး"

ဆရာတော်လှမ်းပေးသော ပစ္စည်းများကို ဖိုးသားလှမ်းယူရင်း လွန်ခဲ့ သော တစ်လကျော်က ဖိုးသားနှင့်ကေသွယ် အဝေးပြေးကားဂိတ်အနီး ဖြစ် ပွားခဲ့သော ကားတိုက်ခံရသည့် ဂျိုင်းထောက်ကြီးနဲ့ နေကြာ၊ ကွာစေ့၊ မက်မန်း ပေါင်း၊ ခပေါင်း၊ဒူးယားရောင်းသည့် အဖိုးကြီး စသည့်ဟူသော စကားသံများ ပြန်လည်ကြားယောင်လာသောအခါ. . .



"အဖေ. . . အဖေ. . . အဖေ"

ဖိုးသား၏ အော်ဟစ်သံကြီးက အားလုံးကို ပဲ့တင်ထပ်မျှ လွှမ်းမိုးသွား လေတော့သည်။

ဤဝတ္ထုအား ရေးသားနိုင်ရန် အစစ အရာရာ အကူအညီပေးသော *ဒေါက်တာခင်မောင်ထွန်း* အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် အပ်ပါသည်။

မေဒေး




# မျက်ရည်တစ်ပေါက်၏ ရာဇဝင်

## သန်းထိုက်လူ

"စူမွအောရန်း တူတုတ်"

ကျွန်ုပ်တို့ရဲ့နားထဲ မလေးရှား ဘာသာစကားနဲ့ ဒေါသမာန် ထည့်ပြီး အော်ပြောနေသံကို ကြားလိုက်ရတယ်။ အမိပ္ပာယ်က "အားလုံးထိုင်ကြ" လို့ အမိန့်ပေးနေခြင်း ဖြစ်ပါတယ်။ ထိုလူရဲ့ လက်ထဲမှာ Malaysia Inmigration Logo (မလေးရှား လဝက) တံဆိပ်အမှတ်အသား ကြေးဝါပြားကြီးကို ကျွန်ုပ်တို့ မြင်နိုင်စေရန်လည်း ကိုင်ပြီးမြှောက်ပြနေပါတယ်။ အခင်းဖြစ်ရက်စွဲနှင့် နေရာကို ညွှန်းဆိုရသော် ၂၀၁၀၊ အောက်တိုဘာ ၂၅ ရက် မလေးရှား စံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တိတိပါ။ Kajang (ကာချန်း) မြို့ရှိ KK Super Mart (ကေကေ စတိုးဆိုင်ကြီး)အတွင်းမှာ ဖြစ်ပါတယ်။ ကျွန်ုပ်ပြေးရင် လွတ်မြောက်နိုင်ပေမဲ့ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်နဲ့ ရုန်းမထွက်ခဲ့ပါဘူး။ ကျွန်ုပ်ရဲ့ လုပ်ဖော်ကိုင်ဖက် မြန်မာလေးယောက်နဲ့အတူ အေးဆေးစွာ အဖမ်းခံခဲ့ပါတယ်။

KK Super Mart အတွင်းကို အရပ်ဝတ်နဲ့ ဈေးဝယ်ဟန်ဆောင်ပြီး ဝင်လာကြတဲ့ မလေးရှား လဝက အဖွဲ့ကို ကျွန်ုပ်တို့ မြန်မာအလုပ်သမား

ငါးယောက်လုံး မရိပ်စားမိခဲ့ပါဘူး။ ဆိုင်ထဲဝင်လာသူမှန်သမျှကို ဖော်ရွေ စွာ နည်းခံတူညီကောင်းလို့ ပြေးချိန်မရအောင် ချောင်ပိတ်မိသွားကြပါတယ်။

"ကျောချမှ မားပြမှန်းသိ" ဆိုတဲ့ မြန်မာ့စကားပုံအတိုင်း လက်ထိတ် ကိုယ်စီနဲ့ အဖမ်းခံလိုက်ရတော့မှ မလေးရှား လဝက အရာရှိတွေမှန်း နားလည် ခဲ့ရပါတော့တယ်။ ဖမ်းနေတဲ့အခါမှာတော့- ဆိုင်အတွင်း ဈေးဝယ်သူတွေ လည်း ကသောင်းကနင်းနဲ့ ပြန်ထွက်ခွာသွားကြပါတော့တယ်။

အဲဒီအချိန်မှာ လဝက အရာရှိတစ်ယောက်က-

"မာကျမ်းမာနား၊ စူးမွှအောရမ်း ကရယ်ဂျာအာဒ့်၊ ဒပိ ပါမစ်သာဒ့်"

အဓိပ္ပါယ်မှာ *"ဘယ်လိုလဲ- အားလုံး အလုပ်ရှိတယ်၊ ဒါပေမဲ့ ပါမစ်မရှိဘူးမှတ်လား"*

ကျွန်ုပ်က မြန်မာအားလုံးရဲ့ကိုယ်စား ရှင်းပြလိုက်တယ်။

*"ဂါဂျိစကစ် မာကျန်းမာနား လာ့ဂီးပါမစ်အန်ကတ်၊ ပါမစ်ဘာရူးမောင်း ဒွိဘာည ဟက်ဖစ်"*

"လစာနည်းနည်းလေးနဲ့ နောက်ထပ်ပါမစ် ဘယ်လိုလုပ် တိုးလို့ရမှာလဲ၊ ပါမစ်တိုးရင် ပိုက်ဆံအများကြီး ကုန်တယ်လေ"

ကျွန်ုပ်က အယူခံဝင် တင်ပြသော်လည်း မလေးရှား လဝက အဖွဲ့က လုံးဝ လက်မခံတော့ဘဲ ကားပေါ်သို့ ဆွဲတင်သွားလေတော့သည်။

ကျွန်ုပ်တို့ဟာ ပထမစက်ရုံမှာ အလုပ်မကောင်းလို့ တခြားအလုပ် ကောင်းတဲ့နေရာလေးကို ပြောင်းရွှေ့လုပ်ကိုင်ကြရင်း အခုလို ဖမ်းဆီးခံရတာ ပါ။ ကားပေါ်တက်ခါနီး ကျွန်ုပ်တို့ကို တစ်ဦးချင်းဆီ ဓာတ်ပုံများ ရိုက်ယူခဲ့သလို ငါးယောက်ပူးတွဲ (Group)ပုံကိုပါ သုံးလေးခါလောက် မှတ်တမ်းသဖွယ် ရိုက်သွားပါတယ်။ ပြီးတော့ သူတို့စီးလာတဲ့ ကားသုံးစီးပေါ်ကို လူခွဲပြီးတော့ တက်ခိုင်းပါတယ်။ အလုပ်ထဲမှာ အဖမ်းခံခဲ့ရတာမို့ ကျွန်ုပ်တို့ဟာ လူနေဆော က ဘာပစ္စည်းမှ ယူမလာနိုင်ခဲ့ပါဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုကလွဲ သူတို့ခတ်ထားတဲ့ လက်ထိတ်တစ်စုံစီကိုသာ သယ်ဆောင်ခွင့်ရခဲ့ပါတယ် ကာချန်းမြို့ဟာ ညလေညင်းတွေနဲ့အတူ ရောင်စုံလျှပ်စစ်မီးတွေကြားမှာ



တည်တည်ငြိမ်ငြိမ် ရှိနေခဲ့ပေမဲ့ လဝကတွေရဲ့ TownAce (တောင်းအေ့စ်) ကားထဲက ကျွန်ုပ်ရင်ဘတ်ကြီးဟာ ၂၀၀၉ ခုနှစ်က ဩစတြေးလျမှာ လောင် ကျွမ်းခဲ့တဲ့ တောမီးတောက်တွေလိုပါပဲ. . .။

သူများနိုင်ငံထဲမှာ လက်ထိတ်တန်းလန်းနဲ့ ဒုက္ခရောက်နေချိန်မှာတော့ ကျွန်ုပ်ဟာ မေတ္တာသုတ် အကြိမ်ကြိမ်ရွတ်ဆိုရင်း သတ္တဝါအားလုံးကိုပါ ကိုယ် စိတ်နှစ်ဖြာ ကျန်းမာချမ်းသာဖို့ ဆုတောင်းနေမိတယ်။ အဲဒီအချိန်မှာ သတ္တိတွေ ပြည့်ဝလာခဲ့ပြီး ကြောက်စိတ်တွေဟာ ကောင်းကင်က တိမ်စိုင်တွေနဲ့အတူ ကျွန်ုပ်ကို စွန့်ခွာသွားကြပါတယ်။ ကျွန်ုပ် မြတ်ဗုဒ္ဓကို ဒီလို တိုင်တည်လိုက် ပါတယ်. . .-

"အရှင်ဘုရား. . . ဘုရားတပည့်တော်သည် အိုမင်းမစွမ်း မိဘနှစ်ပါး ကို အလုပ်အကျွေးပြုနေရသည့်အပြင် ပေါင်နှံထားတဲ့ မိခင်ဖခင်တို့ရဲ့ အိမ်ခြံကို ပြန်လည်ရွေးထုတ်ပေးစေလိုသော ဆန္ဒနဲ့ အန္တရာယ်ရှိမှန်း သိသော်လည်း Over Stay ဘဝမှာ အလုပ်လုပ်နေရင်း အဖမ်းခံခဲ့ရတာဖြစ်ပါသည်။ ဤ မှန်သောသစ္စာစကားကြောင့် အချုပ်အနှောင်ခံရသည့် ဘဝမှ အမြန်ဆုံး လွတ်မြောက်ရပါလို၏၊ စိတ်ကြမ်း စရိုက်ကြမ်းတွေနဲ့ ဝေးကွာရပါလို၏" . . . (မလေးရှား လဝက အချုပ်ကားထဲမှ ကျွန်ုပ်ဆုတောင်း)

ကျွန်ုပ်နဲ့အတူ အဖမ်းခံခဲ့ရသူတွေကတော့ ကျောက်တန်းမြို့နယ် မုဆိုးဆိတ်နဲ့ ခနောင်ကျေးရွာတို့က လူငယ်လေးယောက် ဖြစ်ပါတယ်။

ကျွန်ုပ်တို့ ငါးယောက်စလုံးကို မလေးရှားနိုင်ငံ ရှားအလန်း (Shar Alan)ရှိ လဝက အကျဉ်းခန်းထဲ နှစ်ညသိပ်ကာ စစ်ဆေးမေးမြန်းပြီး KILA ဆိုတဲ့ အချုပ်ခန်းကို ပြောင်းရွှေ့ဖို့ တီအီး(ကားကြီး)နဲ့ ပြန်လည် ခေါ်ဆောင်ခဲ့ ပါတယ်။ အချုပ်ကားပေါ်မှာ၊ တရုတ်အမျိုးသမီး ငါးယောက်ခန့်ကိုလည်း ဖမ်းလာတာ တွေ့ရပါတယ်။ KILAကို စတင်ရောက်ရှိချိန်မှာ ည ၆နာရီ ခွဲပြီဖြစ်သော်လည်း ကမ္ဘာမြေဟာ လင်းလက်နေဆဲ။ ကျွန်ုပ်တို့ ရောက်ရောက် ချင်း အလွန်အံ့ဩမိတာက အချုပ်ခန်းထဲမှာ မလေးရှား လဝကအဖွဲ့ ဖမ်းဆီး ထိန်းသိမ်းထားတဲ့ နိုင်ငံခြားသားတွေ အရမ်းကိုများပြားလွန်းနေတဲ့ မြင်ကွင်း ဖြစ်ပါတယ်။ ဒါ့အပြင် KILA အချုပ်ဝင်းဟာ ငါးကေလောက်ကို ကျယ်ဝန်း

နေတာပါပဲ။ အချုပ်ဇရိယာကို ဘောလုံးကွင်းပုံစံမျိုး မြေကျင်းကြီးတွေတူးထား ပြီး အနိမ့်ပိုင်းမှာ ဆောက်လုပ်ထားပါတယ်။ လဝက ရုံးခန်းကြီးကတော့ ပကတိမြေပြင်ပေါ်မှာ ရှိနေတာမို့ အချုပ်ခန်းတွေရဲ့ ခေါင်မိုးတွေဟာ လဝက ရုံးခန်းရဲ့ ကြမ်းခင်းထက်တောင် နိမ့်နေပါတယ်။ အချုပ်ခန်းတွေကို လုံခြုံရေး အရ လွယ်လင့်တကူ ထိန်းကျောင်းနိုင်ဖို့ လဝက ရုံးခန်းတွေကို အပေါ်စီးကနေ တမင်ရည်ရွယ် ဆောက်လုပ်ထားပုံရပါတယ်။

Kualalumpure Air Port (မြို့တော်ကွာလာလမ်ပူရ်လေဆိပ်)အနီး ရှိတဲ့ KILA နိုင်ငံခြားသား ထိန်းသိမ်းရေးစခန်းမှာ အချုပ်ခန်းပေါင်း ၁၀ခန်း လောက်ရှိပြီး ယောကျ်ားလေးများအတွက် (၆)ခန်းနဲ့ မိန်းကလေးများအတွက် (၄)ခန်း သတ်မှတ်ထားပါတယ်။ KILA အချုပ်ခန်းကနေ အမှုစစ်ဆေးပြီးမှ သက်ဆိုင်ရာ ပြစ်မှုအလိုက် မလေးရှား နိုင်ငံတစ်ဝန်းရှိ ထောင်အသီးသီးကို လွှဲပြောင်းပို့ဆောင်ခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့အဖွဲ့ တီအီးကားကြီးပေါ်က ဆင်းလာကြတယ်ဆိုရင်ပဲ ဦးစွာရောက်နှင့်နေကြတဲ့ နိုင်ငံခြားသားတွေက အချုပ်ခန်းတံခါးဝကနေ ကျွန်ုပ်တို့ကိုလှမ်းပြီး နှုတ်ဆက်ကာ အော်ဟစ်ဆူပူ နေကြပါတယ်။ သူတို့က ကျွန်ုပ်တို့ကို မကြောက်ကြနဲ့၊ ပြန်လို့ရတယ်။ *'သာဒသာကုတ်၊ ဘိုလေးဘာလေ့'* ဆိုပြီး တက်ညီလက်ညီ မလေးရှားဘာသာ စကားနဲ့ ဝိုင်းဝန်းပြောနေကြပေမဲ့လည်း ကျွန်ုပ်တို့ရင်ထဲတော့ ဒီနေရာကို မနှစ်မြို့ပါဘူး။

ကျွန်ုပ်တို့ကို KILA အချုပ်ခန်းဝမှာ လက်ကိုင်ဖုန်း၊ ဘောင်းဘီခါးပတ် ကြိုးနဲ့ လက်ပတ်နာရီတို့ကို တစ်ယောက်ချင်းစီ စာရင်းပြုစုပြီး လဝက အရာရှိ တွေ သိမ်းဆည်းနေကြပါပြီ။ အချိန်ဟာ တဖြည်းဖြည်း ညနေဆည်းဆာကို ဖြတ်ကျော်လို့ ည ခုနစ်နာရီကိုပင် ရောက်ရှိနေခဲ့ပြီ။ ကျွန်ုပ်တို့အဖွဲ့ KILAရဲ့ သတ်မှတ်ဝင်ပေါက်မှ တစ်ယောက်ချင်းဆီ အချုပ်ခန်းထဲကို ရောက်လို့လာ ကြ၏။ တံခါးဝမှာ RELA(ရေလာ)လို့ခေါ်တဲ့ လဝက အကူအင်အား *တပ်ဖွဲ့ဝင်တွေက* ကျွန်ုပ်တို့ကို တစ်ယောက်ချင်းဆီ တစ်ကိုယ်လုံးအနှံ့ ပေါင်ကြားတွေပါ မကျန်အောင် စနစ်တကျ စစ်ဆေးပြီးမှ အချုပ်ခန်းထဲ ဝင်ခွင့် ပြုခဲ့ခြင်းဖြစ်ပါတယ်။ အချုပ်ခန်းထဲသို့ ရောက်ရောက်ချင်းမှာတော့-



*"စူမွ အောရန်း တူတုတ်"*

ဟူသော အသံကျယ်ကြီး တစ်သံက အမိန့်ထပ်ပေးနေပြန်ပါတယ်။

ဒီသံဇဉ်ဟာ နားရည်ဝနေပြီဖြစ်လို့ ကျွန်ုပ်တို့လည်း ငြိမ်သက်စွာ ထိုင် လိုက်ကြတယ်။ နောက်ထပ် စကားတစ်ခွန်းက ပျံ့လွင့်လာပါတယ်။

*"အောရန်း မာနား"၊*

ဘာလူမျိုးလဲ လို့ မေးလိုက်ချိန်မှာတော့ ကျွန်ုပ်က- ကျန်တဲ့မြန်မာတွေ အားမငယ်ရလေအောင်--

*"စူမွ အောရန်းမြန်မာ"*

ဟု လေသံခပ်ထန်ထန်ဖြင့် ပြန်အော်ပြီး ဖြေလိုက်တယ်။

အမိပ္ပါယ်က "အားလုံး မြန်မာတွေ" ပေါ့ဗျာ။

ကျွန်ုပ်ကို အချုပ်ခန်း ကပ္ပတိန်က သေချာစွာကြည့်ရင်း- ပြုံးပြပြီးတော့ မြန်မာစကားနဲ့ ပြန်ပြီးမေးပါတယ်။

"ဟာ. . . မင်းတို့ကို ဘယ်ကနေ ဖမ်းမိလာတာလဲ"တဲ့

စောစောက မလေးရှား ဘာသာစကားနဲ့ မေးတဲ့လူဟာ မြန်မာဖြစ်နေ တော့ ကျွန်ုပ်တို့လည်း အရမ်းကို ဝမ်းသာသွားပါတယ်။ ယခု ကျွန်ုပ်တို့ကို အုပ်စိုးထိန်းကျောင်းမယ့် KILA အချုပ်ခန်းနံပါတ် (3 C) မှာ ကပ္ပတိန်က မြန်မာစစ်စစ်၊ ကျွန်ုပ်ရဲ့ နိုင်ငံသားတစ်ယောက်ဖြစ်နေပြီ မဟုတ်ပါလော ဗျာ. . .

ကျွန်ုပ်နဲ့အတူ မြန်မာငါးယောက်လုံး မျက်နှာများ ဝင်းပသွားပြီး ကပ္ပတိန် ကိုကျော်ရဲ့ နှုတ်မိန့်နဲ့ KILA အချုပ်ခန်းအတွင်း သက်သာသလို နေထိုင်နိုင်ကြပြီလေ။ ကျွန်ုပ်ကို သရော်စာတွေရေးတဲ့ ဆရာ သန်းထိုက်လူ ဆိုပြီး အခြားမြန်မာများက ဝိုင်းဝန်း ပြောပြလိုက်ချိန်မှာ ကပ္ပတိန်ဟာ အားရ ပါးရ လက်ဆွဲနှုတ်ဆက်နေပါတော့တယ်။ သူဟာ စာပေကို ဝါသနာပါ ကြောင်း၊ မြန်မာသံရုံးက အရာရှိတွေလာတဲ့အခါ ရောင်ပြန်၊ ရယ်စရာ၊ ရတီ၊ သူရဇ္ဇ စတဲ့ ရန်ကုန်ဖွား မဂ္ဂဇင်းများနှင့်အတူ ယနေ့ထွက်ရှိနေသော ခေတ်ပြိုင် ဂျာနယ်များကိုပါ ယူဆောင်လာပေးကြောင်း ပြောပါတယ်။

KILAအချုပ်ခန်းထဲမှာ မြန်မာ၊ နီပေါ၊ အင်ဒိုနီးရှား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ အိန္ဒိယ၊ တရုတ်၊ နိုင်ဂျီးရီးယား၊ အီရန်၊ ဘင်္ဂလားဒေ့ရှ် စသဖြင့် နိုင်ငံခြားသားများကို စုံလင်စွာ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အားလုံးဟာ မလေးရှား လဝက အဖွဲ့က ယာယီခန့်အပ်ထားတဲ့ ကပ္ပတိန်ရဲ့ အုပ်ချုပ်မှုကို လိုက်နာကြရပါတယ်။ ကပ္ပတိန်ကို ခံပြောရင် ရဲနဲ့ လဝက တွေက ရိုက်နှက်ဆုံးမပြီး အခန်းကျဉ်းထဲကို ပို့လိုက်တဲ့မြင်ကွင်းတွေကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။ မလေးရှား စကားဖြင့် (ရူးမားကချိ) RumaKachi (အခန်းကျဉ်းကလေး)ဟာ နာမည်ဆိုး အချုပ်သားများအတွက် သီးသန့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး အခန်းရဲ့ အကျယ်အဝန်းက ရှစ်ပေ ပတ်လည်လောက်ပါ။ *အိမ်သာနားမှာ ထမင်းစား၊ အိမ်သာနားမှာ အိပ်ရတဲ့ စနစ်နဲ့ ဆိုးသွမ်းမှု ပပျောက်အောင် စီမံထားတာ ဖြစ်ပါတယ်။*

ကျွန်ုပ် ကပ္ပတိန်ကိုကျော်နဲ့ အချုပ်ခန်းထဲ စကားလက်ဆုံကျနေရင်း ညဟာ အရွယ်ရင့်လျက် မနက်ဖြန်ဟူသော နေ့သစ်သို့ပင် ခြေလှမ်းကျွံနေပါပြီ။ ကပ္ပတိန် ကိုကျော်က ညောင်ဦးမြို့နယ်ဘက်က ဖြစ်ပါတယ်။ သူဟာ KILA အချုပ်ထဲမှာ နံနက် ၃ နာရီ ၄နာရီကျမှ အိပ်ရာဝင်တတ်သူဖြစ်လို့ ကျွန်ုပ်နဲ့ လိုက်ဖက်ညီသော်လည်း ကျောက်တန်းသား လေးယောက်ဟာ ခရီးပန်းလာပြီး *အိပ်မောကျချိန်မို့ စိတ်သောကငြိမ်လို့ နေပြီပေါ့ဗျာ. . .။*

ကျွန်ုပ်နဲ့ ကပ္ပတိန်ကိုကျော်(ညောင်ဦးသား)တို့ စကားပြောဆိုနေစဉ် အချုပ်ခန်းရဲ့ အပြင်ဘက်တစ်နေရာမှာတော့ ဘင်္ဂလားဒေ့ရှ်လူမျိုး ၃၀ ခန့်ကို ဖမ်းချလာပြီး ကျွန်ုပ်တို့အခန်းထဲသို့ထည့်ရန် မလေးရှား(လဝက)အဖွဲ့ အလုပ်ရှုပ်နေပြန်ပါတယ်။ ကပ္ပတိန် ကိုကျော်က-

"သန်းထိုက်လူ. . . ဒီညတော့ အိပ်စရာတောင် နေရာရှိမှာ မဟုတ်ဘူး ဘ-ဂုံးတွေ ပါလာပြန်ပြီဗျ"

(ဘ-ဂုံးသည် ဘင်္ဂလားဒေ့ရှ်လူမျိုးကို မြန်မာတို့က ခေါ်ဝေါ်သော နာမည်ဝှက်ဖြစ်၏။)

"ရပါတယ် ကျွန်တော် ရန်ကုန်မှာ ညဘက်ဆိုရင် ကဗျာတွေ စာတွေ ရေးရင်း နံနက် ၄နာရီ ထိုးဖူးတယ်ဗျ"



"အေးဗျာ. . . ခင်ဗျားရဲ့ ကဗျာတစ်ချို့ မလေးရှားက ထုတ်ဝေတဲ့ လမ်းသစ်ဂျာနယ်မှာ ဖတ်လိုက်ရတယ်၊ ပြီးတော့ စင်ကာပူက ထုတ်ဝေတဲ့ သဇင် မဂ္ဂဇင်းမှာလဲ တွေ့ရတယ်၊ ခင်ဗျားဟာ သရော်စာပေကို တော်တော် ဝါသနာကြီးပုံရတယ်၊ ကဗျာတောင် ရိုးရိုးမရေးဘူး၊ သရော်တော်တော်နဲ့ ရေးစပ်ထားတာ တွေ့ရတယ်"

"မသရော်လို့ မရတဲ့ခေတ်ဗျ၊ ဒီလောက် သရော်နေတာတောင် လူတွေ တော်တော်လေးကို စာရိတ္တ နိမ့်ကျပျက်စီးနေတယ်လေ၊ မသရော်ပဲ လွှတ်ထားလို့ကတော့ စွတ်စားကုန်မှာပေါ့"

"ဟား. . . ဟား. . . ဟား. . . ခင်ဗျားကတော့ ပြောရင်း သရော်လိုက်ပြန်ပြီ၊ ဘယ်သူတွေ ဘာတွေ စွတ်စားလို့လဲ"

"စားတာမှ ပြောမနေနဲ့ဗျာ၊ ဒါကြောင့် ကျုပ်တို့ သူများတိုင်းပြည်မှာ ဒုက္ခလာခံနေရတာပေါ့"

"ကဲ. . . အဲဒါတွေထားဦး။ ဆရာတို့အမှုက Over Stay ဆိုတော့ အနည်းဆုံး ဒီထဲမှာ နှစ်လလောက်တော့ နေရမယ်။ ဒါတောင်မှ ဆရာတို့ရဲ့ သူဌေးက ဒဏ်ဆောင်ပေးမှ ဒီမှာ ဖိမ်နဲ့နေရမှာ။ သူဌေးက ဒဏ်မဆောင်ဘူး ဆိုရင် ထောင်ထဲဝင်ရဦးမှာ၊ မလေးရှားထောင်ထဲဝင်ပြီဆို ကြိမ်ဒဏ်က အနည်းဆုံး နှစ်ချက်ပဲ၊ ခံနိုင်ရည်ရှိပ့ါမလား"

"ဟား. . . ဟား. . . ဟား. . . ဒီမှာကိုကျော် ကျုပ်တို့ မြန်မာတွေမှာ ရာဇဝင်ရှိတယ်၊ ဘယ်တော့မှ သွေးမကြောင်ဘူးဗျ. . . အခုလဲ စားဝတ်နေရေး အရ ကျုပ်တို့ အလုပ်လာထွက်လုပ်တယ်၊ အခွန်မဆောင်နိုင်လို့ Over Stay နဲ့ နေကြရတယ်၊ ဒီတော့ သူတို့ဥပဒေကို ချိုးဖောက်သလိုဖြစ်တယ်၊ သူတို့ ဖမ်းတာ တရားတယ်၊ အဲဒီအတွက် ကျုပ် ရဲရဲကြီး ပြုံးပြီးခံရဲတယ်ဗျာ. . ။ ကြိမ်ဒဏ်မကလို့၊ သစ်ဒဏ်၊ ဝါးဒဏ်ပဲ ဖြစ်ဖြစ် ခံရဲပါတယ်"

ကိုကျော်က အားရပါးရ ရယ်သွမ်းနေတော့သည်။

နောက်တစ်နေ့. . .

ထောင်ပြောင်းရန် စာရင်းစာရွက်နှင့် အချုပ်သားများ၏ နာမည်ကို မလေးရှားရဲသုံးယောက်နဲ့ လဝကအဖွဲ့မှ လာရောက်ခေါ်ဆိုနေကြပြီဖြစ်သည်။ နာမည်စာရင်း အခေါ်ခံရသူတွေဟာ သူတို့ရဲ့ အလုပ်ရှင်သူဌေးက မလေး အစိုးရကို ဒဏ်ငွေမဆောင်လို့ ထောင်ချခံကြရခြင်း ဖြစ်ပါတယ်။

အားလုံး လူ ၅၀ လောက် ပါသွားတယ်။ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာက ၁၂ ယောက်။ ကျွန်ုပ်တို့ ငါးယောက်အဖွဲ့ကတော့ သူဌေး ဒဏ်ငွေ ဆောင်ထား၍ ဘယ်ထောင်ကိုမှ ပြောင်းရွှေ့ခြင်း မပြုရတော့ဘူးလို့ သိရပါ တယ်။

အချုပ်ထဲမှာ နေ့တိုင်း မနက် ၈နာရီထိုးတာနဲ့ အချုပ်သားတွေကို သုံးယောက်တွဲ တန်းစီထိုင်ခိုင်းပြီး တစ်ယောက်ကို ပေါင်မုန့်နှစ်ချပ်စီနဲ့ ကော်ဖီ ပါဆယ်တစ်ထုပ် ဝေငှပါတယ်။ ကပ္ပတိန်ကိုယ်တိုင် ဝေပေးရတာပါ။

အချုပ်သားတွေ ကော်ဖီသောက်ကြတဲ့အခါ ပလတ်စတစ်အိတ်ရဲ့ အောက်ပိုင်းထောင့်ကို ကိုက်ဖောက်ပြီး ပါးစပ်နဲ့ စုပ်ကြရတာ ဖြစ်ပါတယ်။

ပေါင်မုန့်စားရင်း ကပ္ပတိန် ကိုကျော်က-

"ကျွန်တော်တို့နိုင်ငံမှာ သန့်ရှင်းတဲ့ အစိုးရတစ်ရပ် မဖွဲ့စည်းနိုင်သေး သရွေ့ မြန်မာပြည်သူတွေဟာ အလုပ်လက်မဲ့ ဘဝကို ကျော်လွှားနိုင်ဖို့ ထိုင်းနဲ့ မလေးရှားဆိုတဲ့ နယ်မြေကြမ်းတွေမှာ ငွေနဲ့ ဘဝကို လဲလှယ်နေရအုံးမှာဗျ"

"ဟုတ်တယ်ဗျာ၊ အမျိုးသားရေးစနစ် ယိုယွင်းနေမှု၊ လူတန်းစား အလွှာ အသီးသီးရဲ့ စာရိတ္တပျက်စီးနေမှုတွေဟာ ဘယ်အစိုးရ တက်လာတက်လာ ကျုပ်တို့ မြန်မာတစ်မျိုးသားလုံးအတွက် မငြိမ်းချမ်းနိုင်ပါဘူး။ ကိုယ့်လူမျိုး အချင်းချင်း ယုံကြည်မှုတွေ ပျက်ပြားနေတဲ့ သန်း ၆၀ကျော် လူသားတွေဟာ လည်း ဘယ်တော့မှ စည်းလုံးညီညွတ်မယ် မသိဘူး။ ကျုပ်တော့ အစိုးရ တစ်ရပ်ကိုပဲ အပြစ်မမြင်သင့်ဘူးလို့ ထင်တယ်ဗျာ။ ပြည်သူတွေ၊ ဝန်ထမ်းတွေ အားလုံးဟာ ငါဘာလုပ်နေသလဲ၊ ငါဘာရည်ရွယ်ချက်တွေနဲ့ ရပ်တည်နေ သလဲ၊ ငါရှာတဲ့ ငွေကြေးဥစ္စာတွေဟာ တရားနည်းလမ်းကျသလား၊ ငါဟာ . . . အများအကျိုးကို မြှင့်တင်နေသလား၊ နှိမ့်ချဖျက်ဆီးနေသလား ဒါလေး



လောက် တွေးတတ်ရင် ကျုပ်တို့မြန်မာပြည်ဟာ သူရဲကောင်းတို့ရဲ့နိုင်ငံဖြစ်ပြီ ။ ဒါကို မသိကျိုးကျွန်ပြုပြီး လောဘဇောကပ်နေတဲ့ လူရိုင်းတွေကြောင့် ဘာသာခြားတွေဟာ အခုဆိုရင် တစ်စတစ်စ လက်ဝါးကြီးအုပ်နေကြပြီ။ န်ကုန်မြို့လယ်မှာ မြန်မာတွေရဲ့အိမ်ကို ကျုပ် မမြင်ဖူးတော့ဘူးဗျာ"

ဒါက KILA အချုပ်ခန်းအတွင်း ကျွန်ုပ်နှင့် ကိုကျော် (ကပ္ပတိန်)တို့ရဲ့ အရှက်ဦး စကားဝိုင်းလေး ဖြစ်ပါတယ်။

"ဟုတ်တယ်ဆရာ၊ မလေးရှာမှာကြည့်စမ်း. . . ဆရာ့အမြင်ပဲ ကန်စွန်း ွက် ခူးရောင်းတဲ့သူက ကိုယ်ပိုင် စူပါစလွန်းကားနဲ့တင်ပြီး ဈေးမှာလာရောင်း တယ်။ ငါးရှာသူကလည်း ကားနဲ့၊ ဆိုင်ကယ်နဲ့။ မိုဘိုင်းလ်ဖုန်းတွေဆိုတာတော့ ကျွန်တော်တို့ နိုင်ငံကဈေးကွက်နဲ့ ရယ်စရာကောင်းလောက်အောင် ကွာဟ နေတယ်လေ။ မြန်မာပြည်မှာ ၂၀၁၀ လောက်က ဖုန်းတစ်လုံးကို ငါးသိန်း ဆိုတော့ မလေးရှားသူတွေ ဝိုင်းပြီး ဟားတိုက်ကြတယ်။ ဟားတိုက်တာလဲ ပြောနဲ့ သူတို့နိုင်ငံမှာက ကျွန်တော်တို့လို အလုပ်သမားတွေတောင် လေးရက် လောက် အလုပ်ဆင်းရင် ( Nokia နိုကီရာဖုန်းတစ်လုံး Sim Card ပါပြီး) ယ်ကိုင်နိုင်တယ်ဗျ။ ကျွန်တော်တို့ဆီမှာလို ဘာထောက်ခံစာတွေ၊ လက်မှတ် တွေမှ ထိုးစရာ မလိုပါဘူး။ ဘယ်လိုအကြောင်းပြချက်တွေနဲ့မှလည်း ဖုန်းဝယ် ူထံမှ ငွေကိုပိုပြီး မတောင်းခံဘူး။ Passport မိတ္တူလေး ပေးလိုက်ရုံပဲ။ သုံးစွဲတဲ့လူကို Sim Card နံပါတ်နဲ့တွဲပြီး Record လုပ်ထားတဲ့သဘောလေ"

"အေး. . . ကျုပ်တို့နောက်မှ တိုးတက်လာတဲ့နိုင်ငံတွေကို ကြည့်ပြီး ှာင်တရနေမဲ့အစား ကျုပ်တို့တစ်မျိုးသားလုံး စာရိတ္တတွေကို အရင်ဆုံး ပြင်ဆင် င့်တယ်လို့ ကျုပ်တော့တွေးမိတယ်။ ကျုပ်တို့လက်ထက်က စိတ်ဆင်းရဲမှု တွေကို မျိုးဆက်သစ်တွေအတွက် အမွေအဖြစ် မထားခဲ့ချင်ဘူး။ လက်ရှိ ကျုပ် တို့ပင်ပန်းဆင်းရဲနေမှုတွေဟာ လာမယ့်မျိုးဆက်တွေအတွက် သာယာအေးမြ သော လူနေမှုစနစ်ကို ဖော်ဆောင်ပြောင်းလဲပေးနိုင်တဲ့ ကုန်ကြမ်းအရင်းအနှီး တွေ ဖြစ်သင့်တယ်။ အဲဒါကြောင့် လူကျင့်ဝတ်တွေ၊ လူ့စည်းကမ်းတွေ ဒါတွေ ကို အားလုံး တစ်ယောက်မကျန် ပြင်ဆင်နိုင်မှ တိုင်းပြည်နဲ့လူမျိုး သာယာ ာမှာပေါ့။အုပ်ချုပ်သူတွေရော၊ ပြည်သူလူထုရော တစ်ယောက်မျှ မကျန်

စိတ်ရင်းကောင်းကြဖို့ အဓိက လိုအပ်နေပြီ။ အလုပ်ကို မကြောက်တမ်း လုပ်နိုင်ရမယ်၊ ပိုက်ဆံကို စုဆောင်းတတ်ရမယ်။ ဒီနေ့ ကျုပ်တို့ မြန်မာတွေ မွဲတေနေတာလည်း ငွေစုဆောင်းတတ်တဲ့စနစ် အားနည်းတာလည်း ပါတယ်။ ပြီးတော့ အလုပ်သမားဈေးက မတက်ဘဲ စားကုန် သောက်ကုန်ဈေးတွေ တက်နေတာကလည်း တစ်ကြောင်းပဲဗျ၊ *အဆိုးဆုံးက လာဘ်ပေးလာဘ်ယူကိစ္စတွေမှာ အားပေးအားမြှောက်လုပ်နေကြတဲ့ ပေးတဲ့အကျင့် ပါသူတွေရော၊ ယူတဲ့အကျင့် မပျောက်တဲ့သူတွေရော မိမိရဲ့ စာရိတ္တကို ငါဟာ တယ်ပြီးယုတ်မာစွာနဲ့ ဝင်ငွေကောင်းနေပါလားလို့ အလေးအနက် ဆင်ခြင်ရင်း ရှုံ့ရှာမုန်းတီးသင့်ပြီဗျ*"

"တစ်ယောက်ကောင်းရုံ တစ်စုကောင်းရုံနဲ့ ပြောင်းလဲဖို့ မဖြစ်နိုင်ပါဘူး။ အားလုံးက ကိုယ့်တာဝန် ကိုယ်လုံအောင် ထိန်းကျောင်းမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ တိုးတက်လာမှာပါ"

ကိုကျော်က မလေးရှားနိုင်ငံနဲ့ ပတ်သက်ပြီး သူ့အတွေ့အကြုံတွေ ပြောပြနေသလို ကျွန်ုပ်ကလည်း သိသလောက်၊ ကြုံခဲ့သလောက် ပြန်လည်ဆွေးနွေးခဲ့တယ်။

ကျွန်ုပ်တို့ မြန်မာအချင်းချင်း ဆုံတွေ့ပွဲမို့ မိုးလင်းပေါက် စကားပြောဖြစ်ကြတယ်။ အချုပ်ခန်းအတွင်း နိုင်ငံခြားသားတွေက အိပ်ပျော်နေကြဆဲ။ ဒီအချိန်မှာ ကျွန်ုပ် ကောင်းကင်ကို တစ်ချက်ကြည့်မိလိုက်တယ်။ တိမ်စိုင်ညိုမဲတွေက အမှောင်ထုအားနဲ့ပေါင်းပြီး ညရိုင်းကြီးဖြစ်ပေါ်နေခဲ့တယ်။ ကြယ်လေးတွေဟာ အရိပ်အယောင်တောင် မမြင်တွေ့ရပါဘူး။ ဒါကြောင့် "ညရိုင်းမျိုတဲ့ ကောင်းကင်" ဆိုတဲ့ ခေါင်းစဉ်နဲ့ နောက်နေ့ နိုင်ငံရေးကဗျာရေးဖို့ ကျေနပ်စွာ တွေးမိပြန်တယ်။ ဒီမှာတစ်ခု မြန်မာလူထုကို ချပြချင်တာက မလေးရှား၊ ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ် စတဲ့နိုင်ငံတွေကို မြန်မာအမျိုးသမီးတွေ အလုပ်သွားမလုပ်သင့်ပါဘူး။ အမိမြေမှာပဲ ချွေတာပြီး နေထိုင်လုပ်ကိုင်စားကြပါလို့ အကြံပြုချင်ပါတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် Media စာမျက်နှာတွေကို လေ့လာဖတ်ရှုပါ။ မလေးရှားမှာ ဒုက္ခရောက်နေတဲ့ Over Stay မြန်မာမိန်းကလေးတွေကို ကျွန်ုပ်ကိုယ်တိုင် ကြုံခဲ့ဖူးပါတယ်။ သူတို့ကို မြန်မာပြည် အမြန်ဆုံးပြန်ဖို့လည်း ကျွန်ုပ် အဖမ်းမခံရခင်ကတည်းက တိုက်တွန်းခဲ့ပါ



တယ်။ ကျွန်ုပ်တို့က ယောကျ်ားတွေမို့ ခံနိုင်ရည်ရှိပေမဲ့ မြန်မာမိန်းကလေးတွေ စိတ်ပိုင်းဆိုင်ရာ မထိခိုက်စေချင်ဘူး"

ကျွန်ုပ်က ပြောလိုက်၊ ကိုကျော်က ပြောလိုက်နှင့် အမျိုးသားရေးတွေ ပါလာတယ်။ စကားက ဖြတ်လို့ မရ၊ နှစ်ယောက်စလုံး နိုင်ငံရေးသမားတွေ မဟုတ်ခဲ့ပေမဲ့ ကိုယ့်လူမျိုး ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနဲ့ အများအကျိုးကို စောင့်ရှောက်ချင်တဲ့စိတ်တွေ နိုးကြားနေတာပါ။ တကယ်စစ်မှန်တဲ့ နိုင်ငံရေးသမားတွေလည်း ပရဟိတသမားနဲ့ ခွဲခြားလို့ မရနိုင်ပါဘူး။ သူတို့လဲ အများအကျိုးပဲလေဗျာ။

KILA အချုပ်ခန်းကို စောင့်ကြပ်နေကြတဲ့ RELA (ရေလာ)ရဲတွေက ကပ္ပတိန် ကိုကျော်ဆီကို ညစဉ် အချုပ်အတွင်း ထူးခြားမှုသတင်း လာလာမေးကြတယ်။ အခုတော့ ကပ္ပတိန် ကိုကျော်ဟာ နိုကီရာ ဖုန်းကလေးနဲ့ Massage (မက်ဆေ့ချ်) ပို့နေသည့်နှယ်. . . ။ ကျွန်ုပ်က အနည်းငယ် အိပ်ချင်လာလို့ အိပ်ရာခင်းမယ်လို့ စိတ်က ရောက်သွားတယ်။ နောက်မှ ကြိတ်ပြီးပြုံးမိတာပေါ့- အချုပ်ထဲမှာ ဘယ်သူက အိပ်ရာခင်း လာပေးမှာလဲ။ ဘေးကိုကြည့်လိုက်တော့ ခေါင်းအုံး မပါ ဖျာမဲ့စွာနဲ့ ခြုံစောင်တွေ ကင်းကွာရင်း ခနောင်ရှာသားတွေ တစ်ရေးစီတောင်မှ ရနေကြပြီ။ ကျွန်ုပ်လဲ မမြဲတဲ့ခန္ဓာကိုယ်ကြီးကို ရှူရင်းခြေပစ်လက်ပစ် အိပ်ချလိုက်တယ်။ အိပ်ရာကို စိတ်နာသလို တုံ့ပြန်တဲ့အနေနဲ့ အင်္ကျီကိုပါ ချွတ်ပစ်လိုက်တယ်။

အဝတ်အစား တစ်စုံတည်းနဲ့ မလေးရှား အချုပ်ခန်းထဲမှာ ၇၄ ရက်ကြာ ပေးဆပ်ခဲ့ရတဲ့ ကျွန်ုပ်တစ်ယောက် မြန်မာပြည်သူတွေကိုရော၊ အစိုးရကိုပါ ဗျာနယ်စာပေရင်ခွင်ကနေ ဝတ္ထုတိုတွေ၊ ဆောင်းပါးတွေနဲ့ ပြည်ပအတွေ့အကြုံ ရှင်းလင်းပြသခွင့်ရလို့ အဖမ်းခံရကျိုး နပ်ပါတယ်။ ဒါပေမဲ့ စစချင်း အဖမ်းခံရတဲ့ညမှာ လက်ထိတ်ကိုငုံ့ကြည့်ရင်း မျက်ရည်တစ်ပေါက်ကိုတော့ အချိန်မီ မတားဆီးနိုင်လိုက်ပါဘူး။ အိမ်ခြံပေါင်ထားတဲ့ မိဘနှစ်ပါးရဲ့ မျက်ဝန်းတွေကို မြင်ယောင်ပြီး ဘာမှ လုပ်မပေးနိုင်တော့လို့ပါဗျာ. . . ။

*တွေးတတ်မြင်တတ်ပါစေ*

**သန်းထိုက်ဂျူ**



# မေတ္တာစစ်

ဝင်းမောင်ကျော်



## မေတ္တာစစ်

**ဝင်းမောင်ကျော်**

ပေးဆပ်သူသည် မိဘဖြစ်၍ ခံယူသူသည် သားသမီးဖြစ်သည်။ ပေးဆပ်ရာ၌ သိမ်မွေ့ညင်သာဖို့လို၏။ ပေးဆပ်သူက မေတ္တာ၊ စေတနာပါသော်လည်း မိမိဖြစ်စေချင်သည်ကို အမိကထား၍ ကြမ်းတမ်းစွာပေးဆပ်လျှင် ခံယူသူကလည်း ကြမ်းတမ်းလာတတ်၏။ ထိုအခါ မထင်မှတ်ဘဲ ဝမ်းနည်းကြေကွဲဘွယ်ရာတို့နှင့် ကြုံတွေ့တတ်ကြရသည်သာတည်း. . .။

(၁)

"ဟဲ့. . . ခင်မ၊ နင်ပြောတဲ့ စကားတွေ၊ နင် နေပုံထိုင်ပုံတွေ ငါမကြိုက်ဘူးနော်"

ဒေါ်အေးကြည်သည် သူ့သမီး ခင်မေဦးကို မြည်တွန်လျက်ရှိသည်။ အသံက ကြိမ်းမောင်းသံ ပါနေ၏။

"ဒီမှာအမေ ကျွန်မကို အမေ့ယောကျ်ားကြီးနဲ့ ပတ်သက်ရင် အမြဲတမ်းလိုလို အနိုင်ယူတယ်၊ ရိုက်မောင်း ပုတ်မောင်း လုပ်တယ်၊ နေရာတကာမှာ အမေ့ယောကျ်ားကြီးဘက်က. . ."

ဒေါ်အေးကြည်သည် ဒေါသတို့ပေါက်ကွဲလျက်ရှိသည်။ တုတ်တစ်ချောင်းလည်း ဆွဲကိုင်ထားလျက်-

"ဒီမှာခင်မေ. . . နင့်အပေါ်မှာ ဘာတွေဆိုးနေသလဲ. . .၊ ဘာတွေမကောင်းမှုတွေ ပြုလုပ်နေသလဲ" နင့်ဘဝ ပျက်စီးအောင် ဘာတွေလုပ်နေသလဲ၊ နင့်အဖေက နင့်ကို ခင်မေ၊ ငါမပြောချင်ဘူး၊ တော်တော့၊ တော်တော့"

ဒေါ်အေးကြည်ကလည်း ပေါက်ကွဲပြန်သည်။ သားအမိနှစ်ယောက်လုံးပေါက်ကွဲတာချင်းတော့ တူနေကြပြန်သတည်း။

အမှန်အကြောင်းအရင်းကို ပြောရလျှင် ဘဝဇာတ်ကြောင်းအစုံမှာကိုဘခင်နှင့် ဒေါ်အေးကြည်တို့ အကြောင်းပါခဲ့ပုံက မအေးကြည်သည် ပထမချစ်သူ ကိုအောင်ကြည်နှင့် ငယ်စဉ်က ချစ်သူတွေဖြစ်ခဲ့၍ အလွန်အကျွံချစ်ကြိုက်ရ ဘဝကို မအေးကြည်က ကိုအောင်ကြည်ကို ယုံမိလို့ ပုံအပ်ခြင်းကကိုယ်ဝန်ရှိပြီး ကိုယ်ဝန်ဆောင်ဘဝ ဖြစ်ကာမှ တိမ်းရှောင်သွားခဲ့သည်။ မအေးကြည်မှာ မျက်နှာငယ်ပြီး ဒုက္ခရောက်ခဲ့သည်။

မိဘချင်းကလည်း သဘောမတူကြ၊ ချစ်သူချင်းတွေလည်းဖြစ် ကျူးကျူးကျွံကျွံ မှားခဲ့ခြင်းကနေ ကိုယ်ဝန်ရှိတာကို သိရက်နဲ့ အဝေးတစ်နေရာသို့ ထွက်ပြေး တိမ်းရှောင်သွားတာကို မိသားစု ဆွေမျိုးသားချင်း တစ်ရပ်ကွက်လုံးသိသည်။ ဆွေမျိုးသားချင်းတွေထဲမှာ မျက်နှာငယ်စွာဖြင့် မအေးကြည် ဒုက္ခတွေ ခါးစည်းပြီး ခံနေရင်း မိမိကိုယ်ကိုယ် အဆုံးစီရင်ဖို့ပင် ဆုံးဖြတ်ရသည်၊ ထိုအချိန်၌ ကယ်တင်ရှင် ပေါ်လာခဲ့သည်။ မအေးကြည်၏ ကိုယ်ဝန်အားကိုဘခင် ဆိုသူက တာဝန်ယူကာ မားမားမတ်မတ် ရပ်ပြလိုက်၏။ ကိုဘခင်သည် ရိုးသားမှုအပြည့်အဝရှိသည်၊ ကြိုးကြိုးကုတ်ကုတ် အလုပ်လုပ်ကိုင်လျက်ရှိသည်။ မအေးကြည်ကလည်း ရုပ်ရည်အသင့်အတင့်ရှိ၍ ကိုဘခင်အနေဖြင့် မေတ္တာမျှမှု ရှိသည်။ မအေးကြည်ကလည်း ဒုက္ခရောက်နေ၍ကိုဘခင်ရဲ့ မေတ္တာနှင့် ကယ်တင်လိုက်သည်ကို ဝမ်းသာစွာခံယူလိုက်သည်၊

သည်ကိစ္စနှင့်ပတ်သက်၍ ကိုဘခင်၏ သူငယ်ချင်းများ ပြစ်တင်ရှုံ့ချမှုကိုခံရပါတော့သည်။

"ဟေ့. . . ဘခင်"



"ဘာလဲကွ"

"မင်းတော့လေ လူကြီးသူမပြောတဲ့ လှည်းကျိုးထမ်းတယ်ဆိုတာ ဒါပဲကွ"

"အေး. . . အေး၊ လှည်းကျိုးနဲ့ နွားသိုးဆိုတာ တို့လက်တွေ့ မြင်ဖူးပြီဟေ့"

"အေး. . . ပြောကြပါ သူငယ်ချင်းတို့ရာ၊ အေးကြည်က သစ္စာဖောက်တာ မဟုတ်ဘူးကွ. . .၊ သစ္စာဖောက်တာက ကိုအောင်ကြည်ဆိုတဲ့အကောင်၊ အဲဒီအကောင်က မန္တလေးဘက်မှာ မိန်းမယူသွားပြီဆိုတာ ငါကြားတယ်။ အဲဒီဘက်က လူတွေလာတော့လည်း ပြောတယ်။ အေးကြည်မက မနက်ဖြန်၊ သန်ဘက်ခါ မွေးတော့မှာ၊ ဘယ်လိုလုပ်ပြီး လူ့လောကမှာ ဘဝကိုရင်ဆိုင်မလဲ. . .။ အေးကြည်ကို ငါချစ်တယ်ကွာ. . .။ မအေးကြည်ကို တစ်ဖက်သတ်နဲ့ ဟိုးအရင်တုန်းကတည်းက ချစ်နေတာ"

စင်စစ် ဤကိစ္စကို အေးကြည်မ မသိ၊ ကိုဘခင်သည်သာ သူကိုယ်သူသိသည်။ ယခု အေးကြည်မ ဒုက္ခတွေ့သောအခါ အေးကြည်မနှင့်ပတ်သက်၍ သူနှလုံးသားမှာ ခုန်သည်။ တသိမ့်သိမ့်တုန်အောင် ကြေကွဲခဲ့ရသည်။ ဖြစ်ရလေခြင်းဟု ရင်ထုမနာ ဖြစ်ရသည်။ ဤသည်ကို ဘခင်မှလွဲ၍ မည်သူမျှမသိနိုင်။ အဲဒီတော့ သူငယ်ချင်းတို့ပြောသလို လှည်းကျိုးပဲ ထမ်းတယ်ပြောပြော၊ လှည်းတစ်စီးလုံးပဲ ထမ်းတယ်ပြောပြော၊ ပြောချင်ရာသာ ပြောကြပါစေ။ ငါအပြောခံနိုင်တယ်ကွာ။ အေးကြည်မကို ငါချစ်တယ်၊ သူ့အတွက် ငါ အရာရာကို ရင်ဆိုင်ရဲတယ်. . . ဟု ဆုံးဖြတ်လိုက်သည်။

ကိုဘခင်သည် အေးကြည်မနှင့် လူသိရှင်ကြား လက်ထပ်၍ အိမ်ထောင်တစ်ခုကို တည်ထောင်လိုက်ပါသည်။ ကိုဘခင်သည် ပွဲရုံတစ်ခုတွင် ရိုးသားကြိုးစားစွာ လုပ်ကိုင်ခဲ့၏။ ပွဲရုံသူဌေးသည် သူ၏ ရိုးသားကြိုးစားမှုကြောင့် လုပ်ငန်းကိစ္စတွေရော၊ ငွေရေးကြေးရေး ကိစ္စပါ အရာရာကို စိတ်ချယုံကြည်စွာ အပ်နှံခံရသော ပုဂ္ဂိုလ်ဖြစ်သည်။

"မောင်ဘခင်. . . ဆရာပြောချင်တဲ့စကားလေးရှိလို့"

ပွဲရုံသူဌေးက ကိုဘခင်ကို လှမ်းပြောလိုက်သည်။

"ပြောပါဆရာ၊ ကျွန်တော် နားထောင်နေပါတယ်"

"မင်း. . . အိမ်ထောင်ပြုသွားပြီဆို၊ မင်း သူငယ်ချင်းတွေက ပြောတယ်။

မုဆိုးမဆိုလား၊ တစ်ခုလပ်ဆိုလား၊ ဟုတ်လား မောင်ဘခင်”

“ဟုတ်တယ်ဆရာ”

“ဘာဟုတ်တာလဲ”

“အဲ. . . အဲ. . . မုဆိုးမတော့ မဟုတ်ဘူးဆရာ၊ တစ်ခုလပ်လို့ ပြောရမှာပေါ့ဆရာ”

ကိုဘခင်၏ ပွဲရုံသူဌေးမှာဟာခနဲ ဖြစ်သွားသည်။ ကိုဘခင်လည်း မည်သူတွေပဲ ဟာဟာ ဟင်ဟင်ဖြစ်ဖြစ် မကြောက်ပေါင်၊ မအေးကြည်ကိုချစ်သောစိတ်၊ ယုံကြည်သော မေတ္တာအဟုန်ဖြင့် ငါ မအေးကြည်နှင့် လက်ထပ်မည်ဟု သံမိဋ္ဌာန်ချပြီးသားပင်။ ဒီတော့လည်း ကိုဘခင်၏ ပွဲရုံသူဌေးသည် ကိုဘခင်ကို မပြောတော့။ ဆိတ်ဆိတ်ငြိမ်လိုက်ပါသည်။

ဒီလိုနှင့် ကိုဘခင်နှင့် မအေးကြည်တို့ ပေါင်းသင်းဆက်ဆံခဲ့သည်မှာ ဆယ့်ငါးနှစ်ကျော်၊ ဆယ့်ခြောက်နှစ်မျှ ရှိခဲ့ပါသည်။ ကိုဘခင်တစ်ယောက် မအေးကြည်အပေါ် ဘဝခရီးဖော်အဖြစ် မယားမှတ်မှတ်၊ သားမှတ်မှတ် ပေါင်းသင်းဆက်ဆံခဲ့ပါသည်။ မအေးကြည်ကလည်း ကိုဘခင်အပေါ် မယားဝတ္တရားငါးပါး ကျေပွန်စွာနှင့် ဘဝခရီးဖော်အဖြစ် ပေါင်းခဲ့သည်။ ဤလိုနှင့် အိမ်ထောင်တစ်ခု သာယာခဲ့သလို ကိုဘခင်နှင့် မအေးကြည်တို့ သားယောကျ်ားလေး တစ်ယောက်ပင် ထွန်းကားခဲ့သည်။ ခင်မေဦး သမီးကြီးနှင့်ပေါင်းလျှင် မောင်နှမနှစ်ယောက်။ ငါ့မှာ ကလေးနှစ်ယောက်ရှိသည်ဟု စွဲမက်သည်။ ကိုဘခင်က ခင်မေဦးကိုလည်း သမီးအရင်းလို ချစ်သည်။ မိသားစု သာယာချမ်းမြေ့စွာ နေထိုင်ချင်သည်။ သို့သော် ရင်ထဲ၌ အလုံးကြီးတစ်လုံးလိုဖြစ်ပြီး တစ်ဆို့နေ၏။ ရင်တွင်း၌ ကျဉ်းကြပ်နေ၏။

မချမ်းမြေ့ မသာယာ၊ မရွှင်လန်းခဲ့သည်က အခြားမဟုတ်။ မအေးကြည် ပထမရခဲ့သော သမီးဦးကြောင့်ပင်။ထိုသမီးကို ကိုဘခင် ဖခင်အမည်ခံ၍မွေးခဲ့သည်သာ။ သမီး ခင်မေဦးနှင့် သူတို့မိသားစုပင်ဖြစ်သည်။ ခင်မေဦးသည် ပတ်ဝန်းကျင်ပြောစကား သူ့သူငယ်ချင်း အပေါင်းအသင်းတွေ ပြောစကားကို အလွန်အကျွန် ယုံလေ့ရှိသည်။ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းအား နည်းပါး၏။

“ဟဲ့. . . သမီး ခင်မေ၊ နင် ပွဲဈေးတန်း သွားမလို့ဆို၊ ဘယ်သူနဲ့ သွားမလို့လဲ သမီးရဲ့၊ သမီးရဲ့ မောင်လေး ခေါ်သွားပါလား သမီးရယ်”



“ဒီမှာ ဦးလေးကြီး၊ ကျွန်မဘာသာ ဘယ်သူနဲ့သွားသွား၊ ရှင်နဲ့ ဘာဆိုင်လဲ၊ နေရာတကာ ဝင်မပြောနဲ့။ ကျွန်မ နေရာတကာ ဝင်ပြောတာ မကြိုက်ဘူး။ နောက် မှတ်ထားပါ။

ဤစကားကား ခင်မေ၏စကား၊ သားဖချင်းအပေါ် မညှာမတာ ပြောသော စကား၊ ကိုဘခင်ကို သူ့အဖေဟု သဘောမထား။ ပထွေးနှင့် မယားပါသမီးဟု သဘောထားပုံရ၏။ ထို့ကြောင့် ခင်မေနှင့် စကားပြောတိုင်း ပြောတိုင်း မိမိ၏ နှလုံးသားကို အပ်နှင့်ထိုးဆွလိုက်သလို ကျင်ရှသော ဝေဒနာကို မွန်းကျပ်စွာ ခံစားရမြဲဖြစ်သည်။

ထိုအခါ ခင်မေကို မည်သို့မျှ ပြန်မပြောတော့။ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိ၏။ သမီးဖြစ်သူ ခင်မေကို-

“ပြောရက်လိုက်တာ သမီးရယ်”ဟု ညည်းတွားရုံမှလွဲ၍ ဘာမျှမပြောနိုင်။ သူတို့သားအဖ၏ အပြန်အလှန် ပြောစကားတို့ကြောင့် ဒေါ်အေးကြည် မနေနိုင်တော့။

“ဟဲ့. . . ခင်မေ၊ နင်တော်တော် မိုက်လှချည်လား၊ အဲဒါ နင့်အဖေဟဲ့. . . နင့်အဖေ” ဒေါ်အေးကြည်က ပြောပြောဆိုဆိုနှင့် တုတ်တစ်ချောင်းကို လက်လှမ်းမီရာ ဆွဲလိုက်သည်။ ထိုအခါ ကိုဘခင်တစ်ယောက် စိတ်မကောင်းစွာနှင့် ဇနီးဖြစ်သူကို ပြန်ပြောမိသည်။

“သားသမီးဆုံးမတာ တုတ်တစ်ပြက်၊ မားတစ်ပြက်နဲ့ လူမြင်မကောင်းပါဘူးကွာ”

သို့ရာတွင် ခင်မေဦးက ကျေနပ်ပုံမရ။

“ဒီမယ်ဦးလေးကြီး. . . ရှင်က ပတ်ဝန်းကျင်ကြားကောင်းအောင် မဏ္ဍပ်တိုင် တက်မပြပါနဲ့၊ ကျွန်မကို နောက်နောင်လည်း သမီးလို့ မခေါ်နဲ့။ ကျွန်မ ရှင့်သမီး မဟုတ်ဘူး”

ဟု ပြောဆိုပြီး နေရာမှ ခြေဆောင့်နင်းကာ ထွက်သွားတော့သည်။

ဤစကားကို ဒေါ်အေးကြည် ကြားလိုက်ရသောအခါ ရင်ကွဲမတတ်ဖြစ်ခဲ့ရသည်။

“မအေးကြည်ရေ. . . ငါတော့ မပြောတော့ဘူး၊ မင်းသမီးကို မင်းပဲ ပြောပါတော့၊ ငါ့ရင်ထဲမှာ တော်တော်ကို မကောင်းတော့လို့။ သည်အကြောင်း

တွေကို ပြောရမယ်ဆိုရင် တို့နှစ်ယောက်တည်း သိတဲ့အသိပါ။ သူမှာ ဖအေ
အမည်ပေါ်အောင် ပြုလုပ်ပေးခဲ့တာလည်း ငါပဲ။ နင့်အပေါ်မှာ ငါ ရင်န
အောင် ချစ်ခဲ့သလို သမီးအပေါ်မှာလည်း ရင်နစ်အောင်ချစ်ခဲ့တယ်ဆိုတ
လည်း နင်သိခဲ့တယ်။ အခုတော့ငါ့ရင်ထဲမှာ မီးစကြီးနဲ့ထိုးသလိုခံစားရပါတယ်

မအေးကြည်ရယ်. . . ငါသမီးကို မမုန်းပါဘူး။ ဖခင်ဝတ္တရား မပျ
အောင် လောကကြီးမှာ သက်သေပြမှာပါ။ အခုလည်း ဒီအသက်အရွယ်ရော
အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ရတယ်။ ငယ်စဉ်တောင်ကြေး ကလေးဘ
အရွယ် သူငယ်တန်း၊ အလယ်တန်း၊ အထက်တန်းအောင်လို့ တက္ကသိုလ်တ
ပြီးလို့ ဘွဲ့ယူဖို့ပဲ ရှိတော့တယ်။ ဘဝတစ်လျှောက်လုံး သူများသားသမီး
နဲ့ တန်းတူညီတူ မျက်နှာမငယ်ရအောင် ငါထားခဲ့တယ်ဆိုတာ မင်းအသိ
တို့သမီးက ပတ်ဝန်းကျင်စကားတွေနဲ့ မလိုသူတွေရဲ့စကားကြောင့် သမီးဖ
ငါ့အပေါ်မှာ အထင်မှားနေတယ်လို့ ငါထင်တယ်။ ဒီအတိုင်း ကြည့်နေမယ်
ရင် တဖြည်းဖြည်းနဲ့ မအေးကြည်ရေ နင့်သမီး ရေတိမ်နစ်လိမ့်မယ်လို့ ငါထ
ဘယ်”

“ဒီတော့ ကိုဘခင်. . . ရှင့်သမီးကို ဘယ်လိုဆုံးမချင်လဲ၊ ပြုပြင်ချင်သ
“အေး. . . ငါတော့ ဆုံးဖြတ်ထားတာ တစ်ခုရှိတယ်၊ နင်တို့တွေ စေ
ကြ”

အမှန်တကယ်မှာ ကိုဘခင်အဖို့ ခင်မေဦးလေးကို ရင်၌လွယ်မွေးခဲ့သ
သမီးရင်းနှင့်မခြား ချစ်ခင်ရပါသည်။ ကျွေးအဖလည်း သူ၊ မွေးအဖေလ
သူပင်။ သူ့ရင်၌ မွေးထားသကဲ့သို့ ဖြူစင်သော စေတနာနှင့် ဆုံးမခဲ့မိပါသ
တစ်ခါက သောက်သောက်စားစား မိဘကို မိဘမှန်း မသိ။ ရမ်းကားလျ
သော ရပ်ကွက်ထဲမှ ကောင်လေးတစ်ကောင်နှင့် တစ်နေရာမှာ ချိန်းတွေ့
အခါ တုတ်တစ်ချောင်းကိုကိုင်၍ ဆုံးမခဲ့ဖူးသည်။ ခေးကြိမ်းကြိမ်းခဲ့ဖူး၏။
အချိန်ကစ၍ ခင်မေ အချိန်မတော် သွားခဲ့မယ်ဆိုလည်း မပြောရဲတေ
ဒါတွေကို ခင်မေ မကြိုက်ပါ။ ပတ်ဝန်းကျင်ကလည်း ခင်မေကို နင့်အဖေအ
မဟုတ်ဘူးဟု သွေးထိုးစကားတွေကို နားအလျှံအပယ် ပြောထားလျ
သည်။ ဒါတွေကို ခင်မေတစ်ယောက် ယုံသည်။ မိမိကို ကောင်းဖို့ ဖခင်
သည်ကို နာခံရမှန်း မသိ။



ကိုဘခင်သည် သူ့သမီးကို လေပြေအေးအေးလေးနှင့် ခေါ်လိုက်သည်။
“ဒီမှာသမီး. . . ”
“ဘာလဲ. . . ကျွန်မကို ဘာတွေနှိပ်ကွပ်ဦးမလို့လဲ”
ထိုစကားကို အမေလုပ်သူ မအေးကြည် ကြားသွားသောအခါ
“နင်တော့ တော်တော် စော်ကားပါလား ခင်မေ”
“အမေဝင်ပါပြန်ပြီ။ အမေက သူ့လင်ထိလို့ နာတာလား”
“ကဲဟယ်. . . စော်ကားအုံး. . . စော်ကားအုံး”
အမေဖြစ်သူ မအေးကြည်သည် တုတ်တစ်ချောင်းဆွဲ၍ ကျောပုတ်
အောင် တဖုန်းဖုန်းနှင့်ရိုက်နှက် ဆုံးမပါတော့သည်။ ထိုနေ့ကစ၍ ခင်မေဦး
တစ်ယောက် အိမ်တွင် မနေတော့ပါ။ သူ့အမေ မအေးကြည် အမျိုးများရှိရာ
သို့ သွား၍ ပုန်းအောင်းနေပါတော့သည်။

သည်ကိစ္စနှင့်ပတ်သက်၍ သမီးလေးခင်မေဦး နားလည်သဘောပေါက်
အောင် မိမိ ရှင်းမှဖြစ်တော့မည်ဟု ဒေါ်အေးကြည် ဆုံးဖြတ်သည်။ ထို့ကြောင့်
အိမ်ပေါ်မှ ဆင်းသွားသော သမီး၏နောက်သို့ လိုက်ရ၏။ သမီးမှာ အခြား
သွားစရာမရှိ။ သူ့ဦး···းဖြစ်သူ အိမ်သို့သွားမည်ဟု အတပ်သိ၍ လိုက်သွား
သည်။

မိမိ၏ မောင်ဖြစ်သူအိမ်၌ သမီးကို အခန့်သင့်တွေ့ရ၏။ ထို့ကြောင့်
မိမိတို့၏ ဘဝအဖြစ်အပျက်ကို သမီးအား ခရေစေ့တွင်းကျ ပြောဆိုသည်။
အခု သမီးကို ချစ်လှပါသည်ဆိုသော သမီးချစ်သူ ကောင်လေးမှာလည်း မိန်း
ကလေးတစ်ဦးနှင့် တွဲခုတ်နေသည်ဆိုသော သတင်းလည်း ကြားရ၏။

ထိုကဲ့သို့ သစ္စာမရှိ၊ အခုမြင်၊ အခုကြိုက် အခုလိုက်ဆိုလျှင် မိမိ မတွေး
မိမိကဲ့သို့ဖြစ်မှာပူ၍ ဖခင်ဖြစ်သူက သူတို့ချစ်သူနှစ်ဦးကြားကို ဝင်၍ ဘီလူး
ပိုင်း တီးပေးခဲ့ရသည်။ ဤသည်ကို သမီးက အထင်လွဲခြင်း ဖြစ်သည်။

“ကဲ. . . နင့်အဖေသာ အဲသည်လို မလုပ်ခဲ့ရင် သမီး အမေ့လိုဖြစ်သွား
င် ဘယ့်နှယ့်လုပ်မလဲ၊ ရုပ်လေးလှတာကိုကြည့်ပြီး အလုပ်မရှိ၊ အကိုင်မရှိ
သောက်သောက်စားစားထဲက ဆိုတော့ ခက်တာပေါ့”

“ဟုတ်တယ်လေ. . . သမီးတို့ချိန်းတွေ့တုန်း အမေ့ယောကျ်ားကြီးက

သမီးတို့ကို မားကြိမ်းဝင်ကြိမ်းတော့ သူက စိတ်ဆိုးပြီး သမီးကို လုံးဝ အတွေ့ မခံတော့တာ၊ အဲဒါ အမေ့ယောကျ်ားကြီးကြောင့်ပေါ့”

“အေးလေ. . . မေမေပြောပြီးပြီပဲ၊ သူ ဒီလိုမှ မလုပ်ရင် သမီးတို့ ဘယ် အခြေအနေထိ ရောက်သွားနိုင်တယ်ဆိုတာ မေမေ မစဉ်းစားနိုင်အောင်ပဲ. . . ဒီမှာ မိဘဆိုတာ ကိုယ့်သားသမီးကို ဘယ်မိဘမှ ဒုက္ခရောက်မှာကို လက်ပိုက် မကြည့်နေဘူးသမီး၊ ကဲ. . . မေမေပြောမယ်၊ သမီးကို သမီးကောင်က တကယ်ချစ်ရင် မေမေတို့အိမ်ကို လာပြောရမှာပေါ့။ အခုတော့ ခိုးချောင်ခိုး ဝှက်နဲ့ မေမေတို့ဘက်က သဘောမတူဘူးဆိုရင် တစ်မျိုးပေါ့။ အခုဟာက သမီးစဉ်းစားကြည့် သမီးလဲခေတ်ပညာတတ် တစ်ယောက်ပဲ။ နောက်ဆုံးပြော ရရင် မေမေ့ကိုသာ သမီးအဖေ မယူခဲ့ရင် သမီး ဘယ်သူ့ကို အဖေခေါ်မလဲ၊ အဲ. . အဲဒါ သမီးအဖေဟဲ့၊ သမီးအဖေ. . . သမီးကိုယ်ချင်းစာကြည့်စမ်း၊ ကိုယ့် အပေါ်မှာ အစစ အရာရာ ကောင်းတဲ့အဖေတစ်ယောက်ကို သမီးမို့ စိမ်းစိမ်း ကားကား ပြောရက်တယ်”

ဒေါ်အေးကြည် စကားကိုဆုံးအောင် ဆက်မပြောနိုင်တော့။ ရပ်ထား လိုက်သည်။ လူမှာလည်း မောဟိုက်သွား၏။ သမီးလေး မိမိလိုဖြစ်မှာပူ၍ ဖခင်ဖြစ်သူမှာ ရှေ့မျက်နှာနောက်ထား၍ ကြမ်းပြမိ၏။ ဤသည်ကို သမီး လေး နားလည်ပါစေဟု ဆုတောင်းမိသည်သာ. . .။

နောက်ဆုံး ဦးလေးနှင့် အဒေါ်ဖြစ်သူကလည်း ဝိုင်းဝန်းနားချ၍ အိမ်သို့ ပြန်ခေါ်လာခဲ့ရသည်။ ခင်မေဦး သဘောပေါက်သွားဟန်တူ၏။ နောက်ဆုံး စကားတစ်ခွန်းမျှ ပြန်မပြောဘဲ မိမိနှင့်အတူ အိမ်သို့ပြန်လိုက်လာခဲ့လေသည်။

ခင်မေဦးသည်လည်း အသက်နှစ်ဆယ်ကျော်ပြီ။ ကိုဘခင် တွေးမိသည် မှာ သူ၏ဇနီး မအေးကြည်နှင့် သူ၏ မောင်တော်သူ ကိုအေးသောင်းတို့ မိသား စုကို တိုင်ပင်ပြီး ခင်မေဦးကို အိမ်ထောင်ရက်သား ချပေးရန် စီစဉ်မည်ဟု တိုင်ပင်သည်၊ ဆုံးဖြတ်ချက်ချလိုက်သည်။ သမီးကြီး ခင်မေဦးနှင့် သင့်တော် သော လူတစ်ဦးကို တွေ့ပြီ။

“ဒီမှာ ကိုအေးသောင်းရေ. . .၊ ခင်မေလေးကို ဒီအတိုင်းကြည့်နေရင် ရေတိမ်နစ်လိမ့်မယ်နော်၊ မအေးကြည်လည်း နင်စဉ်းစား၊ ငါတို့သမီးက ဒီ အတိုင်း ကန်တကောစ လုပ်နေရင်တော့ မိန်းကလေးကွ ယောကျ်ားလေးလို မဟုတ်ဘူး။ သမီးကညာ အခါမလင့်သားတဲ့၊ မိန်းကလေးဆိုတာ အရေးကြီး တယ်။ အဲဒီတော့ ငါ့ပွဲရုံက ငါ့တပည့်လေးတစ်ယောက်နဲ့ အိမ်ထောင်ချချင် တယ်ကွာ။ ဒီကောင်လေးရဲ့ ရိုးသား၊ ကြိုးစားမှုကို ငါသဘောကျမိတယ်။ အလုပ်လုပ်တာရော၊ အနေအထိုင်ပါ လူကြီးသူမတွေ ဆက်ဆံတာကအစ ရည်ရည်မွန်မွန် ချေချေငံငံ ရှိတယ်ကွာ။ ငါ့သူဌေးကလည်း သူ အလုပ်လုပ် တာကို သဘောကျတယ်ကွ။ ငါကလည်း သဘောတူတယ်ကွာ။ မင်းတို့ မောင်နှမနှစ်ယောက် ဘယ်လိုသဘောရလဲ။ ငါ့အိမ်ကို ဟိုတုန်းက လိုက်လည် ခဲ့ဘူးတယ်ကွ၊ မင်းတို့တွေ အမှတ်တမဲ့ နေလို့ပါ။ ငါ တစ်နေ့တော့ အိမ်ကို နောက်ထပ် ခေါ်လာဦးမယ်ကွာ၊ မင်းတို့ အကဲခတ်ကြ”

မအေးကြည်ကတော့ ပြုန်းကနဲမို့ ငိုင်သွား၏။ နောက်မှ မိမိအတိတ် ဘဝက ဖြစ်ခဲ့သလိုမျိုး ဖြစ်သွားရင်သော အတွေးက ဝင်ရောက်လာ၏။ သို့ ပေမဲ့ သမီးလေးကို ချော့မော့ပြောပြီး နားချရန် ဆုံးဖြတ်လိုက်သည်။

“တို့ကတော့ ယောက်ဖကြီး မင်းသဘောတူရင် ဘာပြောစရာရှိမှာလဲ၊ ဒါနဲ့ နေဦး ယောက်ဖကြီးရဲ့ သူတို့နေဖို့ မင်္ဂလာကိစ္စတွေ ဘယ်လိုလုပ်မလဲ။ နောက်ပြီး မင်းသမီး သဘောထားက မလွယ်ဘူး၊ စိတ်ဓာတ်ကလည်း မင်း အသိပဲ။ ဒီကလေးနဲ့ တည့်ပါ့မလား။ ဒါတွေလည်း မင်းစဉ်းစားရမယ်နော်။ ယောက်ဖကြီး”

ကိုဘခင်တစ်ယောက် သွေးအေးအေးနှင့် ဆက်ပြော၏။ အေး. . . ယောက်ဖရေ. . . ငါ. . . အဲဒါတွေ အားလုံးစဉ်းစားပြီးသားပါ။ သူ့အမေကို နားသွင်းခိုင်းထားတာ ကြာပြီ။ အခုဆိုရင် သူတို့လူငယ်ချင်းလည်း အတော် လေး ရင်းနှီးနေကြပြီ။ အိမ်ကိုလည်း ထွက်ခွင့် ဝင်ခွင့်ပြုထားတယ်လေ. . .။

“ဒါဆို အတိုင်းနဲ့အလွန်၊ တံခွန်နဲ့ဘုရားပေါ့ကွ. . .”

“အေးကြည်မရေ. . . ပြောပါကိုဘခင်၊ ငါ ပွဲရုံမှာ ငါ့သူဌေးကိုပြောပြီး လစာထဲက မဟုတ်ဘဲ အချိန်ပိုဆင်း စုဆောင်းထားတဲ့ ငွေကြေးရှိတယ်ကွ၊ အဲဒါကို သမီးလေး မင်္ဂလာဆောင်မှာ ထည့်သုံး။ တို့. . . လက်ဖွဲ့လိုက်မယ်”

ကိုအေးသောင်းနှင့် သူ၏နှမ မအေးကြည်တို့ကို အံ့ဩသွားကြသည်။ ကိုဘခင်မှာ ခင်မေဦးကို သူ့သမီး အရင်းကဲ့သို့ချစ်ကြောင်း သက်သေပြလိုက် ပြီဖြစ်သည်။ လက်ဖွဲ့ငွေမှာ ကျပ်သုံးသိန်းတိတိဖြစ်သည်။

"ငါဟာ တကယ်တမ်းကျတော့ ခင်မေဦးလေးကို လူ့လောကမှာ မျက်နှာငယ်ရမှာစိုးလို့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကတည်းက မအေးကြည်ကို မပြောဘဲ စုဆောင်းခဲ့တာပါကွာ၊ အခုလို အချိန်တန်လို့ အရွယ်ရောက်လာပြီဆိုရင် ပြေလည်တဲ့မိသားစုထဲက ယောကျ်ားလေးနဲ့ အကြောင်းပါခဲ့ရင်တော့ တော်တာပေါ့။ မပြေလည်တဲ့ မိသားစုထဲက လူနဲ့သာ အကြောင်းပါခဲ့ရင် ကိုယ့်သားသမီး မျက်နှာမငယ်ရအောင် ဒီလိုပြုလုပ်ပေးရမယ်လို့ စဉ်းစားခဲ့တာပဲ ယောက်ဖ"

စင်စစ် ကိုဘခင်တို့ မိသားစုမှာ အပြေလည်ကြီးတော့ မဟုတ်ပါ။ နွမ်းပါးမှု မရှိပေမဲ့ တစ်လနှင့်တစ်လ စားနိုင်သောက်နိုင်ရုံ မိသားစုသာဖြစ်သည်။ ဒီလို မင်္ဂလာပွဲ ပြုလုပ်ပေးနိုင်ဖို့ကတော့ ငွေပိုငွေလျှံ မရှိဆိုသော်လည်း သင့်တင့်သော မင်္ဂလာအခမ်းအနားလေးဖြစ်အောင် ယောကျ်ားလေးမိဘများက ဆောင်ရွက်ပေးသည်။ ယောကျ်ားလေးမိဘ ဆွေမျိုးများနဲ့ ဘိုင်ပင်သည်၊ သူကလည်း သမီးအတွက် ငွေသုံးသိန်း လက်ဖွဲ့သည်မို့ နှစ်ဦးနှစ်ဖက် ပြေလည်သွားကြသည်။ မင်္ဂလာရက်မြက်ကိုလည်း ရွေးနိုင်ကြပြီ။ ခင်မေဦးကလည်း တအံ့တဩ ဖြစ်နေသည်။

မည်သို့ဆိုစေ မိမိမည်မျှပင် ဆိုးဆိုး ဦးဘခင်က သည်းခံခွင့်လွှတ်ခဲ့သည်၊ မိမိ၏ အကျိုးစီးပွားကိုလည်း ဖခင်တစ်ဦးကဲ့သို့ အမှန်လိုလားကြောင်း တွေ့ရ၏။ အခက်အခဲကြားထဲက မိမိ၏ဘဝ ကောင်းကျိုးအတွက် ရှေးရှုလုပ်ကိုင်ခဲ့သည်မှာ သူ၏ ပြုမူဆောင်ရွက်ချက်က သက်သေခံနေ၏။

"အော် . . . သူက . . အဖေ . . . အဖေကို"ဟု တွေးရင်း ရင်တစ်ခုလုံး ဆို့ကြပ်နာကျင်သွားအောင် တစ်လှိုက်လှိုက်နှင့် ခံစားရတော့၏။ ဦးဘခင်သည် အများပြောသလို ပထွေးဟုဆိုလျှင် သည်မျှ သူ့အတွက် အပင်ပန်းခံစရာ မလို၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားလိုက်မည်သာ။ ယခုတော့ သည်လိုမဟုတ်၊ ရင်နှစ်သည်းခြား သားသမီးအရင်းပမာ အရာရာကို ဂရုတစိုက် ပြုစုစောင့်ရှောက်သည် မဟုတ်ပါလား။

ခင်ဦးတစ်ယောက် တော်တော်လေးစဉ်းစားနေပြီ။ ခင်ဦးလက်ထပ်မဲ့ သူဆိုတာလည်း အခြားလူမဟုတ်၊ ဦးဘခင်နှင့် အိမ်ကို မကြာမကြာ လိုက်လာ၍ သူ့သဘောထားကို သိသင့်သလောက် သိနေသည်။ ကြိုးစား၏၊ ရိုးသား၏၊



အသောက်အစားကင်း၏။ ဆင်းရဲသည်မှလွဲ၍ မိကောင်းဖခင် သားသမီးပီသသည်။ အခွင့်အရေးကို ရသလောက် မယူတတ်။ ယောကျ်ားပီသသော မောင်နေမျိုးဖြစ်၏။ ခင်မေဦး သဘောကျပါသည်။ မောင်နေမျိုးသည်လည်း ရည်ရည်မွန်မွန် ချေချေငံငံနှင့် မိကောင်းဖခင် သားသမီးတစ်ယောက်ဖြစ်သည်နှင့်အညီ သောက်သောက်စားစားထဲမှ မဟုတ်ဆိုတာကို သူသိသည်။ သည်မျှ ကောင်းမွန်ရိုးသားသူကို မိဘကောင်းတို့၏ စိတ်ထားနှင့်အညီ ရှာဖွေပေးသော ဦးဘခင်ကို အထူးပင် ကျေးဇူးတင်နေမိ၏။

ခင်မေဦးတစ်ယောက် ဦးဘခင်၏ မေတ္တာတရားများ ထားရှိပုံကို အံ့မခန်းလောက် ဖြစ်မိပြီး မောင်နေမျိုးနှင့် ခင်မေဦး မိဘနှစ်ပါးတို့ ကျေကျေနပ်နပ် ဆွေမျိုးသားချင်းတွေ နေနဲ့လ ရွှေနဲ့မြ ဂဟေဆက်၍ တင့်တောင်းတင့်တယ် မင်္ဂလာပွဲလုပ်နိုင်အောင် သားကောင်းသမက်အတွက် ဦးဘခင်က အစစအရာရာ စီမံကွပ်ကဲလိုက်လေသည်။

အမှန်ကလည်း ဦးဘခင်၏ ကြိုးစားမှု၊ ရိုးသားမှု၊ ခင်မေဦးလေးအပေါ် ရင်ဝယ်သားပမာ ထားရှိခဲ့သော မေတ္တာတရားက အရာရာကို အနိုင်ယူလွှမ်းမိုးသွားချေပြီတကား။

မင်္ဂလာပွဲ အခမ်းအနားမှာ ကိုဘခင်တစ်ယောက် ချွေးပြန်အောင် မောဟိုက်ပင်ပန်းစွာ ကြိုးစားပမ်းစား လုံ့လ ဝီရိယထားပြီး ဖြည့်ဆည်းနေရှာသည်။ မင်္ဂလာပွဲ စတင်ရန် နှစ်ဖက်မိဘများနှင့် ဘိုးဘွားဆွေမျိုးများကို ကန်တော့ရန် မိန်းကလေး၏ မိဘနှစ်ပါးကို ခေါ်လိုက်သောအခါတွင် ကိုဘခင်တစ်ယောက် မျက်ရည်တွေ ဝဲကျလာသည်။ သူ ကန်တော့ခံဖို့ မလိုဟု ဆုံးဖြတ်လိုက်သည်၊ ထို့ကြောင့် တန်းပေါ်မှ ပုဆိုးလေးတစ်ထည်ကို ပခုံးပေါ်သို့တင်ပြီး ကန်တော့မခံဘဲ မဏ္ဍပ်အပြင်သို့ ထွက်သွားလေပြီ။

"ကိုဘခင်၊ ကိုဘခင် လာလေ၊ နှစ်ဖက်မိဘတွေ စုံနေပြီ၊ ရှင်တစ်ယောက်ပဲ ကျန်တော့တယ်"

"မအေးကြည်ရေ့ . . . မင်းပဲ ကန်တော့ခံလိုက်တော့၊ ငါ့တာဝန်တွေ ကျေပွန်သွားပြီ ဖြစ်တဲ့အတွက်ကြောင့် ငါ တစ်နေရာတို ထွက်သွားမလို့"

"အို . . . မဟုတ်တာ"

"ငါ . . သမီးလေးကို တင့်တင့်တယ်တယ်ဖြစ်အောင် လုပ်ပေးတာ

ကန်တော့ခံချင်လို့ မဟုတ်ဘူး။ သမီးလေးအတွက် ဘဝတစ်လျှောက်လုံး စိတ်ချရတာကိုပဲ ငါ. . . ငါ. . . ဝမ်းသာ. . . ဝမ်းသာတယ်"

ကိုဘခင် မဏ္ဍပ်ထဲက အပြင်သို့ထွက်ရန် ခြေလှမ်းပြင်သည်။ မှန်သည် သူတာဝန် ကျေပွန်ပြီ။

"ဖေဖေ. . . သမီးကိုသနားရင် မသွားပါနဲ့အဖေရယ်၊ သမီးမိုက်ကို ခွင့်လွှတ်ပါ။ သမီးမကောင်းတာ အဖေ့အပေါ်မှာ ဘဝတစ်လျှောက်လုံးပါ။ သမီး အပေါ်မှာ ချစ်ခဲ့တဲ့ ဖေဖေ့မေတ္တာတရားတွေကို သမီးအနေနဲ့ ဘယ်လိုနည်းနဲ့မှ ဆပ်လို့မကုန်တော့ဘူးဆိုတာကို သမီးသိပါပြီ။ ဖေဖေရယ်. . . သမီးကို ခွင့်လွှတ်ပါ၊ သမီး ဖေဖေ့ကို ကန်တော့ပါရစေ၊ ဖေဖေ မင်္ဂလာပွဲက ထွက်သွား ရင် သမီး ဖေဖေပေးစားတဲ့ ယောကျ်ားကို မယူဘူး။ အို. . . ဖေဖေ မသွားရ ဘူး။ ဖေဒေ မသွားရဘူး"

ဦးဘခင်၏ ခြေနှစ်ချောင်းကို စုံဖက်ပြီး တောင်းပန်နေသည်။ ခင်မေဦး သည် သူ့အပြစ်ကို သူသိသည်။ ကိုဘခင်လည်း မျက်ရည်တွေ တွေတွေစီး ကျနေ၏။

"သမီးမိုက်ကို ခွင့်လွှတ်ပါ ဖေဖေရယ်၊ ဖေဖေ့ကို ပြစ်မှားမိခဲ့သမျှတွေကို ဝန်ချတောင်းပန်ပါတယ်၊ တကယ်တော့ ဖေဖေ့စေတနာနဲ့ မေတ္တာကို လေးစား လွန်းလို့ ဖေဖေပြောတဲ့စကားကို သမီး မငြင်းဘဲနားထောင်ခဲ့သလို ဖေဖေဦးစီး ပြီး ကျင်းပပေးတဲ့ ဒီမင်္ဂလာပွဲမှာ သမီးရဲ့ ဖခင်တစ်ဦးအဖြစ် အဖေက ကန်တော့မခံဘူးဆိုရင်. . .။

"ဟဲ့. . . ဟဲ့. . . လုပ်ကြပါအုံး"

"ဟာ. . . ဒီသားအဖ၊ လူမြင်မကောင်း၊ သူမြင်မကောင်း. . . လာ. . . လာ. . . အိမ်ပေါ်တက်ရအောင်၊ သတို့သမီးကို ပွေ့ခေါ်ခဲ့"

သတို့သမီးဝတ်စုံ အပြည့်ဝတ်ထားပြီး လှချင်တိုင်း လှနေသော ခင်မေဦး။ သူ၏ဖခင် ခြေအစုံကို လက်နှစ်ဖက်နှင့် သိမ်းကြုံးဖက်ပြီး မျက်ရည်တွေတွေ ကျကာ မှူးမေ့၍လဲသွား၏။ သူ၏ လှပပြည့်ဖြိုးသော မျက်နှာ၌ မျက်ရည် တို့က နေရာယူလိုက်ပြီဖြစ်သည်။

ထို့ကြောင့် ရွှေပွဲလာ ပရိသတ်များက ခင်မေဦးတို့ သားအဖကို ဝိုင်းထွေ



ကြသည်။ သတို့သားကလည်း ခင်မေဦးကိုပွေ့ယူပြီး အိမ်ပေါ်သို့ခေါ်ယူသွား ၏။

ဒေါ်အေးကြည်လည်း သမီးနှင့် လင်ယောကျ်ားဘေးမှ ပုဝါကြီးချ၍ ဝိုင်းယိုရင်း လိုက်ပါသွားသည်။ မဏ္ဍပ်အတွင်း၌ မင်္ဂလာဆောင်လာသော လူများ လည်း ယခုမှပင် ဖခင်တစ်ဦးရဲ့ မေတ္တာစစ်၊ မေတ္တာမှန်ကို နားလည်ပြီး ဂုဏ်ပြု အပြုံးများဖြင့် ပြုံးရွှင်သွားကြ၏။

ထို့အတူ မိစုံ ဖစုံ ကန်တော့ပွဲလေးမှာလည်း သတို့သမီး အိမ်ပေါ်၌ အောင်မြင်စွာ ကျင်းပရင်း ရွှေမိုး၊ ငွေမိုး၊ ရတနာမိုးများ ရွာသွန်းနေပြီဖြစ်ပါ၏။

မင်္ဂလာမဏ္ဍပ်မှ အခါတော်ပေးသီချင်းသံမှာလည်း ဝန်းကျင်အလုံးကို ပျံ့လွင့်၍ မင်္ဂလာအောင်ပန်းတေးကို သီဆိုလျက် ရှိနေပြီတည်း. . .။

"အေးပေါ့. . . မိဘဆိုတာ သားသမီးနဲ့ ပတ်သက်လာရင် အရာရာကို ပေးဆပ်ရတာ လက်တွေ့ပဲဟော့. . ."

"သမီးရယ်. . . ဖေဖေဟာ သမီးအပေါ်မှာ ဘာတွေခွင့်မလွှတ်တာ ရှိခဲ့ လို့လဲ၊ ဒီလိုအမြင်မှန် တရားရသွားပြီဆိုရင် ဖေဖေ သမီးအပေါ် ချစ်ခဲ့သမျှ၊ တစ်သက်လုံး ကြိုးစားခဲ့သမျှတွေ လုံ့လစိုက်ခဲ့သမျှတွေ ချစ်ရကျိုးတွေနပ်ပြီး ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်. . . သမီးရယ်"

အမေဖြစ်သူ ဒေါ်အေးကြည်၊ ကိုဘခင်၊ သမီး ခင်မေဦးတို့ မိသားစု မျက်ရည်များလည်းကာ ကန်တော့ခံပြီး. . .

"ငါ့သား၊ ငါ့သမီးတို့သည် ယနေ့မှစ၍ နှစ်တစ်ရာတိုင် ဒီလင်မယား အိုအောင် မင်းအောင် ပေါင်းသင်းရပြီး ဆင်းရဲ ခြင်းကင်းလို့ ငရဲကင်းကာ ကျန်းမာချမ်းသာ လိုရာဆန္ဒ သုခပြည့်ဝကြပါစေ"ဟု ဦးဘခင်က လှိုက်လှိုက် လှဲလှဲကြီး ဆုပေးလိုက်လေသည်။

*ဝင်းမောင်ကျော်*




# ဆန်ရေမဲ့မြစ်

**မရည်မွန် (ကျုံပျော်)**

ဒေါ်ရွှေလှ အိပ်နေရာမှ ဖျတ်ခနဲလန့်နိုးလာသည်။ နိုးနိုးချင်း အငယ်ဆုံး ား ကျော်မြကို သတိရမိသည်။ အိပ်နေရာမှ လူးလဲထသည်။ တစ်အိမ်လုံး ည်းမှောင်နေသဖြင့် အိပ်ရာဘေးရှိ ဖယောင်းတိုင်နှင့် မီးခြစ်ကို စမ်းရှာသည်။ ာမတွေ့၍ နေရာအထားမှားသလားဟု စဉ်းစားသည်။ သို့သော် ဘယ်နေရာ ားမိမှန်း စဉ်းစားမရ၊ ခြောက်ဆယ်ကျော် ခုနစ်ဆယ်အတွင်း အသက်အရွယ် ကြောင့် သွားကျိုး၊ ဆံပင်ဖြူ၊ မျက်စိမှုန်လာခြင်းအပြင် မကြာခဏ သတိမေ့ ျင်းများလည်း ဖြစ်ပေါ်လာခဲ့သည်။

ဇရာ၏ ဆိုးကျိုးများကို ဒေါ်ရွှေလှ ခံစားနေရပြီဖြစ်သည်။ သို့သော် ါ်ရွှေလှ စိတ်က မာသည်။ ယခုလည်း မီးထွန်းရန် ဖယောင်းတိုင်နှင့် မီးခြစ် ို ရှာဖွေရာ မတွေ့သဖြင့် စိတ်မြန်လက်မြန်ထကာ အိမ်အတွင်းခန်းဆီသို့ လျှောက်သွားသည်။

"ဒုန်း"

ဟူသော ဆူညံသံနှင့်အတူ 'အမလေး'ဟု အော်လိုက်မိသည်။

အမှောင်ထဲ စမ်း၍ လျှောက်သွားရသဖြင့် စားပွဲခုံနှင့် ဝင်တိုက်မိရာ

ဒေါ်ရွှေလှ လဲကျသွားသည်။ လက်နှင့်လှမ်းထောက်လိုက်သဖြင့် လက်အတော်လေး နာသွားသည်ကို သတိထားမိသည်။

စားပွဲခုံကိုအားပြုကာ မတ်တပ်ပြန်ရပ်ရန် ကြိုးစားလိုက်သည်။ ထိုအခါ ထောက်ထားသည့်လက်က မီးခြစ်ကို ကိုင်မိပြီးသားဖြစ်သွားသည်။ ဖယောင်းတိုင်ကိုလည်း စမ်းကြည့်ရာ တွေ့သွား၏။

"ဟုတ်ပေသားပဲ၊ စောစောက မီးခြစ်နဲ့ ဖယောင်းတိုင်ကို ဒီစားပွဲပေါ်မှာ ငါတင်ထားခဲ့တာ၊ သတိတွေကိုက မကောင်းပါဘူး၊ တော်ပါသေးရဲ့"

စိတ်ထဲမှ မိမိကိုယ်ကို အပြစ်တင်ရင်း ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်သည်။ ပြီးနောက် ဖယောင်းတိုင်ကိုကိုင်ရင်း အတွင်းခန်းထဲဝင်၍ သားကို ရှာကြည့်သေးသည်။

ချွေးမဖြစ်သူနှင့် မြေးငယ်တို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကိုသာ တွေ့ရ၏။ အိမ်ရှေ့ခန်းဆီသို့ ပြန်ထွက်လာခဲ့သည်။ တိုင်ကပ်နာရီကို ဖယောင်းတိုင် မီးဖြင့် ကြည့်သည်။

"ဆယ်နာရီတောင် ထိုးပြီပါပကော၊ ခုချိန်ထိ ကျော်မြတစ်ယောက် ပြန်မလာသေးဘူး၊ ဒုက္ခပါပဲ ဘယ်နေရာမှာများ မူးလဲနေသလဲ မသိဘူး"

ညည်းညူစွာ စိတ်ထဲမှ ရေရွတ်နေမိသည်။ စားပွဲခုံပေါ်၌ ဖယောင်းတိုင်ကိုထွန်းကာ ထိုင်ချလိုက်သည်။ ဆေးလိပ်သောက်ချင်လာသဖြင့် ခုံပေါ်ရှိ ဆေးလိပ်ခွက်ထဲမှ ဖက်ကြမ်းအတိုကို မီးညှိဖွာသည်။ ဆေးလိပ်ဖွာရင်း၊ နားစွင့်ရင်း ခြံဝကို စူးစိုက်ကာကြည့်နေမိသည်။ သားငယ် ကျော်မြ ပြန်အလာကို စောင့်နေခြင်းဖြစ်၏။

"ကျော်မြတစ်ယောက်အတွက်တော့ ရင်လေးပါတယ်၊ အရက် မသောက်ပါနဲ့လို့ ပြောမှ ခုတလော ပိုသောက်လာတယ်။ အိမ်ပြန်ချိန်လည်း မမှန်တော့ဘူး၊ ခု ဘယ်နေရာမှာ ဘယ်လောက်သောက်ပြီး မူးနေပြီလဲမသိဘူး၊ ငါ ထလိုက်သွားရအောင်လည်း ညကြီး အချိန်မတော်၊ ငါ့မျက်လုံးတွေကလည်း မကောင်း၊ အင်း. . . သူ့မိန်းမ ကျပြန်တော့လည်း မပူမပင်နဲ့ အိပ်နေနိုင်လိုက်တာ၊ ဒီသားအတွက် ရှေ့ဆက်ပြီး ရင်လေးပါသေးတယ်"

ညည်းညည်းညူညူ တွေးမိရင်း သက်ပြင်းကို အခါခါ ချလိုက်သည်။



ထိုခဏ ကွယ်လွန်သွားရှာပြီဖြစ်သော ခင်ပွန်းသည် ဦးမြသင်းကို သတိရသွားမိပြန်သည်။

"ရွှေလှ. . . နင်ဟာလေ သားသမီးတွေကို သိပ်ပြီးအလိုလိုက်တယ်၊ အဲဒါကြောင့် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နေတယ်လို့ ငါထင်တယ်၊ ငါသာ စောစောစီးစီး သေသွားရင် နင်တော့ ဒုက္ခတွေ့ဦးမယ်"

ခင်ပွန်းသည် ဦးမြသင်း ပြောသွားသော စကားများကို ဒေါ်ရွှေလှ အခါခါ လာပြန်ကြားနေမိသည်။ တကယ်လည်း ဒေါ်ရွှေလှတစ်ယောက် ဦးမြသင်းပြောသလို ဖြစ်ခဲ့သည်။ သားသမီး ခြောက်ယောက်မွေးခဲ့သည့် အထဲတွင် ကျော်မြတစ်ယောက်သာ ယောကျ်ားလေးပါ၍ ကျန်သူများမှာ မိန်းကလေးများ ဖြစ်ကြသည်။ ကျော်မြမှာ အငယ်ဆုံးသားထွေးဖြစ်၏။

တတိယမြောက် သမီးတစ်ယောက် ဆုံးပါးသွားသည်မှလွဲ၍ ကျန်သူအားလုံး သက်ရှိထင်ရှား ရှိကြသည်။ အားလုံးလိုလို အိမ်ထောင်ကျပြီးသူများဖြစ်သည်။ ကျော်မြတစ်ယောက်မှလွဲ၍ ကျန်သည့်သမီးကြီးလေးယောက်မှာ တင့်တောင့်တင့်တယ် နေနိုင်၊ စားနိုင်သူများဖြစ်သည်။ ကျော်မြတစ်ယောက်သာလျှင် အိမ်ထောင်ကျပြီး ကလေးတစ်ယောက်မွေးခဲ့သည့်တိုင် အလုပ်အကိုင် မရှိသေး။

ခင်ပွန်းသည် ဦးမြသင်း ရှိစဉ်က ကျော်မြတစ်ယောက် ကျောင်းသားအရွယ်သာ ရှိသေး၏။ သားကို ပညာတတ် ဖြစ်စေချင်လွန်း၍ ကျောင်းထားပေးသော်လည်း ကျော်မြမှာ စာမကြိုးစားခဲ့။ အပေါင်းအသင်းများနှင့် အချိန်ကုန်စေခဲ့သည်။ ကိုးတန်းကျောင်းသား အရွယ်မှာပင် အရက်သောက်တတ်လာသည်။

ဖခင်ဦးမြသင်းက ရိုက်နှက်ဆုံးမသော်လည်း မိခင် ဒေါ်ရွှေလှက ရှေ့မှ ကာဆီးကာဆီး လုပ်သည်ကြောင့် ကျော်မြမှာ မိခင်အားကိုးရကာ ပို၍ဆိုးလာခဲ့သည်။ ဦးမြသင်း ကျန်းမာရေးချို့တဲ့၍ အိပ်ရာထဲလဲနေသည့်အချိန်တွင် ကျော်မြတစ်ယောက် မိခင်ကို ကြောက်ရမှန်း မသိတော့။

နောက်ဆုံး ကိုးတန်းနှင့် ကျောင်းမှထွက်၍ ယောင်ခြောက်ဆယ် ဖြစ်ရတော့သည်။ မိမိ၏ လုပ်စာမရှိသော်လည်း မိခင်ထံ ခေါင်းဓွေ့ တောင်းခံပါက

သားသမီးအပေါ် လက်မနှေးတတ်သော မိခင် ဒေါ်ရွှေလှကြောင့် ကျော်မြအတွက် သုံးဖြုန်းရန် ငွေကြေးမပြတ်ခဲ့။

ဘာအလုပ်မျှ မလုပ်နိုင်သည့်အတွက် အလုပ်အကိုင်ရှာဖွေရန် စိတ်ကူးပင် မရှိ။ ထိုအချိန်မှစ၍ ကျော်မြစိတ်ဓာတ်များ သိမ်ဖျင်းလာခဲ့သည်။ ရွာရိုးကိုးပေါက်လျှောက်လည်၍ အရက်သောက်၊ ဖဲရိုက်သည့် အလုပ်သည်သာလျှင် ကျော်မြ၏အလုပ် ဖြစ်လာခဲ့သည်။

သား၏ခြေလှမ်းများ မှားယွင်းနေသည်ကို ဦးမြသင်းသိ၍ ဆုံးမသော်လည်း အိပ်ရာထဲ လဲနေသူဖြစ်၍ မပြောနိုင်၊ မဆိုနိုင်။ ကျော်မြကလည်း ဖခင်၏ အိပ်ရာနားသို့ မကပ်။ ဒေါ်ရွှေလှကလည်း သားငယ်ကို ဆုံးမကြည့်သေး၏။ သို့သော်ကျော်မြက ပြန်မပြော နားမထောင်။ အချိန်တန် အိမ်ပြန်သည်နှင့် လူက ယိုင်ထိုးကာ အရက်မူးလာသည်ချည်း ဖြစ်၏။

ဖခင် ဦးမြသင်း ဆုံးပါးသွားချိန်က ကျော်မြတစ်ယောက် အရက်အမူးလွန်နေ၍ အသက်ပင် မမီလိုက်။ ဦးမြသင်း ဆုံးပါးပြီး လေးငါးလအကြာတွင် ကျော်မြတစ်ယောက် အိမ်ထောင်ပြုလိုက်သည်။ ကျော်မြယူလိုက်သည့် မိန်းကလေးကလည်း အလုပ်အကိုင် မရှိ။

ဒေါ်ရွှေလှမှာ သားကို မပစ်နိုင်၍ ချွေးမကိုပါ အိမ်ပေါ် တင်ကျွေးထားရပြန်၏။ အလုပ်အကိုင် မယ်မယ်ရရ မရှိသည့် အတွက်ကြောင့် အိမ်ရှိပစ္စည်းများကို ထုခွဲရောင်းချကာ စားသောက်နေခဲ့ရသည်။

တစ်ခါတစ်ရံ သမီးကြီးများထံသို့သွား၍ ကန်တော့ခံရသည်။ သမီးကြီးများ ကန်တော့လိုက်သည့် ငွေ၊ ပစ္စည်းများနှင့် အိမ်ဘို့ပြန်ကာ ကျော်မြတို့လင်မယားအား ကျွေးမွေးရသည်။ နှစ်၊ လ၊ ရက်တို့ ကြာညောင်းလာသည်နှင့်အမျှ ကျော်မြဇနီးသည်၌ ကိုယ်ဝန်ရှိလာသည်။ သည်အတွက်လည်း မိခင်ဒေါ်ရွှေလှက အစစအရာရာ ဖန်တီးခဲ့ရသည်။ ကျော်မြမှာ ဘာမျှ မသိသလို အနေအစားအသောက် မပျက်၊ အပေါင်းအသင်းများနှင့် လက်ချင်း ချိတ်ကာ သွားမြဲလာမြဲ။ သမီးကြီးများက ဒေါ်ရွှေလှအား သူတို့၏နေအိမ်များ၌ လာနေရန် ခေါ်ကြ၏။ ဒေါ်ရွှေလှမှာ သားငယ်ကျော်မြကိုပစ်ပြီး မသွားရက်နိုင်။ ဤသည်ကပင် ဒေါ်ရွှေလှ၏ ပျော့ကွက်ဖြစ်၏။



ကြာတော့ သမီးကြီးများက မိခင်ဒေါ်ရွှေလှကို လျစ်လျူရှုထားကြတော့သည်။ ယခင်ကကဲ့သို့ အပေးအကမ်း၊ ကန်တော့ခြင်းများလည်း မပြုကြတော့။ မောင်ငယ် လင်မယားအတွက် မိခင်က ရှာဖွေနေရသည်ကို ရင်နာနေကြသည်။ သို့အတွက် အမေ့အိမ်သို့လည်း မလာ၊ အမေ့အတွက်ဟူ၍လည်း ပေးကမ်းခြင်း၊ ကန်တော့ခြင်း၊ မရှိဘဲ ဖြတ်ထားလိုက်ကြသည်။

ထို့ကြောင့် စားဝတ်နေရေးက မပြည့်စုံ၊ ဟင်းကောင်းများ ချက်မစားနိုင်ခဲ့သည်မှာ ကြာခဲ့ပြီ။ ဟင်းကောင်း မဆိုထားနှင့် ထမင်းလုပ် မှန်အောင်စားနိုင်ရုံ မနည်းကြိုးစားရသည်။ ယနေ့နံနက်ပိုင်းက ငွေပြတ်နေ၍ ဘီရိုဟောင်းတစ်လုံးကို ကျော်မြအား သွားရောင်းခိုင်းခဲ့ရသည်။

ထိုဘီရိုမှာ ဦးမြသင်းနှင့် ဒေါ်ရွှေလှတို့ အိမ်ထောင်ဦး မင်္ဂလာလက်ဖွဲ့အဖြစ်ရခဲ့သော ဘီရိုဖြစ်သည်။ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီ၊ ထို့ကြောင့် နှမြောသည်။ သို့သော် ရှိလျှင်တန်ဆာ မရှိလျှင် ဝမ်းစာဟူသော ရှေးစကားအတိုင်းပင် ဒေါ်ရွှေလှ လိုက်နာခဲ့သည်မှာ ရှိသည့်ရွှေငွေ လက်ဝတ်ရတနာတွေ တက်တက်ပြောင်ခဲ့ပြီ။ ကျော်မြကမူ မိခင်ဒေါ်ရွှေလှ ပစ္စည်းတစ်ခုခု ရောင်းခိုင်းတိုင်း မငြင်း၊ ခေါင်းလည်းမခါ၊ လက်လည်းမနှေး၊ ပြုံးပြုံးရွှင်ရွှင်နှင့်ပင် သွားရောင်းပေးတတ်၏။ ထိုရက်များတွင် ကျော်မြခြေလှမ်းများ သွက်နေတတ်သည်။

ယနေ့နံနက်ကလည်း ကျော်မြ ဘီရိုသွားရောင်းပြီးနောက် အိမ်သို့ ဟင်းချက်စရာ လာပြန်ပို့၏။ ဖင်ပူအောင်ပင် အိမ်မှာမထိုင်။ အဝတ်အစားလဲပြီး အိမ်မှပြန်ထွက်သွားသည်မှာ ယခုအချိန်ထိ ပြန်ရောက်မလာသေး။ ဘီရိုကို ဘယ်ရွှေ့ဘယ်မျှနှင့် ရောင်းခဲ့မှန်းလည်း မသိ။ အကျိုးအကြောင်း ရှင်းပြဖို့ဝေးစွ၊ စကားပြန်ပင် မရ။

ကျော်မြ၏ဇနီးသည်ကလည်း ရှိလျှင်ချက်၍ မရှိလျှင် မချက်ဘူးဆိုသော မိန်းမမျိုး၊ အပူအပင် အကြောင့်အကြမရှိ၊ မနက်ဖြန်ဆိုသည်ကို ကြို၍မတွေးတတ်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဟူ၍လည်း မရှိ။

ထို့ကြောင့် ချွေးမကို သိမ်ဖျင်းရန်ကောဟု မဆိုရက်။ တကယ်တမ်းတွေးကြည့်ပါက မိမိ၏သား ကျော်မြ၏ ချို့ယွင်းချက်များကသာ တရားခံဖြစ်

သည်။ ကျော်မြတရားခံဖြစ်ခြင်းမှာလည်း မိမိကြောင့်သာဖြစ်သည်။ ထို့ကြောင့် မိမိမှာ တာဝန်ရှိနေသည်ဟူ၍ ဒေါ်ရွှေလှ တွေးမိသည်။

"ရွှေလှ သားသမီးကို ငယ်စဉ်အခါကတည်းက အလိုမလိုက်ဖို့ အရေးကြီးတယ်။ မိဘဆိုတာ သားသမီးအပေါ် ချစ်ပြီးသားပါကွာ၊ သားသမီးကို မချစ်တဲ့ မိဘ ဘယ်မှာရှိတုန်း၊ အေး. . . တစ်ခုတော့ ရှိတယ်၊ တစ်ချို့မိဘတွေဟာ သားသမီးကိုချစ်တယ်ဆိုပြီး သားသမီးတွေ ပြောတိုင်း လိုက်လျောပေးတတ်ကြတယ်။ အဲဒါ သားသမီးကို ချစ်တာမဟုတ်ဘူး၊ နှစ်တာကွ။ သားသမီးကိုချစ်ရင် စည်းကမ်းတကျ ချစ်တတ်ရမယ်၊ အဲဒါမှ တစ်နေ့ကျရင် အဲဒီအချစ်ရဲ့ အကျိုးကျေးဇူးကို ခံစားရမှာ၊ အချစ်မှားရင်တော့ မင်းတို့တစ်သက်လုံး နောင်တရနေလိမ့်မယ်"

ဦး[illegible]သင်း၏ စကားများကို ဒေါ်ရွှေလှ ပြန်ကြားယောင်မိတိုင်း သက်ပြင်းချမိပြန်၏။ ထိုစဉ် အိမ်ရှေ့တံခါးပေါက်မှ ဝုန်းခနဲ အသံတစ်ခု ကြားလိုက်ရ၏။ ဒေါ်ရွှေလှ ချက်ချင်းထကာ မီးတိုင်ကိုင်၍ အပေါက်ဝသို့ သွားလိုက်၏။

တံခါးရွက်ကို ဆွဲဖွင့်လိုက်ရာ မြေပြင်၌ ခွေခွေလေး လဲနေသော ကျော်မြကို ဖယောင်းတိုင်မီးရောင်ဖြင့် တွေ့မြင်နေရသည်။ အရက်နံ့က ဒေါ်ရွှေလှ နှာခေါင်းထဲ တန်းဝင်လာသဖြင့် ခေါင်းခါရမ်းလိုက်မိသည်။

"ဟဲ့. . . သား ကျော်မြ၊ အိမ်ပေါ် ရောက်အောင် တက်ပါအုံးလားကွယ်၊ အို. . . ဒုက္ခပါပဲ"

ဖယောင်းတိုင်မီးကို အနီးရှိတန်းပေါ်၌ ထွန်းညှိလိုက်၏။ ထို့နောက် ကျော်မြ၏ ပခုံးနှစ်ဖက် ဆွဲမကြည့်ရာ မနိုင်သဖြင့် အိမ်ထဲသို့ ပြန်ဝင်လာကာ ချွေးမဖြစ်သူကို နှိုးရသည်။ ပြီးမှ ချွေးမနှင့်အတူ နှစ်ယောက်သား ကျော်မြကို ပွေ့မကာ အိမ်ထဲသွင်းရ၏။ အိမ်အတွင်းခန်းအထိ သွင်းရန် မနိုင်သောကြောင့် ဒေါ်ရွှေလှအိပ်ရာ၌ပင် ကျော်မြကို သိပ်လိုက်ရသည်။

ကျော်မြတစ်ယောက် မိခင်၏ အိပ်ရာပေါ် ရောက်သည်နှင့် ချွေးမဖြစ်သူက သူ့အခန်းထဲ ပြန်ဝင်ကာ အိပ်တော့သည်၊ ဒေါ်ရွှေလှတစ်ယောက်မှာ သားဖြစ်သူ၏ ဘေး၌ပင် အိပ်ရန် ကျောဆန့်လိုက်၏။ အရက်နံ့များပေါင်နေသောကြောင့် ဒေါ်ရွှေလှ ခေါင်းမူးချင်သလို ဖြစ်လာသည်။



ထိုစဉ် ကျော်မြ၏ လက်တစ်ဖက်က ဒေါ်ရွှေလှ ရင်ဘတ်ပေါ် သို့ ဒုတ်ခနဲကျလာ၏။ ရင်၌ နာကျင်မှုတစ်ခု ခံစားလိုက်ရသည်။ သို့သော် သားငယ်ကျော်မြမှာ အိပ်ပျော်နေသည်ဖြစ်၍ စိတ်ထဲက သားငယ်ကို အလိုအလျောက်ခွင့်လွှတ်ပြီးသားဖြစ်သည်။ ကျော်မြ နိုးသွားမှာကိုပင် စိုးရိမ်မိနေသေးသည်။

"အမေရယ်. . . အမေ့ကိုကြည့်ရတာ သားကိုပဲ လွမ်းနေတာ တွေ့ရတယ်။ ပြီးတော့ အမေ့သားအတွက် ရသင့်ရထိုက်တဲ့ အမွေကိုလည်း ခွဲဝေပေးပြီးပြီပဲ၊ အဲဒီငွေတွေနဲ့ သူဟာသူ လုပ်ကိုင်စားသောက်နေမှာပေါ့။ အမေသာ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ပါ။ လိုအပ်တာပြော အမေသုံးချင်ရာသုံးဖို့ အမေ့ဝေစု ငွေနှစ်သိန်းကို ကျွန်မသိမ်းထားတယ်။ အမေ လိုအပ်တဲ့အချိန် ပြောပါ"

"အေးပါအေ. . . ငါက ဘာမှမလိုပါဘူး၊ နင့်မောင် ကျော်မြအတွက်ပဲ ငါ့မှာပူနေရတယ်၊ ရတဲ့ငွေတွေနဲ့ ဘယ်လိုသုံးစွဲပြီး နေထိုင်ကြသလဲ၊ အဆင်မှပြေကြရဲ့လား၊ နေထိုင်မှ ကောင်းကြရဲ့လား မသိပါဘူး"

သမီးအလတ်မအိမ်၌ မပူမပင် နေနေရသည့်တိုင်အောင် ဒေါ်ရွှေလှစိတ်က မအေးနိုင်၊ ဆိုးသောသား ကျော်မြကို စိတ်မချနိုင်။ သားဆိုးအတွက် စိုးရိမ်နေရသည်။

တကယ်တမ်းတွေးကြည့်သော် ထိုသားဆိုး၏ ဒုက္ခများက ဒေါ်ရွှေလှရင်ကို ကူးစက်လောင်မြိုက်စေခဲ့သည်၊ သားဆိုးကျော်မြ၏ လက်ချက်ကြောင့် ဒေါ်ရွှေလှမှာ သူပိုင် အိမ်ခြံမြေကို အပြီးတိုင်ရောင်းချကာ အမွေများ ခွဲဝေပေးလိုက်ရသည်။

လက်ရှိ သားသမီးငါးယောက်အား အညီအမျှပေးဝေကာ သူ့ အတွက်လည်း အိုနာစာအဖြစ် ဝေစုတစ်စုယူကာ သမီးလတ်အိမ်ပေါ်သို့ ရောက်ခဲ့သည်။ ကျော်မြမှာ အမေခွဲဝေပေးသော ငွေကြေးရသည်နှင့် အမေ့ကိုပစ်ကာ သူ့ဇနီးနှင့်သမီးကို လက်ဆွဲ၍ တစ်နေရာသို့ ထွက်သွားတော့သည်၊ အမေ့ကို သူနှင့်လိုက်နေရန်ပင် မခေါ်၊ လက်ထဲ ငွေရောက်သည်နှင့် ကျော်မြအချိုးပြောင်းသွားခဲ့သည်။

အမွေခွဲဝေပေးပြီးသည့်နေ့မှစ၍ ကျော်မြမျက်နှာကို မမြင်တွေ့ရသည်မှာ နှစ်လနီးပါးပင် ရှိခဲ့ပြီ။ သားက အမေ့ကို သတိမရသော် လည်း အမေကမူ သားကို သတိရလွမ်းဆွတ်နေ၍ ကျန်သမီးများက အမေ့ကို သဲရန်ကောဟူ၍ အပြစ်တင်သည်အထိ ဖြစ်ရသည်။

အိမ်ရောင်း အမွေခွဲပြီး၍ သမီးလတ်အိမ်ပေါ်သို့ ဒေါ်ရွှေလှ ရောက်လာသည်နှင့် ကျန်သည့် သမီးကြီး၊ သမီးငယ်များက သူတို့အိမ်များသို့ တစ်လှည့်စီ ဖြစ်ဖြစ် လိုက်နေရန် ခေါ်ကြသေးသည်။ သမီးကြီးက ချမ်းသာသည်။ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားနှင့် နေနိုင်သူ ဖြစ်သည်။ သမီးလတ်နှင့် သမီးငယ်တို့မှာလည်း တိုက်နှင့်ကားနှင့် မနေနိုင်သည့်တိုင် ရွှေငွေအပြည့်ဖြင့် လူတန်းစေ့နေနိုင်ကြသူများ ဖြစ်သည်။

ထို့ကြောင့် သူတို့၏အမေဖြစ်သူ ဒေါ်ရွှေလှအား အိမ်ဦးခန်း၌ စိတ်ချမ်းသာစွာ ထားချင်ကြသည်။ သို့သော် ထိုသမီးများ၏ အိမ်၌ နေရသည်ကိုပင် ဒေါ်ရွှေလှ မပျော်နိုင်။ သားနှင့်လိုက်၍ နေချင်သည့် စိတ်ကသာ ကြီးစိုးနေသည်။ သို့ရာတွင် သားငယ်ကျော်မြမှာ ဘယ်ဆီရောက်၍ နေမှန်းမသိရ။ ထို့ကြောင့် ဒေါ်ရွှေလှမှာ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ သည်ရက်ထဲမှာ ကျန်းမာရေးချို့တဲ့လာသည်။ သားကိုလွမ်းသည့်စိတ်ကြောင့် ခန္ဓာကိုယ်သည်ပင်နွမ်းရိလာကာ အိပ်ရာထဲ လဲနေရသည့် အဖြစ်သို့ ရောက်သည်။

“ငါ့သားလေးက သောက်တတ်၊ စားတတ်တယ်၊ မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့တွေ့ပြီး ရထားတဲ့ အမွေလေးကုန်သွားရင် ဒုက္ခပါပဲ၊ အမွေရရချင်း အိမ်ကောဝယ်ဖြစ်ရဲ့လား မသိဘူး”

စိတ်သွားတိုင်း ကိုယ်မပါနိုင်၍သာ ဒေါ်ရွှေလှ ငြိမ်နေရသည်။ တကယ်တမ်း၌ သားကို မတွေ့တွေ့အောင်ရှာ၍ သားနှင့်သာ လိုက်နေချင်မိသည်။

“ငါ့သားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းပါစေ”

စိုးရိမ်ပူပန်ခြင်းများဖြစ်ကာ သားအတွက် ဆုတောင်းပေးနေမိသည်။ သားသမီးတို့အပေါ်၌ ပေးဆပ်ရမည့် မေတ္တာတရားများကို ဒေါ်ရွှေလှ မငြိုမငြင် ပေးချင်သည်။ စုန်ရေ၊ ဆန်ရေဖြင့် စီးဆင်းနေသော မြစ်တစ်စင်းကဲ့သို့ မဖြစ်ချင်။



သားသမီးများအပေါ် စုန်ရေအဖြစ် ဆန်ရေမဲ့ ထာဝရစီးဆင်းသော မြစ်တစ်စင်းပမာ ပေးဆပ်၍ရမည့်အရာတိုင်း လက်မနှေးတတ်သော ဒေါ်ရွှေလှ ပေးရန်ရည်စူးပြီးသားဖြစ်သည်။ ထို့ကြောင့် နှစ်ပေါင်းလေးဆယ်ကျော်မ-တည်ရင်းနှီးတည်ဆောက်ခဲ့ရသော အိမ်နှင့်အတွင်းပစ္စည်းများကိုပါ အားလုံးထုခွဲရောင်းချကာ အမွေခွဲဝေပေးခဲ့ပြီး ဖြစ်သည်။

ယခုအခါ ဒေါ်ရွှေလှပိုင်ဆိုင်သည့် အမွေထဲမှ အိုနာစာအဖြစ် ချန်ထားခဲ့သော မိမိ၏ဝေစု ငွေနှစ်သိန်းသာရှိတော့သည်။ ထိုငွေနှစ်သိန်းကိုလည်း သားငယ်ကျော်မြအား ပေးရန် စိတ်ကူးထားပြီးဖြစ်သည်။ ထိုစိတ်ကူးကို သမီးများကသိ၍ သဘောမတူကြသည်ကိုလည်း ဒေါ်ရွှေလှသိ၏။ သို့သော် သားငယ် ကျော်မြအား သမီး မိန်းကလေးများနည်းတူ မချမ်းသာသည့်တိုင်အောင် အိုးပိုင်အိမ်ပိုင် ဖြစ်စေချင်လှသည်။ ဆင်းရဲသည့် သားငယ်ကို ဖေးမချင်သည်မှာ မိခင် ဒေါ်ရွှေလှ၏ စေတနာဖြစ်သည်။ သားငယ်အကြောင်းတွေးရင်း ဒေါ်ရွှေလှ မျက်လုံးအိမ်၌ မျက်ရည်စများ ဝေ့ဝဲလာနေသည်။

“အမေ. . . အမေ့အတွက် သမီး ကြက်စွပ်ပြုတ်လုပ်ထားတယ်။ နည်းနည်းသောက်ကြည့်ပါအုံးလား အမေရဲ့”

သမီးအလတ်မက ဒေါ်ရွှေလှ လှဲနေရာသို့ ကြက်စွပ်ပြုတ်ပန်းကန် ယူလာကာပေး၏။ ပန်းကန်ထဲမှာ အငွေ့များဝေနေသည်။

“အမေ မစားချင်ပါဘူး သမီးရယ်၊ စားချင်စိတ်ရှိမှ ပြောပါ့မယ်”

ဒေါ်ရွှေလှ ညည်းညည်းညူညူ ပြန်ပြော၏။ မိခင်ကိုကြည့်ကာ အလတ်မ စိတ်မကောင်း ဖြစ်မိသွားသည်။

“အမေ့မှာလည်း ဒီသားမိုက်စိတ်နဲ့ချည်း ဒုက္ခဖြစ်နေရတယ်။ ကဲပါလေ. . . အမေစားချင်တဲ့အချိန်သာပြောပါ”

အလတ်မ ပြောပြောဆိုဆိုဖြင့် မိခင်အနီးမှ ပြန်လှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ်. . .

“ဟောတော့. . . ကျော်မြ၊ နင်ဘယ်တုန်းက ရောက်နေတာလဲ၊ အမေ. . . ဟောဒီမှာ အမေ့သားကျော်မြ ရောက်လာပြီ”

အလတ်မ၏ အံ့ဩစွာဆိုလိုက်သော အသံသည် ကျယ်လောင်

သွားသည်။ အလတ်မ အသံကြောင့် ဒေါ်ရွှေလှ အိပ်ရာမှ လူးလဲ ထထိုင်လိုက်၏။ စောစောက ကြားရသည့်အသံများကို မရှင်းသဖြင့် လှမ်းမေးလိုက်ပြန်သည်။

"ဟဲ့. . . အလတ်မ၊ ဘယ်သူလာတာတုန်း၊ ကျော်မြလား"

"ဟုတ်တယ် အမေရေ၊ အမေ့အချစ်တုံး၊ အမေ့သားလှရတနာ ကျော်မြပေါ့၊ ကဲ. . . ကိုယ်တော်ချော အမေ့အနားကို မြန်မြန်ကြွ"

အလတ်မက မိခင်၏ အမေးကို ပြန်ဖြေရင်း မောင်ဖြစ်သူ ကျော်မြအား ခနဲ့တဲ့တဲ့ ပြောလိုက်သည်။ ကျော်မြမှာ မိခင်ဒေါ်ရွှေလှ ရှိရာသို့ သွက်သွက်လှမ်းသွားကာ အနီး၌ ထိုင်ချလိုက်သည်။ ထုံးစံအတိုင်း ကျော်မြထံမှ အရက်နံ့ကို ဦးစွာရှူရှိုက်လိုက်ရသည်။ သားငယ် ကျော်မြကိုကြည့်ကာ ဒေါ်ရွှေလှ ဟန်မဆောင်နိုင်တော့။ သားကိုဖက်၍ ငိုရှိုက်ကာ ပြောသည်။

"သားရယ်. . . အမေ့ကို ခွဲပြီးတော့ ဘယ်များသွားနေရတာလဲကွယ်၊ အမေ့မှာ သားကိုမျှော်နေတာ၊ ငါ့သား နေကောင်းတယ်နော်၊ စီးပွားရေးကော အဆင်ပြေလားဟင်"

မိခင်၏ အမေးကို ကျော်မြ ပြန်မဖြေနိုင်၊ ပြန်ပြောစရာအင်အားသည်လည်း ကျော်မြ၌ မရှိ။ အမေ့ကို ပြန်ဖက်တွယ်ရင်းဖြင့်သာ ကျော်မြ ငြိမ်နေသည်၊ သူငြိမ်နေခြင်းကို မိခင်က ဘယ်သို့ဆုံးဖြတ် နားလည်မည်နည်း မတွေးတတ်။ မိမိ၏ အပြစ်ကို မိမိသိ၏။ မိမိရသည့်အမွေများ သုံးရင်းဖြုန်းရင်း ဘယ်လိုကုန်သွားမှန်း ကျော်မြ မသိတော့။

ကျော်မြသိသည်မှာ ထိုအမွေရသည့်ငွေထဲက အိမ်တစ်လုံး အဖတ်တင်အောင် မဝယ်နိုင်ခဲ့ခြင်းသာ ဖြစ်သည်။

"အမေ. . . ငါ့သားကို စိတ်မချဘူးကွယ်၊ အမေ ငါ့သားနဲ့ပဲ အတူလိုက်နေမယ်"

မိခင်စကားကြောင့် ကျော်မြ ဝမ်းသာအားရဖြစ်ကာ ဒေါ်ရွှေလှကို တင်းကျပ်စွာ ဖက်တွယ်ထားလိုက်သည်။ ဒေါ်ရွှေလှကလည်း ကျော်မြအား ကလေးငယ်တစ်ဦးပမာ ယုယကြင်နာစွာ ထွေးပွေ့ထားသည်။ တကယ်တမ်းလည်း ဒေါ်ရွှေလှရင်ထဲ၌ အသက်သုံးဆယ်ကျော် သားငယ် ကျော်မြအပေါ်၌



လူမမယ်ကလေးငယ်တစ်ဦးသဖွယ်သာ မှတ်ထင်နေမိသည်။ ထို့ကြောင့် သားငယ်ကျော်မြအပေါ် အစစအရာရာ စိတ်မချ ဖြစ်နေရသည်။ သို့သော် ထိုစိတ်ကြောင့် ဒုက္ခဖြစ်နေရသည်ကိုတော့ ဒေါ်ရွှေလှ သတိမထားနိုင်ပါပေ။

"နင်ဟာလေ. . . သားမယား ရနေတဲ့ထိတောင် အမေ့ကိုလိုက်ပြီး ဒုက္ခပေးနေတုန်းပဲ၊ နင် ယောကျ်ားပဲ၊ ကိုယ့်မိသားစုအတွက် ရှာဖွေတတ်ရမှာပေါ့။ ခုလည်း နင့်အတွက်ရတဲ့ အမွေကို သုံးလို့ဖြုန်းလို့ ကုန်တာနဲ့ အမေ့ဝေစုကို မျက်စောင်းထိုးပြီး အမေ့ကို လာစည်းရုံးတာ မဟုတ်လား၊ တို့ညီအစ်မတွေကတော့ နင့်ကို အမေရှိလို့ ဆက်ဆံနေရတာ။ အမေသာ မရှိရင် နင့်ကို အပြတ်ပဲ"

အလတ်မက ကျော်မြကို အပြစ်တင်ပြောဆိုနေသည့်တိုင် ကျော်မြဘာမှ ပြန်မပြော၊ အလတ်မပြောသည့် စကားများက အမှန်ဖြစ်နေ၍လည်း ကျော်မြ ပြန်လည်ချေပပြောဆိုခြင်း မပြုနိုင်။ ထို့ ကြောင့် အလတ်မစကားဆုံးသည်နှင့် အိမ်ထဲမှထွက်သွားသည်။

"အမေ့ကိုလည်း သမီးပြောချင်တယ်၊ ဒီ ဆိုးတယ်၊ ပေတယ်ဆိုတဲ့ သားအပေါ်မှာပဲ အမေ့သံယောဇဉ်က ပိုကြီးနေတယ်၊ သမီးတို့ ညီအစ်မတွေအပေါ်မှာ အမေ ဒီလောက် သံယောဇဉ် မထားဘူး။ ခုလည်း အမေ့ကို သမီး အစစအရာရာ လိုလေသေးမရှိအောင် အိမ်ဦးခန်းမှာထားတယ်၊ ဒီမှာပဲ နေပါလို့ တဖွဖွပြောတယ်။ ဒါပေမဲ့ အမေက တားလို့မရဘူး။ ကျွန်မတို့က သမီး၊ အမေက အမေဆိုတော့ ဒီထက်လည်း ပိုပြောလို့မရဘူး၊ အမေ့အကြောင်းတရားပဲ၊ ရော့. . . ဒီမှာ အမေ့ရဲ့ငွေ"

မိခင်၏စိတ်ကို သိနေသည့် အလတ်မက ရင်ထဲရှိသမျှ ဖွင့်ပြောသည်။ သူသိမ်းထားသည့် မိခင်ဝေစု နှစ်သိန်းကိုလည်း ပုံပေးလိုက်သည်။

"အေးပါအေ. . . ငါ့သမီးတွေပြောတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ အမေက ဒီကောင့်အပေါ်မှာမှ စိတ်မချဖြစ်နေတော့ အမေ့ထိုက်နဲ့ အမေ့ကံပေါ့။ အမေက အသက်ကြီးပါပြီ။ အမေ့အတွက် ဘာမှမလိုအပ်တော့ပါဘူးအေ၊ မပြည့်စုံတဲ့ သားသမီးတွေအတွက် အမေ့မှာ ပေးဆပ်ဖို့ တာဝန်ရှိသေးတာမို့ အမေ့ကို ခွင့်လွှတ်ကြပါကွယ်"

စကားဆုံးသည်နှင့် ငွေထုပ်ကိုလှမ်းယူကာ အလတ်မနားမှ ထွက်သွားသည်။ ခြံဝင်းအပြင်၌ ကျော်မြက ရပ်စောင့်နေသည်။ ဒေါ်ရွှေလှတစ်ယောက် ကျော်မြအနီးသို့ရောက်သောအခါ ကျော်မြက ရှေ့ဆောင်၍သွားသည်။ ဒေါ်ရွှေလှက တဘက်လေး ခေါင်းပေါ်တင်ကာ နွေးကွေးသော ခြေလှမ်းများဖြင့် လိုက်သွားတော့သည်။

တပေါင်းနွေသည် ပူလွန်းသည်။ ခြစ်ခြစ်တောက် နေမွန်းတည့်ချိန်၌ လမ်းလျှောက်နေသည့်တိုင် ထိုအပူသည် ဒေါ်ရွှေလှကို မလွှမ်းမိုးနိုင်ခဲ့။ အပူဒဏ်ကို သတိမထားမိ။ ရှေ့မှသွားနေသော သားငယ်ကျော်မြတစ်ယောက် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားမည့် စိုးရိမ်စိတ်ကသာ ဒေါ်ရွှေလှအား ကြီးစိုးနေသည်။

ကျော်မြနောက်သို့ မိခင်ဒေါ်ရွှေလှ လိုက်သွားသည့် တစ်လ ကျော်ကျော်တွင် ညီအစ်မ လေးယောက်ဆုံကာ မိခင်အကြောင်း ပြောကြရပြန်၏၊ မပြော၍ မပြီးသည့်အကြောင်းများက ညီအစ်မလေးယောက်ကို ရိုက်ခတ်လာခဲ့ပြန်သည်။

“ကျွန်မပြောတာ ယုံစမ်းပါ အစ်မကြီးရာ၊ အမေ့ကို တွေ့တဲ့သူ တိုင်းက ကျွန်မကို လာပြောတာ အကြိမ်ကြိမ် ရှိနေပြီ။ ကျော်မြက အမေ့ကို ပစ်ထားခဲ့ပြီး ဦးတည်ရာမဲ့ထွက်သွားတာတဲ့၊ ဒါကြောင့် အမေတစ်ယောက်တည်း လမ်းပေါ်မှာ လျှောက်သွားနေတယ်လို့ ပြောတယ်”

“ခက်တာပဲဟာ၊ အမေဘယ်လို ဖြစ်သွားပြန်ပြီလဲ မသိဘူး။ ဒီအတိုင်းသာဆိုရင်တော့ တို့ညီအစ်မတွေ သိက္ခာကျတော့မှာပဲ။ အမေ့ကို အမြန်ဆုံးရှာပြီး တို့ တစ်အိမ်အိမ်မှာ ပြန်ခေါ်ထားမှဖြစ်မယ်”

“ဟုတ်တယ်. . . ခုလောက်ဆို ဟိုကောင် ကျော်မြ ဖြုန်းလို့သုံးလို့ အမေ့ဆီ ပါသွားတဲ့ ငွေနှစ်သိန်းလည်း ကုန်လောက်ပြီ၊ ဒါကြောင့် အမေ အခုလို ဒုက္ခရောက်ရတာ”

“ငါကတော့ မယုံဘူး၊ အမေ အဲဒီလို အမှန်ဖြစ်သွားရင်လည်း သူ့သား ကျော်မြစိတ်နဲ့ စိတ်ဖောက်ပြန်သွားပြီလို့ ထင်တယ်။ ငါ့အနေနဲ့တော့ ပြန်



မခေါ်ချင်ဘူး။ တကယ်တမ်းစိတ်နောက်သွားပြီဆိုရင် တို့အိမ်တွေမှာ ခေါ်ထားတာထက် ဆေးရုံကိုပို့လိုက်တာက ပိုကောင်းမယ်ထင်တယ်”

ညီအစ်မ လေးယောက် ခေါင်းချင်းဆိုင်ကာ ကိုယ့်အထင်နှင့်ကိုယ် ဆွေးနွေးဖြစ်ကြသည်။ နောက်ဆုံး မိခင်ဒေါ်ရွှေလှကို လိုက်ရှာရန် ဆုံးဖြတ်လိုက်ကြသည်။ သို့သော် ညီအစ်မများ တိုင်ပင်ဆွေးနွေးပြီးခဲ့သည့် ရက်သတ္တတစ်ပတ် ပြည့်သည့်တိုင် မည်သူတစ်ဦး တစ်ယောက်မျှ မိခင်ဒေါ်ရွှေလှကို မရှာဖြစ်သေး၊ သူတို့စီးပွားရေး၊ မိသားစုအရေးများနှင့်သာ လုံးချာလိုက်နေခဲ့သည်။

သည်လိုနှင့် ဆယ်ရက်မြောက်သောနေ့တွင် ညီအစ်မလေးယောက် ကြားသိလိုက်ရသည့် သတင်းက သည်းထိတ်ရင်ဖိုစရာ။

“နင်တို့အမေ လမ်းဘေးမှာ လျှောက်သွားနေရင်းက မူးလဲသွားတာ အသက်ပါ ပါသွားတော့တာပဲ”

အကြောင်းကြားသူတို့၏ စကားကို မယုံသဖြင့် အမေရှိရာသို့ လိုက်သွားကြည့်ကြသည်။ ပြောသည့်အတိုင်း မိခင်ဒေါ်ရွှေလှတစ်ယောက် လမ်းဘေးမှာ လဲကျသေဆုံးနေသည်ကို မျက်ဝါးထင်ထင် တွေ့ကြရသည်။ အမေ့အဖြစ်ကို ကြည့်ကာ ဝမ်းနည်းပူဆွေး ငိုကြွေးကြရတော့သည်။

အမေ့အဖြစ်ကို ဝိုင်းအုံကြည့်နေကြသောလူများ၏ ကဲ့ရဲ့ခြင်းကိုလည်း ညီအစ်မအားလုံး အလူးအလဲ ခံကြရသည်။ ထိုစဉ် ဝိုင်းအုံ ကြည့်နေကြသော လူအုပ်ကြားထဲမှ မိန်းမတစ်ယောက် တိုးဝှေ့ထွက်လာကာ ညီအစ်မများကို သေချာစွာ ကြည့်လိုက်သည်။ ထိုမိန်းမကို ညီအစ်မအားလုံး သိနှင့်နေကြ၏။ သူမကား ယခင်က အမေ့အိမ်နား၌နေခဲ့ပြီး အမေနှင့် ရင်းနှီးနေပြီးသား မရွှေမိဖြစ်သည်။

“ညည်းတို့အမေက သနားစရာပါအေ၊ သူ့သားကို အချစ်ပိုသလို ညည်းတို့ကိုလည်း ချစ်ရှာပါတယ်၊ မသေခင် အချိန်ပိုင်းလေးအတွင်းမှာ ငါနဲ့တွေ့သွားတယ်။ ငါ့သားကျော်မြ ဘယ်မှာလဲလို့ တဖွဖွ မေးတယ်။ သူ့သားကို လိုက်ရှာနေတာနဲ့ တူတယ်။ ပြီးတော့ ပြောသေးတယ်၊ ငါဟာလမ်းဘေးမှာ တစ်စုံတစ်ခု ဖြစ်သွားရင် ငါ့ သမီးများဆီကို အကြောင်းမကြားပါနဲ့တဲ့၊ ငါ့ ထိုက်နဲ့ ငါ့ကံပဲရှိပါစေတဲ့။ ငါ့သမီးတွေ ဂုဏ်ငယ်နေပါ့မယ်လို့ တဖွဖွပြောသွား

ရှာသေးတာ။ နောက်ပြီး သူ့အိပ်ထဲက ရွှေလက်စွပ်တစ်ကွင်းကိုလည်း ထုတ်ပြပြီး သူ့သား ကျော်မြကို ပေးမလို့ လိုက်ရှာနေတယ်လို့ပြောတယ်။ သားသမီးတွေကိုချစ်တဲ့ ညည်းတို့အမေမျိုး၊ မေတ္တာမျိုးကတော့ ရှားပါတယ်အေ၊ သေခါနီးတောင် သားသမီးတွေအတွက် လိုက်ပြီး စိုးရိမ်ပူပန်နေသေးတယ်”

မရွှေမိ စကားအဆုံး၌ အလတ်မက အမေ့ကိုယ်ကိုထွေးပွေ့ကာ အတွင်းခံအိတ်ထဲ နှိုက်ရှာကြည့်သည်။ ထိုလက်စွပ် ယနေ့တိုင် ရှိနေသည့်စကားကိုလည်း အမေတစ်ခါမျှမပြော၊ ထို့ကြောင့် သားသမီးများက မေ့လျော့နေခဲ့ကြ သည်။

သို့သော် ထိုရွှေလက်စွပ်သည် အဖေနှင့်အမေ မင်္ဂလာဦးအချိန်ကတည်းက သိမ်းထားခဲ့သည့် လက်စွပ်ဖြစ်ကြောင်းကိုတော့ သူတို့သိထားခဲ့ကြသည်။ ယခုတော့ ထိုလက်စွပ်တစ်ကွင်းသည် သူချစ်သည့် သားမိုက်အတွက် ဆန်ရေမရှိသော စုန်ရေသက်သက် စမ်းချောင်းတစ်ချောင်း၏ နိမိတ်ပုံ တစ်ခုပမာဖြစ်နေသည်။

စင်စစ် သားသမီးတို့အပေါ် ထားရှိသည့် အမေတစ်ယောက်၏မေတ္တာကို လက်စွပ်ကလေးက အသံတိတ်ပုံဖော်ပြနေခဲ့ခြင်းကို သား သမီးများအားလုံး ကောင်းစွာနားလည်ကြလေပြီ။ သို့သော် ကျေးဇူးရှင်၊ ကရုဏာရှင်၊ မေတ္တာရှင် အမေကား အားလုံးကို ကျောခိုင်းသွားခဲ့ပါပြီကော။ ထို့ကြောင့် တမလွန်ထိတိုင် သားသမီးများကို စိတ်မချ ဖြစ်နေဦးမည့် အမေ့အကြောင်းတွေးမိကာ သမီးအားလုံး ချုံးပွဲချ ငိုနေမိကြတော့သည်။ အမေချစ်သော သားငယ် ကျော်မြတစ်ယောက်သာလျှင်. . . အမေ့အဖြစ်ကို သိပုံမပေါ်. . .။

မရည်မွန်(ကျုံပျော်)

# မေတ္တာပို့ ဓမ္မလက်ဆောင်

အရှေ့အရပ်၌ရှိသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်း
အနောက်အရပ်၌ရှိသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်း
တောင်အရပ်၌ရှိသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်း
မြောက်အရပ်၌ရှိသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်း
အရှေ့၊ နောက်၊ တောင်၊

မြောက် အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ၊

အထက်ဘဝဂ်၊ အောက်အဝီစိ၊ ရေမှာဆယ် ကုဋေကုန်းမှာ ကိုးကုဋေရှိကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့နှင့် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၊ သိကြားမင်း၊ ယမမင်းတို့နှင့် ကမ္ဘာစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့နှင့် တနင်္ဂနွေဂြိုဟ်မင်း၊ တနင်္လာဂြိုဟ်မင်း၊ အင်္ဂါဂြိုဟ်မင်း၊ ဗုဒ္ဓဟူးဂြိုဟ်မင်း၊ ရာဟုဂြိုဟ်မင်း၊ ကြာသပတေးဂြိုဟ်မင်း၊ သောကြာဂြိုဟ်မင်း၊ စနေဂြိုဟ်မင်းကြီးနှင့် သုခိတသတ္တဝါ ဒုက္ခိတ သတ္တဝါတို့နှင့် မြင်ရတဲ့ပုဂ္ဂိုလ်တွေ၊ မမြင်ရတဲ့ပုဂ္ဂိုလ်တွေ၊ နီးနေဝေးနေ ဤနှစ်ထွေတို့နှင့် သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ သတ္တဝါအားလုံးတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းလို့ ဘေးရန်အပေါင်း ကင်းဝေးကြပါစေ။

လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့သည် လူသူတော်ကောင်း၊ နတ်သူတော်ကောင်း၊ ဗြဟ္မာသူတော်ကောင်းတို့ရည်စူးနေကြကုန်သော နိဗ္ဗာန်မဂ်ဖိုလ်ကို ရလွယ်ရောက်လွယ်နိုင်ကြပါစေ၊ ဘုရားတပည့်တော်လည်းရလွယ်၊ ရောက်လွယ်ရလိုပါ၏အရှင်ဘုရား။ မရလွယ်မီ၊မရောက်လွယ်မီကာလမှာ သူတော်ကောင်း၊သူမြတ်လောင်းတို့နှင့်တွေ့ဆုံပြီး နိဗ္ဗာန်သို့ဝင်ရပါစေ အရှင်ဘုရား။

မင်းကွန်းဆရာတော်ဘုရားကြီး၏ မေတ္တာပို့မှ
အတိုချုံး၍ မှီငြမ်းရေးသားခြင်းဖြစ်ပါသည်။

ဝင်းမောင်ကျော်

ဖုန်း - ၀၁ ၆၁၀၈၉၆၊ ၀၉ ၄၃၁၃၂၉၄၂၊ ၀၉ ၄၃၁၀၅၄၉၀


၁၃၇၄ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက်၊ အင်္ဂါနေ့(၅.၁.၂၀၁၃)



## အခြေခံဗုဒ္ဓဘာသာကျင့်ဝတ်

အောင်ရတနာ သိဒ္ဓိမဂ္ဂင်ကျောင်း ဆရာတော် အရှင်အဂ္ဂသာရနှင့် တပည့်များမှ စုပေါင်း၍ ဗုဒ္ဓဘာသာ ဤစာအုပ်ကို ထုတ်ဝေပါသည်။ ထိုဗုဒ္ဓဘာသာ အခြေခံစာအုပ်မှ စာများကို ကလေးများ သင်ပေးလျက် ရှိပါသည်။ မည်သူမဆို လာရောက် သင်ကြားနိုင်ပါသည်။

မဂ္ဂင်ကျောင်းတည်နေရာ
၅/၇၊ သီရိမင်္ဂလာပတ်လမ်း
ရွှေပြည်သာမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

ကြော်ငြာပေးသူ
ဝင်းမောင်ကျော်